ယခုအချိန်က ရှမ်းပြည်နိုင်ငံရေး လောကတွင်
အထိုက်အရေးပါလှသော အခန်းကဏ္ဍများ၌
နှစ်ကြိမ် တက်ကြွစွာ ပါဝင်လှုပ်ရှား ဦးဆောင်ခဲ့သော

— စော်ဘွားခေတ် ရှမ်းပြည် နိုင်ငံရေး သမားဟောင်း

— လွတ်လပ်ရေးခေတ် ရှမ်းပြည် မျိုးချစ် ခေါင်းဆောင်ကြီး

— ရှမ်းပြည် ပြည်နယ် လွတ်လပ်ခွင့် အရေး (နယ်ချဲ့) အာဏာ အရေးဆို ချုပ်ခဲ့သော်လည်း

# ဦးထွန်းမြင့် 〈 တောင်ကြီး 〉

ရေးသားပြုစုသည်

▶ ရှမ်းပြည် ဘယ်လဲ

▶ ရှမ်းခွဲရေး တွဲရေး ပြဿနာ

▶ ရှမ်းပြည်၏ နစ်နာချက်များ

▶ ပြည်ထောင်စုကြီးမှ တန်းတူသော ရှမ်းပြည်

4 ချက်ပေါင်းချုပ် အမြင် . . .

— ဦးစုရ သခင် ချစ်မောင် ဘီ

◉ ရှမ်းမှုနှင့် ပြည်ထောင်စု နောင်ရေး

— နှင့် —

■ အခြားဆောင်းပါးများ ■

E-book is created by shanyoma

Founded - 2005

The Light of the Life Buddhist Library

Mahamyatmuni Pagoda

THIPAW, MYANMAR.

ဘဝအလင်း - ဗုဒ္ဓစာကြည့်တိုက်

၁၃၆၆

မဟာမြတ်မုနိဘုရားကြီး ၊ သီပေါမြို့

တချိန်က ရှမ်းပြည်နိုင်ငံရေးလောကတွင်
အဓိကအရေးပါလှသော အခဏ်းကဏ္ဍများ၌
နိုးကြားတက်ကြွစွာ ပါဝင်လှုပ်ရှားဦးဆောင်ခဲ့သော

–စစ်ပြီးခေတ် ရှမ်းပြည်နိုင်ငံရေး သမားဟောင်း
–လွတ်လပ်ရေးခေတ် ရှမ်းပြည်မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်ကြီး
–ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ရ–ပ–လ–ဖ)အတွင်းရေးမှူးချုပ်ဟောင်း

# ဦးထွန်းမြင့်(တောင်ကြီး)

ရေးသားပြုစုခဲ့သည်


➢ ရှမ်းပြည်ဘယ်လဲ 24-12-10955
➢ ခွဲရေး တွဲရေးပြဿနာ 23-1-1957
➢ ရှမ်းပြည်ဇါနစ်နာချက်များ 29-10-1957
➢ ပြည်ထောင်စုတွင်းမှ တန်းတူသော ရှမ်းပြည် 24-2-1961


4 - **အုပ်ပေါင်းချုပ်အပြင်...**

➢ ဝိဓူရသခင်ချစ်မောင်ဇါ
ရှမ်းမူနဲ့ ပြည်ထောင်စုနောင်ရေး

နှင့်

**♦အခြားနောက်ဆက်တွဲများ♦**

E-book is created by shanyoma

ထုတ်ဝေသူ၏ စကားချီး

ကျွန်တော်ဟာ နိုင်ငံရေးကို စိတ်ဝင်စားတဲ့သျှမ်းပြည်သားတယောက်ဖြစ်ပါတယ်။

ဦးထွန်းမြင့်(တောင်ကြီး)ရေးသားပြုစုခဲ့တဲ့ ဒီစာအုပ်စာတမ်းတွေဟာ သျှမ်းပြည်ရဲ့နိုင်ငံရေးသမိုင်းကို တစေ့တစောင်း မီးမောင်းထိုးပြနေပါတယ်။ ပြောပြနေပါတယ်။ ရှားပါးတဲ့စာအုပ်စာတမ်းဖြစ်သလို သျှမ်းပြည်မျိုးချစ်ပုဂ္ဂိုလ်တိုင်း၊ နိုင်ငံရေးစိတ်ဝင်စားသူတိုင်း လေ့လာသိရှိထားသင့်တဲ့သျှမ်းပြည်နိုင်ငံရေးသမိုင်း မှတ်တမ်းဖြစ်ပါတယ်။ နောက်ပြီး အအုပ်ချုပ်ခံ အမျိုးသားတယောက်၊ ပြည်သူတယောက်ရဲ့စာအုပ်စာတမ်းဖြစ်လို့ အများအားဖြင့် 'ရာဇပယောဂ'ကင်းတဲ့စာအုပ်ဖြစ်တယ်လို့လဲ ယုံကြည်တယ်။ အဲဒါကြောင့် အားလုံး စုပေါင်းပုံနှိပ်ထုတ်ဝေဘို့ အာသီသပြင်းခဲ့တယ်။

အလျဉ်းသင့်လို့ သျှမ်းပြည်မျိုးချစ်ပြည်ချစ်ပုဂ္ဂိုလ်တဦးလဲဖြစ်၊ ရှေ့မှီနောက်မှီလဲဖြစ်တဲ့ "လုန်းခွန်"နဲ့သိကျွမ်းပြောဆိုဆွေးနွေးခွင့်ရရာကနေ သူ့လိုပုဂ္ဂိုလ်မျိုးရဲ့အမှာစာဟာ ဒီစာအုပ်ပေါင်းချုပ်ကို ဖတ်ရှုရာမှာ အသိတရားနဲ့သတိထားနိုင်ဘို့၊ သင်္ခန်းစာယူနိုင်ဘို့ စာဖတ်ပရိသတ်အတွက် အထောက်အကူဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။

"လုန်းခွန်"ဟာ ၁၉၄၂–ခုနှစ်လောက်ကစပြီး သျှမ်းပြည်လူမှုရေးကိစ္စတွေ အသင်းအဖွဲ့လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တယ်။ ၁၉၄၅–ခု၊ ကျောင်းသားဘဝမှာ သျှမ်းပြည်အနယ်နယ်အရပ်ရပ်က လာတဲ့ကျောင်းများရဲ့အဖွဲ့အစည်းတွေမှာ ပါဝင်လုံးပမ်းခဲ့ဘူးပါတယ်။ ၁၉၄၆–၄၇–အထိ စာပေလှုပ်ရှားမှုအတွက် သျှမ်းစာပေသုတေသနအသင်းဖွဲ့စည်းရာမှာလဲ ဦးဆောင်လာခဲ့တယ်။ "ပန်လုန်"ညီလာခံကြီးမှာ သျှမ်းကျောင်းသားခေါင်းဆောင်တဦးအဖြစ် ပါဝင်ခဲ့တယ်။ သျှမ်းပြည်ကျောင်းသားများရဲ့သပိတ်တိုက်ပွဲတွေမှာ ဦးဆောင်ခဲ့ဘူးတယ်။ သျှမ်းပြည်နိုင်ငံရေးလှုပ်ရှားမှုမှာ ရ–ပ–လအဖွဲ့ကို ဖွဲ့စည်းနိုင်ဘို့ သျှမ်းပြည်ကျောင်းသားများအဖွဲ့ကို စည်းလုံးလှုံ့ဆော်ပေးခဲ့တယ်။

ဒါကြောင့်ဘဲ သျှမ်းပြည်ဝါရင့်နိုင်ငံရေးသမားကြီး ဦးထွန်းမြင့်(တောင်ကြီး)ရဲ့စာအုပ်စာတမ်းကို စုပေါင်းပုံနှိပ်ထုတ်ဝေရာမှာ သျှမ်းပြည်သဘာရင့်မျိုးချစ်ပုဂ္ဂိုလ်တဦးဖြစ်တဲ့ "လုန်းခွန်"ကို အမှာစာရေးပေးဘို့ တိုက်တွန်းတောင်းဆိုခဲ့ရတာ ဖြစ်ပါတယ်။ ဒီအမှာစာနဲ့ဦးထွန်းမြင့်(တောင်ကြီး)နဲ့ "လုန်းခွန်"တို့ကို ဂါရဝပြုလိုက်ပါတယ်။

* အမေနဲ့ဆရာ/ခေါင်းဆောင်ဟောင်းများကို ထာဝစဉ် ဦးညွှတ်လျက် *

ထုတ်ဝေသူ

E-book is created by shanyoma

## လုန်းခွန်၏ အမှာစာ

သူသည် မျိုးချစ်တဦးဖြစ်သည်။ ထို့ကြောင့် ယခုဦးထွန်းမြင့်(တောင်ကြီး)ရေးသားခဲ့သော စာအုပ်စာတမ်းများကို ခက်ခက်ခဲခဲ ရှာဖွေစုပေါင်းပုံနှိပ်လိုက်ခြင်းဖြစ်သည်။ စေတနာမှာ ပြည်ထောင်စုကို မည်သူက ဝင်ဦးဆောင်သည်ဖြစ်စေ၊ တရားနည်းလမ်းနှင့်အညီ မျှမျှတတဖြစ်ပါမှ တန်းတူခွင့်၊ လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ အပြည့်အဝရှိပါမှ တိုးတက်သာယာသော ဒီမိုကရေစီတိုင်းပြည်ဖြစ်နိုင်မည်–ဆိုသည့်မှန်မြတ်သော စိတ်စေတနာကြောင့်ပင်။

ထိုကဲ့သို့သော စေတနာဖြင့် ဦးထွန်းမြင့်(တောင်ကြီး)၏ ရှားပါးသောစာအုပ်စာတမ်းများကို ထုတ်ဝေရန် ရည်သန်၍ ကျွန်ုပ်အား အမှာစာရေးခိုင်းလာခြင်းကြောင့် ဤအမှာစာကို စိတ်လိုလက်ရ ရေးဖြစ်ခဲ့ခြင်း ဖြစ်၏ ။

ကျွန်ုပ်သိခဲ့ဘူးသော ရှမ်းပြည်၏ နိုင်ငံရေး အနေအထားအပေါ် မူတည်၍ ဤစာအုပ်များကို ဖတ်ရှုရာတွင် ပယောဂကင်းကင်းနှင့် ဖတ်တတ်မှတ်တတ်ဘို့လိုသည်ဟု ကျွန်ုပ်အနေဖြင့် မြင်သည်။ ပူးပေါင်းခဲ့ကြရာ၌ 'လည်'သူက 'အ'သူကို မည်သို့သိမ်းသွင်းတတ်ပုံတို့အပေါ် အသိတရားနှင့်သတိထားဆင်ခြင်နိုင်စေရန် တင်ပြလိုပါသည်။

ရှမ်းများအနေဖြင့် တပါးသူနှင့်ပေါင်းသင်းမိတ်ဖွဲ့ကြရာတွင် အလွန်အားနာတတ်ကြ၏ ။ အလျှော့ပေး အနစ်နာခံ၍ ပေါင်းတတ်ကြ၏။ အထက်စီးယူရန် မဆိုထားနှင့်။ အထက်စီးယူသယောင်၊ အခွင့်အရေးယူလိုဟန် သူတပါးက အမြင်ရောက်သွားမည်ကိုပင် အလွန်စိုးရိမ်တတ်ကြသည်။

ရှေးယခင်က မြန်မာပြည်၊ ဗမာနိုင်ငံစသဖြင့် မရှိခဲ့ပါ။ ရှိခဲ့သည်မှာ ဟံသာဝတီ၊ ပုဂံ၊ အင်းဝစသော ပဒေသရာဇ် ဧကရာဇ်တိုင်းပြည်ကလေးများသာ ဖြစ်သည်။ အင်္ဂလိပ်တို့နယ်ချဲ့ကျူးကျော်ထူထောင်ပေးတော့မှ ဗမာပြည်၊ မြန်မာနိုင်ငံစသဖြင့် အထင်ကရ ပေါ်ထွန်းပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။

ဆိုလိုသည်မှာ ထားဝယ်၊ တနင်္သာရီ၊ သထုံ၊ ပြည်မြို့စသည့်မွန်တို့ပိုင် နိုင်ငံအပါအဝင် ကျောက်ညှပ်၊ ရွှေကျင်၊ ဖြူး၊ တိုက်ကြီးစသော ရှမ်းနယ်ဒေသများနှင့်ရခိုင်တို့ပိုင် ရခိုင်နိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်သောအခါ အောက်ဗမာပြည်ကို သိမ်းပိုက်ရရှိသည်ဟု ရေးသားမှတ်တမ်းတင်ကြေငြာမိရာမှ အောက်ဗမာပြည်ဟူ၍ ဖြစ်သွားပြီး ဗမာက တိုင်းပြည်တခုကို အချောင်ရလိုက်ဟန်ဖြစ်ခဲ့သည်။ အထက်ဗမာပြည်ဟု အင်္ဂလိပ်တို့က သမုတ်လိုက်ပြန်သည်နှင့် မြန်မာက နောက်ထပ်တိုင်းပြည်တခု အချောင်ရလိုက်ပြန်သကဲ့သို့ ဖြစ်ခဲ့သည်။ လူမျိုးကိုလည်း အင်္ဂလိပ်တို့က ထားဝယ်လူမျိုး၊ မွန်လူမျိုးစသဖြင့် ခွဲခြားမခေါ်ဘဲ သိမ်းကြုံး၍ ဗမာဟုခေါ်ခဲ့ရာမှ ဗမာလူမျိုးသည် အခြားလူမျိုးစုတို့၏ အထက်စီးလူမျိုးကြီးနေရာ ရလိုက်ခြင်းဖြစ်၏ ။

ဝင်းတို့မှည့်ခေါ်၍ဖြစ်လာသော ဗမာပြည်ကို အင်္ဂလိပ်တို့ အုပ်ချုပ်ရာ၌ တိုက်ရိုက်ကိုလို

E-book is created by shanyoma

နီကျွန်ပြုအုပ်ချုပ်ခဲ့ခြင်းဖြစ်၏။ အင်္ဂလိပ်တို့ တိုက်ရိုက်သိမ်းပိုက်၍ ဗမာပြည်အဝိုင်းအဝန်း အတွင်း သွတ်သွင်းခံခဲ့ရသော ရှမ်းဒေသများကား'တိုင်းလျှန်'(ခမ်းတီး၊ ဟုမ္မလင်း၊ မြေလတ်ရှမ်းနီ)နယ်မြေများဖြစ်၏။ နောင်တွင် စစ်ကိုင်းတိုင်းဟူ၍ ဖွဲ့စည်းခဲ့သည်။ ရှမ်းဒေသများ ရှမ်းတို့လက်လွတ်ဆုံးရှုံးခဲ့ရသည်။

၆၄,၀၀၀ စတုရန်းမိုင်ကျယ်ဝန်းသည့်ယခုရှမ်းပြည်အဘို့မှာမူကား ထိုသို့မဟုတ်ပေ။ အင်္ဂလိပ်တို့သိမ်းပိုက်အုပ်ချုပ် ကျွန်ပြုလိုက်သည့်(အင်္ဂလိပ်တို့သမုတ်၍ အမည်တွင်ခဲ့သောဗမာပြည်)နယ်မြေနှင့်တသီးတခြားအဖြစ်ထားပြီး အစောင့်ရှောက်ခံ နယ်မြေဖြစ်ခဲ့သည်။ အင်္ဂလိပ်တို့က ဤဒေသ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်ကို နှောက်ယှက်ထိပါးခြင်း မပြုဘဲ စောင့်ရှောက်ပေးခဲ့သည်။

ထိုစဉ်က ကျွန်ုပ်တို့ တိုင်းပြည်၏လက္ခဏာနှင့်ပကတိအနေအထားကို ပေါ်လွင်လာစေရန် ထပ်ဆင့်ရှင်းလင်းလိုပါသည်။

အစောင့်အရှောက်ခံ နိုင်ငံဆိုသည်မှာ မိမိတို့၏အချုပ်အခြာအာဏာကို ပိုင်ဆိုင်လျက် စောင့်ရှောက်သူနိုင်ငံနှင့်အပေးအယူသဘောတူပဋိညာဉ်စာချုပ် ချုပ်ဆိုဆက်ဆံသည်။ စောင့်ရှောက်ရန်တာဝန်ပေးသကဲ့သို့ အခွင့်အရေးလည်း သတ်မှတ်ပြဋ္ဌာန်းပေးသည်။ အစောင့်အရှောက်ခံနိုင်ငံကို ကိုလိုနီတိုင်းပြည်ကဲ့သို့ အုပ်ချုပ်သည်။ ထိုသို့အုပ်ချုပ်သော်လည်း တိုက်ရိုက်သိမ်းပိုက် ကျွန်ပြုခြင်းမဟုတ်ပေ။ အစောင့်အရှောက်ခံနိုင်ငံ၏တိုင်းသူပြည်သားတို့သည် အစောင့်အရှောက်ခံအဖြစ် ခံယူထားခြင်းသက်သက်သာဖြစ်၍ စောင့်ရှောက်သူ၏ကျေးကျွန်မဟုတ်ပေ။

တဖန် နိုင်ငံရေးဝေါဟာရများနှင့်ပတ်သက်၍ အယူအဆကွာခြားမှု၊ နားလည်ပုံအဓိပ္ပါယ်ဖော်ပုံကွာဟမှုတို့ကိုလည်း အလေးထားသတိပြုရန် လိုပါသည်။ ဥပမာ–

| ဝေါဟာရ | ကျွန်ုပ်တို့၏အယူအဆ | (မဟာ)ဗမာတို့အဓိပ္ပါယ်ဖော်ပုံ |
|---|---|---|
| **ပူးပေါင်း** | ပူးတွဲ၊ ၁ နှင့် ၁ တွဲ၍ ၁၁ ဖြစ်သည့်သဘော | ၁+၁ ပေါင်း ၂ ဖြစ် ၁ များပျောက်ကွယ် |
| **ခွဲထွက်** | စုဆောင်းထည့်ဝင်ထားရာမှ ပြန်နုတ်ယူ | တဦးတယောက်ပိုင်ကိုဖြို့ဖျက် ဖဲ့ထုတ်လုယူ |
| **ဖယ်ဒရယ်** | တရားမျှတသည့်အခွင့်အရေး အပြည့်အဝဖြင့် လွတ်လပ်သော၊ တန်းတူသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ။ | ခွဲထွက် |
| **တန်းတူ** | ဆူကြဲနိမ့်မြင့်မရှိ၊ အခွင့်အရေးတူ၊ အနှောင့်အဖွဲ့ကင်း | မြန်မာကသာ အထက်စီးရ၊ အထက်စီးရနေရန်လက်နက်လုံးဝပိုင်၊ စစ်တပ်အားကိုးဖြင့် ထိန်းချုပ်၊ |

E-book is created by shanyoma

| | | |
|---|---|---|
| | နိုင်ထက်စီးနင်းမှုမပြု၊ | ကျန်လူများကို အနိမ့်ကျဆုံးထား၊ |
| | အပြန်အလှန်လေးစား၊ | အခွင့်အရေးဆိုသည်မှာ အပြော |
| | တဦး၏ အတွင်းရေးကိုတဦးက ဝင်မရှုပ်။ | သက်သက်သာရှိ။ |
| **စည်းလုံးညီညွတ်** | တဦး၏ အကျိုးစီးပွားကို တဦးက မထိပါးမိရန် မေတ္တာဖြင့်ဆက်ဆံ ပေါင်းသင်း။ | ငါပြောသလိုလုပ်၊ ခယ၊ ဝပ်တွား အနိုင်ကျင့်။ |

ဤသို့ဖြင့် ကျွန်ုပ်တို့နှင့်(မဟာ)ဗမာများနှင့်အယူအဆချင်း တဘက်စီဆန့်ကျင်ဘက်ဖြစ်ခဲ့သည်။ ပြောဆိုသုံးနှုန်းကြရာ၌ မဟာဗမာတို့နည်းတူ မစဉ်းစား မတွေးမြင်ဘဲ ဆင်ဆင်ခြင်ခြင် ပြောရန်လိုပါသည်။ ထိုမဟာများ ဗမာစကားကို ကျွန်ုပ်တို့လောက်ပင် မသိကြပါလောဟူ၍ ကောက်ချက်ချမှတ်သားမိပါသည်။

တဖန် ဤတိုင်းပြည်၏ အမည်ကို ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် မှည့်ခေါ် လိုက်တိုင်း မြန်မာနိုင်ငံဟု ခေါ် သောကြောင့် ပြည်ထောင်စုဆိုသည်မှာ ဗမာပိုင်၊ ဗမာနယ်၊ ဗမာပြည်၏ အစိတ်အပိုင်းသာဖြစ်သည်ဟု(မဟာ)ဗမာတို့က ယူဆကြပေမည်။ ထာဝရအပိုင် သိမ်းလိုကြပေမည်။

ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပြည်ထောင်စုဖွဲ့စည်းရေး၊ လွတ်လပ်ရေးအရယူရေးကိစ္စများ၌ ထည့်သွင်းမိန့်ကြားခဲ့သော စကားများကို ချင့်ချိန်ထောက်ရှုမည်ဆိုလျှင် ရှမ်းပြည်သည် မြန်မာတို့နှင့်တပြေးညီသော သီးသန့်ဖြစ်သော တန်းတူသောတိုင်းပြည်ဖြစ်ကြောင်း တွေ့ရှိရပေသည်။ 'ပန်လုံစာချုပ်'ကို ချုပ်ဆိုခဲ့ရခြင်းမှာလည်း ရှမ်းပြည်သည် ဗမာပြည်၏ အစိတ်အပိုင်းမဟုတ်ကြောင်း အထင်အရှား ပြဆိုခြင်းဖြစ်၏။ အကယ်၍ ထိုအချိန်က ဗမာပြည်၏ အစိတ်အပိုင်းတခုအဖြစ် ယူဆခဲ့ပါက 'တိုင်းလျှန်'(ရှမ်းနီ)များကဲ့သို့ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရခြင်းမရှိနိုင်ပေ။ တနည်းဆိုလျှင် ရှမ်းပြည်သည် ဗမာပြည်၏ အစိတ်အပိုင်းတခုဆိုပါက ပန်လုံစာချုပ်ကြီးပေါ် ပေါက်လာရန်ပင် အကြောင်းလုံးဝမရှိချေ။

ထိုသွင်ပြင်လက္ခဏာများကို ကြည့်ခြင်းအားဖြင့် ရှမ်းနှင့်ရှမ်းပြည်သည် အပြီးတိုင် သူ့ကျွန်မဖြစ်ခဲ့သည်မှာ ထင်ရှား၏။ သို့သော် ဗမာများနှင့်အတူ ကျွန်ဖြစ်ခဲ့ကြသည်ဟု ပြောနေကြခြင်းကား အဘယ်နည်း။ နားယောင်စရာပေလော။ စောဒကတက်လိုက တက်နိုင်ပါသည်။ ဖြေရမည်မှာ – အထက်တွင် တင်ပြသွားသကဲ့သို့ စာနာတတ်လွန်းသောစိတ်ဖြင့် နစ်နာနေသူတဖက်သားအတွက် ခံသာအောင် မိမိကိုယ်ကို နှိမ့်ချတန်းတူထား၊ ဒုက္ခကို မျှဝေခံစားခြင်းဖြင့် သက်သာစေလိုသောဆန္ဒကြောင့်ဖြစ်၏။ အချို့မှာ ရှမ်းများအား တမင်နိမ့်ကျစေရန်၊ ကြောက်စိတ်ပေါ်စေရန်၊ အညံ့ခံအရှုံးပေးစေရန်၊ သိမ်ငယ်စေရန်၊ ကျွန်စိတ်တပည့်စိတ်ပေါ် စေရန်၊ တမင်နားထွေးနားယောင်ဖြစ်စေရန် လုပ်လိုက်ခြင်းလည်း ဖြစ်နိုင်ပေသည်။

အဘယ့်ကြောင့်ဆိုသော် – ဤကဲ့သို့ မိမိကိုယ်မိမိ ညံ့ဖျင်းသည်၊ အောက်ကျသည်၊ တ

E-book is created by shanyoma

ဘက်သားကို အားကိုးလိုစိတ်များ ရှိသည်စသော ရေးသားမှုမျိုး အများအပြားပင် တွေ့ခဲ့ရသော ကြောင့်တည်း။ ဤသည်ကို တမင်ရေးသည်၊ သက်သက်ဆွဲဆောင်သိမ်းသွင်းသည်ဟု ကျွန်ုပ်မဆို လိုပေ။ စာရေးသူ၏စေတနာကို နားလည်လေးစားပါ၏။ ယုံလည်း ယုံကြည်ပါ၏။ သို့သော် အ ခြားမထင်မှတ်ဘဲ ရေးသားခဲ့သည်များကြောင့် ထင်ဟပ်နေစေခဲ့သောအဖြစ်ကို တင်ပြခြင်းသာ ဖြစ်၏။ ပုတ်ခတ်စွပ်စွဲနေခြင်း အလျဉ်းမဟုတ်ပါ။ ကျွန်ုပ်မလိုလားသကဲ့သို့ ဖြစ်သွားမိလျှင် ခွင့် လွှတ်နားလည်စေလိုပါသည်။

ကျွန်ုပ်အနေနှင့် မည်သူ့ကိုမျှ မနစ်နာ မထိခိုက်စေလိုပါ။ သို့သော် တင်ပြထိုက်သည်ကို တင်ပြလိုပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် တာဝန်မမဲ့မိစေရန် တင်ပြခြင်းဖြစ်၏။ (ပျက်စီး စေလိုသူ၊ ဖျက်ဆီးသူတို့၏စရိုက်နှင့်နည်းပရိယာယ်တို့ကို တစိတ်တဒေသထောက်ပြလိုခြင်းသာ ဖြစ်သည်။)

ရန်သူက ကျွန်ုပ်တို့လူမျိုးအပေါ် ရေရှည်ကျွန်ပြုအုပ်စိုးလိုသဖြင့် အနိုင်ကျင့်အုပ်စီးနိုင် ရန် အားနည်းပျော့ညံ့စေရမည်။ အားနည်းပျော့ညံ့သွားစေရန် အချင်းချင်းမသင့်မတင့်ဖြစ်စေ ရမည်။ ထို့ပြင် ကျွန်ုပ်တို့ ပြည်သူလူထုအား အစားဆင်းရဲ အနေဆင်းရဲဖြစ်စေကာ ဝတ်ပြတ်ချို့ တဲ့ပြီး ဤဘဝမှရုန်းထွက်နိုင်မည့်လမ်းပင် မတွေ့နိုင်အောင် ကြပ်တည်းကျဉ်းမြောင်းနေစေရန် အမျိုးမျိုးဖန်တီးမည်။ သို့ဖြင့် ဒေသခံပြည်နယ်အစိုးရသည်လည်း အခြေမခိုင်ချိနဲ့နေမည်။ ထို အင်္ဂါလက္ခဏာများနှင့်ပြည့်စုံအခက်ကြုံလာလျှင် ဖြိုခွဲဖျက်ဆီးရန် လွယ်ကူသော အနေအထား တွင်ရှိနေပြီဖြစ်၏။

ဤတွင် ရန်သူသည် ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်း နည်းနာများဖြင့် မော်မကြည့် ဝံ့အောင် ကြောက်ရွံ့ဝပ်တွားနေစေရန်၊ ရန်သူအပေါ် အထင်ကြီးအားကိုးလိုစိတ်များရှိလာစေ ရန်၊ ကိုယ့်ကိုယ်ကို သေးသိမ်သည်ဟု အထင်ရောက်စေရန်၊ အရှုံးပေးအညံ့ခံလိုစိတ်များ ကိန်းဝပ် လာစေရန် – ဝါဒဖြန့်လှုပ်ရှားခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ မက်လုံးပေးခြင်း၊ မိမိတို့အ တွင်း ဝင်ရောက်သပ်လျှိုပြီး လျှို့ဝှက်ပုန်းကွယ်၍ လှိုက်စားဖြိုဖျက်အနိုင်ယူခြင်း စသည်တို့ကို အစဉ်တစိုက် အသုံးပြုလာခဲ့သည်။

အထက်ပါ တင်ပြချက်ကို အခြေခံ၍ တိုင်းတပါးက ကျွန်ုပ်တို့အပေါ် မည်သည့်အချိန် ၌ မည်သည့်နည်းဖြင့် မည်သူ့ကို မည်သည့်အဆင့်တွင် အသုံးချအမြတ်ထုတ်ခဲ့ကြသည်။ ကျွန်ုပ် တို့အပေါ် မည်သို့လှည့်စား အနိုင်ယူခဲ့ကြသည်တို့ကို မှန်းဆတွက်ချက်၍ ရနိုင်ကောင်း၏ဟုမျှော် လင့်မိသည်။ မည်သူက ညံ့၍ မည်သူက တော်သည်၊ (သို့မဟုတ်) မည်သူက မတော်သော်လည်း မည်သူက ညံ့နေသည်ကို သိနိုင်ကောင်း၏ဟု ယူဆမိသည်။ ဤသည်တို့ကို သင်္ခန်းစာယူအမှတ် ပြုပြီး လိုလျှင် ကြံဆ နည်းလမ်းရနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်မိပေသည်။

ကောင်းသောအလားအလာသို့ ရောက်ရှိအောင် လုပ်ဆောင်ပေးမည့်အသိ၊ သတိနှင့် နည်းလမ်းတို့ကို ရရှိစေရန် အခြေခံဖြစ်နိုင်မည်ဆိုပါက ဤစာအုပ်ရေးသားပြုစုသူအဘို့ရော၊ တ

E-book is created by shanyoma

အုပ်တည်းအဖြစ် အသစ်ထပ်မံစုစည်းထုတ်ပေးသူအဘိုပါ လုံးပမ်းရကျိုးနပ်ပေမည်။

အကောင်းမြင်ရှုဒေါင့်ဖြင့် အပြုသဘောအရ သုံးသပ်ကြည့်ပါက စစ်အတွင်း စစ်ပြီး ခေတ်နှင့်လွတ်လပ်ရေး ကြိုးပမ်းသော ခေတ်ကာလတလျှောက်လုံး ရှမ်းပြည်နှင့်ရှမ်းပြည်လူမျိုး ပေါင်းစုံအတွက် မြန်မာတို့နှင့်တရင်းတနှီး ကူးလူးပေါင်းသင်းဆက်ဆံပြီး နိုင်ငံရေးကိစ္စများ လုပ်ကိုင်စွမ်းဆောင်ပေးခဲ့ကြသူ ခေါင်းဆောင်များ၏ အတွေးအခေါ် လုပ်နည်းလုပ်ဟန်တို့ကို အထူး လေ့လာမှတ်သားခွင့်ရသဖြင့် ကျေးဇူးများလှပေသည်။

ဤစာအုပ်များကား တကြိမ်တခါမျှ ပြန်လည်ဖေါ်ထုတ်ခဲ့ခြင်းမရှိဘူးသေးသော စာအုပ်များဖြစ်၏။ နားကျည်းမှုညှိုးစော်နှင့်ဖြစ်ပေါ် ပြောင်းလဲခဲ့သော ရှမ်းပြည်၏ သမိုင်းမှတ်တိုင်များပင်ဖြစ်၏။ စာအုပ်သည် ပါးလွှာသေးငယ်သော်လည်း တန်ဘိုးအနဂ္ဃ ကုဋေကုဋာပင် ထိုက်တန်ပါသည်။

စာရေးသူဦးထွန်းမြင့်(တောင်ကြီး)သည် လွတ်လပ်သော ရှမ်းပြည်၏ ပဌမဦးဆုံးလူငယ်နိုင်ငံရေးသမားဖြစ်ခဲ့၏။ လွှတ်တော်အတွင်းဝန်လည်း ဖြစ်ခဲ့ဘူး၏။ ရှမ်းပြည်လူငယ်များအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ကမ္ဘာကိုလည်း လှည့်ခဲ့ဘူး၏။ နိုင်ငံရေးတွင် တိုးတက်သောအမြင်ရှိ၏။ လက်တွေ့လည်း အကောင်အထည်ဖေါ်ဆောင်ရွက်တတ်သူဖြစ်သည်။ ၁၉၆၀–၆၁ တွင် ပြည်ထောင်စုစစ်စစ်ဖြစ်ပေါ် စေရန် စိုင်းပြင်းကြိုးပမ်းရာ၌ ရှေ့တန်းမှပါဝင်ခဲ့သည်။ မြန်မာမှုတွင် ကျွမ်းကျင်သူနိုင်ငံရေး စာရေးဆရာဖြစ်၏။ လွတ်လပ်သော အတွေးအခေါ်ရှိပြီး လွတ်လပ်စွာ နှောင်ကြိုးမဲ့နေလိုသူဖြစ်သဖြင့် ၁၉၆၂–ခုနှစ် စစ်တပ်အာဏာသိမ်းချိန်မှစ၍ ဆယ်နှစ်တိုင် နေဝင်းစစ်အုပ်စု၏ ဖမ်းဆီးချုပ်နှောင်ခြင်းခံရသူလည်းဖြစ်၏။ ဦးကျိုးအောင် ဤမျှကြာကြာ မတရားအဖမ်းအဆီးခံရသူ၊ စိတ်ဒုက္ခအပေးခံရဆုံးသူဖြစ်ခဲ့သည်။ (ပြည်ထောင်စုတဝှမ်းလုံးတွင် ဤသို့ကျခံရသူများ ရှမ်းပြည်မှ အများဆုံးဖြစ်သည်။)

ဦးထွန်းမြင့်(တောင်ကြီး)၏ စာအုပ်များကို ဖတ်ရှုပြီး အနှစ်ချုပ်သုံးသပ်ကြည့်သော်–

(၁) ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်တို့ ရှမ်းပြည်သည် အဆင့်မြင့်အနေအထားတွင် ရှိနေခဲ့သော်လည်းအင်္ဂလိပ် ကျွန်မြန်မာတို့အပေါ် တသွေးတသားတည်းကဲ့သို့ စိတ်သဘောထားကြီးခဲ့ပြီး ခင်မင်ညှာတာကိုယ်ချင်းစာခဲ့သည်။

(၂) မိမိတို့ကသာ တဘက်သတ် ပြည်ထောင်စုကြီး မဖြစ်မနေပေါ် ပေါက်လာစေရန် လိုလိုလားလား လှုပ်ရှားအနစ်နာခံ ဆောင်ရွက်ခဲ့သည်။

(၃) မိမိတို့သည် မိသားစုအသွင် ပွင့်ပွင့်လင်းလင်း သန့်သန့်ရှင်းရှင်းဖြင့် ပြည်ထောင်စုကြီးကို ကြိုးပမ်းတည်ဆောက်ခဲ့ကြသော်လည်း တဘက်သား(မဟာ)ဗမာတို့က ကျွန်ုပ်တို့ကဲ့သို့ အများ၏ အကျိုး၊ အားလုံး၏ အကျိုးကို လိုလားလုပ်ဆောင်ပေးလိုခြင်း မရှိ၊ ကိုယ်ကျိုးအတွက်သာ တဘက်သတ်ဆောင်ရွက်ခဲ့ခြင်း၊ အကြံသမားသာဖြစ်ခဲ့ခြင်းတို့ကို အထင်အရှား တွေ့မြင်သုံးသပ်နိုင်သည်။

(၄) ထိုမဟာတို့သည် စေတနာမသန့်၊ ယုတ်ညံ့သောမြေခွေးဉာဏ်ကို ပေါ်လွင်စေသည်သာမက

E-book is created by shanyoma

လက်တွေ့တွင်လည်း ကျွန်ုပ်တို့ တောင်ပေါ်သားများ စဉ်းစားတွေးဝံ့ခြင်းမရှိသော လုပ်ရပ်များ ကျူးလွန်ခြင်းများ အသောမတတ်နိုင်အောင် ရှိခဲ့သည်။ ထိုအနိဋ္ဌာရုံများအကြောင်းကား ပြော၍ မကုန်နိုင်အောင်ရှိနေသည်မှာ လူတိုင်းအသိပင်။

ရှမ်းပြည်သားများနှင့်ပြည်ထောင်စုသားများ အနှစ် ၄၀ ကျော် ခံစားသိမြင်လာရမှုမှာ နောက်နောင် ပြည်ထောင်စုကြီးတည်ဆောက်ရာ၌ ၁၉၄၇–ခုနှစ်ကကဲ့သို့ ပေါ့ပေါ့တန်တန်နှင့်လုပ်၍ မရတော့ပေ။ တပါးသူကို မိမိလိုသဘောထားပြီး အကြံသမား မြွေပွေးကို ခါးပိုက်မဆောင်မိစေရန်၊ ပိုင်းခြားဆုံးဖြတ်တတ်သည့်ပညာဉာဏ်အမြော်အမြင်ဖြင့် စည်းလုံးမှု၊ ညီညွတ်မှု၊ သတ္တိ၊ ဗျတ္တိပြည့်ဝစွာ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းများကို သတိမလစ်စေဘဲ အခါမလပ် လုပ်ကိုင်စွမ်းဆောင်နိုင်ကြစေရန်အတွက်ကား – ဤစာအုပ်သည် တဖက်တလမ်းမှနေ၍ မီးရှူးတန်ဆောင်ကြီးသဖွယ် လမ်းညွှန်နေပေသည်။

လွတ်လပ်ရေးခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ် – ရှမ်းပြည်၏နိုင်ငံရေးသမိုင်းသဘ်ဏ်းစာများတို့ဖြင့် – ဤစာအုပ်များ ပြန်လည်ပြောပြနိုင်သော တန်ဘိုးလောက် မည်သည့်အရာကမျှ ကျေးဇူးမကြီးဟုဆိုလျှင် မှားအံ့မထင်။

“လုန်းခွန်ကြာဦး”
၂၁–၃–၉၁

E-book is created by shanyoma

# ရှမ်းပြည်ဘယ်လဲ

E-book is created by shanyoma

# အမှာ

ဤစာအုပ်ကို ရေးသူ ဦးထွန်းမြင့်(တောင်ကြီး)မှာ ရှမ်းအမျိုးသားခေါင်းဆောင်တဦး ဖြစ်၍ ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ရ–ပ–လ)ကို တည်ထောင်ရာမှစ၍ ခေါင်းဆောင်ခန်းမှ ပါဝင်ခဲ့လေသည်။ ဖ–ဆ–ပ–လအစိုးရက လူငယ်ကိုယ်စားလှယ်အဖွဲ့ကို ကမ္ဘာအရပ်ရပ်သို့စေလွှတ်သောအခါ ကိုထွန်းမြင့်မှာ ရှမ်းလူငယ်များ ကိုယ်စားလှယ်အဖြစ်ဖြင့် လိုက်ခဲ့လေသည်။

၁၉၄၇–ခုနှစ်တွင် တိုင်းပြုပြည်ပြု လွှတ်တော်အမတ်အဖြစ်ဖြင့် အရွေးခံရပြီး ပါလီမန်အတွင်းဝန်အဖြစ်ဖြင့် အတန်ကြာဆောင်ရွက်ခဲ့သည်။ ထို့နောက် ထိုရာထူးမှ နှုတ်ထွက်ပြီး ပါလီမန်တွင် အတိုက်အခံအမတ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။ ပါလီမန်တွင် ပြည်တွင်းစစ်ရပ်စဲရေး–အဆိုများကို တင်သွင်းခဲ့ဘူးသည်။ မြန်မာပြည်နိုင်ငံရေး၌ကား ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစုံတွင်၎င်း ပြည်သူ့ညီညွတ်ရေးပါတီတွင်၎င်း ခေါင်းဆောင်တယောက်အဖြစ်ဖြင့် ပါဝင်ခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် တရုပ်ပြည်သူ့သမတနိုင်ငံသို့ ပထမဆုံးအကြိမ် စေလွှတ်သောသခင်ကိုယ်တော်မှိုင်းခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လိုက်ပါသွားရလေသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် အလုပ်အမှုဆောင် လူကြီးတယောက်လည်း ဖြစ်ခဲ့သည်။

ယခုအခါ ဦးထွန်းမြင့် ရှမ်းပြည်သို့ ပြန်ရောက်နေသည်။

ဤစာအုပ်မှာ ဝါဒ–ပါတီ–အသီးသီး ကွဲပြားနေကြသော်လည်း ရှမ်းပြည်တွင် ပဒေသရာဇ်စံနစ်ကို ဖြိုဖျက်၍ ဒီမိုကရေစီရှမ်းပြည်တည်ဆောက်လိုသည့်ရှမ်းပြည်ချစ် အင်အားစုများ၏ အတွေ့အကြုံဖလှယ်ဆွေးနွေးပွဲ(ဆမီနာ)သို့ ဆွေးနွေးနိုင်ကြရန် တင်ပြလိုက်သော စာတမ်းဖြစ်ပေသည်။

“ထုတ်ဝေသူ”



E-book is created by shanyoma

# နိဒါန်း

## ရှမ်းပြည်၏နောက်ခံကားချပ်

ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်သည် ပထဝီဝင်အနေအထားအရရင်း၊ ပေါများကြွယ်ဝသော သယံဇာတ–သဘာဝပစ္စည်းများအရရင်း၊ အလွန်အရေးကြီးသော အခဏ်းသို့ ရောက်ရှိနေလေသည်။

ယနေ့ ရှမ်းပြည်နယ်တွင် အခြေခံအယူဝါဒ အမျိုးမျိုးရှိသော ပါတီအဖွဲ့အစည်းများသည် ၎င်းတို့၏ အခြေခံအယူဝါဒအသီးသီးအရ နိုင်ငံရေးဆောင်ရွက်နေသည်ကို တွေ့ရပေသည်။

တဘက်တွင် ပဒေသရာဇ်လူတန်းစားနှင့်အပေါင်းပါမဟာမိတ်တို့သည် မိမိတို့၏ **ပဒေသရာဇ်နိုင်ငံရေးအာဏာ** ဆက်လက်ခိုင်မြဲရေး, **ပဒေသရာဇ်စီးပွါးရေး–ချယ်လှယ်မှု** ဆက်လက်လွှမ်းမိုးရေး, **ပဒေသရာဇ်–လူ့ဘောင်** ဆက်လက်တည်မြဲရေးတို့အတွက် အကြမ်းနည်း–အနုနည်း–ပြောင်တမျိုး–လျှို့ဝှက်၍တသွယ်–နိုင်ငံရေးပရိယာယ်စုံလင်စွာဖြင့် အားထုတ်ကြိုးပမ်းလျက်ရှိလေသည်။

အခြားတဘက်တွင် ပဒေသရာဇ်ဆန့်ကျင်ရေး–အင်အားစုများသည် လူတန်းစားအခြေခံအရ ဝါဒသဘောတရား အမျိုးမျိုးကွဲပြားကာ **"ပဒေသရာဇ်စံနစ် ဖျက်သိမ်းရေး, ပြည်သူ့အစိုးထူထောင်ရေး"**အတွက် သူတမျိုး ငါတဖုံ နည်းမျိုးစုံဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိနေကြသည်။

ထိုမှတဖန် ပဒေသရာဇ်လူတန်းစားနှင့်ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများ အကြားတွင် ဗမာပြည်မှ နိုင်ငံရေးသြဇာလွှမ်းမိုးမှုသည် တနေ့တခြား ဝင်ရောက်စွက်ဖက်လာသည်ကို တွေ့ရပြန်ပေသည်။

ယင်းသို့ ရှမ်းပြည်နယ်နိုင်ငံရေးတွင် ဗမာပြည်မှ နိုင်ငံရေးသြဇာဝင်ရောက် စွက်ဖက်လာသည်ကို အကြောင်းပြု၍ ရှမ်းပြည်နယ်တွင် ကျဉ်းမြောင်းသော လူမျိုးရေးသဘောတရားတခုသည် ပေါက်ဖွားလာခဲ့လေသည်။

ဗမာပြည်မ၏ နိုင်ငံရေးသြဇာလွှမ်းမိုးမှု, နိုင်ငံရေးစွက်ဖက်မှုကို အချို့က **"ဗမာနယ်ချဲ့စံနစ်"**ဟူ၍၎င်း၊ အချို့က **"ဗမာလူမျိုးကြီးဝါဒ"**ဟူ၍၎င်း၊ အမျိုးမျိုး အမည်နာမပေးကာ လူမျိုးရေးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိကြလေသည်။

ကျဉ်းမြောင်းသော လူမျိုးရေးသဘောတရားကို အခြေပြုလျက် "ဗမာနယ်ချဲ့စံနစ်" "ဗမာလူမျိုးကြီးဝါဒ"ကို ရှမ်းပြည်နယ်တမျိုးသားလုံး စည်းလုံးညီညွတ်စွာ တိုက်ဖျက်ရမည်ဟူ၍၎င်း၊ ယင်းသို့ "ဗမာနယ်ချဲ့စံနစ်" "ဗမာလူမျိုးကြီးဝါဒ"ကို တိုက်ဖျက်ရာတွင် ပဒေသရာဇ်ဆန့်ကျင်ရေးကဏ္ဍ (ဝါ) ဒီမိုကရေစီတော်လှန်ရေးကို လုံးဝစွန့်ပစ်၍ ပဒေသရာဇ်လူတန်းစားနှင့်

E-book is created by shanyoma

အကြွင်းမဲ့ပူးပေါင်းရမည်ဟူ၍၎င်း၊ ပဒေသရာဇ်စော်ဘွားအချို့"ဈေးဆစ်ရေး"အကွက်သာဖြစ်သော ရှမ်းပြည်နယ်ခွဲထွက်ရေး၏ လေသံကို အားပေးကာ သီးခြားပဒေသရာဇ်နိုင်ငံ ထူထောင်ရမည်ဟူ၍၎င်း၊ ရှမ်း–ဗမာ အနာဂတ်ဆက်ဆံရေးအတွက် စိုးရိမ်စရာကောင်းသော အယူအဆကြီးသည် တနေ့တခြား အစိုင်အခဲအဖြစ် တည်ရှိလာလေသည်။

ပဒေသရာဇ်လူတန်းစားသည် ပျက်စီးယိုယွင်းလျက်ရှိသော ပဒေသရာဇ်စံနစ် ဆက်လက်ထိန်းသိမ်းရန် အကြောက်အကန်ကြိုးစားမည်မှာ ဓမ္မတာပင်ဖြစ်သည်။

သို့ရာတွင် ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများအချင်းချင်းတွင် ပဒေသရာဇ်စံနစ်ဖျက်သိမ်းရေး, ပြည်သူ့အစိုးရထူထောင်ရေး,ဟူသော ကြွေးကြော်သံချင်း တူညီနေလင့်ကစားအခြေခံလမ်းစဉ်ချင်း ကွဲပြားနေကြသည်။ ပဒေသရာဇ်စံနစ်ကို ဦးတည်တိုက်ကြရမည့်အစား အချင်းချင်း တဦးကိုတဦး ဖြိုခွဲရန် အားထုတ်နေကြသည်။

ထိုမျှမက ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများအတွင်းတွင် လက်ဝဲ–လက်ကျာဟူ၍ ကွဲပြားပြန်ကာ လက်ဝဲသမားများအချင်းချင်း အထဲ၌ပင် အကွဲကွဲဖြစ်ခါ ဂိုဏ်းဂဏစိတ်သည် သရဖူဆောင်းလျက်ရှိလေသည်။ လက်ဝဲသမားအချို့သည် လက်ျာအစွန်းသို့ကူးပြောင်းကာ ကျဉ်းမြောင်းသော လူမျိုးရေးတရားကို လက်ခံလာသည်ကို တွေ့ရသည်။

ယင်းသို့ ပဒေသရာဇ်ဆန့်ကျင်ရေးသမားအချင်းချင်း၏ ကွဲပြားမှုကို ဆန်းစစ်ကြည့်သော် ပဒေသရာဇ်ဆန့်ကျင်ရေးသမားများသည် အထူးသဖြင့် လက်ဝဲအင်အားစုများသည် ရှမ်းပြည်နယ်လူ့ဘောင်ဖွဲ့စည်းမှု၏ လက္ခဏာများကို သုံးသပ်ရာတွင်၎င်း၊ ရှမ်းပြည်နယ် လူ့ဘောင်အခြေအနေပေါ် မူတည်၍ ရှမ်းပြည်နယ်တော်လှန်ရေးအဆင့်သတ်မှတ်ရာတွင်၎င်း၊ တူညီမှုမရှိကြဘဲ ရှမ်းပြည်နယ်တော်လှန်ရေး၏ လုပ်ငန်းစဉ်များရေးဆွဲရာတွင်၎င်း၊ တော်လှန်ရေးအင်အားစုများကို တွက်ချက်ရာတွင်၎င်း၊ တော်လှန်ရေး၏ လက္ခဏာများနှင့်ရှေ့အလားအလာကို သိမြင်ရာတွင်၎င်း၊ တူညီမှုမရှိကြသောကြောင့်သာ ဖြစ်ပေသည်။

စာရေးသူသည် ၁၉၄၈–ခု လွတ်လပ်ရေး မကျေညာမီအထိ ရှမ်းပြည်နယ်သည် ဗမာပြည်နှင့်တပါတည်း နယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်ရေးအတွက် ရှမ်းပြည်နယ်နိုင်ငံရေးလုပ်ငန်းများတွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်ဆောင်ရွက်ခဲ့သော်လည်း ၁၉၄၇–ခုအလယ်ပိုင်း ရှမ်းပြည်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ရ–ပ–လ)နှင့်ပြည်သူ့ရဲဘော်အဖွဲ့တို့အား ပဒေသရာဇ်များကရက်စက်စွာ ခြေမှုန်းလိုက်သည့်အချိန်မှစ၍ ဗမာပြည်မတွင် သောင်တင်ကာ ရှမ်းပြည်နိုင်ငံရေးနှင့်ကိုယ်ထိလက်ရောက် ကင်းကွာနေခဲ့ပေသည်။ ၁၉၅၃–ခုနှစ်အထိ ဗမာပြည်မနိုင်ငံရေးနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်နေခဲ့သော်လည်း ထိုစဉ်အခါက မိမိလက်ဝယ် ရရှိထားသောတိုင်းပြည်ပြုလွှတ်တော်(ပါလီမန်)နှင့်ရှမ်းပြည်နယ်ကောင်စီပလက်ဖောင်းများကို အစွမ်းကုန်အသုံးပြုကာ ရှမ်းပြည်နယ်အရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ခဲ့လေသည်။

၁၉၅၃–ခုနှစ်တွင် မိမိ၏ နေ့စဉ်ဝမ်းရေးပြဿနာ အခက်အခဲကြောင့် ဗမာပြည်မှ ရှမ်း

E-book is created by shanyoma

ပြည်နယ်သို့ပြန်လာခဲ့ရပေသည်။ မိမိရှမ်းပြည်သို့ ပြန်လာသောအချိန်သည် ရှမ်းပြည်နယ်တွင် နိုင်ငံရေးဆောင်ရွက်ရန် အချိန်အခါကောင်း မဟုတ်ခဲ့ပေ။ အကြောင်းဆိုးစွာ ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေးကာလနှင့်ကြုံတွေ့နေခဲ့ရပေသည်။

ရှမ်းပြည်နယ်သို့ မပြန်လာမီ စာရေးသူနှင့်အလွန်ရင်းနှီးသော မိတ်ဆွေလည်းဖြစ် ဆိုရှယ်လစ်ခေါင်းဆောင်တဦးလည်းဖြစ်၍ စစ်ရုံးအာဏာပိုင်တဦးလည်းဖြစ်သော ကာနယ်အောင်ကြီးနှင့်တွေ့ဆုံဆွေးနွေးရာတွင် ရှမ်းပြည်စစ်အုပ်ချုပ်ရေးသည် အမည်အားဖြင့် ဆိုးသော်လည်း စစ်အုပ်ချုပ်ရေး၏ ရည်မှန်းချက်များသည် ရှမ်းပြည်နယ်လူထုအတွက် အကျိုးရှိသယောင်ယောင်နားလည်ခဲ့ရပေသည်။ စာရေးသူ ရှမ်းပြည်နယ်သို့ပြန်ရောက်က ရှမ်းပြည်နယ်နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်ရန် ကာနယ်အောင်ကြီးက တိုက်တွန်းခဲ့သည်။ ရှမ်းပြည်နယ် စစ်အုပ်ချုပ်ရေးကျေညာမှု အက်ဥပဒေကို စာရေးသူသည် မူအားဖြင့် လက်ခံနိုင်သူမဟုတ်ရကား ရှမ်းပြည်နယ်သို့ပြန်ရောက်က နိုင်ငံရေးတွင် ဝင်ရောက်ဆောင်ရွက်မည်–မဆောင်ရွက်မည်ကို ထိုစဉ်က ကာနယ်အောင်ကြီးအား မပြောကြားခဲ့ပေ။ ရှမ်းပြည်နယ်သို့ပြန်ရောက်ပြီး အခြေအနေကို လေ့လာကြည့်မည်။ အခြေအနေလေ့လာပြီး ဝမ်းရေးက အခွင့်ပေးလျှင် နိုင်ငံရေးလုပ်သင့်က လုပ်မည်ဟူ၍သာ စိတ်ဆုံးဖြတ်ခဲ့သည်။

ရှမ်းပြည်နယ်သို့ ပြန်ရောက်သည့်အခါ စစ်အုပ်ချုပ်ရေးကာလ၏ ရှမ်းပြည်နယ်နိုင်ငံရေးသည် စာရေးသူအား ဘိတ်ခေါ် လက်ကမ်းမပြုသည်သာမက စာရေးသူ ရှမ်းပြည်နယ်သို့ပြန်ရောက်လျှင်ရောက်ချင်း ရင်ဘတ်ကို ဆီးတွန်းလိုက်ပေသည်။ ထိုမျှမက ဗမာပြည်မသို့ ပြန်လည်ထွက်ခွါသွားရန် ကြိမ်ဖန်များစွာ ကြိုးစားခဲ့လေသည်။ စစ်အုပ်ချုပ်ရေးကာလတွင် စာရေးသူအား ဖမ်းဆီးတော့မည်ဟူသော လေသံကို ဆယ်ကြိမ်ထက်မနဲ တဆင့်ကြားခဲ့ရသည်။

ကြီးမားစွာ ရင်ဆိုင်နေရသော ဝမ်းရေးပြဿနာကြောင့်ဇ်၊ ဒီမိုကရေစီကင်းမဲ့နေသောနိုင်ငံရေးအခြေအနေက ခွင့်မပြုသဖြင့်ဇ်၊ တတ်နိုင်သမျှ လက်တွေ့နိုင်ငံရေးနှင့်ကင်းဝေးစွာနေထိုင်ခဲ့၍သာ စာရေးသူသည် ဖမ်းဆီးချုပ်နှောင်ခြင်းဘေးမှ လွတ်ကင်းခဲ့ရပေသည်။

စာရေးသူသည် ရှမ်းပြည်နယ်နိုင်ငံရေးနှင့်လက်တွေ့ကင်းဝေးနိုင်သမျှ ကင်းဝေးစွာနေထိုင်ခဲ့လင့်ကစား ရှမ်းပြည်နယ်နိုင်ငံရေးလှုပ်ရှားမှုကြီးကို ရှောင်ရှား၍မရခဲ့ပါ။ နေ့စဉ်နှင့်အမျှမြင်နေရသည်, ကြားနေရသည်, တွေ့နေရသည်, သိနေရသည်, နိုင်ငံရေး''ဝါသနာအိုး''များနှင့်တွေ့ကြုံဆုံစည်းတိုင်း မလွဲမရှောင်သာ ဆွေးနွေးဝေဖန်ခဲ့ရသည်။

စစ်အုပ်ချုပ်ရေးကို ရှမ်းပြည်နယ်လူထုကြီးက လက်မခံ၊ ထောက်ခံအားပေးခြင်းလည်းမပြုခဲ့ပေ။ စစ်အုပ်ချုပ်ရေး အာဏာပိုင်များအတွက် အရှုံးနှင့်အမြတ် ဇယားမထေမိခဲ့ပါ။ ထို့ကြောင့် ၁၉၅၄–ခုတွင် စစ်အုပ်ချုပ်ရေးကို အရှုံးစာရင်းနှင့်ရုပ်သိမ်းလိုက်ရပေသည်။

စစ်အုပ်ချုပ်ရေးကာလအတွင်း ရှမ်းပြည်နယ်နိုင်ငံရေးက စာရေးသူအား ဖယ်ရှားခဲ့သည့်အကြောင်းရင်းမှာ နိုင်ငံရေးအယူဝါဒ ခြားနားမှုကြောင့် မဟုတ်သည်ကို တွေ့ခဲ့ရသည်။ စာ

E-book is created by *shanyoma*

ရေးသူနှင့်နိုင်ငံရေးခေါင်းဆောင်များ ဆွေးနွေးသည့်အခါတိုင်း ပဒေသရာဇ်စံနစ် ဖျက်သိမ်းရေး, ပြည်သူ့အစိုးရထူထောင်ရေးတွင် သဘောထားချင်း ကွဲလွဲမှုမရှိခဲ့ချေ။ စာရေးသူတင်ပြသော အယူအဆနှင့်ခြားနားသည့်အယူအဆများ ပြန်လည်တင်ပြသည့်အခါလည်း မရှိခဲ့ပါ။

စာရေးသူ ရှမ်းပြည်နယ်နိုင်ငံရေးထဲ ဝင်ရောက်လာမည်ကို "ကြောက်"နေကြသည်ဟူ၍သာ တဆင့်စကားကြားခဲ့ရသည်။ စာရေးသူအား အဘယ်အတွက်ကြောင့် "ကြောက်"ကြပါသနည်း။

သဘောတရားအယူဝါဒအရေးကြောင့်"ကြောက်"သည်ဟုဆိုပါလျှင် ၎င်းမှာ နိုင်ငံရေးမပီသသော အကြောက်တရားသာဖြစ်ပေလိမ်မည်။ နိုင်ငံရေးတွင် "အယူဝါဒ"သည် ကြောက်လန့်စရာမဟုတ်ပေ။ "အယူဝါဒ"ကို "အယူဝါဒ"နှင့်ပြန်လည်တိုက်ကြရပေမည်။ မှန်ကန်သော "အယူဝါဒ"သည်သာ နောက်ဆုံးလွှမ်းမိုးပေလိမ့်မည်။ တကြိမ်က "ကြောက်စရာကောင်းသောအတွေးအခေါ်"ဟူ၍ အနိမ်ခံရသော"အယူဝါဒ"သည် ယနေ့ဆိုဗီယက်နိုင်ငံ တရုတ်ပြည်နှင့်ပြည်သူ့ဒီမိုကရေစီနိုင်ငံများတွင် မြတ်နိုးစရာကောင်းသောအယူဝါဒအဖြစ် လွှမ်းမိုးလျက်ရှိနေလေပြီ။

ပုဂ္ဂိုလ်ရေး လွှမ်းမိုးမှုသည် ခုခေတ်နိုင်ငံရေးတွင် အဓိပ္ပါယ်မရှိနိုင်တော့ပေ။

(ရ–ပ–လ)ခေါင်းဆောင်များ ရှမ်းပြည်နယ်နိုင်ငံရေးအတွင်းသို့ပြန်လည်ဝင်ရောက်လာလျှင် မိမိတို့၏ခေါင်းဆောင်မှုဆုံးရှုံးရချေရဲ့ဟူသော အကြောက်တရားသာလျှင်၎င်းတို့"ကြောက်"ခြင်း၏ အဓိကအကြောင်းရင်းခံဖြစ်ကြောင်း နောက်ဆုံးတွင် နားလည်ခဲ့ရပေသည်။

ထိုသူများသည် ခေါင်းဆောင်မှုကို လုပ်ယူလို့ရသည်ဟု ယုံကြည်ကြဟန်တူသည်။ ရှမ်းပြည်နယ် ပဒေသရာဇ်ဆန့်ကျင်ရေးအတွက် ကျယ်ပြန့်သော တပ်ပေါင်းစုဖွဲ့ရမည်ကိုစွန့်လွှတ်ထားမည်တူသည်။

* * * * *

ပဒေသရာဇ်ကုန်ထုတ်လုပ်မှုစံနစ်အောက်တွင် ပဒေသရာဇ်လူတန်းစားနှင့်ပဒေသရာဇ်ဆန့်ကျင်ရေး လူတန်းစားဟူ၍ ကွဲပြားကာ လူတန်းစားတိုက်ပွဲ လူတန်းစား ပဋိပက္ခများရှိရမည်မှာ လူ့ဘောင်ဖွံ့စည်းမှုနှင့်သက်ဆိုင်သော ကမ္ဘာ့နိယာမတရားပင် ဖြစ်ပေသည်။ ကမ္ဘာ့နိယာမတရားများကို အဘယ်လူသား အဘယ်လူစွမ်းကောင်းမှ မဖန်ဆင်းနိုင်ပေ။ အဘယ်လူသား အဘယ်လူစွမ်းကောင်း၏ပယောဂဖြင့် ကမ္ဘာ့နိယာမတရားများကို ပြုပြင်ပြောင်းလဲ၍ မရနိုင်ပေ။

သင်္ချာဗေဒတွင် အပေါင်းနှင့်အနှုတ်ရှိသလို ရူပဗေဒတွင် ဓာတ်ဖိုနှင့်ဓာတ်မရှိသလို ဓါတုဗေဒတွင် အနုမြူပေါင်းစည်းခြင်းနှင့်ကွဲထွက်ခြင်းရှိသလို လူ့ဘောင်တွင်လည်း လူတန်းစားတိုက်ပွဲရှိရမည်ပင်ဖြစ်ပေသည်။ ၎င်းတို့မှာ နိယာမတရားများပင် ဖြစ်ပေသည်။

ပဒေသရာဇ်စံနစ်သည် ရှမ်းပြည်နယ်–လူ့ဘောင်တိုးတက်မှုအတွက် အတားအဆီးကြီးဖြစ်နေပေသည်။ ပဒေသရာဇ်လူတန်းစားသည်ပြည်သူလူထုအပေါ် ဖိနှိပ်သွေးစုတ်နေသည်။ ပြည်

E-book is created by shanyoma

သူလူထုသည် ပဒေသရာဇ်စံနစ်အောက်မှ လွတ်မြောက်ရန် ကြိုးစားမည်မှာ ဓမ္မတာပင်ဖြစ်သည်။ ပဒေသရာဇ်ဖိနှိပ်မှု သွေးစုတ်မှုရှိနေသမျှ ကာလပတ်လုံး ပဒေသရာဇ်လူတန်းစားနှင့်ပဒေသရာဇ် ဆန့်ကျင်ရေးလူတန်းစားများသည် ပဋိပက္ခဖြစ်နေကြရမည်သာ ဖြစ်ပေသည်။

လူသားတို့၏ စိတ်ဆန္ဒပယောဂဖြင့် ပြုပြင်ပြောင်းလဲခြင်းငှာ မစွမ်းနိုင်သော ကမ္ဘာ့နိယာမတရားများကို ဗမာပြည်ဆိုရှယ်လစ်ခေါင်းဆောင်များက ပြုပြင်ပြောင်းလဲရန် ကြိုးစားခဲ့လေသည်။

ရှမ်းပြည်နယ်လုံးဆိုင်ရာအဖွဲ့ချုပ်အမည်ဖြင့် ရည်ရွယ်ချက်လုပ်ငန်းစဉ်များရေးဆွဲကာ ရှမ်းပြည်နယ်ပဒေသရာဇ်လူတန်းစားနှင့်ပဒေသရာဇ် ဆန့်ကျင်ရေးလူတန်းစားတို့အား ပူးပေါင်းညီညွတ်''စေ''ခဲ့၏။ ညှပ်ပုံသွန်းဘိအလား အဖွဲ့ချုပ်တွင် ရောသွန်းလိုက်၏။ စေတလုံးပိုင်ရှင်ကဲ့သို့ ''ပူးပေါင်းညီညွတ်ကြစေ''ခဲ့၏။

ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ပ–လ–ရ)ခေါင်းဆောင်အများစုက အဖွဲ့ချုပ်တွင်''ပူးပေါင်းညီညွတ်ကြစေ''ကို စည်းဝေး၍ ပယ်ချခဲ့ကြသည်။ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်က လက်မခံနိုင်ကြောင်း ကျေညာခဲ့သည်။ သို့ရာတွင် 'စေ'တလုံးပိုင်ရှင်များသည် အတင်းအဓမ္မပင်'စေ'ခဲ့ကြလေသည်။

နိယာမတရားနှင့်ဆန့်ကျင်ကာ ဖွဲ့စည်းသော အဖွဲ့ချုပ်သည် စကတည်းက အက်သံပါလာခဲ့၏။ စည်းရုံးရေးရည်မှန်းချက် တားဂက် (Target) များတခုမှမကိုက်ဖြစ်ခဲ့၏။ လူထုစည်းရုံးမှုဒီရေသည် တဟုန်ထိုးကျဆင်းသွားခဲ့၏။

ထိုအခါ 'စေ'တလုံးပိုင်ရှင်များသည် မိမိတို့၏ မှုမမှန်သော ဖွဲ့စည်းမှုမူကို ပြန်လည်ဆန်းစစ်ရမည့်အစား ''ရှမ်း''ပြည်မှာ တို့စည်းရုံးရေးမအောင်မြင်တာ ဒီလူဒီလူတွေကြောင့်၊ ဒီလူဒီလူတွေ ရှမ်းပြည်မှာ ရှိနေတာ ဝမ်းနဲဘို့ကောင်းတယ်ဟု ပြောကြားလာကြလေသည်။ ''ဒီလူဒီလူ'' များအနက် ဦးဖြူ၊ ဗိုလ်ကျော်စိန်၊ ကိုထွန်းရီတို့ကို ဖမ်းဆီးလိုက်လေသည်။

သူတို့အဘို့ လူဖမ်းဆီးခြင်းဖြင့် နိုင်ငံရေးပြဿနာ ဖြေရှင်းနိုင်သည်ဟု ယုံကြည်ကြဟန်တူသည်။

သို့သော် ''အဖွဲ့ချုပ်''စည်းရုံးရေးသည် တိုးတက်၍မလာ။ ကျသည်ထက် ကျဆုံးလာသည်။ စော်ဘွားများသည် ''အဖွဲ့ချုပ်''၏ ဝါဒလမ်းစဉ်နှင့်စည်းရုံးရေးမူတခုလုံးကို လက်ခံ၍ ရှမ်းပြည်တောင်တန်းသား စည်းလုံးညီညွတ်ရေးအဖွဲ့ချုပ်(ရတစညဖ)ဟူသောနာမည်ဖြင့် တစင်ခွဲထောင်လိုက်သည်။ ပဒေသရာဇ်ဆန့်ကျင်ရေးသမားများနှင့်ပူးတွဲမလုပ်နိုင်ဟု ငြင်းပယ်လိုက်သည်။ ခေါင်းပေါင်းစ တလူလူ, မှန်ကားကြီးတွေ တဝီဝီ, ငွေတွေ ရေလိုသုံး၍ တည်ထောင်ဖွင့်လှစ်ခဲ့သော''အဖွဲ့ချုပ်''မှာ နောက်ဆုံးဆိုင်းဘုတ်နှင့်ဟောင်းလောင်းသာ ကျန်ရစ်လေတော့သည်။

ယနေ့ရှမ်းပြည်နယ် နိုင်ငံရေးတွင် ပဒေသရာဇ်လူတန်းစားအနေနှင့်(ရတစညဖ)ဟူ၍ငင်း၊ ရှမ်းပြည်ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီဟူ၍ငင်း၊ ပဒေသရာဇ်နိုင်ငံရေး အဖွဲ့အစည်းများ

E-book is created by shanyoma

ရှိနေသော်လည်း ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများဘက်တွင် နိုင်ငံရေးပါတီအဖွဲ့အစည်း ဟူ၍ တိကျစွာ မရှိသေးပေ။

(ပ–လ–ရ)သည် ''အဖွဲ့ချုပ်''အတွင်းသို့ ''ညှပ်ပုံသွင်း''ခံလိုက်ရပြီးသည့်နောက်တွင် နိုင်ငံရေးအဖွဲ့အစည်းအနေဖြင့် အသက်ပြန်မရှင်လာတော့ပေ။

ရှမ်းပြည်တောင်သူလယ်သမား အစည်းအရုံး(ရတလစ), ခြံယာလယ်သမားအဖွဲ့, ပအိုဝ့် အမျိုးသားအဖွဲ့ချုပ်စသည်ဖြင့် လူထုလူမျိုးရေးအဖွဲ့အစည်းများအနေနှင့် ပဒေသရာဇ်ဆန့်ကျင် ရေး လှုပ်ရှားမှုများ လုပ်ဆောင်နေသည်ကိုသာ တွေ့မြင်ရသည်။

ပဒေသရာဇ် ဆန့်ကျင်ရေးအဖွဲ့အစည်းများ အချင်းချင်းသည် ညီညွတ်မှုမရှိကြ၊ လုပ် ငန်းချင်း ပေါင်းစည်းမှုမရှိကြ၊ တပ်ပေါင်းစုသဘောတရား နားမလည်၊ ဂိုဏ်းဂဏစိတ်ပြင်းထန် စွာ အချင်းချင်း ပုတ်ခတ် စွပ်စွဲနေကြသည်။ အချင်းချင်း စည်းရုံးရေး နယ်လုနေကြသည်။ တဦး ကို တဦး ဖြိုခွဲရန် ကြိုးစားနေကြသည်။

ယင်းသို့ အချင်းချင်းတိုက်နေကြခြင်းကြောင့် ကာယကံမြောက်အားဖြင့် ပဒေသရာဇ် စံနစ်ကို အထောက်အကူပြုနေကြပေသည်။

\+ \+ \+ \+ \+

စာရေးသူသည် နိုင်ငံရေးမှအနားယူကာ နေ့စဉ်ဝမ်းရေးအတွက် လုံးပမ်းရင်း ယနေ့ ရှမ်းပြည်နယ် နိုင်ငံရေးအခြေအနေကို အထက်ကအတိုင်း တွေ့မြင်မိပါသည်။

ရှမ်းပြည်နယ် ပဒေသရာဇ်ဆန့်ကျင်ရေးလုပ်ငန်းတွင် တူညီသောသဘောတရာ, တူညီ သောလုပ်ငန်းစဉ်များ ချမှတ်၍ ကျယ်ပြန့်သော ပဒေသရာဇ်ဆန့်ကျင်ရေး တပ်ပေါင်းစုကြီးတည် ဆောက်ရန် လိုအပ်သည်ဟု စာရေးသူသည် ရိုးသားစွာ ယုံကြည်ခဲ့ပါသည်။

ပဒေသရာဇ်ဆန့်ကျင်ရေး တပ်ပေါင်းစုကြီး ပေါ်ပေါက်လာရေးအတွက် အခြေခံအဖြစ် ရှမ်းပြည်နိုင်ငံရေးသမားဟောင်းများရော နိုင်ငံရေးသမားသစ်များပါဝင်၍ ပဒေသရာဇ်ဆန့်ကျင် ရေးသူတိုင်း တက်ရောက်နိုင်သော ''ပဒေသရာဇ်ဆန့်ကျင်ရေး သဘောထားနှီးနှောဖလှယ်ပွဲ'' တခုကျင်းပရန် တဦးချင်းအနေနှင့်စာရေးသူသည် ယခုနှစ်ဦးလောက်တွင် စတင်ဆော်ဩခဲ့ပါ သည်။

ပဒေသရာဇ် ဆန့်ကျင်ရေးအင်အားစုများအားလုံးကပင် လိုလားထောက်ခံအားပေး လာကြပါသည်။

''အဖွဲ့ချုပ်''အတွင်းသို့ ပုံသွန်းထားပြီးဖြစ်သည့်(ပလရ)အစုခေါင်းဆောင်ပိုင်းအချို့ နှင့်လည်း ဆွေးနွေးခဲ့ပါသည်။ (ပလရ)ခေါင်းဆောင်များသည် အနူးအညွတ်သဘောတူကြပါ သည်။ ပုဂ္ဂိုလ်အနေနှင့်သဘောတူကြရုံမျှမက ထိုစဉ်က တောင်ကြီးမြို့တွင် ကျင်းပလျက်ရှိသော (ပလရ)တိုးချဲ့ဦးစီးညီလာခံတွင် ရှမ်းပြည်နယ်လုံးဆိုင်ရာ နိုင်ငံရေးနှီးနှောဖလှယ်ပွဲ ခေါ်ယူကျင်း

E-book is created by shanyoma

ပရန် အဆိုတရပ်အနေဖြင့်ပင် ဆုံးဖြတ်ချက် ချလိုက်ပေသေးသည်။ နှီးနှောဖလှယ်ပွဲဖြစ်မြောက်ရေးအတွက် တာဝန်ယူဆောင်ရွက်ရန် အာဏာပိုင်အဖွဲ့ကိုပင် ထိုဦးစီးညီလာခံက ခန့်အပ်လိုက်ပေသေးသည်။

(ပလရ)ဦးစီးညီလာခံအပြီးနောက် အာဏာပိုင်အဖွဲ့ ရန်ကုန်သို့ဆင်းသွားပြီးအပြန်တွင် ရန်ကုန်ရှိ ဆရာ့ဆရာကြီးများက ဘယ်ကဲ့သို့ ဩဝါဒပေးလိုက်သည်မသိ၊ အခြေအနေတမျိုးပြောင်းလဲလာကာ နိုင်ငံရေးနှီးနှောဖလှယ်ပွဲ ကျင်းပရေးဆုံးဖြတ်ချက်ကြီးသည် ယနေ့တိုင် တိမ်မြုပ်ပျောက်ကွယ်နေလေတော့သည်။

နှီးနှောဖလှယ်ပွဲ ကျင်းပရန်လိုအပ်ကြောင်း စတင်ဆော်ဩဆွေးနွေးတိုင်း စာရေးသူသည် နှီးနှောဖလှယ်ပွဲသို့တက်မည်၊ နိုင်ငံရေးလမ်းစဉ် တင်ပြမည်၊ တက်ကြွစွာ ပါဝင်ဆွေးနွေးမည်၊ (သို့သော်) နှီးနှောဖလှယ်ပွဲအပြီး စာရေးသူသည် နိုင်ငံရေးထဲ ပါဝင်လာလိမ့်မည်ဟူ၍တော့ မမျှော်လင့်ကြပါနှင့်၊ စီးပွါးရေးအခြေအနေ အလွန်ဆိုးဝါးနေသည်စသည်ဖြင့် ပွင့်လင်းစွာပြောထားခဲ့ပါလျက်ကယ်နှင့် နှီးနှောဖလှယ်ပွဲ မဖြစ်မြောက်တော့သည့်နောက်ပိုင်းတွင် စာရေးသူသည် ရှမ်းပြည်နယ်နိုင်ငံရေးထဲ ဝင်ပေါက်မတွေ့၍ နှီးနှောဖလှယ်ပွဲဖြင့် ဝင်ပေါက်ရှာလေသယောင် ဖေါက်လွဲဖေါက်ပြန် သွားပုတ်လေလွင့် ပြောနေသံကိုလည်း ကြားရပေသည်။

စာရေးသူသည် နိုင်ငံရေး ကျားသေကြီးမဟုတ်ပါ။ ''ရှမ်းပြည်နိုင်ငံရေးထဲ ဝင်ပေါက်မတွေ့၍''ဆိုသည်မှာလည်း ယုတ္တိမရှိပါ။ စစ်အုပ်ချုပ်ရေး နိုင်ငံရေးအစုက ငြင်းပယ်သော်လည်း စစ်အုပ်ချုပ်ရေးနိုင်ငံရေးအစုမဟုတ်သူများက ဘိတ်ခေါ်နေပါသည်။ ယနေ့နိုင်ငံရေးလုပ်လျှင် ယနေ့အားပေးမည့်သူ အမြောက်အမြားရှိပါသည်။ အလွန့်အလွန် စီးပွါးရေးအခြေအနေဆိုး၍သာ အောင့်အီးနေရပါသည်။

* * * * *

'ရှမ်းပြည်ဘယ်လဲ'ဟူသောပြဿနာသည် ယနေ့ရှမ်းပြည်နယ် ပဒေသရာဇ်ဆန့်ကျင်ရေးသမားတိုင်း ရှောင်လွှဲ၍ မရနိုင်သောပြဿနာကြီးဖြစ်နေပေသည်။

''ရှမ်းပြည်ဘယ်လဲ''ပြဿနာကို လေ့လာရာတွင် အခြေအမြစ်က စတင်၍ လေ့လာရန်လိုအပ်သည်ဟု စာရေးသူက ယုံကြည်ပါသည်။

အခြေအမြစ်က လေ့လာရာ၌ ရှမ်းပြည်နယ် လူ့ဘောင်ဖွဲ့စည်းပုံသမိုင်းမှ အခြေခံရမည်ဖြစ်ပေသည်။ ထိုမှတဖန် ယနေ့ရှမ်းပြည်နယ် လူ့ဘောင်ဖွဲ့စည်းတည်နေမှု၏ အင်္ဂါလက္ခဏာများကိုလေ့လာရပေမည်။ ရှမ်းပြည်နယ် လူ့ဘောင်ဖွဲ့စည်း တည်နေမှု၏ အင်္ဂါလက္ခဏာများကို မှန်ကန်စွာနားလည်နိုင်မှ ၎င်းအင်္ဂါလက္ခဏာများအပေါ် အခြေခံ၍ ရှမ်းပြည်နယ်တော်လှန်ရေးပုံစံကို သတ်မှတ်လို့ရနိုင်ပေမည်။ မှန်ကန်သော တော်လှန်ရေးပုံစံကို တွေ့ရှိမှ မှန်ကန်သောတော်လှန်ရေးလမ်း

E-book is created by *shanyoma*

စဉ်ကို ချမှတ်နိုင်ပေမည်။ ထိုမှတဆင့် တော်လှန်ရေး၏ ရန်သူများနှင့်မဟာမိတ်များကို ခွဲခြားနိုင်ပေမည်။ သို့မှသာလျှင် ယနေ့ရှမ်းပြည်နယ်တွင် ကျရောက်နေသော တော်လှန်ရေး၏ သဘာဝနှင့် ရှေ့အလားအလာများကို ကောင်းစွာသဘောပေါက် နားလည်နိုင်ကြမည်ဖြစ်ပေသည်။

"ရှမ်းပြည်ဘယ်လဲ"စာတမ်းတွင် အထက်ပါ အစီအစဉ်အတိုင်း စာရေးသူသည် မိမိလေ့လာတွေ့မြင်ထားသော အယူအဆများကို တင်ပြဆွေးနွေးထားပါသည်။ ယင်းသို့ မိမိလေ့လာတွေ့မြင်ထားသော အယူအဆများကို တင်ပြဆွေးနွေးရာတွင် စာရေးသူသည် မိမိတင်ပြချက်များ မှန်ကန်ရမည် ပြီးပြည့်စုံသည်ဟူ၍ မိမိကိုယ်ကို အထင်မကြီးပါ။ အယူအဆလွဲမှားမှု တင်ပြချက်မပြည့်စုံမှုနှင့်အခြားချို့ယွင်းချက်များ ရှိကောင်းရှိပါလိမ့်မည်။

"ရှမ်းပြည်ဘယ်လဲ"စာတမ်းသည် လူတဦးတယောက်ကိုသော်ငင်း၊ လူတစုကိုသော်ငင်း၊ ပုဂ္ဂလဓိဋ္ဌာန် ပုတ်ခတ်စွပ်စွဲရန် မကြံရွယ်ပါ။ တစုံတခုသော အကြောင်းကြောင့် တစုံတရာကို ပွင့်လင်းစွာ ဝေဖန်သည်ရှိသော် စာရေးသူ၏ ရိုးသားသောစေတနာကို ကြိုတင်နားလည်ထားကြစေလိုပါသည်။ ဓမ္မဓိဋ္ဌာန်ကျကျ အပြုသဘောနှင့်ဝေဖန်ရန်သာ စာရေးသူအာသီသဆန္ဒဖြစ်ပါသည်။

လက်ဝဲ နိုင်ငံသမားအဘို့ ဝေဖန်ရေးနှင့်ကိုယ့်ကိုယ်ကို ဝေဖန်ရေးသည် နိုင်ငံရေးအသက်ပင် ဖြစ်ပါပေသည်။

အကယ်၍ စာရေးသူ၏ အယူအဆ သဘောတရားနှင့်ဝေဖန်ချက်များ မှားယွင်းနေသည်ဟု ယူဆပါလျှင် စာရေးသူအား ပွင့်လင်းစွာ ပြန်လည်ဝေဖန်ကြစေလိုပါသည်။ စာရေးသူသည် ကြည်ဖြူစွာဖြင့် ဝေဖန်ချက်ကို ခံယူရန် အသင့်ရှိပါသည်။ အယူအဆသဘောတရားနှင့် ပတ်သက်၍ ပြန်လည်တင်ပြ ဆွေးနွေးလိုပါလျှင်လည်း လေးစားစွာ နာယူလိုပါသည်။ ဆွေးနွေးလိုပါသည်။

"ရှမ်းပြည်ဘယ်လဲ"စာတမ်းတခုလုံးသည် ဝေဖန်မှု၊ ဆွေးနွေးမှု၊ ငြင်းခုံမှုတို့ဖြစ်ပေါ်ရာ "အခြေခံစာတမ်း"အဖြစ်သို့ ရောက်ရှိပါလျှင် စာရေးသူသည် ဤစာတမ်းရေးရကြိုးနပ်ပြီဟု ယုံကြည်ပါသည်။

ယင်းသို့ ဝေဖန်ဆွေးနွေးငြင်းခုံခြင်းသည်ပင် ရှမ်းပြည်နယ်နိုင်ငံရေး နှီးနှောဖလှယ်ပွဲ၏ ရှေ့တော်ပြေးဖြစ်ပေလိမ့်မည်သာတည်း။

ထွန်းမြင့်

တောင်ကြီးမြို့၊ ၁၉၅၅–ခု၊ ဒီဇင်ဘာလ ၂၄–ရက်။

E-book is created by shanyoma

# အခန်း(၁)
# ရှမ်းပြည်ဘယ်လဲ
## ပဒေသရာဇ် ရှမ်းပြည်

ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၅၆၀၀၀–ခန့် ကျယ်ဝန်း၍ လူဦးရေ ၂–သန်းနီးပါးခန့် ရှိလေသည်။ ကုန်းပြင်မြင့်ဖြစ်၍ တောတောင်ထူထပ်သည်။ အဘိုးတန် ကျွန်းသစ်နှင့်ပျဉ်းကတိုးတောများ ပေါများသည်။ ရာသီဥတုမျှတ၍ မိုးသည်းအသင့်အတင့် ရွာသွန်းသောကြောင့် မြေသြဇာကောင်းမွန်သည်။ မြက်ခင်းပြင်များရှိသည်။ ကောက်ပဲသီးနှံနှင့်သစ်သီးဝလံ စိုက်ပျိုးရေး–တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် အလွန်သင့်လျော်သည်။ ကညင်ခြံ၊ ကာဖီခြံ၊ လဘက်ခြံများအတွက် အလွန်ကောင်းသည်။ ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား, ကြေးနီကြေးဝါ, သံ, ခဲနောက်, ခဲစိမ်း, အဖြိုက်, သွပ်, ကျောက်မီးသွေးစသည့်အဘိုးတန် ဓာတ်သတ္တုရတနာများဖြင့် ပေါများကြွယ်ဝသည်။ သံလွင်မြစ်သည် မြောက်အရပ်မှ တောင်ဘက်သို့ ရှမ်းပြည်နယ်အား အလယ်ဗဟိုမှ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ရေအားလျှပ်စစ် အမြောက်အမြား ထုတ်ယူနိုင်သော နမ့်မော(ရွှေလီ)၊ နမ့်တူ(မြစ်ငယ်)၊ နမ့်တိန်းအစရှိသောမြစ်ကြီးများနှင့်မန်ဆန်၊ တိန်အစရှိသော ရေတံခွန်ကြီးများ အနှံ့အပြားရှိသည်။ အဘိုးတန်၍ သာယာလှပသော အင်းလေးကန်သည် ရှမ်းပြည်နယ်၏ကြက်သရေဆောင် ဖြစ်သည်။

ရှမ်းပြည်နယ်ကား ယခုအခါ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းဟူ၍ ၃–ပိုင်းခွဲခြားထားသည်။ ပဒေသရာဇ် စော်ဘွားပိုင်နယ်ပေါင်း ၃၅–နယ်ပါဝင်သည်။ ၎င်း ၃၅–နယ်အနက် မိုးဗြဲနယ်သည် ဥပဒေအရ ရှမ်းပြည်နယ်တွင် ပါဝင်သော်လည်း လက်တွေ့အုပ်ချုပ်ရေးတွင် ကယားပြည်နယ်နှင့်တွဲဘက်လျက် ရှိသည်။ မိုးဗြဲနယ်လူများစုက ရှမ်းပြည်နယ်မှခွဲထွက်၍ ကယားပြည်နယ်နှင့်ပူးပေါင်းရန် ဆန္ဒရှိကြသည်။ အထက်အာဏာပိုင်များက မိုးဗြဲနယ်ပြဿနာကို အခြားနိုင်ငံရေးဂယက်များကို ကြောက်ရွံ့၍ ဆိုင်းငံ့ထားသည်။ မပြီးပြတ်သောကိစ္စကြောင့် မိုးဗြဲနယ်သားများသည် ပါလီမန်ရွေးကောက်ပွဲတွင် ရွေးကောက်ခြင်း ပါဝင်အရွေးခံခြင်း မပြုနိုင်ဖြစ်ရသည်။

ရှမ်းပြည်နယ်၏မြောက်ဘက်တွင် တရုပ်ပြည်သူ့သမတနိုင်ငံရှိပြီး၊ အရှေ့ဘက်တွင် ဗီယက်နမ်သမတနိုင်ငံနှင့်ယိုးဒယားပြည်များရှိကြသည်။ တောင်ဘက်တွင် ကယားပြည်နယ်ရှိပြီး အနောက်ဘက်၌ ကသာ, မန္တလေး, ကျောက်ဆည်, မိတ္ထီလာနှင့်ရမည်းသင်းခရိုင်များ ရှိကြသည်။

ရှမ်းပြည်နယ်တွင် လူဦးရေ ၂–သန်းခန့်ရှိသည့်အနက် တဝက်ခန့်မှာ ရှမ်းလူမျိုးများဖြစ်ပြီး ကျန်တဝက်ခန့်မှာ ပအိုဝ့်, အင်းသား, ဓနု, ပလောင်, ကချင်, ရှမ်းတရုပ်, ဂုံ, လဝစသော အခြားလူမျိုးစုများဖြစ်သည်။

ရှမ်းပြည်လူမျိုးများသည် ရှမ်းပြည်နယ်မှအပ ဗမာပြည်တဝှမ်းလုံးတွင်လည်း နေရာအနှံ့အပြား၌ ရှေးနှစ်ပေါင်းများစွာကစ၍ အခြေစိုက်နေထိုင်လာခဲ့လေသည်။ အထက်ဗမာပြည်

E-book is created by *shanyoma*

မြောက်ပိုင်း ဆင်ကလင်ခန္တီးမှ တောင်ဘက် မြိတ်ဒေသအထိ ရှမ်းလူမျိုးများကို တွေ့နိုင်ပေသည်။ အထူးသဖြင့် မြစ်ကြီးနားနှင့်ကသာကြားရှိ ဧရာဝတီမြစ်ဝှမ်းတလျှောက်တွင်၎င်း၊ သထုံ၊ ရန်ကုန်၊ တောင်ငူ၊ ပျဉ်းမနား၊ ပတ်ဝန်းကျင်ဒေသတဝိုက်တွင်၎င်း၊ ယနေ့တိုင် ရှမ်းလူမျိုးများ အမြောက်အများ အစုအဝေးနှင့်နေထိုင်လျက်ရှိကြသည်။

တကောင်းမြို့ကို ဗမာက စတည်သလော၊ ရှမ်းက စတည်သလော ကုလားက စတည်သလောဟူသော ပြဿနာကို သမိုင်းဆရာတို့ တိကျစွာစူးစမ်းလေ့လာထားချက် မရှိသေးပေ။ "တကောင်း"မှာ ရှမ်းဘာသာ"တာခေါင်"(စည်တော်မြို့)ဟူသော စကားမှ ပြောင်းလဲလာသော အမည်ပင်ဖြစ်ပေသည်။

## ရှမ်းလူမျိုးသမိုင်း

ဗြိတိန်ရှိ အာရှတိုက်ဆိုင်ရာ အဖွဲ့ဝင် ဒဗလျူကော့ကရိန်းစီရင်ရေးသားသော "ရှမ်းလူမျိုးများ"အကြောင်းစာအုပ် ပထမတွဲတွင် ရှမ်းလူမျိုးများ ဆင်းသက်လာပုံသမိုင်းကို စေ့စပ်သေချာစွာ စူးစမ်းလေ့လာထားသည်ကို တွေ့ရပေသည်။ သို့ရာတွင် ၎င်းစာအုပ်မှာ ယုံကြည်ကိုးစားလောက်တော့ စာအုပ်မဟုတ်ပါ။ နယ်ချဲ့သူများ၏ အမြင်နှင့်အယူအဆများ စာအုပ်နေရာအနှံ့အပြားတွင် လွှမ်းမိုးလျက်ရှိလေသည်။ ရှမ်းလူမျိုးအကြောင်းနှင့်ပတ်သက်သောစာအုပ်စာတမ်းများတွင် ကော့ကရိန်း၏ စာအုပ်သာလျှင် အတော်အသင့်အပြည့်စုံဆုံးဖြစ်နေ၍ လူမျိုးရေးသမိုင်းဆရာများ ၎င်းစာအုပ်ကို ထုတ်ယူကိုးကားနေရပေသည်။

အင်ဒိုချိုင်းနားကျွန်းဆွယ်နေရာအနှံ့အပြားတွင် ရှမ်းလူမျိုးများ* မှာ သန်းပေါင်း ၂၀–ထက်မနဲ နေထိုင်လျက်ရှိသည်ဟု ဒဗလျူကော့ကရိန်းက ရှီမင်းကက်သလစ် ဘုန်းကြီးများ၏ တွက်ဆချက်ကို ကိုးကား၍ ဖေါ်ပြထားလေသည်။ ယင်းကိုးကားချက်သည် ယုတ္တိရှိပေသည်။ အာသံပြည်ရှိ အဟုမ်ရှမ်းများသည်၎င်း၊ ယိုးဒယား၊ ကမ္ဘောဒီးယားနှင့်ဗီယက်နမ်နိုင်ငံများရှိ လောလူမျိုး ယွန်းလူမျိုးများသည်၎င်း၊ ရှမ်းလူမျိုးအစစ်အမှန်များ ဖြစ်ကြသည်။ ယိုးဒယားလူမျိုးကိုယ်တိုင်ပင် ရှမ်းမျိုးဆက်ဖြစ်ပေသည်။

တရုပ်ပြည်တောင်ပိုင်းနေရာအနှံ့အပြားတွင်လည်း ရှမ်းလူမျိုး သို့မဟုတ် ရှမ်းမျိုးဆက်များ သန်းပေါင်း ၂၀–ထက်မနဲ ရှိသည်ဟူ၍ ဒေါက်တာဒွေါ့နှင့်မစ္စတာဖရီးမင်းတို့၏ စာအုပ်များကို ကိုးကား၍ ကော့ကရိန်းက ဖေါ်ပြထားပေသည်။ ၎င်းမှာလည်း ယုတ္တိမရှိဟု မဆိုနိုင်ပေ။ တရုပ်ပြည်တောင်ပိုင်း(ယခု ယူနန်)တွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀–ကျော်ခန့်က ရှမ်းလူမျိုးများသည် နန်ချိုနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့ပေသည်။ ယနေ့ ကွမ်းတုန်နယ်ရှိ "ဟတ်ကာ" လူမျိုးများသည် မျက်နှာပုံပန်းသဏ္ဍာန်နှင့်အလေ့အထများမှာ ရှမ်းလူမျိုးနှင့်အလွန်နီးစပ်နေသည်ကို တွေ့ရသည်။ ယနေ့ယူနန်နယ်ရှိ "ယီ""ထိုင်း"အစရှိသော လူမျိုးစုများသည် ရှမ်းပြည်

* ဒဗလျူကော့ကရိန်း၏ ရှမ်းလူမျိုးများစာအုပ်ကို ရန်ကုန်မြို့၌ ၁၉၁၅–ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ ကိုးကားချက်များမှာ ၁၉၁၅–ခု မတိုင်မီက တွေ့ရှိချက်များပင်ဖြစ်၏။

E-book is created by *shanyoma*

နယ်ရှိ ရှမ်းလူမျိုးများ'မြောင်'နှင့်ခွဲခြား၍ မရနိုင်အောင် တူလှပေသည်။

ဤစာတမ်းတွင် ရှမ်းလူမျိုး ဆင်းသက်ပေါက်ဖွားပုံကို အကျယ်တဝင့် ဆွေးနွေးရန် ဆန္ဒမရှိပါ။ သို့ရာတွင် ယနေ့ ရှမ်းပြည်နယ်ဟု ခေါ်တွင်သော ရှမ်းပြည်ဒေသ စတင်ဖြစ်ပေါ်လာပုံကို အနည်းငယ် ဖေါ်ပြရန်လိုပေမည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အိန္ဒိယပြည်"ဆင်းမလားမြို့"ရောက် ဗမာပြည် စစ်ပြေးအစိုးရက ထုတ်ဝေသော"ဗမာပြည်လက်စွဲ"စာအုပ်တွင် ရှမ်းလူမျိုးများ ဗမာပြည်အတွင်းသို့ ၁၃–ရာစုအတွင်းက ဝင်ရောက်လာသည်ဟူ၍ ရေးသားသည်။ ၎င်းမှာ ယုတ္တိအထောက်အထားနှင့် အလွန်ကင်းဝေးနေပေသည်။

ထိုနည်းအတူ "ရှမ်းရာဇဝင်"များဖြစ်သော မိုးနဲရာဇဝင်, ကုန်းဘောင်(သီပေါ)ရာဇဝင်, သိန္နီရာဇဝင်များတွင် မိုးနဲမြို့ကို ခရစ်မပေါ်မီ ၅၁၉–နှစ်တွင်၎င်း၊ သီပေါမြို့ကို ခရစ်မပေါ်မီ ၄၂၃–နှစ်တွင်၎င်း၊ သိန္နီမြို့ကို ခရစ်မပေါ်မီ ၄၄၁–နှစ်တွင်၎င်း တည်ထောင်ခဲ့ကြသည်ဟူ၍ ဖေါ်ပြထားသည်။ ၎င်းမှာလည်း ယုတ္တိအထောက်အထားများနှင့်ကင်းမဲ့နေသည်။ အဆိုပါမြို့တည်သက္ကရာဇ်များသည် နန်ချိုပြည်ထူထောင်သော သက္ကရာဇ်နှင့်ရောထွေးနေကြဟန်တူပေသည်။

ယခုရှမ်းပြည်နယ်ခေါ်တွင်သောဒေသတွင် ရှမ်းလူမျိုးများ"ကမ္ဘာဦးအစ"ကတည်းကနေထိုင်လာကြသည်မဟုတ်ပေ။ ကမ္ဘာဦးပဒေသာပင်ခေတ်နှင့်ကျေးပိုင်ကျွန်ပိုင်ခေတ်များကို ရှမ်းလူမျိုးများသည် ရာဇဝင်ဆရာ, လူမျိုးရေးသမိုင်းဆရာတို့ ရှာဖွေလေ့လာ၍ မတွေ့ရှိသေးသောဒေသတွင် ရှေးရှေးနှစ်ပေါင်းများစွာက ကျော်လွန်ခဲ့ပြီးဖြစ်ပေသည်။

ရှမ်းလူမျိုးများသည် ဟိုလူမျိုး ဒီလူမျိုးနှင့်ရောစပ်ပြီး ကာလရွေ့လျောမှ ရှမ်းလူမျိုးဖြစ်လာသည်မဟုတ်။ အလွန်ရှေးကျသောလူမျိုးကြီးတမျိုး ဖြစ်သည်ဟူသောအချက်သည် ယနေ့ရှမ်းလူမျိုးအဘို့ အထူးဂုဏ်ယူစရာတရပ် ဖြစ်နေပေသည်။

လူမျိုးရေးသမိုင်းဆရာတို့ တတ်နိုင်သမျှ ခြေရာခံ၍ လိုက်လံရှာဖွေကြရာတွင် ရှမ်းလူမျိုးတို့၏ဇစ်မြစ်ကို တရုပ်ပြည်အလယ်ပိုင်း တနေရာတွင် သွားတွေ့ကြသည်။ သို့ရာတွင် သမိုင်းဆရာတို့က ထိုနေရာသည် ရှမ်းလူမျိုးတို့၏ မူလဇာတိဟု မယူဆနိုင်ကြသေးပေ။ ထိုနေရာတွင် ခြေရာပျောက်သွား၍သာ လက်လျှော့ထားကြရလေသည်။

မှန်ပါသည်။ ကမ္ဘာ့"လူယဉ်ခေတ်"ဦးလောက်မှစ၍ ရှမ်းလူမျိုးသည် တရုပ်ပြည်အလယ်ပိုင်းတွင် နေထိုင်ခဲ့ကြသည်။ ရှမ်းလူမျိုးတို့၏"လူကြမ်းခေတ်""လူရိုင်းခေတ်"များသည် လူတို့မသိသေးသော ရှေးသမိုင်းအတွင်းပင် တိမ်မြုပ်နေသည်။

အနောက်မြောက်ပိုင်းမှ တရုပ်လူမျိုးတို့ ဆင်းသက်လာမှုကြောင့် ရှမ်းလူမျိုးများ တရုပ်ပြည်တောင်ပိုင်းသို့ ရွေ့ဆင်းလာခဲ့ကြရသည်။ ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀–ကျော်ခန့်တွင် တရုပ်ပြည်တောင်ပိုင်း၌ နန်ချိုတိုင်းပြည်ကြီး တည်ထောင်ခဲ့ကြသည်။ နန်ချိုတိုင်းပြည်သည် ရှမ်းလူမျိုးများအဘို့ အထင်ကရ ရာဇဝင်မှတ်တိုင်ကြီးပင်ဖြစ်ပေသည်။

E-book is created by *shanyoma*

နန်ချိုတိုင်းပြည်မှာ တရုပ်ပြည်ရာဇဝင်မှတ်တမ်းများအရရင်း၊ အနောက်တိုင်းခရီးသည်များ၏ မှတ်တမ်းများအရရင်း၊ ထိုခေတ်က အလွန်ခမ်းနားကြီးကျယ်သော ပဒေသရာဇ်တန်ခိုးကြီးနိုင်ငံတခု ဖြစ်ခဲ့ပေသည်။ တရုပ်ပြည် ပီကင်းဘုရင်၏ "ပဏ္ဏာဆက်နိုင်ငံ"ဖြစ်ခဲ့သော်လည်း၊ တရုပ်ပြည်နှင့်ပခုံးချင်း ယှဉ်နိုင်လောက်အောင် တကြိမ်က တန်ခိုးကြီးခဲ့လေသည်။

နန်ချိုနိုင်ငံတော်ကို တည်ထောင်ပြီးမှ ရှမ်းလူမျိုးများသည် ဗမာပြည်မြောက်ပိုင်းသို့ရင်း၊ အာသံပြည်ဘက်သို့ရင်း၊ အင်ဒိုချိုင်းနားဘက်သို့ရင်း၊ တစိမ့်စိမ့် ဆင်းသက်လာခဲ့ကြသည်။ အင်ဒိုချိုင်းနားတွင် ကမ္ဘောဒီးယားပြည်ကို တည်ထောင်ပြီး၊ ဗမာပြည်မြောက်ပိုင်း မောမြစ်(ရွှေလီ)ဝှမ်းတွင် မောနိုင်ငံကို တည်ထောင်ခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၁၀–ရာစုနှစ် ဒီဘက်တွင် နန်ချိုနိုင်ငံနှင့်တရုပ်နိုင်ငံတို့ မကြာခဏစစ်မက်ဖြစ်ပွားကာ နန်ချိုနိုင်ငံကြီး ပျက်စီးယိုယွင်းခဲ့ရသည်။ နန်ချိုနိုင်ငံကြီး တန်ခိုးသြဇာ မှေးမှိန်လာသည်ကို ချက်ကောင်းယူ၍ ကမ္ဘောဒီးယားပြည်သည် နန်ချိုနိုင်ငံ၏ ပဏ္ဏာဆက်နိုင်ငံဖြစ်သော မောတိုင်းပြည်သို့ အာဏာစက် ချဲ့ထွင်လာခဲ့သည်။

ကမ္ဘောဒီးယားရှမ်းမင်းများ မောတိုင်းပြည်တွင် ကြာရှည်စွာ အုပ်စိုးလာခဲ့သည်ကို အကြောင်းပြု၍ ရှမ်းပြည်အား ယနေ့တိုင် "ကမ္ဘောဇ–ရှမ်းပြည်"ဟု ခေါ်ဝေါ်လေ့ရှိကြသည်။

လူမျိုးရေးသမိုင်းကို ဤမျှရှည်လျားစွာ ကောက်နုတ်ဖေါ်ပြနေရခြင်းမှာ ရာဇဝင်အကိုးအကားများကို အငြင်းပွားလို၍ မဟုတ်ပါ။ မောတိုင်းပြည် စတင်တည်ထောင်သည့်အချိန်မှစ၍ ရှမ်းပြည်ဒေသတွင် ပဒေသရာဇ်စံနစ်သည် ထွန်းကားလာခဲ့သည့်အကြောင်း ဖေါ်ပြလို၍သာဖြစ်ပါသည်။

ဗမာဘုရင် အနော်ရထာမင်းလက်ထက်မှ သီပေါမင်းပါတော်မူသည်အထိ ဗမာရာဇဝင်ကို လေ့လာလျှင် ရှမ်းပြည်သည် ဗမာဘုရင်၏ "ပဏ္ဏာဆက်နိုင်ငံ"ဖြစ်သည့်အခါလည်း ဖြစ်ခဲ့သည်။ ရှမ်းမင်းက နှစ်ပေါင်းအတော်ကြာ ဗမာပြည်ကို အုပ်စိုးခဲ့သည့်အခါလည်း ရှိခဲ့သည်။ ဒီအကြားထဲ တခါတခါ တရုပ်ပြည်၏ ပဏ္ဏာဆက်နိုင်ငံလည်း ဖြစ်လိုက်ရသေးသည်။

ပဒေသရာဇ်ခေတ် ပဏ္ဏာဆက်နိုင်ငံနှင့်အရင်းရှင်ခေတ် ကိုလိုနီနိုင်ငံသည် အခြေခံအားဖြင့် ခြားနားပေသည်။

ပဏ္ဏာဆက်နိုင်ငံသည် ဘုရင့်ကေရာဇ်ထံ သွီးကညာနှင့်လက်ဆောင်ပဏ္ဏာလောက်သာ ဆက်သရသည်။ ကိုလိုနီနိုင်ငံကို နယ်ချဲ့နိုင်ငံက နိုင်ငံရေး, စီးပွါးရေး, ယဉ်ကျေးမှု, အစစအရာရာတွင် ဝင်ရောက်သွေးစုပ်ချယ်လှယ်သည်။

မောတိုင်ပြည် စတင်တည်ထောင်သည့်ကာလမှစ၍ ရှမ်းပြည်တွင် တည်ရှိလာခဲ့သော ပဒေသရာဇ်စံနစ်သည် အင်္ဂလိပ်နယ်ချဲ့သမားများ ရှမ်းပြည်အား အထက်ဗမာပြည်နှင့်ရွှေ့ဆင့်နောက်ဆင့် သိမ်းပိုက်လိုက်သည့်အချိန်အထိ ပြောင်းလဲမှုမရှိခဲ့ပေ။

ရှေးပဒေသရာဇ်စံနစ်သည် ရှေးပဒေသရာဇ်စံနစ်အဖြစ်သာ တည်မြဲလာခဲ့လေသည်။

E-book is created by *shanyoma*

ရှေးပဒေသရာဇ်ရှမ်းပြည်၏ နိုင်ငံရေး စီးပွါးရေးစံနစ်တွင် အောက်ပါအင်္ဂါလက္ခဏာများကို တွေ့မြင်ရလေသည်။

ရှမ်းပြည်ပဒေသရာဇ်နယ်ပယ်များသည် စုစုစည်းစည်း ညီညီညွတ်ညွတ်မရှိခဲ့။ ရှမ်း ၉၉–မြို့ကို စိုးပိုင်ခဲ့သော ပဒေသရာဇ်နယ်ရှင်များသည် သူတနယ်–ငါတမင်း မင်းမူအုပ်စိုးခဲ့ကြသည်။ မကြာခဏ တနယ်နှင့်တနယ် စစ်မက်ခင်း၍ အာဏာလုပွဲ ကျင်းပခဲ့ကြသည်။

ခေတ်မီလမ်းပန်းဆက်သွယ်ရေး လုံးဝမရှိခဲ့ပေ။ လှည်းလမ်း, မြင်းလမ်း, လားလမ်းများပင် ကောင်းစွာမရှိခဲ့ပေ။ တနယ်နှင့်တနယ် တတိုင်းတပြည်စီအနေဖြင့် ကူးလူးဆက်ဆံရေး အလွန်နည်းပါးလေသည်။ ရှမ်းတမျိုးသားထဲဟူ၍မရှိ၊ မိုးနဲသား ညောင်ရွှေသား သိန္နီသား စသည်ဖြင့်သာ နယ်ပယ်ဒေသသားများ ဖြစ်နေခဲ့ကြသည်။

ပဒေသရာဇ် စီးပွါးရေး၏ အဓိကအင်္ဂါရပ်မှာ ကိုယ့်ကိုယ်တိုင် ဖူလုံးရေးပင်ဖြစ်သည်။ တောင်သူလယ်သမားများသည် မိမိတို့ဝမ်းစာအတွက် မိမိတို့ကိုယ်တိုင် စိုက်ပျိုးကြသည်။ အဝတ်အတွက် ကိုယ်တိုင်ဗိုင်းငင်၍ ကိုယ်တိုင်ယက်လုပ်ကြသည်။ နေအိမ်အတွက် ကိုယ်တိုင်သစ်ဝါးခုတ်၍ ကိုယ်တိုင်ဆောက်လုပ်ကြသည်။ တောင်ယာလယ်လုပ်ကိရိယာအတွက် ကိုယ်တိုင်ပင် လုပ်ကြရသည်။

ကုန်စည်ရောင်းဝယ်ဖောက်ကားမှု မထွန်းကား၍ ငွေကြေးလဲလှယ်မှု မပေါ်ပေါက်ခဲ့ပေ။ အချို့ဒေသတွင်သာ ငွေတုံးကို ကွမ်းသီးညှပ်ဖြင့် ညှပ်၍သုံးစွဲကြသည်။

တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်မှ ဆယ်ဘို့တဘို့ကို ပဒေသရာဇ်အခွန်အတုပ်အဖြစ် ဆက်သရသည်။ အခွန်အတုပ်များကို ပဒေသရာဇ်များသည် ပြည်သူပြည်သားများအတွက် ပြန်လည်အသုံးမပြုကြ။ ပဒေသရာဇ်များသည် ကုန်ထုတ်လုပ်ရေးတွင် ပါဝင်ခြင်းမရှိခဲ့၊ တောင်သူလယ်သမား ဆင်းရဲသားများ အပေါ်သာ ခေါင်းပုံဖြတ် သွေးစုပ်၍သာနေခဲ့သည်။ 'ရေမြေ့သခင်ကျေးဇူးရှင်သက်ဦးဆံပိုင်'များအဖြစ်သာ အုပ်စိုးခဲ့ကြသည်။

ပဒေသရာဇ်များသည် လယ်မြေအမြောက်အများ ပိုင်ဆိုင်၍ တောင်သူလယ်သမားများအား သီးစားချထားသည်လည်း ရှိသည်။ 'ဘက်စား'ပေးသည်လည်း ရှိသည်။

တောင်သူလယ်သမားများသည် ပဒေသရာဇ်လယ်ရှင်များ၏ သီးစားအဖြစ်သော်၎င်း၊ ဘက်စားအဖြစ်သော်၎င်း လုပ်ရသည်။ ကိုယ်ပိုင်မြေကွက်ကလေးတွင် ကိုယ်တိုင်လုပ်၍ အခွန်ပေးရသည်လည်း ရှိသည်။ လယ်တော်, ယာတော်, ခြံတော်များကို အခမဲ့ကိုယ်ပိုင်လယ်လုပ်ကိရိယာနှင့် လုပ်ပေးရသည်လည်း ရှိသည်။ ပဒေသရာဇ် နယ်ရှင် ပယ်ရှင်နှင့်ပဒေသရာဇ် မှူးကြီးမတ်ရာများထံ အခမဲ့အလှည့်ကျ ကိုယ်တိုင်အလုပ်အကျွေးပြုရသည်လည်းရှိသည်။ ပဒေသရာဇ်များ စစ်ထွက်လျှင် စစ်သည်တော်အဖြစ်လည်း လိုက်ရသေးသည်။

ရှမ်းပြည်နယ် တောင်သူလယ်သမားများသည် ပဒေသရာဇ်နယ်စား ပယ်စားများ၏ တကယ့်ကျေးတော်မျိုး ကျွန်တော်မျိုးပင်ဖြစ်ပေသည်။

E-book is created by *shanyoma*

ပဒေသရာဇ်တို့၏ ဖိနှိပ်သွေးစုပ်မှုအောက်တွင် တောင်သူလယ်သမားများသည် လုံးဝလွတ်လပ်မှုမရှိ။ ပဒေသရာဇ်များ၏ ဆန္ဒအလျောက် ဖမ်းနိုင်သည် ဆီးနိုင်သည် ရိုက်နှက်နိုင်သည် သေဒဏ်ပင် အပြစ်ပေးနိုင်သည်။

ပဒေသရာဇ်တို့၏ နှစ်ပေါင်း ၂၀၀၀–နီးပါး ရက်စက်စွာ ကြမ်းကြုတ်စွာ ဖိနှိပ်သွေးစုပ်လာခဲ့သည့်အောက်တွင် ပြည်သူလူထုသည် နိုင်ငံရေး စီးပွါးရေး ယဉ်ကျေးမှုတို့တွင် တိုးတက်မှုတစုံတရာ မရှိခဲ့ပေ။ လူဦးရေ နည်းပါး၍ ကူးသန်းသွားလာရန် ခက်ခဲသော ရှမ်းကုန်းမြင့်ဒေသတွင် ပြည်သူလူထုသည် စုစုစည်းစည်း မရှိ၊ သူတနယ် ငါတမင်း အုပ်စိုးသော“သက်ဦးဆံပိုင်” ပဒေသရာဇ်များ၏ ခါးလွတ်အောက်တွင် တုတ်တုတ်မျှ မလှုပ်နိုင်ဖြစ်ခဲ့ရရှာသည်။

ကြီးကျယ်ခမ်းနားသော နန်းချိုနိုင်ငံကြီးကို တည်ထောင်လာခဲ့သောရှမ်းလူမျိုးများသည် နှစ်ပေါင်း ၂၀၀၀–ကျော်အတွင်း အခြားလူမျိုးအသီးသီး တိုးတက်ကြီးပွားပါသော်လည်း အဘယ်ကြောင့် မကြီးပွါးမတိုးတက် ဖြစ်ခဲ့ပါသနည်း။

ပဒေသရာဇ်စံနစ်သည်သာ အဓိကအကြောင်းရင်းခံဖြစ်ပေသည်။

E-book is created by shanyoma

# အခန်း(၂)
# နယ်ချဲ့လက်အောက်ခံ ကိုလိုနီ ပဒေသရာဇ်–ရှမ်းပြည်
# (၁၈၈၆–၁၉၄၈)

၁၈၈၅–ခု နိုဝင်ဘာလ ၂၈–ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့သမားသည် သီပေါဘုရင်ကို ဖမ်းဆီးခဲ့လေသည်။

ဗမာပြည်သူလူထုကြီး အင်္ဂလိပ်နယ်ချဲ့သမားထံ အညံ့မခံ အင်အားရှိသမျှနှင့်ခုခံတွန်းလှန်ခဲ့သည့်နည်းတူ ရှမ်းပြည်လူထုသည်လည်း“ကုလားဖြူ”တို့၏ အုပ်စိုးမှုကို အလွယ်တကူ အညံ့မခံခဲ့ပေ။ ဗမာမျိုးချစ်အင်အားစုများနှင့်ပူးပေါင်း၍ ရှမ်းပြည်ဒေသမှ စွမ်းအားရှိသမျှ ခုခံတွန်းလှန်ခဲ့ပေသေးသည်။

အထက်ဗမာပြည်အား အင်္ဂလိပ်နယ်ချဲ့သမားက သိမ်းပိုက်ကြောင်း အမိန့်ပြန်တမ်းကို ၁၈၈၆–ခု၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့သော်လည်း ရှမ်းပြည်နယ်ဒေသ၏ ခုခံတွန်းလှန်မှုကြောင့် ၁၈၈၆–ခု၊ မေလ(၄)ရက်နေ့တွင်မှ ရှမ်းပြည်ဒေသအား ဗြိတိသျှ–အိန္ဒိယပြည်နယ်တနယ်အဖြစ် ကျေညာနိုင်ခဲ့ပေသည်။

ယင်းကဲ့သို့ ကျေညာနိုင်ခြင်းမှာလည်း ရှေးဦးစွာ ရှမ်းစော်ဘွားနှစ်ဦးက နယ်ချဲ့သမားအား မန္တလေးသို့ သွားရောက်ကာ ခေါ်ဆောင်ခဲ့လေသည်။ ၎င်းသစ္စာဖောက် ရှမ်းစော်ဘွားနှစ်ဦးက ရှေ့ဆောင်သော“ကုလားဖြူ”တပ်ခွဲတခုသည် ရှမ်းပြည်ဒေသတဝှမ်းလုံးကို လိုက်လာသိမ်းပိုက်ခဲ့လေသည်။

ကုလားဖြူနယ်သိမ်းတပ်ခွဲနှင့်ရှမ်းအမျိုးသားများ၏ တိုက်ပွဲများအကြောင်းနှင့်ပတ်သက်၍ စာရေးသူသည် ငယ်စဉ်အခါက ရှေးမှီလူကြီးသူမများ၏ ပြောပြချက်ကို သူငယ်တို့ဘာဝ ဒဏ္ဍာရီများအဖြစ် နားထောင်ခဲ့သော်လည်း အမှန်စင်စစ် ထိုတိုက်ပွဲများသည် ရှမ်းပြည်သူလူထုက နယ်ချဲ့ဆန့်ကျင်ရေးအတွက် ရှေးဦးစွာ သွေးမြေကျခဲ့သည့်နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲများပင် ဖြစ်ပေသည်။

အင်္ဂလိပ်နယ်ချဲ့သမားသည် အထက်ဗမာပြည်နှင့်ရှမ်းပြည်ဒေသအား သိမ်းပိုက်ပြီးနောက် ဗမာပြည်တွင် ဘုရင်အုပ်စိုးမှုစံနစ်ကို ဖျက်သိမ်းခဲ့သော်လည်း ရှမ်းပြည်ဒေသတွင် ပဒေသရာဇ်နယ်ရှင်အုပ်စိုးမှုစံနစ်ကို ဖျက်သိမ်းရန် မကြံရွယ်ခဲ့ပေ။ ထိုကဲ့သို့ မကြံရွယ်ကြောင်း ထိုစဉ်က မန္တလေးတွင် ရုံးစိုက်ခဲ့သော မြောက်ပိုင်းအရေးပိုင်က ရှမ်းစော်ဘွားများထံသို့ ပေးပို့သောအမှာစာတွင် အောက်ပါအတိုင်း ဖေါ်ပြထားလေသည်။

“. . . ရှမ်းနယ်များသို့ အရာရှိတဦးအား စေလွှတ်ရသည့်ရည်ရွယ်ချက်မှာ ဖြစ်ပေါ်မည့်ပြဿနာကို ရှင်းလင်းရန်၊ တွေ့ကြုံမည့်အခက်အခဲကို ပယ်ရှားရန်နှင့်ရှမ်းစော်ဘွားများရော ၎င်းတို့၏ နယ်သူနယ်သားများကိုပါ ရှေးက ပိုင်ဆိုင်ခဲ့သော အခွင့်အရေးများကို ဆက်လက်ခံစားခွင့်ရစေရန် ဖြစ်ပါသည်။”

E-book is created by *shanyoma*

မည်သည့် ကိုလိုနီနယ်ချဲ့သမားတိုင်းမဆို လက်ကိုင်ထားရှိသောပေါ်လစီတရပ်မှာ မိမိတို့သိမ်းပိုက်အုပ်စိုးသော အောက်ကျနောက်ကျ"အရိုင်းအစိုင်း"ဒေသတိုင်းရှိ ပဒေသရာဇ်နယ်ရှင်ပယ်ရှင်(အကြီးအကဲ)တို့၏ အုပ်ချုပ်ပုံစံနစ်ကို မပျက်မစီး ထိန်းသိမ်းပေးရန် ဖြစ်လေသည်။ အိန္ဒိယ"ရာဇာ"များကိုငှင်း၊ မာလာယုနှင့်အင်ဒိုနီးရှားရှိ "စူလတန်"များကိုငှင်း၊ အာဖရိကတိုက်ရှိ အကြီးအကဲများကိုငှင်း၊ ရှမ်း"စော်ဘွား"များနည်းတူ နယ်ချဲ့အုပ်စိုးမှု ကာလတလျှောက်လုံးတွင် ၎င်းတို့၏ အုပ်ချုပ်မှုစံနစ်ကို ထောက်ခံအားပေး၍ မပျက်မစီး ဆက်လက်ထိန်းသိမ်းပေးခဲ့သည်။

ရှမ်းပြည်အား နယ်ချဲ့သမားက သိမ်းပိုက်လိုက်ပြီးသည့်နောက် ရှမ်းစော်ဘွားစံနစ်ကို မဖျက်သိမ်းရဘဲ ဆက်လက်ထားရှိပေးရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ကြောင်း ၁၈၈၆–ခု၊ အောက်တိုဘာလ (၁၉)ရက်နေ့စွဲဖြင့် အိန္ဒိယအစိုးရက ဘိလပ်ရှိ အိန္ဒိယဆိုင်ရာ အတွင်းဝန်ထံ ပေးပို့သောစာတွင် အောက်ပါအတိုင်း တွေ့ရှိရပေသည်။

"အကြီးအကဲများ သို့မဟုတ် (၎င်းတို့အခေါ်)စော်ဘွားများမှာ ၎င်းတို့၏ အခွင့်အရေးနှင့်အကြီးအကဲအဖြစ် ကျွန်ုပ်တို့က အသိအမှတ်ပြုပါလျှင် ကျွန်ုပ်တို့၏ လိုအင်ဆန္ဒနှင့်အညီ ၎င်းတို့၏ နယ်သူနယ်သားများတွင် ငြိမ်ဝပ်ပိပြားရေးရှိစေရန်နှင့်ကျွန်ုပ်တို့၏ ဩဇာအာဏာကို လက်ခံရန် ဆန္ဒရှိကြပုံရကြောင်း၊ ကျွန်ုပ်တို့အဘို့မှာမူကား **မလိုသည့်အုပ်ချုပ်ရေးတာဝန်အဆင့်ကို တိုးချဲ့ခံယူရန် ဆန္ဒမရှိသည့်အလျောက်** ဤစည်းကမ်းများကို ဝမ်းမြောက်ဝမ်းသာလက်ခံကြောင်း"

နယ်ချဲ့သမားသည် ရှမ်းပြည်ပဒေသရာဇ်စံနစ်ကို မပျက်စီးစေရန် တတ်နိုင်သမျှ ထိန်းသိမ်းခဲ့သော်လည်း အရင်းရှင်နယ်ချဲ့စိုးမိုးမှုအောက်တွင် ရှမ်းပြည်လူ့ဘောင်ဖွဲ့စည်းမှုသည် အခြေခံအားဖြင့် ပြောင်းလဲလာခဲ့ရပေသည်။

နယ်ချဲ့စံနစ်ဝင်ရောက်လာသဖြင့် မူလတည်ရှိလာခဲ့သော ကိုယ့်ကိုယ်ကို ဖူလုံရေး, ပဒေသရာဇ်စီးပွါးရေးပုံစံသည် ပျက်စီးခဲ့ရလေသည်။

နယ်ချဲ့အစိုးရသည် အုပ်ချုပ်မှုလွယ်ကူရေး တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး ပြည်တွင်းထွက်ကုန်ကြမ်းများ သယ်ယူရေးနှင့်ကုန်ချောများ တင်ပို့ရောင်းချရေးတို့အတွက် မီးရထားလမ်း မော်တော်ကားလမ်းများ ဖောက်လုပ်ခဲ့ရလေသည်။ စာတိုက်ကြေးနန်းများ ဖွင့်လှစ်ခဲ့ရသည်။ နိုင်ငံခြားမှ အာလူး ဂျုံနှင့်ကာဇီမျိုးစေ့များ တင်သွင်း၍ ရှမ်းပြည်တွင် စိုက်ပျိုးစေခဲ့သည်။

ယခင်က မိမိတို့ဝမ်းစာဖူလုံရေးအတွက်သာ စိုက်ပျိုးခဲ့သော ကောက်ပဲသီးနှံများကို တောင်သူလယ်သမားများသည် ရောင်းကုန်စံနစ်အဖြစ် စိုက်ပျိုးလာကြသည်။ ကောက်ပဲသီးနှံကို ရောင်းချ၍ ကုန်ချောများ ဝယ်ယူသုံးစွဲလာကြသည်။ တနေရာမှ တနေရာ သွားလာမှုလွယ်ကူလာသဖြင့် ကုန်စည်ကူးသန်းရောင်းဝယ်မှု ထွန်းကားလာသည်။ အာလူး, ဂျုံ, ကာဇီစေ့, လဘက်, သနပ်ဖက်, ဟင်းသီးဟင်းရွက်, လိမ္မော်သီး အစရှိသည်တို့ကို ဗမာပြည်အနှံ့အပြားသို့ တင်ပို့ရောင်းချလာကြသည်။ ဂျုံနှင့်အာလူးကို အိန္ဒိယအထိပင် တင်ပို့ရောင်းချခဲ့သည်။

E-book is created by *shanyoma*

နယ်ချဲ့အရင်းရှင်သည် မိမိတိုင်းပြည်အတွက် လိုအပ်သော ကုန်ကြမ်းများကို ရှမ်းပြည်နယ်မှ ထုတ်ယူခဲ့သည်။

ကျွန်းသစ် နှစ်စဉ်တန်ပေါင်း ငါးသောင်းကျော် ရှမ်းပြည်မှ ထုတ်ယူခဲ့သည်။ ရှမ်းပြည်တွင် အဘိုးတန် ဓါတ်သတ္တုအများအပြားတွေ့ရှိခဲ့သော်လည်း မိမိတိုင်းပြည်၏စက်မှုလုပ်ငန်းအတွက် အသုံးဝင်သောဓာတ်သတ္တုများနှင့်အမြတ်အစွန်း အများဆုံးရနိုင်သော ဓာတ်သတ္တုများကိုသာ ထုတ်ယူခဲ့သည်။

သတ္တုတွင်း တူးဖေါ်ရေးလုပ်ငန်းအဖြစ် နမ္မတူဘော်တွင်းမိုင်းတခုသာ တည်ထောင်ခဲ့သည်။ ၎င်းသတ္တုတွင်းမှ (ငွေ)ခဲ သွပ် ကြေးနီ ဒန်နှင့်ခဲနောက်စိမ်းများ ရရှိခဲ့သည်။ နှစ်စဉ်အမြတ်အစွန်း ပျမ်းမျှကြေး သိန်း ၁၀၀–ကျော်ရခဲ့သည်။

တိုင်းပြည်အတွက် အသုံးဝင်၍ အဘိုးတန်သော ကျောက်မီးသွေးနှင့်သံသတ္တုများကို မိမိတို့၏ပင်မအကျိုးကို ထိခိုက်မည်စိုး၍ တူးဖေါ်ခြင်းမပြုခဲ့ပေ။ ထိန်ဝှက်၍ပင် ထားခဲ့လေသေးသည်။ ကျောက်မီးသွေးကို သီပေါနယ်နှင့်လားရှိုးအနီးတဝိုက်တွင် အမြောက်အများ ရှိသည်ဟု သိရသည်။ သံကို ကျိုင်းတုံနယ်တွင်၎င်း၊ ဝနယ်တွင်၎င်း၊ မြောက်ပိုင်း ပန်လုံနယ်တွင်၎င်း၊ တောင်ကြီးအနီးတွင်၎င်း၊ အမြောက်အများ တွေ့ရှိရသည်။

ဤသို့လျှင် နယ်ချဲ့စံနစ် ဝင်ရောက်လာသဖြင့် ရှမ်းပြည်ဒေသတွင် မူလကိုယ့်ကိုယ်ကို ဖူလုံရေးဟူသောပဒေသရာဇ် ကုန်ထုတ်လုပ်ရေးစံနစ်သည် ပျက်စီး၍ နယ်ချဲ့တိုင်းပြည်သို့ ကုန်ကြမ်းပို့ပြီး နယ်ချဲ့နိုင်ငံမှ ကုန်ချောကို ဝယ်ယူသုံးစွဲရသော ကိုလိုနီပဒေသရာဇ်စီးပွါးရေးစံနစ်သို့ ပြောင်းလဲလာခဲ့လေသည်။

ရှမ်းပြည်နယ်သည် စစ်ရေးစစ်ရာအတွက်၎င်း၊ အင်ပါယာတည်တံ့ရေးအတွက်၎င်း၊ နယ်ချဲ့သမားများအဘို့ အလွန်အရေးကြီးသည်ဖြစ်ရာ ရှမ်းပြည်နယ်အား နိုင်ငံရေး, စီးပွါးရေး, ယဉ်ကျေးမှုတို့တွင် အောက်ကျနောက်ကျ ဖြစ်နေစေရန် နယ်ချဲ့ပေါ်လစီအရ တမင်တကာ ဖန်တီးထားခဲ့ပေသည်။

ဗမာပြည်အား နိုင်ငံရေးအရ အုပ်ချုပ်မှုကို တစတစ တိုးမြှင့်ပေးလာခဲ့သော်လည်း ရှမ်းပြည်အား "ခြွင်းချန်ထားသောဒေသ"'အဖြစ် ချန်လှပ်ထားပစ်ခဲ့လေသည်။ တာဝန်ခံအစိုးရဖွဲ့စည်းပေးရန် စိတ်ကူးထဲပင် မထည့်ခဲ့ပေ။

နယ်ချဲ့စံနစ်နှင့်ပဒေသရာဇ်စံနစ်တို့၏နှစ်ဆင့်သွေးစုပ်မှုအောက်တွင် ရှမ်းပြည်သူထုသည် နလံမထူနိုင်၊ တနေ့တခြား မွဲသည်ထက်မွဲကာ တိုင်းရင်းသား ဓနရှင်များ မပေါ်ပေါက်နိုင်ခဲ့ပေ။ စက်မှုလုပ်ငန်းများ လုံးဝမထွန်းကားခဲ့ပေ။ အိမ်တွင်းလက်မှုလုပ်ငန်းအချို့သာ ထွန်းကားခဲ့လေသည်။

"ပညာတတ်များလျှင် တို့ကို ပုန်ကန်မည်ဟူသောဝါဒ"အရ နယ်ချဲ့သမားနှင့်ပဒေသရာဇ်များသည် ပညာရေးအတွက် အားပေးခြင်းမရှိခဲ့ပေ။ နယ်ချဲ့ပဒေသရာဇ် အုပ်ချုပ်ရေးယန္တ

E-book is created by *shanyoma*

ရားအတွက် လိုအပ်သောအမှုထမ်းဦးရေး ထွက်ပေါ်လာရုံမျှသာ စာသင်ကျောင်းများ တည်ထောင်ပေးခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်အထိ ရှမ်းပြည်တဝှမ်းလုံးတွင် စာသင်ကျောင်းပေါင်း ၂၀၀–ခန့်သာ ရှိခဲ့သည်။ ၎င်းကျောင်းများအနက် အထက်တန်းကျောင်း ၄–၅ ကျောင်းခန့်မှာ အစိုးရက တည်ထောင်ပေးသော ကျောင်းမဟုတ်ပေ။ 'အစိုးရအထောက်ပံ့ခံနှင့် အစိုးရအသိအမှတ်ပြု'သော သာသနာပြုကျောင်းများသာဖြစ်ပေသည်။ အလယ်တန်းနှင့်မူလတန်းကျောင်းများမှာလည်း အများအားဖြင့် ထိုနည်းအတူ "အစိုးရအထောက်အပံ့ခံနှင့်အစိုးရအသိအမှတ်ပြု"ကျောင်းနှင့်ကိုယ်ပိုင်ကျောင်းများသာ ဖြစ်ပေသည်။ ထိုကျောင်းများတွင် ဝင်ရောက်စာသင်ကြားနိုင်သော ကျောင်းသားဦးရေမှာလည်း ၁၅၀၀၀–ထက် မကျော်လွန်ခဲ့ပေ။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဖက်ဆစ်ဂျပန်များသည် "အရှေ့အာရှသာတူညီမျှရေး"ကြွေးကြော်သံဖြင့် ရှမ်းပြည်အပါအဝင် ဗမာပြည်တဝှမ်းလုံးကို ဝင်ရောက်သိမ်းပိုက်ခဲ့ပေသည်။ ဖက်ဆစ်ဂျပန်နယ်ချဲ့သမားလက်အောက်တွင် ရှမ်းပြည်သူလူထုကြီးသည် ပို၍ ဖိနှိပ် ပို၍ ညှင်းဆဲ ပို၍သွေးစုပ်ခံခဲ့ရသည်။ စီးပွါးရေးအရ ဖွတ်သထက်ညှစ်ကာ ပို၍ မွဲပြာကျခဲ့သည်။

နယ်ချဲ့သမားတို့၏ပေါ်လစီအတိုင်း ဖက်ဆစ်ဂျပန်များကလည်း ရှမ်းပြည်ပဒေသရာဇ်နယ်ရှင်မြေရှင်စိုးမိုးမှုကို ဆက်လက် ထိန်းသိမ်းပေးခဲ့လေသည်။

ရှမ်းပြည်သူလူထုသည် ဖက်ဆစ်တို့၏ဖိနှိပ်မှုကို မခံရပ်နိုင်ဖြစ်လာကာ ၁၉၄၅–ခုနှစ်တွင် ဗမာတမျိုးသားလုံးနှင့်လက်တွဲ၍ ရာဇဝင်ပြောင်မြောက်သော ဖက်ဆစ်တော်လှန်ရေးကြီး ဆင်နွှဲခဲ့ပေသည်။

သို့ရာတွင် မှန်ကန်သည့်ခေါင်းဆောင်မှု မရှိခဲ့သဖြင့် ဖက်ဆစ်ဂျပန်တို့ ကျဆုံးခဲ့သော်လည်း ရှမ်းပြည်အား နယ်ချဲ့နှင့်ပဒေသရာဇ်တို့သည် ဆက်လက်လွှမ်းမိုးမြဲ လွှမ်းမိုးနေခဲ့ပေသည်။

နယ်ချဲ့လွှမ်းမိုးမှုအောက်တွင် ရှမ်းပြည်နယ်၌ ပဋိပက္ခမှုအသွင် ၂–ရပ်ကို ထင်ရှားစွာတွေ့မြင်ရပေသည်။

နယ်ချဲ့စံနစ်နှင့်ရှမ်းတမျိုးသားလုံး ပဋိပက္ခ။

ပဒေသရာဇ်စံနစ်နှင့်ရှမ်းပြည်သူလူထု ပဋိပက္ခ။

♣ ♣ ♣ ♣ ♣ ♣ ♣ ♣ ♣ ♣ ♣ ♣

E-book is created by *shanyoma*

## အခန်း(၃)
## ပြည်တော်သာ ပဒေသရာဇ်ဆိုရှယ်လစ်ရှမ်းပြည်

နှစ်ပေါင်းနှစ်ထောင်ကာလက တည်ရှိလာသောရှမ်းပြည်ပဒေသရာဇ် လူ့ဘောင်သည် နယ်ချဲ့သမားတို့အုပ်စိုးသည့်အနှစ်(၆၀)ကာလအတွင်း၌လည်း အခြေခံအားဖြင့် မပြောင်းလဲခဲ့ကြောင်း အထက်တွင် ဖေါ်ပြခဲ့သည်။ နယ်ချဲ့ပဒေသရာဇ်စံနစ်ကြောင့် ရှမ်းပြည်သူလူထုကြီးသည် တိုးတက်မှု မရခဲ့ကြောင်းလည်း ဖေါ်ပြခဲ့လေပြီ။

၁၉၄၈–ခု၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် ရှမ်းပြည်အပါအဝင် ဗမာပြည်တပြည်လုံးသည် နယ်ချဲ့ထမ်းပိုးမှ ရုန်းထွက်ကာ လွတ်လပ်သောနိုင်ငံတည်ထောင်ခဲ့ကြသည်။ နယ်ချဲ့ထမ်းပိုးမှ လွတ်မြောက်ခဲ့သော်လည်း ရှမ်းပြည်သူလူထုသည် ပဒေသရာဇ်ထမ်းပိုးကို ဆက်လက်၍ထမ်းပိုးနေလာရသည်။

ယနေ့ရှမ်းပြည်နယ်ရှိ လူ့ဘောင်သည် ပဒေသရာဇ်လူ့ဘောင်သာဖြစ်ပြီး ကုန်ထုတ်လုပ်မှုစံနစ်မှာလည်း ကိုလိုနီပဒေသရာဇ် ကုန်ထုတ်လုပ်မှုစံနစ်သာ ဖြစ်ပေသည်။

### နယ်ချဲ့အန္တရာယ်

ယနေ့ ရှမ်း–ဗမာလူထုသည် ဗြိတိသျှနယ်ချဲ့ထမ်းပိုးအောက်မှ လွတ်မြောက်ခဲ့သည်မှာ မှန်သော်လည်း နယ်ချဲ့အန္တရာယ်သည် မပပျောက်သေးပေ။

ကမ္ဘာပေါ်တွင် လက်ဝါးကြီးအုပ်အရင်းရှင်စံနစ် တည်မြဲနေသမျှကာလပတ်လုံး နယ်ချဲ့စံနစ်တည်ရှိနေမည်သာတည်း။ နယ်ချဲ့စံနစ်ရှိနေသမျှ နယ်ချဲ့သြဇာခံမဟုတ်သော နိုင်ငံများသည် နယ်ချဲ့၏ခြိမ်းခြောက်မှုကို အစဉ်အမြဲ ခံနေရမည်မှာ မလွဲပင်တည်း။ အထူးသဖြင့် ရှမ်းပြည်အဘို့ နယ်ချဲ့အန္တရာယ်နှင့်ပိုမိုနီးကပ်လှပေသည်။

ပဒေသရာဇ် နယ်ရှင်အုပ်စိုးမှုစံနစ်သည် ကမ္ဘာ့ရာဇဝင်အရ နယ်ချဲ့စံနစ် ဝင်ရောက်လာရန် အလွန်ကောင်းသော အခြေခံစခန်းများ ဖြစ်လေသည်။

ကမ္ဘာ့အရင်းရှင်နယ်ချဲ့စံနစ်၏ ခေါင်းဆောင် အမေရိကန်နယ်ချဲ့စံနစ်သည် တတိယကမ္ဘာစစ်ဖြစ်ရေး, အာရှတိုက်သို့ဝင်ရောက်ကျူးကျော်ရေးတို့အတွက် နေရောညဉ့်ပါ ကြိုးပမ်းလျက်ရှိလေသည်။ ကမ္ဘာအရပ်ရပ်တွင် စစ်အုပ်စုများ ဖွဲ့စည်းကာ စစ်အခြေခံစခန်းများ တည်ဆောက်နေသည်။

အာရှတိုက် ဝင်ရောက်ကျူးကျော်ရေး စီမံကိန်းဖြစ်သော အရှေ့တောင်အာရှစစ်အုပ်စု(ဆီတိုး)အဖွဲ့ဝင် ယိုးဒယားပြည်သည် ရှမ်းပြည်နယ်မြေ၏ အရှေ့ဘက်တွင် ကျောချင်းကပ်လျက်ရှိပေသည်။ အမေရိကန်နယ်ချဲ့၏ အထောက်အပံ့ခံ တရုပ်ဖြူတပ်ကြွင်းများသည် ရှမ်းပြည်နယ်မြေအရှေ့ပိုင်းဒေသအချို့ကို သိမ်းပိုက်ထားလျက်ပင် ရှိသေးသည်။

E-book is created by shanyoma

E-book is created by *shanyoma*

ထို့ကြောင့် ယနေ့ရှမ်းပြည်သည် လွတ်လပ်နေပြီဖြစ်၍ နယ်ချဲ့ဆန့်ကျင်ရေးအခန်း မရှိတော့ဟု ပြောဆိုနေကြသူများမှာ ပြည်သူလူထုအား မှိုင်းတိုက်နေသူများနှင့်ရေတွင်းထဲက ဖားသူငယ်အမြင်ရှိသူများသာ ဖြစ်လေသည်။

ရှမ်းပြည်နယ်၏စီးပွါးရေးအခြေခံမှာ နယ်ချဲ့၏အမွေအနှစ်အဖြစ်ဖြင့် ကိုလိုနီပဒေသရာဇ် စီးပွါးရေးပင်ဖြစ်ကြောင်း အထက်တွင် ဖေါ်ပြခဲ့ပြီ။

## ကိုလိုနီပဒေသရာဇ် စီးပွါးရေး

ရှမ်းပြည်နယ်၏စီးပွါးရေးအခြေအနေကို ဆန်းစစ်ကြစို့။

ရှမ်းပြည်နယ်တွင် ခေတ်မီစီးပွါးရေးလုပ်ငန်းကြီးများ ဖြစ်ထွန်းရန်ဖြစ်နိုင်ပါသလော? ဖြစ်နိုင်ပါသည်။ ဖြစ်နိုင်ရန် အခြေခံများလည်း ရှိပါသည်။ ရှိရုံမက ပိုလျှံ၍ပင်နေပါသည်။

စက်မှုလုပ်ငန်းကြီးများ၏ အခြေခံများဖြစ်သည့်ရေအားလျှပ်စစ်ကို လိုသည်ထက် ပို၍ထုတ်ယူနိုင်သည်။ ကျောက်မီးသွေးလည်းရှိသည်။ သံ, သွပ်, ခဲ, ကြေးနီ, ကြေးဝါ, မင်းဂနီးစ်, အင်တိုမိုနီအစရှိသည့်သတ္တုမျိုးစုံလည်း ရှိသည်။ ဒါဖြင့် ဘာလိုနေသနည်း။ သကြိုရုံနှင့်စက်ကိရိယာ (Machine Tools) အလုပ်ရုံများတည်ဆောက်ရန် အရင်းအနှီးနှင့်ပညာရှင်များလိုသည်။

ဤလိုအင်ကို ကြံဆလျှင် နည်းလမ်းများရနိုင်သည်။ ကောင်းပြီ၊ ဤလိုအင်ကို ကြံဆနေကြပြီလော။ တိုင်းပြည်တိုးတက်ရေးအတွက် တားဆီးနေသော ပဒေသရာဇ်စံနစ်သည် တိုင်းပြည်တိုးတက်ရေးလုပ်ငန်းများကို ကြံဆမည်မဟုတ်ပေ။ ပြည်ထောင်စုအစိုးရကတော့ ကြံဆနေသလား မကြံဆသေးပါ။ တောင်ကြီးမြို့အနီးတွင် အဘိုးတန်သောသံနှင့်သွပ်သတ္တုများကို အမြန်ဆုံးထုတ်ယူ၍ နိုင်ငံခြားသို့ကုန်ကြမ်းအဖြစ် ရောင်းကာ လျော့ပါးနေသော နိုင်ငံခြားလဲလှယ်ငွေကို ဖြည့်တင်းရန်သာ ကြံစည်အားထုတ်နေကြလေသည်။ ရှမ်းပြည်နယ်တွင် စက်မှုလုပ်ငန်းများ ထွန်းကားလာ၍ ရှမ်းလူထုတိုးတက်ကြီးပွါးလာမည်ကို ကြောက်ရွံ့စိုးရိမ်နေကြလေသလောဟု တွေးတောရန်ပင် ဖြစ်ပေသည်။

## ဗမာနယ်ချဲ့စံနစ် ရှိသလော

"ဗမာနယ်ချဲ့စံနစ်"ဟူသော အယူဝါဒရေးနှင့်ပတ်သက်၍ ဆက်လက်ဝေဖန်သုံးသပ်ရန် လိုအပ်လာပေသည်။

ယနေ့ ဗမာနယ်ချဲ့စံနစ်သည် ရှိနိုင်သလော? မာ့က္ခ–လီနင်ဝါဒသဘောတရားအရဆိုလျှင် ဗမာနယ်ချဲ့စံနစ်သည် မရှိနိုင်သေးပေ။

"နယ်ချဲ့စံနစ်"ဆိုသည်မှာ အရင်းရှင်စံနစ်၏အမြင့်ဆုံးအဆင့်ဖြစ်သော "လက်ဝါးကြီးအုပ်အရင်းရှင်စံနစ်"ဖြစ်သည်ဟု လီနင်က ဆိုထားသည်။

လီနင်ရေးသော"နယ်ချဲ့စံနစ်အရင်းရှင်စံနစ်၏ အမြင့်ဆုံးအဆင့်"ကျမ်းတွင် နယ်ချဲ့

စံနစ်၏ စီးပွါးရေးအသွင်ငါးရပ်ကို ဖေါ်ပြထားသည်။

(၁) ထုတ်ကုန်နှင့်အရင်းသည် ကြီးမားစွာ စုပုံလာကာ လက်ဝါးကြီးအုပ်အရှင်းရှင်များအဖြစ်ဖြင့် တိုင်းပြည်စီးပွါးရေးလောကထဲသို့ ဝင်ရောက်ချယ်လှယ်လာသည်။

(၂) ဘဏ်အရင်းနှင့်စက်မှုလုပ်ငန်းအရင်းသည် ပူးပေါင်း၍ ဘဏ္ဍာရင်းရှင်ကြီးများအဖြစ်ဖြင့် တိုင်းပြည်ကို အုပ်ချုပ်လာကြသည်။

(၃) နိုင်ငံခြားသို့ ကုန်စည်ထုတ်ပို့ခြင်းမှ ခြားနား၍ အရင်းအနှီးပို့ခြင်းသည် အလွန်အရေးကြီးလာသည်။

(၄) အရင်းရှင်ကြီးများသည် နိုင်ငံတကာ လက်ဝါးကြီးအုပ်အရင်းရှင်ကြီးများအဖွဲ့ ဖွဲ့စည်းကာ ကမ္ဘာကြီးအား မိမိအချင်းချင်း ခွဲဝေကြသည်။

(၅) အရင်းရှင်နိုင်ငံကြီးများ အချင်းချင်း ကမ္ဘာ့တဝှမ်းလုံးအား ဒေသအလိုက် ခွဲဝေပြီးဖြစ်သည်။

အထက်ပါ နယ်ချဲ့စံနစ်၏ စီးပွါးရေးအသွင်ငါးရပ်နှင့်စစ်ဆေးကြည့်လျှင် ဗမာနယ်ချဲ့စံနစ်သည် ယခုအခါ မပေါ်ပေါက်သေးပေ။ ဗမာအရင်းအနှီးများသည် လက်ဝါးကြီးအုပ်အရင်းအနှီးအဖြစ်သို့ ရောက်ဘို့ဝေးသေးစွ။ ယနေ့အစိုးရ၏ မမှန်ကန်သော စီးပွါးရေးဝါဒကြောင့် တိုင်းရင်းသားအရင်းအနှီးများသည် နိုင်ငံခြားအရင်းအနှီး၏ ဖိနှိပ်မှုအောက်တွင် အလူးအလိမ့်ခံနေရပေသည်။

"ဗမာနယ်ချဲ့စံနစ် မရှိသေး"ဟုဆိုသော်လည်း "ဗမာလူမျိုးကြီးဝါဒ"သည် ယနေ့မရှိဟု ဆိုနိုင်ရန် ခဲယဉ်းပေသည်။

## ဗမာလူမျိုးကြီးဝါဒ

"ဗမာလူမျိုးကြီးဝါဒ"သည် ရာဇဝင်တလျှောက်လုံးတွင် ပေါ်ပေါက်ခဲ့ပြီး ယနေ့ပြည်ထောင်စုတွင် ဗမာလူမျိုးကြီးဝါဒအရိပ်အရောင်သည် ရှိနေပေသည်။

ယနေ့ ဖဆပလအစိုးရ၏ သဘောထားသည် ဗမာနယ်ချဲ့စံနစ်သဘောမျိုး မဟုတ်လင့်ကစား ရှမ်းပြည်နယ်အား သူတို့၏ "ပဏ္ဏာဆက်နိုင်ငံ"အဖြစ် ထားလိုရန် ဆန္ဒရှိဟန်တူပေသည်။ "ရှမ်းပြည်သူလူထုကြီး ဘယ်လိုနေနေ တို့အစိုးရ တည်မြဲရေးအတွက် ထောက်ခံလျှင်ပြီးရော"ဟူသောသဘောထားသည် ဖဆပလအမျိုးသားစည်းလုံးညီညွတ်ရေး၏ အခြေခံသဘောထားပင်ဖြစ်လေသည်။

ထို့ကြောင့်(ဖဆပလ)သည် ယနေ့ရှမ်းပြည်နယ်တွင် ပဒေသရာဇ်စော်ဘွားအုပ်ချုပ်ရေးစံနစ်ကို တဘက်က ထိန်းသိမ်းပေးပြီး "ပဏ္ဏာဆက်နိုင်ငံ"ခိုင်မြဲရေးအတွက် အခြားတဘက်က နိုင်ငံရေးစွက်ဖက်မှုကို လုပ်နေလေသည်။

ဗမာလူမျိုးကြီးဝါဒသည်(ဖဆပလ)အတွင်း၌ရှိသလော၊ "မပြေးသော်ကန်ရာရှိ"ဆိုသကဲ့သို့ ဗမာလူမျိုးကြီးဝါဒ အရိပ်အရောင်သည် ရှိနေပေသည်။

E-book is created by *shanyoma*

ဖဆပလ၏ "ရှစ်နှစ်-ပြည်တော်သာစီမံကိန်း" ကို စာရေးသူသည် မူအားဖြင့် လက်ခံပါသည်။ သို့သော် စီမံကိန်းကို လေ့လာလျှင် စီမံကိန်း၏ အဓိကသုံးငွေမှာ ဗမာပြည်မအတွက်ဖြစ်ပေသည်။ စက်မှုလုပ်ငန်းကြီးများကိုလည်း ဗမာပြည်မမှာပင် တည်ထောင်ကြပေမည်။ ရှမ်းပြည်နယ်တွင် စက်မှုလုပ်ငန်းကြီးများဖြစ်ထွန်းရန် အခြေခံများရှိသော်လည်း ထိုပြည်တော်သာ စီမံကိန်းတွင် ရှမ်းပြည်နယ်အတွက် မပါသေးပေ။

ပညာရေးတွင် ကြည့်ပါဦး၊ ရှမ်းပြည်နယ်အတွက် ကောလိပ်ကျောင်းတကျောင်းပေးရန် တောင်းဆိုခဲ့သည်။ မပေးနိုင်သေးဘူးဟု ဖြေဆိုခဲ့သည်။ ကချင်ပြည်နယ်အတွက် တကျောင်း တောင်းခဲ့ပြန်သည်။ မပေးနိုင်သေးဘူးဟုပင် ဖြေခဲ့သည်။

သို့ရာတွင် ကောလိပ်များ ကျောက်ဖြူတွင် တကျောင်း, မော်လမြိုင်တွင် တကျောင်း, ပုသိမ်တွင် တကျောင်း, မကွေးတွင် တကျောင်းတော့ ဖြစ်မြောက်အောင် တည်ထောင်ပေးနိုင်ခဲ့သည်။

ယင်းတို့သည် လူမျိုးကြီးဝါဒအရိပ်အရောင်များ မဟုတ်ပါသလော? သို့သော် ဤအရိပ်အရောင်များသည် လူမျိုးကြီးဝါဒလော၊ ပါလီမန်မဲရရေးလောဟူသော ဝိဝါဒအတွက် ရှေ့ဆက်အငြင်းပွါးလိုက ပွါးနိုင်ပါသည်။

## နိုင်ငံရေးစွက်ဖက်မှုများ

ယနေ့ရှမ်းပြည်နယ်တွင် ဖဆပလနှင့်ဆိုရှယ်လစ်ပါတီသည် ပြောင်ဖြစ်စေ, လျှို့ဝှက်၍ဖြစ်စေ, နိုင်ငံရေးစွက်ဖက်မှုများ လုပ်နေသည်မှာ ငြင်းကွယ်၍မရပေ။

ဖဆပလနှင့်ဆိုရှယ်လစ်ပါတီခေါင်းဆောင်များသည် နိုင်ငံရေးစွက်ဖက်မည့်အစား ရှမ်းပြည်နယ်တွင် ဆိုရှယ်လစ်ပါတီနှင့်ဖဆပလအဖွဲ့များကို ပြောင်ထူထောင်သင့်ပေသည်။ ယင်းသို့ပြောင်ထူထောင်ပါလျှင် ၎င်းတို့၏ လုပ်ဆောင်မှုများကို ရှမ်းလူထုက စွက်ဖက်မှုဟူ၍မမြင်၊ ဖဆပလနှင့်ဆိုရှယ်လစ်ပါတီတို့၏ နိုင်ငံရေးလုပ်ငန်းဟူ၍သာ မြင်ကြပေမည်။ ဖဆပလနှင့်ဆိုရှယ်လစ်ပါတီတို့မှာ ဗမာချည်း သီးသန့်အဖွဲ့အစည်းများ မဟုတ်ကြသဖြင့် ရှမ်းပြည်နယ်တွင် ပြောင်ထူထောင်ပါက အောင်မြင်သင့်သလောက် အောင်မြင်ပေလိမ့်မည်။

သို့ရာတွင် ဆိုရှယ်လစ်ခေါင်းဆောင်များသည် ဖဆပလနှင့်ဆိုရှယ်လစ်ပါတီတို့အား ရှမ်းလူထုက ဗမာအဖွဲ့အစည်းအနေနှင့်မြင်ကာ လူမျိုးရေးဂယက်ပေါ်ပေါက်လာမည်ကို စိုးရိမ်၍ အရေခြုံအမျိုးမျိုးဖြင့် ရှမ်းပြည်နိုင်ငံရေးအတွင်း ဝင်ရောက်လာကြလေသည်။ ယင်းသို့ အရေခြုံအမျိုးမျိုးဖြင့် ဝင်ရောက်ခြင်းသည်ပင် လူမျိုးရေးဂယက်ကို ပိုမို၍ ရိုက်ခတ်စေပြီး ကျဉ်းမြောင်းသော လူမျိုးရေးစိတ်ဓာတ်ကို ပိုမိုပေါက်ဖွားစေခဲ့လေသည်။

စေတနာအရင်းခံ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ ၁၉၅၂-ခု၊ ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေးသည် နိုင်ငံရေးစွက်ဖက်မှုကြီးပင်ဖြစ်ပေသည်။ စစ်အုပ်ချုပ်ရေးကာလ၏ ဆောင်ရွက်

E-book is created by *shanyoma*

ချက်များသည် တဘက်သတ်ကျပြီး တာဝန်ခံများ၏ မကျွမ်းကျင် မလိမ္မာမှုကြောင့် ရှမ်းပြည်နယ် ကောင်းကျိုးအတွက် ဘာတကွက်မှ အရာမထင်၊ လူထုကလည်း မုန်း စော်ဘွားကလည်း မုန်း နောက်ဆုံးတွင် အရှုံးနှင့်ရှုတ်သိမ်းခဲ့ရပေသည်။ စစ်အုပ်ချုပ်ရေးကာလအတွင်း စစ်စုံစမ်းထောက်လှမ်းရေးဌာနတာဝန်ခံများ၏ ခြေရှုပ်မှု ခလောက်ဆံမှုကို ပြည်သူလူထုသည် အော့နှလုံးနာမဆုံး ဖြစ်ခဲ့သည်။

ဆိုရှယ်လစ်ခေါင်းဆောင်များသည် ရှမ်းပြည်လူထု၏ ဘဝနှင့်ကင်းဝေးသော "အဖွဲ့ချုပ်" လမ်းစဉ်ကို ရေးဆွဲ၍ (တ–စ–ည–ဖ)နှင့်(ပ–လ–ရ)အား ပူးပေါင်းစေခဲ့သည်မှာလည်း နိုင်ငံရေး စွက်ဖက်မှုကြီးပင် ဖြစ်ပေသည်။ ၎င်း"အဖွဲ့ချုပ်"မှာ ဖဆပလ၏ "ရှေ့ပြေးရုပ်ဖျောက်အဖွဲ့ချုပ်" ပင်ဖြစ်ပေသည်။ "အဖွဲ့ချုပ်"လမ်းစဉ်ကို ရှမ်းပြည်သူလူထုက လက်ခံစေရန် အဓမ္မကြိုးပမ်းခဲ့ကြသည်။ လက်မခံနိုင်သည့်အစိတ်အပိုင်းကို နှိပ်ကွပ်ခဲ့သည်။

"အဖွဲ့ချုပ်"လမ်းစဉ်မှာလည်း စစ်အုပ်ချုပ်ရေးကဲ့သို့ပင် ရည်မှန်းချက်များ မအောင်မြင် လူထုအော့နှလုံးနာမှုသာ အဖတ်တင်ခဲ့လေသည်။

နိုင်ငံရေးစွက်ဖက်မှုအတွက် တပ်မတော်၏ အစိတ်အပိုင်းအချို့ကို လက်ကိုင်ဒုတ်ပြုခြင်းသည် သာလွန်၍ မသင့်မြတ်ပေ။

တပ်မတော်အား နိုင်ငံတော်၏ အချုပ်အချာအာဏာကို ကျူးကျော်စော်ကားလာသူများအား တွန်းလှန်တိုက်ထုတ်ရန်နှင့်ပြည်သူတို့၏ အသက်အိုးအိမ်နှင့်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဟူသော မွန်မြတ်သောရည်ရွယ်ချက်နှင့်ဖွဲ့စည်းထားလေသည်။

တပ်မတော်သည် ရှမ်းပြည်နယ်မြေ၏ အရှေ့ပိုင်းတခြမ်းလုံးကို ဝင်ရောက်ကျူးကျော်စော်ကားလာသော တရုပ်ဖြူတပ်များကို စွမ်းစွမ်းတမံ မောင်းနှင်တိုက်ထုတ်ခဲ့သည်။ ရှမ်းလူထုကြီးသည် တပ်မတော်အား ချီးလည်း ချီးကျူးခဲ့သည်။ ကျေးဇူးဥပကာရလည်း အထူးတင်ခဲ့သည်။ တရုပ်ဖြူတပ်ကြွင်းများ တယောက်မကျန် ရှမ်းပြည်နယ်မြေမှ တိုက်ထုတ်ပေးဘို့ တပ်မတော်အပေါ် အားထားမျှော်ကိုးလျက်ပင် ရှိလေသည်။

တရုပ်ဖြူတပ်များ နှစ်လအတော်ကြာ အခြေစိုက် ကျူးကျော်ခဲ့သောမိုင်းတုံ မိုင်းဟန် မိုင်းဆပ်ဒေသတို့တွင် ရှမ်းလူထုတိုးတက်ရေး သက်သာချောင်ချိရေး, ပညာရေးတို့အတွက် တပ်မတော်မှ ကိုယ်ကျိုးမပါ ဆောင်ရွက်ပေးချက်များကို ရှမ်းပြည်လူထုကြီး တရပ်လုံးက ချီးကျူးကြသည် ကျေးဇူးတင်ကြသည်။

တပ်မတော်အား ပြည်သူ့တပ်မတော်အဖြစ်သို့ ရောက်ရန် ကြိုးစားသည့်အပိုင်းက ကြိုးစားနေကြသည်။ တပ်မတော်သားများအား "ကုန်လုပ်စွမ်းအားမဲ့ဘဝ"မှ ကုန်လုပ်စွမ်းအားရှိ "ပြည်သူ့တပ်မတော်သားများ" ဖြစ်လာစေရန် တပ်မတော် စိုက်ပျိုးရေးစီမံကိန်း, တပ်မတော်ကျွဲနွားတိရစ္ဆာန်မွေးမြူရေးစီမံကိန်း, တပ်မတော်စက်မှုလုပ်ငန်းစသည်တို့ကို စီမံစိုင်းပြင်းနေသည်ဟု သိရပေသည်။ ယင်းစီမံကိန်းများသာ အကောင်အထည်ပေါ်လာလျှင် ကုန်လုပ်စွမ်းအားမဲ့

E-book is created by *shanyoma*

တပ်မတော်သည် ကိုယ့်ကိုယ်ဖူလုံသော တပ်မတော်ဖြစ်လာပေလိမ့်မည်။

တရုပ်ဖြူ ကျူးကျော်ရေးသမားများအား မောင်းထုတ်ခဲ့၍၎င်း၊ လူထုပြုပြင်ရေးလုပ်ငန်းဆောင်ရွက်ပေး၍၎င်း၊ တပ်မတော်၏ ဂုဏ်သတင်းများ မွှေးကြိုင်ခဲ့သလောက် ရှမ်းပြည်နယ်အချို့ဒေသတို့တွင် တပ်မတော်"အမြောင်"တို့က တပ်မတော်ကို အသုံးပြုကာ နိုင်ငံရေးလုပ်နေကြ၍ တပ်မတော်ကို မုန်းနေကြသည်။ "ဗမာတပ်""ဗမာစစ်သား"ဟူသော အသုံးအနှုန်းသည် မေးငေါ့မုန်းတီးသော အသုံးအနှုန်းဖြစ်လာသည်။

ဆင်ဖြူတော်မှီ၍ ကြံစုပ်နေကြသောတပ်မတော်"အမြောင်"တို့ အချို့ဒေသတို့တွင် လာမည့်ရွေးကောက်ပွဲအတွက် တပ်မတော်၏ အမည်ကို ရောင်းစား၍ အမြတ်ထုတ်နေကြသည်။

အထက်ဖေါ်ပြပါ နိုင်ငံရေးစွက်ဖက်မှုများကြောင့် "ဗမာနယ်ချဲ့စံနစ်"ဟူသောအယူဝါဒတခုပင် ပေါ်လာခဲ့လေသည်။

ဖဆပလဆိုရှယ်လစ်ခေါင်းဆောင်များသည် ယင်းအကြောင်းတရားများကို ရှေ့အရေးတွေးမြင်ကာ အချိန်မီ ပြုပြင်ပြောင်းလဲခြင်းမပြုပါက မဝေးလှသော အနာဂတ်ကာလတွင် အကျိုးတရားသည် ရှမ်း–ဗမာဆက်ဆံရေးအတွက် ကြီးမားစွာ အန္တရာယ်ပြုလာလိမ့်မည်မှာ မလွဲပေတည်း။

စော်ဘွားများသည် တဘက်တွင် ဆိုရှယ်လစ်ခေါင်းဆောင်များနှင့်သပွါယသင့်အောင် ပေါင်းဖက်နေပြီး အခြားတဘက်တွင် ရှမ်းလူထုအား အစွမ်းကုန် ဖိနှိပ်သွေးစုပ်နေသည်။ (တ, စ, ည, ဗ)သည် ရှမ်းပြည်အား "ပြည်တော်သာဆိုရှယ်လစ်"လမ်းစဉ်အရ ထူထောင်မည်ဟူ၍၎င်း၊ ကြွေးကြော်ပြီး တခြားတဘက်တွင် ပဒေသရာဇ်သွေးစုပ်မှုစံနစ်တည်မြဲရေးအတွက် ထိန်းသိမ်းရန် ကြိုးပမ်းနေကြလေသည်။

စော်ဘွားများသည် မိမိတို့၏ အိတ်ထောင့်ထဲ ရောက်နေကြသည်ဟု ဆိုရှယ်လစ်ခေါင်းဆောင်များက ယူဆနေသော်လည်း အမှန်မှာ ဆိုရှယ်လစ်ခေါင်းဆောင်များသာ ပဒေသရာဇ်တို့၏ အိတ်ထောင့်ထဲသို့ ရောက်နေပေသည်။

"ပြည်တော်သာ ပဒေသရာဇ် ဆိုရှယ်လစ်ရှမ်းပြည်"ဟူသောအမည်နာမသည် ယနေ့ရှမ်းပြည်နိုင်ငံရေးသရုပ်အတွက် အမှန်ဆီလျော်သော အမည်နာမပင် ဖြစ်ပေသည်။

♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦ ♦

E-book is created by *shanyoma*

# အခန်း(၄)
# ရှမ်းပြည်–တော်လှန်ရေး

ရှမ်းပြည်သူလူထုသည် အရင်းရှင်နယ်ချဲ့သမားများအား ၃–ကြိမ်တိုင်တိုင် တိုက်ပွဲဆင်နွှဲခဲ့သည်။ ၁၈၈၆–ခု၊ ဗြိတိသျှနယ်ချဲ့သမားများက ရှမ်းပြည်ဒေသအား လာရောက်သိမ်းပိုက်စဉ် ရှမ်းမျိုးချစ်များသည် ဗမာမျိုးချစ်များနှင့်ပူးပေါင်းကာ နယ်ချဲ့သမားအား ခုခံတွန်းလှန်ခဲ့လေသည်။ ၁၉၄၅–ခုတွင် ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်ဂျပန်များအား ဗမာပြည်သူတရပ်လုံးနှင့်လက်တွဲကာ တော်လှန်ခဲ့သည်။ ၁၉၄၅–ခုမှ ၁၉၄၇–ခုအထိ ဗမာလူထုနှင့်ပူးပေါင်းကာ ဗြိတိသျှနယ်ချဲ့အုပ်စိုးမှုအောက်မှ ရုန်းထွက်ခဲ့သည်။

ယနေ့ရှမ်းပြည်နယ်၏ ကုန်ထုတ်လုပ်မှုစံနစ်မှာ ကိုလိုနီပဒေသရာဇ် စံနစ်ပင်ဖြစ်နေသေးကြောင်း, ရှမ်းပြည်နယ်လူ့ဘောင်ဖွဲ့စည်းပုံမှာ အခြေခံအားဖြင့် ပဒေသရာဇ်လူ့ဘောင်ပင် ဖြစ်ကြောင်း, ဗမာလူမျိုးကြီးဝါဒအရိပ်အရောင်များရှိနေကြောင်း, ကိုလိုနီဘဝမှ လွတ်မြောက်ခဲ့သော်လည်း အရင်းရှင်နယ်ချဲ့စံနစ်၏ အန္တရာယ်များရှိနေကြောင်း, အခန်း(၃)တွင် ဖေါ်ပြခဲ့ပြီးဖြစ်ပေသည်။

ယင်းသို့ဖြစ်လျှင် ယနေ့ရှမ်းပြည်တော်လှန်ရေးက ဦးတည်တိုက်ရမည့်ရန်သူများကား အဘယ်သူများ ဖြစ်သနည်း?

နယ်ချဲ့စံနစ်–ပဒေသရာဇ်စံနစ်နှင့်လူမျိုးကြီးဝါဒအရိပ်အရောင်တို့သည် ယနေ့ရှမ်းပြည်တော်လှန်ရေး၏ ရန်သူများ ဖြစ်ပေသည်။

အမေရိကန်ခေါင်းဆောင်သော အရင်းရှင်နယ်ချဲ့သမားများသည် မနုဿလူသားများအားလုံးပျက်ပြုန်းစေမည့်တတိယကမ္ဘာစစ်ကြီးဖန်တီးရေး, အာရှတိုက်သို့ဝင်ရောက်ကျူးကျော်ရေးတို့အတွက် အားထုတ်ကြိုးပမ်းလျက်ရှိသည်။ တတိယကမ္ဘာစစ်ကြီး ဖြစ်ပွါးလာလျှင် ရှမ်းပြည်နယ် အမှန်မုချ စစ်တလင်းဖြစ်ရချေမည်။ ရှမ်းပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့သည် ပျက်စီးခံရပေမည်။ အမေရိကန်လက်ကိုင်တုတ်ဖြစ်သော တရုတ်ဖြူတပ်များသည် တရုပ်ပြည်သူ့သမတနိုင်ငံအား တိုက်ခိုက်ရေးအတွက် စစ်အခြေခံစခန်းအဖြစ် ရှမ်းပြည်နယ်လုံးလို သိမ်းပိုက်ရန် ကြိုးစားပေလိမ့်မည်။

ထို့ကြောင့် ရှမ်းပြည်သူလူထုသည် နယ်ချဲ့အန္တရာယ်ဟူသမျှကို မျက်ခြေမပြတ်စောင့်ကြည့်နေရပေမည်။ နယ်ချဲ့အန္တရာယ်ဟူသမျှကို စွမ်းစွမ်းတမံ ခုခံကာကွယ်နေရပေမည်။

ပဒေသရာဇ်စံနစ်သည် ရှမ်းပြည်သူလူထုတရပ်လုံးအား ဖိနှိပ်သွေးစုပ်နေသည်သာမက ရှမ်းပြည်လူ့ဘောင်တိုးတက်ရေးအတွက် ကြီးမားသော အတားအဆီးကြီး ဖြစ်ကြောင်း ဖေါ်ပြခဲ့သည်။ နယ်ရှင်ပဒေသရာဇ်များသည် နိုင်ငံရေးအာဏာနှင့်အုပ်ချုပ်ရေးအာဏာများကို စုပေါင်းလက်ဝါးကြီးအုပ်ကာ ရှမ်းပြည်နယ်အခွန်တော်၏ ကြီးမားသောအစိတ်အပိုင်းကို မိမိတို့ကိုယ်ကျိုး

E-book is created by shanyoma

အတွက် အသုံးပြုလျက်ရှိလေသည်။ ဘုရားစေတီပုထိုးများကို ဘန်းပြကာ“သွားရည်စာဘိုး” သိမ်းသောင်းချီ၍ရရှိသော လောင်းကစားပွဲများ အများအပြားကျင်းပနေလေသည်။ တဘက်တွင် စော်ဘွားများသည် တနေ့တခြား သိမ်းပေါင်းများစွာ ချမ်းသာလာကြသလောက် အခြားတဘက်တွင် ပြည်သူလူထုသည် ငွေကြေးကြပ်တည်း မွဲတေကာ အငတ်ပြဿနာနှင့်ရင်ဆိုင်တိုးနေရပေသည်။ ပဒေသရာဇ်သွေးစုပ်မှုအပေါ် ထပ်ဆင့်၍ ကုန်စျေးနှုန်းတက်၍ နေထိုင်မှုစရိတ်ကြီးလေးလာခြင်း၏ ဒဏ်, ကမ္ဘာ့စီးပွါးရေးကပ်၏ အစွယ်အပွါးက ရိုက်ခတ်လာခြင်း၏ ဒဏ်တို့ကိုလည်း ခံနေရပေသည်။

ဗမာလူမျိုးကြီးဝါဒသည်လည်း ပဒေသရာဇ်စံနစ်ကဲ့သို့ပင် ရှမ်းပြည်သူလူထုအပေါ် ဖိနှိပ်သည်၊ ရှမ်းပြည်နယ်လူ့ဘောင်တိုးတက်ရေးအတွက် အတားအဆီးကြီးပင် ဖြစ်လေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တိုင်းပြည်အတွက် အရေးကြီးသော လုပ်ငန်းမှန်သမျှ ဗဟိုအစိုးရလက်တွင်း၌သာ ရှိလေသည်။ ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသည်ဆိုသော်လည်း ဥပဒေပြုအာဏာနှင့်အခွန်တော်ကောက်ခံမှု အာဏာများမှာ ဒေသန္တရအစိုးရအာဏာသာသာလောက်သာ ရရှိထားပေသည်။ ပြည်နယ်များ၏ အဓိကဘဏ္ဍာတော်ငွေကို ဗဟိုအစိုးရက ခွဲဝေပေးသော ပြည်နယ်ထောက်ပံ့ငွေများအပေါ် မှီခိုအားထားနေရလေသည်။ ပြည်နယ်များထောက်ပံ့ငွေ ခွဲဝေပုံစံနစ်မှာလည်း တိကျစွာ ချမှတ်ထားခြင်းမရှိ၊ ပြည်ထောင်စုအစိုးရ၏ စိတ်ဆန္ဒအရ ခွဲဝေပေးသော ဘတ်ဂျက်ဝေပုံမှ ပြည်နယ်များအကြီးအငယ်အလိုက် အချိုးကျ ပြန်လည်ခွဲဝေယူကြရသည်။ ကျားကြီးစိတ်ကောင်းပါမှ နွားကလေးတွေ ချမ်းသာရာ ရကြပေတော့မည်။ *

အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်အခါတွင် ရှမ်းပြည်ပဒေသရာဇ်နယ်မြေစုသည် ဗမာပြည်မှ ထောက်ပံ့ငွေများကို ၁၉၄၀–၄၁–နှစ်များတွင် အောက်ပါအတိုင်း ရခဲ့လေသည်။

(၁) ဆိပ်ကမ်း အကောက်တော်ခွန် စုစုပေါင်း၏ ၇–ရာခိုင်နှုန်း

(၂) သကြားဆားငွေသားနှင့်စီးကရက်များအပေါ်မှ ရရှိသောအခွန်တော် စုစုပေါင်း၏ ၇.၆ ရာခိုင်နှုန်း။

(၃) ရှမ်းပြည်သို့တင်ပို့သော ဓာတ်ဆီ ရေနံဆီ မီးခြစ်များမှ ရရှိသောအခွန်တော်အားလုံး

(၄) နမ္မတူဘော်တွင်းမိုင်းကုမ္ပဏီမှရရှိသော အမြတ်တော်ခွန်၏ ၉၉–ရာခိုင်နှုန်း

(၅) ရှမ်းပြည်အတွင်းရှိ အစိုးရအမှုထမ်းများနှင့်မီးရထားဌာနအမှုထမ်းများမှ ရရှိသောအမြတ်တော်ခွန်အားလုံး

(၆) ရှမ်းပြည်၌ ရောင်းရသော အစိုးရသိန်းထီဝင်ငွေ၏ ၄၀–ရာခိုင်နှုန်း

(၇) ရှမ်းပြည်သို့ တင်ပို့သော တိုင်းရင်းဖြစ် သေရည်သေရက်များမှရရှိသောယစ်မျိုးခွန်အားလုံး

(၈) နိုင်ငံခြားသို့တင်ပို့သော ချိပ်အပေါ်မှရရှိသော ထွက်ကုန်အကောက်တော်၏ ၉၃.၁ရာခိုင်နှုန်း

* နောက်ဆက်တွဲဇယားတွင် ကြည့်ပါ။

E-book is created by *shanyoma*

(၉) နိုင်ငံခြားသို့တင်ပို့သော ရှားအပေါ်မှ ရရှိသောထွက်ကုန်အကောက်တော်၏ ၂–ရာခိုင်နှုန်း
(၁၀) မြန်မာပြည်မီးရထားအမြတ်ငွေ၏ ၇–ရာခိုင်နှုန်း
(၁၁) မြန်မာပြည်စာတိုက် ကြေးနန်းဌာနအမြတ်ငွေ၏ ၇–ရာခိုင်နှုန်း
(၁၂) ငွေဒင်္ဂါးဌာနမှ မြန်မာပြည်အစိုးရက အိန္ဒိယအစိုးရထံမှ အမြတ်ငွေရသည့်အခါ ၅–ရာခိုင်နှုန်း။

ရှမ်းပြည်ပဒေသရာဇ်နယ်မြေစုမှ မြန်မာပြည်သို့ ၁၉၃၉–၄၀ နှင့် ၁၉၄၀–၄၁–ခုနှစ်များတွင် ပြန်လည်ပေးသွင်းရသော ငွေများ အောက်ပါအချိုးအတိုင်း ဖြစ်ပေသည်။
(၁) ဆိပ်ကမ်း အကောက်တော်ဌာန ကုန်ကျစရိတ်ငွေ စုစုပေါင်း၏ ၆.၂–ရာခိုင်နှုန်း။
(၂) ဆားသကြားနှင့်မီးခြစ်အပေါ် အကောက်တော် ကောက်ရာတွင် ကုန်ကျသောစရိတ်ငွေ၏ ၆.၂ ရာခိုင်နှုန်း။
(၃) မြန်မာပြည် မီးရထားဌာန ရှုံးငွေ၏ ၇–ရာခိုင်နှုန်း။
(၄) စာတိုက်ကြေးနန်းဌာန ရှုံးငွေ၏ ၇–ရာခိုင်နှုန်း။
(၅) မီးရထားစာတိုက်ကြေးနန်းအတွက် မြန်မာပြည်က အိန္ဒိယသို့ပေးဆပ်ရသော အကြွေးငွေ၏ ၇–ရာခိုင်နှုန်း
(၆) အိန္ဒိယပြည်သို့ မြန်မာပြည်က ပေးဆပ်ရသော အကြွေးငွေ၏ ၆.၈ ရာခိုင်နှုန်း။
(၇) သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကုန်ကျစရိတ်ကို လူဦးရေ အချိုးအတိုင်း ရာခိုင်နှုန်း။
(၈) ငွေဒင်္ဂါးသွန်းလုပ်ရေး၌ အိန္ဒိယအစိုးသို့ မြန်မာပြည်အစိုးရက ပေးရသောငွေ၏ ၅–ရာခိုင်နှုန်း။
(၉) ပင်စင်လစာငွေများအတွက် အိန္ဒိယအစိုးရသို့ မြန်မာပြည်အစိုးရက ပေးသွင်းရသော ငွေ၏ ၆.၇ ရာခိုင်နှုန်း။
(၁၀) ကာကွယ်ရေးဌာနနှင့်ခရစ်ယာန်ဘာသာရေးဌာန ကုန်ကျစရိတ်ငွေ၏ ၆.၈ ရာခိုင်နှုန်း။
(၁၁) မြန်မာပြည်အစိုးရ၏နိုင်ငံခြားရေးရာကိစ္စအတွက် ကုန်ကျငွေ၏ ၆.၈ ရာခိုင်နှုန်း။

အထက်ပါ နှုန်းချိုးအတိုင်း ၁၉၄၀–၄၁–ခုနှစ်တွင် ရှမ်းပြည်နှင့်ဗမာပြည် အပြန်အလှန်ပေးသွင်းငွေမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| မြန်မာပြည်က ရှမ်းပြည်သို့ ငွေ | ၅၈,၈၁,၀၀၀ိ |
| ရှမ်းပြည်က မြန်မာပြည်သို့ ငွေ | ၂၃,၈၂,၀၀၀ိ |
| | ၃၅,၀၆,၀၀၀ိ |

(ဦးအုန်းမြင့်ရေး – တို့ရှမ်းပြည်စာအုပ်မှ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို လုံးလုံးမကောင်းဟု မဆိုလိုပေ။ ဗမာလူမျိုးကြီးဝါဒ လုံ၀ကင်းစင်သော ဗဟိုအစိုးရလက်အောက်တွင် အဆိုပါ

E-book is created by shanyoma

အခြေခံဥပဒေအရပင် ပြည်နယ်များ ကြီးပွါးတိုးတက်နိုင်ပါသည်။ ပြည်နယ်များအတွင်း ကောက်ခံရရှိသော အခွန်တော်ငွေများနှင့်ဗဟိုအစိုးရ၏ထောက်ပံ့ငွေများအပေါ်တွင်သာ အမှီပြု၍ ပြည်နယ်ကြီးပွါးတိုးတက်ရမည်ဆိုလျှင် ပြည်နယ်များ ဘယ်သောအခါမှ ကြီးပွါးတိုးတက်လာတော့မည် မဟုတ်ပေ။

ပြည်နယ်ဒေသအသီးသီး၌ တည်ရှိသော သဘာဝထုတ်ကုန်ပစ္စည်းများပေါ် အခြေတည်၍ ငွေလုံးငွေရင်း သုံးစွဲငွေများဖြင့် စီးပွားရေးလုပ်ငန်းကြီးများ တည်ထောင်ခြင်း, ကောလိပ်ကျောင်း, အထက်တန်းစက်မှုပညာသင်ကျောင်းများ တည်ထောင်ပေးခြင်းဖြင့်သာ ပြည်နယ်များ ကြီးပွါးတိုးတက်လာပေလိမ့်မည်။ ယင်းလုပ်ငန်းများမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဗဟိုအစိုးရက ဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပေသည်။

ထို့ကြောင့် အောက်ကျနောက်ကျ ဖြစ်နေသော ရှမ်းပြည်သူလူထု၏နိုင်ငံရေး, စီးပွါးရေး, ယဉ်ကျေးမှုအဆင့်အတန်းတိုးတက်ကြီးပွါးရေးအတွက် နယ်ချဲ့ပဒေသရာဇ်နှင့်လူမျိုးကြီးဝါဒအရိပ်အရောင်များ လုံးဝကင်းစင်အောင် ဖြိုဖျက်ကြမည်သာ ဖြစ်ပေသတည်း။




E-book is created by shanyoma

## အခန်း(၅)
## ရှမ်းပြည်နယ်တော်လှန်ရေး၏ လုပ်ငန်းများ

နယ်ချဲ့ – ပဒေသရာဇ်နှင့်လူမျိုးကြီးဝါဒသည် ယနေ့ရှမ်းပြည်နယ် တော်လှန်ရေး၏ဦး တည်တိုက်ရမည့်ရန်သူများအဖြစ် တွေ့မြင်ရလျှင် ၎င်းတို့အား တိုက်ဖျက်ရန် အဘယ်လုပ်ငန်း များ လုပ်ဆောင်ကြရမည်နည်း။

နယ်ချဲ့အန္တရာယ်ကို ရှမ်းတမျိုးသားလုံးသာမက ဗမာတမျိုးသားလုံးနှင့်ပူးတွဲကာ စုရုံး ကာကွယ်ကြရမည်ဖြစ်ပေသည်။

(၁) ကြွင်းကျန်ရစ်နေသေးသော တရုပ်ဖြူများအား တယောက်မကျန် တိုက်ထုတ်ပစ်ရမည်။

(၂) တတိယကမ္ဘာစစ်မီးကြီး မတောက်ပွါးလာနိုင်စေရန် တားဆီးကြရမည်။

(၃) ကမ္ဘာ့ကြီးငြိမ်းချမ်းရေးကို မရမနေ ကာကွယ်ထိန်းသိမ်းရန် ကမ္ဘာ့ပြည်သူလူထုနှင့်ပူးပေါင်း ၍ ဆောင်ရွက်ကြရပေမည်။

ပဒေသရာဇ်စံနစ် ဖျက်သိမ်းရေးနှင့်ပတ်သက်၍ အချို့က စော်ဘွားများ အာဏာစွန့် လွှတ်ရေး အကောင်အထည်ပေါ်လျှင် ပြီးဆုံးပြီဟု ယူဆနေကြသည်။ စော်ဘွားများ အုပ်ချုပ်မှု အာဏာစွန့်သည်ဆိုရုံမျှဖြင့် ပဒေသရာဇ်စံနစ်ကြီး ပျက်စီးမသွားပေ။ နှစ်ပေါင်းနှစ်ထောင်ခန့် ရှမ်း ပြည်လူ့ဘောင်တွင် အမြစ်တွယ်လာသော ပဒေသရာဇ်နိုင်ငံရေး၊ ပဒေသရာဇ်စီးပွါးရေး ယဉ်ကျေး မှုများကို အမြစ်ကစ၍ ဖြိုဖျက်ပစ်ရမည်ဖြစ်ပေသည်။

### ဒီမိုကရေစီနိုင်ငံရေး

ပဒေသရာဇ်နိုင်ငံရေးကို ဖြိုဖျက်၍ ဒီမိုကရေစီနိုင်ငံရေး တည်ဆောက်ရန် အောက်ပါ လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(၁) ပြည်သူ့လွှတ်လပ်ခွင့် အခြေခံဒီမိုကရေစီ အခွင့်အရေးများ ပြည့်ဝစွာ ခံစားခွင့်ရရှိရေး။

(၂) ဖိနှိပ်ချုပ်ချယ်မှုဥပဒေများ ရုပ်သိမ်းရေး။

(၃) နိုင်ငံရေး အကျဉ်းသမားများအားလုံး ခြွင်းချက်မရှိ လွှတ်ပစ်ရေး။

(၄) မတရား အသင်းအဖြစ် ကျေညာထားသော အသင်းအဖွဲ့များအား တရားဝင်အသင်းအဖြစ် ကျေညာရေး။

(၅) ပဒေသရာဇ်မြို့ရိုကရက်အုပ်ချုပ်ရေးယန္တရားများကို ဖျက်သိမ်း၍ ဒေသန္တရကောင်စီအဆင့် ဆင့်ဖြင့် အုပ်ချုပ်သော ဒီမိုကရေစီအုပ်ချုပ်ရေးစံနစ်တည်ထောင်ရေး။

(၆) လူမျိုးစုလွှတ်တော်သို့ စော်ဘွား ၂၅–ဦး ရွေးကောက်ပွဲ မဝင်ဘဲ တက်ရောက်နေခြင်းကို ရပ် စဲစေရေး။

(၇) လူမျိုးစုများ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိခံစားစေရေး။

E-book is created by *shanyoma*

(၈) ပြည်တွင်းစစ် ရပ်စဲရေး။

## ပြည်သူ့စီးပွါးရေး

ပဒေသရာဇ်စီးပွါးရေးကို ဖျက်သိမ်း၍ ပြည်သူ့စီးပွါးရေးတည်ထောင်ရာတွင်–

(၁) ပဒေသရာဇ်နယ်ရှင်များနှင့်အခြားမြေရှင်ကြီးများ ပိုင်ဆိုင်သောလယ်ယာခြံမြေများကို "လယ်ယာလုပ်သူ လယ်ယာပိုင်ရေး" စံနစ်အရ ခြံယာလယ်သမားများသို့ ခွဲဝေပေးရမည်။

(၂) ခြံယာလယ်သမားများအပေါ် မတရားတင်ရှိသော ကြွေးမြီများ လျှော်ပစ်ရမည်။

(၃) အတိုးကြီးစားစံနစ် ဖျက်သိမ်းပစ်ရမည်။

(၄) သဿမေဓအခွန်ကို လုံးဝဖျက်သိမ်းရမည်။

(၅) မြေခွန်–ခြံခွန် ယာခွန် လယ်ခွန်များ လျှော့ပေါ့ရမည်။

(၆) ခေတ်မမီသော စိုက်ပျိုးရေးစံနစ်အစား ခေတ်မီလောကဓာတ်နည်း စက်ယန္တရားနည်းဖြင့် ထွန်ယက်စိုက်ပျိုးရေးစံနစ်ကို တီထွင်အားပေးရမည်။

(၇) ရှမ်းပြည်တဝှမ်းလုံးရှိ သဘာဝထွက်ကုန်ပစ္စည်းများကို ထုတ်လုပ်ရမည်။

(၈) ရှမ်းပြည်နယ်တွင် ပင်မအရင်းခံစက်မှုလုပ်ငန်းကြီးများနှင့်နေ့စဉ်သုံးကုန်စက်မှုလုပ်ငန်းများ သဘာဝပစ္စည်းရှိသော ဒေသအလိုက်တည်ထောင်ပေးရန် ဗဟိုအစိုးရသို့ အရေးဆိုရမည်။ ရှမ်းပြည်နယ်အတွက် စက်မှုလက်မှုလုပ်ငန်းထွန်းကားရေး စီမံကိန်းသီးခြားရေးဆွဲစေ၍ လိုအပ်သော ငွေရင်းစက်ကိရိယာနှင့်ပညာရှင်များ အကူအညီကို နိုင်ငံခြားမှ နိုင်ငံရေးအနှောင်အဖွဲ့ကင်းသော အကူအညီများ ရယူစေရန် ဗဟိုအစိုးရသို့အရေးဆိုရမည်။

(၉) ခေတ်မီလမ်းပန်းဆက်သွယ်ရေး တိုးချဲ့ရမည်။ (မီးရထားလမ်း မော်တော်ကား စာတိုက်ကြေးနန်း တယ်လီဖုန်း)

## ယဉ်ကျေးမှု

အောက်ပါလုပ်ငန်းများအရသာလျှင် ပဒေသရာဇ် ယဉ်ကျေးမှုကို အမြစ်ကပါ သုတ်သင်ဖြိုဖျက်နိုင်ပေမည်။

(၁) စာမတတ်သူ ပပျောက်ရေး။

(၂) ကျေးရွာတိုင်း မူလတန်းကျောင်းရှိရေး။

(၃) အလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများ တိုးချဲ့ရေး။

(၄) တက္ကသိုလ်နှင့်အထက်တန်း စက်မှုပညာကျောင်းများ တည်ထောင်ရေး။

(၅) လူမျိုးအသီးသီး၏ ဘာသာစာပေ တိုးတက်ပြန့်ပွားရေး။

(၆) လောင်းကစားပွဲများ ဖျက်သိမ်းရေး။

(၇) စုန်းကဝေ တစ္ဆေ မန္တရား အင်းအိုင် မှင်ကြောင် လက်ဖွဲ့ အယူဝါဒအစွဲများကို (အစိုးရအာ

E-book is created by shanyoma

ဏာသုံးခြင်း အကြပ်ကိုင်ခြင်း မပြုဘဲ ပညာပေးခြင်း အနူးအညွတ် သိမ်းသွင်းခြင်းဖြင့်)ပပျောက်စေရေး။

## ဗမာလူမျိုးကြီးဝါဒတားဆီးရေး

ဗမာလူမျိုးကြီးဝါဒကို တားဆီးရာတွင် ကျွမ်းကျင်မှုမရှိလျှင် "ဗမာအလိုမရှိ""ရှမ်းမှတို့ရှမ်း"ဟူသော ကျဉ်းမြောင်းသောလူမျိုးရေးတရားများ ဝင်ရောက်လာတတ်ပေသည်။ ကျဉ်းမြောင်းသောလူမျိုးရေးသဘောတရားသည် အဓိကရုဏ်းကို ဖြစ်စေတတ်သည်။ လူမျိုးရေးစိတ်နာလျှင် တော်တော်နှင့်ကုမရ။

ဗမာလူထုသည် ရှမ်းလူထု၏ရန်သူမဟုတ်ပေ။ ဗမာလူမျိုးကြီးဝါဒ အရိပ်အရောင်များသာ ရှမ်းလူထု၏ရန်သူများဖြစ်ပေသည်။ လူမျိုးကြီးအရိပ်အရောင်များကို ပွင့်လင်းစွာ ဖေါ်ထုတ်၍ အရေးဆိုကြရမည်သာဖြစ်ပေသည်။

➤ ➤ ➤ ➤ ➤ ➤ ➤

E-book is created by ***shanyoma***

# အခန်း(၆)
# ရှမ်းပြည်နယ်တော်လှန်ရေး အင်အားစုများ

ရှမ်းပြည်နယ် လူ့ဘောင်တွင် လူတန်းစား(၅)ရပ်တည်ရှိနေပေသည်။
(၁) ပဒေသရာဇ်လူတန်းစား။
(၂) ဓနရှင်လူတန်းစား။
(၃) လူလတ်တန်းစား။
(၄) တောင်သူလယ်သမားလူတန်းစား။
(၅) ပစ္စည်းမဲ့အလုပ်သမားလူတန်းစား။

၎င်းလူတန်းစား (၅)ရပ်အနက် မည်သည့်လူတန်းစားသည် ရှမ်းပြည်တော်လှန်ရေးကို အကျိုးပြုသည် အကျိုးယုတ်စေသည် စသည်တို့ကို အကြမ်းအားဖြင့် ဆန်းစစ်ကြည့်ကြစို့။

## (၁) ပဒေသရာဇ်လူတန်းစား

ဤလူတန်းစားတွင် ပဒေသရာဇ်နယ်ရှင်ပယ်ရှင်များအားလုံးနှင့်လယ်ယာခြံပိုင်ရှင်ကြီးများ ပါဝင်လေသည်။

ပဒေသရာဇ်နယ်ရှင်များတွင် နယ်ရှင်ကြီး နယ်ရှင်လေးဟူ၍ ခြားနားမှုရှိပြီး ဝင်ငွေအနဲအများနှင့်တန်ခိုးအာဏာခွဲဝေမှုတွင် တူညီမှုမရှိ၍ အချင်းချင်းပဋိပက္ခရှိသည်ကား မှန်ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေးအခါးတွင် အချို့နယ်ရှင်ကလေးများသည် မိမိတို့ခံစားနေရသော အခွင့်အရေးများအပေါ် မူတည်၍ ပါလာနိုင်သော်လည်း ဒီမိုကရေစီတည်ဆောက်ရေးတွင် နယ်ရှင်ကြီးငယ်မကွဲ တစုတရုံးတည်း ဆန့်ကျင်နေကြသည်။

“ပြည်တော်သာပဒေသရာဇ်ဆိုရှယ်လစ်”ခေတ်တွင် စော်ဘွားများသည် စော်ဘွားအရသာတွင် ဆိမ့်အီ၍ နေကြသည်။ နည်းမျိုးစုံဖြင့် စီးပွါးအဖြစ်ကြီးဖြစ်နေကြသည်။ နယ်ချဲ့လက်နက်အောက်တွင် ဖွတ်ကားစုတ်ပင် မတတ်နိုင်သော စော်ဘွားငယ်များမှာ “ပြည်တော်သာပဒေသရာဇ်ဆိုရှယ်လစ်”ခေတ်တွင် မှန်ကားသစ်ကြီးတွေ တဝီဝီစီးကာ ငါးသောင်းအထက် တန်ဘိုးရှိသော တိုက်အိမ်များ တည်ဆောက်နေကြသည်။ ဤမျှစည်းစိမ်ယစ်နေကြရသော စော်ဘွားများအလိုအလျောက် စိတ်စေတနာကောင်းနှင့်အာဏာစွန့်ကြလိမ့်မည်ဟု မျှော်လင့်နေသူများမှာ ရှိတ်စပီးယားပုံပြင်ထဲကကဲ့သို့ “နွေလအလယ် သန်းခေါင်ယံအိပ်မက်ဆန်း”မက်နေသူများသော်၎င်း၊ ရှမ်းပြည်၏“ဆောင်းတွင်အိပ်မက် ကတောက်ကတက်”မက်နေသူသော်၎င်း၊ ဖြစ်ပေသည်။

အခြားလယ်ယာခြံပိုင်ရှင်ကြီးများမှာလည်း ဒီမိုကရေစီတော်လှန်ရေး၏ ရန်သူများဖြစ်ပေသည်။

E-book is created by *shanyoma*

## (၂) ခနရှင်လူတန်းစား

ရှမ်းပြည်နယ်တိုင်းရင်းသား စက်မှုလုပ်ငန်းများ မထွန်းကားခဲ့သဖြင့် စက်မှုအရင်းရှင်ကြီးများ မပေါ်ပေါက်ခဲ့ပေ။ သို့ရာတွင် ဆန်စက် ဆီစက် ဂျုံစက် သစ်စက်ပိုင်ရှင်ကလေးများ နေရာအနှံ့အပြားတွင် တွေ့နိုင်ပေသည်။ သတ္တုလုပ်ငန်းပိုင်ရှင်များနှင့်ကြေးရည်တက်ကုန်သည်ကြီးများပါ ထည့်တွက်လျှင် ရှမ်းပြည်နယ်တွင် စီးပွါးရေးဖြစ်ပေါ်မှု အတိုင်းအထွာအလျောက် ခနရှင်လူတန်းစားအသင့်အတင့် ရှိသည်ဟုဆိုရပေမည်။

ကမ္ဘာ့ရာဇဝင်ကို လေ့လာလျှင် ၁၈၁၇–ခုမတိုင်မီ ပဒေသရာဇ်စံနစ်ကို ခနရှင်လူတန်းစားက ခေါင်းဆောင်၍ ဖြိုဖျက်လာခဲ့သည်။

ရှမ်းပြည်နယ် ခနရှင်လူတန်းစားအနက် ပဒေသရာဇ်စီးပွါးရေးဖြင့် အညမညဆက်စပ်နေသူများ ပဒေသရာဇ်စံနစ်ကို အလုပ်အကျွေးပြုနေသူများ(ဥပမာ – ကစားဒိုင်အုပ်များ လက်ဝါးကြီး အုပ်ပွဲစားကြီးများ)မှအပ ကျန်စက်မှုလုပ်ငန်းပိုင်ရှင်များမှာ ရာဇဝင်ဘဝပေးအရ ပဒေသရာဇ်ဆန့်ကျင်ရေးအခန်းတွင် ပါဝင်နေကြပေသည်။

ရုပ်ပိုင်းရာဇဝင်အရ ခနရှင်လူတန်းစားနှင့်ပဒေသရာဇ်စံနစ်သည် ကြီးစွာပဋိပက္ခပြုနေကြသည်။ ခနရှင်လူတန်းစားသည် ခနရှင်ဒီမိုကရေစီဖြစ်ပေါ်မှုကို ရှေးရှု၍ ပဒေသရာဇ်စံနစ်သည် ခနရှင်စံနစ်ဖြစ်ပေါ်မှုကို တားဆီးနေသည်။

ဥပမာ – စက်ပိုင်ရှင်များသည် မိမိတို့စက်ထွက်ပစ္စည်းများကို ရောင်းရန် ပြည်သူလူများစုဖြစ်သော တောင်သူလယ်သမားတို့၏ဝယ်အားပေါ် မှီခိုနေရ၏။ တောင်သူလယ်သမား၏ဝယ်အားကောင်းမှ မိမိတို့ကုန်ပစ္စည်းကို များများရောင်းရသည်။ ပစ္စည်းများများရောင်း၍ အမြတ်အစွန်းများများရမှ ခနရှင်စံနစ် ထွန်းကားသည်။ ပဒေသရာဇ်စံနစ်ကြောင့် ရှမ်းပြည်တောင်သူလယ်သမားများ ဆင်းရဲမွဲတေနေကြသည်။ ကုန်ပစ္စည်းများကို လိုသလောက် ဖူလုံအောင် ဝယ်ယူရန် ဝယ်အားမရှိပေ။ တောင်သူလယ်သမားများ ပဒေသရာဇ်သွေးစုပ်မှုမှ လွတ်မြောက်မှသာ စက်မှုလုပ်ငန်းရှင်များ ကြီးပွါးနိုင်ပေမည်။ ပဒေသရာဇ်၏နယ်ပယ်အမျိုးမျိုးကွဲပြားပြီး ထုံးစံဓလေ့အမျိုးမျိုးဖြစ်နေခြင်းမှာလည်း ခေတ်မီကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုလုပ်ငန်းထွန်းကားရေးကို တားဆီးနေပေသည်။ စီးပွါးရေးလောကတွင် မိမိတို့ပါဝင်နေရသောဘဝအရပင် ခနရှင်လူတန်းစားသည် ပဒေသရာဇ်ဆန့်ကျင်ရေးသဘော ရှိပေသည်။

## (၃) လူလတ်တန်းစား

လူလတ်တန်းစားသည် ကျယ်ပြော၍ လူတန်းစားအလွှာအမျိုးမျိုး ကွဲပြားနေလေသည်၊ လူလတ်တန်းစားတွင် ပညာတတ်များ ကျောင်းသားများ မြို့နေဆင်းရဲသားများ လခစားများ လက်မှုပညာသည်များ ဆရာဝန်နှင့်ရှေ့နေရှေ့ရပ်များ ကုန်သည်ကလေးများပါဝင်ပေသည်။ တောင်သူလယ်သမားများ စီးပွါးရေးဘဝအရ လူလတ်တန်းစားပင် ဖြစ်သော်လည်း ပဒေသရာဇ်

E-book is created by *shanyoma*

နိုင်ငံတွင် တောင်သူလယ်သမားဦးရေသည် ၈၀–ရာခိုင်နှုန်းမှ ၉၀–ရာခိုင်နှုန်းအထိ ရှိကြပေရာ ၎င်းလူတန်းစားအတွက် သီးခြားလေ့လာရပေသည်။

လူလတ်တန်းစားအလွှာများကို တလွှာစီ ဆန်းစစ်ကြည့်ကြစို့။

(က) ပညာတတ်နှင့်ကျောင်းသား၏လွှာတွင် ကျောင်းသားထုနှင့်အထက်တန်းကျောင်းထွက် ကောလိပ်ထွက်များ ပါဝင်ပေသည်။ ၎င်းတို့အနက် ပဒေသရာဇ်လက်ပါးစေများမှအပ၊ ကျန်အားလုံးမှာ ပဒေသရာဇ်စံနစ်၏ဖိနှိပ်မှုကို ခံနေရသည်။ တိုင်းပြည်မတိုးတက်၍ အလုပ်လက်မဲ့များသည် ဤလူတန်းစားအလွှာအတွက် အနာဂတ်အရေးသည် စိတ်မအေးစရာဖြစ်သည်။ ဘဝလုံခြုံမှုမရှိ ကျောင်းကထွက်လျှင် အလုပ်လက်မဲ့ပြဿနာနှင့်ရင်ဆိုင်တိုးရသည်။ အလုပ်အကိုင်ကိုယ်တိုင်ရသည် ထားဦး၊ ၎င်းတို့သည် ပဒေသရာဇ်လောင်းရိပ်မိနေသောရှမ်းပြည်နှင့်ပြည်သူလူထု အောက်ကျနောက်ကျ ဖြစ်နေခြင်းကိုသာ တွေ့မြင်ပြီး မကျေမနပ် ဖြစ်နေကြသည်။ ခေတ်ပညာတတ်ပြီး နိုင်ငံရေးနိုးကြားမှုရှိ၍ ရှမ်းပြည်တော်လှန်ရေးအတွက် အသုံးဝင်သော အင်အားစုဖြစ်ပေသည်။

(ခ) မြို့နေဆင်းရဲသားအလွှာတွင် ဗျတ်ထိုးခေါင်းရွက်နှင့်လမ်းလျှောက်ဈေးသည်များ တွန်းလှည်းနွားလှည်းများ ကိုယ်ပိုင်ကိုယ်လုပ်များနှင့်အလုပ်လက်မဲ့များ ပါဝင်ပေသည်။ ဤလူတန်းစားအလွှာသည် အလွန်ဆင်းရဲမွဲတေပေသည်။ ရင်းနှီးစရာ လှည်းနွားစသည်တို့ရှိ၍သာ လူလတ်တန်းစားတွင် ပါဝင်နေသည်။ အမှန်မှာ ပစ္စည်းမဲ့တပိုင်းဖြစ်သည်။ အချို့မြို့နေဆင်းရဲသားများသည် စက်ရုံပစ္စည်းမဲ့အလုပ်သမားများထက်ပင် ဆင်းရဲမွဲတေကြသည်။ တော်လှန်ရေးအတွက် ယုံကြည်အားကိုးရသော အင်အားစုပင်ဖြစ်သည်။

(ဂ) လခစားအလွှာတွင် အစိုးရမှုထမ်းရာထမ်း လခစားများနှင့်အခြားကုန်တိုက် ပွဲရုံလခစားများ ပါဝင်ပေသည်။ ဤလူတန်းစားသည် မည်သူကိုမျှ သွေးမစုပ်၊ မိမိတို့တတ်ကျွမ်းသော ပညာဖြင့် အသက်မွေးနေကြသည်။ ဘယ်တော့အလုပ်ပြုတ်ပြီး အလုပ်လက်မဲ့ဖြစ်မလဲဟူသော စိုးရိမ်မှုသည် ဤလူတန်းစားအလွှာကို လွှမ်းမိုးနေသည်။ တော်လှန်ရေးတွင် ပါဝင်နိုင်သော အင်အားစုဖြစ်သည်။

(ဃ) လက်မှုပညာသည်များတွင် ပန်းတိမ်, ပန်းပု, သံဖြူဆရာ, လက်သမားအစရှိသော တသီးပုဂ္ဂလလက်မှုပညာသည်များပါဝင်သည်။ ထိုသူတို့လည်း ပဒေသရာဇ်စံနစ်ကြောင့် မကြီးပွါးနိုင် အလုပ်လက်မဲ့ အငတ်ပြဿနာနှင့်တွေ့ကြုံနေကြရသည်။ တော်လှန်ရေး၏ အင်အားစုပင်ဖြစ်သည်။

(င) ဆရာဝန်နှင့်ရှေ့နေရှေ့ရပ်များမှာ ပညာကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်သည်။ ဤလူတန်းစားသည် ဝင်ငွေကောင်း၍ ခနရှင်စိတ်ပေါက်တတ်သော်လည်း တော်လှန်ရေးတွင် ပါဝင်နိုင်သော အင်အားစုပင်ဖြစ်ပေသည်။

(စ) ကုန်သည်ကလေးများသည် လက်မှုပညာရှင်များနည်းတူ ပဒေသရာဇ်သွေးစုပ်မှုအောက်တွင်

E-book is created by *shanyoma*

လူးလှိမ့်နေသည်။ အလုပ်လက်မဲ့အငတ်ပြဿနာ၏ခြိမ်းခြောက်မှုကို ခံနေရသည်။ တော်လှန်ရေးတွင် ပါဝင်နိုင်သည်။

## (၄) တောင်သူလယ်သမားလူတန်းစား

ရှမ်းပြည်နယ်တောင်သူလယ်သမားသည် ရှမ်းပြည်နယ်လူဦးရေရာခိုင်နှုန်း ၈၀–ကျော် ပါဝင်သည်။ တောင်သူလယ်သမားများသည် အများအားဖြင့် အရင်းအနှီးနှင့်ကုန်လုပ်ကိရိယာ (လယ်ယာခြံ, ကျွဲ, နွားနှင့်လယ်လုပ်ကိရိယာ)များ အနည်းအများပိုင်ဆိုင်ကြသည်။ သို့သော် များသောအားဖြင့် ဆင်းရဲမွဲတေသော အခြေအနေမှာပင် ရှိသည်။

ရှမ်းပြည်နယ်သည် ထွန်ယက်စိုက်ပျိုးနိုင်သော မြေရေိယာပေါ်များပြီးလူဦးရေနည်းပါးသည့်အတွက် လယ်ယာလက်မဲ့ပြဿနာသည် အလွန်နည်းပါးသည်။ နယ်ရှင်စော်ဘွားများ၏ အရာတော်လယ်ယာမြေများနှင့်လယ်ယာခြံပိုင်ရှင်ကြီးများတို့၏လယ်ယာတို့တွင် သီးစားလုပ်ကိုင်ရသော တောင်သူလယ်သမားများမှအပ တောင်သူလယ်သမားအများစုသည် ကိုယ်ပိုင်ခြံယာလယ်ကလေးများကို ကိုယ့်ဝမ်းစာ ကိုယ်ဖူလုံရေးအတွက် အိမ်သားတစု ဝိုင်းဝန်းလုပ်ကိုင်စားသောက်ကြရသည်။ ကိုယ့်ဝမ်းစာ ကိုယ်မဖူလုံသောအိမ်ထောင်စုတောင်သူလယ်သမားများသည် အခြားလယ်ယာခြံများသို့ "အားခ"လိုက်၍သော်၎င်း၊ မိန်းမများ ဆေးလိပ်ခုံတွင် ဆေးလိပ်လိပ်ခယူ၍သော်၎င်း၊ ယောကျ်ားများ မြို့တက်ကျဘမ်း ကူလီလုပ်၍သော်၎င်း လိုအပ်သောဝမ်းစာကို ဖြည့်တင်းပေးရသည်။

ကိုယ့်ဝမ်းစာ ကိုယ်ဖူလုံသည်ဆိုသော တောင်သူလယ်သမားမှာ လူနေမှု အလွန်နိမ့်ကျသော မိမိတို့၏ဘဝအတွက် ထမင်းနှင့်ဟင်းဆို၍ ပဲပုတ် ငြုတ်သီးဖြင့်သာ အာဟာရဖြည့်တင်းနေရရှာသည်။ လူမှုစည်းစိမ်ခံစားခွင့်ကို ရှမ်းပြည်တောင်သူလယ်သမားများ နားမလည်ကြရှာပေ။ ကောက်ပဲသီးနှံ ပျက်စီးသည့်အခါ အငတ်ပြဿနာနှင့်ရင်ဆိုင်နေကြရသည်။

တောင်သူလယ်သမားများသည် ရှမ်းပြည်ပဒေသရာဇ်ဆန့်ကျင်ရေးအတွက် မပါမပြီး အဓိကအင်အားစုပင် ဖြစ်ပေသည်။

## (၅) ပစ္စည်းမဲ့လူတန်းစား

ရှမ်းပြည်နယ်တွင် နယ်ချဲ့ပဒေသရာဇ်တို့ ပြင်းထန်စွာ ဖိနှိပ်သွေးစုပ်လာခဲ့မှုကြောင့် စက်မှုလုပ်ငန်းကြီးများ မဖြစ်ထွန်းနိုင်ခဲ့ပေ။ ထို့ကြောင့် ခေတ်မီစက်မှုလုပ်ငန်း အလုပ်သမားလူတန်းစားတရပ်အနေနှင့်မားမားမတ်မတ် မပေါ်ပေါက်နိုင်ခဲ့ပါ။ ဆန်စက်, ဆီစက်, ဂျုံစက်, သစ်စက်များမှာလည်း အသေးစားစက်ရုံများဖြစ်ပြီး အလုပ်သမား ၂–ယောက် ၃–ယောက်မှ ၁၀–ယောက် ၁၅–ယောက်ခန့်သာ လုပ်ကိုင်ကြရသည်။ စက်ရုံများ ပြန့်ကြဲနေ၍ အလုပ်သမားများ စုစည်းမှု မရှိကြပေ။

E-book is created by *shanyoma*

ပစ္စည်းမဲ့အလုပ်သမားအစုအဝေးနှင့်ဟူ၍ ရှမ်းပြည်မြောက်ပိုင်း နမ္မတူဘော်တွင်းသာ ရှိနေသေးသည်။ ပစ္စည်းမဲ့လူတန်းစားသည် ဦးရေအားဖြင့် နည်းပါး, အတွေ့အကြုံအားဖြင့် နုနယ်, ယဉ်ကျေးမှုအားဖြင့် နိမ့်ကျနေသေးသော်လည်း ရှမ်းပြည်နယ်တော်လှန်ရေးအတွက် အဓိကလည်းဖြစ် တော်လှန်ရေးလည်း အကျဆုံးသော ခေါင်းဆောင်လူတန်းစားပင် ဖြစ်ပေသည်။



E-book is created by *shanyoma*

# အခန်း(၇)
# ဘာတော်လှန်ရေးမျိုးလဲ

ရှမ်းပြည်နယ်လူ့ဘောင် အခြေအနေများကို သမိုင်းစဉ်နှင့်တွဲဘက်၍ သုံးသပ်ခဲ့ပြီးလေပြီ။ ရှမ်းပြည်နယ် တော်လှန်ရေး၏ ရန်သူ, တော်လှန်ရေး၏ လုပ်ငန်း, တော်လှန်ရေး၏ အင်အားစုများကိုလည်း စစ်၍ သတ်မှတ်ခဲ့လေပြီ။

ရှေ့ဆက်၍ ယနေ့ရှမ်းပြည်နယ်တွင် ကျရောက်နေသော တော်လှန်ရေးသည် မည်သည့်တော်လှန်ရေးအမျိုးအစား ဖြစ်သည်ကို ဆန်းစစ်ကြရပေမည်။

ယနေ့ရှမ်းပြည်နယ်၏ အဓိကရန်သူမှာ နယ်ချဲ့စံနစ်နှင့်ပဒေသရာဇ်စံနစ်ဖြစ်ရာ ရှမ်းပြည်နယ်၏ တော်လှန်ရေးမှာ နယ်ချဲ့စံနစ်ဆန့်ကျင်ရေး ပဒေသရာဇ်စံနစ်ဖျက်သိမ်းရေးပင်ဖြစ်ပေသည်။ နယ်ချဲ့စံနစ်ဆန့်ကျင်ရေးမှာ အမျိုးသားအသွင်ရှိ၍ ပဒေသရာဇ်စံနစ်ဖျက်သိမ်းရေးမှာ ဒီမိုကရေစီအသွင်ရှိပေသည်။

ရှမ်းပြည်နယ်သည် ယနေ့ကိုလိုနီနိုင်ငံဘဝမဟုတ်တော့၍ နယ်ချဲ့စံနစ်ဆန့်ကျင်ရေးလုပ်ငန်းသည် အမျိုးသားလွတ်မြောက်ရေးလုပ်ငန်းအသွင် မဟုတ်တော့ပေ။ နယ်ချဲ့အန္တရာယ်ခုခံရေး, တတိယကမ္ဘာစစ်တားဆီးရေး, ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်လုပ်ငန်းများသာ နယ်ချဲ့စံနစ် ဆန့်ကျင်ရေးလုပ်ငန်းများ ဖြစ်ပေသည်။

ပြည်တွင်း၌ ပဒေသရာဇ်စံနစ် ဖျက်သိမ်း၍ ဒီမိုကရေစီနိုင်ငံတည်ထောင်ရမည်ပင်ဖြစ်ပေသည်။ တော်လှန်ရေးအဆင့်သည် ပဒေသရာဇ်စံနစ်ဖျက်သိမ်း၍ ဆိုရှယ်လစ်လောကသို့ ချီတက်ရန် မဟုတ်သေးပါ။ အောက်ကျနောက်ကျ ပဒေသရာဇ်ရှမ်းပြည်အား ခေတ်မီတိုးတက်သော ဒီမိုကရေစီရှမ်းပြည်အဖြစ်သို့ တည်ဆောက်ရမည့်အဆင့်တွင်သာ ရှိသေးသည်။

ထို့ကြောင့် ယနေ့ရှမ်းပြည်နယ်တွင် ဆင်နွှဲရမည့်တော်လှန်ရေးအမျိုးအစားသည် ဒီမိုကရေစီတော်လှန်ရေးအမျိုးအစားပင် ဖြစ်ပေသည်။ သို့ရာတွင် ၁၉၀၀–ခုမတိုင်မီ ဥရောပတိုက်တွင် ပေါ်ပေါက်ခဲ့သော မနေရှင်ဒီမိုကရေစီတော်လှန်ရေးအမျိုးအစားမျိုး မဟုတ်ဘဲ ၁၉၁၇–ခုနှစ် ဒီဘက် ရုရှားပြည် အောက်တိုဘာတော်လှန်ရေးအပြီး ထူးခြားသစ်လွင်စွာ ပေါ်ပေါက်လာသော ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးအမျိုးအစားသာ ဖြစ်ပေသည်။

၁၉၀၀–ခုနှစ်မတိုင်မီ၏ မနေရှင် ဒီမိုကရေစီတော်လှန်ရေးနှင့်၁၉၁၇–ခုနှစ် ဒီဘက် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးတို့သည် မည်သို့ခြားနားလေသနည်း။ တော်လှန်ရေးကာလသည် အခြေခံအားဖြင့် ခြားနားပေသည်။ ၁၉၀၀–ခု မတိုင်မီတွင် အရင်းရှင်စံနစ်သည် တိုးတက်သည့်အပိုင်းတွင် ရှိနေခဲ့သည်။ ၁၉၁၇–ခု အောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးကြီးအပြီး ဒီဘက်တွင် အရင်းရှင်စံနစ်သည် တနေ့တခြား ကျဆုံးနေ၍ တဘက်တွင် ဆိုရှယ်လစ်စံနစ် တိုးတက်နေလေသည်။ ပဌမကမ္ဘာစစ်ကြီးအပြီးတွင် ဆိုရှယ်လစ်နိုင်ငံအဖြစ် ဆိုဗီယက်ယူနီယံတနိုင်ငံတည်း ပေါ်

E-book is created by shanyoma

ပေါက်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် တရုပ်ပြည်သူ့သမတနိုင်ငံကြီးနှင့်အခြားပြည်သူ့ဒီမိုကရေစီနိုင်ငံများ ပေါ်ပေါက်လာလေသည်။ ကမ္ဘာ့လူဦးရေသန်းပေါင်း ၉၀၀–နည်းပါးသည်၊ ဆိုရှယ်လစ်စံနစ်တည်ဆောက်နေကြလေသည်။ ဆိုဗီယက်နိုင်ငံမှာ ဆိုရှယ်လစ်ခေတ်ထက် တဆင့်မြင့်သော ကွန်မြူနစ်စံနစ်သို့ပင် ချီတက်နေလေပြီ။

ထို့ကြောင့် ယခုကာလ (ဝါ) အရင်းရှင်စံနစ်ကျဆုံးနေပြီး ဆိုရှယ်လစ်စံနစ် တိုးတက်နေသည့်ကာလတွင် ပေါ်ပေါက်သော ဒီမိုကရေစီတော်လှန်ရေးကို အရင်းရှင်နှင့်လူတန်းစားသည် ခေါင်းဆောင်မှု မပေးနိုင်ပေ။ ခေါင်းဆောင်ပါကလည်း တော်လှန်ရေးကို အောင်မြင်သည်အထိ ဆင်နွှဲနိုင်မည် မဟုတ်ပေ။ ပစ္စည်းမဲ့လူတန်းစားသာလျှင် ခေါင်းဆောင်ရပေမည်။ ၁၉၄၅–ခု၊ ရှမ်းပြည်နယ်ဖက်ဆစ်တော်လှန်ရေးတွင်၎င်း၊ ၁၉၄၅–၁၉၄၈–နယ်ချဲ့တော်လှန်ရေးတွင်၎င်း၊ ပစ္စည်းမဲ့ သို့မဟုတ် ပစ္စည်းမဲ့သဘောတရားခေါင်းဆောင်မှုမရှိခဲ့၍ ဒီမိုကရေစီတော်လှန်ရေးသည် မအောင်မြင်ခဲ့ပေ။ ပဒေသရာဇ်စံနစ်သာ ဆက်လက်တည်မြဲခဲ့ပေသည်။

♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥ ♥



E-book is created by *shanyoma*

# အခန်း(၈)
# တော်လှန်ရေး၏ အလားအလာ

ရှမ်းပြည်နယ်တော်လှန်ရေးသည် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးအဆင့်ဖြစ်၍ ဤ တော်လှန်ရေးကို ပစ္စည်းမဲ့လူတန်းစားသာလျှင် ခေါင်းဆောင်ရမည်ဟု ရှေ့အခန်းတွင် ဖေါ်ပြ ခဲ့လေပြီ။

ရှမ်းပြည်နယ်တွင် ပစ္စည်းမဲ့လူတန်းစားသည် ကြီးမားသည့်အင်အားစုမဖြစ်လာသေး၊ စည်းရုံးသောလူတန်းစားလည်း မဟုတ်သေး၊ ထို့ပြင် ပစ္စည်းမဲ့လူတန်းစား၏ ရှေ့ဆောင်နိုင်ငံရေး ပါတီသည် မပေါ်ပေါက်သေးသည်မှာ မှန်ပါသည်။ သို့သော်လည်း ရှမ်းပြည်နယ်တွင် ပစ္စည်းမဲ့လူ တန်းစားသည် ကြီးထွားလျက် ရှိပြီး ပစ္စည်းမဲ့သဘောတရား ဝါ မာ့က်စ်လီနင်ဝါဒသည် ပြန့်ပွား လျက် ရှိပေသည်။

ရှမ်းပြည်နယ်ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကြီးအောင်မြင်သည့်အထိ ဆင်နွှဲရန် ရှမ်း ပြည်နယ်ပစ္စည်းမဲ့လူတန်းစားသည် ခေါင်းဆောင်၍ သို့မဟုတ် ပစ္စည်းမဲ့လူတန်းစား၏ မာ့က်စ် လီနင်ဝါဒသည် ပစ္စည်းမဲ့လူတန်းစားနှင့်တောင်သူလယ်သမားလူတန်းစားတို့သည် ခိုင်မာသော မဟာမိတ်အဖြစ် ဖွဲ့စည်းကာ လူလတ်တန်းစားနှင့်တိုင်းရင်းမနေရှင်များပါဝင်သော ပဒေသရာဇ် ဆန့်ကျင်ရေးတပ်ပေါင်းစုကြီး ဖွဲ့စည်းရမည်ဖြစ်ပေသည်။

ရှမ်းပြည်နယ် ပစ္စည်းမဲ့များသည် သွေးကြောင်အားငယ်စရာ မရှိ၊ မြန်မာပြည်မနှင့်တကွ ကမ္ဘာတဝှမ်းလုံးရှိ ပစ္စည်းမဲ့များနှင့်တိုးတက်သောအင်အားစုများအားလုံးသည် ရှမ်းပြည်နယ် ပစ္စည်းမဲ့များ၏ ခိုင်မာသောမဟာမိတ်များပင် ဖြစ်ပေသည်။ ကမ္ဘာတဝှမ်းလုံးရှိ ပစ္စည်းမဲ့များနှင့် တိုးတက်သော အင်အားစုများသည် ဖောက်ပြန်သောမြေရှင်ပဒေသရာဇ်စံနစ်နှင့်ကမ္ဘာ့အရင်းရှင် နယ်ချဲ့စံနစ်ကြီးတခုလုံးကို မြေမြှုပ်သင်္ဂြိုဟ်ရန် အောက်ခြေမှ တွန်းလှန်ဖြိုလှဲလျက် ရှိလေသည်။

ရှမ်းအမျိုးတို့သည် မြန်မာအမျိုးသားနှင့်ခြားနားသော လူမျိုးတမျိုးဖြစ်၏ ။ သို့ရာတွင် ရာဇဝင်ဖြစ်စဉ်ကြောင့်၎င်း၊ တမျိုးတည်းသော နယ်ချဲ့သမားအောက်တွင် နိုင်ငံတနိုင်ငံ၌ အတူ နေရသဖြင့်၎င်း၊ ရှမ်းမြန်မာနိုင်ငံရေးကံကြမ္မာသည် ဆက်နေခဲ့ပေသည်။ စီးပွါးရေးနှင့်ယဉ်ကျေး မှုများအရလည်း ရင်းနှီးစွာ ဆက်နေခဲ့ပေသည်။ ထို့ကြောင့် ရှမ်းပြည်လူထုနှင့်မြန်မာလူထုသည် နိုင်ငံရေး, စီးပွါးရေးနှင့်ယဉ်ကျေးမှုများ တိုးတက်အောင် ပူးတွဲဆောင်ရွက်ခဲ့ကြရလေသည်။

ဗြိတိသျှတို့ကား ရှမ်းလူထုနှင့်ဗမာလူထုအား လွတ်လပ်ရေးတိုးတက်ရေးတို့တွင် ပူး ပေါင်းဆောင်ရွက်နိုင်ခြင်းမရှိအောင် အမြဲတစေ ကြိုးစားခဲ့သည်။ ရှမ်းပြည်မှာ ပဒေသရာဇ်စံနစ် ကို ကျားကန်ပေးထားခြင်းမှာလည်း ထိုရည်ရွယ်ချက်ကြောင့်ပင် ဖြစ်သည်။ ဝိုင်အမ်ဘီအေ ဂျီစီ ဘီအေ ဝံသာနုများ နိုင်ငံသမားများက နိုင်ငံရေးတိုးတက်မှု တောင်းဆိုတိုင်း ရှမ်းစော်ဘွားများ အား ကပျက်ယဖျက် လုပ်စေခဲ့သည်မှာလည်း ဤရည်ရွယ်ချက်ကြောင့်ပင် ဖြစ်သည်။ တို့ဗမာ

E-book is created by *shanyoma*

အစည်းအရုံးဝင် သခင်များ ရှမ်းပြည်သို့လာလျှင် ချက်ချင်း နယ်နှင်ပစ်ခြင်းကိုလည်း တွေ့ခဲ့ကြရသည်။ သို့သော် ရှမ်းလူထုသည် မြန်မာလူထုနှင့်အတူ ဗြိတိသျှနယ်ချဲ့လက်အောက်မှ ရုံးထွက်ရန်ကြိုးစားခဲ့၏။ ဖက်ဆစ်ဂျပန်ကိုလည်း မြန်မာလူထုနှင့်အတူပင် တော်လှန်ခဲ့၏။ စစ်အပြီး လွတ်လပ်သော အချုပ်အချာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်နိုင်ရန် လူမျိုးစုအားလုံး နောင်တော်ဗမာနှင့်စည်းလုံးညီအောင် ရှမ်းအမျိုးသားများကပင် ကမ္မကထပြုလုပ်ခဲ့ပေသည်။ ဤတွင် ပြည်ထောင်စုတည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်သော ပင်လုံညီလာခံ၌ ရှမ်းပြည်နယ်ချဲ့ပဒေသရာဇ် အင်အားစု၏ ရ–ပ–လ–က ထမ်းဆောင်ခဲ့သောအခန်းမှာ တန်ဘိုးကြီးမားလှပေသည်။

ဗမာ–ကရင်–ကချင်–ချင်းစသော ပြည်ထောင်စုသားတို့သည် လွတ်လပ်သော အချုပ်အချာအာဏာပိုင် ပြည်ထောင်စုကြီးကို ခေတ်မီသော စက်မှုလက်မှုထွန်းကားသောဒီမိုကရေစီပြည့်ဝသော ငြိမ်းချမ်းသာယာသော ကြွယ်ဝသော ပြည်ထောင်စုဖြစ်အောင် တည်ဆောက်နေကြရာ ရှမ်းပြည်ပြည်သူလူထုသည်လည်း ရှမ်းပြည်နှင့်ပတ်သက်သော ကိုယ့်ဘို့ ကျသင့်သောတာဝန်ကို ရှမ်းပြည်၏ အခြေအနေများအရ ရှမ်းပြည်လူထုအများဆုံး အကျိုးရှိအောင် လက်ညီတက်ညီ ထမ်းဆောင်သွားကြမည်ဖြစ်ပေသည်။

ရှမ်းပြည်၏ အနာဂတ်ကို ပြည်သူလူထုများကသာ ပိုင်သည်။

ရှမ်းပြည်သူလူထုအပေါင်းတို့၊ ရာဇဝင်ဘီးကို နောက်ပြန်ဆွဲလှည့်ရန် ကြိုးစားနေကြသော ဖောက်ပြန်ရေးအင်အားစုများနောက်သို့လိုက်ကြမည်လော–––။

သို့မဟုတ် ထွန်းလင်းတောက်ပြောင်စွာ မြင်တွေ့နေရပြီဖြစ်သော အနာဂတ်ရှမ်းပြည်သစ်သို့ လက်တွဲချီတက်ကြမည်လော။

E-book is created by *shanyoma*

# ရှမ်းပြည် ဘယ်လဲ
# နောက်ဆက်တွဲ
# ကျွားသနားမှ နွားချမ်းသာတဲ့ ထောက်ပံ့ရေး

ဤစာတမ်း စာမျက်နှာ (၄၅)တွင် ခရေပွင့်ပြထားသော ကျွားကြီးစိတ်ကောင်းပါမှ နွားကလေးတွေ ချမ်းသာရာ ရကြပေတော့မည်”ဆိုသောစကား၏ မှန်ကန်ခြင်းကို အောက်ပါဂဏန်းများက သာဓကထင်ရှားပြလျက် ရှိနေပါသည်။

## ပြည်ထောင်စုနိုင်ငံတော် အစိုးရဝင်ငွေ

| ခုနှစ် | အကောက်တော်ဌာနမှ | ယစ်မျိုးမှ | ထီမှ |
|---|---|---|---|
| ၁၉၅၁–၅၂ | ၁၉၃,၁၂၄,၀၀၀ | ၁၄,၆၃၉,၀၀၀ | ၇,၃၃၀,၀၀၀ |
| ၅၂–၅၃ | ၁၉၉,၇၈၈,၄၆၅ | ၁၅,၀၆၅,၃၀၃ | ၈,၂၆၅,၃၀၃ |
| ၅၃–၅၄ | ၂၅၄,၄၅၅,၇၃၇ | ၁၈၉,၅၉,၄၆၂ | ၉,၁၇၃,၄၈၅ |
| ၅၄–၅၅ | ၂၄၁,၉၀၀,၀၀၀ | ၂၁,၃၀၉,၀၀၀ | ၈,၆၀၀,၀၀၀ |
| ၅၅–၅၆ | ၂၃၈,၂၀၀,၀၀၀ | ၃၂,၄၀၆,၀၀၀ | ၉,၀၀၀,၀၀၀ |

အထက်ပါ ပြည်ထောင်စု ဗဟိုအစိုးရဝင်ငွေဂဏန်းအရ ၁၉၁၄–ခုနှစ်က စံပြုထားသည့် စနစ် ၇.၆ ရာခိုင်နှုန်းနှင့်တွက်လျှင် အကောက်တော်တဌာနထဲကပင် အောက်ပါအချိုးအတိုင်း ရှမ်းပြည်နယ်က ရသင့်ကြောင်း အထင်အရှား ဖြစ်နေပါသည်။

* * * * *

| ခုနှစ် | အကောက်တော်ဌာနမှငွေ | ရှမ်းပြည်က ရသင့်ငွေ ၇.၆ ရာခိုင်နှုန်း |
|---|---|---|
| ၁၉၅၁–၅၂ | ၁၉၃,၁၂၄,၀၀၀ | ၁၄,၆၇၇,၄၂၄ |
| ၅၂–၅၃ | ၁၉၉,၇၈၈,၄၆၅ | ၁၅,၁၈၃,၉၂၃ |
| ၅၃–၅၄ | ၂၅၄,၄၅၅,၇၃၇ | ၁၉,၃၃၉,၆၃၆ |
| ၅၄–၅၅ | ၂၄၁,၉၀၀,၀၀၀ | ၁၈,၃၈၄,၄၀၀ |
| ၅၅–၅၆ | ၂၃၈,၂၀၀,၀၀၀ | ၁၈,၁၀၃,၀၀၀ |

* * * * *

E-book is created by shanyoma

အထက်ပါ ဂဏန်းပြအရ ရှမ်းပြည်နယ်မှ ရသင့်ငွေကို သိရပြီးနောက် ယခုရှမ်းပြည်နယ်က တကယ်ရရှိနေသောဂဏန်းကို ဆက်လက်၍ လေ့လာသော် ပြည်ထောင်စုဗဟိုအစိုးရက ပြည်နယ်များသို့ ထောက်ပံ့ငွေဂဏန်းမှာ အောက်ပါအတိုင်းဖြစ်၏။ ပြည်နယ်အသီးသီးသို့ ခွဲဝေပေးပုံမှာ ရှမ်း, ကချင်, ကယား, ကရင်ပြည်နယ်များအတွက် အချိုးတွက်ကိန်း ၅း၃း၁း၁ အတိုင်းပေးထားသည့်စံနစ်အရ ရှမ်းပြည်နယ်က ရရှိသည့်ဝေပုံကျကို ဤသို့တွေ့ရပါလိမ့်မည်။

*****

| ခုနှစ် | ပြည်နယ်များသို့ထောက်ပံ့ငွေစုစုပေါင်း | ရှမ်းပြည်က ဝေပုံကျရငွေ |
|---|---|---|
| ၁၉၅၀–၅၁ | | ၉,၇၂၂,၂၃၅ |
| ၅၁–၅၂ | ၁၈,၅၀၀,၀၀၀ | ၁၀,၂၇၇,၇၈၀ |
| ၅၂–၅၃ | ၂၂,၉၅၀,၀၀၀ | ၁၁,၉၁၀,၃၉၀ |
| ၅၃–၅၄ | ၃၁,၅၀၀,၀၀၀ | ၁၄,၄၆၀,၅၀၀ |
| ၅၄–၅၅ | ၃၁,၅၀၀,၀၀၀ | ၁၄,၄၆၀,၀၀၀ |
| ၅၅–၅၆ | ၂၆,၂၀၀,၀၀၀ | ၁၂,၅၀၀,၀၀၀ |

အထက်ပါစာရင်းဇယားပြ ဂဏန်းသရုပ်များကို အပြန်ပြန်အလှန်လှန် ဝေဘန်ဆွေးနွေးကြပါလျှင် ကျားကြီးသနားမှ နွားကလေးတွေ ချမ်းသာမည့်ထောက်ပံ့ရေး ဖြစ်နေသည်ကို တွေ့ရမည်သာဖြစ်ကြောင်းသာဓက တင်ပြပါသတည်း။

*****

E-book is created by shanyoma

# ခွဲရေးတွဲရေးပြဿနာ

E-book is created by *shanyoma*

ရှမ်းပြည်နယ်

# ခွဲရေးတွဲရေးပြဿနာ

တင်ပြသူ

ဦးထွန်းမြင့်(တောင်ကြီး)

ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်
အထွေထွေအတွင်းရေးမှူးဟောင်း

☆

(ရ-ပ-လ)အဖွဲ့ဝင်ဟောင်းများ
စုပေါင်းထုတ်ဝေသည်။

E-book is created by ***shanyoma***

## ☆ အနူးအညွတ်တောင်းပန်အပ်ပါသည်။

ရှမ်းပြည်လူငယ်ကိုယ်စားလှယ်များက ဖ–ဆ–ပ–လအလုပ်သမားအဖွဲ့သို့ ၂၀/၂/၄၆ နေ့စွဲဖြင့် ပေးပို့ခဲ့သော အမှာစာကို ဤစာအုပ်၏နောက်ဆက်တွဲအဖြစ် ထည့်သွင်းဖေါ်ပြရန် ကြံရွယ်ခဲ့သော်လည်း ဒုတိယနှိပ်ခြင်းထွက်ရန် အလွန်အမင်းနှောင့်နှေးကြန့်ကြာလာခဲ့သည့်အတွက် ၎င်းအမှာစာကို ဝမ်းနည်းစွာ ချန်လှပ်ခဲ့ပါသည်။

တတိယနှိပ်ခြင်းတွင် မပျက်မကွက် ထည့်သွင်းပုံနှိပ်မည်ဖြစ်ပါကြောင်း။

ထုတ်ဝေသူ

☆☆★☆☆

၁၉၅၇–ခု ဇွန်လ

ဒုတိယနှိပ်ခြင်း စောင်ရေ (၁၀၀၀၀)

☆

**မေတ္တာရပ်ခံချက်။**

ဤစာစောင်ကို တဆင့်ရိုက်နှိပ်ဝေငှတော်မူကြပါ။ ပြည်ထောင်စုတရှမ်းလုံးသို့

စောင်ရေတသိန်း(၁၀၀၀၀၀)အထိ။

ဝေငှရန် စီစဉ်လျက်ရှိပါသည်။

ပြည်နယ်ဖွံ့ဖြိုးရေးကို ထောက်ခံသူတိုင်း တကယ့်ပြည်ထောင်စုကြီး တည်မြဲရေးကို

လိုလားသူတိုင်း၊ ရံပုံငွေကူညီတော်မူကြပါ။

ဦးထွန်းမြင့်(တောင်ကြီး)

ရေအေးကွင်းရပ်

တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

---

ရှမ်းပြည်နယ်၏ရှုပ်ပိုင်းရာဇဝင်နှင့်နိုင်ငံရေးလမ်းစဉ်ကို ဖေါ်ပြထားသော

# ရှမ်းပြည်ဘယ်လဲ

စာအုပ်ကို ဖတ်ကြပါ။

အောက်ပါဌာနများတွင် အနည်းငယ်ရနိုင်သေးသည်။

ကုန်းမြင့်စာပေဖြန့်ချိရေးဌာန။
လမ်းမတော်–တောင်ကြီးမြို့။

ရွှေပြည်တန်ပုံနှိပ်တိုက်။
နှင်းပန်းလမ်း၊ ရေကျော်–
ရန်ကုန်မြို့။

E-book is created by *shanyoma*

E-book is created by shanyoma

## ဒုတိယနှိပ်ခြင်းအတွက် – အမှာ။

ခွဲရေး–တွဲရေးပြဿနာသည် ရာဇဝတ်မှုမဟုတ်ပါ။

ပြည်နယ်ခွဲရေး–တွဲရေးကိစ္စသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက ပြည်နယ်များအားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပြုထားသည့်ကိစ္စဖြစ်ပါသည်။ လူမျိုးစု–လူမျိုးငယ်များ–ကိုယ့်အမျိုးသား အခွင့်အရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် မရှိမဖြစ်သည့်လက်နက်လည်းဖြစ်ပါသည်။

အခြားပြည်နယ်များတွင် မည်သို့ဖြစ်နေသည်ကို မသိရသော်လည်း ခွဲရေး–တွဲရေးပြဿနာသည် ရှမ်းပြည်နယ်တွင် အမှန်ပင်ပေါ်ပေါက်နေပါသည်။ ခြိမ်းခြောက်မှုဖြင့်၎င်း၊ အထင်သေးမှုဖြင့်၎င်း၊ ဖုံးကွယ်ထား၍မရနိုင်ပါ။ ခွဲရေး–တွဲရေးပြဿနာသည် အတွင်းကြိတ်မြို့စားနေသည့် သွေးစုနာကြီးနှင့်အလွန်တူပါသည်။ ဦးနု–စဝ်ခွန်ချိုတို့၏ ကုစားနည်းသည် အပေါ်ယံဆေးလိမ်းနည်းသာဖြစ်နေပါသည်။ အခြေအမြစ်ကစ၍ မကုစားပါလျှင် ဤသွေးစုနာကြီးသည် အနှေးနှင့်အမြန် ရင့်မာပေါက်ကွဲ လာပေလိမ့်မည်။

ခွဲရေး–တွဲရေးပြဿနာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဝေဖန်ကြရန် ကြောက်ရွံ့နေကြသည်ကို တွေ့ရပါသည်။

ခွဲရေးသမားများကလည်း ကြောက်နေကြပါသည်။

တွဲရေးသမားများကလည်း ကြောက်နေကြပါသည်။

သူတို့ ဘာကို ကြောက်နေကြသနည်း။

ခွဲရေး–တွဲရေးပြဿနာသည် အမှန်စင်စစ် အမျိုးသားရေးပြဿနာဖြစ်ပါသည်။ ခွဲရေးသမားများက ခွဲရေးအတွက် လှုံ့ဆော်လျှင် ရာဇဝတ်မှုသင့်မည်ဟု ထင်ကြသည်။ အခြေခံဥပဒေက ခွင့်ပြုထားသောကိစ္စ မိမိတို့အမျိုးသားရေးကိစ္စဖြစ်သည်ကို သဘောမပေါက်ကြသေး။

တွဲရေးသမားများကလည်း တွဲရေးအတွက် မလှုံ့ဆော်ဝံ့ကြပါ။ အမျိုးသားရေးနစ်နာချက် အခွင့်အရေး ဆုံးရှုံးချက်တွေကို ဘယ်သို့ဆယ်တင်ရမည်။ ဗမာလူမျိုးကြီးဝါဒကို ဘယ်သို့တိုက်ဖျက်ရမည်စသည်တို့ကို ဖေါ်မပြဘဲ တွဲရေးကို လှုံ့ဆော်လျှင် တွဲရေးသမားများသည် အမျိုးသားရေးအခဏ်းနှင့်ကင်းလွတ်နေပေလိမ့်မည်။ အမျိုးသားရေးအခဏ်းနှင့်ကင်းလွတ်နေသောလှုံ့ဆော်ချက်သည် အမျိုးသားများ၏ထောက်ခံမှုကို ရနိုင်မည်မဟုတ်ပါ။

ယနေ့ ရှမ်းပြည်နယ်လူထု၏ ဆန္ဒအစစ်အမှန်ကို ချိန်ခွင်လျှာပေါ်တင် ချိန်စက်ကြည့်လျှင် ခွဲရေးဘက်က ဇောက်ထိုးကြီး အလေးသာနေသည်ကို တွေ့ရမည်မှာ မလွဲပါ။

ထို့ကြောင့် ရှမ်းပြည်နယ် ခွဲရေးလေသံသည် လူတစု၏လေသံမဟုတ်ကြောင်း နားလည်ထားရပါမည်။ ခွဲရေးသမားပေါင်းများစွာတို့သည် အမျိုးသားစိတ်ဓာတ် ပြင်းထန်ပြီး ခွဲထွက်ချင်နေကြသည်။ အမျိုးသားကိစ္စ အမျိုးသားအခွင့်အရေး ဘယ်သို့ထိခိုက်နစ်နာနေသည်ကို မသိသူတွေက များနေပါသည်။ ခွဲထွက်ပြီး တွဲခဲ့သည်ထက်သာအောင် ဘယ်လိုလုပ်ကြမည်ဆိုသည်ကို

ရာထားချက် မရှိကြပါ။ ခွဲထွက်ပြီး ပေါ်ပေါက်လာမည့်အန္တရာယ်များကိုလည်း ကြိုတင်တွက်ချက် ထားခြင်း မရှိကြပါ။ ဤသူများသည် အဆုံးစွန်ခွဲရေးသမားများ (ဝါ) ဘာဘဲဖြစ်ဖြစ် ခွဲထွက်ချင် သူများ ဖြစ်ကြပါသည်။

ရှမ်းပြည်နယ်ခွဲထွက်ရေးသည် အပပယောဂကြောင့် ပေါ်လာသည်မဟုတ်ပါ။ အမျိုး သားရေးနစ်နာချက်မှ ပေါ်ပေါက်လာပါသည်။ အညှီရှိရာ ယင်အုံတတ်သကဲ့သို့ ခွဲရေးကိစ္စသည် ပထမဖြစ်ပြီး ပယောဂရှိလျှင် ပယောဂသည် ဒုတိယဖြစ်ပေလိမ့်မည်။

ရှမ်းပြည်နယ်ခွဲထွက်ရေးသည် တစုံတခုသောအဆင့်အထိ မှန်ကန်သော အမျိုးသား ရေးကိစ္စဖြစ်နေသော်လည်း အရမ်းကာရော ခွဲထွက်ခြင်းမျိုး (ဝါ) ဘာဘဲဖြစ်ဖြစ် ခွဲထွက်ခြင်းမျိုး သည် မမှန်ကန်ပါ။ ထိုသို့ခွဲထွက်ခြင်းမျိုးသည် ရှမ်းပြည်နယ်အား အာရှငြိမ်းချမ်းရေးသာမက ကမ္ဘာ့ငြိမ်းချမ်းရေးကိုပါ ထိခိုက်ပျက်စီးနိုင်သည့်ကမ္ဘာစစ်မီးလောင်စာအဖြစ်သို့ ကျရောက်သွား စေနိုင်ပါသည်။

ဆုံးရှုံးနစ်နာနေသော ရှမ်းအမျိုးသားများ၏ အခွင့်အရေးများကို ခွဲထွက်ခြင်းနည်းတ နည်းဖြင့်သာ ဆယ်တင်နိုင်သည်မဟုတ်ပါ။ ဆုံးရှုံးနစ်နာချက်၏ အကြောင်းရင်းခံဖြစ်သော ဖ–ဆ–ပ–လ၏ လူမျိုးကြီးဝါဒကို အကျိုးတူအခြားလူမျိုးစု၊ လူမျိုးကြီးဝါဒကို မထောက်ခံသော ဗမာ အင်အားစုများနှင့်ပူးပေါင်းကာ နိုင်ငံရေးအရ တိုက်ပွဲဆင်ခြင်းဖြင့်လည်း အမျိုးသားရေး၏ နစ် နာချက်များကို ရယူနိုင်သည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ဖ–ဆ–ပ–လသည် မိမိ၏ လူမျိုးကြီးဝါဒအမှားကို မပြုပြင်၊ လူမျိုးစုများ၏ ဆန္ဒကို မ လေးစား၊ လိပ်ခဲတင်းလင်း ဆက်လက်တင်းမာနေမည်ဆိုကာမှ ခွဲထွက်ရေးလက်နက်ကို နောက် ဆုံးအနေနှင့်အသုံးပြုကြရပါမည်။ ခွဲထွက်ရေးလက်နက်ကို အသုံးမပြုမီ ခွဲထွက်ပြီးနောက်တွေ့ ရမည့်အန္တရာယ်များမှ တားဆီးနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ထားရပါမည်။

## ဖ–ဆ–ပ–လနှင့်လူမျိုးကြီးဝါဒ

ဖ–ဆ–ပ–လအဖွဲ့ချုပ်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေရည်ရွယ်ချက်များတွင် လူမျိုးကြီးဝါဒ အရိပ်အရောင်များ မပါရှိသော်လည်း ဖ–ဆ–ပ–လခေါင်းဆောင်ပိုင်း၏ လူမျိုးစုများအပေါ် ကျင့် သုံးပုံသဘောထားသည် Great Nation Chauvinism ခေါ် လူမျိုးကြီးဝါဒ ရုပ်လုံးပေါ်ပေါက်နေ သည်ကို တွေ့ရပါသည်။

လွန်ခဲ့သည့်မတ်လ(၇)ရက်နေ့က ပြည်သူ့လွှတ်တော်ညီလာခံတွင် ပြောကြားခဲ့သော ဖ– ဆ–ပ–လအဖွဲ့ချုပ်ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ အောက်ပါစကားရပ်များသည် ဖ–ဆ–ပ– လ၏ လူမျိုးကြီးဝါဒကို အထွဋ်အထိပ်ရောက်အောင် သရဖူဆောင်းပေးလိုက်သည်နှင့်တူပါသည်။

“. . . . . . . . . . . . . . ရခိုင်ပြည်နယ်မပေးခြင်းမှာ ရခိုင်ကိုမုန်း၍ မဟုတ်ကြောင်း အမှန်ပြောရလျှင် ပြည်နယ်သည် ကောင်းသောစံနစ် မဟုတ်ကြောင်း ပြည်နယ်များပေးခဲ့စဉ်က

E-book is created by shanyoma

စံနစ်ကောင်းသည်ဟု ယုံကြည်သဘောကျသောကြောင့် ပေးခဲ့ခြင်းမဟုတ်ကြောင်း. . . . ဗီးစေ့လောက်နိုင်ငံတွင် ပြည်နယ်အကွဲကွဲအပြားပြား မလိုလားအပ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းစဉ်က အင်္ဂလိပ်၏ သွေးခွဲစံနစ်အုပ်စိုးထားမှုကြောင့် ပြဿနာကို ဖြေရှင်းနိုင်ရန် ပြည်နယ်ကို သဘောတူခဲ့ရကြောင်း။ . . . . . ပြည်နယ်စံနစ်သည် ပြည်ထောင်စုအတွက် အကျိုးရှိဆုံးဖြစ်သည်ဟု ယုံကြည်၍ ပေးရခြင်းမဟုတ်ကြောင်း၊ အခြေအနေအရ ပေးခဲ့ရကြောင်း. . . . . ”

(၁၀–၃–၅၇)နေ့စွဲပါ ရန်ကုန်နေ့စဉ်သတင်းစာ နယ်ထုတ် စာမျက်နှာ(၂)မှ ကောက်နှုတ်ဖော်ပြပါသည်။

လူမျိုးငယ်များအရေးကို လူမျိုးကြီးက ဝင်ရောက်ချယ်လှယ်စိုးမိုးခြင်းဖိနှိပ်ခြင်းသည် လူမျိုးကြီးဝါဒ (Great Nation Chauvinism) ဖြစ်ပါသည်။ နိုင်ငံတနိုင်ငံသည် ဗီးစေ့လောက်သာမဟုတ် နှမ်းစေ့လောက်ဘဲရှိရှိ၊ လူမျိုးစုအများအပြား စုပေါင်းနေထိုင်လျှင် လူမျိုးစုအသီးသီးအတွက် လူဦးရေအလိုက် Autonomy ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်အဆင့်အတန်းအမျိုးမျိုးပေးရပါသည်။ Autonomy ကို အကျိုးမဲ့တောင်းဆိုကြသည်မဟုတ်ပါ။ လူမျိုးကြီး၏ ဝင်ရောက်ချယ်လှယ်စိုးမိုးမှုဖိနှိပ်မှုကို စိုးရိမ်၍ မိမိကိုယ်ကို ကာကွယ်ရန် အမျိုးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ဖြစ်ပါသည်။

စိတ်တူကိုယ်တူ ပူးပေါင်းကြသော ပြည်ထောင်စု သဘောတရားအစစ်အမှန်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့်ခွဲထွက်လိုက ခွဲထွက်ရေးသည် မပါမဖြစ်သည့်အင်္ဂါရပ်များဖြစ်ပါသည်။ လူမျိုးငယ်သည် ဤအင်္ဂါနှစ်ရပ်ကို လိုချင်ကြသည်။ လူမျိုးကြီးကမပေးလျှင် လူမျိုးကြီးလွှမ်းမိုးမှုဝါဒပင်ဖြစ်သည်။ လူမျိုးကြီးစိုးမိုးချယ်လှယ်မှုကို Autonomy ဖြင့်ပထမကာကွယ်ကြပါသည်။ Autonomy ဖြင့်မလုံလောက်သည့်အခါမှ ခွဲထွက်ရေးလက်နက်ကို အသုံးပြုကြရပါသည်။

လူမျိုးစု လူမျိုးငယ်များရှိနေပြီး ပြည်နယ်နှင့်ခွဲထွက်ခွင့်ကို မပေးလျှင် တကျီကျီနှင့်တောင်းနေကြမည်မှာ မလွဲပါ။ (ဥပမာ – ရှေးက အိုင်ယာလန်၊ ယခု ရခိုင်) လူမျိုးစု၏ ဆန္ဒကိုလိုက်လျောခြင်းမှတပါး တားဆီး၍ကား မရနိုင်၊ အမျိုးပြုန်းမသွားခြင်း တကျီကျီတစာတစာတောင်းဆိုနေကြပါမည်။

ဖ–ဆ–ပ–လခေါင်းဆောင်ပိုင်းသည် လူမျိုးအသီးသီး၏ ဆန္ဒနှင့်အညီ မှန်ကန်သောလူမျိုးရေးသဘောထား မထားရှိနိုင်လျှင် မကြာမြင့်မီအတွင်း ကြီးမားသည့်အန္တရာယ်နှင့်ရင်ဆိုင်ရမည်မှာ မလွဲဟု ကျွန်တော်ထင်ပါသည်။

ဦးနု၏ ပြည်သူ့လွှတ်တော်ညီလာခံတွင် ပြောကြားသောစကားရပ်များသည် ဖ–ဆ–ပ–လ စည်းမျဉ်းဥပဒေရည်ရွယ်ချက်သဘောထားများနှင့်ဆန့်ကျင် မဆန့်ကျင်ကို ဖ–ဆ–ပ–လအဖွဲ့ဝင်များ ပြန်လည်သုံးသပ်သင့်သည်ဟု ကျွန်တော်ယူဆပါသည်။

ဖ–ဆ–ပ–လ၏ လူမျိုးစုများနှင့်ပတ်သက်သော သဘောထားကို ဖ–ဆ–ပ–လဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခဏ်း(၁) အပိုဒ်(၃)ရည်ရွယ်ချက်များတွင် အောက်ပါအတိုင်း ရေး

E-book is created by *shanyoma*

ဆွဲထားသည်။
(က) လူတမျိုးသည် **မိမိတို့၏ကံကြမ္မာကို မိမိတို့သာလျှင် ဖန်တီးနိုင်ခွင့်ရှိသည်**အားလျော်စွာ အမျိုးသားအားလုံး၏ လုံးဝလွတ်လပ်ရေးရရှိစေရန်အလို့ငှာ၊ ဗမာနိုင်ငံအတွင်းရှိ တိုင်းရင်းလူမျိုးအားလုံး ၎င်းတို့မှ ဆင်းသက်ပေါက်ဖွားသောသူများ၊ တိုင်းသားများအဖြစ် ခံယူရရှိသူအပေါင်းကို ညီညွတ်စည်းရုံးစေရန်။
(ခ) ဗမာပြည်ကို ဗမာပြည်ရှိတိုင်းရင်းသား လူမျိုးအသီးသီးတို့အားလုံး သဘောတူလွတ်လပ်စွာ ဖွဲ့စည်းထားသောတိုင်းပြည်ကြီးတည်ထောင်ရန်၊ ဤသို့တည်ထောင်ရာ၌ **ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ဘာသာ ဖန်တီးနိုင်သောအခွင့်အရေးပေးထားရန်။**
(ဂ) "ဗမာနိုင်ငံကို တိုင်းသူပြည်သားလူအများ၏ ဆန္ဒအတိုင်း ပြန်လည်ထူထောင်ရန်"

ဦးနု၏ ပြောကြားချက်စကားရပ်များသည် ဤစည်းမျဉ်းသဘောထားများနှင့်ဆန့်ကျင်နေသည်ဟု ကျွန်တော်ယူဆပါသည်။

"လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်သောအခွင့်အရေးပေးထားရန်၊ (Right of Self determination) အရ ပြည်နယ်ကိစ္စကို သက်ဆိုင်ရာ လူမျိုးစုအများစုကသာ ဆုံးဖြတ်ရပါမည်။ ဗမာလူမျိုးကြီးက ပေးသင့် မပေးသင့် စဉ်းစားဆုံးဖြတ်နေစရာမလိုပါ။ (ဥပမာ – ရခိုင်–ပအိုဝ့်–သီးခြားပြည်နယ်ကိစ္စ)ယနေ့ ဖ–ဆ–ပ–လခေါင်းဆောင်ပိုင်း၏ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးမူမှာ မှန်ကန်သော ပြည်ထောင်စုသဘောတရားအရ တိုင်းရင်းသားလူမျိုးစုအားလုံး၏ တကယ့်စေတနာစိတ်ဆန္ဒအရ စည်းလုံးညီညွတ်နေသောမူမဟုတ်ပဲ ရာထူးအခွင့်အရေးပေးခြင်းဖြင့်၎င်း၊ လူမျိုးစုအင်အား ၂–ခု ကွဲစေ၍ အလယ်က အလေးတင်းသည့်စံနစ်ဖြင့်၎င်း၊ ဆောင်ရွက်နေသည်ကို တွေ့ရပါသည်။

ရှမ်းပြည်နယ်တွင်
(၁) ဘာပဲဖြစ်ဖြစ် ခွဲမည်။
(၂) ဘာပဲဖြစ်ဖြစ် တွဲမည်ဟူသောအယူအဆ ၂–ရပ် ဖြစ်နေသည်တွင် အကျိုးရှိလျှင် တွဲမည်၊ အကျိုးမရှိလျှင် ခွဲမည်ဟူသော အယူအဆသစ်တရပ်ကို ရှမ်းပြည်နယ် ခွဲရေး–တွဲရေးပြဿနာစာအုပ်ငယ်တွင် ဖေါ်ပြထားပါသည်။

ဤစာအုပ်ငယ် ပထမအကြိမ် ရိုက်နှိပ်ဝေငှစဉ် ကြောက်စိတ်အတော်လွှမ်းနေကြပါသည်။ သို့သော် ယခုအခါသည် ကြောက်စိတ်မှာ ကွယ်ပျောက်သလောက် ဖြစ်သွားသည်ကို ဝမ်းမြောက်ဘွယ်ရာ တွေ့ရပါသည်။ ဒီမိုကရေစီအင်အား တလှမ်းတက်လာခြင်းပင် ဖြစ်သည်။

ယနေ့ ခွဲရေး–တွဲရေးပြဿနာကို ဖြောင်ဆွေးနွေးရဲလာကြပြီ၊ ဝေဖန်လာကြပြီ။

ကျွန်တော်တင်ပြထားသော အယူအဆကို ရှမ်းပြည်နယ်လူကြီးပိုင်း လူငယ်ပိုင်းက အမြောက်အများ ထောက်ခံအားပေးလာကြပါသည်။ အခြားလူမျိုးစုများဖြစ်သော ချင်း၊ ကချင်၊ ကယား၊ ရခိုင်များမှ ထောက်ခံအားပေးဆက်သွယ်မှုများ ရောက်လာပါသည်။ အထူးသဖြင့် ရှမ်း

E-book is created by *shanyoma*

E-book is created by *shanyoma*

ပြည်နယ်အတွင်းရှိ အဆုံးစွန် ခွဲရေးသမားပေါင်းများစွာတို့သည် ကျွန်တော်၏ တင်ပြချက်ကို လက်ခံလာ၍ ဝမ်းမြောက်မိပါသည်။ ထပ်မံပုံနှိပ်ထုတ်ဝေရန် တောင်းဆိုလာကြသည်။ ရံပုံငွေများ ကူညီလာကြသည်။

ယင်းသို့အရပ်ရပ်မှ ထောက်ခံအားပေးမှုကြောင့်သာ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေနိုင်ခြင်းဖြစ်ပါသည်။ ဒုတိယအကြိမ်ပုံနှိပ်ခြင်းမပြုမီ ရင်းနှီးသည့်မိတ်ဆွေများထံမှ ဝေဖန်ဖြည့်စွက်ချက်အကြံပေးချက်များ တောင်းခံခဲ့ရာ အများစုက မူလအတိုင်းပင် ထုတ်ဝေရန် အကြံပေးသည့်အတိုင်း အချက်အလက် အချို့အနည်းငယ် ဖြည့်စွက်ပြင်ဆင်သည်မှအပ မူလစာအုပ်အတိုင်း အခြေခံသဘောထားမပျက် ထုတ်ဝေလိုက်ပါသည်။

မိတ်ဆွေအများအပြားက ရှမ်းဘာသာ–ပအိုဝ့်ဘာသာဖြင့်လည်း ထုတ်ဝေရန် အကြံပေးကြပါသည်။ ရှမ်းဘာသာ–ပအိုဝ့်ဘာသာသို့ ပြန်ဆိုလျက်ရှိရာ ပြီးစီးလုနီးပါပြီ။ ရှမ်းဘာသာဖြင့် စောင်ရေ ၁၀၀၀၀–တသောင်းအတွက် ရံပုံငွေ ၅၀၀၀ိ–ခန့်လိုပါသည်။ ပအိုဝ့်ဘာသာအတွက် ၁၀၀၀–ခန့်လိုပါသည်။ ရှမ်းဘာသာ–ပအိုဝ့်ဘာသာဖြင့် ထုတ်ဝေနိုင်ရန် ရံပုံငွေ ဝိုင်းဝန်းကူညီလိမ့်ဟု မျှော်လင့်ယုံကြည်ပါသည်။ မြန်မာဘာသာဖြင့်လည်း မူလရည်မှန်းထားသည့်အတိုင်း စောင်ရေတသိန်းအထိ ဆက်လက်ရိုက်နှိပ်ဝေငှသွားပါမည်။

× × × × × × × × × × × × ×

(ရ ပ လ)အဖွဲ့ချုပ်ကြီးအား ရှေ့ဆောင်ဖွဲ့စည်းကြမည့်ရှမ်းပြည်လူငယ်ကိုယ်စားလှယ် ၉–ဦးသည်၊ ၁၉၄၆–ခု၊ ဇန်နဝါရီလအတွင်းတွင် ကျင်းပသည့်ဖ–ဆ–ပ–လအလယ်ပစ္စယံညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ ဖ–ဆ–ပ–လညီလာခံပြီးစီးသည့်နောက်တွင် ရှမ်းလူငယ်ကိုယ်စားလှယ်များနှင့်ဖ–ဆ–ပ–လအလုပ်အမှုဆောင်အဖွဲ့တို့သည် ဖ–ဆ–ပ–လဌာနချုပ်တွင် တွေ့ဆုံ၍ ရှမ်းပြည်ရေးရာပြဿနာများ ဆွေးနွေးကြပါသည်။ ထိုဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှမ်းပြည်လူငယ်များ၏ ဝေဖန်ချက် သဘောထားစာတမ်း ၂၀–၂–၄၆–နေ့စွဲဖြင့် ဖ–ဆ–ပ–လအဖွဲ့ချုပ်သို့ ပေးပို့ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ထိုစာတမ်းကို လျှို့ဝှက်ထားခဲ့ရာ ယနေ့ ၁၀–နှစ်ကျော်လွန်လာသောကာလ အခြေအနေအရ(ရ ပ လ)ခေါင်းဆောင်များ၏ သဘောထားကို ရှမ်းပြည်လူထုကြီး သိသင့်သိထိုက်သည်သာမက ထိုစာတမ်းပါ အချက်အလက်များစွာသည် ယနေ့ ရှမ်းပြည်အခြေအနေနှင့်ဆီလျော်သည်ဟု ယူဆကြပြီး ပုံနှိပ်ထုတ်ဝေရန် (ရ ပ လ)လုပ်ဖော်ကိုင်ဖက်ဟောင်းများက တိုက်တွန်းကြသည့်အတွက် ရှမ်းပြည်နယ် ခွဲရေး–တွဲရေးစာတမ်း၏ နောက်ဆက်တွဲအနေဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

"ရှမ်းပြည်နယ်ခွဲရေး–တွဲရေးပြဿနာ"တင်ပြချက်သည် ကျွန်တော်တဦးတည်း၏ သဘောထားတင်ပြချက်မဟုတ်ပါ။

(ရ–ပ–လ)အဖွဲ့ချုပ်၏ သဘောထားလမ်းစဉ်များကို မှီငြမ်းပြု၍တင်ပြခြင်းဖြစ်ပါသည်။

(ရ–ပ–လ)အဖွဲ့ချုပ်ကြီး၏ ဆောင်ပုဒ်မှာ "ရှမ်းပြည်သည် ရှမ်းတိုင်းသားများအတွက်" ဖြစ်ပြီး။

(က) ရှမ်းပြည်၏ ကံကြမ္မာကို ရှမ်းတိုင်းသားများကသာ ဖန်တီးနိုင်ခွင့်ရှိရန်။
(ခ) ရှမ်းပြည်အား နယ်ချဲ့လက်အောက်မှ နိုင်ငံရေး–စီးပွားရေး–လူမှုဆက်ဆံရေးတွင် လုံးဝလွတ်လပ်ရေးရရှိအောင် လုံးပန်းဆောင်ရွက်ရန်။
(ဂ) အထက်ပါ (က) (ခ) အောင်မြင်ဖြစ်မြောက်ရန်အတွက် ရှမ်းပြည်အတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး ၎င်းတို့မှ ဆင်းသက်ပေါက်ဖွားသောသူများ၊ တိုင်းရင်းသားအဖြစ် ခံယူရရှိသူများအပေါင်းကို စံနစ်တကျစည်းရုံးသွားရန်ဟူသော ရည်ရွယ်ချက်များချမှတ်ခဲ့ပါသည်။

ယနေ့ရှမ်းပြည်နယ်၏ အခြေအနေသည် (ရ ပ လ)၏ ဆောင်ပုဒ်ရည်ရွယ်ချက်များနှင့် သာလွန်၍ စပ်ဟပ်နေသည်ဟု ယူဆပါသည်။

(ရ ပ လ)၏ အလံတော်ကို ငွားငွားစွင့်စွင့် ပြန်လည်လွှင့်တင်နိုင်အောင် ကြိုးစားကြပါစို့။

ထွန်းမြင့်
တောင်ကြီးမြို့၊ ၁၉၅၇–ခုနှစ်၊ ဧပြီလ–၄ ရက်နေ့စွဲ။

E-book is created by *shanyoma*

# ရှမ်းပြည်နယ်ခွဲရေး–တွဲရေး ပြဿနာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၂၀၁)နှင့်(၂၀၂) တို့အရ ပြည်ထောင်စုတွင် ပါဝင်ဖွဲ့စည်းထားသော ပြည်နယ်များသည် အခြေခံဥပဒေအတည်ပြု သည့်နေ့မှ ဆယ်နှစ်ကျော်လာသည့်အခါ ခွဲထွက်လိုက ခွဲထွက်နိုင်သော အခွင့်အရေးများရှိကြ သည်။

ဆယ်နှစ်ကာလသည် အမှတ်မထင် ချဉ်းနင်းဝင်ရောက်လာလေပြီ။ အခြေခံဥပဒေအ တည်ပြုခဲ့သည်မှာ ၁၉၅၇–ခုနှစ်၊ စက်တင်ဘာလ ၂၄–ရက်နေ့တွင် ဆယ်နှစ်တင်းတင်းပြည့်ပေ တော့မည်။

ပြည်နယ်များခွဲထွက်ရေး သို့မဟုတ် ဆက်လက်ပူးတွဲရေးပြဿနာသည် သဘာဝလည်း ကျ၊ အချိန်အခါလည်း မှန်သည်ဟု ယူဆပါသည်။

ဝ ဝ ဝ ဝ ဝ ဝ

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗမာပြည်မနှင့်တကွ အောက်ပါလူမျိုးစုဒေသ များ ပါဝင်ဖွဲ့စည်းထားသည်။

၁။ ရှမ်းပြည်နယ်
၂။ ကချင်ပြည်နယ်
၃။ ကယားပြည်နယ်
၄။ ကရင်ပြည်နယ်
၅။ ချင်းဝိသေသတိုင်း

အထက်ပါ လူမျိုးစုဒေသများအနက် ကချင်ပြည်နယ်–ကရင်ပြည်နယ်နှင့်ချင်းဝိသေသ တိုင်းတို့မှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ခွဲထွက်နိုင်သော အခွင့်အရေးများမရှိကြပါ။ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်များသာ ခွဲထွက်နိုင်ခွင့်ရှိကြပါသည်။

ထိုပြည်နယ်များတွင် ပြည်ထောင်စုနှင့်ဆက်လက်တွဲဘက်၍ နေလိုသူများလည်း ရှိကြ မည်။ ခွဲထွက်၍ သီးခြားနိုင်ငံထူထောင်ရန် ဆန္ဒရှိသူများလည်း ရှိကြပေမည်။

ဆက်လက်တွဲဘက်၍ နေလိုသူများတွင်–

၁။ ကိုယ်ကျိုးအခွင့်အရေးကြောင့် ဆက်လက်တွဲဘက်နေလိုသူများ

၂။ ဆက်လက်တွဲ၍ နေခြင်းဖြင့် မိမိတို့၏ပြည်နယ်လူထုအတွက် တကယ်အကျိုးရှိမည်ဟု ရိုးသား စွာ ယုံကြည်သူများဟူ၍ နှစ်မျိုးနှစ်စားတွေ့နိုင်ပေသည်။

ထိုနည်းတူ ခွဲရေးသမားများတွင်လည်း

၁။ ကိုယ်ကျိုးအခွင့်အရေး မရရှိ၍ သို့မဟုတ် ထိခိုက်၍ ခွဲထွက်ရန် ဆန္ဒရှိသူများ

E-book is created by *shanyoma*

၂။ ခွဲထွက်၍ သီးခြားနိုင်ငံထူထောင်ခြင်းဖြင့်သာ မိမိတို့ပြည်နယ်များ တိုးတက်ကြီးပွားနိုင်သည်ဟု ရိုးသားစွာ ယုံကြည်သူများဟူ၍ နှစ်မျိုးနှစ်စားရှိကြလေသည်။

ဆက်လက်၍ တွဲဘက်နေလိုသည်ဟုဆိုတိုင်း ကိုယ်ကျိုးရှာသူများ အခွင့်ထူးခံ–ရာထူးမက်သူများ–အမျိုးကို မချစ်သူများဟူ၍ တဘက်သတ်ရှုံ့ချပုတ်ခတ်ခြင်းမပြုသင့်သလို ခွဲထွက်ရန်ဆန္ဒရှိသူတိုင်းအားလည်း ပြည်ထောင်စုဖြိုခွဲရန်ကြံဆောင်သူများ၊ နိုင်ငံတော်သစ္စာဖောက်များ၊ နယ်ချဲ့ပဥ္စမံများဟူ၍ တဘက်သတ်နှိမ့်ချစွပ်စွဲခြင်းများ မပြုသင့်ပေ။

ကိုယ်ကျိုးအတွက် တွဲဘက်နေလိုသူများနှင့်ကိုယ်ကျိုးအခွင့်အရေးမရရှိ၍ ခွဲထွက်ရန်လှုံ့ဆော်သူများအပ ရိုးသားစွာ တွဲရေးကို ယုံကြည်သူများနှင့်ရိုးသားစွာ ခွဲရေးကို ယုံကြည်သူများ၏ မိမိတို့ဘာကြောင့် တွဲဘက်နေလိုကြသည်၊ သို့မဟုတ် ဘာကြောင့် ခွဲထွက်နေလိုကြသည်ဆိုသောအကျိုးအကြောင်းခြင်းရာများကို သဘောထားကြီးကြီးထား၍ လေးလေးစားစားလေ့လာနာယူသင့်ကြပေသည်။

သက်ဆိုင်ရာ ပြည်နယ်လူထုအား လွတ်လွတ်လပ်လပ်နှင့်ကျယ်ကျယ်ပြန့်ပြန့် တင်ပြဆွေးနွေးခွင့် ပြုကြရမည်။

ပြည်နယ်လူထုအများစု၏ ဆုံးဖြတ်ချက်သည်သာ အဆုံးသတ်ဖြစ်ပေလိမ့်မည်။

ကျွန်တော့်အနေနှင့်ယနေ့ရှမ်းပြည်နယ်တွင် ခွဲရေး–တွဲရေး ပြဿနာကြီးပေါ်ပေါက်လာခြင်းသည် ရှမ်းပြည်နယ် လူထုကြီးအား မျက်စေ့ဖွင့်ပေးသည့်အလွန်အဘိုးတန်သော နိုင်ငံရေးလှုပ်ရှားမှုကြီးဟု မြင်ပါသည်။

ဤခွဲရေး–တွဲရေးပြဿနာသည်ပင် ရှမ်းပြည်နယ်၏ ဒီမိုကရေစီ ရေချိန်ကို ဖော်ပြပေလိမ့်မည်။

ထို့ကြောင့် ရှမ်းပြည်နယ်ခွဲရေးတွဲရေးအတွက် ဆန္ဒရှိသူများကို ချိုးနှိမ်ခြင်းမပြုသင့်သလို တွဲဘက်နေလိုသူများကိုလည်း တဘက်သတ် ပုတ်သတ်စွပ်စွဲခြင်းများ မပြုသင့်ဟု ကျွန်တော်ယူဆပါသည်။

လွန်ခဲ့သည့် ၂၈–၁၂–၅၆ နေ့၊ တောင်သိန္နီမိုင်းရယ်မြို့တွင် ကျင်းပသောရှမ်းပြည်နယ်ညီညွတ်ရေးပါတီ[ပြည်သူ့ညီညွတ်ရေးပါတီ(ဗမာပြည်)နှင့်မည်သို့မျှ မသက်ဆိုင်ပါ]ညီလာခံဆုံးဖြတ်ချက်များတွင် ရှမ်းပြည်နယ် ပြည်ထောင်စုမှ ခွဲထွက်ရန်ဆိုသောဆုံးဖြတ်ချက်တရပ်ပါရှိသည်ကို သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

ယင်းကဲ့သို့ ပြည်ထောင်စုမှ ခွဲထွက်ရန်ဆိုသော ဆုံးဖြတ်ချက်မှာ နိုင်ငံရေးအဖွဲ့အစည်းတရပ်အနေနှင့် ဒီမိုကရေစီအခွင့်အရေးအရ ချမှတ်နိုင်ခွင့်ရှိပေသည်။ သို့ရာတွင် မည်သည့်အကြောင်းများကြောင့် ခွဲထွက်လိုသည်ဟူ၍ကား ဖော်ပြထားခြင်း မရှိပေ။

ထိုညီလာခံ၏ အခြားသော ဆုံးဖြတ်ချက်များနှင့်ဆက်စပ်၍ လေ့လာကြည့်လျှင် ခွဲထွက်လိုသောအကြောင်းရင်းများကို ရိပ်မိနိုင်ပါသည်။

E-book is created by *shanyoma*

ခွဲထွက်ရေးနှင့်ဆက်စပ်နိုင်သည့်ဆုံးဖြတ်ချက်များမှာ–

၁။ ရှမ်းပြည်နယ်ပဒေသရာဇ်စော်ဘွားများ အာဏာစွန့်မှုကို သဘောမတူ၊ ဗိုလ်နေမြဲ ကျွန်နေမြဲ သူတနယ် ငါတမင်း ဆက်လက်အုပ်စိုးလိုခြင်း။

၂။ ပြည်ထောင်စုမှ ရှမ်းပြည်နယ်အတွက် ရသင့်ရထိုက်သော အခွန်တော်ငွေများအချိုးကျမရရှိခြင်း။

၃။ ရှမ်းပြည်နယ်အတွင်းရှိလုပ်ငန်းများ[ဥပမာ – နမ္မတူဘော်တွင်း]ရှမ်းပြည်နယ်က (အဓိကသက်ဆိုင်ရာစော်ဘွားများ)အချိုးကျအကျိုးခံစားခွင့် မရှိခြင်း။

၄။ အမြတ်တော်ခွန် အက်ဥပဒေရှမ်းပြည်နယ်သို့ ပျံ့နှံ့လာ၍ စော်ဘွားနယ်များတွင် သဿမေဓ အခွန်တော်မကောက်ခံနိုင်တော့ခြင်း၊ စော်ဘွားနယ်များ ဝင်ငွေလျော့ပါးခြင်း။

ထိုရှမ်းပြည်နယ် ညီညွတ်ရေးပါတီ(ရပညဖ)၏ ဆုံးဖြတ်ချက်များသတင်းစာများတွင် ပါလာပြီးသည့်နောက် စဝ်ခွန်ချိုခေါင်းဆောင်သည့်ရှမ်းပြည်နယ် တောင်တန်းသားစည်းလုံးညီညွတ်ရေးအဖွဲ့(ရတစညဖ)က ရှင်းလင်းချက်တစောင် ထုတ်ပြန်လိုက်လေသည်။

ထိုရှင်းလင်းချက်၏ သဘောမှာ (ရပညဖ)၏ ဆုံးဖြတ်ချက်များသည် (ရတစညဖ)နှင့် မည်သို့မျှ မသက်ဆိုင်၊ (ရတစညဖ)တွင် တာဝန်မရှိ၊ ခွဲထွက်ရေးကိစ္စ(ရတစညဖ)တွင် မပေါင်းဖက်ဟူ၍ပင်ဖြစ်သည်။

(ရတစညဖ)သည် ခွဲရေးတွဲရေးကိစ္စကို တိတိလင်းလင်း မဖော်ပြထားပေ။

(ရတညဖ)၏ ရှင်းလင်းချက်နှင့်မရှေးမနှောင်း တွဲရေးဘက်တော်သားများဖြစ်သော ရှမ်းပြည်နယ်လုံးဆိုင်ရာအဖွဲ့၊ (ရပညဖ)အား တုန့်ပြန်သော ကျေညာချက်တစောင် သတင်းစာများတွင် ထွက်ပေါ်လာသည်။

ထိုရှမ်းပြည်နယ်လုံးဆိုင်ရာအဖွဲ့ချုပ်၏ ကျေညာချက်သည် (ရပညဖ)အား ပြည်ထောင်စုဖြိုခွဲရန်ကြံစည်သူ နိုင်ငံသစ္စာဖောက်နယ်ချဲ့ပဥ္စမံများဟု ပြစ်တင်ရှုံ့ချပြီး တာဝန်ရှိသော ရှမ်းပြည်နယ်ဝန်ကြီးတဦးဖြစ်သူ ဦးဘိုးမှုန်အား ရာထူးမှ ထုတ်ပယ်ပစ်ရန် တောင်းဆိုထားပေသည်။

၎င်းသည်လည်း အခြေခံမှုမှန်သော တုန့်ပြန်ချက်မဟုတ်ပါ။ ပြည်နယ်ဝန်ကြီးတဦးသည် ခွဲထွက်ရေးကိစ္စ မပြောဆိုရဟူသောကန့်သတ်ချက် မရှိပေ။

ရှမ်းပြည်နယ်ကောင်စီနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အရေးအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိ သီးခြားကင်းလွတ်ခွင့်လည်း ရှိလေသည်။

ထို့ပြင် ပြည်နယ်ကောင်စီဥက္ကဋ္ဌများနှင့်ပြည်နယ်ဝန်ကြီးများသည် အစိုးရအမှုထမ်းများမဟုတ်ကြ၊ နိုင်ငံရေးသမားများဖြစ်သည့်အားလျော်စွာ ခွဲရေးတွဲရေးကိစ္စတွင် မိမိတို့ကြိုက်နှစ်သက်ရာကို ဆုံးဖြတ်နိုင်သည် ထောက်ခံနိုင်သည်ဟု ကျွန်တော်ယူဆပါသည်။

ရှမ်းပြည်နယ်လုံးဆိုင်ရာ အဖွဲ့ချုပ်က တွဲရေးသမားများဖြစ်သည့်အတိုင်း ခွဲထွက်ခြင်းသည် ဘာကြောင့်မှားသည်၊ မည်ကဲ့သို့ အကျိုးယုတ်မည်၊ တွဲဘက်နေခြင်းဖြင့် မည်သို့အကျိုးရှိ

E-book is created by shanyoma

သည် စသည်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြသင့်ပေသည်။

ထိုကဲ့သို့ပင် ခွဲထွက်လိုသူများကလည်း ဘာကြောင့်ခွဲထွက်လိုသည် တွဲဘက်နေလိုသူများကလည်း ဘာကြောင့် တွဲဘက်သင့်သည်ဆိုသော ငြင်းခုံခြင်းသည်ပင် ရှမ်းပြည်လူထုအတွက် ဆွေးနွေးစဉ်းစားရန် အခြေခံအချက်များဖြစ်လာပေလိမ့်မည်။

× × × × × × × × × ×

ကျွန်တော်သည် ရှမ်း, ဗမာပူးပေါင်းရေးတွင် အကြီးမားဆုံးနှင့်တာဝန်အကြီးဆုံးအစိတ်အပိုင်းကထမ်းဆောင်ခဲ့သော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သည့်အားလျော်စွာ ယနေ့ရှမ်းပြည်နယ်တွင် ပေါ်ပေါက်လာသော ခွဲရေးတွဲရေးပြဿနာကို ဓမ္မဓိဋ္ဌာန်ကျကျနှင့်ယထာဘူတကျကျ ဆွေးနွေးတင်ပြပါမည်။ သဘောထားကြီးမှု လေးစားမှုတို့ဖြင့် ဆွေးနွေးကြပါကုန်။ ဝေဖန်ကြပါကုန်။

ရှမ်းပြည်နယ်သည် သီးခြားလွတ်လပ်သော နိုင်ငံထူထောင်နိုင်သောအခြေအနေရှိပါသလား။

၁။ ရှမ်းတိုင်းရင်းသားများသည် အထက်ထက်က ခိုင်မာတည်မြဲစွာ တစုတဝေးတည်းဖြစ်သော လူမျိုးများဖြစ်ခြင်း၊

၂။ အများသုံး တူညီသောဘာသာစကားရှိခြင်း၊

၃။ တပေါင်းတစည်းတည်းသော ပထဝီ ရေ မြေ ဒေသရှိခြင်း၊

၄။ သယံဇာတ သဘာဝပစ္စည်းပေါ်များကြွယ်ဝ၍ စီးပွားရေးအားဖြင့် ဖူလုံခိုင်မာသောအခြေအနေရှိခြင်း၊

၅။ တူညီသော ဘာသာယဉ်ကျေးမှုထုံးစံဓလေ့ရှိခြင်း၊

စသော လူမျိုးအင်္ဂါ ၅–ရပ်နှင့်ပြည့်စုံ၍ သီးခြားလွတ်လပ်သော နိုင်ငံထူထောင်နိုင်သောအခြေအနေများရှိပါသည်။

သီးခြားလွတ်လပ်သော နိုင်ငံထူထောင်၍ ဘယ်နည်းနှင့်မဆို ခွဲထွက်၍ သီးခြားနိုင်ငံထူထောင်ရမည်ဟု မဆိုလိုပါ။

## သီးခြားလွတ်လပ်ခွင့်မရ။

ရှမ်းပြည်နယ်သည် ရာဇဝင်တလျှောက်လုံး တကြိမ်တခါမျှ သီးခြားလွတ်လပ်သောနိုင်ငံအဖြစ် မရပ်တည်ခဲ့ရဘူးပေ။

ရှေး"မော"တိုင်းပြည်တည်ထောင်ခဲ့စဉ်မှ သီပေါမင်းပါတော်မူသည်အထိ ပဏ္ဏာဆက်ပဒေသရာဇ်နိုင်ငံဖြစ်ခဲ့ရသည်၊ ၁၂၄၇–ခုနှစ်တွင် ဗမာပြည်တဝှမ်းလုံးနှင့်အတူ ဗြိတိသျှနယ်ချဲ့စံနစ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။

E-book is created by shanyoma

၁၉၂၁–ခုနှစ်၊ ဒိုင်အာခီအုပ်ချုပ်ရေးမှအစပြု၍ ဗမာပြည်မအား အုပ်ချုပ်ရေး တစ တစတိုးတက်ပေးခဲ့သော်လည်း ရှမ်းပြည်အပါအဝင် တောင်တန်းဒေသများအား သွေးခွဲအုပ်ချုပ်ရေးတည်းဟူသော နယ်ချဲ့ပေါ်လစီအရ ဗမာပြည်နှင့်ခွဲခြားကာ ကိုလိုနီပဒေသရာဇ်စံနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။

နယ်ချဲ့အုပ်စိုးမှု အနှစ် ၆၀–ကာလအတွင်း ရှမ်းပြည်အား နိုင်ငံရေး, စီးပွားရေး, ယဉ်ကျေးမှုအဘက်ဘက်တွင် မည်သည့်ဘက်တွင်မှ တိုးတက်အောင် ဆောင်ရွက်မပေးခဲ့ပေ။

နိုင်ငံရေးအရ တာဝန်ခံအုပ်ချုပ်ရေးမျိုးကို မဆိုထားဘိ၊ သာမန်ဒီမိုကရေစီအခွင့်အရေးများကိုပင် ဆန်ချည်တမျှင်လောက် ခံစားခွင့်မပြုခဲ့ပေ။

စီးပွားရေးဘက်တွင်လည်း ရှမ်းကုန်းပြင်မြင့်ဒေသသည် မြေပေါ်မြေအောက် သယံဇာတပစ္စည်းသုံး၍ မကုန်အောင် ပေါများကြွယ်ဝလင့်ကစား နယ်ချဲ့သမားသည် ရှမ်းတိုင်းရင်းသားများအတွက် စီးပွားရေးလုပ်ငန်းဆို၍ မယ်မယ်ရရ ဘာတခုမျှ ဆောင်ရွက်ပေးခြင်းမပြုခဲ့ပေ။

## ဝါးတဲကုတ် စုတ်ချာချာ။

ရှမ်းလူထုသည် "ဝါးတဲကုတ် စုတ်ချာချာနှင့်ထမင်းရက်ချန် ရေရက်မှန်နှင့် ကပ်ကျန်မွဲတေ ဖွတ်ဘိုးအေများဖြစ်ခဲ့ကြရ၏။ ပဲပုတ်နှင့်မုံညင်းကို တွင်တွင်စားပြီး ပင်နီပင်ပြာကိုသာ အမြဲတမ်း ဆင်မြန်းနေရရှာ၏။

ကျန်းမာရေးဘက်တွင်လည်း "လူဦးရေတသန်းခွဲကျော် စတုရန်းမိုင် ငါးသောင်းခြောက်ထောင်ကျော်ကျယ်ဝန်းသော ရှမ်းပြည်တွင် ဆရာဝန်ကြီးဒါဇင်ဝက်မပြည့်၊ ဆရာဝန်ကလေးတဒါဇင်မပြည့်၊ တိုင်းရင်းသားများမှာ မွေးကတည်းက ငှက်ဖျားရောဂါစွဲကပ်လာကာ ဗိုက်ပူနံကားဖြင့် သက်တမ်းမစေ့မီ သေခဲ့ကြရသည့်"ဖျမ်းမျှခြင်းသက်တမ်း ၂၄–နှစ်သာရှိသည်ဟု အဆိုရှိသည်။ ခလေး တထောင်မွေးတိုင်း တနှစ် မပြည့်မီ ၄၇၀–သေဆုံးခဲ့ရသည်။

## စာတတ်သူ ၁၂–ရာခိုင်နှုန်း။

ပညာရေးတွင် ကြည့်ပါဦး"ကကြီး ခခွေးလောက်သာ ရေးတတ်သူများပါ ထည့်ရေတွက်ပါမှ စာရေးစာဖတ်တတ်သူဦးရေ လူတရာလျှင် ၁၂–ယောက်သာရှိခဲ့သည်။ တက္ကသိုလ်မဆိုထားနှင့်ကောလိပ်ကျောင်းကလေးပင် မရှိခဲ့ပေ"။

နယ်ချဲ့သမားသည် ရှမ်းပြည်လူထုကြီးအား တမင်တကာ ဖိနှိပ်သွေးစုပ်လာခဲ့ပြီး ရှမ်းပြည်အား အရှက်ကင်းမဲ့စွာ အောက်ကျနောက်ကျဒေသဟု ခေါ်ဆိုလိုက်သေးသည်။

ဝ ဝ ဝ ဝ ဝ ဝ ဝ ဝ

ဗြိတိသျှနယ်ချဲ့အုပ်စိုးမှု အနှစ် ၆၀–ကာလအတွင်း မည်သည့်ပုဂ္ဂိုလ်တဦးတယောက်မျှ

E-book is created by *shanyoma*

ရှမ်းပြည်တိုးတက်ရေး လွတ်လပ်ရေးတို့အတွက် တောင်းဆိုခြင်း ကြိုးပမ်းခြင်းများ မပြုခဲ့ပေ။

## ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်။

၁၉၅၇–ခု၊ ရှမ်းပြည်ရာဇဝင်တွင် ပဌမဦးဆုံးလူထုနိုင်ငံရေးအဖွဲ့ကြီးဖြစ်သော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာသောအခါမှ ရှမ်းပြည်သည် ရှမ်းတိုင်းရင်းသားများအဘို့ ရှမ်းပြည်လုံးဝလွတ်လပ်ရေးပေးဟူသော ကြွေးကြော်သံများသည် ရှမ်းပြည်တဝှမ်းလုံးသို့ ပြန့်နှံ့ခဲ့ရသည်။

ရှမ်းပြည်လုံးဝလွတ်လပ်ရေး အရယူရာတွင် ရှမ်းပြည်သည် သီးခြားလွတ်လပ်ရေးအရယူမည်လော၊ ဗမာပြည်နှင့်ပူးတွဲ၍ လွတ်လပ်ရေးအရယူမည်လော ဟူသောပြဿနာသည် ရှမ်းပြည်တွင် ပေါ်ပေါက်လာခဲ့သည်။

ထိုအခါ ရှမ်းပြည်နယ်လူထုတဦးဖြစ်သော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးသည် "နယ်ချဲ့စံနစ်ကို အပြုတ်တိုက်ထုတ်ပစ်ရန် ရှမ်းဗမာပူးပေါင်းကြစို့"ဟူသောဆောင်ပုဒ်ကို ရှေ့တန်းသို့ထုတ်ခါ လူထုအားစည်းရုံးခဲ့သည်။

## ပုတ်ခတ်ကြသေးသည်။

ထိုစဉ်အခါက ရှမ်းစော်ဘွားများသည် ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးအား ဗမာကို ရောင်းစားသောအဖွဲ့ဟု သမုတ်ခဲ့ကြသည်။ ဗမာမုန်းတီးရေးဝါဒ ဖြန့်ခဲ့ကြသည်။

ရှမ်းဗမာပူးပေါင်း၍ လွတ်လပ်ရေးအရယူခြင်းသာ မှန်ကန်သောနည်းဖြစ်သည်ဟု ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးက ယုံကြည်သည့်အတိုင်း ရှမ်း–ဗမာပူးပေါင်းရေးနှင့်ပတ်သက်သော သဘောထားကို ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးဦးတင်အေးသည် (၆–၂–၄၇) နေ့ အထူးထုတ် ဖ–ဆ–ပ–လသတင်းစာတွင်–

## အကျိုးတူမဟာမိတ်။

"ကျွန်ုပ်တို့ လုံးဝလွတ်လပ်ရေးရလိုသည်မှာ ဟုတ်ပြီ၊ သို့သော် ထိုလွတ်လပ်ရေးကို ရအောင် ဘယ်လိုလုပ်ရမလဲ။ ကျွန်ုပ်တို့သည် အထီးတည်း လွတ်လပ်ရေးကို မရနိုင်။ အကျိုးတူသော မဟာမိတ်ကို ရှာရပေမည်။"ဟူ၍၎င်း

"ဗမာလူထုသည် ကျွန်ုပ်တို့နှင့်အတူတကွ ဗြိတိသျှနယ်ချဲ့စံနစ်လက်တွင်းသို့ သက်ဆင်းခဲ့ရသည်။ ထို့ကြောင့် ဗမာလူထုနှင့်ရှမ်းလူထုသည် တလှေထဲစီး တခရီးထဲသွား ကံတူအကျိုးပေးများဖြစ်ကြသည်။ ထို့ကြောင့် အခြားအချက်အလက်တွေ အပထားပြီး နောင်ပူးပေါင်းရေး ခွဲခွါရေးကို အပထားပြီး နယ်ချဲ့စံနစ်ကို တိုက်ဖျက်ပြီး လွတ်လပ်ရေးအရယူရာ၌မူ ဗမာနှင့်ထိထိရောက်ရောက် ပူးပေါင်းကြရမည်။ ဤအချက်၌ ကျွန်ုပ်တို့တောင်ပေါ်သားများသည် တွေဝေယိမ်းယိုင်

E-book is created by *shanyoma*

E-book is created by *shanyoma*

နေစရာ သံသယပွားနေစရာ မရှိ။ ကျွန်ုပ်တို့သည် ဗမာပြည်နှင့်တပါတည်းတန်းတူ လွတ်လပ်ရေးကို ရလိုသည်ဟု တသံထဲ တပြိုင်ထဲ ပြင်းပြင်းထန်ထန် ကြွေးကြော်ရမည်။ ဆန္ဒပြ တောင်းဆိုကြရမည်။ ဆုံးဖြတ်ချက်ချမှတ်ကြရမည်။ ဤအချက်ကို မြန်မြန်ထက်ထက် တပြည်လုံး မြို့တိုင်းနယ်တိုင်းတွင် ဆောင်ရွက်ကြရမည်။ ဤအချက်ကို မူတည်လျက် လူထုကို စည်းရုံးကြရမည်''ဟူ၍ပင်

''ဗမာပြည်မနှင့်ပူးပေါင်းရေး ခွဲထွက်ရေးနှင့်ပတ်သက်၍ ဖ–ဆ–ပ–လ ကွန်မြူနစ်စသော တိုးတက်သောနိုင်ငံရေးပါတီများ ခေါင်းဆောင်များသည် ကျွန်ုပ်တို့အား ကိုယ်ပိုင်ပြဌာန်းခွင့်ကို ပေးထားပေသည်။

၁။ ယခု ယာယီပူးပေါင်းရေးသည် နောင်ပူးပေါင်းရေး ခွဲထွက်ရေးကို မထိခိုက်စေရ။

၂။ နောင်ပူးပေါင်းခဲ့သော်လည်း ခွဲထွက်လိုပြန်က ခွဲထွက်ခွင့်ရှိရမည်။

၃။ တိုင်းပြည်ပြုလွှတ်တော် ခေါ်ပြီးနောက် မပူးပေါင်းနိုင်သေးလျှင် ပူးပေါင်းလိုသောအခါ ပူးပေါင်းနိုင်ရန် လမ်းဖွင့်ပေးထားမည်။

၄။ ကျွန်ုပ်တို့၏ပြည်တွင်းအုပ်ချုပ်မှုမှာ လုံးဝလွတ်လပ်ခွင့် ရှိမည်။

၅။ ကျွန်ုပ်တို့၏စာပေယဉ်ကျေးမှုများကို မစော်ကား မထိခိုက်ရ။

ဤထက်ကား မည်သူမျှ သဘောထားမကြီးနိုင်ပါ။ ဤတိုးတက်ခေတ်မီသောသဘောထားမျိုးကို ကျွန်ုပ်တို့ကား လှိုက်လှဲစွာ ထောက်ခံကြရမည်။

## တောင်တန်းဒေသ မပါဘဲ။

''အမှန်မှာ ဗမာပြည်နှင့်မပူးပေါင်းဘဲ ကျွန်ုပ်တို့ချည်း သီးခြားလုပ်၍ လွတ်လပ်ရေးတော်တော်နှင့်မရနိုင်ပါ။ ကျွန်ုပ်တို့ တောင်တန်းဒေသမပါဘဲနှင့်လည်း ဗမာပြည်၏လွတ်လပ်ရေးသည် စစ်မှန်မည်၊ တည်မြဲမည်၊ ခိုင်ခံ့မည်ဟု ကျွန်ုပ်တို့ မယုံကြည်။ ထို့ကြောင့် နယ်ချဲ့စံနစ်ကို ပူးပေါင်း၍ တိုက်ဘို့ကျွန်ုပ်တို့တိုင်းရင်းသား အားလုံး၏တာဝန်နှင့်လုပ်ငန်းကြီးဖြစ်ပေသည်''ဟူ၍ ၎င်း နောက်ဆုံးစကားကုန် ပြောလိုက်မည်။ အင်္ဂလိပ်နယ်ချဲ့စံနစ် ထွက်သွားပြီးနောက် ဗမာကလူများစုဆိုပြီး ကျွန်ုပ်တို့ရှမ်းပြည်အား နယ်ချဲ့သွေးစုပ်ရန် မဟုတ်တရုတ် အားထုတ်ပါက ချင်း၊ ဂျင်းဖေါ၊ ကရင်၊ ရခိုင်စသောကျွန်ုပ်တို့တိုင်းရင်းသား လူမျိုးငယ်များ ပေါင်းစည်း၍ ဗမာနယ်ချဲ့စံနစ်ကို အောင်မြင်စွာ တွန်းလှန်ဖြိုဖျက်ပစ်လိုက်နိုင်ပါသည်။ စိုးရိမ်စရာ မရှိပါက သီးခြားခွဲထွက်ပြီး နေလိုကလည်း နေနိုင်ကြပါသည် ပူစရာမရှိပါ။

## ဟိုစဉ်က လောလောဆယ်။

''သို့သော် ထိုပြဿနာကား လွတ်လပ်ရေးရပြီးနောက်မှ ပေါ်ပေါက်မည့်အနာဂတ်လုပ်ငန်းဖြစ်ပါသည်။ လောလောဆယ်လုပ်ငန်းကား နယ်ချဲ့စံနစ် အပြုတ်တိုက်ဘို့သာဖြစ်သည်။

''ထို့ကြောင့် ရှမ်း၊ ဗမာ၊ ကရင်၊ ချင်း၊ ဂျင်းဖော၊ တိုင်းရင်းသားအားလုံး ပူးပေါင်း၍

လွတ်လပ်ရေးကို အရယူကြပါစို့''ဟူ၍၎င်း ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ရေးသားခဲ့သည်။

**အရယူကြစို့။**

တဖန် ၅–၂–၄၇ နေ့တွင် ဗမာပြည်နှင့်ပူးတွဲ၍ လွတ်လပ်ရေးကို အရယူကြစို့ဟူသော ခေါင်းစဉ်ဖြင့် ထုတ်ပြန်သော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ ကြေငြာစာတမ်းအမှတ်(၄) တွင်လည်း။

''လောလောဆယ် ဗမာပြည်၏ နိုင်ငံရေးအခြေအနေအရ တောင်တန်းဒေသအပါအဝင် ဖြစ်သော ကျွန်ုပ်တို့၏ ရှမ်းပြည်၏ ကံကြမ္မာကို ကျွန်ုပ်တို့စီမံဖန်တီးရန် အင်မတန် အရေးကြီးလာပြီ''ဟု အစချီ၍ ဗမာပြည်အပေါ်တွင် ထားရှိသော သဘောထားနှင့်ပတ်သက်၍ အောက်ပါအတိုင်း ပွင့်ပွင့်လင်းလင်း ဖော်ပြထားလေသည်။

''၁၂၄၇–ခုနှစ်မှစ၍ ဗမာပြည်နှင့်တပြိုင်တည်း ကျွန်ဖြစ်လာသဖြင့် ကျွန်ုပ်တို့သည် ဗမာပြည်နှင့်တပြိုင်နက်ထဲ တန်းတူရည်တူ လွတ်လပ်လိုသည်. . . ''

''. . . ထို့ကြောင့် ကျွန်ုပ်တို့၏ ဗမာပြည်နှင့်ပတ်သက်သော သဘောထားကို ရှင်းလင်းပြတ်သားစွာ ထုတ်ပြန်ပါသည်။''

''၁။ ရှမ်းပြည်သည် နယ်ချဲ့စံနစ်အောက်မှ လွတ်မြောက်ပြီးသောအခါ တသီးတခြား အာဏာပိုင်နိုင်ငံတခုအဖြစ်နှင့်တည်တံ့နေနိုင်သည်ဟု ယုံကြသည်။

၂။ ရှမ်းပြည်လက်ရှိအင်အားအခြေအနေသည် နယ်ချဲ့စံနစ်ကို တိုက်ထုတ်နိုင်လောက်အောင် အင်အားမပြည့်စုံဟု ယုံကြည်သည်။ သို့ဖြစ်၍ ရှမ်းပြည်နှင့်ဗမာပြည်သည် မလွတ်လပ်သေးသမျှ ကာလပတ်လုံး ဗမာပြည်မနှင့်ပူးတွဲ၍ နေထိုင်လိုသည်။ နယ်ချဲ့စံနစ်ကို အပြုတ်တိုက်ထုတ်ရာတွင် ရှမ်း၊ ဗမာ၊ ချင်း၊ ဂျင်းဖေါ၊ ကရင်စသောတိုင်းရင်းသားများသည် မကွဲပြားဘဲ ညီညီညွတ်ညွတ်နှင့်တစီးတလုံးတည်း ပူးပေါင်းတိုက်ခိုက်မှသာလျှင် ရှမ်းပြည်၊ ဗမာပြည်သည် လုံးဝလွတ်လပ်မည်ဟု ယုံကြည်သည်။

၃။ လွတ်လပ်ပြီးသည့်နောက် နှစ်ပြည်ထောင် အင်အားကြီးမားရန်အတွက် လာမည့်တိုင်းပြည်ပြုလွှတ်တော်တွင် လူမျိုးယယ်နှင့်၎င်းတို့နေထိုင်ရာ နယ်ပယ်များအတွက် လွတ်လပ်သော ဗမာနှင့်လွတ်လပ်သောရှမ်း၊ ချင်း၊ ဂျင်းဖေါ၊ ကရင်စသော လူမျိုးအချင်းချင်း ညှိနှိုင်းတိုင်ပင်ပြီးနောက် တဦးနှင့်တဦး အခွင့်အရေးတန်းတူရည်တူ ခိုင်လုံသောကတိမြဲမြံသော ပဋိညာဉ်များနှင့်ပြည်တွင်းရေး ကိုယ်ပိုင်ပြဌာန်းခွင့်များကို ထည့်သွင်းပေးပြီး နောက်တနေ့ ခွဲထွက်လိုက ခွဲထွက်နိုင်ခွင့်များကိုပါ ပေးအပ်ထားပါက ၎င်းအုပ်ချုပ်ရေးစည်းမျဉ်းအရ၊ ဗမာပြည်မနှင့်ပူးတွဲ၍ နေသွားရန် ဆန္ဒရှိပါသည်။

အထက်တွင် ဖော်ပြခဲ့သော ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး၏ ပူးပေါင်းရေးမူကို ရှမ်းစော်ဘွားများနှင့်တကွ ချင်း၊ ကချင်စသော အခြားလူနည်းစုများပ လိုက်နာလက်ခံလာသည်။

E-book is created by shanyoma

## ပင်လုံစာချုပ်နိဒါန်း။

နာမည်ကျော်ပင်လုံစာချုပ်နိဒါန်းတွင် “ရှမ်း၊ ကချင်၊ ချင်းလူမျိုးများသည် ဗမာပြည်မနှင့်ပူးပေါင်းခြင်းဖြင့် လွတ်လပ်ရေး အဆောတလျင် ရနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း”ဟူ၍ ဖော်ပြထားသည်။

တဖန် ၁၉၄၇–ခု၊ မတ်လ ၂၃–ရက်နေ့ ညောင်ရွှေမြို့ ညောင်ရွှေဟော်တွင် ကျင်းပသော ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များပါဝင်ဖွဲ့စည်းထားသော တောင်တန်းသား စည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ချုပ်(စကွပ်)၏ အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

“၂။ လူဦးရေအချိုးအစားအရ ဗမာနိုင်ငံတိုင်ပြည်ပြုလွှတ်တော်သို့ ပါဝင်တက်ရောက်မည်။ သို့ရာတွင် လူမျိုးစုများဒေသနှင့်သက်ဆိုင်သောကိစ္စများအတွက် သက်ဆိုင်ရာလူမျိုးကိုယ်စားလှယ် ၃ ပုံ ၂ ပုံ မဲမရဘဲ ဆုံးဖြတ်ခြင်းမပြုရ။

“(က) တန်းတူအခွင့်အရေး။

(ခ) တောင်တန်းဒေသများအတွက် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး။

(ဂ) လွတ်လပ်ရေးရပြီးနောက် အချိန်မရွေး ဗမာပြည်မနှင့်ခွဲထွက်နိုင်ရေး”

ရီ[စ]ဝီလျှံခေါင်းဆောင်သော နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်သို့ တောင်တန်းဒေသစည်းလုံးညီညွတ်ရေး ဦးစီးအဖွဲ့ချုပ်က ရှမ်းပြည်နယ်နှင့်ပတ်သက်၍ တင်ပြသောစာတမ်းတွင် အောက်ပါအတိုင်း ပါရှိခဲ့သည်။

(က) အခွင့်အရေးနှင့်အဆင့်အတန်းညီမျှရေး။

(ခ) ရှမ်းပြည်အတွက် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး။

(ဂ) လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမှ အချိန်မရွေးခွဲထွက်နိုင်ရေးတို့အပေါ်တွင် အခြေခံ၍ ဗမာပြည်မနှင့်ပြည်ထောင်စုစံနစ်အရ ပူးပေါင်းမည်ဖြစ်ကြောင်း။”

တဖန်နယ်စပ်ဒေသ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင်။

“ဗမာပြည်နှင့်ပူးပေါင်းရန် လိုလားသော သက်သေအများစုက ပြည်နယ်များသည် အချိန်မရွေး ခွဲထွက်ခွင့်ရရန် တောင်းဆိုကြပါကြောင်း”ဟု ဖော်ပြထားသည်။

ထို့ကြောင့် ရှမ်းဗမာပူးပေါင်းရေးသည် ထာဝစဉ်ပူးပေါင်းရေးဟူသော အဓိပ္ပါယ်ကို မဆောင်ကြောင်း ထင်ရှားပါသည်။

တကယ်စစ်မှန်သော ပြည်ထောင်စုသဘောတရားတွင် ခွဲထွက်လိုက ခွဲထွက်ခွင့်မှာ မပါလျှင် မပြီးသော အင်္ဂါတရပ်ဖြစ်သည်။

## မခွဲချင်အောင် လုပ်ကြ။

“ခွဲထွက်ခွင့်ပေးရမယ်၊ မခွဲချင်အောင် လုပ်ပြရမှာက ကျုပ်တို့တာဝန်”ဟု ဗိုလ်ချုပ်အောင်ဆန်း ပြောသကဲ့သို့ ပြည်နယ်များ မခွဲထွက်ချင်အောင် လုပ်ပြရမည်မှာ ဗမာပြည်မ၏ တာ

E-book is created by shanyoma

ဝန်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲကြစဉ် ခွဲထွက်နိုင်သော အခွင့်အရေးအခဏ်းတွင်–

“ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်း ခွဲထွက်နိုင်သောအခွင့်အရေးကို မသုံးမပြုရ”ဟု ပုဒ်မ ၂၀၂–ထည့်သွင်းသည့်အခါ ကျွန်ုပ်တို့ [ရ ပ လ]အဖွဲ့ချုပ်ကိုယ်စားလှယ်များသည် ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြပါသည်။ ယင်းသို့ကန့်ကွက်ကြခြင်းမှာ ဗမာပြည်မနှင့်ပူးပေါင်းရေးကို မလိုလား၍ကား မဟုတ်ပါ။ ပြည်ထောင်စုသဘောတရားကို ထိခိုက်သည်။ လူမျိုးငယ်များ၏ အခွင့်အရေးကို ထိပါသည်ဟု ယူဆခြင်းကြောင့်သာဖြစ်သည်။

(ရ ပ လ)အဖွဲ့ချုပ်သည် ရှမ်းပြည်လူထုအား မလှည့်စားခဲ့ပါ။ အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း နယ်ချဲ့စံနစ်လက်အောက်မှ လွတ်မြောက်ရန် ဗမာပြည်နှင့်ပူးပေါင်းမည်။ ရှမ်းပြည်လူထုအတွက် အကျိုးရှိလျှင် ဆက်လက်ပူးပေါင်းမည် အကျိုးမရှိဟု ထင်မြင်သည့်တနေ့တွင် ခွဲထွက်မည်ဟု အတိအလင်းတင်ပြခဲ့သည်။

× × × × × × × × × × ×

## (ရ ပ လ)၏ကြိုးပမ်းမှု။

(ရ ပ လ)အဖွဲ့၏ဦးဆောင်ကြိုးပမ်းမှုကြောင့် ရှမ်း–ဗမာပူးပေါင်းရေးသည် ဆယ်နှစ်တာမျှ ကြာမြင့်ခဲ့လေပြီ။

ထိုဆယ်နှစ်တာကာလအတွင်း ပဒေသရာဇ်တို့၏ နှိပ်ကွပ်မှုကြောင့် ရပလသည် ပြိုကွဲပျက်စီးခဲ့လေပြီ။

(ရ ပ လ)၏ ရှေ့ဆောင်လမ်းစဉ်အရ ရှမ်း–ဗမာပူးပေါင်းခြင်းဖြင့် ဗြိတိသျှနယ်ချဲ့ထမ်းပိုးအောက်မှ ရှမ်းရော ဗမာပါ အလွတ်ရုန်းထွက်နိုင်ခဲ့လေပြီ။

ဆယ်နှစ်တာကာလအတွင်း ပူးပေါင်းခဲ့ခြင်း၏ အကျိုးအမြတ်စာရင်းကို ဆန်းစစ်ရန်လိုအပ်ပေပြီ။ ဆက်လက်ပူးပေါင်းရေး သို့တည်းမဟုတ် ခွဲထွက်ရေးအတွက် စဉ်းစားကြရန် အချိန်တန်ပေပြီ။

ရှမ်း–ဗမာပူးပေါင်းခဲ့သော ဆယ်နှစ်တာကာလ၏ နိုင်ငံရေးစီးပွားရေး ယဉ်ကျေးမှုအကျိုးအမြတ်ဇယားကို ကိုလိုနီဘဝအခြေအနေနှင့်နှိုင်းယှဉ်၍ အကြမ်းအားဖြင့် စစ်တမ်းထုတ်ကြည့်ကြစို့။

## အဆောင်အယောင်။

ကိုလိုနီဘဝတွင် နိုင်ငံရေးအရ တာဝန်ခံအုပ်ချုပ်ရေး မရရှိခဲ့၊ ဒီမိုကရေစီအခွင့်အရေးစိုးစဉ်းမျှ မခံစားရခဲ့၊ ကိုလိုနီပဒေသရာဇ်အုပ်ချုပ်ရေးသာရရှိခဲ့သည်။ လွတ်လပ်ရေးဆယ်နှစ်အ

E-book is created by *shanyoma*

E-book is created by *shanyoma*

တွင်း အဆောင်အယောင် တာဝန်ခံအုပ်ချုပ်ရေးဖြစ်သော ရှမ်းပြည်နယ်ကောင်စီ ရှမ်းပြည်နယ် အစိုးရဟူ၍ ပေါ်လာသည်။ ဒီမိုကရေစီအခွင့်အရေး တစိတ်တဒေသ ခံစားလာရသည်။ သို့ရာ တွင် အတွင်းခံပဒေသရာဇ်အုပ်ချုပ်ရေးစံနစ်ကား ပျက်စီးယိုယွင်းခြင်း မရှိသေးပေ။ (ဖဆပလ) အစိုးရ၏ ထောက်ခံအားပေးမှုကြောင့် အခြေခိုင်ခိုင်တည်မြဲလျက်ပင် ရှိသေးသည်။

## ရှမ်းလူထုအတွက် မတွေ့ရ။

ကိုလိုနီဘဝတွင် ရှမ်းပြည်လူထုကြီးသည် စုတ်ချာမွဲတေခဲ့၏။ ယခုလည်း စုတ်ချာမွဲတေ လျက်ပင် ပဲပုတ်နှင့်မုန်ညှင်းစားသည့်ဘဝက မတက်သေးပေ။ စီးပွားရေး တနေ့တခြား ပို၍ပို၍ ကြပ်တည်းလျက်ရှိ၏။

ဗြိတိသျှနယ်ချဲ့သမားသည် ရှမ်းပြည်၏ သယံဇာတသဘာဝပစ္စည်းများကို နယ်ချဲ့အရင်း ရှင်လူတစုအကျိုးအတွက် ထုတ်ယူခဲ့၏။ ယခု ဖ ဆ ပ လအစိုးရသည် ရှမ်းပြည်၏ သယံဇာတ သဘာဝပစ္စည်းများကို ထုတ်ယူလျက်ရှိ၏။ ထုတ်ယူရန် ကြိုးစားနေ၏။ ရှမ်းလူထုအတွက် အ ကျိုးကျေးဇူးဟူ၍ တိတိကျကျ မတွေ့ရသေးပေ။

## မကျေညာနိုင်သေး။

စစ်မဖြစ်မီက ရှမ်းပြည်တဝှမ်းလုံးတွင် စာသင်ကျောင်းပေါင်း(၁၉၆)ကျောင်းရှိခဲ့သည်။ (သာသနာပြုနှင့်တသီးပုဂ္ဂလပိုင် ကျောင်း ၉၀–ရာခိုင်နှုန်း) ၁၉၄၇–ခုနှစ်တွင် (၁၃၈)ကျောင်းရှိ ခဲ့သည်။ စာရေးစာဖတ်တတ်သူ ၁၂–ရာခိုင်နှုန်းရှိခဲ့သည်။ ယခုအခါ စာသင်ကျောင်းမြောက်များ စွာ တိုးတက်လာသည်။ အစိုးရအထက်တန်းကျောင်း(၁၇)ကျောင်း အလယ်တန်းကျောင်း(၁၉) ကျောင်း မူလတန်းကျောင်း(၃၉၁)ကျောင်းရှိသည်ဟု သိရသည်။ စာရေးစာဖတ်တတ်သူဦးရေ မည်မျှ တိုးတက်လာသည်ကို ရှမ်းအစိုးရက ယခုတိုင် မကျေညာနိုင်သေးပေ။

## လမ်းပန်းဆက်သွယ်ရေး။

ကိုလိုနီဘဝတွင် ရှမ်းပြည်တဝှမ်းလုံး၌ ဆေးရုံနှင့်ဆေးပေးဆေးခန်းပေါင်း သာသနာ ပြုနှင့်တသီးပုဂ္ဂလပိုင်များအပါအဝင် ၃၃–ခုရှိခဲ့သည်။ ယခုအခါ ရှမ်းပြည်တဝှမ်းလုံးတွင် ဆေးရုံ နှင့်ဆေးပေးခန်းပေါင်း မည်၍မည်မျှရှိသည်ကို ရှမ်းပြည်နယ်ဥက္ကဋ္ဌ၏ အစီရင်ခံစာတွင် ဖေါ်ပြ ထားခြင်း မရှိ၍ မသိရပေ။

စာတိုက်–ကြေးနန်းနှင့်လမ်းပန်းဆက်သွယ်ရေး တိုးတက်မှု လုံးဝမတွေ့မြင်ရ၊ ကိုလိုနီ ဘဝအခြေအနေကိုပင် မမီသေး။

ဤကား ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ထားသော အကျိုးအမြတ်စာရင်းအကြမ်းတည်း။

ကိုယ်ကျိုးအခွင့်အရေးမပါသော ရိုးသားစွာ ခွဲထွက်လိုသော ခွဲရေးသမားများသည် ဤ

အကျိုးအမြတ်ဇယားကို မကျေနပ်၊ ခွဲထွက်၍ ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးပါက ဤထက်ပို၍ တိုးတက်ကြီးပွားနိုင်သည်ဟု ယူဆကြဟန် တူ၏။

ထိုနည်းတူစွာ ကိုယ်ကျိုးအခွင့်အရေးမပါသော ရိုးသားစွာ တွဲဘက်အနေလိုသော တွဲရေးသမားများသည် ဤဆယ်နှစ်တာကာလ အကျိုးအမြတ်ဇယားသည် တကယ့်အကျိုးအမြတ်ကြီးဖြစ်သည်။ ရှေ့ဆက်လက်၍ တွဲဘက်နေခြင်းဖြင့် ပိုမို၍ အကျိုးအမြတ်များလာမည်ဟု ယုံကြည်ကြဟန်တူသည်။

ခွဲရေးသမားထဲတွင် ရှမ်းပြည်သည် တခါမှ မလွတ်လပ်သေး၍ လွတ်လပ်ချင်သည်ဆိုသော ဆန္ဒပိုင်းသမားများလည်းရှိသည်။

ရှမ်းပြည်သည် ရှမ်းလူမျိုးများအဘို့ဆိုသော မျိုးချစ်များလည်း ရှိသည်။

ဖ–ဆ–ပ–လ၊ ဆိုရှယ်လစ်အစိုးရကို အကျေနပ်၍ ခွဲထွက်ချင်သူလည်းရှိသည်။ မည်သည့်ပုံစံမျိုးဖြင့် တည်ဆောက်၍ မည်သို့သော လုပ်ငန်းများ ဆောင်ရွက်မည်ဟု ထုတ်ဖေါ်တင်ပြခြင်းမရှိကြသေးပေ။

အချို့က မတင်ပြရဲဘူးဟုဆိုကြ၏။

ထိုနည်းတူ တွဲရေးသမားများကလည်း ဆက်လက်တွဲဘက်နေခြင်းဖြင့် ရှမ်းပြည်သည်ငင်း၊ ရှမ်းပြည်လူထုသည်ငင်း မည်သည့်ကာလအပိုင်းအခြားအတွင်း၌ မည်သို့သော အခြေအနေအထိ တိုးတက်နိုင်သည်၊ ကြီးပွားနိုင်သည်ဟူသော မျှော်မှန်းချက်များ မတင်ပြနိုင်ကြပေ။

အချို့က "ဒါတော့ဗျာ၊ ရေနဲ့ကြာလို ပြည်ထောင်စုတိုးတက်သလောက် ရှမ်းပြည်လဲ တိုးတက်မှာပေါ့"ဟု လျှော့ချကြ၏။

တချို့ကတော့ "တွဲတော့ တွဲချင်တယ်။ ဒါပေမဲ့ တွဲခြင်းဖြင့် ဘာတွေ အကျိုးရှိမယ်ဆိုဒါကို တင်ပြရမှာ ကိုယ့်လိပ်ပြာကိုယ်မသန့်ဘူး"ဟု ထောက်ကွက်သဘော ပြောကြ၏။

ယင်းသို့သော အခြေအနေမျိုးတွင် ရှမ်းပြည်သူလူထုကြီးသည် ခွဲရေးတွဲရေးကိစ္စအတွက် ဘယ်သို့လျှင် ဆုံးဖြတ်ချက်ချပေးနိုင်မည်နည်း။

## တင်ပြကြပါကုန်။

ခွဲရေးသမားများသည် အဘယ်ကြောင့် ခွဲထွက်ချင်ကြသည် ခွဲထွက်ခြင်းဖြင့် ဘယ်ကဲ့သို့အကျိုးကျေးဇူးရှိနိုင်မည်စသည်ဖြင့် သူ့မူဝါဒ့မူတင်ပြကြပါကုန်။

## မကျေနပ်ပါ။

ကျွန်တော်အနေနှင့် လက်ရှိရှမ်းပြည်နယ်၏ အခြေအနေ၊ ပဒေသရာဇ်စော်ဘွားများ အာဏာတည်မြဲနေသည့်အခြေအနေ၊ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများ မတည်ထောင်နိုင်သည့် အခြေအနေ၊ ကောလိပ်ကျောင်း တက္ကသိုလ်အစရှိသည့်အထက်တန်းပညာရေးကျောင်းများနှင့်

E-book is created by shanyoma

အသက်မွေးဝမ်းကျောင်း ကျောင်းများမရှိသည့်အခြေအနေကို မကျေနပ်ပါ။

လက်ရှိအခြေအနေထက် တိုးတက်မှု မရရှိနိုင်ဟုဆိုလျှင် ကျွန်တော်လည်း ခွဲထွက်ချင်ပါသည် ခွဲရေးသမားတဦးဖြစ်ပါသည်။

## ပဒေသရာဇ်မှုကို မထောက်ခံ။

သို့သော် (ရပညဖ)နှင့်(ရတစညဖ)စသည့်အဖွဲ့အစည်းများ၏ ခွဲထွက်ရေးမူကို မထောက်ခံနိုင်ပါ။

(ရပညဖ)နှင့်(ရတစညဖ)တို့ ခွဲထွက်၍ တည်ထောင်မည့်ပုံစံမှာ စော်ဘွားများ သူတနယ်ငါတမင်း ထင်ရာစိုင်းအုပ်စိုးမည့်အမေရိကန်လက်အောက်ခံ ရှမ်းပြည်နယ်မျိုးပင်ဖြစ်လိမ့်မည်။

ယင်းသို့ ခွဲထွက်ခြင်းမျိုးကို ကျွန်တော်သည် ခွဲရေးသမားတဦးအနေနှင့်ပင် ပြင်းပြင်းထန်ထန် ကန့်ကွက်ရပေလိမ့်မည်။

## ခွဲထွက်လိုသောမူ။

ကျွန်တော်၏ ခွဲထွက်လိုသောမူမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ရှမ်းပြည်သည် သီးခြားနိုင်ငံထူထောင်နိုင်သော အခြေအနေတွင် ရှိသည်။

၂။ ရှမ်းပြည်၏ ပထဝီရေမြေဒေသအရင်း မြေပေါ်မြေအောက် သယံဇာတပစ္စည်းများအရင်း၊ ခေတ်မီတိုးတက်သော နိုင်ငံတနိုင်ငံဖြစ်လာနိုင်သည်။

၃။ ရှမ်းပြည်သည် ဗမာပြည်နှင့်ဆက်လက်တွဲဘက်နေ၍ ဘယ်နည်းနှင့်မျှ အကျိုးမရှိတော့ဟု နောက်ဆုံးယူဆသည့်အခါ အောက်ပါသဘောထားများအရ ခွဲထွက်၍ အချုပ်အချာအာဏာပိုင် လွတ်လပ်သော ပြည်သူ့သမ္မတနိုင်ငံ ထူထောင်မည်။

(က) ခွဲထွက်ခြင်းသည် ပြင်ပပယောဂကင်းရမည်၊ ပြင်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများ လုံးဝကင်းရမည်။

(ခ) ခွဲထွက်ခြင်းဖြင့် ပဒေသရာဇ်နှင့်နယ်ချဲ့သမားများ၏ အာဏာစက်အတွင်းသို့ မသင်ဆင်းစေရ။

(ဂ) ရှမ်းပြည်သည် နိုင်ငံတကာနှင့်တန်းတူရည်တူဖြစ်၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့်နိုင်ငံ ဖြစ်စေရမည်။

ကျွန်တော်တို့သည် အခြေခံအားဖြင့် ခွဲရေးသမားများဖြစ်သော်လည်း ကျွန်တော်တို့မခွဲထွက်ချင်အောင် ဗိုလ်ချုပ်အောင်ဆန်း ပြောသကဲ့သို့ ဗမာပြည်မက လုပ်ပြရပေလိမ့်မည်။ ရှမ်းပြည်နယ် ခေတ်မီတိုးတက်ကြီးပွားအောင် ဆောင်ရွက်ပေးရန် လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအပေါ်တွင် အဓိကတာဝန်ရှိလေသည်။

အခြေခံဥပဒေ၏ ပြည်နယ်ဥပဒေပြုစာရင်းနှင့် အခွန်တော်စာရင်းများကိုကြည့်လျှင်

E-book is created by *shanyoma*

ပြည်နယ်များသည် တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဘာတခုမျှ မလုပ်နိုင်သည်ကို တွေ့ရမည်။

ပြည်နယ်ဥပဒေပြု စာရင်းစီးပွားရေးကိစ္စများတွင် ပြည်နယ်များသည် လယ်ယာစိုက်ပျိုးရေးကိစ္စလောက်သာ ဆောင်ရွက်နိုင်သည်။

ပြည်နယ်အခွန်တော်စာရင်းတွင် ပြည်နယ်များအတွင်း၏ အဓိကဝင်ငွေမှာ မြေခွန်တော်နှင့်သစ်တောခွန်များသာဖြစ်ပြီး၊ ပြည်ထောင်စုမှ ပေးသော ထောက်ပံ့ငွေများပေါ် အဓိကမှီခိုနေရသည်။

အခြေခံဥပဒေအရ ပြည်နယ်များက ကောက်ခံနိုင်သော အခွန်တော်ငွေများမှာ ပြည်နယ်များ တိုးတက်ကြီးပွားရေးအတွက် မဆိုထားဘိ၊ ပြည်နယ်အစိုးရ၏ သာမန်အသုံးစရိတ်အတွက်ပင် မလုံလောက်ပေ။

၁၉၅၆–၅၇ ခုနှစ်အတွက် ခန့်မှန်းခြေများ။

| ပြည်နယ်အမည် | ပြည်နယ်တွင်းအခွန်တော်ရငွေ | သာမန်အသုံးစရိတ် |
|---|---|---|
| ရှမ်းပြည်နယ် | ၄၁,၂၇,၃၄ဝ | ၁၇၂,၁၁,ဝဝဝ |
| ကချင်ပြည်နယ် | ၃၉,ဝ၄,၂၃ဝ | ၁၂ဝ,၆၉,ဝဝဝ |
| ကယားပြည်နယ် | ၅,ဝ၆,၃၉ဝ | ၂၉,၃၈,ဝဝဝ |
| ကရင်ပြည်နယ် | ၂ဝ,ဝ၈,၄၃ဝ | ၆၉,၁၆,ဝဝဝ |

"ပြည်ထောင်စုမှ ပေးသောထောက်ပံ့ငွေများ"ထည့်ပေါင်းသော်လည်း ပြည်နယ်အစိုးရများ၏ သာမန်အသုံးစရိတ်ကို မကာမိသေးပေ။

| ပြည်နယ်များ | ၁၉၅၆–၅၇ ပြည်ထောင်စုမှပေးသော ထောက်ပံ့ငွေများ |
|---|---|
| ရှမ်းပြည်နယ် | ၁၂၅,ဝဝ,ဝဝဝ |
| ကချင်ပြည်နယ် | ၇၅,ဝဝ,ဝဝဝ |
| ကယားပြည်နယ် | ၂ဝ,ဝဝ,ဝဝဝ |
| ကရင်ပြည်နယ် | ၃၈,ဝဝ,ဝဝဝ |

ပြည်ထောင်စုမှထောက်ပံ့ငွေများမှာ အမှန်စင်စစ် ထောက်ပံ့ငွေမဟုတ်ပေ။ ပြည်ထောင်စုအစိုးရက ဗဟိုချုပ်ကိုင်ထားသော ဆိပ်ကမ်းအကောက်တော်ခွန် ယစ်မျိုးခွန် သိန်းထီအမြတ်တော်ခွန်အစရှိသည့်အခွန်တော်ငွေများမှ ပြည်နယ်များက အချိုးကျရသင့်ရထိုက်သော ငွေများသာဖြစ်သည်။

ယခုအခါ ထိုထောက်ပံ့ငွေများကို မည်သည့်အခြေခံမှု မည်သည့်အချိုးအစားအရ ခွဲ

E-book is created by shanyoma

ဝေပေးနေသည်ကို မသိရဘဲ ပြည်ထောင်စုအစိုးရ၏ စိတ်ဆန္ဒအရ စေတနာရှိသလောက် ခွဲဝေပေးနေသည်ကို တွေ့မြင်ရသည်။

ထို့ကြောင့် ထိုထောက်ပံ့ကြေးများကို ကျွားသနားမှ န္တားချမ်းသာသည် ထောက်ပံ့ကြေးများဟု ကျွန်တော်က **"ရှမ်းပြည်ဘယ်လဲ"**စာအုပ်တွင် ခေါ်ဆိုခဲ့ပါသည်။

၎င်းထောက်ပံ့ကြေးများကိုသာ အမှီပြု၍ ပြည်နယ်များ၏ ဖွံ့ဖြိုးရေးတိုးတက်ကြီးပွားရေးအတွက် ဆောင်ရွက်ရမည်ဆိုလျှင် ကမ္ဘာမြေကြီးပျက်ပြုန်းသွားမည့်ပြည်နယ်များကား၊ မည်သည့်အခါမှ တိုးတက်ကြီးပွားလာမည်မဟုတ်ပေ။

ပြည်နယ်ဖွံ့ဖြိုးအောင် တိုးတက်ကြီးပွားအောင် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရတွင် လုံးလုံးလျားလျား တာဝန်ရှိနေပေသည်။

စာတိုက်ကြေးနန်း မီးရထားလမ်း ကားလမ်းအစရှိသည့်ခေတ်မီလမ်းပန်းဆက်သွယ်ရေး၊ ခေတ်မီစိုက်ပျိုးရေး၊ ဓာတ်သတ္တုတူးဖေါ်ရေး၊ စက်မှုလက်မှုလုပ်ငန်းထူထောင်ရေးစသည့်စီးပွားရေး၊ အထက်တန်းစက်မှုလက်မှုနှင့်အခြားသက်မွေးဝမ်းကြောင်းပညာရေး ကောလိပ်နှင့် တက္ကသိုလ်ပညာရေးများ ပြည်နယ်များတွင် တည်ထောင်ပေးရမည်။

တည်ရှိနေသော သယံဇာတပစ္စည်းများအရ ဒေသအလိုက် လုပ်ငန်းကြီးများ တည်ထောင်ပေးရမည်။ ဥပမာ – ရှမ်းပြည်နယ် တောင်ကြီးမြို့အနီးမှ တူးယူသော သံနှင့်သွပ်သတ္တုများကို မိုင်ပေါင်း ၄၀၀–ကျော် ကွာဝေးသည့်ရန်ကုန်မြို့သို့သယ်ယူပြီး ရန်ကုန်မြို့အနီး သံရေကျိုရုံတည်ဆောက်ခြင်း သံမဏိလုပ်ငန်းလုပ်ခြင်းမျိုး မဖြစ်စေရ။

အဆိုပါဒေသအလိုက် တည်ထောင်သောလုပ်ငန်းမှရသော အမြတ်ငွေများကို သက်ဆိုင်ရာ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဓိကသုံးစွဲပေးရမည်။

ထိုမျှမက ပြည်နယ်များတွင် (အထူးသဖြင့် ရှမ်းပြည်နယ်)တိုးတက်ကြီးပွားရေးအတွက် လူမှုအတားအဆီးများ(ပဒေသရာဇ်အုပ်ချုပ်ရေးစံနစ်)တည်ရှိနေသည်ကို ဖျက်သိမ်းပေးရမည်။

ဤလုပ်ငန်းများဖြင့်သာ ပြည်နယ်များ မခွဲထွက်ချင်အောင် ပြည်ထောင်စုက လုပ်ပြသည်မည်ပေလိမ့်မည်။

ယနေ့ ပြည်ထောင်စုအစိုးရ၏ တာဝန်ကို ထမ်းရွက်နေသော ဖဆပလဆိုရှယ်လစ်အစိုးရသည် မိမိတို့ခေါင်းရှောင်လိုသောကိစ္စမျိုးဆိုလျှင် "ဒါက ခင်ဗျားတို့ ပြည်တွင်းရေးကိစ္စ၊ ကျုပ်တို့နဲ့ မဆိုင်ဘူး၊ ကျုပ်တို့ ဝင်မရှုပ်ချင်ဘူး"ဟု ပြောလေ့ရှိသည်။ လုပ်ချင်သည့်ကိစ္စဆိုလျှင် မည်သည့် ဂုဏ်သိက္ခာကိုမှ မထောက်ထား ဇွတ်တရွတ်လုပ်ကိုင်လေ့ရှိသည်။ (ဥပမာ ၁၉၅၂–ခုနှစ်၊ ရှမ်းပြည်နယ်စစ်အုပ်ချုပ်ရေးဥပဒေ၊ ၁၉၅၆–ခု၊ ဗမာ–အင်္ဂလိပ်ရေးလ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်။)

E-book is created by *shanyoma*

## အဓိကဘာလဲ။

ရှမ်းပြည်နယ် ခွဲရေး–တွဲရေးပြဿနာတွင် ကိုယ်ကျိုးအခွင့်အရေး ပြင်ပပယောဂမပါဘဲ နိုင်ငံရေးအရ အခြေခံကျကျလေ့လာလျှင် နယ်မြေခွဲရေးတွဲရေးသည် အဓိကမဟုတ်ပေ။ ရှမ်းပြည်နယ် တိုးတက်ကြီးပွားရေးသာလျှင် အဓိကဖြစ်သည်။

ခွဲထွက်၍ ရှမ်းပြည်နယ်ကြီးပွားတိုးတက်ရေး တွဲဘက်၍ ရှမ်းပြည်နယ်ကြီးပွားတိုးတက်ရေးသည်သာ ရိုးသားသော ခွဲရေးတွဲရေးသမားများ၏ အဓိကအကြောင်းရင်းဖြစ်သည်ကို ပြည်ထောင်စုသားတိုင်း သိထားသင့်ပါသည်။

“အမျိုးသားစည်းလုံးရေး”“ပြည်ထောင်စုတည်မြဲရေး”ဟူသောဂါထာကို တဖွဖွ မန်းမှုတ်နေရုံမျှဖြင့် ခွဲထွက်ရေးပြဿနာသည် မပပျောက်သွားနိုင်ပေ။ ခွဲထွက်ဝံ့မည်မဟုတ်ဟုလည်း ယုံကြည်စိတ်ချနေ၍မဖြစ်။ နွားကွဲလျှင် ကျားကိုက်မည်ဆိုသောစကားပုံကို ရေလဲနှင့်သုံး၍ ခြိမ်းခြောက်နေ၍လည်း မပြီး။

ဗိုလ်ချုပ်အောင်ဆန်း၏ သစ္စာစကားကဲ့သို့ မခွဲထွက်ချင်အောင် လုပ်ငန်းများဖြင့်သာ ပြည်ထောင်စုအစိုးရက လုပ်ပြရလိမ့်မည်ဖြစ်သတည်း။

ပြည်ထောင်စုသားတိုင်း တပြေးညီစွာ တိုးတက်ကြီးပွားသော ပြည်ထောင်စုကြီး တည်မြဲပါစေ။

တောင်ကြီးမြို့၊
၁၉၅၇–ခုနှစ်၊ ဇန္နဝါရီလ(၂၃)ရက်နေ့။
ထွန်းမြင့်



E-book is created by shanyoma

E-book is created by *shanyoma*

# ရှမ်းပြည်နယ်၏နစ်နာချက်များ

၁၉၅၇–ခုနှစ်၊ စက်တင်ဘာလ ၂၉–ရက်နေ့
ရန်ကုန်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပသော
လူမျိုးစုပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲကြီးတွင်
ရှမ်းပြည်နယ် ကိုယ်စားလှယ်များ တင်ပြသည့်
ရှမ်းပြည်နယ်၏ နစ်နာချက်များ။

သဘာပတိမင်းနှင့်တကွ ကြွရောက်လာကြတဲ့သံဃာတော်အရှင်မြတ်များ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ အမတ်မင်းများ၊ ပြည်နယ်အသီးသီးမှ လူမျိုးစုသွေးချင်း ညီရင်းအစ်ကို ကိုယ်စားလှယ်တော်များကို ကျွန်တော် ဒီနေရာကနေပြီး ဂါရဝပြုလိုက်ပါတယ်။ လှိုက်လှဲစွာ ကျေးဇူးတင်ကြောင်းလဲ ပြောလိုပါတယ်။

ပြီးတော့ ကျွန်တော်ဟာ အတိုင်းအဆမရှိအောင်ဘဲ ဂုဏ်ယူအားတက်မိပါတယ်။ ကျွန်တော်ဘာဖြစ်လို့ ဒီလောက်တောင် ဂုဏ်ယူအားတက်မိသလဲဆိုတာကို တင်ပြလိုပါတယ်။ ပထမအချက်ကတော့ ခုလို ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်းမှာ မော်ကွန်းတင်ကျန်ရစ်ခဲ့မဲ့ လူမျိုးပေါင်းစုံတွေ့ဆုံဆွေးနွေးပွဲကြီးမှာ ကျွန်တော်ဟာ ရှမ်းပြည်တိုင်းရင်းသားတဦးအနေနဲ့ ပါဝင်ပြီး ကနေ့ရှမ်းပြည်မှာ ခံစားနေရတဲ့နစ်နာချက်များကို ပွင့်လင်းစွာ တင်ပြဆွေးနွေးခွင့်ရလို့ ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ဂုဏ်ယူအားတက်မိတာကတော့ ပြည်နယ်အသီးသီးမှ လူမျိုးစုသွေးချင်းညီအစ်ကိုများနဲ့ ကျွန်တော်ဟာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ကျွန်တော့်နည်းတူ တခြားလူမျိုးစုအသီးသီးမှ ကိုယ်စားလှယ်တော်များကလဲ ဂုဏ်ယူအားတက်မိကြလိမ့်မယ်လို့ ကျွန်တော်လုံးဝယုံကြည်ပါတယ်။

အဲသလို ကျွန်တော် ဂုဏ်ယူအားတက်မိနေယင်း တချိန်ထဲမှာဘဲ လွန်ခဲ့တဲ့ ၁၀–နှစ်ကျော်လောက်က ပထမဦးစွာ ခုလို လူမျိုးစုပေါင်းစုံတွေ့ဆုံဆွေးနွေးခဲ့တဲ့အဖြစ်ကို ကျွန်တော်ပြန်ပြောင်းသတိရမိပါတယ်။ အဲဒီပထမအကြိမ်တွေ့ဆုံခဲ့ခြင်းကတော့ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ လူမျိုးစုခေါင်းဆောင်ကြီးများ စုစည်းပြီး ၁၉၄၇–ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၂ ရက် ရှမ်းပြည်ပင်လုံမြို့မှာ ခြိမ့်ခြိမ့်သဲသဲ အောင်မြင်စွာ ကျင်းပခဲ့တဲ့မော်ကွန်းတင် ပင်လုံညီလာခံကြီးပါဘဲ။ အဲဒီပင်လုံညီလာခံကြီးမှာဘဲ ကျွန်တော်တို့လူမျိုးစုညီအစ်ကိုတတွေဟာ တွေ့ဆုံရင်းနှီးပြီး ခိုင်မြဲတဲ့သွေးစည်းညီညွတ်မှုကြီးကို အရတည်ဆောက်ခဲ့ကြပါတယ်။ အခု ဒီဆွေးနွေးပွဲကြီးကလဲ အလားတူ ခိုင်မာတဲ့လူမျိုးစုပေါင်းစုံ သွေးစည်းညီညွတ်မှုကို ပြန်လည်အသက်သွင်းပေးနိုင်လိမ့်မည်လို့ ကျွန်တော် နှစ်နှစ်ကာကာ ယုံကြည်ပါတယ်။

သဘာပတိနဲ့ဘဝတူလူမျိုးစုကိုယ်စားလှယ်တော်များခင်ဗျား။

ရှမ်းပြည်နယ်မှာ ကနေ့ တွေ့ကြုံခံစားနေရတဲ့နစ်နာချက် အဖြစ်အမှန်တွေကို မတင်ပြမီ အတိတ်က ရာဇဝင်ကို အနည်းငယ် တင်ပြပါရစေ။

E-book is created by *shanyoma*

## အတိတ်ရာဇဝင်ပိုင်း။

အတိတ်ရာဇဝင်ကို ပြန်လည်ဆန်းစစ်လိုက်တဲ့အခါမှာ ရှမ်းပြည်သူတွေဟာ ရာဇဝင်တလျှောက်လုံး"သူ့ကျွန်"ဖြစ်ခဲ့ရတဲ့ဖြစ်အင်ကို ဝမ်းနည်းကြေကွဲဘွယ်ရာ တွေ့မြင်ခဲ့ရပါတယ်။

မြန်မာဘုရင်တွေ အုပ်စိုးစဉ်အခါမှာ ရှမ်းပြည်စော်ဘွားမြို့စားများဟာ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ သမီးကညာဆက်သကာ ခစားခဲ့ရပါတယ်။ ရှမ်းပြည်သူတွေလဲ မြန်မာဘုရင်တို့ရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးများဖြစ်ခဲ့ရတယ်။ ဘုရင်မင်းတို့ အချင်းချင်း နယ်ပယ်လုတဲ့ စစ်ပွဲများမှာဘဲ ဖြစ်ဖြစ်၊ ယိုးဒယား၊ မဏိပူရစတဲ့နိုင်ငံချဲ့စစ်ပွဲများမှာဘဲဖြစ်ဖြစ်ပါဝင်တိုက်ခိုက်အမှုထမ်းခဲ့ရပါတယ်။

သီပေါဘုရင် ပါတော်မူတဲ့တချိန်ထဲမှာဘဲ ရှမ်းပြည်ဟာ ဗမာပြည်နဲ့အတူ ဗြိတိသျှနယ်ချဲ့လက်အောက်သို့ ကျရောက်ခဲ့ရတယ်။ ၁၉၄၂–ခုနှစ်မှာ ဖက်ဆစ်ဂျပန် မြန်မာပြည်ကို သိမ်းစဉ်အခါမှာလဲ ရှမ်းပြည်ဟာ တခါထဲ ဂျပန်လက်အောက်ကို ရောက်ခဲ့ရပြန်တယ်။ တဖန် ဂျပန်ဖက်ဆစ်တို့အား ဗမာပြည်မမှ ရဲဘော်များနှင့်အတူ တိုက်ထုတ်လိုက်တဲ့အခါ ရှမ်းပြည်မှာလဲ နိုင်ငံရေးအရ နိုးကြားလာတာ တွေ့ရပါတယ်။ ကျွန်ဘဝကို ရွံ့မုန်းလာတယ်။ လွတ်လွတ်လပ်လပ် နေထိုင်လိုတယ်။ ကိုယ့်ကြမ္မာကို ဖန်တီးလာကြတယ်။

ဒါပေမဲ့ လွတ်လပ်ရေး အဆောတလင် လိုလားတဲ့ရှမ်းပြည်သူတွေဟာ စည်းရုံးမှုအင်အား မကောင်းသေးတာကို တွေ့ရပါတယ်။ မဟာမိတ်လိုက်ရှာတဲ့အခါ ကံတူအကျိုးပေးဖြစ်တဲ့ မြန်မာပြည်သူတို့ကို တွေ့ရပါတယ်။ မြန်မာပြည်လဲ ရှမ်းပြည်နဲ့အတူ ဗြိတိသျှနယ်ချဲ့လက်အောက်မှာ နှစ်ပေါင်းတရာလုံးလုံး စုံးစုံးမြှုပ်နေတဲ့အခါမှာ စီးပွားရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံတို့ဟာလဲ တဦးနှင့်တဦး နီးစပ်ခဲ့ပါတယ်။ ဗြိတိသျှနယ်ချဲ့သမားများဟာ ရှမ်းနှင့်မြန်မာ၊ မြန်မာနှင့်ကချင်စတဲ့တိုင်းရင်းသားတွေကို သွေးခွဲထားခဲ့တယ်။ ဒီနယ်ချဲ့အန္တရာယ်ကို တိုက်ဖျက်ဘို့ တောင်တန်းသားများနဲ့ပြည်မက တိုင်းရင်းသားများ သွေးစည်းညီညွှတ်ကြမှသာ လွတ်လပ်ရေးကို တိုက်ယူနိုင်ကြောင်း သဘောပေါက်လာပါတယ်။ တကွဲတပြားစီ တိုက်ယူမဲ့အစား စုရုံးပေါင်းစည်းပြီး တိုက်ယူဘို့ သဘောပေါက်လာကြတယ်။

အဲဒါကြောင့် ၁၉၄၇–ခု၊ ဖေဖော်ဝါရီလအတွင်း ရှမ်းပြည် ပင်လုံမြို့မှာ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ တွေ့ဆုံစည်းဝေးကာ ညီညွှတ်မှုကို တည်ထောင်ခဲ့ပါတယ်။ အဲဒီတုန်းက လူမျိုးစုတို့ရဲ့သံသယတခုဟာ နယ်ချဲ့ကို မောင်းထုတ်ပြီးတဲ့အခါ မြန်မာတို့က ရှမ်း၊ ချင်း၊ ကချင်၊ ကရင်စတဲ့လူမျိုးစုတို့အပေါ် နိုင်ငံရေးအရသော်၎င်း၊ အုပ်ချုပ်ရေးအရသော်၎င်း၊ စီးပွားရေးအရသော်၎င်း၊ နယ်ချဲ့အင်္ဂလိပ်ထက် ဖိနှိပ်စော်ကားမှာစိုးတဲ့သံသယဘဲ ဖြစ်ပါတယ်။ ရှင်းရှင်းပြောရမယ်ဆိုယင် **ရှမ်းပြည်လူထုတရပ်လုံး လိုချင်တဲ့လွတ်လပ်ရေးဟာ ဗြိတိသျှအစား မြန်မာကို ပခုံးပြောင်းတဲ့လွတ်လပ်ရေးမျိုး မဟုတ်ပါ။**

အဲဒီလို လူမျိုးငယ်တို့ဟာ မြန်မာလူမျိုးတို့အပေါ် မယုံမကြည် ဖြစ်နေတဲ့အတွက် ပင်လုံ

E-book is created by *shanyoma*

ညီလာခံမှာ ဗိုလ်ချုပ်အောင်ဆန်းက စိတ်ရှည်လက်ရှည်နဲ့ အချိန်အတော်ကြာအောင် ရှင်းလင်းခဲ့ပါတယ်။ အဲဒီအခါမှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ ဖ–ဆ–ပ–လနိုင်ငံရေးပါတီနဲ့အခြားတိုးတက်တဲ့ နိုင်ငံရေးခေါင်းဆောင်များက အောက်ပါအတိုင်း သဘောတူပြောဆိုကတိပြုခဲ့ပါတယ်။

**၁။ ယခုယာယီပူးပေါင်းရေးသည် နောင်ပူးပေါင်းရေး ခွဲထွက်ရေးကို မထိခိုက်စေရ။**
**၂။ နောင်ပူးပေါင်းခဲ့သော်လည်း ခွဲထွက်လိုက ပြန်ခွဲထွက်နိုင်ခွင့် ရှိစေရမည်။**
**၃။ တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ပြီးနောက် မပူးပေါင်းနိုင်သေးလျှင် ပူးပေါင်းလိုတဲ့အခါ ပူးပေါင်းနိုင်ရန် လမ်းဖွင့်ပေးထားမည်။**
**၄။ ရှမ်းပြည် ပြည်တွင်းအုပ်ချုပ်မှုမှာ လုံးဝလွတ်လပ်ခွင့်ရှိရမည်။**
**၅။ ရှမ်းစသော လူမျိုးစုတို့၏ စာပေယဉ်ကျေးမှုများကို မစော်ကား မထိခိုက်ပါ။**

ဒီထက်တော့ ဘယ်သူမှ သဘောထားမကြီးနိုင်ဘူးဆိုတာကို အဲဒီအခါက လူမျိုးစုများယုံကြည်ခဲ့တယ်။ ဒီစေတ်မီတဲ့သဘောထားကို လူမျိုးငယ်များက လှိုက်လှဲစွာ ထောက်ခံခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့စကားများကို သဘောရိုးသားစွာနဲ့ လူမျိုးငယ်များ ယုံကြည်ခဲ့တယ်။ အခြားပြည်မနိုင်ငံရေးခေါင်းဆောင်များကိုလဲ ဗိုလ်ချုပ်အောင်ဆန်းနည်းတူ သန့်စင်သော သဘောရှိမယ်လို့ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ ယခုတော့ ကျွန်တော်တို့ သဘောရိုးသားစွာနဲ့ပြည်မခေါင်းဆောင်ကြီးများကို သိမ်းကျုံးယုံကြည်ခဲ့ခြင်းဟာ ကျနော်တို့ရဲ့မဟာအမှားကြီးဖြစ်ခဲ့ပါလားဆိုတာ ယနေ့ပြည်နယ်မှာ ခံစားနေရတဲ့အခြေအနေက သက်သေပြလျက်ရှိပါတယ်။

လူမျိုးငယ်များဟာ ကျနော် အစီရင်ခံခဲ့သလို ပြည်မခေါင်းဆောင်များရဲ့ကတိစကားများကို သဘောရိုးသားစွာနဲ့ယုံကြည်ကိုးစားထားပြီး နယ်ချဲ့အင်္ဂလိပ်ကို အတူလက်တွဲတိုက်ထုတ်ရန် သဘောတူပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ပါတယ်။

ပင်လုံစာချုပ်မှာ အောက်ပါအဓိကအချက်များ ပါဝင်ကြောင်း ညွှန်ပြပါရစေ။

**"၅။ နယ်ခြားဒေသများအတွက် ပြည်တွင်းအုပ်ချုပ်မှုတွင် လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို မူအားဖြင့် လက်ခံသည်။**

**၇။ ဒီမိုကရေစီနိုင်ငံများတွင် သတ်မှတ်ထားသော အခြေခံအကျိုးနှင့်အခွင့်အရေးများကို နယ်ခြားဒေသရှိ တိုင်းရင်းသားများတို့က ခံစားရမည်။**

**၈။ ဤစာချုပ်တွင် လက်ခံပြီးသော အစီအစဉ်များသည် ပဒေသရာဇ်ရှမ်းပြည်၏ ယခုရရှိထားသော ကိုယ်ပိုင်ဘဏ္ဍာရေးရာအုပ်ချုပ်မှုကို ထိခိုက်မည် မဟုတ်**"ဟု အဓိကအားဖြင့် ဆိုထားပါသည်။

ခွဲထွက်ခွင့်နှင့်ပတ်သက်လို့လဲ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ပြည်နယ်များကို "**ခွဲထွက်ခွင့်ပေးရမယ်၊ မခွဲထွက်ချင်အောင် လုပ်ပြရမှာက ကျုပ်တို့တာဝန်**"လို့ရှင်းလင်းပြတ်သားစွာ မိန့်ကြားခဲ့ပါတယ်။

E-book is created by *shanyoma*

E-book is created by *shanyoma*

ကြီးနိုင်ငယ်ညှဥ်းဆဲဝါဒကို ရှမ်းပြည်သူ ပြည်သားများအပေါ် မှာ မကျင့်သုံးဘို့ကိုလဲ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရှမ်းပြည်ရှိ မြန်မာလူမျိုးများအား မိန့်ကြားခဲ့ပါတယ်။ **“ရှမ်းပြည်မှာနေတဲ့ဗမာတွေ၊ ရှမ်းအမျိုးသားများနဲ့ချစ်ချစ်ခင်ခင် ညီရင်းအစ်ကိုလို နေထိုင်သွားကြပါ။ အနိုင်မကျင့်ချင်ကြပါနဲ့၊ အနိုင်ကျင့်မယ်ကြံရင် ကျုပ်နဲ့အရင် အိုးစားကွဲရလိမ့်မယ်**”လို့ပြတ်သားစွာပြောခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲစဉ်က ခွဲထွက်နိုင်တဲ့အခွင့်အရေးအခဏ်းမှာ “ဤအခြေခံဥပဒေအာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်း ခွဲထွက်နိုင်သောအခွင့်အရေးကို အသုံးမပြုရ”ဟု ပုဒ်မ ၂၀၂–ကို ထည့်သွင်းတဲ့အခါ ကျနော်တို့ရဲ့ကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြပါတယ်။

ဘာပြုလို့ကန့်ကွက်ရသလဲဆိုတော့ ပြည်ထောင်စုသဘောတရားများကို ထိခိုက်လို့ပါဘဲ။ လူမျိုးစုတို့ရဲ့အခွင့်အရေးကို ချုပ်ချယ်ထိပါးလို့ကန့်ကွက်ခဲ့ပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့က ထိုစဉ်အခါမှာ ကမ္ဘာ့အခြေအနေ၊ နိုင်ငံရဲ့လွတ်လပ်ရေးအခြေအနေကို ရှင်းပြပြီး၊ ၁၀–နှစ်ကာလအတွင်း ၅–နှစ်စီမံကိန်း ၂–ခုလောက်ဂဃနဏလုပ်ပြီး ပြည်ထောင်စုတဝှမ်းလုံးရဲ့ကြီးပွားတိုးတက်ရေးကို လက်ဆုပ်လက်ကိုင်ပြပါရစေ၊ အဲသလို ၁၀–နှစ်လောက်လုပ်ပြပြီးမှ ကျေနပ်မှုမရှိလျှင် သဘောအတိုင်း ခွဲထွက်ကြပါလို့ စိတ်ထိခိုက်လောက်အောင် ရိုးသားစွာ တင်ပြပြောဆိုတဲ့အတွက် ၁၀–နှစ်ကန့်သတ်ခြင်းကို လိုက်လျောသဘောတူခဲ့ကြပါတယ်။

ဒီနည်းနဲ့ ရှမ်းပြည်ဟာ ဗမာပြည်နှင့်ပူးပေါင်းသွေးစည်းကာ ရှမ်းရော ဗမာပါ ဗြိတိသျှနယ်ချဲ့ထမ်းပိုးအောက်က လွတ်မြောက်လာခဲ့ကြပါတယ်။ ယနေ့ဆိုယင် ၁၀–နှစ်ပြည့်မြောက်လာခဲ့ပါပြီ။ ဒီဆယ်နှစ်ကာလအတွင်း ပူးပေါင်းခဲ့ခြင်းရဲ့အရှုံးအမြတ်စာရင်းကို စီစစ်ဝေဖန်ရန်လိုလာပြီလို့ ကျနော်ယူဆပါတယ်။

**ဒီ ၁၀–နှစ်အတွင်း ပူးပေါင်းလာခဲ့တာဟာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအရှုံးအမြတ်ဇယားကို နယ်ချဲ့လက်အောက်ခံကိုလိုနီဘဝတုံးက အခြေအနေများနဲ့ နှိုင်းယှဉ်ပြီး အကြမ်းအားဖြင့် ဝေဖန်စီစစ်တင်ပြသွားပါမယ်။**

အဲသလို ဝေဖန်စီစစ်ရာမှာ **(၁) ကျွန်တော်တို့မှာ တန်းတူညီမျှတဲ့အခွင့်အရေး ရ မရ၊ (၂) လုံးဝလွတ်လပ်တဲ့ပြည်နယ်တွင်း ကိုယ်ပြဌာန်းခွင့် ရှိ မရှိဆိုတဲ့ အဓိကမူ ၂–ရပ်ပေါ်မှာ အခြေခံပြီး ဝေဖန်စီစစ်သွားပါမယ်။**

### နိုင်ငံရေး။

ပဌမဆုံး လူမျိုးစုလွှတ်တော် ဖွဲ့စည်းပုံမှုမမှန်ပုံကို အလျဉ်းသင့်လို့ တင်ပြပါရစေ။ ဒီမူမမှန်တဲ့အခြေခံဥပဒေကြောင့် ရှမ်းပြည်သူတို့ ရသင့်ရထိုက်တဲ့ဒီမိုကရေစီအခွင့်အရေးဟာ ဆိတ်

သုဉ်းဆုံးရှုံးခဲ့ရပါတယ်။

အားလုံးသိကြတဲ့အတိုင်းဘဲ၊ ကျနော်တို့ ပြည်ထောင်စုပါလီမန်မှာ ပြည်သူ့လွှတ်တော်၊ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော် ၂–ရပ်ရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်မှာ လူဦးရေးအချိုးအစားအလိုက် ရွေးကောက်တင်မြှောက်ရတဲ့အတွက် ဗမာက လူများစုအမတ်နေရာ ရပါတယ်။ တကယ်လို့ ဒီလွှတ်တော် တရပ်ထဲသာရှိယင် အများစုဖြစ်တဲ့ဗမာတို့က အချိန်မရွေး မဲနိုင်နေတာမို့ အခြားလူမျိုးစုတို့မှာ ကိုးကွယ်ရာမရ ဖြစ်နေကြပါလိမ့်မယ်။ အဲဒါကြောင့် လူမျိုးစုတို့ရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဘို့ လူမျိုးစုလွှတ်တော်ကို ထားရှိရပါတယ်။ အဲဒါအင်မတန်သမ္မာသမတ်ကျတဲ့အချက်ဖြစ်ပါတယ်။ ဒါပေမဲ့ လူမျိုးစုလွှတ်တော်ဟာ လူမျိုးစုတို့ရဲ့အခွင့်အရေးကို အဟုတ်အမှန် ကာကွယ်စောင့်ရှောက်နိုင်ပါရဲ့လားဆိုတာ ဆန်းစစ်ကြည့်ကြပါ။ ရှေးဦးစွာ လူမျိုးစုလွှတ်တော်ဖွဲ့စည်းပုံကို စစ်ဆေးလိုက်ယင် မူမမှန်တာကို တွေ့ရပါတယ်။ ဥပမာ – ပုဒ်မ ၁၅၄ (၂)အရ လူမျိုးစုလွှတ်တော်မှာ ပါဝင်တဲ့ရှမ်းပြည်နယ်ဆိုင်ရာ အမတ်အားလုံးကို ရှမ်းပြည်နယ်စော်ဘွားများဟာ မိမိတို့စော်ဘွားများထဲမှ ရွေးကောက်တင်မြှောက်ကြရပါတယ်။ စော်ဘွားများဟာ ပြည်သူ့လွှတ်တော်မှာ အမတ်ဖြစ်နိုင်ခွင့် မရှိပါ။

လူမျိုးစုလွှတ်တော်မှာ ရှမ်းပြည်မှ အမတ် ၂၅–နေရာ ရပါတယ်။ ဒါပေမဲ့ အဲဒီအမတ် ၂၅–ဦးကို ပြည်သူတို့က သဘောအလျောက် မဲဆန္ဒဖြင့်ရွေးကောက်တင်မြှောက်ခွင့်မရဘဲ စော်ဘွားများထဲမှ သူတို့နှစ်သက်ရာ ၂၅–ဦးကို ရွေးကောက်တင်မြှောက်ကြရပါတယ်။ ဒါကို ထောက်ခြင်းအားဖြင့် (၁)လူမျိုးစုလွှတ်တော်မှာ ရှမ်းပြည်မှ စစ်မှန်သောပြည်သူ့ကိုယ်စားလှယ်များကို မတင်မြှောက်နိုင်ပါ၊ ပြည်သူတို့အနေနဲ့ ဒီမိုကရေစီအခွင့်အရေးဆုံးရှုံးခဲ့တယ်။ (၂)စော်ဘွားများဟာ လူမျိုးစုလွှတ်တော်ကို တက်ခွင့်ရပေမဲ့ ပြည်သူ့လွှတ်တော်ကို တက်ခွင့်မရတဲ့အတွက် နိုင်ငံတော်သားတဦးအနေနဲ့ ဒီမိုကရေစီအခွင့်အရေး ဆိတ်သုဉ်းဆုံးရှုံးခဲ့တယ်။ အမှန်မှာ လူမျိုးစုလွှတ်တော်အမတ်များကိုလဲ ရှမ်းပြည်တပြည်လုံးမှ စော်ဘွားရော ပြည်သူပါ ဒီမိုကရေစီကျကျမဲဆန္ဒနဲ့ရွေးကောက်တင်မြှောက်ပြီး စော်ဘွားများကိုလဲ ရွေးကောက်ခြင်းခံရယင် ပြည်သူ့လွှတ်တော်ကို တက်ရောက်ခွင့်ပြုသင့်ပါတယ်။ ဒါဟာ လူမျိုးစုလွှတ်တော် ဖွဲ့စည်းပုံ မူမမှန်ပုံဖြစ်ပါတယ်။

ဒီကမှတဆင့် ပြည်နယ်ဥက္ကဋ္ဌ ခန့်အပ်ရေးနဲ့ပတ်သက်ပြီး တင်ပြလိုပါတယ်။ အခြေခံဥပဒေပုဒ်မ(၁၆၀)အရ၊ ပြည်နယ်ဥက္ကဋ္ဌကို ခန့်ထားရာမှာ ဝန်ကြီးချုပ်က ရှမ်းပြည်နယ်ကောင်စီနှင့်ညှိနှိုင်းတိုင်ပင်ပြီးမှ ခန့်ထားရတယ်။ အပေါ်ယံကြည့်လိုက်ယင် ဒီပုဒ်ဟာ တစုံတရာ အပြစ်တင်ဘွယ်မရှိသကဲ့သို့ ထင်မြင်ရပါတယ်။ အမှန်မှာ ဝန်ကြီးချုပ်ဟာ ပြည်နယ်ဥက္ကဋ္ဌခန့်အပ်ရာမှာ ဆိုင်ရာ ပြည်နယ်ကောင်စီနဲ့ညှိနှိုင်းတိုင်ပင်သင့်တယ်။ ဒါပေမဲ့ ပြည်နယ်ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်တဲ့အာဏာအစစ်အမှန်ဟာ မည်သူ့ထံတွင် ရှိသင့်တယ်၊ ရှိရမယ်ဆိုတဲ့ အချက်ရှိသင့်တယ်။ ဒီမိုကရေစီကျကျဆိုယင် ပြည်နယ်ဥက္ကဋ္ဌကို ရွေးကောက်တင်မြှောက်နိုင်တဲ့အာဏာဟာ ဆိုင်ရာပြည်နယ်ကောင်စီ၌သာ ရှိသင့်တယ်၊ ရှိရမယ်။ ဒါပေမဲ့ လက်တွေ့အားဖြင့် ဖြစ်ရဲ့လား၊ ဖြစ်

E-book is created by shanyoma

E-book is created by shanyoma

တာလဲ ရှိပါတယ်။ မဖြစ်တာလဲ ရှိပါတယ်။ ကောင်းပြီ၊ ဘယ်အခါမှာ ဖြစ်နိုင်သလဲဆိုယင် ဆိုင်ရာပြည်နယ်ဥက္ကဋ္ဌအရွေးခံရသူဟာ ဝန်ကြီးချုပ်(တနည်း)ဖ–ဆ–ပ–လကို ထောက်ခံသူဖြစ်နေယင်ကောင်စီက ရွေးကောက်တဲ့အတိုင်း ဝန်ကြီးချုပ်က ဝမ်းပန်းတသာ လျှောလျှောရှူရှူလက်ခံလိုက်တယ်။ အကယ်၍ ဝန်ကြီးချုပ်(တနည်း)ဖ–ဆ–ပ–လကို ထောက်ခံမည့်သူ မဟုတ်ဘူးဆိုယင် ထိုသူကို ဝန်ကြီးချုပ်က မထောက်ခံ။ အကယ်၍ ခန့်အပ်ထားပြီးဖြစ်နေယင်လဲ အတင်းဖြုတ်ချပါတယ်။ ရှမ်းပြည်နယ် ပဌမဦးဆုံးဥက္ကဋ္ဌ လင်းခေးဦးထွန်းမြင့်ကို ရှမ်းပြည်ကောင်စီက မဲအများစုဖြင့် ဒီမိုကရေစီကျကျ ရွေးကောက်တင်မြှောက်ထားပေမဲ့ ဝန်ကြီးချုပ်(ဦးနု)က အတင်းဖြုတ်ချဘို့ ကြိုးစားခဲ့တယ်။ နောက်ဆုံး ဌာနပြောင်းလိုက်ပါတယ်။ (ဆိုင်ရာပုဂ္ဂိုလ် ၂–ဦးစလုံး အသက်ထင်ရှားရှိနေသေးတဲ့အတွက် ဒီအချက်ကို ဝန်ခံကြရပါလိမ့်မယ်။)

ပြည်နယ်ဥက္ကဋ္ဌ ခန့်ထားရေးမှာ ဝန်ကြီးချုပ်က ဘယ်လောက်အထိ ရက်ရက်စက်စက်ဝင်ရောက်စွက်ဖက်နေတယ်ဆိုတာကို ချင်းအမျိုးသားများက ပိုမိုသဘောပေါက်ပါတယ်။ လက်ရှိချင်းရေးရာဝန်ကြီးဦးဇာရဲလျံကိုလဲ သက်သေထူပါရစေ။

အခုဖြစ်နေတာက ပြည်နယ်ဥက္ကဋ္ဌကို ဆိုင်ရာပြည်နယ်ကောင်စီက မဲအများစုနဲ့ရွေးကောက်ပြီး ဝန်ကြီးချုပ်ဆီတင်ပြနေရတယ်။ ဝန်ကြီးချုပ်က သဘောကျမှပဲ အဲဒီပုဂ္ဂိုလ်ဟာ ခန့်ထားခြင်းခံရတယ်။ တကယ်လို့ သဘောမကျယင် အပယ်ခံရပါတယ်။ ဒီလိုနည်းနဲ့ဘဲ ပြည်နယ်ဆိုင်ရာ အမတ်အများစုရဲ့ဆန္ဒထက် ဝန်ကြီးချုပ်တဦးတည်းရဲ့ဆန္ဒက အရေးသာနေတာ ထင်ရှားနေပါတယ်။ ဒါဟာ ဒီမိုကရေစီအစဉ်အလာနဲ့ပြောင်းပြောင်းကြီး ဆန့်ကျင်သွေဖီနေပါတယ်။ ဒုတိယအချက်ကတော့ ဝန်ကြီးချုပ်ဟာ ပြည်နယ်ကောင်စီတခုလုံးကို မိမိရဲ့အလိုကျဖြစ်အောင် အမိန့်ဩဇာပေးသလို ဖြစ်နေတယ်။ ဒီအချက်ကို ရှင်းပါရစေ။ တကယ်လို့ ပြည်နယ်ကောင်စီမှာ အမတ်အများစုက ဖ–ဆ–ပ–လနှင့်ဆန့်ကျင်နေတဲ့ပါတီက ဖြစ်နေယင်၊ သူတို့ရွေးကောက်လိုက်တဲ့ပြည်နယ်ဥက္ကဋ္ဌလောင်းလဲ အဲဒီပါတီကဘဲ ဖြစ်လိမ့်မယ်။ အဲဒီအခါကျယင် အဲဒီပုဂ္ဂိုလ်ကို ဖ–ဆ–ပ–လဝန်ကြီးချုပ်က လက်ခံလိမ့်မယ် မဟုတ်ဘူး။ ဒါကြောင့် ဖ–ဆ–ပ–လဝန်ကြီးချုပ် လက်ခံနိုင်တဲ့ပြည်နယ်ဥက္ကဋ္ဌလောင်းရအောင်ဆိုယင် ပြည်နယ်ကောင်စီအမတ်အများစုဟာ ဖ–ဆ–ပ–လအဖွဲ့ဝင် သို့မဟုတ် ဖ–ဆ–ပ–လကို ထောက်ခံတဲ့လူတွေသာ ဖြစ်ရမယ်ဆိုတာ ရှင်းနေပါတယ်။ အဲသလိုဆိုယင် ကောင်စီမှာ ဖ–ဆ–ပ–လ မဲများများရဘို့ ပြည်နယ်မှာ ဖ–ဆ–ပ–လမဲဆန္ဒရှင်များအောင်လုပ်ဘို့ဘဲ ရှိတော့တယ်။ ဒီလိုကွင်းဆက်နဲ့စဉ်းစားယူယင် ပြည်နယ်ဥက္ကဋ္ဌကိုလဲ ဆ–ဆ–ပ–လထောက်ခံတဲလူဖြစ်အောင် လုပ်ရမယ်။ ပြည်နယ်ကောင်စီကိုလဲ ဖ–ဆ–ပ–လကိုထောက်ခံအောင် လုပ်ရတော့မယ်။ ဒါကြောင့်မို့လို့လဲ **ပြည်နယ်ရဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အဓိပ္ပါယ်ကင်းမဲ့အောင် ဖ–ဆ–ပ–လဟာ လုပ်နေတယ်၊** ဒီလိုလုပ်နေယင်းကဘဲ ပြည်နယ်ထဲကို နိုင်ငံရေးအားဖြင့် ဝင်ရောက်စွက်ဖက်ရာ ရောက်နေပြီး ဒီလို ဖ–ဆ–ပ–လတို့ရဲ့ရှမ်းပြည်နယ်အတွင်း နိုင်ငံရေးဝင်ရောက်စွက်ဖက်မှုဟာ လက်တွေ့ခန်းမှာ ပိုပြီးထင်ထင်ရှားရှား တွေ့ရပါလိမ့်မယ်။

ကဲ – လက်တွေ့ခန်းဖြစ်တဲ့အုပ်ချုပ်ရေး၊ ဒီမိုကရေစီရေးနဲ့အမျိုးသားရေးတွေကို တခုစီ ဆန်းစစ်ကြရအောင်။

**စစ်အုပ်ချုပ်ရေး။**

ရှမ်းပြည်နယ်အုပ်ချုပ်ရေးစက်ယန္တရားကို တမျိုးတဖုံ ပြောင်းလဲသွားအောင် ပြည်မအစိုးရဟာ နည်းပရိယာယ်အမျိုးမျိုးနဲ့ ဝင်ရောက်စွက်ဖက်လာတာကို တင်ပြပါရစေ။ သာဓကပြရယင် ၁၉၅၂–ခုမှာ ရှမ်းပြည်နယ်သို့ စစ်အုပ်ချုပ်ရေးကို သွတ်သွင်းလာခဲ့ပြီး ပြည်နယ်ရဲ့အုပ်ချုပ်ရေးကို ပျက်ပြားစေခဲ့တယ်။ ပြည်မအစိုးရဟာ ရန်သူ တရုပ်ဖြူကို အကြောင်းပြပြီး ရှမ်းပြည်နယ်မြေပေါ်မှာ တပ်မတော်သားများကို လိုသည်ထက် ပိုမိုထားရှိခဲ့တယ်။ အစတုန်းကတော့ ရှမ်းပြည်လူထုတရပ်လုံးဟာ ပြည်မရဲ့စေတနာကို ထောပနာပြုမိပါတယ်။ ဗမာ့တပ်မတော်ကြီးအောင်ပွဲဆင်နိုင်ဘို့အတွက် ရှမ်းပြည်လူထုဟာ တတ်နိုင်တဲ့ဘက်ကနေပြီး ရှေ့တန်းစစ်မျက်နှာထိ အကူအညီအမျိုးမျိုး ပေးခဲ့တယ်။ ဒါပေမဲ့ ပြည်မအစိုးရဟာ တဘက်က တရုပ်ဖြူကို ဘန်းပြပြီး တဘက်က မလိုလားအပ်တဲ့ဝင်ရောက်စွက်ဖက်မှုကို ပြုကျင့်ခဲ့တယ်။ ဥပမာ – တရုပ်ဖြူရဲ့အရိပ်အရောင်ကိုမှ မမြင်ရတဲ့ညောင်ရွှေနယ်၊ ကလောနယ်၊ တောင်ကြီးနယ်၊ မိုင်းပွန်နယ်၊ လွယ်လင်လဲချားနှင့်မိုင်းကိုင်နယ်ဒေသများကို စစ်အုပ်ချုပ်ရေးနယ်မြေအဖြစ် သတ်မှတ်ပြီး တပ်မတော်ရဲ့အာဏာစက်ကို သွတ်သွင်းခဲ့ကြတယ်။

ဒါပေမဲ့ ဖ–ဆ–ပ–လပြည်မအစိုးရရဲ့နိုင်ငံရေးကျားကွက်ဆန်းဟာ မထိမ်ဝှက်နိုင်လောက်အောင် တနေ့တခြား ပေါ်လွင်လာခဲ့တယ်။ စစ်စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ဝင်များဟာ စစ်အုပ်ချုပ်ရေးရဲ့အရှိန်ကို အခွင့်ကောင်းယူပြီး လက်နက်အားကိုးနဲ့ရှမ်းပြည်လူထုအပေါ် ဖက်ဆစ်ဆန်ဆန် ကာယကံမြောက် ကြီးနိုင်ငယ်ညှဉ်းဆဲပြုကျင့်ခဲ့ကြတယ်။ စော်ကားခဲ့ကြတယ်။ ရက်စက်ခဲ့ကြတယ်။ ဒီလိုမတရား ပြုမူပုံကို ဘယ်သူမှ မငြင်းကွယ်နိုင်ပါဘူး။

ရှမ်းပြည်နယ် အုပ်ချုပ်ရေးအမှုအခင်းတွေမှာ စစ်ဘက်က မဆီမဆိုင် မပိုင်ပါဘဲနဲ့ ဝင်ရောက်စွက်ဖက်ခဲ့တယ်။ ဖမ်းဆီးခဲ့တယ်။ နှိပ်ကွပ်ခဲ့တယ်။ အဲသလို အာဏာရှင်ဆန်ဆန် ပြုကျင့်လို့ ယခုရှမ်းပြည်လူထုတရပ်လုံးဟာ တပ်မတော်ကို အော့နှလုံးနာနေကြတယ်။ ဖ–ဆ–ပ–လဗဟိုအစိုးရဟာ မိမိရဲ့အမှားကို ရပ်တန်းက မရပ်ပဲ လူလယ်လုပ်လာပြန်သေးတယ်။ ၁၉၅၅–ခုနှစ်မှာ စစ်အုပ်ချုပ်ရေးအာဏာကို အရှုံးနဲ့ဘဲ ပြန်လည်ရုပ်သိမ်းခဲ့ပြီး နိုင်ငံရေးပရိယာယ်ကျားကွက်ဆင်ခဲ့ပါသေးတယ်။ အမြင်အားဖြင့် စစ်အုပ်ချုပ်ရေးကို ရုပ်သိမ်းခဲ့တယ်ဆိုပေမဲ့ လက်တွေ့အားဖြင့် ထူးခြားချက် မရှိပါ၊ ရှမ်းပြည်လူထုဟာ သူတို့ရဲ့စစ်ဘိနပ်သံခွါအောက်မှာ အလူးအလွန့်ခံနေကြရပါတယ်။ "ငါ"ဆိုတဲ့မာန်ကိုစွဲပြီး "ငါ"လုပ်ရင်ဖြစ်တယ်ဆိုတဲ့သဘောနဲ့ ဖ–ဆ–ပ–လဗဟိုအစိုးရဟာ ပြည်သူ့တပ်မတော်ကို ခုတုံးလုပ်ပြီး ရှမ်းပြည်နယ်ရဲ့အုပ်ချုပ်ရေးမှာ ပြောင်ပြောင်ကြီးဝင်ရောက်စွက်ဖက်နေပါတယ်။

E-book is created by *shanyoma*

ဒါတွေကတော့ တကြိမ်မက မချိအောင် ခံစားလိုက်ရတဲ့စစ်အုပ်ချုပ်ရေးရဲ့ဆိုးဝါးပုံကို အကျဉ်းချုံးပြီး တင်ပြခြင်းပါဘဲ။

**ဒီမိုကရေစီရေး။**

ဒီမိုကရေစီဆန်းစစ်ရေးကဏ္ဍမှာ ယခုရှမ်းပြည်နယ်မှာ ရှိနေတဲ့ဒီမိုကရေစီအသွင်နဲ့အဆင့်အတန်းကို ကြွရောက်လာတဲ့လူမျိုးစုပေါင်းစုံရှေ့မှောက်မှာ အခွင့်ရလို့ တင်ပြပါရစေ။ ဒီမိုကရေစီရဲ့အနှစ်သာရသဘောတရားကို အကျယ်တဝင့် တင်ပြဘို့လိုမယ်မထင်ပါဘူး။ ဒီမိုကရေစီဆိုတဲ့စကားလုံးဟာ ကမ္ဘာမှာ ခေတ်စားလာခဲ့တာတော့ နှစ်ပေါင်းရာစုနဲ့ချီပြီး အတော်ကြာမြင့်ခဲ့ပါပြီ။ ဒါကြောင့် ထပ်မံပြီး မတင်ပြလိုတော့ဘူး။ ဒါပေမဲ့ ယေဘုယျသဘောကိုတော့ အကြမ်းအားဖြင့် တင်ပြဘို့ လိုလိမ့်မယ်လို့ထင်ပါတယ်။

ဒီမိုကရေစီစံနစ်ဟာ လူတိုင်း လွတ်လပ်စွာ တွေးခေါ်နိုင်ခွင့်၊ လွတ်လပ်စွာ ပြောဆိုဝေဖန်နိုင်ခွင့်၊ လွတ်လပ်စွာ ရေးသာထုတ်ဝေနိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးနိုင်ခွင့်ဆိုတဲ့လူ့အခွင့်အရေးအဝဝတွေပေါ်မှာ မူတည်တယ်ဆိုတာ အားလုံးက လက်ခံသဘောပေါက်ပြီးဖြစ်ပါတယ်။ ကောင်းပြီ၊ ဒီလိုဆိုတော့ ဒီမိုကရေစီအခြေခံဝါဒပေါ်မှာ မူတည်ပြီး ထူထောင်ထားတယ်ဆိုတဲ့ပြည်ထောင်စုကြီးထဲမှာ ကြယ်တပွင့်အဖြစ် ဝင်းဝင်းတောက်ပါဝင်လာခဲ့တဲ့ ကျနော်တို့ ရှမ်းပြည်ကြီးမှာ ဘာဝါဒတွေက ကြီးစိုးလွှမ်းမိုးနေသလဲဆိုတာကို တင်ပြလိုပါတယ်။

ကျနော်တို့ ရှမ်းပြည်ကြီးဟာ လွတ်လပ်ရေးမရမီကာလ နယ်ချဲ့ခေတ်တုံးကပင် ပြည်နယ်တခုရဲ့အဆင့်မှာ ရှိပြီးကြောင်းကို ထပ်မံမတင်ပြလိုတော့ပါ။ ဟိုခေတ်က အုပ်ချုပ်မှုအာဏာဟာ နယ်ရှင်စော်ဘွားကြီးများရဲ့လက်ထဲမှာ ရှိပါတယ်။ အဲဒီခေတ်တုံးက ရှမ်းလူထုကြီးတရပ်လုံးကို ချုပ်ချယ်နေတဲ့ပုဒ်မ(၁၀)ဆိုတာ ရှိခဲ့ပါတယ်။ ဒီပုဒ်မ(၁၀)မှာရှိတဲ့အာဏာများအရ ရှမ်းလူထုအပေါ် နယ်ရှင်စော်ဘွားမြို့စားများက အရေးယူဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဒီပုဒ်မ(၁၀)ကို ရှမ်းပြည်လူထုကြီးတရပ်လုံးက အဆိုးဆုံးပုဒ်မဖြစ်တယ်လို့ ဟိုခေတ်ကတဲက မှတ်ယူခဲ့ကြတယ်။ အဲဒီပုဒ်မ(၁၀)ဟာ တကယ်လဲ ဆိုးဝါးခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်ခေတ်ပြီးနောက် ဖက်ဆစ်ဂျပန်ခေတ် ရောက်လာပြန်တော့လဲ၊ ကျွန်တော်တို့ရဲ့ခံစားရမှု ဒီဂရီဟာ ပိုမိုဆိုးဝါးလာပါတယ်။ ဥပမာ – ပါးရိုက်, နားရိုက်, အဓမ္မပစ္စည်းသိမ်း၊ အမျိုးသမီးများကို မုဒိမ်းကျင့်စတဲ့ဖက်ဆစ်တို့ရဲ့ဝါဒအတိုင်း ရှိုင်းပြစွာ ကျင့်သုံးခဲ့ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်သူတရပ်လုံးဟာ ခေါင်းငုံ့ခံခဲ့ရပါတယ်။ ဒီလိုဖိနှိပ်ချုပ်ချယ်မှုအောက်မှာ မခံမရပ်နိုင်တဲ့လူထုကြီးက အုံကြွလာရတာဟာ သဘာဝကျပါတယ်။ ၁၉၄၅–ခုနှစ်ပိုင်းဆီ ရောက်လာတဲ့အခါ ဖက်ဆစ်ဂျပန်တို့ ကျွန်တော်တို့မြန်မာတနိုင်ငံတဝှမ်းလုံးရှိ လူထုကြီးတရပ်လုံးက သွေးစည်းညီညွတ်ပြီး တွန်းလှန်ခဲ့ကြတဲ့အတွက် အမျိုးသားအောင်ပွဲကြီးကို တခဲနက် ဆင်နွှဲနိုင်ခဲ့ပါတယ်။ ဒီနောက် ပြီးခဲ့တဲ့ခေတ်နှစ်ခေတ်ရဲ့ခံစားရမှုဟာ ရှမ်းပြည်သူတွေရဲ့အသိတရားထဲမှာ ကိန်းအောင်းနေပြီး ဖြစ်တဲ့အတွက်ကြောင့် မိမိတို့ရဲ့လွတ်မြောက်မှု ထွက်ရပ်လမ်းကိုသာ ရှာခဲ့ကြပါတယ်။ ၁၉၄၈–ခုနှစ်မှာ လူမျိုးစု

E-book is created by *shanyoma*

ပေါင်းစုံဟာ စုစည်းညီညွတ်ကြပြီး နယ်ချဲ့အင်္ဂလိပ်ကို အပြီးတိုင်မောင်းနှင်သုတ်သင်ကာ လွတ်လပ်ရေးဗိမာန်ကြီးကို တည်ဆောက်ခဲ့ကြပါတယ်။

ဒီလွတ်လပ်တဲ့ပြည်ထောင်စုခေတ်မှာ ပြည့်ဝတဲ့ဒီမိုကရေစီအခွင့်အရေးတွေကိုတော့ မလွဲကေန် တင်းပြည့်ကျပ်ပြည့်ခံစားကြရတော့မှာဘဲလို့ ရှမ်းပြည်သူတရပ်လုံးက ယုံကြည်မျှော်မှန်းခဲ့ကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ယုံကြည်မျှော်မှန်းခဲ့တဲ့ဒီမိုကရေစီအခွင့်အရေးတွေဟာ လွတ်လပ်ရေးရလို့ ၁၀–နှစ်သာ ပြည့်ခဲ့တယ်။ ပြည့်ဝစွာ မရကြပါ။ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေစည်းမျဉ်းအရ ကျွန်တော်တို့ရဲ့ပြည်နယ်ကို လွတ်လပ်ပြည့်ဝတဲ့အုပ်ချုပ်မှုအာဏာကို ပေးခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ကျွန်တော်တို့ရှမ်းပြည်မှာ ဖ–ဆ–ပ–လဆိုရှယ်လစ်တွေရဲ့ဝင်ရောက်ချယ်လှယ်ခြင်းကို ခံနေကြရပါတယ်။ သူတို့ရဲ့ဩဇာခံအဖွဲ့အစည်းတွေကို ငွေပေးလက်နက်ပေးမြှောက်စားပြီး၊ တိုင်းရင်းသားအချင်းချင်း သွေးကွဲအောင် ဖန်တီးခဲ့ပါတယ်။ သွေးခွဲအုပ်ချုပ်တဲ့ဝါဒ (Divide and Rule Policy) ကို ကျင့်သုံးခဲ့တယ်။ ဒီလိုနိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်တာတွင် မကသေးဘဲ စစ်ရေးနှင့်တသွယ် ရှမ်းပြည်ကို နှိပ်ကွပ်ချုပ်ချယ်ကြပါတယ်။ စစ်အုပ်ချုပ်ရေးအာဏာကို ၁၉၅၂–ခုနှစ်မှာ သွတ်သွင်းပြီး ၁၉၅၅–ခုနှစ်မှာ ရုပ်သိမ်းခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့ကျတော့ ပို့ထားတဲ့စစ်တပ်တွေကို ပြန်လည်ရုပ်သိမ်းခြင်း မရှိခဲ့ပါဘူး။ စစ်တပ်ရဲ့အာဏာစက်ဒဏ်ကို ရှမ်းပြည်လူထုဟာ အလူးအလဲ ဆက်လက်ခံစားနေကြရဆဲဖြစ်ပါတယ်။ ရှမ်းပြည်ကို စစ်သားဦးရေ ပိုလို့သာ ပိုလို့သာ ပို့နေကြတယ်။ ဒီတော့ ဖ–ဆ–ပ–လဆိုရှယ်လစ်တွေရဲ့ ပါးစပ်က“ခင်ဗျားတို့ ပြည်နယ်အရေးတွေကို ဝင်မစွက်လိုပါဘူး”လို့ တဖွဖွ အသံကောင်းဟစ်ခဲ့ပေမယ်လို့ ပါးစပ်က ဘုရားဘုရား လက်က ကားယားကားယား”ဆိုသလို လက်တွေ့လုပ်ငန်းမှာတော့ ပြောင်ဝင်စွက်နေတယ်ဆိုဒါ၊ ငြင်းကွယ်လို့ မရပါဘူး။ ဥပမာ – လူထုအဖွဲ့အစည်းဖြစ်တဲ့ ပအိုးအမျိုးသားအဖွဲ့(ပ–အ–မ–ဖ)ကို အမြစ်က လှန်ပြီးပြောင်ဖြိုဖျက်တာကို တင်ပြပါရစေ။

ရှေးဦးစွာ(ပ–အ–မ–ဖ)ရဲ့ဥက္ကဋ္ဌတဦးဖြစ်တဲ့ဟိန်မောင်ကို ခေါ်ဆောင်သွားတာ ယခုထက်တိုင် အစအန မတွေ့ရတော့ပါဘူး အဲဒီကိစ္စနှင့်မရှေးမနှောင်းပါဘဲ၊ ပအိုးအမျိုးသားခေါင်းဆောင်များဖြစ်ကြတဲ့ဦးဖြူ၊ ဦးကျော်စိန်၊ ဦးထွန်းရီတို့ကို ပုဒ်မ(၅)နဲ့မတရားဖမ်းဆီးချုပ်နှောင်ခဲ့ပါတယ်။ ဒါတင်မကသေးဘဲ၊ ၁၉၅၆–ခုနှစ် ပါလီမန်ရွေးကောက်ပွဲကြီးမတိုင်မီက ပါဝင်အရွေးခံမဲ့ ပအိုးခေါင်းဆောင်တဦးဖြစ်တဲ့ပါလီမန်အမတ်ဦးအောင်သာနှင့်တကွ အပေါင်းပါ ၄–ဦးတို့ကို “ဗိုလ်ကြီး ခေါ်တယ်”ဆိုပြီးခေါ်သွားကာ ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြပါတယ်။ ယနေ့ထက်ထိ လူသတ်သမားတရားခံများကို တာဝန်ရှိတဲ့အစိုးရဟာ မဖေါ်ထုတ်ခဲ့သေးပါဘူး။ အဲဒီလိုလူသတ်ပွဲတွေလုပ်ပြီး အဓမ္မဝါဒဆန်ဆန် ဝင်ရောက်စွက်ဖက်တဲ့အပြုအမူဟာ ရှမ်းပြည်လူထုတရပ်လုံးရဲ့နှလုံးသဲပွတ်ထဲမှာ သံမှိုနဲ့နှက်ထားသလို စွဲမြဲနေပါတယ်။ အဲဒီလို ဖ–ဆ–ပ–လတို့ရဲ့လူသတ်အဓမ္မတွေကို ရှမ်းပြည်လူထုကြီးဟာ ဘယ်တော့မှ အခဲကြေမှာမဟုတ်ဘူးဆိုတာ ပြောလိုပါတယ်။ အခုလို လွတ်လပ်ရေးရပြီဆိုတဲ့ခေတ်မှာ ဖ–ဆ–ပ–လဆိုရှယ်လစ်တွေရဲ့ပြည်သူလူထုအ

E-book is created by *shanyoma*

ပေါ်ရမ်းကားပုံဟာ ဖက်ဆစ်ဂျပန်တို့ရဲ့ရက်စက်ပုံနှင့်နိုင်းစာရင် ဗိုလ်တောင်ဆွဲနေပါသေးတယ်။

ဒါကြောင့်မို့လဲ အေးချမ်းသာယာစွာ နေထိုင်ကြတဲ့ရွာသူရွာသားများကို သူပုန်နဲ့ဆက်သွယ်တယ်လို့ အထင်ရှိရုံနဲ့ညှဉ်းဆဲခဲ့ကြတယ်။ နှိပ်ကွပ်ခဲ့ကြတယ်။ သတ်ဖြတ်ခဲ့ကြတယ်။ အတင်းအကြပ်ပြောင်းရွှေ့စေခဲ့တယ်။ ဥပမာ – ပြရရင် လဲချားနယ်တောင်နောက်ရွာ၊ ဟိုတိုင်ရွာများမှာ ရွာသူရွာသားများကို လွယ်လင်သို့ ပြောင်းရွှေ့စေခဲ့တယ်။ မပြောင်းမရွှေ့တဲ့ရွာတွေကိုတော့ မီးရှို့ပစ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တယ်။ ပြီးတော့ အရှေ့ပိုင်းရှမ်းပြည်ကျေးလက်တောရွာလေးတွေမှာလဲ ရွာသူရွာသားဆင်းရဲသားတွေကို ရှေ့တန်းစစ်မျက်နှာမှာ ကူလီအဖြစ်နဲ့ အသုံးပြုဘို့ ဖက်ဆစ်ဂျပန်ကဲ့သို့ ချွေးတပ်တွေဆွဲခဲ့ပါသေးတယ်။ ချွေးတပ်ဆွဲခံရတဲ့ရွာသူရွာသားတွေဟာ မိမိတို့ရဲ့အိမ်မှ စားနပ်ရိက္ခာများကို တပါတည်း ယူဆောင်သွားကြရတယ်။ အဲဒီရွာသားတွေဟာ ရှေ့တန်းစစ်မျက်နှာမှာ လပေါင်းများစွာ ရန်သူတွေရဲ့တိုက်ပွဲကျည်ဆံကြားမှာ အသက်ဆံဖျားစွန့်ပြီး တပ်မတော်ရဲ့ခိုင်းစေချက်ကို တသွေမတိမ်း လိုက်နာလုပ်ဆောင်ပေးရပါတယ်။ အဲသလို ကြောက်ကြောက်ရွံ့ရွံ့နဲ့ လုပ်ဆောင်ပေးနေရတဲ့ကြားက ရိုက်နှက်ညှဉ်းဆဲကန်ကြောက်မှုတွေ အဆစ်ကလေးအဖြစ်နဲ့ ခံကြရရှာသေးတယ်။ ရှမ်းပြည်အရှေ့ပိုင်း နမ့်လွေမြစ်"တာပိန်း"ကူးတို့မှာ တပ်မတော်သားများကို ကူးတို့ပို့ပေးတဲ့အခါ သဘောချင်းမတိုက်ဆိုင်တဲ့ကူးတို့သမားများကို ရေထဲကန်ချခဲ့ဘူးပါသေးတယ်။ တပ်မတော် အသုံးပြုဘို့အတွက် မြင်းများကို အခကြေးငွေ မပေးဘဲ အဓမ္မဆွဲယူအသုံးပြုခဲ့ပါတယ်။ အခကြေးငွေမရတဲ့အပြင် မြင်းရှင်က မြင်းထိန်းသမားငှားရမ်းပြီးထည့်ပေးကြရသေးတယ်။ စစ်ရေးစစ်ရာတွေမှာ အသုံးပြုဘို့ဆိုပြီး မော်တော်ကားတွေကို အချိန်အခါမရွေး အထပ်ထပ်အခါခါ ချောဆွဲခြင်းခံနေရတာကို ယခုတလော သတင်းစာတွေမှာ ဖတ်ရှုမိကြပေလိမ့်မယ်။ ယနေ့ရှမ်းပြည်မော်တော်ကားသမားလောကမှာ မကျေနပ်မှုတွေ ဂယက်ရိုက်နေတာကို ဘယ်လိုမှ ငြင်းကွယ်လို့မရပါဘူး။

ရှမ်းပြည်လူထုတရပ်လုံး ယူကြုံးမရဖြစ်ရတဲ့အဖြစ်ကတော့ ရှမ်းပြည်အရှေ့ပိုင်းမှာ သောင်းကျန်းနေတဲ့မုဒိန်းမှုပါဘဲ၊ ဒီထဲမှာ သူတော်စင်သီလရှင်တပါး၊ မုဒိန်းကျင့်ခံရလို့ သေဆုံးသွားတဲ့အဖြစ်အပျက်လေးဟာ ပြည်ထောင်စုသမိုင်းမှာ အကြီးဆုံးသော အမဲကွက်တခုပါဘဲ။ ပြီးတော့ ရှမ်းအမျိုးသမီးလေးများကို တပ်မတော်သားများက မြို့ကြီးပြကြီးတွေကို ခေါ်ဆောင်လာပြီး ရောင်းစားကြပုံတွေကို နားမချမ်းသာစရာ၊ နှလုံးမချမ်းမြေ့စရာ တွေ့မြင်ခံစားနေကြရပါတယ်။

ပြီးတော့ အင်မတန်မှ ပက်စက်လှတဲ့အပြုအမူတခုကတော့ ရှမ်းအမျိုးသမီးလေးများကို အရယူနိုင်တဲ့ဗမာ့တပ်မတော်သားများကို ဆုငွေများပေးမယ်လို့ မြှောက်ပင့်ပြီး လူမျိုးရေးအရ စော်ကားပြုမူနေကြခြင်းပင် ဖြစ်တယ်။

အဲဒီလို ရှမ်းပြည်သူလူထုတွေဟာ အုပ်ချုပ်ရေးအရငင်း၊ နိုင်ငံရေးအရငင်း၊ လူမျိုးရေးအရငင်း၊ အမျိုးမျိုး ဖိနှိပ်ညှဉ်းပန်း ဝင်ရောက်စွက်ဖက်မှုတွေကို အလူးအလဲခံနေရပါတယ်။

E-book is created by *shanyoma*

ဒါတွေကြောင့် **ရှမ်းပြည်နယ်ဟာ နိုင်ငံရေးအရ ကိုလိုနီနိုင်ငံအသွင် လက္ခဏာကို အပြည့်အဝကြီး ဆောင်နေကြောင်း** တင်ပြလိုပါတယ်။

**စီးပွားရေးပိုင်း။**

သဘာပတိနှင့်ဘဝတူတိုင်းရင်းသားလူမျိုးစုများခင်ဗျား။

ရှမ်းအမျိုးသားတွေဟာ နိုင်ငံရေးအရ ဘယ်လိုဘဝမျိုးမှာ ကျရောက်ခံစားနေရတယ် ဆိုတာကိုတင်ပြပြီးခဲ့တဲ့နောက် စီးပွားရေးအရ ဘယ်လိုဆုံးရှုံးနစ်နာနေရတယ်၊ ဘယ်လိုသွေးစုပ်ခံနေရတယ်ဆိုတဲ့အချက်ကို ဆက်လက်ပြီး တင်ပြပါရစေ။

ပြည်ထောင်စုထဲမှာ ပါဝင်နေကြတဲ့ပြည်နယ်များအနက် ရှမ်းပြည်နယ်ဟာ စီးပွားရေးအားဖြင့် အတောင့်တင်းဆုံး၊ သယံဇာတပစ္စည်းဥစ္စာတွေ အပေါမျှားဆုံး အကြွယ်ဝဆုံးပြည်နယ်ဖြစ်တယ်ဆိုတာ တိုင်းရင်းသားလူမျိုးစုများ အားလုံးက သိရှိကြပြီးဖြစ်ပါတယ်။ ပြီးတော့ ရှမ်းပြည်ရဲ့အဓိကအသက်သွေးကြော စီးပွားရေးလုပ်ငန်းတွေဟာ

(၁) သတ္တုလုပ်ငန်း

(၂) သစ်တောလုပ်ငန်းနှင့်

(၃) လယ်ယာခြံမြေစိုက်ပျိုးရေးလုပ်ငန်းတွေ ဖြစ်တယ်ဆိုတာကိုလဲ တိုင်းရင်းသားလူမျိုးစုအားလုံး သိရှိကြပြီးဖြစ်ပါတယ်။

အဲဒီစီးပွားရေးလုပ်ငန်းတွေမှာ "ရှမ်းပြည်သူတွေဟာလဲ ခံစားရပါတယ်"ဆိုတဲ့နာမည်ကလေးခံနိုင်ရုံ အရိုးအရင်းလောက်သာ ခံစားရပြီး အဆီအနှစ်တွေကိုတော့ လုံးဝမခံစားရတဲ့အကြောင်းကို ကျွန်တော် တခုစီ ရှင်းလင်းတင်ပြသွားပါမယ်။

**သတ္တုတွင်းလုပ်ငန်း။**

ပထမဆုံးအနေနဲ့ သတ္တုတွင်းလုပ်ငန်းကို တင်ပြပါမယ်။ ရှမ်းပြည်ရဲ့မြေတွင်းရှိ မကုန်ခမ်းနိုင်တဲ့ရတနာအဆီအနှစ်တွေဟာ မခန့်မှန်းနိုင်လောက်အောင် ဘယ်လောက်အထိ ပေါမျှားကြွယ်ဝတယ်ဆိုတာကို ဦးစွာဖော်ပြလိုပါတယ်။ ရှမ်းပြည်နယ် အဓိကအပါအဝင် သီးခြားဒေသများမှ ၁၉၃၅–၁၉၄၀–ခုနှစ်အတွင်း နှစ်စဉ်ဖျမ်းမျှထွက်တဲ့ဓာတ်သတ္တုတန်ချိန်နဲ့တန်ဘိုးငွေဟာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

| အမှတ်စဉ် | သတ္တုအမျိုးအမည် | ထွက်သည့်ပမာဏ | တန်ဘိုးငွေ |
|---|---|---|---|
| ၁ | ငွေ | အောင်စ ၆–သန်း | |
| ၂ | ခဲ | တန်ပေါင်း ၇၇၀၀၀ | စတာလင်ပေါင် |
| ၃ | သွပ် | တန်ပေါင်း ၆၀၀၀၀ | ၄.၃–သန်း မြန် |
| ၄ | အဖြိုက်သံ | ကမ္ဘာကလိုသလောက်၏ ၁၀%နှင့်အင်ပိုင်ယာကလိုသလောက်၏ ၃၅% | မာငွေ ၆–ကုဋေ ခန့် |

E-book is created by *shanyoma*

E-book is created by *shanyoma*

ဒါတွေဟာ နယ်ချဲ့ခေတ်က ထွက်ခဲ့တဲ့သတ္တုအမျိုးအစားနဲ့အရေအတွက်သာ ဖြစ်ပါသေးတယ်။ မတူးဖေါ်ရသေးတဲ့တွင်းထွက်အဆီအနှစ်ရတနာတွေဟာလဲ မခန့်မှန်းနိုင်လောက်အောင် အမြောက်အမြား ရှိပါသေးတယ်။

၁၉၃၃–ခုနှစ် ဒေါက်တာကော့ဂျင်နဲ့ဆွန်ဒီ (Dr.Coggin and Sondhi) တို့ရဲ့အိန္ဒိယပြည်ပထဝီဗေဒဆိုင်ရာ အစီရင်ခံစာများကို လေ့လာယင် ရှမ်းပြည်မြောက်ပိုင်းရဲ့တွင်းထွက်အဆီအနှစ်ရတနာတွေဟာ မယုံကြည်နိုင်လောက်အောင် များပြားကြွယ်ဝကြောင်း သိရပါမယ်။

ပြီးတော့ ဂျီဗွီဟော့ဗဆွန် (G.V. Hovson) ရဲ့ပထဝီဗေဒအစီရင်ခံစာများကို ဖတ်ရှုလေ့လာယင်လဲ ရှမ်းပြည်တောင်ပိုင်းရဲ့တွင်းထွက်သတ္တုများဟာ အံ့ဖွယ်ဖြစ်လောက်အောင် တွေ့ရှိတူးဖေါ်နိုင်ကြောင်း တွေ့ရပါလိမ့်မယ်။

ဒီအချက်အလက်တွေ အစီရင်ခံစာတွေကို လေ့လာခြင်းအားဖြင့် ရှမ်းပြည်ရဲ့မြေတွင်းအဆီအနှစ်ရတနာပစ္စည်းတွေဟာ မကုန်နိုင်၊ မခန်းနိုင်အောင် ပေါများကြွယ်ဝလျက်ရှိကြောင်း ထင်ထင်ရှားရှားကြီး သိရှိရပါတယ်။

ဒါပေမဲ့ ဒီလောက်ပေါများကြွယ်ဝလှတဲ့တွင်းထွက်အဆီအနှစ်ရတနာပစ္စည်းတွေကို ရှမ်းပြည်နယ်အစိုးရအနေနဲ့ တူးဖေါ်ထုတ်လုပ်နိုင်တဲ့အခွင့်အာဏာတွေ မရရှိခဲ့ပါဘူး။ လက်ရှိပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရဲ့တတိယဇယားစာရင်း(၁)နဲ့(၂)အရ ပြည်နယ်တွေဟာ ဒီရတနာတွေကို တူးဖေါ်ခွင့် တိုးတက်အောင် ပြုလုပ်နိုင်ခွင့်တွေ မရှိပါဘူး။ ဗဟိုအစိုးရမှာသာ ဒီအာဏာတွေ ရှိတယ်။ လုပ်ဆောင်နိုင်တယ်လို့ဆိုထားပါတယ်။

ဒါဟာ လက်ရှိအခြေခံဥပဒေအရ ပြည်နယ်တွေမှာ စီးပွားရေးအာဏာမဲ့ပုံကို ဖေါ်ပြခြင်းတရပ်ပါဘဲ။

လက်တွေ့အားဖြင့်လဲ ပြည်နယ်များ အကျိုးမဲ့နေပုံကို အထူးထုတ်ဖေါ်တင်ပြလိုပါသေးတယ်။ လက်ရှိအကျိုးမဲ့ပုံကို တင်ပြတဲ့နေရာမှာ ကိုလိုနီခေတ်က စီးပွားရေးအရ ရှမ်းပြည်ရဲ့ခံစားရချက်တွေကို ပြန်လည်စဉ်းစားဘို့လိုပါတယ်။

ဥပမာအားဖြင့် ကိုလိုနီခေတ်က နမ္မတူဘားမားကော်ပိုရေးရှင်းဟာ တနှစ် တနှစ်မှာ သိန်းပေါင်း တရာကျော် အမြတ်ငွေ ရရှိခဲ့ကြောင်းကို အောက်ပါစာရင်းအရ သိရှိရပါတယ်။

**လေးနှစ်အတွင်း ၁၉–ကြိမ်မြောက် အစီရင်ခံစာအရ။**

| အမှတ်စဉ် | သက္ကရာဇ် | အမြတ်ငွေ |
|---|---|---|
| ၁။ | ၁၉၃၆ | ၁၀၅–သိန်း |
| ၂။ | ၁၉၃၇ | ၁၆၅–သိန်း |
| ၃။ | ၁၉၃၈ | ၈၇–သိန်း |
| ၄။ | ၁၉၃၉ | ၆၉–သိန်း |
| စုစုပေါင်း– | | ၄၂၆–သိန်း |

အဲဒီလို တနှစ်လျှင် သိန်းတရာကျော်ရတဲ့အမြတ်ငွေတွေကို နယ်ချဲ့ခေတ်ကိုလိုနီဘဝတုံးက ဘယ်သူတွေ ခံစားရသလဲဆိုယင် နိုင်ငံခြားအရင်းရှင်ကုမ္ပဏီကြီးတွေက ရရှိခံစားရပါတယ်။ ရှမ်းပြည်သူတွေအဘို့ အဲဒီအကျိုးအမြတ်ကို တပြားတချပ်မျှ မခံစားရပါဘူး။

အခုလွတ်လပ်ပါပြီဆိုတဲ့ ပြည်ထောင်စုခေတ် ကျပြန်တော့လဲ အဲဒီနမ္မတူသတ္တုတွင်းက ရတဲ့အကျိုးအမြတ်တွေကို ရှမ်းပြည်သူတွေ ခံစားရသလားဆိုတော့ မခံစားရပါဘူး။ နယ်ချဲ့အရင်းရှင်ကုမ္ပဏီကြီးနဲ့ဖ–ဆ–ပ–လအစိုးရတို့ရဲ့ဖက်စပ်လုပ်ငန်းကြီးဖြစ်တဲ့အတွက် နှစ်စဉ်နှစ်တိုင်းရတဲ့အမြတ်ငွေတွေကို အစုအစပ် ဝင်သူနှစ်ဦးသာ အကျိုးခံစားနေရပါတယ်။ ပိုပြီးဆိုးတာက နယ်ချဲ့ခေတ် ကိုလိုနီဘဝတုံးကဆိုယင် အဲဒီအကျိုးအမြတ်ငွေတွေကို ရှမ်းပြည်သူတွေ မခံစားရပေမဲ့ နမ္မတူသတ္တုတွင်းမှ ကောက်ခံရရှိတဲ့အခွန်တော်ငွေရဲ့ ၉၉–ရာခိုင်နှုန်းကိုတော့ ရှမ်းအစိုးရက ရရှိခံစားရပါသေးတယ်။ လွတ်လပ်ပြီဆိုတဲ့ဒီပြည်ထောင်စုခေတ်ကျမှ နမ္မတူသတ္တုတွင်းရဲ့အကျိုးအမြတ်တွေရော အခွန်တော်ငွေတွေကိုပါ ရှမ်းပြည်သူနဲ့ရှမ်းအစိုးရတို့က လုံးဝမခံစားရဘဲဖြစ်သွားရပါတယ်။

တခြားသတ္တုတွင်း လုပ်ငန်းများနဲ့ပတ်သက်လို့ဆိုယင်လဲ အကျိုးအမြတ်ရော အခွန်တော်ငွေတွေကိုပါ ရှမ်းပြည်သူတွေ မခံစားရပါဘူး။ အကျိုးအမြတ်တွေကို (M.R.D.C) ခေါ်တဲ့ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်တိုးတက်ရေးကော်ပိုရေးရှင်းနဲ့မြန်မာလူမျိုးအရင်းရှင်အချို့တို့ကသာ ခံစားကြရပါတယ်။ အခွန်တော်ငွေတွေကို ဗဟိုအစိုးရက ကောက်ယူခံစားခဲ့ပါတယ်။

ဒါတွေကြောင့် ရှမ်းပြည်နယ်က တွင်းထွက်အဆီအနှစ်ရတနာပစ္စည်းတွေ ဘယ်လောက်ပင် ပေါများကြွယ်ဝနေသော်လဲ ရှမ်းပြည်သူတွေကတော့ ဆင်းရဲမွဲတေလျက်ပင် ဖြစ်ကြောင်း အထူးထုတ်ဖေါ် တင်ပြလိုပါတယ်။

ဒီနေရာမှာ စောဒကတက်နိုင်တဲ့အချက်တခုကတော့ ရှိပါတယ်။ "ပြည်နယ်ထောက်ပံ့ကြေး"ကို ဘယ်နေရာမှာ သွားပြီးထားလိုက်သလဲလို့ မေးချင်ယင်လဲ မေးနိုင်ပါတယ်။ ဒါကိုတော့ သက်ဆိုင်ရာ အခဏ်းကျမှဘဲ အကျယ်တဝင့် ရှင်းလင်းတင်ပြပါရစေ။

## သစ်တောလုပ်ငန်း

သတ္တုလုပ်ငန်းပြီးတဲ့နောက် ဒုတိယလုပ်ငန်းဖြစ်တဲ့သစ်တောလုပ်ငန်းကို တင်ပြဝေဖန်ရမယ်ဆိုယင်လဲ ရှမ်းပြည်နယ်မှာ သစ်တောတွေဟာ ဘယ်လောက်အထိ ပေါများကြွယ်ဝတယ်ဆိုတာကို ပထမဆုံးတင်ပြပါရစေ။ ၁၉၃၇–၃၈–ခုနှစ်စာရင်းအရဆိုယင် သစ်တောရဲ့အကျယ်အဝန်းဟာ စတုရန်းမိုင်ပေါင်း ၁၉၀၃၆–ဖြစ်ပြီး သစ်လုပ်ငန်းမှ ရှမ်းအစိုးရက ရရှိခဲ့တဲ့အခွန်တော်ငွေကတော့ ၁၁–သိန်းကျော်ဖြစ်ပါတယ်။

အဲဒီလောက် ပေါများကြွယ်ဝတဲ့သစ်တောတွေဟာ ရှမ်းပြည်မှာ ရှိပေမဲ့လဲ သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်ဘို့ အခွင့်အာဏာကိုတော့ သတ္တုလုပ်ငန်းနည်းတူပင် ဖွဲ့စည်းချုပ်

E-book is created by shanyoma

ပုံအခြေခံဥပဒေအရ ရှမ်းအစိုးရက မရရှိပါဘူး။ ဗဟိုအစိုးရကသာလျှင် တိုက်ရိုက်ထုတ်လုပ်ပိုင်ခွင့်ရှိပါတယ်။

ပြီးတော့ သစ်တောတွေက ထွက်တဲ့အကျိုးအမြတ်တွေနဲ့ အခွန်ငွေတွေကို နယ်ချဲ့ခေတ်ကိုလိုနီဘဝတုံးက ဘယ်သူတွေ ခံစားကြရသလဲဆိုယင် အကျိုးအမြတ်တွေကို နယ်ချဲ့အရင်းရှင်ကုမ္ပဏီတွေက ခံစားရပြီး အခွန်ငွေများကို ရှမ်းပြည်နယ်အစိုးရက ရပါတယ်။ လွတ်လပ်ပါပြီဆိုတဲ့ ပြည်ထောင်စုခေတ်ကျတော့ အကျိုးအမြတ်တွေကို "S.T.B" ခေါ်တဲ့နိုင်ငံတော်သစ်လုပ်ငန်းအဖွဲ့ကရရှိပြီး အခွန်ငွေတွေကိုတော့ ဗဟိုအစိုးရက ရရှိတဲ့အတွက် ရှမ်းပြည်သူနဲ့ရှမ်းအစိုးရဟာ အကျိုးအမြတ်ရော အခွန်ငွေကိုပါ တပြားတချပ်မျှပင် မရရှိဘဲ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ဟာ သဘာဝအားဖြင့် သစ်တောတွေနဲ့စိမ်းလန်းစိုပြေနေပေမဲ့လဲ ရှမ်းပြည်သူတွေဟာ လူစင်မမှီ လူတန်းမစေ့ဖြစ်နေရတယ်ဆိုတာကို အထူးထုတ်ဖေါ်တင်ပြလိုပါတယ်။

ဒီနေရာမှာလဲ "ပြည်နယ်ထောက်ပံ့ကြေး"ကိစ္စနဲ့ပတ်သက်ပြီးတော့ စောဒကတက်နိုင်ပါတယ်။ ဒါကိုလဲ သက်ဆိုင်တဲ့ကဏ္ဍကျမှဘဲ အကျယ်တဝင့် ရှင်းလင်းတင်ပြပါရစေ။

## လယ်ယာခြံမြေလုပ်ငန်း။

သစ်လုပ်ငန်းကို တင်ပြပြီးနောက် တတိယအချက်ဖြစ်တဲ့လယ်ယာခြံမြေစိုက်ပျိုးရေးလုပ်ငန်းကို ဆက်လက်တင်ပြပါရစေ။

စိုက်ပျိုးရေးလုပ်ငန်းကို နောက်ဆုံးမှ တင်ပြပေမဲ့လဲ ဒီလုပ်ငန်းဟာ သတ္တုလုပ်ငန်းသစ်လုပ်ငန်းတွေနဲ့မခြား အရေးကြီးတဲ့လုပ်ငန်းကြီးဖြစ်ကြောင်းကို သတိပြုစေလိုပါတယ်။

ဒီစိုက်ပျိုးရေးလုပ်ငန်းမှာ ဘာတွေပါဝင်သလဲဆိုယင် ဆန်စပါး၊ ဂျုံ၊ ကုလားပဲ၊ မြေပဲ၊ အာလူး၊ ကြက်သွန်၊ ကော်ဖီ၊ လဘက်ခြောက်၊ သနပ်ဖက်၊ နာနတ်သီး၊ လိမ္မော်အစရှိတဲ့ခြံယာလယ်မြေလုပ်ငန်းတွေက မြောက်များစွာပါဝင်ပါတယ်။ ရှမ်းပြည်နယ်လူဦးရေရဲ့ **၈၀–ရာခိုင်နှုန်း**ဟာ ဒီစိုက်ပျိုးရေးလုပ်ငန်းအပေါ်မှာ အဓိကအားဖြင့် မှီခိုလုပ်ကိုင်စားသောက်နေရပါတယ်။

ဒီခြံယာလယ်မြေစိုက်ပျိုးရေးလုပ်ငန်းကိုတော့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ရှမ်းပြည်သူနှင့်ရှမ်းအစိုးရဟာ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း သိရှိရပါတယ်။ ဒါပေမဲ့ ရှမ်းပြည်သူတွေအတွက် ကံဆိုးမိုးမှောင်ကျချင်လာတော့ မမျှော်လင့်ဘဲ ၁၉၅၉–ခု၊ မတ်လအတွင်းမှာ ရှမ်းပြည်နယ်မြေရဲ့စိုက်ပျိုးရေးမြေကေပေါင်း တသန်းကို"ဗမာအဇ္ဇရေးလ်စီးပွားရေးစာချုပ်"အရ အဇ္ဇရေးလ်အရင်းရှင်တွေထံ ဝကွက်လို့အပ်ခြင်းခံခဲ့ရပါတယ်။

ကေတသန်းဆိုတာဟာ ရှမ်းပြည်ရဲ့စိုက်ပျိုးနိုင်တဲ့မြေကေပေါင်းအားလုံးရဲ့တဝက်ခန့်ဖြစ်ပါတယ်။ ရှမ်းပြည်သူတွေအတွက် ဒီလောက်တောင် အရေးကြီးတဲ့ကိစ္စကြီးမှာတောင် ဖ–ဆ–ပ–လဗဟိုအစိုးရဟာ ရှမ်းပြည်သူတွေနဲ့ရှမ်းအစိုးရကို တရားဝင်တင်ကြိုဆွေးနွေးခြင်း၊ ဆန္ဒကိုရယူခြင်း လုံးဝမပြုဘဲ သူ့တဦးတည်းသဘောအရ စိတ်ထင်သလို ချယ်လှယ်လုပ်ကိုင်သွားတာကို

E-book is created by *shanyoma*

တွေ့ရပါတယ်။ ဒါဟာ ရှမ်းပြည်သူတွေရဲ့ အခွင့်အရေးကို တမင်စော်ကားလိုက်ခြင်းဖြစ်ပါတယ်။ ဒါဟာ နိုင်ငံတော်ရဲ့မြေယာကို နိုင်ငံသားတွေကသာ စိုက်ပျိုးလုပ်ကိုင်ရမယ်ဆိုတဲ့အခြေခံဥပဒေပါ။ ပြဋ္ဌာန်းချက်တွေကို တိုက်ရိုက်ချိုးဖောက်လိုက်ခြင်းဖြစ်ပါတယ်။

အဲဒါကြောင့်လဲ ဒီ"ဗမာအဇ္ဇရေးလ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်"ကို ရှမ်းပြည်က ကျောင်းသားတွေ၊ အလုပ်သမားတွေ၊ လယ်သမားတွေအစရှိတဲ့မျိုးချစ်ပုဂ္ဂိုလ်တွေက တခဲနက်ကန့်ကွက်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဖ–ဆ–ပ–လအစိုးရဟာ ဒီကန့်ကွက်ချက်တွေကို လျစ်လျူရှုပြီး ဇွတ်အတင်းလုပ်ကိုင်ခဲ့ပါတယ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် ဖ–ဆ–ပ–လဗဟိုအစိုးရဟာ ပြည်နယ်ကိစ္စနဲ့ပတ်သက်လာလို့ သူတို့မလုပ်ပေးချင်တဲ့အခါမျိုးဆိုယင် "ဒါကတော့ ပြည်နယ်အတွင်းရေးကိစ္စမို့ ဝင်မစွက်ဖက်ပါရစေနဲ့။ စွက်ဖက်ဘို့လဲ လုံးဝမလိုလားပါဘူး"ဆိုတဲ့ဆင်ခြေတွေကို ပေးပေးပြီး ဝင်ရောက်စွက်ဖက်ချင်တဲ့အခါမျိုးဆိုယင်တော့ (အားလုံးသိကြတဲ့အတိုင်းပါဘဲ)တဦးတည်းသဘောအရ ထင်သလို ချယ်လှယ်သွားတာကို တွေ့ရပါတယ်။ ဒါဟာ ပြည်နယ်တွေကို ယဉ်ယဉ်ကလေးနဲ့စော်ကားလိုက်ခြင်းပါဘဲ။

ဒါကြောင့် စီးပွားရေးလုပ်ငန်းနဲ့ပတ်သက်ပြီး ဖ–ဆ–ပ–လဗဟိုအစိုးရဟာ "ဗမာအဇ္ဇရေးလ်စာချုပ်"ကိစ္စမျိုးလို ရှေ့ကိုလဲ ထပ်မံ၍ စော်ကားမော်ကားမလုပ်ဘူးလို့ ဘယ်သူက အာမခံချက်ပေးနိုင်မှာလဲ။

အဲဒါကြောင့် ဒီလူမျိုးစုပေါင်းစုံ အစည်းအဝေးကြီးကနေပြီး ဒီကိစ္စမျိုးကို လေးလေးနက်နက် စဉ်းစားနိုင်ရန် တင်ပြရခြင်းဖြစ်ပါတယ်။

## ပြည်နယ်ထောက်ပံ့ကြေး။

သဘာပတိနဲ့ဘဝတူတိုင်းရင်းသားလူမျိုးစုများခင်ဗျား။

အထက်ပါရှမ်းပြည်ရဲ့အဓိကအသက်သွေးခဲလုပ်ငန်းသုံးရပ်ကို ရှင်းလင်းတင်ပြပြီးတဲ့နောက် စောစောပိုင်းက ကျွန်တော်ရည်ညွှန်းပြောဆိုခဲ့တဲ့"ပြည်နယ်ထောက်ပံ့ကြေး"ကိစ္စကို ဆက်လက်တင်ပြအစီရင်ခံသွားပါမယ်။

"ထောက်ပံ့ကြေး"ဆိုကတဲကိုက လူကြီးမင်းတို့ သိရှိကြတဲ့အတိုင်း (Liability) လို့ခေါ်တဲ့ ပေးရန်တာဝန်အနေနဲ့မဟုတ်ဘဲ စေတနာအလျောက် ဗဟိုအစိုးရက ပြည်နယ်တွေကို ပေးကမ်းစွန့်ကြဲထောက်ပံ့ခြင်းလို့အနက်အဓိပ္ပါယ်ရပါတယ်။ ဒါက တင်စီးတဲ့သဘော၊ အသားယူတဲ့သဘောဖြစ်ပါတယ်။

ဒီအချက်ကို ပိုပြီးရှင်းအောင် တင်ပြပါအုံးမယ်။ နယ်ချဲ့ကခေတ်ကိုလိုနီဘဝတုံးက ရှမ်းအစိုးရနဲ့ဗမာပြည်မအစိုးရတို့ရဲ့ဘဏ္ဍာရေးအဆက်အသွယ်ဟာ ၁၉၄၀–၄၁–ခုနှစ်မှာ ဘယ်လောက်အထိ ရှိတယ်ဆိုတာ ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီဘဏ္ဍာတော်နှစ်မှာဘဲ ရှမ်းအစိုးရ

E-book is created by *shanyoma*

က ပြည်မအစိုးရထံမှ ရပိုင်ခွင့်အနေနဲ့ အချိုးကျအခွန်တော်ငွေရခဲ့တာကတော့–
၁။ ထွက်ကုန်ဝင်ကုန်မှ ရရှိတဲ့ဆိပ်ကမ်းအကောက်တော်ခွန်စုစုပေါင်း၏ ၇–ရာခိုင်နှုန်း။
၂။ ဆား၊ သကြား၊ ငွေသားနှင့်စီးကရက်တို့အပေါ်မှ ရရှိတဲ့နိုင်ငံတွင်းအခွန်တော်ငွေ၏ ၆.၇ ရာခိုင်နှုန်း။
၃။ ရှမ်းပြည်သို့ တင်ပို့သော ဓာတ်ဆီ၊ ရေနံဆီနှင့်မီးခြစ်များမှ ရရှိတဲ့အခွန်တော်ငွေအားလုံး။
၄။ နမ္မတူဘားမားကော်ပိုရေးရှင်းမှ ရရှိသောအမြတ်တော်ခွန်၏ ၉၉–ရာခိုင်နှုန်း။
၅။ ရှမ်းပြည်အတွင်းရှိ အစိုးရအမှုထမ်းများနှင့်မီးရထားဌာနအမှုထမ်းများထံမှ ရရှိသောအမြတ်ခွန်အားလုံး။
၆။ ရှမ်းပြည်၌ရောင်းရသောအစိုးရသိန်းထီငွေ၏ ၄၀–ရာခိုင်နှုန်း။
၇။ ရှမ်းပြည်သို့ တင်ပို့သည့်တိုင်းရင်းဖြစ် သေရည်သေရက်များမှရရှိသော ယစ်မျိုးခွန်အားလုံး။
၈။ နိုင်ငံခြားသို့တင်ပို့သော ချိပ်အပေါ်မှ ရရှိသည့်ထွက်ကုန်အကောက်တော်၏ ၉၃.၁ရာခိုင်နှုန်း။
၉။ နိုင်ငံခြားသို့တင်ပို့သော ရှားအပေါ်မှ ရရှိသည့်ထွက်ကုန်အကောက်တော်၏ ၂–ရာခိုင်နှုန်း။
၁၀။ မြန်မာပြည်မီးရထားမှ ရရှိသော အမြတ်တော်ငွေ၏ ၇–ရာခိုင်နှုန်း။
၁၁။ မြန်မာပြည် စာတိုက်ကြေးနန်းဌာနမှရရှိသော အမြတ်ငွေ၏ ၇–ရာခိုင်နှုန်း။
၁၂။ ငွေဒင်္ဂါးဌာနမှ မြန်မာပြည်အစိုးရက အိန္ဒိယအစိုးရထံမှ အမြတ်ငွေ ရသည့်အခါ ၅–ရာခိုင်နှုန်း။

စသည်ဖြင့် အချိုးကျရခဲ့တာဟာ စုစုပေါင်း ၅,၈၈၈,၀၀၀ိ/ ခြောက်သန်းနီးပါးဖြစ်ပါတယ်။ ရှမ်းအစိုးရက မြန်မာပြည်အစိုးရကို အဲဒီဘဏ္ဍာတော်နှစ်အတွင်းမှာဘဲ “ပေးရန်တာဝန်” အနေနဲ့ပြန်ပြီး အချိုးကျပေးခဲ့ရတာကတော့–
၁။ ဆိပ်ကမ်းအကောက်တော်ဌာန ကုန်ကျစရိတ်စုစုပေါင်း၏ ၆.၂ ရာခိုင်နှုန်း။
၂။ ဆား၊ သကြားနှင့်မီးခြစ်အပေါ် အကောက်တော်ကောက်ရာတွင် ကုန်ကျသောစရိတ်ငွေ၏ ၆.၂ရာခိုင်နှုန်း။
၃။ မြန်မာပြည် မီးရထားဌာနရှုံးငွေ၏ ၇–ရာခိုင်နှုန်း။
၄။ စာတိုက်ကြေးနန်းဌာန ရှုံးငွေ၏ ၇–ရာခိုင်နှုန်း။
၅။ မီးရထားစာတိုက်ကြေးနန်းအတွက် အိန္ဒိယသို့ပေးဆပ်ရသောအကြွေးငွေ၏ ၇–ရာခိုင်နှုန်း။
၆။ အိန္ဒိယပြည်သို့ မြန်မာပြည်က ပေးဆပ်ရသောအကြွေးငွေ၏ ၆.၈ ရာခိုင်နှုန်း။
၇။ ကာကွယ်ရေးဌာနတွင် ခရစ်ယာန်ဘာသာရေးအတွက် ထောက်ပံ့စရိတ်၏ ၆.၈ ရာခိုင်နှုန်း။
၈။ မြန်မာပြည်အစိုးရ၏နိုင်ငံခြားရေးရာ ကိစ္စအတွက် ကုန်ကျစရိတ်ငွေ၏ ၆.၈ ရာခိုင်နှုန်း။
၉။ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကုန်ကျစရိတ်ကို လူဦးရေအချိုးအစားအတိုင်း၏ ရာခိုင်နှုန်း။
၁၀။ ငွေဒင်္ဂါးသွန်းလုပ်ရေး၌ အိန္ဒိယသို့ မြန်မာပြည်အစိုးရ ပေးရသော ငွေ၏ ၅–ရာခိုင်နှုန်း။

E-book is created by *shanyoma*

၁၁။ ပင်စင်လစာများအတွက် အိန္ဒိယသို့မြန်မာပြည်အစိုးရက ပေးသွင်းရသောငွေ၏ ၆.၇ ရာခိုင်နှုန်း။
၁၂။ ကာကွယ်ရေးဌာနကုန်ကျစရိတ်၏ ၆.၇ ရာခိုင်နှုန်း။

စသည်ဖြင့် အချိုးကျအတိုင်းပေးခဲ့ရတာဟာ စုစုပေါင်း ၂,၃၇၂,၀၀၀ိ/နှစ်သန်းကျော် ဖြစ်ပါတယ်။

ဒါတွေအားလုံးကို ပြန်ပြီးဆန်းစစ်လိုက်ယင် ကိုလိုနီခေတ်တုံးက ရှမ်းပြည်နဲ့မြန်မာပြည် ဘဏ္ဍာရေးအဆက်အသွယ်ဟာ ပေးကမ်း“ထောက်ပံ့”တဲ့သဘောမျိုးမဟုတ်ဘဲ “ပေးရန်တာဝန်နဲ့ ရရန်ပိုင်ခွင့်”သဘောမျိုးဖြစ်ကြောင်း အထင်အရှား တွေ့ရပါတယ်။

ကိုလိုနီဘဝတုံးက ရှမ်းပြည်ဟာ ရရန်ပိုင်ခွင့်အနေနဲ့ ရယူခွင့်ရှိခဲ့တာကို လွတ်လပ်ပြီဆိုတဲ့ပြည်ထောင်စုခေတ်ကျမှ “ထောက်ပံ့ကြေး”ဆိုတဲ့စကားလုံးကို သုံးလိုက်တာဟာ စကားလုံးအရတောင်လိုက်ပြီး အနှိမ်ခံနေရတဲ့အတွက် အတော်ဘဲ ဝမ်းနည်းစရာကောင်းပါတယ်။

ဒါတွေဘဲလားဆိုတော့ မဟုတ်သေးပါဘူး။ လက်တွေ့အားဖြင့်လဲ လွတ်လပ်တယ်ဆိုတဲ့ ပြည်ထောင်စုခေတ်ကို ရောက်ခါမှ ရှမ်းအစိုးရနဲ့ဗဟိုအစိုးရတို့ ဘဏ္ဍာရေးအဆက်အသွယ်ဟာ သာတူညီမျှ သဘောမျိုး အချိုးကျသဘောမျိုးမဟုတ်ဘဲ ပြည်နယ်ဘက်ကသာ တဘက်သတ်နစ်နာနေကြောင်း တင်ပြပါရစေ။

ရှမ်းအစိုးရက ဗဟိုအစိုးရထံမှ နှစ်စဉ် ရခဲ့တဲ့“ထောက်ပံ့ကြေး”ခေါ် ရပိုင်ခွင့်တွေဟာ လူဦးရေအလိုက် တကယ်ရသင့်တာထက် များစွာလျော့နည်းပြီးရခဲ့ကြောင်းကို အောက်ပါစာရင်းအရ သိရှိနိုင်ပါတယ်။

| ဘဏ္ဍာရေးနှစ် | လူဦးရေအလိုက် ရသင့်သော အခွန်တော်ငွေ | လူဦးရေအလိုက် ကျခံသင့်သော အသုံးစရိတ် | အသားတင် ရသင့်သော အခွန်တော်ငွေ | ပြည်မမှထောက်ပံ့ငွေ | ရသင့်သည်ထက် လျော့ရသောငွေ |
|---|---|---|---|---|---|
| ၁၉၅၁-၅၂ | ၃၃,၁၂၈,၉၆၀ | ၁၉,၈၈၃,၃၆၀ | ၁၃,၂၄၅,၆၀၀ | ၁၀,၂၇၇,၇၈၀ | ၂,၉၆၇,၈၂၀ |
| ၁၉၅၃-၅၄ | ၆၈,၁၄၂,၅၆၀ | ၃၀,၉၂၀,၈၀၀ | ၃၇,၂၂၁,၇၆၀ | ၁၄,၄၆၀,၀၀၀ | ၂၂,၇၆၁,၇၆၀ |
| ၁၉၅၄-၅၅ | ၅၉,၇၂၉,၄၄၀ | ၂၉,၁၀၇,၀၄၀ | ၃၀,၈၂၂,၄၀၀ | ၁၄,၄၆၀,၀၀၀ | ၁၆,၁၆၂,၄၀၀ |

အခုတင်ပြလိုက်တဲ့စာရင်းကတော့ ဗဟိုအစိုးရရဲ့ဘတ်ဂျတ်အခွန်တော်ရငွေဘက်က တွက်ချက်ပြီး ပြလိုက်တဲ့စာရင်းဖြစ်ပါတယ်။ ဘတ်ဂျတ်အသုံးငွေဘက်လှည့်ပြီး တွက်ချက်လိုက်ယင်လဲ ရှမ်းပြည်နယ်ဟာ ဘယ်လောက်အထိ နစ်နာနေကြောင်းကို အောက်ပါစာရင်းနဲ့ ထပ်လောင်းတင်ပြပါရစေ။

E-book is created by shanyoma

၁၉၅၂–၅၃–ခုနှစ်၊ ဘတ်ဂျတ်စာရင်းအရ။

| အမှတ်စဉ် | အသုံးခေါင်းစဉ် | ပြည်မရှိလူဦးရေ–၁၄,၇၁၇,၀၉၇ | | ရှမ်းပြည်ရှိလူဦးရေ–၁,၆၁၇,၀၀၀ | |
|---|---|---|---|---|---|
| | | အသုံးခန့်မှန်းခြေ ငွေပေါင်း | လူတယောက်အတွက် သုံးငွေ | အသုံးခန့်မှန်းခြေ ငွေပေါင်း | လူတယောက်အ တွက်သုံးငွေ |
| ၁ | သစ်တော | ၇,၆၆၃,၀၀၀ | .၅၂ | ၇၀၄,၃၄၀ | . ၄၄ |
| ၂ | အရပ်ရပ်စီရင်အုပ် အုပ်ချုပ်မှု | ၂၁,၁၁၃,၀၀၀ | ၁. ၄၃ | ၁,၂၄၁,၂၅၀ | . ၇၇ |
| ၃ | တရားရေး | ၇,၆၂၉,၀၀၀ | . ၅၂ | ၁၁၅,၄၀၀ | . ၀၇ |
| ၄ | ရဲအဖွဲ့ | ၆၆,၉၇၄,၀၀၀ | ၄. ၅၅ | ၉၃၁,၀၀၀ | . ၅၈ |
| ၅ | ပညာရေး | ၅၂,၂၆၃,၁၀၀ | ၃. ၅၅ | ၂,၃၀၃,၇၀၀ | ၁. ၄၂ |
| ၆ | ဆေးဘက်ဆိုင်ရာ | ၁၁,၃၉၆,၀၀၀ | . ၅၇ | ၁,၄၆၈,၇၀၀ | . ၉၁ |
| ၇ | ပြည်သူ့ကျန်းမာရေး | ၁၆,၃၅၆,၀၀၀ | ၁. ၁၁ | ၆၃၆,၈၅၀ | . ၃၉ |
| ၈ | စိုက်ပျိုးရေး | ၆,၆၉၃,၀၀၀ | . ၄၅ | ၅၈၆,၉၀၀ | . ၃၆ |
| ၉ | တိရစ္ဆာန်ဆေးကု | ၁,၀၄၅,၀၀၀ | . ၀၇ | ၂၉၃,၆၀၀ | . ၁၈ |
| ၁၀ | စက်မှုလက်မှုလုပ်ငန်း | ၁,၈၈၇,၀၀၀ | . ၁၃ | ၂၆,၆၀၀ | . ၀၂ |
| ၁၁ | မြို့ပြဆိုင်ရာလုပ်ငန်း | ၃၂,၇၈၉,၀၀၀ | ၂. ၂၃ | ၃,၈၇၁,၂၀၀ | ၂. ၃၉ |
| ၁၂ | စာရေးကိရိယာနှင့် ပုံနှိပ်ခြင်း | ၄,၅၃၇,၀၀၀ | . ၃၀ | ၃၉,၀၀၀ | . ၀၂ |
| | စုစုပေါင်း | ၂၃၀,၃၄၅,၀၀၀ | ၁၅. ၆၃ | ၁၂,၂၁၈,၅၄၀ | ၇. ၅၅ |

အဲဒီလို တန်းတူညီမျှ အချိုးကျအခွင့်အရေးတွေ မရတဲ့အတွက် ရှမ်းပြည်အစိုးရရဲ့ ဘတ်ဂျတ်ဟာ နှစ်တိုင်းလိုလို အသုံးစရိတ်ကိုတောင် မကာမိဘဲ ဖြစ်နေရကြောင်း အောက်ပါပြည်နယ်ဘတ်ဂျတ်စာရင်းက သက်သေပြလျက် ရှိပါတယ်။

"၁၉၅၆–၅၇–ခုနှစ် ပြည်နယ်ဘတ်ဂျတ်စာရင်း"

| ပြည်နယ်အမည် | အခွန်တော်ရမည့်ငွေ | ဗဟိုမှ ထောက်ပံ့ငွေ | သာမန်အသုံးစရိတ် |
|---|---|---|---|
| ရှမ်းပြည်နယ် | ၄,၁၂၇,၃၄၀ | ၁၂,၅၀၀,၀၀၀ | ၁၇,၂၁၁,၀၀၀ |
| ကချင်ပြည်နယ် | ၃,၉၀၄,၂၃၀ | ၇,၅၀၀,၀၀၀ | ၁၂,၀၆၉,၀၀၀ |
| ကယားပြည်နယ် | ၅၀၆,၃၉၀ | ၂,၀၀၀,၀၀၀ | ၂,၉၃၈,၀၀၀ |
| ကရင်ပြည်နယ် | ၂,၀၀၈,၄၃၀ | ၃,၈၀၀,၀၀၀ | ၆,၉၁၆,၀၀၀ |

ဒီလိုသာမန်အသုံးစရိတ်ကိုတောင်မကာမိတဲ့ဘတ်ဂျတ်မျိုးနဲ့သာ ရှေ့ကို ဆက်ပြီး စခန်းသွားနေရမယ်ဆိုယင် ရှမ်းပြည်ရဲ့တိုးတက်ကြီးပွားရာကြီးပွားကြောင်း စီမံကိန်းတွေ လုပ်ငန်းကြီးတွေကို ဘယ်လိုနည်းနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာလဲ၊ အနာဂတ်ကြီးပွားရေးအတွက် ဘယ်လိုဆောင်ရွက်နိုင်မှာလဲ။

E-book is created by *shanyoma*

ဒါတွေကြောင့် စောစောပိုင်းက ကျွန်တော်တင်ပြခဲ့တဲ့ရှမ်းပြည်နယ်ရဲ့ အဓိကအသက်သွေးကြော စီးပွားရေးလုပ်ငန်းကြီးတွေမှာ ရှမ်းပြည်သူတွေအကျိုးမခံစားရပုံတွေ၊ ဗဟိုအစိုးရနဲ့ပြည်နယ်အစိုးရတို့ ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲရာမှာ မညီမမျှဖြစ်နေပုံတွေ၊ သာမန်အသုံးစရိတ်ကိုတောင် မကာမိတဲ့ပြည်နယ်ဘတ်ဂျက်အခြေအနေတွေကို ကြည့်ခြင်းအားဖြင့် **ရှမ်းပြည်နယ်ဟာ စီးပွားရေးအရလဲ ကိုလိုနီနိုင်ငံရဲ့ အသွင်လက္ခဏာတွေကို အပြည့်အဝကြီးဆောင်နေကြောင်း ထင်ရှားစွာ တွေ့ရှိရပါတယ်။**

နိဂုံး

**သဘာပတိနှင့်ဘဝတူတိုင်းရင်းသားလူမျိုးစုအပေါင်းတို့ခင်ဗျား။**

ရှမ်းပြည်သူတွေဟာ ကျွန်တော် တင်ပြအစီရင်ခံခဲ့ပြီးတဲ့အတိုင်း၊ **နိုင်ငံရေးအရရော၊ စီးပွားရေးအရပါ ကိုလိုနီအသွင်လက္ခဏာကို အပြည့်အဝကြီးဆောင်နေကြောင်း၊ နယ်ချဲ့အင်္ဂလိပ်ကိုလိုနီခေတ်ဘဝထက်တောင် အခြေအနေဟာ ပိုပြီးဆိုးဝါးနေကြောင်းကို** ကြွရောက်လာတဲ့ဘဝတူတိုင်းရင်းသား လူမျိုးစုအသီးသီးက ကောင်းစွာ သဘောပေါက်ရိပ်စားမိကြပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။

အဲဒီလိုခံစားခဲ့ရတဲ့ဘဝဒဏ်ချက်တွေကြောင့် ခုချိန်မှာဆိုယင် ရှမ်းပြည်နယ်အတွင်းမှာမကျေနပ်သံတွေ၊ ညည်းညူသံတွေ၊ ခွဲထွက်ချင်တဲ့လေသံတွေဟာ တနေ့တခြားကြီးမားသည်းထန်လို့သာ ထွက်ပေါ်နေတဲ့အခြေကို ဆိုက်ရောက်နေပါပြီ။

ဒါကြောင့် ယခုလို ရာဇဝင်တွင်စေမဲ့ ဒီလူမျိုးစုပေါင်းစုံတွေ့ဆုံဆွေးနွေးပွဲကြီးကနေပြီးကံဆိုးမိုးမှောင်ကျနေတဲ့ရှမ်းပြည်ကြီးကို ဘယ်လိုဘယ်နည်းနဲ့ ထိရောက်စွာ ကယ်တင်နိုင်မယ်။ ဘယ်နည်းဘယ်လမ်းနဲ့ တိုးတက်ကြီးပွားအောင် လုပ်နိုင်မယ်ဆိုတာကို အလေးအနက် ထားပြီး စဉ်းစားဆွေးနွေးကြပါရန် ဘဝတူလူမျိုးအသီးသီးနဲ့ အဖိနှိပ်ခံဗမာပြည်သူကိုယ်စားလှယ်တွေကို ရှမ်းပြည်တိုင်းရင်းသားများရဲကိုယ်စား ကျွန်တော်နိဂုံးချုပ်အနေနဲ့ တင်ပြအစီရင်ခံခဲ့ပါတယ်ခင်ဗျား။

လူမျိုးစုပေါင်းစုံ သွေးစည်းညီညွတ်ရေးသို့–

E-book is created by *shanyoma*

E-book is created by ***shanyoma***

# ပြည်ထောင်စုတွင်းမှ
# တန်းတူသောရှမ်းပြည်

# ဦးသိန်းဖေမြင့်

# ၏

# မိတ်ဆက်စကား

ဦးထွန်းမြင့်(တောင်ကြီး)မှာ ဦးထွန်းမြင့်ကလေးဖြစ်၍ ဦးထွန်းမြင့်(လင်းခေး)ကား ဦးထွန်းမြင့်ကြီးဖြစ်သည်။ ယခုစာအုပ်ငယ်ကို ရေးသားသူဦးထွန်းမြင့်(တောင်ကြီးသည်) ရှမ်းပြည်မှ တိုင်းပြုပြည်ပြုလွှတ်တော်အမတ်အဖြစ်ဖြင့် တက်ရောက်ခဲ့သဖြင့်၎င်း၊ ရှမ်းပြည်နယ်ဝန်ကြီး၏ ပထမဦးဆုံးပါလီမန်အတွင်းဝန်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သဖြင့်၎င်း၊ တိုင်းပြုပြည်ပြုလွှတ်တော်သည် ယာယီပါလီမန်ဖြစ်လာအခါ အတိုက်အခံ တသီးပုဂ္ဂလပါလီမန်အမတ်အဖြစ်ဖြင့် ထက်ထက်မြက်မြက်ပြောဆိုဆောင်ရွက်ခဲ့သဖြင့်၎င်း၊ နိုင်ငံရေးသမားတယောက် အဖြစ်ဖြင့် ထင်ရှားလာခဲ့လေသည်။

ဦးထွန်းမြင့်သည် ရှမ်းပြည်နိုင်ငံရေးမှာသာမက ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့် ချီသော ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သဖြင့် ပိုမိုထင်ရှားခဲ့လေသည်။

သူသည် မိခင်ရှမ်းပြည်နှင့်ရှမ်းအမျိုးသားများကို ချစ်၏။ သို့ရာတွင် ပြည်ထောင်စုနှင့် လူမျိုးစုံချစ်ကြည်ရေးကို မေ့လျော့ပစ်ပယ်တတ်သော တယူသန်မျိုးချစ်မျိုးလည်း မဟုတ်ပေ။ သူ့အဘို့ ကိုယ့်ပြည်ကိုယ့်အမျိုး ချစ်ခြင်းနှင့်ပြည်ထောင်စုနှင့်လူမျိုးစုံချစ်ခြင်း မျှတညီညွတ်စွာ ပေါင်းစပ်နေပေသည်။

သူသည် အချက်အလက်နိုင်သူဖြစ်၏။ သူသည် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်တဦး အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို စကတည်းက အကျွမ်းဝင်ခဲ့သူဖြစ်၏။ နိုင်ငံရေးတွင် ရှေ့တန်းမှ တက်ကြွစွာ ပါဝင်သည်ဖြစ်စေ၊ နောက်တန်းမှ ခပ်ညိမ်ညိမ်လိုက်နေသည်ဖြစ်စေ၊ နိုင်ငံရေးမှ အနားယူနေသည်ဖြစ်စေ၊ ရှမ်းပြည်မြို့တော် တောင်ကြီးမှာနေပြီး ရှမ်းပြည်အုပ်ချုပ်ရေးကို မျက်ခြေမပြတ်လေ့လာနေသူဖြစ်သည်။ အခြေခံဥပဒေ ၁၃–နှစ် သက်တမ်းတွင် အတွေ့အကြုံအမျိုးမျိုးရရှိကြရာ ဦးထွန်းမြင့်သည် ၎င်းတို့မှ သခ်ဏ်းစာထုတ်နိုင်သူလည်း ဖြစ်ပေသည်။

ဦးထွန်းမြင့်သည် ရှမ်းပြည်က နစ်နာသမျှတွေ အချက်အလက်ပိုင်ပိုင်ဖြင့် တင်ပြထားသည်။ ထို့ကြောင့် မြန်မာလူမျိုး စာဖတ်ပရိသတ်က ပြင်းထန်သည်ဟု ထင်ကြကောင်းထင်ကြပေမည်။ သို့ရာတွင် အခြားလူမျိုးစုများကမူ ဦးထွန်းမြင့်နှင့်ကိုယ်ချင်းစာနာကြပေလိမ့်မည်။ သူတို့၏ နစ်နာချက်တွေ ဖြည့်စွက်ပြောဆိုလိုသောဆန္ဒများပင် ပေါ်ပေါက်ပေလိမ့်မည်။

E-book is created by *shanyoma*

ဦးထွန်းမြင့်သည် နစ်နာချက်တွေ တင်ပြခြင်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ရန် ဘယ်မျှလိုကြောင်း သက်သေထူနေခြင်းသာ ဖြစ်သည်။ မြန်မာမုန်းတီးစိတ်ဖြင့် တင်ပြနေခြင်းမဟုတ်။ ဦးထွန်းမြင့်က ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟု ခေါ်သော်လည်း ပြည်ထောင်စုစံနစ် မစစ်ပုံ ယူနစ်တရီခေါ် တမင်းတနိုင်ငံစံနစ်သာဖြစ်ပုံ ဖေါ်ထုတ်တင်ပြထား၏။ ဤအချက်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ချေ။

ပြည်ထောင်စုစံနစ်စစ်ရွေးမည်လော၊ တမင်းတနိုင်ငံစံနစ်ကို ရွေးမည်လော။ သမိုင်းဖြစ်စဉ်အရရော လူမျိုးစုများ တည်နေပုံအရပါ ပြည်ထောင်စုစံနစ်စစ်စစ်ကို ရွေးချယ်ကြရပေမည်။

ပြည်ထောင်စုဆိုလျှင် ပြည်နယ်အချင်းချင်း တန်းတူအခွင့်အရေးရှိရမည်။ တန်းတူရန် ပထမဆုံး ပြင်ဆင်ရမည့်အရာမှာ မြန်မာပြည်မကို ပြည်နယ်တခုအဖြစ် ပြန်လည်ဖွဲ့စည်းရန်ဖြစ်သည်။ တန်းတူသောပြည်နယ်တွေ ပေါင်းလိုက်မှ ပြည်ထောင်စုစစ်မှန်ပေမည်။

ပြည်နယ်တွေအချင်းချင်း တန်းတူရန် မည်သို့မည်ပုံ ဘဏ္ဍာရေးခွဲဝေသင့်ပုံ၊ မည်သို့မည်ပုံ အာဏာအခွင့်အရေး ခွဲဝေသင့်ပုံ၊ မည်သို့မည်ပုံ တာဝန်တန်းတူခွဲဝေသင့်ပုံ တော်တော်စုံအောင် တင်ပြထားသည်။

ဦးထွန်းမြင့်၏ ပန်းတိုင်မှာ ပြည်ထောင်စုတွင်းမှ ခွဲထွက်၍ သီးခြားနေရေးမဟုတ်၊ ပြည်ထောင်စုခိုင်မြဲရေးဖြစ်သည်။ ထိုပန်းတိုင်သို့ တန်းတူရေးဟူသော လမ်းစဉ်ဖြင့် ချီတက်ရန်ဖြစ်သည်။

ဤစာအုပ်ငယ်ကို မြန်မာနှင့်ရှမ်းတို့သာမက အခြားလူမျိုးစုများကလည်း ဖတ်ရှုထိုက်သည်ဟုထင်ပါသည်။ ပြည်ထောင်စုခိုင်မြဲရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု မြော်လင့်ပါကြောင်း။

သိန်းဖေမြင့်
(၂၄-၂-၆၁)

E-book is created by *shanyoma*

# ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည်

"လူသည် သဘာဝအားဖြင့် နိုင်ငံရေးသတ္တဝါဖြစ်သည်"ဟု အရစ္စတိုတယ်က ဆိုသည်။

ကျွန်တော်သည်လည်း နိုင်ငံရေးသတ္တဝါတကောင်ပင် ဖြစ်သည်။ ဆိုင်းသံကြားလျှင် ထကချင်သူကဲ့သို့ ကျွန်တော်သည် ရှမ်းပြည်အမျိုးသားရေးလှုပ်ရှားမှုများ တလှုပ်လှုပ်ဖြစ်တိုင်း ထ၍ကချင်ပါသည်။

"ရှမ်းပြည်"အမျိုးသားရေးရာ လှုပ်ရှားမှုကြီးသည် ဒီရေအလား တလှိမ့်လှိမ့်တက်လျက်ရှိလာလေပြီ။

"ရှမ်းဆိုး"ဟုခေါ်ဝေါ်နေသည့်ရှမ်းသူပုန်ထမှုကြီးသည်လည်း ရှမ်းပြည်အမျိုးသားရေးရာလှုပ်ရှားမှုကြီး၏ အစိတ်အပိုင်းတခုဖြစ်သည်။

မကြာမီက နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု တောင်ကြီးသို့ ရောက်ရှိနေစဉ် ရှမ်းသူပုန်အရေးနှင့်ပတ်သက်၍ ဆွေးနွေးသည်ဟု ကြားသိရသည်။ ရှမ်းသူပုန်အင်အား ဘယ်လောက်ရှိမည်ထင်သလဲဟု ဦးနုက မေးမြန်းရာ တာဝန်ခံပုဂ္ဂိုလ်တဦးက လက်နက်ကိုင်အင်အား ၂၅,၀၀၀ ခန့်ရှိမည်ဟု ဖြေကြားသည်ဟု တဆင့်စကား ကြားသိရသည်။

မည်သို့ပင်ဖြစ်စေ၊ ရှမ်းသူပုန်အရေးသည် မသေးငယ်တော့ပေ။

ရှမ်းသူပုန်သည် အရှေ့ပိုင်းဒေသနှင့်ကျွန်တော်နေထိုင်သည့်ဒေသမှာ အလှမ်းကွာလှသဖြင့် ရှမ်းသူပုန်အရေးနှင့်ပတ်သက်ပြီး နှိုက်နှိုက်ချွတ်ချွတ် ဘာမျှမသိပါ။

ရှမ်းသူပုန်ထနေသည်မှာ တနှစ်ကျော်ကြာမြင့်လာပါပြီ။ ယနေ့အထိ ၎င်းတို့၏ဝါဒလမ်းစဉ်နှင့်ပတ်သက်၍ ကျေညာချက်တစောင်တလေမှ ကျွန်တော် မဖတ်ရသေးပါ။

ထိုအရပ်ဒေသမှ ရောက်ရှိလာသော မိတ်ဆွေသင်္ဂဟများထံမှ ကြားသိရသလောက်ဆိုလျှင် ရှမ်းသူပုန်တို့တွင် အခြေခံဝါဒလမ်းစဉ်ဟူ၍ ရှိဟန်မတူပေ။ ဗမာမုန်းတီးရေးတွင် အခြေခံပြီးဖြစ်ပေါ်လာဟန်တူပေသည်။ နောက်ပိုင်းတွင် ရှမ်းသမတနိုင်ငံသီးခြားထူထောင်လိုသည်ဟု ကြားရသည်။

ရှမ်းသူပုန်အရေးနှင့်ပတ်သက်ပြီး ကျွန်တော်၏နိုင်ငံရေးအရ တွေ့မြင်သုံးသပ်ချက်ကို စာတမ်းတစောင် သပ်သပ်ရေးသားရန် ကြံရွယ်ထားခဲ့ပါသည်။ သို့သော် အဘက်ဘက်၏အထင်မှားမှု၊ ပြုငြင်မှုကို စိုးရိမ်၍ မရေးဖြစ်ခဲ့ပါ။

ရှမ်းသူပုန်တို့တွင် သီးခြားသမတနိုင်ငံထူထောင်လိုစိတ် ရှိသလို၊ ရှမ်းမျိုးချစ်ပုဂ္ဂိုလ်မြောက်များစွာတို့တွင်လည်း သီးခြားသမတနိုင်ငံ ရိုးသားစွာ ထူထောင်လိုသောဆန္ဒ ယနေ့ပေါ်

E-book is created by *shanyoma*

လွှင့်လျက်ရှိလေသည်။

လူမျိုးတမျိုးသည် မြေရေယာ အဘယ်မျှသေးငယ်၍ လူဦးရေ အဘယ်မျှ နည်းပါးစေကာမူ ကိုယ့်တိုင်းပြည် ကိုယ့်လူလွတ်လပ်ရေး၊ ကိုယ့်အချုပ်အချာအာဏာဖြင့် နေထိုင်လိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ကျွန်တော့်အား "မင်း သီးခြားလွတ်လပ်တဲ့သမတနိုင်ငံအဖြစ်နဲ့ မနေချင်ဘူးလား"ဟု မေးလျှင် နေချင်ပါသည်ဟု ဖြေပါမည်။

သို့သော် ဤသည်မှာ ဆန္ဒပိုင်းသာဖြစ်သည်။ တကယ့်ဖြစ်ရပ်နှင့်ဖြစ်နိုင်သည်က တခြားဖြစ်ပါသည်။

လူမျိုးကွဲပြားတိုင်း သီးခြားနိုင်ငံတည်ထောင်ကြမည်ဆိုလျှင် ယနေ့ကမ္ဘာပေါ်တွင် သီးခြားနိုင်ငံပေါင်း ထောင်သောင်းမက ပေါ်ပေါက်လာပါမည်။

အန္ဒိယမြူခေတ်၊ ဂြိုဟ်တုခေတ်၊ ဒုံးပျံခေတ်တွင် နဂိုရ်ကွဲပြားနေသည့်နိုင်ငံများပင် တနည်းမဟုတ် တနည်းဖြင့် ပူးပေါင်းလျက်ရှိကြသည်။

တနေ့တွင် သီးခြားတိုင်းပြည် သီးခြားအစိုးရ သီးခြားလူမျိုးများပင် ရှိတော့မည်မဟုတ်ပေ။

ရှမ်းအမျိုးသားများသည် ဗီဇဆန္ဒအလျောက် သီးခြားသမတနိုင်ငံထူထောင်လိုကြသည်ကို မည်သူက အပြစ်တင်ဝံ့ကြမည်နည်း။ လူမျိုးကြီးဝါဒကင်းစင်သော ဗမာအမျိုးသားများကလည်း ကြည်ဖြူစွာ ခွင့်ပြုကြပေလိမ့်မည်။

ရှမ်းသီးခြားသမတနိုင်ငံကို ရှမ်းအမျိုးသားများတွင် လိုချင်ဆန္ဒပြင်းပြလာသည်မှာ ကျဉ်းမြောင်းသော အမျိုးသားဝါဒကြောင့် ဖြစ်လာသည် မဟုတ်ပါ။

ရှမ်းအမျိုးသားများတွင် နစ်နာချက်တွေရှိသည်။ ထိုနစ်နာချက်များတွင် သီးခြားသမတနိုင်ငံသည် စတင်၍ အမြစ်တွယ်လာသည်။ ဗမာလူမျိုးကြီးဝါဒနှင့်ဖိနှိပ်ရေးဝါဒသည် ဖွံ့ဖြိုးကြီးထွားလာအောင် မြေတောင်မြှောက်ပေးလိုက်သည်။

လူမျိုးကြီးဝါဒသမားများသည် မိမိတို့၏မှားယွင်းသောဝါဒကို မမြင်၊ ရှမ်းအမျိုးသားရေးဆန္ဒကို နယ်ချဲ့ပယောဂဟူ၍ဂင်း၊ ကျဉ်းမြောင်းသောအမျိုးသားရေးဝါဒဟူ၍ဂင်း၊ ခေါ်ဝေါ်သမုတ်ကြသည်။

ကျွန်တော်နှင့်ရင်းနှီးသော အလံနီရဲဘော်တဦး၏လက်သုံးစကားကဲ့သို့"ရွှေတောင်ကြောင့် ရွှေရောင်တောက်ရခြင်း"ပင်ဖြစ်ပါသည်။

ဗမာလူမျိုးကြီးဝါဒသည် ယနေ့ဗမာပြည်တွင် လက်ျာဂိုဏ်းတွင်သာမက လက်ဝဲဂိုဏ်းတွင်ပင် ပေါ်ပေါက်နေသည်။

ရှမ်းပြည်တဲ့ရေး-ခွဲရေးပြဿနာတွင်ဂင်း၊ လူမျိုးစုတိုင်း ပြည်နယ်ရရှိရေးသဘောထားတွင်ဂင်း၊ ဖ-ဆ-ပ-လ - ပ-ထ-စ တွင်သာမက ပ-မ-ည-တနှင့်တောတွင်းပါတီများထဲ၌ပင်

E-book is created by *shanyoma*

လူမျိုးကြီးဝါဒ ရှိကြသည်။

ယနေ့ ရှမ်းပြည်အမျိုးသားရေးကိစ္စတွင် ဘီလူးစည်းလူ့စည်း ခွဲခြားပေးလိမ့်မည်။

ရှမ်းပြည်နယ် အမျိုးသားစိတ်ရှိသူမှန်သမျှသည် ရှမ်းပြည်နယ်အတွက် နစ်နာချက်များ ရှိသည်ကို နားလည်ကြသည်။

သူ့ရှုဒေါင့် – ကိုယ့်ရှုဒေါင့်မှ နစ်နာချက်များ ဖေါ်ထုတ်ကြသည်။ အဖြေရှာကြသည်။

သို့နှင့်လွတ်လပ်ရေးရပြီး ၁၂–နှစ်ကျော် ၁၃–နှစ်သို့ ချဉ်းနင်းဝင်ရောက်လာသည်။

အချို့အစိတ်အပိုင်းက ဗမာကို နင်းကန်မုန်းပစ်လိုက်သည်။ လက်နက်စွဲကိုင် သူပုန်ထကြသည်။ ဗမာဆို အကုန်သတ်ချင်စိတ် ပေါ်လာသည်။ လုံချည်ဝတ်ထားလျှင် ရှမ်းတိုင်းရင်းသားများကိုပင် ချမ်းသာမပေး သတ်ပစ်လိုက်သည်။

အချို့အစိတ်အပိုင်းသည် တောခိုသူပုန်မထသော်လည်း ရှမ်းပြည်အခြေအနေကို အင်္ဂလိပ်နယ်ချဲ့မှ ဗမာနယ်ချဲ့သို့ ပုခုံးပြောင်းလိုက်တာဘဲဟု မြင်ကြသည်။

အချို့ကလည်း ရှမ်းပြည်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အသင့်အတင့်ရှိသည်။ ဗမာကိုလိုနီဟု မခေါ်ဆိုနိုင်သော်လည်း ရှေးခေတ်ပဏ္ဏာဆက်နိုင်ငံအဆင့်လောက်တွင် ရှိသည်ဟု ဆိုသည်။

ယင်းသို့ အမျိုးမျိုးကွဲပြားနေသော ဥပဒေဘောင်တွင်းရှိ ရှမ်းအမျိုးသားရေးသမားများသည် ယနေ့ဆုံစည်းလာကြသည်။ အံ့သြဘွယ်ရာ တူညီသောပြဿနာတခုကို မြင်တွေ့လာကြသည်။

ထိုပြဿနာကား အခြားမဟုတ်။

ယနေ့ ရှမ်းပြည် ဗမာပြည် ပူးပေါင်းပုံ ပူးပေါင်းနည်းသည် ရှမ်းအမျိုးသားတို့၏ဆန္ဒနှင့်ကိုက်ညီသော ပူးပေါင်းနည်း မဟုတ်၊ ပြည်ထောင်စုဖွဲ့စည်းပုံ နည်းစံနစ်လည်း မမှန်ကန်။ အာဏာခွဲဝေမှုလည်း မမျှတဟူ၍ တညီတညွတ်တည်း ဖေါ်ထုတ်လာကြ၏။

တူညီသော ပြဿနာအတွက် တူညီသော အဖြေရရန်၊ စုပေါင်း၍ အဖြေရှာနေကြလေပြီ။

ရရှိမည့်အဖြေသည် ပြည်ထောင်စုအတွက် အကျိုးရှိမည်လော၊ အကျိုးမဲ့မည်လော ဟူသည်ကို အခြေအနေအရပ်ရပ်က အဆုံးအဖြတ် ပေးကြပေမည်။

ဗမာပြည်ရှိ ပါတီအဖွဲ့အစည်းများသည် ကိုယ်ချင်းစာတရား လက်ကိုင်ထား၍ ကူညီဖေးမကြလျှင် ပြည်ထောင်စုအတွက် အကျိုးရှိမည့်အဖြေ ထွက်လာပေမည်။ သို့မဟုတ်ဘဲ လူမျိုးကြီးဝါဒ လက်ကိုင်ထား၍ ဖိနှိပ်ဖျက်ဆီးလျှင် ပြည်ထောင်စုအတွက် အကျိုးမဲ့သောအဖြေထွက်လာပေလိမ့်မည်။

လွန်ခဲ့သည့်အောက်တိုဘာလအတွင်းက ကျင်းပခဲ့သော ပါလီမန်ပြည်သူ့လွှတ်တော်ညီလာခံတွင် ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြန်လည်စီစစ်ရန်ကိစ္စ ပေါ်ပေါက်လာခဲ့ပေသည်။

E-book is created by shanyoma

မူလက တရုပ်ဗမာနယ်ခြားသတ်မှတ်ရေးကိစ္စ၊ ဗုဒ္ဓဘာသာ နိုင်ငံတော်ဘာသာ ပြုလုပ်ရေးကိစ္စနှင့်အခြားကိစ္စ ၃–၄–ရပ်အတွက်သာ အခြေခံဥပဒေကို ပြင်ဆင်ရန် ရည်ရွယ်ခဲ့သည်။ သို့သော် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ကယားအမျိုးသားများတွင်လည်း ၎င်းတို့နှင့်သက်ဆိုင်သော ကဏ္ဍများအတွက် အခြေခံဥပဒေကို ပြင်ဆင်လိုလာကြသည်။

ထိုအခြေထိ ပြဿနာမှာ သိပ်မကြီးလှသေးပါ။ သို့ရာတွင် ပြဿနာအရပ်ရပ်ညှိနှိုင်းရာမှ လူမျိုးစုတိုင်း တန်းတူညီမျှမှုမရှိသည်ကိုင်း၊ ဖွဲ့စည်းပုံစံနစ် မမှန်ကန်သည်ကိုင်း တွေ့မြင်ကြကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတခုလုံးကို ပြင်ဆင်လိုကြသည်အထိ ကြီးကျယ်လာခဲ့သည်။

ပြည်ထောင်စုအစိုးရက ဝန်ကြီးဒေါက်တာအေးမောင် ခေါင်းဆောင်သော အခြေခံဥပဒေပြင်ဆင်ရေးကော်မတီတရပ် ဖွဲ့စည်းလိုက်သည်။ ပြည်နယ်ဝန်ကြီးများပါဝင်သော ပြည်နယ်များ ပြန်လည်သုံးသပ်ရေးကော်မတီဖွဲ့ကာ ပြည်နယ်လူထုများထံမှ အကြံပေးချက်များကို ကျေညာ၍ တောင်းခဲ့သည်။ ရှမ်းပြည်နယ်ဥက္ကဋ္ဌစဝ်ခွန်ချိုက ထိုထက်တဆင့်တက်၍ ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ်အမတ်များအားလုံး၊ အမတ်များ မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ၂–ဦးစီ၊ ရှမ်းပြည်ရှိ ပါတီအဖွဲ့အစည်းများအားလုံးမှ ကိုယ်စားလှယ် ၃–ဦးစီနှင့်ရှမ်းပြည်ရေးတွင် စိတ်ပါဝင်စားသော တသီးပုဂ္ဂလများနှင့်တကွ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သောပုဂ္ဂိုလ်များ၊ ယခင်တိုင်းပြည်ပြုလွှတ်တော်အမတ်ဟောင်းများအားလုံးကို ဘိတ်ခေါ်၍ အမျိုးသားညီလာခံသဘောမျိုး ကျင်းပခဲ့သည်။

ထိုညီလာခံသဘင်သို့ တက်ရောက်သော ကိုယ်စားလှယ်အားလုံးကပင် လက်ရှိဖွဲ့စည်းပုံစံနစ်ကို မကြိုက်ကြပါ။ ပိုမိုတိကျသော ပြည်ထောင်စုစနစ် (Federation) ကို လိုချင်ကြောင်းတင်ပြကြသည်။

အခြေခံဥပဒေပြင်ဆင်ရေးကိစ္စတွင် တမျိုးသားလုံးသည် တစည်းတလုံးတည်း ရှိကြသည့်အတိုင်း တူညီသောအခြေခံမှုကို ညှိနှိုင်းပြီး အခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအား အကြံပေးရန် ပါတီအဖွဲ့အစည်းတခုလျှင် ကိုယ်စားလှယ် ၃–ဦးစီနှင့်တသီးပုဂ္ဂလ ၅–ဦးပါဝင်သော ကော်မတီတရပ်ကို ထိုညီလာခံသဘင်မှ ဖွဲ့စည်းလိုက်လေသည်။

ထိုကော်မတီသည် လုပ်ငန်းများ စလျက်ရှိပေသည်။

လူမျိုးတိုင်း တန်းတူညီမျှမှုပေါ်တွင် အခြေခံသော ပြည်ထောင်စုမှုကို ရှာဖွေကြလိမ့်မည်ဟု ကျွန်တော်ထင်သည်။

မည်သို့ပင်ဖြစ်စေ၊ အမျိုးသားရေးညီလာခံသဘင်တွင် အများက ဆန္ဒပြင်းပြသည့်သီးခြားရှမ်းသမတနိုင်ငံကို နောက်ပိုင်းသို့ပို့လိုက်ပြီး တန်းတူညီမျှသည့်ပြည်ထောင်စုမှုကို လိုလားကြသည်မှာ ကောင်းသောလက္ခဏာဟု ကျွန်တော်မြင်ပါသည်။

E-book is created by *shanyoma*

အမှန်မှာ ကျွန်တော်တို့တတွေသည် ၁၉၄၇–ခုနှစ်က အလုပ်ကို ယခုမှ လုပ်နေကြရပါသည်။

၁၉၄၇–ခုနှစ်၊ တိုင်းပြည်ပြုလွှတ်တော်တွင် ကျွန်တော်တို့သည် (၁) နိုင်ငံရေးအတွေ့အကြုံနုနယ်သေးခြင်း၊ (၂) ဥပဒေကျွမ်းကျင်မှုမရှိခြင်း၊ (၃) ဖ–ဆ–ပ–လခေါင်းဆောင်များအပေါ် ယုံကြည်ကိုးစားမှု လွန်ကဲခြင်း၊ (၄) တနှစ်အတွင်း လုံးဝလွတ်လပ်ရေး ရရန်သာ ဇောကြီးနေခြင်းကြောင့် လက်ရှိအခြေခံဥပဒေကို ခပ်ပေါ့ပေါ့ပင် လက်ခံလိုက်ကြသည်။

နယ်ချဲ့လက်အောက်က အမြန်ဆုံးလွတ်ရန်သာ အရေးကြီးသည်၊ နယ်ချဲ့မရှိသည့်နောက်ပိုင်း သွေးရင်းသားရင်း၊ ညီအစ်ကို အချင်းချင်း မူးတင်း ပဲတင်းလုပ်ကြလိမ့်မည်မဟုတ်ဟုထင်ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်ကား ထိုသို့မဟုတ်ပါ။ ပင်လုံညီလာခံနှင့်တိုင်းပြည်ပြုလွှတ်တော်တွင် ထားရှိခဲ့သောစိတ်ထားများ ပပျောက်ကုန်ပြီး ဥပဒေစကားလုံးများကိုသာ အတိအကျပြောဆိုလာကြပေသည်။

ပြည်ထောင်စုထောက်ပံ့ကြေးနှင့်ပတ်သက်၍ ပြည်နယ်များ(အထူးသဖြင့် ကျွန်တော်တို့ရှမ်းပြည်နယ်)တွင် မကြာခဏဆိုသလို ပွစိပွစိဖြစ်သည်။ ယင်းသို့ပွစိပွစိ ဖြစ်သည်ကို အကြောင်းပြုပြီး ဗိုလ်ခင်မောင်ကလေး ဘဏ္ဍာရေးဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ်က (Cabinet) အဖွဲ့သို့ စာတမ်းတစောင် တင်ပြသည်ဟုသိရသည်။ ဗိုလ်ခင်မောင်ကလေးက ၎င်းစာတမ်းတွင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အာဏာခွဲဝေမှု ဇယားများကို အခြေခံကာ တွက်ချက်ပြီး ပြည်ထောင်စုအစိုးရသည် ရှမ်းပြည်အား ပေးရန်တာဝန် ဘာမျှမရှိသည်သာမက ရှမ်းပြည်ကပင် ပြည်ထောင်စုအစိုးရသို့ နှစ်စဉ် သိန်း ၅၀–ကျော် ပြန်ပေးရဦးမည်ဟု ဖေါ်ပြထားကြောင်း ကြားသိရသည်။

လက်ရှိဖွဲ့စည်းပုံစနစ်နှင့်ဇယားများအရ ဗိုလ်ခင်မောင်ကလေး၏ တွက်ချက်မှုသည် မှန်ကောင်းမှန်ပေလိမ့်မည်။

လက်ရှိဖွဲ့စည်းပုံစနစ်တွင် ဗမာပြည်နှင့်ဗမာအစိုးရဟူ၍ သီးခြားမရှိဘဲ ဗမာအစိုးရသည် ပြည်ထောင်စုအစိုးရနှင့်လုံး၍ထားလိုက်သည်။

ဗမာပြည်နယ် – ဗမာအစိုးရဟူ၍ သီးခြားမထားရှိသည့်အတွက် ဗမာပြည်နယ်နှင့်ဗမာအစိုးရအတွက် အသုံးစရိတ်များလည်း သီးခြားမရှိပေ။ များသောအားဖြင့် ပြည်ထောင်စုအသုံးစရိတ်အဖြစ် လုံး၍ပြထားလိုက်ရာ ပြည်နယ်အားလုံးနှင့် ဆိုင်သည့်အခွန်တော်ရငွေမှ ပြည်နယ်များရရန် မရှိတော့ဘဲ ဗိုလ်ခင်မောင်ကလေး တင်ပြသကဲ့သို့ ပြည်နယ်များက ပြန်၍ပင် ပေးရဦးမလိုလို ဖြစ်နေသည်။

ဝန်ကြီးချုပ်ဦးနုကလည်း ဗိုလ်ခင်မောင်ကလေးကဲ့သို့ပင် သဘောထားဟန် တူသည်။ ပြည်နယ်များ ထောက်ပံ့ရေးဘုတ်အဖွဲ့အစည်းအဝေးတွင် ဦးနုက အခြေခံဥပဒေတွင် ထောက်ပံ့ကြေးပေးရမည်လို့ ဆိုမထားဘူး။ ကျုပ်တို့ပေးချင်မှ ပေးနိုင်သည်။ ဒီလောက်ပေးတာ ခင်ဗျားတို့

E-book is created by shanyoma

ကျေးဇူးတင်ဘို့ကောင်းသည်ဟု ပြောကြောင်းကြားသိရသည်။

ရှမ်းပြည်နယ်အစိုးရတွင် ပြည်တွင်းအခွန်တော်ကလည်း ဘာမှမရ၊ ပြည်ထောင်စု ထောက်ပံ့ကြေးကလည်း မလောက်မငှဖြစ်နေ၍ ဝင်ငွေပိုလာရန်၊ ရှမ်းပြည်တွင် စီးကရက်စက်တစက် တည်ထောင်ရန် ကြံစည်ခဲ့သည်ဆိုသည်။ စီးကရက်စက်တစက်တည်ထောင်လျှင် တနှစ်လျှင် ဝင်ငွေသိန်းပေါင်း တရာခန့်ရရှိမည်ဟု ခန့်မှန်းကြသည်။

နှစ်စဉ်ပြည်ထောင်စု ထောက်ပံ့ကြေးရော ပြည်တွင်းအခွန်တော်ပါမှ သိန်းပေါင်း ၂၀၀– ခန့်သာ ဝင်ငွေရှိသောရှမ်းပြည်နယ်အစိုးရအဘို့ တနှစ်သိန်း ၁၀၀–ဝင်ငွေ ပိုရှိလျှင် ပြည်သူ့အကျိုးပြုလုပ်ငန်း မြောက်များစွာ လုပ်နိုင်လာမည်မဟုတ်ပါလော။

သို့သော် ထိုစီးကရက်စီမံကိန်းနှင့်ပတ်သက်၍ ဗမာအာဏာပိုင်များက "ရှမ်းပြည်မှာ ခင်ဗျားတို့ စီးကရက်စက်တည်ချင် တည်နိုင်တယ်။ ဒါပေမဲ့ အဲဒီစီးကရက်စက်က ထွက်တဲ့စီးကရက်တွေကို ဗမာပြည် လာမရောင်းရဘူး။ လာရောင်းရင် ကျုပ်တို့ အခွန်ကောက်ရမယ်"ဟုပြောသည့်အတွက် ထိုစီမံကိန်း ပျက်သွားသည်ဟု ကြားသိရသည်။

လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှမ်းပြည်နယ်အစိုးရသည် စက်ရုံ–အလုပ်ရုံ၊ သတ္တုတွင်းလုပ်ငန်းများ လုပ်နိုင်ခွင့်မရှိဟု သိ–နားလည်ခဲ့ကြသည်။ ယခု ပ–ထ–စ အစိုးရခေတ်ကျမှ ဒေါက်တာဦးအေးမောင်က လုပ်နိုင်ခွင့်ရှိကြောင်း ပြောသည်ဟု သိရသည်။

သို့သော် စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်းများ လုပ်ကိုင်ရန် ငွေရင်းရှာဖွေခွင့်နှင့်ထွက်ကုန်ပစ္စည်းများ ဗမာပြည်သို့လွတ်လပ်စွာ ရောင်းခွင့်မရှိလျှင် ဦးအေးမောင်၏ လုပ်နိုင်ခွင့်ရှိသည် ဆိုခြင်းသည် မည်သို့အဓိပ္ပါယ်ရှိပါတော့မည်နည်း။

ရှမ်းပြည်တွင် စက်မှုလုပ်ငန်းများ မထွန်းကားသေး၍ ကုန်ကျစရိတ် ကာမိမည်မဟုတ်သဖြင့် လောပိတလျှပ်စစ်ဓာတ်အားကို ရှမ်းပြည်သို့ လွှတ်ပေးနိုင်မည်မဟုတ်ကြောင်း ဝန်ကြီးဦးရာရှစ်က ပြောသည်ဟုဆိုသည်။ ဤအတိုင်းသာဆိုလျှင် ရှမ်းပြည်အင်းလေးရေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာသော လောပိတလျှပ်စစ်ဓာတ်အားကို ရှမ်းပြည်တွင် စက်မှုလုပ်ငန်းများ ထွန်းကားလာသည့်ကာလမှ အသုံးပြုနိုင်ပေတော့မည်။

ဤသည်တို့ကား လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ဗမာလူမျိုးကြီးဝါဒတို့ကြောင့် ရှမ်းပြည်အတွက် နစ်နာနေသည့်အချက်တို့ဖြစ်သည်။

အခြေခံဥပဒေကို ပြန်လည်စီစစ်၍ ပြင်ဆင်ရန် အခွင့်အရေးရလာသည့်အခါ ဒီမိုကရေစီကို လေးစားသောအားဖြင့် ရှမ်းပြည်အမျိုးသားအပေါင်းတို့သည် အခြေခံဥပဒေကို သဲသဲမဲမဲ ပြင်ဆင်ရန် ကြိုးပမ်းကြသည်မှာ သဘာဝလည်းကျသည်၊ တရားလည်း တရားသည်ဟု ကျွန်တော်ထင်ပါသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ရေး(ဝါ)တန်းတူညီမျှ၍ တပြေးညီစွာ တိုးတက်သော ပြည်ထောင်စုဖြစ်ပေါ်ရေးအပေါ်တွင် ရှမ်းပြည်အမျိုးသားအပေါင်းတို့သည် အမျိုးသား

E-book is created by *shanyoma*

ညီညွတ်ရေးကို တလုံးတစည်းတည်း တည်ဆောက်လိုက်ကြပေပြီ။

ဤအမျိုးသားညီညွတ်ရေးကြီးသည် ခိုင်မာကြီးထွားလျက် ရှိလေသည်။

ဗမာလူမျိုးကြီးဝါဒ၏ လက်ပါးစေများသည် ဤအမျိုးသားညီညွတ်ရေးကြီးကို ဖြိုခွဲရန် ကြိုးပမ်းကြပေလိမ့်မည်။

ဗမာပြည်သူလူထုအပေါင်းသည် ပြည်ထောင်စုတည်မြဲရေးကို ကြီးစွာအန္တရာယ်ပြုသော ဗမာလူမျိုးကြီးဝါဒကို ဝိုင်းဝန်းတိုက်ဖျက်ကာ တန်းတူညီမျှ၍ တပြေးညီစွာ တိုးတက်သောပြည်ထောင်စုကြီးပေါ်ပေါက်ရေးအတွက် ရိုးသားစွာ ကြိုးပမ်းနေသော ကျွန်တော်တို့ရှမ်းပြည်အမျိုးသားများအား ဖေးမကူညီလိမ့်မည်ဟု မြော်လင့်ပါသည်။

ကျွန်တော့်အနေဖြင့် တန်းတူညီမျှ၍ တပြေးညီစွာ တိုးတက်သော ပြည်ထောင်စုကြီးပေါ်ပေါက်ရေးကို အထောက်အကူပြုစိမ့်သောငှါ နိုင်ငံပေါင်း ၂၀–ကျော်၏ ဖွဲ့စည်းပုံစံနစ်နှင့်ကမ္ဘာ့ဥပဒေပညာရှင်ကြီးများ၏ စာအုပ်စာတမ်းများကို မှီငြမ်းပြုကာ ရှမ်းပြည်တမျိုးသားလုံးလိုလားသော "ပြည်ထောင်စုစံနစ်"ဆောင်းပါးကို ဆက်လက်၍ ရေးသားဖေါ်ပြလိုက်ပါသည်။

ကျွန်တော်သည် ဥပဒေပညာ တတ်ကျွမ်းနားလည်သူ မဟုတ်သည့်အားလျော်စွာ ကျွန်တော်၏ ဆောင်းပါးတွင် အဓိပ္ပါယ်ဖေါ်ပြချက်နှင့်ဥပဒေကိုးကားချက်များ မှားယွင်းနေပါလျှင် ဥပဒေပညာရှင်များသည် ကျွန်တော်အား ခွင့်လွှတ်ကြပါရန် လေးစားစွာ ကြိုတင်၍ တောင်းပန်ထားအပ်ပါသည်။

## "ကျွန်တော်တို့ လိုလားသော ပြည်ထောင်စုစနစ်"

(၁)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ပြင်ဆင်ကြရာ၌ "မူ"ကို မပျက်စီးစေဘဲ ပြင်ဆင်ကြရမည်ဟု အစိုးရက စည်းကမ်းသတ်မှတ်ထားသည့်အတွက် ထို"မူ"နှင့်ပတ်သက်၍ ပြဿနာပေါ်ခဲ့သည်။ အခြေခံဥပဒေ၏ "မူ"ဆိုတာ ဘာလဲဟု မေးကြမြန်းကြသည်။

ဥပဒေပါရဂူတဦးက မြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ "မူ"ဟာ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရေးဘဲ ဖြစ်သည်ဟု အဖြေပေးသည်။

အချို့က အခြေခံဥပဒေ၏ နိဒါန်းသည် အခြေခံဥပဒေ၏ "မူ"ပင် ဖြစ်သည်ဟု ပြောကြသည်။

အထက်ပါတို့မှာ ပြဿနာ၏ အဖြေ အပြည့်အစုံ မဟုတ်၊ အစိတ်အပိုင်းသာ ဖြစ်သည်ဟု ကျွန်တော်ယူဆသည်။

၁၉၄၇–ခုနှစ်၊ ဇွန်လ(၁၆)ရက်နေ့ တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း တင်သွင်းသည့်လမ်းညွှန်ပြဋ္ဌာန်းချက်အဆိုတွင်ပါရှိသော အချက်(၇)ချက်သည်သာ အခြေခံဥပဒေ၏ "မူ"များဖြစ်ပါသည်။

E-book is created by *shanyoma*

E-book is created by *shanyoma*

## လမ်းညွှန်ပြဋ္ဌာန်းချက်အဆို

"တောင်တန်းသားများနှင့်ကရင်နီများအပါအဝင် ဖြစ်သော မြန်မာနိုင်ငံတော်သူ–နိုင်ငံတော်သားတို့၏ ကိုယ်စားလှယ်များသည် တိုင်းသူပြည်သားတို့၏ အာသီသဆန္ဒနှင့်လျော်ညီစွာ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို စီစဉ်ရေးဆွဲရန်အလို့ငှါ စုံညီစုဝေးကြလျက် အောက်ပါပြဋ္ဌာန်းချက်များကို ချမှတ်ကြကြောင်း။

(၁) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် "မြန်မာပြည်ထောင်စုနိုင်ငံတော်"ဟုခေါ်တွင်စေသော လွတ်လပ်သည့်အချုပ်အခြာအာဏာပိုင် သမတနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်စေရမည်။ ထို့ပြင်–

(၂) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက သတ်မှတ်ဖေါ်ပြသည့်တသီးပုဂ္ဂလပြည်နယ်များ ပါဝင်စေလျက်၊ သို့သတ်မှတ်ဖေါ်ပြသည့်တသီးပုဂ္ဂလပြည်နယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်သတ်မှတ်ဖေါ်ပြထားသည်နှင့်အမျှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာရရှိစေရမည်။ ထို့ပြင်–

(၃) အချုပ်အခြာအာဏာပိုင် လွတ်လပ်သောသမတမြန်မာနိုင်ငံတော်နှင့်တကွ အပါအဝင်ဖြစ်သည့်ပြည်နယ်များနှင့်အစိုးရအဖွဲ့အစည်းအားလုံးတို့၏ အခွင့်အာဏာဟူသမျှတို့သည် တိုင်းသူပြည်သားတို့ထံမှ သက်ဆင်းစေရမည်။ ထို့ပြင်–

(၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏တိုင်းသူပြည်သားမှန်သမျှသည် လူမှုရေးရာ၌ငှင်း၊ စီးပွားရေးရာ၌ငှင်း၊ နိုင်ငံရေးရာ၌ငှင်း၊ တရားမျှတမှုရှိစေလျက် အဆင့်အတန်း အခွင့်အရေးနှင့်ဥပဒေသက်ရောက်မှုတို့တွင် ဆူကြုံနိမ့်မြင့်မရှိ ပကတိတူညီစေရမည့်အပြင် တရားဥပဒေနှင့်သော်ငှင်း၊ အများပြည်သူတို့ စောင့်စည်းအပ်သော အကျင့်သိက္ခာနှင့်သော်ငှင်း မဆန့်ကျင်သမျှ လွတ်လပ်စွာ ကြံစည်ပိုင်ခွင့်၊ ထုတ်ဖေါ်ပြောဆိုပိုင်ခွင့်၊ ယုံကြည်ပိုင်ခွင့်၊ ဘာသာတရားကိုးကွယ်ပိုင်ခွင့်၊ ဝတ်ပြုပိုင်ခွင့်၊ ပရိယေသနရှာမှီးပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ ပြုမူဆောင်ရွက်ပိုင်ခွင့်တို့ ရရှိတည်မြဲစေရန်အတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် အခိုင်အလုံသတ်မှတ်ထားရှိစေရမည်။ ထို့ပြင်–

(၅) ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လူနည်းစုများအဘို့ လုံလောက်သော ကာကွယ်ချက်များ ထည့်သွင်းပြဋ္ဌာန်းထားရှိစေရမည်။ ထို့ပြင်–

(၆) လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတမြန်မာနိုင်ငံ၏နယ်မြေတို့ တပေါင်းတစည်းတည်း တည်တံ့ခိုင်မြဲရေးကိုငှင်း၊ နိုင်ငံတော်၏ကြည်း၊ ရေ၊ လေတို့ကို အချုပ်အခြာစိုးမိုးအုပ်ချုပ်ပိုင်ခွင့်ကိုငှင်း၊ တရားဓမ္မနှင့်တကွ ပြည်ထောင်အချင်းချင်း ဥပဒေအရ ထိန်းစောင့်ထားရှိစေရမည်။ ထို့ပြင်–

(၇) ရာဇဝင်တွင် ထင်ရှားခဲ့သော မြန်မာနိုင်ငံတော်သည် ကမ္ဘာတွင် မိမိ၏ဂုဏ်ကြက်သရေနှင့်လျော်ညီစွာရသင့်ရထိုက်သော အဆင့်အတန်းသို့ ရောက်ရှိစေရမည့်အပြင် လူသတ္တဝါတို့၏ တိုးတက်ရေးနှင့်ကောင်းကျိုးချမ်းသာပြည့်ဝရေးတို့ကို တာဝန်အလျောက် စေတနာဖြင့် အစွမ်းကုန်ဖြည့်စွက်

ထမ်းရွက်ကာ ပြည်ထောင်အချင်းချင်း ဆိုင်ရာတရားမမှုနှင့်ကျင့်ဝတ်သိက္ခာကို အခြေပြု၍ ကမ္ဘာ့ငြိမ်းချမ်းရေး ရှေ့ရှုလျက် နိုင်ငံတကာတို့နှင့်မိတ်ဝတ်မပျက် တွဲဘက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မြဲသော အဓိဋ္ဌာန်ဖြင့် စောင့်ထိန်းတော့အံ့။

လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ထိုမူ(၇)ချက်နှင့်အညီအညွတ် ရေးဆွဲထားကြောင်း ဦးနုက တိုင်းပြည်ပြုလွှတ်တော်ညီလာခံတွင် ရှင်းလင်းခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် အခြေခံဥပဒေမူနှင့်ပတ်သက်၍ ကျွန်တော်တို့သည် အငြင်းပွားနေစရာ၊ စိတ်တွင် စနိုးစနောင့်ဖြစ်နေစရာ မလိုတော့ပေ။

လက်ရှိအခြေခံဥပဒေကို ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစနစ်သို့ ပြင်ဆင်ပြောင်းလဲရာ၌ ဗိုလ်ချုပ်အောင်ဆန်းချပေးခဲ့သော အခြေခံ"မူ"များနှင့်ဆန့်ကျင့်စရာ ထိခိုက်စရာမရှိနိုင်ဟု ကျွန်တော်ယူဆပါသည်။

(Constitution) ကို မြန်မာဘာသာဖြင့်(နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ)ဟု ခေါ်ဝေါ်ထားရာ အဓိပ္ပါယ်အပြည့်အဝ ဖေါ်ပြထားပြီးဖြစ်သည်။

နိုင်ငံတော်အား ဘယ်လိုပုံစံဖြင့် ဖွဲ့စည်း၍ ဘယ်လို(မူ) ဘယ်လို(စည်းမျဉ်း)ဖြင့် အုပ်ချုပ်မည်စသည်တို့ကို ရေးဆွဲထားသောအခြေခံဥပဒေသည် (Constitution) ပင်ဖြစ်သည်။

မစ္စတာအော်စတင်က အခြေခံဥပဒေသည် အစိုးရအဆောက်အအုံကို တည်ဆောက်ပေးသည်ဟု ဆိုသည်။ မစ္စတာဒီစေးကမူ နိုင်ငံ၏ အချုပ်အခြာအာဏာများကို ခွဲဝေရာတွင်၎င်း၊ လက်တွေ့ကျင့်သုံးရာတွင်၎င်း၊ တိုက်ရိုက် သို့တည်းမဟုတ် သွယ်ဝိုက်၍ သက်ဆိုင်စေသော စည်းကမ်းဥပဒေအားလုံးကို အခြေခံဥပဒေဟုခေါ်ကြောင်း အဓိပ္ပါယ်ဖေါ်ပြထား၏။

ကမ္ဘာ့ဥပဒေပညာရှင်များ၏ အဓိပ္ပါယ်ဖေါ်ပြချက်မှာ ကျွန်တော်တို့လို လူပြိန်းများအတွက် သိနားလည်ရန် ခက်ခဲပါသည်။ မြန်မာအခေါ်အဝေါ်သည်သာ ဘတ်လိုက်ရုံဖြင့် အဓိပ္ပါယ်အလုံးစုံကို ငုံမိသွားသည်။ သိနားလည်သွားစေသည်ဟု ကျွန်တော်ယူဆပါသည်။

ရှေး ခေါ်မပညာရှင်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံစံနစ်ကို စိုးမိုးအုပ်ချုပ်သူ အရေအတွက်ပေါ်မူတည်၍ ခွဲခြားကြသည်။

အချုပ်အခြာအာဏာသည် လူတဦးတယောက်ထံတွင် ထားရှိလျှင် ဧကရာဇ်စနစ် (Monarchy) ဟုခေါ်တွင်ကြပြီး လူတစုထံတွင် ထားရှိလျှင် အရစ္စတိုကရေစီ (Aristocracy) ဟုခေါ်တွင်ကြသည်။ လူများစုတွင် အချုပ်အခြာအာဏာအပ်နှံထားသောစံနစ်ကို ပေါ်လီတီ သို့မဟုတ် ဒီမိုကရေစီဟု ခေါ်တွင်ကြသည်။

ဧကရာဇ်စနစ်နှင့်အရစ္စတိုကရေစီတို့သည် ကမ္ဘာမြေပြင်မှ တဖြည်းဖြည်းတိမ်ကောပပျောက်ခဲ့ပြီးဖြစ်သည်။

မျက်မှောက်ခေတ် ဖွဲ့စည်းအုပ်ချုပ်ပုံစံနစ်များတွင် ဒီမိုကရေစီနှင့်အာဏာရှင်စံနစ် ၂– မျိုးသာ တွေ့နိုင်ပေတော့သည်။

E-book is created by shanyoma

ဒီမိုကရေစီစံနစ်သည်လည်း တိုင်းပြည်တပြည်နှင့်တပြည် မတူကွဲပြားခြားနားကြသည်။ ဒီမိုကရေစီအမျိုးမျိုး အမည်နာမအမျိုးမျိုးဖြင့် ခေါ်တွင်ကြသည်။ (ဥပမာ – ဆိုဗီယက်ဒီမိုကရေစီ၊ ပြည်သူ့ဒီမိုကရေစီ၊ ဒီမိုကရေစီသစ်၊ ဆိုရှယ်လစ်ဒီမိုကရေစီ၊ အနောက်ပိုင်းဒီမိုကရေစီ)များ မကြာမီက အင်ဒိုနီးရှားသမတဆိုကာနို က (Guided Democracy) ပဲ့ကိုင်ဒီမိုကရေစီဟု ထွင်လိုက်ပြန်သည်။

အာဏာရှင်စံနစ်တွင်လည်း လူတန်းစားပေါ်တွင် အခြေခံ၍ ဖက်ဆစ်အာဏာရှင်စံနစ်၊ ပစ္စည်းမဲ့အာဏာရှင်စံနစ်၊ ပြည်သူ့ဒီမိုကရေစီအာဏာရှင်စံနစ်ဟူ၍ ကွဲပြားလေသည်။ မကြာသေးမီက အချို့နိုင်ငံများတွင် စစ်အာဏာရှင်စံနစ်သည် ခေတ်စားလာသည်။

E-book is created by *shanyoma*

## ဒီမိုကရေစီဆိုတာ

အချုပ်အခြာအာဏာသည် ပြည်သူပြည်သားများထံတွင် တည်ရှိလျှင် သာမန်အားဖြင့် ဒီမိုကရေစီဟူ၍ နားလည်ကြသည်။ သို့ရာတွင် အရွယ်ရောက်သူတိုင်း မဲဆန္ဒပေး၍ အစိုးရအဖွဲ့အား ရွေးကောက်တင်မြှောက်ခွင့်ရခြင်းဖြင့် ဒီမိုကရေစီသည် ပြည့်ဝပြီဟု မယူဆနိုင်သေးပေ။ ရွေးကောက်တင်မြှောက်ထားသော အစိုးရအဖွဲ့အား ပြည်သူ–ပြည်သားများက တနည်းနည်းဖြင့် ပြန်လည်ချုပ်ကိုင်ထားနိုင်မှ ဒီမိုကရေစီသည် ပြည့်စုံပြီးဟု ဆိုနိုင်လေသည်။

ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးရာ၌ ဒီမိုကရေစီနိုင်ငံဟူ၍ ခေါ်တွင်သောနိုင်ငံများတွင် တနိုင်ငံနှင့်တနိုင်ငံ တူညီမှုမရှိကြချေ။

အင်္ဂလန်တွင် ကျင့်သုံးသောဒီမိုကရေစီသည် အမေရိကန်တွင်ကျင့်သုံးသော ဒီမိုကရေစီနှင့်ခြားနားသည်။ ထိုနည်းတူစွာ ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပြည့်အဝဆုံးဆိုသည်မှာ ဆွဇ်ဇာလန်နိုင်ငံတွင် ကျင့်သုံးသည့်ဒီမိုကရေစီမှာ အင်္ဂလန်၊ အမေရိကန်တို့တွင် ကျင့်သုံးသည့်ဒီမိုကရေစီနှင့်အတူ ခြားနားပြန်သည်။

တဖန် အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်၊ ဆွစ်ဇာလန်အစရှိသည့်အနောက်ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့်ဒီမိုကရေစီသည် အရှေ့ဒီမိုကရေစီဟုခေါ်သည့်ဆိုဗီယက်ယူနီယံနှင့် ပြည်သူ့ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသည့်ဒီမိုကရေစီနှင့်အခြေခံအားဖြင့် ခြားနားပြန်ပါသည်။

## ဒီမိုကရေစီ ဖွဲ့စည်းပုံစံနစ်

ဒီမိုကရေစီပေါ် အခြေခံ၍ ဖွဲ့စည်းထားသော အုပ်ချုပ်ပုံစံနစ်များတွင် (Federal) ခေါ် ပြည်ထောင်စုစံနစ်နှင့် (Unitary) ခေါ် တပြည်ထောင်စံနစ် (ဝါ) တမျိုးတစားတည်းအုပ်ချုပ်သည့် စံနစ် (ဝါ) အစိုးရတဖွဲ့တည်းဟူ၍ ၂–မျိုး ၂–စား ရှိကြသည်။

ဆိုဗီယက်ယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ ဆွိဇာလန်၊ ကနေဒါ၊ ယူဂိုစလေးဗီးယား၊

ဩစတေးရီးယား၊ အစရှိသည့်နိုင်ငံများမှာ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းထားကြသည်။

ဗြိတိန်၊ ပြင်သစ်၊ ဘယ်လဂျီယံ၊ ချက်ကိုဆလိုဗေးကီးယား၊ အီတလီ၊ တရုပ်ပြည်စသည်တို့မှာ တပြည်ထောင်စံနစ် (ဝါ) အစိုးရတဖွဲ့စံနစ်ဖြင့် ဖွဲ့စည်းထားကြသည်။

## ပြည်ထောင်စုစံနစ်

ပြည်ထောင်စုစံနစ်ဆိုသည်မှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံများ၊ တန်းတူရည်တူ ဆန္ဒအလျောက် ပူးပေါင်းဖွဲ့စည်းကာ ဗဟိုပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာနှင့်အခွင့်အရေးများ အတိအကျ ခွဲဝေပေးထားသောစံနစ်ပင်ဖြစ်သည်။

ပထဝီဝင်အနေအထား ခြားနားမှုကြောင့်၎င်း၊ နိုင်ငံရေးစီးပွားရေးအကျိုးမတူညီမှုကြောင့်၎င်း၊ လူမျိုးရေး ကွဲပြားခြားနားမှုကြောင့်၎င်း၊ ပြည်ထောင်စုစံနစ်ကို ရွေးချယ်ဖွဲ့စည်းကြသည်။

ပြည်ထောင်စုစံနစ်တွင်ပါဝင်ဖွဲ့စည်းသော ပြည်နယ်များ၏ လူဦးရေအနည်းအများ နယ်အကျယ်အဝန်း စသည်တို့သည် တန်းတူညီမျှမှုအတွက် အတားအဆီး ဖြစ်စရာ အကြောင်းမရှိချေ။

ကျွန်တော်တို့ရှမ်းပြည်တွင် ဗမာသည် လူဦးရေများပြား၍ ဗမာနှင့်ပေါင်းလျှင် အစဉ်အမြဲ နစ်နာနေမည်ဟု ယူဆသူများ ရှိဘိသကဲ့သို့ မြန်မာပြည်တွင်လည်း နယ်စပ်ဒေသပြည်နယ်များတွင် လူဦးရေအလွန်နည်းသဖြင့် ဗမာနှင့်တန်းတူ အခွင့်အရေးမပေးထိုက်ဟု ယူဆသူများရှိကြသည်။

အမေရိကန်ပြည်ထောင်စုတွင် နီဗားဒါးပြည်နယ်သည် လူဦးရေတသန်းပိုပိုသာရှိသည်။ ဝိုင်ယိုမင်းနှင့်ဒလားဝဲယားတွင် နှစ်သိန်းခွဲစီသာ ရှိကြသည်။ နယူးယောက်ပြည်နယ်မှာ ၁၃–သန်းခွဲရှိသည်။

ဆွိဇာလန်ပြည်ထောင်စုတွင်လည်း (Cahton) ခေါ် ပြည်နယ် ၂၂–နယ်ရှိသည့်အနက် ဇူးရစ်နှင့်ဘန်းပြည်နယ်များမှာ နယ်ကြီးများဖြစ်ပြီး ဗေးလေးမှာ နယ်ငယ်ကလေးဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုတွင်လည်း ရုရှားပြည်နယ်စုသမတနိုင်ငံသည် အလွန်ကြီးမားပြီး အက်စတိုးနီးယားသမတနိုင်ငံမှာ အလွန်သေးငယ်ပါသည်။

ပြည်နယ်အကြီးအငယ် လူဦးရေအနည်းအများမှာ ပြည်ထောင်စုစံနစ်ဖွဲ့စည်းရေးတွင် အရေးမကြီးပါ။ ဗဟိုပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရအကြား အာဏာနှင့်အခွင့်အရေးများ မျှမျှတတ ခွဲဝေမှုသာလျှင် အရေးကြီးပါသည်။

## အာဏာခွဲဝေနည်း

ပြည်ထောင်စုစံနစ်တွင် အာဏာနှင့်အခွင့်အရေး ခွဲဝေပုံ ခွဲဝေနည်းမှာ ၃–မျိုး ၃–စား

E-book is created by *shanyoma*

ရှိသည်။
(၁) ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် (Extreme type of federal system) ဗဟိုပြည်ထောင်စုအား အများနှင့်ဆိုင်သော အာဏာနှင့်အခွင့်အရေးများသာ ပေးထားပြီး ကျန်အာဏာနှင့်အခွင့်အရေး များအားလုံး (Residuary Powers) ကို ပြည်နယ်များတွင် အပ်နှင်းထားသည်။ ဥပမာ – ဆွိဇာလန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတေးလီးယား။
(၂) ပြည်ထောင်စုမစစ်တစစ်နိုင်ငံများ၊ တနည်းအားဖြင့် ပြည်ထောင်စုအပျော့စားနိုင်ငံများတွင် (Weak type of federal system) ပြည်နယ်များအား အသင့်အတင့် အာဏာနှင့်အခွင့်အရေးများ ခွဲဝေပေးပြီး ကျန်အာဏာနှင့်အခွင့်အရေးအားလုံးကို ဗဟိုပြည်ထောင်စုက သိမ်းပိုက်ထားသည်။ ဥပမာ – ကနေဒါ၊ တောင်အာဖရိကပြည်ထောင်စု၊ ပြည်ထောင်စုမြန်မာနိုင်ငံ။
(၃) ဗဟိုပြည်ထောင်စုအတွက် သီးသန့်အာဏာများနှင့်ပြည်နယ်များအတွက် သီးသန့်အာဏာများဟူ၍ ခွဲခြားသတ်မှတ်ထားသည်သာမက ဗဟိုပြည်ထောင်စုရော ပြည်နယ်ပါဆောင်ရွက်နိုင်သည့်အာဏာများ (Concurrent powers) ဟူ၍ သတ်မှတ်ထားသည်။

ဥပမာ – ဆိုဗီယက်ယူနီယံ၊ ယူဂိုစလေးဗီးယား။

ယင်းသို့ ၃–မျိုး ၃–စား အာဏာနှင့်အခွင့်အရေးများ ခွဲဝေကြသော်လည်း မည်သည့်အမျိုးအစားပြည်ထောင်စုဘဲဖြစ်ဖြစ် ပြည်နယ်များအတွက် ခွဲဝေထားသော အာဏာနှင့်အခွင့်အရေးများကို ဗဟိုပြည်ထောင်စုမှ ဝင်ရောက်စွက်ဖက်ခွင့်မရှိချေ။ တနည်းအားဖြင့် ပြည်နယ်များ၏ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်ချယ်လှယ်ခွင့်မရှိချေ။ တနည်းအားဖြင့် ပြည်နယ်များသည် လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိကြသည်။

သဘောရားအားဖြင့် ပြည်ထောင်စုစံနစ်တွင် ပြည်နယ်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေး (Complete Autonomy) ရရှိကြသည်ဆိုသော်လည်း ပြည်ထောင်စု မစစ်တစစ်စံနစ် (ဝါ) ပြည်ထောင်စုအပျော့စားစံနစ်တွင် ပြည်နယ်များသည် အခွင့်အာဏာများ အလွန်နည်းပါးပြီး အင်အားနည်းလွန်းသည့်အတွက် ပြည်နယ်အဆင့်မှ ပဏ္ဏာဆက်နိုင်ငံ (Vassal State) အဖြစ်သို့၎င်း၊ လက်အောက်ခံနယ်ပယ် (Province) အဆင့်သို့၎င်း၊ ကျရောက်ကုန်ကြသည်။ ဥပမာ – ကနေဒါ၊ မြန်မာ၊ တောင်အာဖရိက။

ပြည်ထောင်စုစံနစ်ဆိုသည့်အတိုင်း သီးခြားပြည်ထောင်များ စုပေါင်းထားရာ ပြည်ထောင်စုအစိုးရဟူ၍၎င်း၊ ပြည်နယ်အစိုးရဟူ၍၎င်း၊ ပြည်ထောင်စုပါလီမန်ဟူ၍၎င်း၊ ပြည်နယ်ပါလီမန်ဟူ၍၎င်း၊ ပြည်ထောင်စုတရားရုံးဟူ၍၎င်း၊ ပြည်နယ်တရားရုံးဟူ၍၎င်း သီးခြားစီရှိကြရလေသည်။

ပြည်နယ်များသည် ယင်းကဲ့သို့သီးခြားအစိုးရ(အုပ်ချုပ်ရေး)၊ သီးခြားပါလီမန်(ဥပဒေပြုရေး)၊ သီးခြားတရားရုံး(တရားစီရင်ရေး)များထားရှိပြီး လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရှိခြင်းသည်ပင် ပြည်ထောင်စုစံနစ်၏ အဓိကအနှစ်သာရဖြစ်ပေသည်။

E-book is created by *shanyoma*

## ပြည်ထောင်စုပါလီမန်

ပြည်ထောင်စုပါလီမန်များတွင် လွှတ်တော် ၂–ရပ်ပါဝင်ကြစမြဲဖြစ်သည်။ ထိုလွှတ်တော် ၂–ရပ်ကို တိုင်းပြည်အမျိုးမျိုးတွင် အမည်နာမအမျိုးမျိုးဖြင့် ခေါ်တွင်ကြသည်။ လွယ်ကူစေရန် အထက်လွှတ်တော်နှင့်အောက်လွှတ်တော်ဟူ၍ပင် ခေါ်ဝေါ်ကြပါစို့။

အောက်လွှတ်တော်ကို လူဦးရေပေါ် အခြေတည်၍ ရွေးကောက်တင်မြှောက်ကြသည်။ (Proportional Representation) ပြည်နယ်များသည် လူဦးရေအမျိုးအစားလိုက် အမတ်ဦးရေ စေလွှတ်ခွင့်ရကြသည်။ အထက်လွှတ်တော်သည် ပြည်နယ်များ ကြီးသည် ငယ်သည်မဟူ တူညီသော အမတ်ဦးရေ စေလွှတ်ကြသည်။ အထက်လွှတ်တော်သည် ပြည်နယ်ကြီးက ပြည်နယ်ငယ်သားများအား ကြီးနိုင်ငယ်ညှဥ်းဆဲမျိုးမရှိစေရန် အောက်လွှတ်တော်အား မဲတင်းပေးရန်အတွက် ဖွဲ့စည်းခြင်းဖြစ်သည်။ တနည်းအားဖြင့် ပြည်နယ်များအား ကာကွယ်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

ထို့ကြောင့် လွှတ်တော် ၂–ရပ်ကို သဘောတရားအားဖြင့် တန်းတူ–ရည်တူအခွင့်အာဏာ တူထားကြသည်။ သို့ရာတွင် လက်တွေ့အားဖြင့် လွှတ်တော် ၂–ရပ်သည် အခွင့်အာဏာချင်း မတူကြပေ။

အမေရိကန်ပြည်ထောင်စုတွင် အထက်လွှတ်တော်သည် အောက်လွှတ်တော်ထက် ပို၍ အခွင့်အာဏာရှိသည်။ ပို၍ဂုဏ်ရှိသည်။ အောက်လွှတ်တော်အမတ်များသည် တနေ့တွင် အထက်လွှတ်တော်အမတ်ဖြစ်ရန် မျှော်မှန်းကြသည်။

ဆိုဗီယက်ယူနီယံနှင့်ဆွိဇာလန်တွင် သဘောတရားရော လက်တွေ့တွင်ပါ လွှတ်တော် ၂ –ရပ်သည် တန်းတူရည်တူ ရှိကြသည်။ တူညီသော အခွင့်အာဏာရှိကြသည်။

ကျန်ရှိသောပြည်ထောင်စုများ(ကနေဒါ၊ ဩစတေးလီးယား၊ တောင်အာဖရိက၊ မြန်မာနိုင်ငံ)တွင် အောက်လွှတ်တော်သည် အထက်လွှတ်တော်ထက် အာဏာပို၍ရှိသည်။ အခြေခံဥပဒေတွင် ငွေဥပဒေကြမ်းများ အောက်လွှတ်တော်တွင်သာ စတင်တင်သွင်းရမည်ဟု ပြဌာန်းထားသည်။ မြန်မာနိုင်ငံအခြေခံဥပဒေတွင် ထိုထက်ကဲ၍ ပြည်ထောင်စုအစိုးရသည် အောက်လွှတ်တော်ကိုသာ တာဝန်ခံကြောင်း ပြဌာန်းထားသည်။

အထက်လွှတ်တော်သို့ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်တနယ်လျှင် အမတ် ၂–ဦးစီရင်း၊ ကနေဒါပြည်ထောင်စုတွင် ၂၄–ဦးစီရင်း၊ ဆွိဇာလန်ပြည်ထောင်စုတွင် ၂–ဦးစီရင်း၊ ဩစတေးလီးယားပြည်ထောင်စုတွင် ၆–ဦးစီရင်း၊ တောင်အာဖရိကပြည်ထောင်စုတွင် ၈–ဦးစီရင်း၊ အသီးသီး စေလွှတ်ခွင့်ရှိကြသည်။

မြန်မာပြည်တွင် (မူ)နှင့်အချိုးအစား မရှိပေ။

E-book is created by shanyoma

E-book is created by shanyoma

## ပြည်ထောင်စုအစိုးရ

ပြည်ထောင်စုအစိုးရတို့တွင် သမတအား အာဏာအလုံးစုံအပ်နှင်းသော အစိုးရနှင့်ပါလီမန်အား အာဏာအပ်နှင်းသောအစိုးရဟူ၍ ၂-မျိုး ၂-စား ရှိသည်။

အမေရိကန်ပြည်ထောင်စုအစိုးရသည် သမတအား အာဏာအပ်နှင်းသောအစိုးရအမျိုးအစားဖြစ်ပြီး အခြားပြည်ထောင်စုအစိုးရများသည် ပါလီမန်အား အာဏာအပ်နှင်းသောအစိုးရအမျိုးအစားများ ဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုသမတရွေးကောက်ပုံရွေးကောက်နည်းမှာ ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံနှင့်မှမတူ တမူခြားပေသည်။ အမေရိကန်သမတရွေးကောက်ပုံ ရွေးကောက်နည်းကို ရှေ့တွင် အမေရိကန်ပြည်ထောင်စုအကြောင်း လေ့လာသည့်အခါ အကျယ်ဖေါ်ပြပါဦးမည်။

အမေရိကန်သမတသည် ပြည်ထောင်စုပါလီမန် လွှတ်တော်တရပ်ရပ်၏ အမတ်ဖြစ်ရန်မလို၊ တိုင်းသူပြည်သားက တိုက်ရိုက်ရွေးကောက်တင်မြှောက်သည်။ သမတသည် မိမိ၏ အစိုးရအဖွဲ့ကို မိမိစိတ်ကြိုက်အတိုင်း အမတ်မဟုတ်သူများထဲမှ ခန့်အပ်ထားသည်။ သမတအစိုးရသည် ပါလီမန်အား တာဝန်မခံပေ။ ပါလီမန်၏ ဥပဒေကြမ်းနှင့်ပြဋ္ဌာန်းချက်များကို ပယ်ချရန် သမတတွင် ဗီတိုအာဏာရှိလေသည်။ သမတက ဗီတိုအာဏာဖြင့် ပယ်ချလိုက်သောဥပဒေကြမ်းများကို လွှတ်တော် ၂-ရပ်က ၃-ပုံ ၂-ပုံ မဲဖြင့် ပြန်၍ ဆုံးဖြတ်လျှင် သမတက သဘောမတူသော်လည်း အတည်ဖြစ်လေသည်။ ဤနည်းဖြင့် သမတအာဏာကို ပါလီမန်က သိမ်းကွပ်ထားသည်။

အခြားပြည်ထောင်စုအစိုးရများသည် ပါလီမန်အား အာဏာအပ်နှင်းသောအစိုရများဖြစ်သည်။ အစိုးရအဖွဲ့သည် ပါလီမန်အား တာဝန်ခံရသည်။ တနည်းအားဖြင့် အစိုးရအဖွဲ့သည် ပါလီမန်၏ အာဏာအောက်တွင် ရှိသည်။

ဝန်ကြီးချုပ်နှင့်ဝန်ကြီးများသည် ပါလီမန်အမတ်များဖြစ်ရသည်။ ပါလီမန်တွင် မဲဆန္ဒအများစု၏ ထောက်ခံမှုရမှသာ အစိုးရအဖွဲ့သည် တည်တံခိုင်မြဲနိုင်လေသည်။

## ပြည်ထောင်စု တရားစီရင်မှု

ကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများတွင် (မြန်မာပြည်မှအပ)ဗဟိုပြည်ထောင်စုနှင့်ပြည်နယ်များအတွက် တရားရုံးများ သီးခြားရှိကြသည်။ ဗဟိုပြည်ထောင်စုအတွက် အမြင့်ဆုံးတရားရုံး(တရားလွှတ်တော်ချုပ်)မှ နောက်ဆုံးတရားရုံးအထိ တစင်တဖွဲ့ရှိသကဲ့သို့ ပြည်နယ်များတွင်လည်း အမြင့်ဆုံးတရားရုံး(တရားလွှတ်တော်ချုပ်)မှ နောက်ဆုံးတရားရုံးအထိ တစင်တဖွဲ့ သီးခြားစီရှိကြသည်။ ပြည်ထောင်စုတရားရုံးများသည် ပြည်ထောင်စုနှင့်သက်ဆိုင်သော အမှုကိစ္စများကိုသာ တရားစီရင်ကြပြီး ပြည်နယ်တရားရုံးများသို့ ဝင်ရောက်စွက်ဖက်ခြင်းမပြုကြပေ။ ပြည်နယ်အတွင်း တရားစီရင်မှုသည် ပြည်နယ်တရားလွှတ်တော်ချုပ်များတွင် အဆုံးသတ်ကြသည်။

## အခြေခံဥပဒေပြင်ဆင်နည်း

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ခြင်းနှင့်ပတ်သက်၍ အခြေခံဥပဒေကို ၂–မျိုး ၂–စား ခွဲခြားကြသည်။ အခြေခံဥပဒေကို အခြားဥပဒေများ ပြုသကဲ့သို့ ပါလီမန်မှ အလွယ်တကူ ပြင်ဆင်နိုင်လျှင် ၎င်းအခြေခံဥပဒေကို ပြင်ဆင်လွယ်စေသော အခြေခံဥပဒေ (Flexible Constitution) ဟုခေါ်သည်။ ဗြိတိန်ပြည်နှင့်အီတလီပြည်တွင် အခြေခံဥပဒေကို သာမန်ဥပဒေများအတည်ပြုပြင်ဆင်သကဲ့သို့ ပါလီမန်က ပြင်နိုင်သောအာဏာရှိကြသည်။

အခြားနိုင်ငံများတွင် (ဥပမာ – အမေရိကန်၊ ပြင်သစ်၊ ဆိုဗီယက်ယူနီယံ၊ ဆွိဇာလန်၊ မြန်မာနိုင်ငံ)အခြေခံဥပဒေကို အခြားဥပဒေများနည်းတူ ပြင်ဆင်နိုင်ခွင့် မရှိချေ။

အခြေခံဥပဒေပြင်ဆင်နိုင်သောနည်းကို အခြေခံဥပဒေတွင် အထူးသတ်မှတ်ပြဋ္ဌာန်းထားလေသည်။ ထိုအခြေခံဥပဒေမျိုးကို ကြပ်တည်းသော အခြေခံဥပဒေ (Rigid Constitution) ဟုခေါ်တွင်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံဥပဒေများကို အထူးသဖြင့် အလွယ်တကူ ပြင်ဆင်ခြင်းမပြုနိုင်ရန် ပြဋ္ဌာန်းထားကြသည်။ ထို့ကြောင့် ပြည်ထောင်စုပါလီမန် အခြေခံဥပဒေများသည် များသောအားဖြင့် ကြပ်တည်းသော အခြေခံဥပဒေများဖြစ်ကြသည်။

## ခွဲထွက်ခွင့်

ပြည်ထောင်စုနိုင်ငံဆိုသည်မှာ လွတ်လပ်သော ပြည်ထောင်စုများဆန္ဒအလျောက် ပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်ပေရာ သဘောတရားအားဖြင့် ဆန္ဒအလျောက် ပြန်လည်ခွဲထွက်နိုင်ခွင့်လည်း ရှိရပေမည်။ သို့သော် ယခုမျက်မှောက်ကာလတွင် ဆိုဗီယက်ယူနီယံ၊ ယူဂိုစလေးဗီးယားပြည်ထောင်စုနှင့်မြန်မာပြည်ထောင်စုတို့၏ အခြေခံဥပဒေများတွင်သာ ပြည်နယ်များ ခွဲထွက်လိုက ခွဲထွက်နိုင်သောအခွင့်အရေးများ ပြဋ္ဌာန်းဖော်ပြထားလေသည်။

## တပြည်ထောင်စနစ်

ကျွန်တော်တို့လိုလားသော ပြည်ထောင်စုစစ်စစ်မျိုးမှ မရလျှင် လက်ရှိပြည်ထောင်စုမစစ်တစစ်အတိုင်း ဆက်နေမည့်အစား ခွဲထွက်ပြီး သီးခြားသမတနိုင်ငံထူထောင်လျှင် ထူထောင်၊ သို့မဟုတ် (Unitary) ခေါ် တပြည်ထောင်စံနစ်လုပ်ပစ်လိုက်ဟူ၍ စိတ်လိုက်မာန်ပါ ပြောဆိုသောပုဂ္ဂိုလ်အချို့ ရှမ်းပြည်တွင် ရှိကြသည်။

(Unitary) ခေါ် တပြည်ထောင်စနစ်(ဝါ)အစိုးရတဖွဲ့စံနစ်ဆိုသည်မှာ အာဏာနှင့်အခွင့်အရေးများကို ဗဟိုအစိုးရသည် တဦးတည်းအာဏာပိုင်အဖြစ်ဖြင့် အသုံးပြုသည်။ မိမိသဘောအလျောက် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များ ဖွဲ့စည်းပြီး အာဏာအပ်နှင်းလိုက အပ်နှင်းနိုင်သည်။ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသို့ အပ်နှင်းထားသော အာဏာများကိုလည်း အချိန်မရွေးပြန်

E-book is created by shanyoma

E-book is created by *shanyoma*

လည်ရုပ်သိမ်းနိုင်လေသည်။ ဒေသန္တရအုပ်ချုပ်ရေးမထားဘဲ တိုင်းမင်းကြီး – ခရိုင်ဝန်များမှတဆင့် အုပ်ချုပ်စေလိုကလည်း အုပ်ချုပ်စေနိုင်လေသည်။ တနည်းအားဖြင့်ဆိုလျှင် တပြည်ထောင်စံနစ်တွင် ဒေသန္တရအစိုးရများသည် ဗဟိုအစိုးရ၏လက်ခုပ်တွင်းမှ ရေကဲ့သို့ သွန်လိုသွန် မှောက်လိုမှောက်နိုင်သောဘဝတွင် ကျရောက်နေသည်။ "ကျားသနားမှ နွားချမ်းသာ"ဘဝမျိုးပင် ဖြစ်သည်။ တပြည်ထောင်စံနစ်မှာ သဘောတရားရေးအားဖြင့် ယင်းသို့ဖြစ်သော်လည်း လက်တွေ့အုပ်ချုပ်ကြရာတွင် ဗြိတိန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံများရှိ ဒေသန္တရအစိုးရများသည် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်များနည်းတူ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာများရရှိနေကြသည်ဟု ဆိုကြသည်။

တပြည်ထောင်စံနစ်သည် လက်ရှိမြန်မာပြည်ထောင်စုအတွက် ဘယ်နည်းနှင့်မျှ မသင့်လျော်ပေ။ ဗမာပြည်မတွင် လူမျိုးကြီးဝါဒ လွှမ်းမိုးနေသမျှကာလပတ်လုံး ပြည်နယ်များတွင် ဗမာအပေါ် မသက်မှုနှင့်စိုးရိမ်မှုလွှမ်းမိုးနေသမျှ ကာလပတ်လုံး တပြည်ထောင်စနစ်သည် အောင်မြင်လိမ့်မည် မဟုတ်ပေ။ အခြေအနေပို၍ ဆိုးသွမ်းစေလိမ့်မည်။

(၃)

ပြည်ထောင်စုစနစ်ကို လေ့လာကြည့်သည့်အခါ အမေရိကန်ပြည်ထောင်စု, ဆွိဇာလန်ပြည်ထောင်စုအစိုးရကို စံနမူနာအဖြစ်ထားပြီး လေ့လာလေ့ရှိသည်။ ကနေဒါနှင့်ဩစတေးလီးယားတို့ကို အရံပြည်ထောင်စုများအဖြစ်ထားပြီး လေ့လာကြသည်။

အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စုနှင့်ဆွိဇာလန်ပြည်ထောင်စုတို့မှာ ပြည်ထောင်စုစစ်တပ်ကြီးများဖြစ်ကြ၍ ၎င်း၊ ကနေဒါနှင့်ဩစတေးလီးယားတို့မှာ ပြည်ထောင်စုဆိုသော်လည်း အာဏာခွဲဝေပုံ ခွဲဝေနည်းမှာ တပြည်နှင့်တပြည် ဖြောင့်ဖြောင့်ဆန့်ကျင်နေ၍ ၎င်း၊ သာဓကတင်ပြရန် လွယ်ကူသောကြောင့် ဖြစ်သည်။

ဆိုဗီယက်ယူနီယံသည် ကမ္ဘာပေါ်တွင် အမြင့်မားဆုံးပြည်ထောင်စုစံနစ်ဖြစ်သည်ဟု ဆိုရပေမည်။ ဆိုဗီယက်ယူနီယံသည် အမေရိကန်၊ ဆွိဇာလန်တို့ကဲ့သို့ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော(ပြည်နယ်များ)စုပေါင်းထားသည်သာမဟုတ်၊ ထိုထက်မက လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော (Federal Republics) (ပြည်ထောင်စုများ)စုပေါင်းထားလေသည်။

ဆိုဗီယက်ယူနီယံသည် ပြည်ထောင်စု ၃–ဆင့်ဖြစ်သည်ဟု ဆိုရပေမည်။ ဥပမာ – ဆိုဗီယက်ယူနီယံတွင် ပါဝင်သော ရုရှားပြည်ထောင်စုတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ ပေါင်းစည်းထားသော ပြည်ထောင်စုသမတနိုင်ငံ(၁၂)နိုင်ငံပါဝင်လျက်ရှိသည်။ ယူကရိန်း၊ အဇာဘိုင်ဂျံ၊ တာဂျစ်၊ ခါဇတ်၊ ဘိုလိုရုရှား၊ တပ်ခမင်း၊ ခါဇစ်သမတနိုင်ငံများသည်လည်း အလားတူ ပြည်ထောင်စုများ ဖြစ်ကြသည်။

ဆိုဗီယက်ယူနီယံတွင်ပါဝင်သော ပြည်ထောင်စုသမတနိုင်ငံများသည် လွတ်လပ်စွာ ခွဲ

ထွက်နိုင်သော အခွင့်အရေးရှိကြသည်သာမက နိုင်ငံခြားများနှင့်တိုက်ရိုက်ဆက်သွယ်ခွင့် သံတမန်လဲလှယ်ခွင့်များ ရရှိကြပြီး ကိုယ်ပိုင်စစ်တပ်များ ဖွဲ့စည်းခွင့်ပင် ရရှိထားကြလေသည်။

ကျွန်တော်တို့ မြန်မာပြည်ထောင်စုသည် လက်ရှိအခြေအနေအရ ဆိုဗီယက်ယူနီယံကဲ့သို့ မြင့်မားတိုးတက်သော အဆင့်သို့တက်လှန်းရေး မမျှော်မှန်းနိုင်သေးပါ။ အမေရိကန်နှင့်ဆွိဇာလန် ပြည်ထောင်စုပုံစံမျိုး ရရှိနိုင်ရန် အထူးကြိုးပမ်းကြရပေဦးမည်။

အမေရိကန်ပြည်ထောင်စုနှင့်ဆွိဇာလန်ပြည်ထောင်စုတို့၏ ပုံစံနှင့်စံနစ်များကို အကြမ်းအားဖြင့် လေ့လာကြည့်ပါစို့။

## အမေရိကန်ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်လွတ်မြောက်ရေးစစ်ပွဲမှ ပေါက်ဖွားလာခဲ့သည်။ လွတ်မြောက်ရေးစစ်ပွဲမတိုင်မီကဆိုလျှင် နောင်တွင် အမေရိကန် ပြည်ထောင်စုဟု ခေါ်တွင်သော ပြည်နယ်(၁၃)နယ်မှာ ဗြိတိသျှ၏ သီးခြားကိုလိုနီများဖြစ်ကြသည်။ ကိုလိုနီတခုလျှင် သီးခြားဘုရင်ခံနှင့်သီးခြားဥပဒေပြုအဖွဲ့ရှိကြသည်။

၁၇၇၆–ခုနှစ်၊ ဇူလိုင်လ ၄–ရက်နေ့တွင် ကိုလိုနီ(၁၃)နယ်သည် စုပေါင်း၍ "လွတ်လပ်ရေး ကျေညာစာတမ်းကြီး"ကို တညီတညွတ်တည်း ထုတ်ပြန်ကျေညာလိုက်ကြသည်။

သို့ဖြင့် ဗြိတိန်ကိုလိုနီ(၁၃)နယ်မှာ အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအသီးသီးဖြစ်လာကြသည်။ သို့ရာတွင် လွတ်မြောက်ရေးစစ်ပွဲ ဆုံးခန်းတိုင်အောင် ဆက်လက်ဆင်နွဲရန်နှင့်ရပြီးသောလွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရန်အတွက် (၁၃)နိုင်ငံသည် ပူးတွဲဆောင်ရွက်ရန် လိုအပ်သည့်အတိုင်း ၁၇၇၇–ခုနှစ်၊ နိုဝင်ဘာလ ၁၅–ရက်နေ့တွင် မတ်သဟာယပဋိညာဉ်စာချုပ်တရပ်ကို ရေးဆွဲချုပ်ဆိုကြသည်။

စာချုပ်အပိုဒ်(၁)တွင် ဤမိတ်သဟာအဖွဲ့အား အမေရိကန်ပြည်ထောင်စုဟု ခေါ်တွင်စေရမည်ဟု ဖေါ်ပြထားသည်။

သို့ရာတွင် ထိုအချိန်အထိ အမေရိကန်ပြည်ထောင်စုမှာ "ပြည်ထောင်စု" (Federation) မဟုတ်သေးပေ။ မိတ်သဟာအဖွဲ့ (Confederation) သာဖြစ်သေးသည်။

စာချုပ်အပိုဒ်(၂)တွင် ပြည်နယ်အသီးသီးသည် မိမိတို့၏ အချုပ်အခြာအာဏာနှင့်လွတ်လပ်ရေးကို မိမိတို့၏ လက်ဝယ်တွင် ထားရှိကြောင်း။ ထို့ပြင် ပြည်ထောင်စုကွန်ဂရက်လွှတ်တော်သို့ အတိအကျ လွှဲအပ်ထားသော အာဏာနှင့်အခွင့်အရေးအားလုံးကို သိမ်းပိုက်ထားကြောင်း ဖေါ်ပြထားသည်။

တနည်းအားဖြင့်ဆိုသော် ပြည်နယ်အသီးသီးသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံများအဖြစ် ဆက်လက်တည်ရှိပြီး အားလုံးနှင့်သက်ဆိုင်သော ကိစ္စများလောက်သာ ကွန်ဂရက်လွှတ်တော်သို့ လွှဲအပ်ထားကြလေသည်။

E-book is created by *shanyoma*

မည်သည့်ကိစ္စများကို လွှဲအပ်ထားသည်ကို ဖေါ်ပြထားခြင်းမရှိဘဲ ကွန်ဂရက်လွှတ်တော်တွင် စုဝေးကြသည့်အခါတွင်မှ မည်သည့်ကိစ္စများကို အတူတကွ ဆောင်ရွက်ကြမည်ဟူ၍သာ သဘောတူထားကြသည်။

စာချုပ်အပိုဒ်(၃)တွင် အကျိုးတူပူးတွဲကာကွယ်ရေး၊ လွတ်လပ်ရေး၊ ခိုင်မြဲရေးနှင့်အပြန်အလှန် သို့မဟုတ် အများအကျိုးစီးပွားတို့အတွက် ခိုင်မာသော မဟာမိတ်အဖွဲ့အဖြစ်ဖွဲ့စည်းကြောင်း၊ ကျူးကျော်စော်ကားမှု – တိုက်ခိုက်မှုအန္တရာယ်များ ပေါ်ပေါက်လာလျှင် တဦးကိုတဦး ယိုင်းပင်းကူညီရန် သဘောတူညီကြောင်း ဖေါ်ပြထားသည်။

လွတ်မြောက်ရေး စစ်ပွဲကြီးပြီးဆုံးသွားသည့်နောက်ပိုင်းတွင် စစ်ဘေးစစ်ဒဏ်နှင့်ပြဿနာအရပ်ရပ်တို့ကို ဖြေရှင်းသည့်အခါ ကွန်ဂရက်သို့ လွှဲအပ်ထားသောအာဏာများ မလုံလောက်ဖြစ်လာလေသည်။

သို့သော် ဗြိတိသျှကိုလိုနီဘဝမှ လွတ်လပ်ခါစ ပြည်နယ်များသည် တသီးပုဂ္ဂလစိတ်ဓာတ်ပြင်းထန်နေဆဲဖြစ်သည်။ တချို့ပြည်နယ်များသည် ကွန်ဂရက်အား လွှဲအပ်ထားသည့်ထိုမျှလောက်သော အာဏာကိုပင် များသေးသည်ဟု ယူဆကြသည်။

ပြဿနာနှင့်အခက်အခဲများသည် ကြီးမားသည်ထက် ကြီးမားလာရာ ၁၇၈၇–ခုနှစ်၊ ဖေဖေါ်ဝါရီလတွင် ကျင်းပသော ကွန်ဂရက်လွှတ်တော်က မတ်သဟာအဖွဲ့သည် ပြည်ထောင်စုတည်မြဲရေးနှင့်အုပ်ချုပ်ရေး ကိစ္စအရပ်ရပ်အတွက် အပြည့်အဝဖြည့်စွမ်းနိုင်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း။ ထို့ကြောင့် မိတ်သဟာအဖွဲ့ပဋိညာဉ်စာချုပ်ကို ပြန်လည်စီစဉ်သုံးသပ်ပြီး ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနှင့်အုပ်ချုပ်ရေးကိစ္စအရပ်ရပ်အတွက် လုံလောက်သော ပြဋ္ဌာန်းချက်များပါဝင်သည့်ပြည်ထောင်စုအခြေခံဥပဒေတရပ်ကို ရေးဆွဲရန် လာမည့်မေလတွင် ဖီးလေးဒ်ဖီးယားမြို့၌ ညီလာခံသဘင် ကျင်းပရန် ဆုံးဖြတ်ကြောင်း ကျေညာလေသည်။

ထိုညီလာခံသဘင်တွင် ဂျော့ဝါရှင်တန်အား ညီလာခံသဘင်၏ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြသည်။ မိတ်သဟာအဖွဲ့ပဋိညာဉ်စာချုပ်ကို ပြန်လည်မစီစဉ်တော့ဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တခုကို ရေးဆွဲလိုက်ကြသည်။ လက်ရှိအမေရိကန်ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်အခြေခံဥပဒေသည် ထိုအခါကစ၍ ပေါက်ဖွားလာခဲ့သည်။

ယခုပြည်ထောင်စု မြန်မာနိုင်ငံတွင် အချင်းချင်းစိုးရိမ်မှု မယုံကြည်မှုများရှိသလို ထိုစဉ်က အမေရိကန်ပြည်ထောင်စု(၁၃)ပြည်နယ်တွင်လည်း ရှိခဲ့ကြသည်။ ဥပဒေပြုအဖွဲ့အုပ်ချုပ်မှုအဖွဲ့နှင့်တရားစီရင်ရေးအဖွဲ့များ သီးခြားလွတ်လပ်မှုရှိကြသော်လည်း အဆုံးစွန်အာဏာများ ပေးမထားဘဲ တဌာနနှင့်တဌာန အပြန်အလှန် ချုပ်ထိန်းကြသည်ကို အမေရိကန်အခြေခံဥပဒေတွင် တွေ့မြင်နိုင်ပေသည်။

အမေရိကန်ပြည်ထောင်စု အခြေခံဥပဒေကို ရေးဆွဲကြသည့်ပုဂ္ဂိုလ်များသည် အောက်ပါမူကြီး ၄–ချက်ကို စွဲစွဲမြဲမြဲ နှလုံးသွင်းထားခဲ့ကြသည်။

E-book is created by *shanyoma*

၁။ အချုပ်အခြာအာဏာကို ပြည်သူပြည်သားများက ပိုင်ဆိုင်ရေး။
၂။ ပြည်သူပြည်သားတိုင်း လုံးဝတန်းတူညီမျှမှုရရှိရေး။
၃။ အုပ်ချုပ်ရေးအဖွဲ့က အာဏာကို မတရားသောနည်းဖြင့် သိမ်းပိုက်ခြင်း၊ အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ရေး။
၄။ ပြည်နယ်များ၏ အခွင့်အရေးများကို ဗဟိုပြည်ထောင်စုမှ ဝင်ရောက်စွက်ဖက်ခြင်းမှ ကာကွယ်ရေး။

## ကွန်ဂရက်လွှတ်တော်

အမေရိကန်ကွန်ဂရက်ကို လွတ်မြောက်ရေးစစ်ပွဲအတွင်းက ဖွဲ့စည်းခဲ့သည်။ မူလက ဖွဲ့စည်းခဲ့စဉ်က ယခုခေတ် ပါလီမန်ကဲ့သို့ ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းခြင်း မဟုတ်ချေ။ ပါလီမန်ကဲ့သို့ ဆောင်ရွက်ရန် ရည်ရွယ်ခဲ့လျှင် ပါလီမန်ဟူ၍ပင် အမည်ပေးကောင်းပေးခဲ့ပေမည်။ အမေရိကန်ခေါင်းဆောင်များသည် ကွန်ဂရက်ဟူသောအမည်ကို တင်လာရွေးချယ်ခဲ့ကြသည်။ အထက်တွင် ဖေါ်ပြသကဲ့သို့ (၁၃)ပြည်နယ်များသည် ပြည်ထောင်စုဖွဲ့စည်းရန် မကြံရွယ်ခဲ့ပါ။ မိတ်သဟာအဖွဲ့မျိုးသာ ဖွဲ့စည်းခဲ့သည်။ ထို့ကြောင့် ယခုခေတ်နိုင်ငံရေးအဖွဲ့အစည်းများ တပ်ပေါင်းစုဖွဲ့သည့်နည်းတူ တူညီသောလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် ကွန်ဂရက်ဖွဲ့ကြခြင်းဖြစ်သည်။

အထက်တွင် ဖေါ်ပြသည့်အတိုင်း လွတ်မြောက်ရေးစစ်ပွဲပြီးသည့်နောက်ပိုင်းတွင် အခြေအနေအရ ပိုမိုတိကျသော ပြည်ထောင်စုဖွဲ့စည်းတည်ထောင်ရန် လိုအပ်ခဲ့သည်။ ထို့ကြောင့် တိကျသော အခြေခံဥပဒေကို ရေးဆွဲကြသည်။

ကွန်ဂရက်သည် မူလရည်ရွယ်ခဲ့သည်မှ လွဲပြောင်း၍ ပါလီမန်အသွင်သို့ ဖြစ်လာခဲ့သည်။

အမေရိကန်ကွန်ဂရက်တွင် အထက်လွှတ်တော် (Senate) နှင့်အောက်လွှတ်တော် (House of Representatives) ဟူ၍ လွှတ်တော် ၂–ရပ် ပါဝင်သည်။

အမေရိကန်ပြည်ထောင်စု စတင်တည်ထောင်စဉ်က ပြည်နယ် (၁၃)နယ်သာ ပါဝင်ခဲ့သော်လည်း ယခုအခါ ပြည်နယ်ပေါင်း(၅၀)ပြည့်သွားလေပြီ။ အောက်လွှတ်တော်အတွက် လူဦးရေအချိုးအစားအရ အမတ်များ ရွေးကောက်တင်မြှောက်ရရာ အမတ်ဦးရေ စုစုပေါင်း ၄၃၇–ယောက်ရှိသည်။ အထက်လွှတ်တော်အတွက် ပြည်နယ်တနယ်လျှင် အမတ်ဦးရေ ၂–ယောက်စီ ရွေးကောက်ကြရသဖြင့် အထက်လွှတ်တော် အမတ်စုစုပေါင်း ၁၀၀–ရှိသည်။

အထက်လွှတ်တော်အမတ်၏ သင်တန်းသည် ၆–နှစ်ဖြစ်သော်လည်း အထက်လွှတ်တော်သည် အစဉ်အမြဲ တည်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် အထက်လွှတ်တော်အမတ်သုံးပုံ တပုံသည် ၂–နှစ်တကြိမ် အလှည့်ကျနုတ်ထွက်ပေးရပြီး အသစ်ပြန်လည် ရွေးကောက်ရသောကြောင့် ဖြစ်လေသည်။ ဤနည်းဖြင့် အမေရိကန်အထက်လွှတ်တော်တွင် အတွေ့အကြုံရင့်ကျက်သော ပုဂ္ဂိုလ်များ အစဉ်အမြဲတည်ရှိနေသည်။

E-book is created by *shanyoma*

အောက်လွှတ်တော်အမတ်၏ သင်တန်းမှာ ၂–နှစ်သာ ရှိသည်။ အောက်လွှတ်တော်တရပ်လုံး၏ ရွေးကောက်ပွဲကို ၂–နှစ်တကြိမ် ရွေးကောက်ရသည်။ အမေရိကန်သမတကို ၄–နှစ်တကြိမ် ရွေးကောက်ရရာ အောက်လွှတ်တော်အမတ်အားလုံးနှင့် အထက်လွှတ်တော်အမတ်သုံးပုံတပုံကို သမတနှင့်တချိန်တည်း တကြိမ်ရွေးကောက်ကြပြီး သမတ၏ သက်တန်းတဝက်တိတိတွင် တကြိမ် ရွေးကောက်ရသည်။

အမေရိကန်လွှတ်တော် ၂–ရပ်စလုံးသည် ဥပဒေပြုရန် အာဏာတန်းတူရရှိကြသည်။ သို့သော် ငွေဥပဒေကြမ်းများကို အောက်လွှတ်တော်တွင်သာ စတင်တင်သွင်းနိုင်သည်။ ဥပဒေကြမ်းများကို လွှတ်တော် ၂–ရပ်စလုံးမှ အတည်ပြုပြီးသည့်နောက် သမတထံသို့လက်မှတ်ရေးထိုးရန် ပေးပို့ရသည်။ သမတသည် ဗီတိုအာဏာသုံးပြီး ဥပဒေကြမ်းကို ပယ်ချနိုင်ခွင့်ရှိသည်။ တနည်းအားဖြင့် လက်မှတ်မထိုးဘဲ နေနိုင်သည်။ သို့ရာတွင် လွှတ်တော် ၂–ရပ်သည် သုံးပုံနှစ်ပုံ မဲဖြင့်ပြန်၍ အတည်ပြုလျှင် ထိုဥပဒေကြမ်းများသည် သမတလက်မှတ်မထိုးသော်လည်း အလိုလျောက် ဥပဒေအဖြစ် အတည်ဖြစ်လေသည်။

အမေရိကန်ဒုတိယသမတသည် ရာထူးအလျောက် အထက်လွှတ်တော်၏ ဥက္ကဋ္ဌဖြစ်သည်။ အမေရိကန်အထက်လွှတ်တော်၏ ထူးခြားချက်မှာ အထက်လွှတ်တော်သည် ဥပဒေပြုရေးကိစ္စတခုတည်းသာမက တရားစီရင်ရေးနှင့်အုပ်ချုပ်ရေးအာဏာများလည်း ရရှိထားသည်။ တရားစီရင်နိုင်ခွင့် ဆိုရာ၌ သာမန်တရားစီရင်ရေးကို ဆိုလိုခြင်း မဟုတ်ပါ။ သမတ – ဒုတိယသမတနှင့် အခြားပုဂ္ဂိုလ်ကြီးများတို့အပေါ် ပြစ်တင်စွပ်စွဲချက်များ ပေါ်ပေါက်လာသော် အထက်လွှတ်တော်သည် တရားစီရင်ရသည်။ အထက်လွှတ်တော်တွင် စီမံခန့်ခွဲရေးကော်မတီ, ဘဏ္ဍာရေးကော်မတီ, နိုင်ငံခြားရေးဆက်သွယ်ရေး, ကော်မတီ စစ်ရေးကော်မတီစသည်ဖြင့် အာဏာအပြည့်အစုံရှိသော ကော်မတီများ ဖွဲ့စည်းထားရသဖြင့် အုပ်ချုပ်ရေးဌာနများအပေါ် ကြီးမားစွာ ဩဇာသက်ရောက်မှုရှိလေသည်။ ထို့ပြင် အမေရိကန် အထက်လွှတ်တော်ကသာ သမတခန့်အပ်သော ဝန်ကြီးအစရှိသည့်ရာထူးကြီးများနှင့်နိုင်ငံခြားနှင့်ချုပ်ဆိုသော စာချုပ်စာတမ်းများကို အတည်ပြုရလေသည်။ ထို့ကြောင့် အမေရိကန်အထက်လွှတ်တော်သည် လက်တွေ့၌ အောက်လွှတ်တော်ထက်ပို၍ အာဏာရှိပြီး ပို၍ဂုဏ်ရှိသည်ဟု ဆိုကြသည်။ အောက်လွှတ်တော်မှာ အထက်လွှတ်တော်၏ သဘောတူညီမှုမရှိလျှင် ဘာမျှမလုပ်နိုင်ချေ။

## အမေရိကန်အစိုးရ

အမေရိကန်ပြည်ထောင်စုသည် ပြည်ထောင်စုစစ်စစ်ဖြစ်သည့်အတိုင်း ဗဟိုအစိုးရသည် အများနှင့်ဆိုင်သော အာဏာနှင့်အခွင့်အရေး အကန့်အသတ် အနည်းငယ်သာ ယူပြီး ကျန်အာဏာများအားလုံးကို ပြည်နယ်အစိုးရများသို့ အပ်နှင်းထားသည်။ ထို့ကြောင့် အမေရိကန်ဗဟိုအစိုးရတွင် ဌာန(၁၀)ခုနှင့်ဝန်ကြီး ၁၀–ဦးသာ ထားရှိလေသည်။ ၎င်းဌာန၁၀–ခုမှာ ၁–ငွေတိုက်

E-book is created by *shanyoma*

ဌာန။ ၂–စစ်ဌာန။ ၃–စာတိုက်ဌာန။ ၄–ရေတပ်ဌာန။ ၅–ပြည်ထဲရေးဌာန။ ၆–စိုက်ပျိုးရေးဌာန။ ၇–အလုပ်သမားဌာန။ ၈–ကူးသန်းရောင်းဝယ်ရေးဌာန။ ၉–တရားရေးဌာန။ ၁၀–နိုင်ငံခြားရေးဌာနတို့ဖြစ်သည်။

ထိုဌာနအကြီးအကဲများကို အခြားနိုင်ငံအုပ်ချုပ်ရေးများနှင့်နှိုင်းယှဉ်၍ဖြစ်စေ၊ မြန်မာအခေါ်အဝေါ်နှင့်ဖြစ်စေ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ခေါ်ဝေါ်သော်လည်း အမှန်စင်စစ် အမေရိကန်သမတ၏ အတွင်းရေး အတွင်းဝန်များသာဖြစ်သည်။ ထိုဝန်ကြီးများသည် ကွန်ဂရက်လွှတ်တော်အမတ်များလည်း မဟုတ်၊ ကွန်ဂရက်လွှတ်တော်ကိုလည်း တာဝန်မခံ၊ သမတကိုသာ တာဝန်ခံကြသည်။

ထိုဝန်ကြီးများသည် အမေရိကန်သမတက အထက်လွှတ်တော်၏ “သဘောတူညီချက်” ဖြင့် ခန့်အပ်ထားသူများဖြစ်သည်။ အထက်လွှတ်တော်၏ သဘောတူညီချက်ဆိုသည်မှာ အမှန်စင်စစ် လူကြားကောင်းရုံမျှသာ ဖြစ်သည်။ သမတ၏ သဘောအတိုင်း ခန့်အပ်သူများကို အထက်လွှတ်တော်က လိုက်ပြီး သဘောတူပေးရခြင်းသာဖြစ်သည်။

အထက်လွှတ်တော်သည် အမတ်များ ပါဝင်ဖွဲ့စည်းထားသောကော်မီတီအသီးသီးမှတဆင့် ဤအစိုးရဌာနများကို ဩဇာပေးနိုင်လေသည်။ ဒုတိယသမတသည် ရာထူးအလျောက် အထက်လွှတ်တော်၏ ဥက္ကဋ္ဌဖြစ်လေရာ သမတမရှိသည့်အခါကြမှသာ တာဝန်ဝတ္တရားဆောင်ရွက်ရသည် မဟုတ်ဘဲ၊ အုပ်ချုပ်ရေးဌာနများအား တိုက်ရိုက်ကြိုးကိုင်နိုင်ခွင့်ရှိသည်။

E-book is created by *shanyoma*

## အမေရိကန်သမတ

အမေရိကန်သမတဖြစ်နိုင်ရန် အသက် ၃၅–နှစ်ပြည့်ဖြစ်ရမည့်အပြင် အမေရိကန်ပြည်ထောင်စုတွင် ၁၄–နှစ်တိုင် နေထိုင်သူလည်းဖြစ်ရလေသည်။ ထို့ပြင် အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူမဟုတ်ရဘဲ မွေးကတည်းက နိုင်ငံသားဖြစ်သူသာ သမတ–အဖြစ် အရွေးခံနိုင်ခွင့်ရှိလေသည်။

အမေရိကန်သမတနှင့်ဒုတိယသမတတို့အား ၄–နှစ်တကြိမ် ရွေးကောက်တင်မြှောက်ရသည်။ ရွေးကောက်ပုံ ရွေးကောက်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အမေရိကန်သမတနှင့်ဒုတိယသမတကို ပြည်သူပြည်သားများက တိုက်ရိုက်ရွေးကောက်သည်ဆိုသော်လည်း၊ အမှန်အားဖြင့် ၂–ဆင့်ရွေးကောက်ရသည်။ ပဌမအဆင့်တွင် ပြည်နယ်များသည် မိမိတို့ပြည်နယ်၏ ကွန်ဂရက်လွှတ်တော် ၂–ရပ်သို့ စေလွှတ်ခွင့်ရှိသော အမတ်ဦးရေနှင့်အညီ အမျှရွေးချယ်သူ (Electors) များအား အများပြည်သူ့မဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရသည်။ ဥပမာ – ပြည်နယ်တနယ်သည် ကွန်ဂရက်အောက်လွှတ်တော်သို့ အမတ် ၃၀၊ အထက်လွှတ်တော်သို့ အမတ် ၂–ဦးစေလွှတ်ခွင့်ရှိလျှင် ထိုပြည်နယ်တွင် ရွေးချယ်သူ ၃၂–ဦး ရွေးကောက်တင်ရသည်။

ရွေးချယ်သူများသည် ကွန်ဂရက်လွှတ်တော်တရပ်ရပ်၏ အမတ် သို့တည်းမဟုတ် အကျိုးအမြတ်ရာထူးတခုခု၌ ထမ်းရွက်နေသူများ မဟုတ်စေရပါ။

ဒုတိယအဆင့်အနေဖြင့် ထိုရွေးချယ်သူများက တဖန် မိမိတို့ကြိုက်နှစ်သက်သော သမတနှင့်ဒုတိယသမတကို မဲဆန္ဒပေးကြရသည်။

ယခုအခါ အမေရိကန်ကွန်ဂရက်တွင် အထက်လွှတ်တော်အမတ်(၁၀၀)နှင့်အောက်လွှတ်တော်အမတ်(၄၃၇)ဦးရှိရာ လွန်ခဲ့သည့်နိုဝင်ဘာလ(၇)ရက်နေ့တွင် အမေရိကန်မဲဆန္ဒရှင်(၆၇)သန်းကျော်တို့သည် ပြည်နယ်အသီးသီးတွင် ရွေးချယ်သူပေါင်း ၅၃၇–ဦးကို လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးကောက်တင်မြှောက်ကြသည်။

ဒီမိုကရက်တစ်သမတလောင်းကနေဒီသည် မိမိကို မဲပေးမည့်ရွေးချယ်သူသုံးရာကျော်ရထားသည့်အတွက် သမတဖြစ်မည့်သူဟူ၍ ကမ္ဘာက အသိအမှတ်ပြုထားကြသည်။

အခြေခံဥပဒေအရဆိုလျှင် သမတရွေးချယ်ရန် ရွေးချယ်သူများသည် လာမည့်ဇန်နဝါရီလ ဒုတိယ တနင်းလာနေ့တွင် သက်ဆိုင်ရာပြည်နယ်များ၌ စုဝေး၍ မဲဆန္ဒပေးကြရပါမည်။

အမေရိကန်ပြည်ထောင်စုတွင် ပါတီစနစ်နှင့်ဒီမိုကရေစီကျင့်သုံးမှု အလွန်ရင့်ကျက်နေ၍သာ ဤစနစ်သည် အောင်မြင်ပြီး ယခုကပင် ကနေဒီအား သမတဖြစ်မည့်သူဟူ၍ ကျေညာနိုင်ခြင်းဖြစ်လေသည်။

ဗမာပြည်လို နေရာမျိုးမှာသာဆိုလျှင် နိုဝင်ဘာလ(၇)ရက်နေ့ ဒီဘက်ပိုင်းတွင် အရွေးခံရသော ရွေးချယ်သူများအား တည်းမြဲ၊ သန့်ရှင်း ကွဲစဉ်က အမတ်များကဲ့သို့ တံတိုင်းအထပ်ထပ်ကာထားပြီး အထူးစောင့်ရှောက်ထားရပေလိမ့်မည်။

အမေရိကန်သမတရာထူးသည် ယခုအခါ ကမ္ဘာ့ကံကြမ္မာကို ဖန်တီးနိုင်စွမ်းရှိလောက်အောင် တန်ခိုးထက်မြက်နေပေသည်။ ၄–နှစ်သက်တမ်းအတွင်း အမေရိကန်ပြည်သူတို့အပေါ် အာဏာရှင်တမျှ တန်ခိုးသြဇာကြီးမားပေသည်။

## အမေရိကန် တရားစီရင်ရေး

အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စုတရားရုံးများ တစင်တဖွဲ့ သီးခြားပြည်နယ်တရားရုံးများ တစင်တဖွဲ့ သီးခြားထားရှိလေသည်။

ပြည်ထောင်စုလွှတ်တော်ချုပ်သည် အခွင့်အာဏာ ၃–ရပ်သာ ယူထားသည်။

(၁) အခြေခံဥပဒေတရားဥပဒေများနှင့်စာချုပ်စာတမ်းများမှ ပေါ်ပေါက်လာသောကိစ္စများ။

(၂) သံတမံများနှင့်ပင်လယ်ရေကြောင်း စီရင်ပိုင်ခွင့်အာဏာနှင့်သက်ဆိုင်သောကိစ္စများ။

(၃) ပြည်ထောင်စုနှင့်ပြည်နယ်အငြင်းပွားမှု သို့မဟုတ် ပြည်နယ်အချင်းချင်း အငြင်းပွားမှု၊ သို့မဟုတ် ပြည်ထောင်စုနှင့်နိုင်ငံခြားများ အငြင်းပွားမှုကိစ္စများ။

အခြေခံဥပဒေအား ထိန်းသိမ်းစောင့်ရှောက်ရေးသည် အမေရိကန်တရားလွှတ်တော်

E-book is created by *shanyoma*

ချုပ်၏ အဓိကတာဝန်ဖြစ်ပေသည်။

## အမေရိကန်ပြည်နယ်များ

အမေရိကန်ပြည်နယ် ၅၀ မှာ လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရှိသော သမတနိုင်ငံများဖြစ်ကြသည်။

ပြည်နယ်သမတများကို ယခင်ကိုလိုနီအစဉ်အလာတိုင်း ဂေါ်ဝါနာ (Governor) ဟုခေါ်ဝေါ်ကြသည်။

ပြည်နယ်သမတများသည် အများပြည်သူဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ခံရပြီး ပြည်နယ်အတွင်းတွင် ပြည်ထောင်စုသမတကဲ့သို့ပင် တန်ခိုးအာဏာ အလွန်ကြီးမားပေသည်။

ပြည်နယ်တိုင်းသည် သူ့အခြေခံဥပဒေနှင့်သူ အတိအကျရှိကြသည်။ ဥပဒေပြုလွှတ်တော်များလည်း အထက်လွှတ်တော် အောက်လွှတ်တော်ဟူ၍ရှိကြသည်။ တရားရုံးများလည်း တရားလွှတ်တော်ချုပ်မှ အောက်ရုံးအထိ တစင်တဖွဲ့ ရှိကြသည်။ ပြည်နယ်များသည် ကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့များ (Militia) ထားနိုင်ခွင့်ရှိသည်။ သို့သော် အမေရိကန်ပြည်နယ်များသည် ဆိုဗီယက်ယူနီယံမှာကဲ့သို့ နိုင်ငံခြားနှင့်တိုက်ရိုက် သံတမန်ဆက်သွယ်ခွင့်နှင့်ခွဲထွက်နိုင်သော အခွင့်အရေးများ ခံစားခွင့် မရှိကြချေ။

အမေရိကန်ပြည်ထောင်စုတွင် ဗဟိုနှင့်ပြည်နယ်များ အာဏာခွဲဝေရေးနှင့်ပတ်သက်၍ မစ္စတာဘရိုက်(စ)က ပြည်နယ်များသည် အများဆုံးရပြီး ဗဟိုသည် အမြင့်ဆုံးကို ယူထားသည်။ ဤနည်းအားဖြင့် ၄၁န ၃–ခုအကြား ချိန်ခွင်ညှာကို ထိန်းသိမ်းထားသည်ဟု ပြောဆိုလေသည်။

The state gets the most but the nation the hightest so that the balance between the two is preserved.

## (၅)
## ဆွိဇာလန်ပြည်ထောင်စု

ဆွိဇာလန်ပြည်ထောင်စု၏ အခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် ဒီမိုကရေစီအပြည့်ဝဆုံးဖြစ်သည်ဟု ဆိုကြသည်။

အဘယ့်ကြောင့်ဆိုသော် ဆွိဇာလန်ပြည်တွင် ပြည်သူပြည်သားများသည် ဒီမိုကရေစီအာဏာကို တိုက်ရိုက်အသုံးပြုနိုင်ခွင့် ရှိခြင်းကြောင့်ဖြစ်သည်။ (Direct Democracy.) ။

ဒီမိုကရေစီအာဏာကို (၃)နည်း (၃)မျိုးကို တိုက်ရိုက်အသုံးပြုကြသည်။

(၁) (Landsgemeide) ခေါ် လူထုအစည်းအဝေး ကျင်းပ၍ ဆုံးဖြတ်နည်း။

(၂) (Initiative) မဲဆန္ဒရှင်များ လက်မှတ်ရေးထိုး၍ တောင်းဆိုနည်း။

(၃) (Referendum) ပြည်သူ့ဆန္ဒပေးပွဲ ကျင်းပ၍ ဆုံးဖြတ်နည်း။

နံပါတ် ၁ နှင့် ၂ မှာ ကမ္ဘာပေါ်တွင် ဆွိဇာလန်တပြည်ထည်း၌သာ ကျင့်သုံးသည်။ ပြည်သူ့

E-book is created by *shanyoma*

ဆန္ဒပေးပွဲမှာ အချို့နိုင်ငံများတွင် သီးခြားကိစ္စအတွက် ကျင်းပပေးလေ့ရှိသည်။ မြန်မာပြည် ထောင်စုအခြေခံဥပဒေတွင် ပြည်နယ်ခွဲထွက်ရေး ကိစ္စကို ဆုံးဖြတ်သည့်အခါ ပြည်သူ့ဆန္ဒပေး ဆုံးဖြတ်စေရန် ပြဋ္ဌာန်းထားသည်။

ပြည်သူလူထုက ဒီမိုကရေစီအာဏာကို တိုက်ရိုက်အသုံးပြုနိုင်ခြင်းသည် ဆွိဇာလန်ပြည် ထောင်စု၏ အထူးခြားဆုံးလက္ခဏာဖြစ်သည်။

ပြည်နယ် ၆–နယ်တွင် နှစ်စဉ်နှစ်တိုင်း ဧပြီလနောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကွင်းပြင် ၌ လူထုစည်းဝေး၍ (Landsgemeide) ကျင်းပလေ့ရှိကြသည်။ ထိုလူထုစည်းဝေးပွဲတွင် အများ ပြည်သူနှင့်သက်ဆိုင်သောကိစ္စများကို ဆွေးနွေးလေ့ရှိကြသည်။ အရေးကြီးသောဆုံးဖြတ်ချက် များသည် ချမှတ်ကြသည်။ လိုအပ်လျှင် ပြည်နယ်၏ အခြေခံဥပဒေကိုပင် ထိုအစည်းအဝေးက ပြင်ဆင်ကြသည်။ တရားဥပဒေများကို ပြဋ္ဌာန်းသည်။ အခွန်အတုတ်ကို စည်းကြပ်ခန့်ခွဲသည်။ ပြည်နယ်အစိုးရအပေါ် ထိထိရောက်ရောက် ကြိုးကိုင်ကြသည်။

ထိုလူထုစည်းဝေးပွဲများကိုလည်း စည်းကမ်းကျကျ ဣန္ဒြေရရ သိက္ခာသမာဓိရှိရှိဖြင့် ကျင်းပကြလေသည်။ ထို့ကြောင့် ပါမောက္ခဘရွတ် (Prof. Brooks) က ထိုစည်းဝေးပွဲများနှင့်ပတ် သက်၍ “ဒီမိုကရေစီ၏ အလွန်သဘာဝကျသော, အလွန်အရေးပါအရာရောက်သော, အလွန်နှစ် လိုဖွယ်ကောင်းသော လက္ခဏာဖြစ်ပါပေသည်”ဟု ထုတ်ဖော်ပြောကြားလေသည်။

ကျန်အခြားပြည်နယ်များတွင် လူထုစည်းဝေးပွဲ ကျင်းပမှုမျိုးမရှိသော်လည်း လက်မှတ် ရေးထိုးတောင်းဆိုနည်းနှင့်ပြည်သူ့ဆန္ဒပေးပွဲ ကျင်းပနည်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု ကြလေသည်။

ပြည်နယ် (၁၁)နယ်တွင် တရားဥပဒေများ အတည်ပြုရန် ပြည်သူ့ဆန္ဒပေးပွဲ မလုပ်မနေ ရပေ။ ပြည်နယ်အားလုံးသည် တရားဥပဒေပြုပေးရန် လက်မှတ်ရေးထိုး တောင်းဆိုနိုင်ခွင့်ရှိကြ သည်။ သာမန်တရားဥပဒေအတွက် မဲဆန္ဒရှင်သုံးသောင်း လက်မှတ်ရေးထိုးတောင်းဆိုရပြီး အ ခြေခံဥပဒေပြင်ဆင်ရေးအတွက် ငါးသောင်းက လက်မှတ်ရေးထိုး တောင်းဆိုရလေသည်။ ပြည် ထောင်စုအခြေခံဥပဒေပြင်ဆင်ရေးတွင် ပြည်သူ့ဆန္ဒပေးပွဲ မကျင်းပဘဲ အတည်မပြုနိုင်ချေ။

ဆွိဇာလန်ပြည်ထောင်စုသည် ၁၈၄၈–ခုနှစ်၊ မတိုင်မီ ပြည်ထောင်စုမဟုတ်သေးပါ။ ရှေး တုံးကဆိုလျှင် အဲလ်ပ်စ် (Alps) တောင်တန်းတလျှောက်တွင် တည်ရှိသော ပြည်ထောင်ကလေး များသည် အကျိုးတူလုပ်ငန်းများအတွက် “တပ်ပေါင်းစု”သဘောဖွဲ့စည်းနေထိုင်ကြသည်။

ပြင်သစ်ဘုရင် နပိုလီယံသည် ဆွိဇာလန်အား ဝင်ရောက်သိမ်းပိုက်ပြီးနောက် ရှိရင်းပြည် ထောင်များကို ဖျက်သိမ်းကာ နယ်နိမိတ်အသစ် သတ်မှတ်ပေးပြီး၊ (၁၈)ခရိုင်ဖွဲ့စည်းလိုက်သည်။ ထို့နောက် တပြည်ထောင်စံနစ် (Unitary) အခြေခံဥပဒေ ရေးဆွဲပေးလိုက်သည်။

ဆွိဇာလန်အမျိုးသားများက လက်မခံ ငြင်းပယ်ကြသည်။ နပိုလီယံဘုရင်သည် ထိုအခြေ ခံဥပဒေကို ပြုပြင်ပြီး အတင်းအဓမ္မလက်ခံဝေပြန်ပါသည်။ သို့သော် မအောင်မြင်ချေ။

E-book is created by shanyoma

တဖန် နပိုလီယံဘုရင်သည် ပြည်ထောင်များအား ခွဲပြီး အခြေခံဥပဒေတခုစီဖြင့် အုပ်ချုပ်ပြန်သည်။ နပိုလီယံဘုရင်ကျဆုံးသည်နှင့်တပြိုင်တည်း သူ၏စံနစ်လည်း ပျက်သုဉ်းသွားလေတော့သည်။

နပိုလီယံ၏စိုးမိုးမှုအောက်တွင် ဆွိဇာလန်ပြည်ထောင်အချင်းချင်း လက်တွဲဆောင်ရွက်ချက်များသည် နောင်ပြည်ထောင်စု ဖွဲ့စည်းရန် မျိုးစေ့ချပေးခဲ့သည်။

ဆွိဇာလန်ပြည်ထောင်များသည် တပ်ပေါင်းစုအဖွဲ့ကို ပြန်လည်ဖွဲ့စည်းကြသည်။ အမေရိကန်ပြည်ထောင်စု အစဉီးပိုင်းကဲ့သို့ အကျိုးတူလုံခြုံရေး၊ နိုင်ငံခြားကျူးကျော်စော်ကားမှုများမှ ကာကွယ်ရေး၊ လွတ်လပ်ရေး၊ ထိန်းသိမ်းရေး၊ ပြည်တွင်းငြိမ်ဝပ်ပိပြားရေးတို့အတွက် ပူးတွဲလုပ်ဆောင်ကြသည်။ ပြည်ထောင်အသီးသီးကား ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ကိုယ်ပိုင်အခြေခံဥပဒေဖြင့် အုပ်ချုပ်ကြသည်။

(Federal Diet) ခေါ် တပ်ပေါင်းစုလွှတ်တော်သို့ ပြည်သူ့ကိုယ်စားလှယ်များ စေလွှတ်ခြင်းမပြုဘဲ ပြည်ထောင်များ၏ သံတမန်များဆန်ဆန် တွေ့ဆုံကြသည်။

ထိုကာလအတွင်း အချို့ပြည်ထောင်များသည် လုံးဝခွဲထွက်၍ သီးခြားနေလိုကြသည်။ အချို့က တပ်ပေါင်းစုသဘောကို ဖျက်သိမ်းပြီး ပို၍စုစည်းသော ဒီမိုကရေစီနိုင်ငံ ထူထောင်လိုကြသည်။

၁၈၄၆–ခုနှစ်တွင်၊ ခွဲရေးသမားနှင့်တွဲရေးသမားများ ပြည်တွင်းစစ်ခင်းကြသည်။ တွဲရေးသမားက နိုင်ပြီး ဆွိဇာလန်ပြည်ထောင်စုကို ၁၈၄၈–ခုနှစ်တွင် ဖွဲ့စည်းလိုက်ကြသည်။ အမေရိကန်ပြည်ထောင်စု၏ နမူနာအတိုင်း ပြည်ထောင်စုပါလီမန်တွင် အထက်လွှတ်တော် (Council of States) နှင့်အောက်လွှတ်တော် (National Council) ဟူ၍ဖွဲ့စည်းလိုက်သည်။ အောက်လွှတ်တော်ကို လူဦးရေအလိုက် ရွေးကောက်တင်မြှောက်ပြီး အထက်လွှတ်တော်ကို အမေရိကန်အထက်လွှတ်တော်အတိုင်း (Canton) ခေါ် တပြည်ထောင်လျှင် (၂)ဦးကျ ရွေးကောက်ကြသည်။ ဝန်ကြီး(၇) ဦးပါဝင်သော ဗဟိုအစိုးရအဖွဲ့ဖြင့် အုပ်ချုပ်ကြသည်။

၁၈၄၈–ခုနှစ်၊ အခြေခံဥပဒေသည် အခြေခံဥပဒေထက် မဟာမိတ်စာချုပ်နှင့်ပို၍တူသည်ဟု ဆိုကြသည်။ ပြည်ထောင်များသည် ပြည်ထောင်စုဝင်သဘောထက် အချုပ်အခြာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် နေကြသည်။ ဗဟိုအစိုးရသည် ပြည်ထောင်စုပါလီမန်ကို တာဝန်မခံ ပါလီမန်နှင့်ဆက်သွယ်လိုမှ ဆက်သွယ်သည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည်လည်း အများအကျိုးထက် ကိုယ်ကိုးကွယ်သောဘာသာ၊ ကိုယ့်နေရင်းဒေသအကျိုးကို ပို၍သည်ပိုးဆောင်ရွက်ကြသည်။

၂၆–နှစ်တိုင် ခွဲရေး တွဲရေး ပဋိပက္ခသည် ဆက်လက်ပြင်းထန်ခဲ့သည်။ နောက်ဆုံးတွင် ပြည်ထောင်စုသမားများက အောင်မြင်ပြီး ၁၈၇၄–ခုနှစ်တွင် လက်ရှိဆွိဇာလန်ပြည်ထောင်စုအခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲလိုက်ကြသည်။

E-book is created by *shanyoma*

E-book is created by *shanyoma*

## ဆွိစ်ပြည်ထောင်စုပါလီမန်

ဆွိစ်ပြည်ထောင်စုတွင် ကန်တုံခေါ် ပြည်နယ်(၁၉)နယ်နှင့်ကန်တုံဝက်(၆)နယ် တနည်းအားဖြင့် ကန်တုံ(၂၂)နယ်ပါဝင်ကြသည်။

(National Assembly) ခေါ် ပြည်ထောင်စုပါလီမန်တွင် အထက်လွှတ်တော်နှင့်အောက်လွှတ်တော်ပါဝင်သည်။ အထက်လွှတ်တော်သို့ ကန်တုံတနယ်လျှင် ကိုယ်စားလှယ် ၂-ဦးစီ ကန်တုံဝက် တနယ်လျှင်(၁)ဦးစီ စေလွှတ်နိုင်သည်။ ထိုကိုယ်စားလှယ်များ၏လစာနှင့်စရိတ်ကို သက်ဆိုင်ရာပြည်နယ်က ကျခံရသည်။ အောက်လွှတ်တော်သို့ လူဦးရေအလိုက် ရွေးကောက်ရာလူဦးရေ(၂၂၀၀၀)လျှင် ကိုယ်စားလှယ်တဦးကျ ရွေးကောက်နိုင်သည်။ သို့သော် လူဦးရေ (၁၁၀၀၀) ထက်ပိုလျှင် တဦးရွေးနိုင်ခွင့်ရှိသည်။

## အာဏာခွဲဝေနည်း

ပြည်ထောင်စုနှင့်ပြည်နယ်များ အာဏာနှင့်အခွင့်အရေးခွဲဝေပုံနည်းမှာ အမေရိကန်ပြည်ထောင်စုနှင့်သြစတေးလီးယားပြည်ထောင်စုတို့ကဲ့သို့ပင် ပြည်ထောင်စုအား အာဏာများကန့်သတ်ပေးပြီး ပြည်နယ်များက ကျန်အာဏာအားလုံးကို ယူထားကြသည်။ သို့သော်လည်း ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်များ ပူးတွဲလုပ်ဆောင်နိုင်သော အာဏာများလည်းရှိသည်။ (Concurrent Powers)။

ပြည်ထောင်စုပါလီမန်သည် အစိုးရအဖွဲ့၊ နိုင်ငံတော်သမတ ဒုတိယသမတ စစ်သေနာပတိချုပ်နှင့်တရားဝန်ကြီးချုပ်တို့အား ရွေးကောက်တင်မြှောက်သည်။

ပြည်နယ်များတွင် ရာထူးထမ်းရွက်လျက်ရှိသော ပုဂ္ဂိုလ်များအားလည်း ပြည်ထောင်စုပါလီမန်အမတ်အဖြစ် အရွေးခံနိုင် ခွင့်ပြုထားသည်။

ဆွိဇာလန်ပြည်ထောင်စုပါလီမန်တွင် ထူးခြားချက်(၂)ချက်ရှိသည်။

၁။ မိမိတို့ရွေးကောက် တင်မြှောက်လိုက်သော အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ပြန်လည်ဖြုတ်ချနိုင်ခွင့် မရှိခြင်း။

၂။ မတရားဥပဒေများအား အပြီးသတ် အတည်ပြုနိုင်ခြင်း။

ပြည်သူလူထုအား ဒီမိုကရေစီအာဏာကို တိုက်ရိုက်ကျင့်သုံးနိုင်ခွင့် ပြုထားသဖြင့် ပါလီမန်က တရားဥပဒေများကို အပြီးသတ်အတည်ပြု၍ မရနိုင်ခြင်း ဖြစ်သည်။

## ဆွိစ်ပြည်ထောင်စုအစိုးရ

ပြည်ထောင်စုအစိုးရအဖွဲ့ကို လွှတ်တော် ၂-ရပ်ပေါင်းထားသည်။ ပြည်ထောင်စုပါလီမန်က ရွေးကောက်တင်မြှောက်ရသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီး ၇-ဦးပါဝင်၍ ဝန်ကြီးများသည် လွှတ်တော်တရပ်ရပ်၏အမတ်များ မဖြစ်စေရဘဲ အမတ်အဖြစ် အရွေးခံနိုင်ခွင့် အရည်အချင်း

နှင့်ပြည့်စုံသော် တိုင်းသူပြည်သားထဲမှ ဖြစ်ရသည်။

ပြည်နယ်ကြီးက ပြည်နယ်ငယ်အား အနိုင်ကျင့်မှု လက်ဝါးကြီးအုပ်မှု သဘောမျိုးမရှိစေခြင်းငှာ ဆွိဇာလန်ပြည်ထောင်စုအခြေခံဥပဒေတွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ် ပြည်နယ်တနယ်တည်းမှ တဦးထက်ပို၍ တင်မြှောက်ခွင့် မရှိကြောင်း ပြဋ္ဌာန်းထားလေသည်။

ပြည်ထောင်စုအစိုးရဌာန(၇)ဌာနသာ ရှိသည်။ ၎င်းတို့မှာ (၁)နိုင်ငံခြားရေး (၂)ပြည်ထဲရေး (၃)တရားရေးနှင့်ပုလိပ်ဌာန (၄)စစ်ရေး (၅)ဘဏ္ဍာရေးနှင့်အကောက်တော်ခွန်ဌာန (၆)စိုက်ပျိုးရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုလုပ်ငန်းဌာန (၇)စာတိုက်နှင့်မီးရထားဌာန။

အစိုးရအဖွဲ့ဝင်ဝန်ကြီး(၇)ဦးသည် တဦးလျှင် တဌာနစီကိုင်ကြရသည်။ အစိုးရအဖွဲ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ဟူ၍ မရှိပေ။

ပါလီမန်က ဝန်ကြီး(၇)ဦးအနက်မှ နိုင်ငံတော်သမတနှင့်ဒုတိယသမတကို ရွေးကောက်တင်မြှောက်သည်။ သမတနှင့်ဒုတိယသမတတို့၏ သက်တမ်းမှာ ၁၂–လသာရှိပြီး ဒုတိယအကြိမ်တဆက်တည်း ပြန်လည်အရွေးခံခွင့်မရှိချေ။ နိုင်ငံတော်သမတသည်ပင် အစိုးရအဖွဲ့တွင် သဘာပတိအဖြစ် ဆောင်ရွက်ရသည်။ သဘာပတိဆိုသော်လည်း နိုင်ငံတော်သမတအား အထူးအာဏာများ ပေးအပ်မထားပေ။ (၇)ဌာနအနက် ၎င်းနှင့်ဆိုင်သော ဌာနတခုအတွက်သာ အာဏာရှိသည်။ တနည်းအားဖြင့် နိုင်ငံတော်သမတသည် တနှစ်တာအတွက် အစိုးရအဖွဲ့၏ သဘာပတိအဖြစ်ဆောင်ရွက်ခြင်းသာဖြစ်သည်။

E-book is created by *shanyoma*

## "အမြဲတမ်းစစ်တပ်မရှိ"

ဆွိဇာလန်ပြည်ထောင်စုတွင် အမြဲတမ်း စစ်တပ်ဟူ၍ ထားခွင့်မရှိပေ။ အခြေခံဥပဒေပုဒ်မ(၁၃)တွင် အတိအလင်း ပြဋ္ဌာန်းထားသည်။ ပုဒ်မ(၁၈)အရ ဆွိစ်အမျိုးသားအားလုံးသည် စစ်မှုထမ်းရွက်ရသည်။ ဗဟိုပြည်ထောင်စုအနေဖြင့် အမြဲတမ်းစစ်တပ်မထားရှိသော်လည်း ပြည်နယ်များသည် လုံခြုံရေးအတွက် စစ်သားအင်အား(၃၀၀)ထက်မပိုသော၊ စစ်တပ်များ ထားနိုင်ခွင့်ပြုထားလေသည်။

ဆွိဇာလန်ပြည်ထောင်စုသည် ဥရောပအလယ်ပိုင်းတွင် ထူးခြားစွာ တည်နေမှု၊ ထူးခြားသောဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ခိုင်မြဲသောကြားနေရေးဝါဒ၊ ထူးခြားသော ဆွိစ်လူမျိုးတို့၏ စိတ်ဓာတ်တို့ကြောင့် နပိုလျံ၏ ကျူးကျော်မှုနောက်ပိုင်းတွင် စစ်ဘေးစစ်ဒဏ်နှင့်ကင်းလွတ်ကာ ငြိမ်းချမ်းသာယာသော ပြည်ထောင်စုအဖြစ် တည်တံ့လာခဲ့လေသည်။

ဆွိစ်ဇာလန်ပြည်၏ ဒီမိုကရေစီတိုက်ရိုက်ကျင့်သုံးမှုမှာ အဓွန့်ရှည်စွာ တည်တံ့ပေလိမ့်မည်။

E-book is created by *shanyoma*

## မြန်မာပြည်ထောင်စု
## (၆)

ကမ္ဘာ့အရပ်ရပ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေနမူနာများကို အကြမ်းအားဖြင့် လေ့လာပြီးသည့်နောက် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းချုပ်ပုံအခြေခံဥပဒေကို ဆက်လက်လေ့လာကြည့်ပါစို့။

### ဖားတပိုင်း ငါးတပိုင်း

ကျွန်တော်တို့ ပြည်ထောင်စုအခြေခံဥပဒေကို အာဏာနှင့်အခွင့်အရေးခွဲဝေနည်း(၃) နည်းဖြင့် စံချိန်ကို ကြည့်လျှင် ပြည်ထောင်စု မစစ်တစစ် အမျိုးအစား(ဝါ)ပြည်ထောင်စုအပျော့စားဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ထပ်လောင်း၍ ဖွဲ့စည်းပုံ၊ ပုံစံနှင့်ချိန်ထိုးကြည့်ပါမူ ပြည်ထောင်စုအပျော့စားပင် မဟုတ်တော့ဘဲ ဖားတပိုင်း ငါးတပိုင်း စနစ်အဖြစ် တွေ့မြင်ရပေမည်။

ကျွန်တော်တို့တွင် ကျဉ်းမြောင်းသော လူမျိုးရေးဝါဒတရားဖုံးလွှမ်းနေ၍ ယင်းကဲ့သို့ တွေ့မြင်ကြသည်မဟုတ်ပါ။

၁၉၄၇–ခုနှစ် တိုင်းပြည်ပြုလွှတ်တော်တွင် အခြေခံဥပဒေကို ရေးဆွဲကြစဉ်အခါ အခြေခံအကြံပေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သော(ဝါ)အခြေခံဥပဒေရေးဆွဲရာတွင် အဓိကတာဝန်ကို ထမ်းဆောင်ခဲ့သော ယခုနိုင်ငံတော်တရားလွှတ်တော်ချုပ်တရားဝန်ကြီးအဖြစ် ဆောင်ရွက်လျက်ရှိသူ "သတိုးမဟာသရေစည်သူ"ဦးချန်ထွန်းက–

"ကျွန်တော်တို့ရဲ့အခြေခံဥပဒေဟာ သဘောတရားအားဖြင့် ပြည်ထောင်စုစံနစ်ဖြစ်ပေမယ့် လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်ပါတယ်"ဟု ပြောပြကြောင်း။ ရန်ကုန်တက္ကသိုလ်ရာဇဝင်ပါမောက္ခဟောင်း တင့်ကား ((Hugh Tinker) က သူ၏ပြည်ထောင်စုမြန်မာနိုင်ငံတော် (The Union of Burma) စာအုပ်တွင် ထုတ်ဖော်ရေးသားထားသည်။

(The Constitutional Advisor, Chan Htoon observed much later that "Our Constitution though in theory federal, is in practice Unitary")

ထို့ကြောင့် ဖားတပိုင်း ငါးတပိုင်းစံနစ်မှာ ကျွန်တော်တို့၏အမြင်သက်သက် မဟုတ်၊ ဦးချန်ထွန်းလိုပုဂ္ဂိုလ်ကလည်း ထုတ်ဖော်ဝန်ခံထားပြီးဖြစ်သည်။

ယင်းကဲ့သို့ဖြစ်ရခြင်းမှာ မတော်တဆကြောင့်လည်း မဟုတ်၊ ကျွန်တော်တို့လူမျိုးစုများက လိုလားသောကြောင့်လည်း မဟုတ်ပေ။

နိုင်ငံရေးအတွေ့အကြုံ နည်းပါးပြီး ဥပဒေပညာနားမလည်သော ကျွန်တော်တို့အား ဗမာခေါင်းဆောင်များနှင့်ဥပဒေပညာရှင်များက "လှည့်စားလိုက်တာဘဲ"ဟု ကျွန်တော်တို့ထင်မြင်လာကြပါသည်။

လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြစဉ်တုံးက လွတ်လပ်ပြီးသည့်နောက် မည်သည့်ပုံစံမျိုးဖြင့် တိုင်းပြည်ကို တည်ထောင်ကြမည်နည်းဟု တွေးတောကြံဆကြသည့်အခါ ဗမာအမျိုးသားခေါင်းဆောင်များသည် ဗမာပြည်လို တိုင်းပြည်ငယ်လေးအဖို့ လူမျိုးစုများ အခွဲခွဲအခြမ်းခြမ်း အုပ်ချုပ်သည့်မူကို မကြိုက်ကြပါ။ တစည်းတလုံးတည်း ပုံစံတမျိုးတည်းသောအုပ်ချုပ်ရေးမျိုး၊ တနည်းအားဖြင့် တပြည်ထောင်စံနစ်အစိုးရ တမျိုးတစားစံနစ် (Unitary) ကိုလိုလားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်တို့အား တစည်းတလုံးထည်းသာ ၅–နှစ်စီမံကိန်း ၂–ကြိမ်မြောက် ဆောင်ရွက်လိုက်ရလျှင် အားလုံးတိုးတက်မည်၊ ဗမာပြည်မထက် တဆင့်နိမ့်ကျနေသောနယ်စပ်ဒေသရှိ လူမျိုးစုများသည်လည်း ဗမာနှင့်တန်းတူ တိုးတက်လာမည်ဟု ယုံကြည်ကြောင်း ပြောပြဘူးပါသည်။

ကျွန်တော်တို့ (ရ ပ လ)ခေါင်းဆောင်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ရိုးသားသောစေတနာကို ယုံကြည်ကြသည်၊ လေးစားကြသည်။

သို့သော် ရှမ်းအမျိုးသားများအနေနှင့် အခြေအနေက တမျိုးဖြစ်နေကြပါသည်။

ရှမ်းလူမျိုးနှင့်ဗမာလူမျိုးသည် လူမျိုးခြင်းမတူ ခြားနားသည်၊ ရှမ်းပြည်ဒေသနှင့်ဗမာပြည်ဒေသသည် ကုန်းပြင်မြင့်နှင့်မြေပြန့်ခြားနားသည်။ ရာဇဝင်အရ ရှမ်းများသည် ဗမာများအပေါ် စိုးရိမ်ကြသည်။ သင်္ကာမကင်းရှိကြသည်။ အနှစ်(၆၀)ကျော်နယ်ချဲ့သမား၏သွေးခွဲမှုကြောင့် သွေးကွဲနေကြသည်။ လွတ်လပ်ရေး ကြိုးပမ်းနေကြစဉ် နယ်ချဲ့ဗြူရိုကရက်များ၏သွေးခွဲမှု–ခြေထိုးမှု–အန္တရာယ်ကလည်း ကြီးမားနေသည်။ ကျွန်တော်တို့ (ရ ပ လ)ခေါင်းဆောင်များအား ဗမာသူလျှိုတွေ ဗမာကို ရောင်းစားသူတွေဟူ၍ စော်ဘွားအချို့က စွပ်စွဲနေချိန်လည်း ဖြစ်သည်။

ကျွန်တော်တို့ ဗိုလ်ချုပ်အောင်ဆန်း၏စေတနာကိုလည်းကောင်း၊ ပြည်ထောင်စုစံနစ်မူကိုလည်းကောင်း၊ သံသယမရှိကြပါ၊ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာပြည်နှင့်ကျွန်တော်တို့ ရှမ်းပြည်အား တပြည်ထောင်စံနစ်အရ ပူးပေါင်းစေကာမူ ကျွန်တော်တို့အဖို့ စိုးရိမ်ပူပန်စရာမရှိဟု ကျွန်တော်တို့ ယူဆသည်။

လူပုဂ္ဂိုလ်ပိုင်းအခြေအရ ထိုသို့ဖြစ်သော်လည်း တကဲ့ဖြစ်ရပ်အခြေအနေအရဆိုလျှင် ပြည်ထောင်စုသဘောတရားကလွဲ၍ အခြားမဖြစ်နိုင်ဟု ကျွန်တော်တို့ (ရ ပ လ)ကဆုံးဖြတ်ကြသည်။

ကျွန်တော်တို့(ရ ပ လ)က အောက်ပါပြည်ထောင်စုသဘောတရားကို ဟောပြောပွဲများဖြင့်၎င်း၊ စာရွက်စာတမ်းများဖြင့်၎င်း ရှမ်းပြည်အနှံ့အပြားသို့ ချပြလိုက်သည်။

## ပြည်ထောင်စုသဘောတရား

(၁) ဗမာပြည်မနှင့်ပြည်ထောင်စုစံနစ်အရ ပူးပေါင်းမည်။

E-book is created by *shanyoma*

(၂) ယင်းသို့ပူးပေါင်းသည့်အခါ–

(က) အခွင့်အရေးနှင့်အဆင့်အတန်းတူဖြစ်ရမည်။

(ခ) ရှမ်းပြည်အား လုံး၀ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရမည်။

(ဂ) ခွဲထွက်လိုက အချိန်မရွေး ခွဲထွက်ခွင့်ပေးရမည်။

(၃) ဗဟိုအစိုးရအား အောက်ပါဌာနများ လွှဲအပ်ပေးမည်။

(က) နိုင်ငံခြားရေး။

(ခ) ကာကွယ်ရေး။

(ဂ) စာတိုက်နှင့်ကြေးနန်း။

(ဃ) လမ်းပန်းဆက်သွယ်ရေး။

(င) ငွေစက္ကူနှင့်ငွေဒင်္ဂါးထုတ်လုပ်ရေး။

(စ) ဆိပ်ကမ်းအကောက်တော်ခွန်။

(ရ ပ လ)၏ပြည်ထောင်စုသဘောတရားသည် ရှမ်းပြည်လူထုအတွင်း နက်ရှိုင်းစွာ ၀င်သွားသည်။ ဗမာဆိုလျှင် အလွန်မုန်းပြီး ဗမာပြည်နှင့်မပေါင်းလိုသောပုဂ္ဂိုလ်များပင်လျှင် ဤပြည်ထောင်စုသဘောတရားကို လက်ခံလာကြသည်။

(ရ ပ လ)၏ပြည်ထောင်စုသဘောတရားသည် ရှမ်းပြည်နယ်နိမိတ်မှ ကျော်လွန်ကာ နယ်စပ်ဒေသတလျှောက်လုံးသို့ ပြန့်နှံ့သွားခဲ့သည်။ ရှမ်း–ကချင်–ချင်း–ခေါင်းဆောင်များပူးပေါင်းဖွဲ့စည်းထားသော တောင်တန်းသားစည်းလုံးညီညွတ်ရေးဦးစီးအဖွဲ့ချုပ် (Scouhp) ကလည်း ပြည်ထောင်စုသဘောတရားကို လက်ခံလာကြသည်။

ပြည်ထောင်စုသဘောတရား၏ အနှစ်သာရသည် နာမည်ကျော်ပင်လုံစာချုပ်တွင် ပါလာရသည်။ ဗြိတိသျှလေဘာအမတ် ရိစ်ဝီလျံခေါင်းဆောင်သော နယ်စပ်ဒေသစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင်လည်း ပြည်ထောင်စုသဘောတရားကို ရှေ့တန်းထုတ်၍ ဖော်ပြထားရသည်။

ဗိုလ်ချုပ်အောင်ဆန်းအစ ဦးနုအလယ် ဦးချန်ထွန်းအဆုံး ဗမာအမျိုးသားခေါင်းဆောင်များကတော့ ပြည်ထောင်စုသဘောတရားကို အကြိုက်ကြပါ။

ဦးဘဖေ–ဒေါက်တာဗမော်–သခင်ဗစိန်တို့လို လက်ျာဂိုဏ်းသားများကလည်း မကြိုက်ကြပါ။

သို့သော် ဦးအောင်ဆန်း–ဦးနုတို့နှင့်ဦးဘဖေ–ဦးဘမော်တို့၏ အခြေခံစေတနာချင်းမှာ ခြားနားကြပါသည်။

လူမျိုးစုများ၏ပြည်ထောင်စုသဘောတရားကို ပယ်ဖျက်၍ မရနိုင်တော့ပါ။

တိုင်းပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်ဦးအောင်ဆန်းက အခြေခံဥပဒေလမ်းညွှန်ပြဋ္ဌာန်းချက် အဆိုတင်သွင်းသည့်အခါ အပိုဒ်(၂)တွင် ပြည်ထောင်စုသဘောတရားကို ထည့်သွင်းထားရလေသည်။

E-book is created by *shanyoma*

သို့သော် ဗိုလ်ချုပ်တို့ကျဆုံးသွားပြီးနောက် အခြေခံဥပဒေကို အပြီးသတ်ရေးဆွဲကြသည့် အခါ ကျွန်တော်တို့အား မလိမ့်တပတ်နှပ်လိုက်သည်ဟု ကျွန်တော်တော့ စွဲစွဲမြဲမြဲ ယူဆနေဆဲဖြစ်သည်။

အသွင်အားဖြင့် ကျွန်တော်တို့ နယ်စပ်ဒေသအား နှစ်သိမ့်စေရန် ပြည်ထောင်စုအသွင် ပေးထားပြီး အနှစ်သာရအားဖြင့် တတ်နိုင်သမျှ တပြည်ထောင်စံနစ်ဖြစ်စေရန် ဖန်တီးထားသည် ဟု ကျွန်တော်ထင်သည်။

ဦးချန်ထွန်းသည် ပြည်နယ်များ အခဏ်းခွဲထွက်ခွင့် အခဏ်းများ အခြေခံဥပဒေတွင် ပါဝင်ထည့်သွင်းထားခြင်းအကြောင်းနှင့်ပတ်သက်ပြီး နိုင်ငံရေး အုပ်ချုပ်ရေးအရ အမှန်လိုအပ်၍ မဟုတ်ကြောင်း၊ နယ်စပ်ဒေသခေါင်းဆောင်များ၏ သံသယစိတ်ကို လျှော့ပါးစေရန်အတွက်သာဖြစ်ကြောင်း၊ ဗမာများအပေါ် နှစ်ပရိစ္ဆေဒကြာရှည်စွာ စွဲစွဲမြဲမြဲထားရှိလာသော အယုံသကၤာစိတ်များကို တောင်ပေါ်သားများသည် ရုတ်တရက် စွန့်လွှတ်နိုင်ခြင်းမရှိကြောင်း၊ ထိုမသကၤာစိတ်များကို ကုစားသော နည်းတနည်းသာဖြစ်ကြောင်းဟူ၍ ပြောကြားကြောင်းဖြင့် ပါမောက္ခတင့်ကာက သူ၏စာအုပ်တွင် ဆက်လက် ဖေါ်ပြထားလေသည်။

ထိုမျှမက ဦးချန်ထွန်းသည် တိုင်းပြည်ပြုလွှတ်တော်တွင် ''ကျွန်တော်တို့ ယခုလက်ရှိ အခြေအနေများကို ထောက်ထားသောအားဖြင့် အစိုးရတဖွဲ့တည်းက အုပ်ချုပ်တာဟာ ဘယ်လောက်ဘဲ ကောင်းတယ်ဆိုတာ ကျွန်တော်တို့အားလုံးယုံကြည်ကြစေကာမူ ယခုအချိန်မှာဖြစ်လျှင် ပြည်ထောင်စုနိုင်ငံကိုသာ ဖွဲ့စည်းဖို့ရာဖြစ်နေပါတယ်''ဟူ၍၎င်း။ တဖန်ဆက်လက်ပြီး ''ကျွန်တော်တို့ အားလုံးက သိပ်ပြီးမနှစ်ခြိုက်သော်လည်း ယခုလက်ရှိ အခြေအနေအရ ပြည်ထောင်စုနိုင်ငံ တည်ခဲ့ရတဲ့အတွက် နောင်ကို အခြေအနေအရ တဦးတည်းအစိုးရတဖွဲ့တည်းက အုပ်ချုပ်တဲ့နိုင်ငံမျိုးဟာ ပိုပြီးလိုလားအပ်တယ် ဗမာပြည်ကို ကြည့်လိုက်လျှင် ကမ္ဘာနှင့်စာလျှင် အင်မတန် ငယ်လို့ နောင်ကို အစိုးရတဖွဲ့တည်းနှင့်ဖြစ်နိုင်တဲ့ (Unitary) နိုင်ငံမျိုးကို ဖြစ်ချင်ပါတယ်ဆိုလျှင် ပြည်နယ်တွေက သဘောတူလျှင် ကျွန်တော်တို့ ဖန်တီးသွားဖို့ရန်သည် ဥပဒေမှာပါရှိပါတယ်''ဟူ၍၎င်း၊ ရှင်းလင်းပြောပြသွားခဲ့ပါသည်။

အခြေခံဥပဒေအကြံပေးအရာရှိဖြစ်ပြီး အခြေခံဥပဒေရေးဆွဲရာတွင် အဓိကတာဝန်ထမ်းဆောင်ခဲ့သော ဦးချန်ထွန်းသည် ပြည်ထောင်စုစံနစ်ကို အဘယ်မျှ မလိုလား မနှစ်ခြိုက်သည်ကို သူ၏စကားများဖြင့် ပေါ်လွင်စေပါသည်။

နယ်စပ်ဒေသမှ လူမျိုးစုများ ဆန္ဒပြင်းပြ၍၎င်း၊ မလွှဲမရှောင်သာ၍၎င်း၊ တနည်းအားဖြင့် နယ်စပ်ဒေသမှ လူမျိုးစုများ သံသယကင်းစေရန် ရသေ့စိတ်ဖြေပြုနိုင်ရန်အတွက် ပြည်ထောင်စုပုံစံကို ထည့်သွင်းပေးထားခြင်းဖြစ်သည်။ သို့သော် ဗမာခေါင်းဆောင်များ၏ လိုအင်ဆန္ဒအတိုင်း တပြည်ထောင်သဘော ရောက်နိုင်သမျှ ရောက်စေရန် ဖန်တီးပေးခဲ့ခြင်းပင် ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် ယင်းကဲ့သို့ ဖား

E-book is created by shanyoma

တပိုင်း ငါးတပိုင်းဖြစ်မှုသည် နယ်စပ်ဒေသလူမျိုးများတွင် ကိန်းအောင်းနေသော သံသယမကင်းမှုကို မပြေပျောက်စေသည့်အပြင် တိုး၍ပင် ကြီးမားလာစေခဲ့ပါသည်။

## တခြမ်းပဲ့ ပြည်ထောင်စု

ကျွန်တော်တို့၏ အခြေခံဥပဒေသည် သဘောတရားအားဖြင့် ပြည်ထောင်စုဟု ခေါ်ဆိုနိုင်ခြင်းမှာ–

(၁) ရှမ်း–ကချင်–ကရင်–ကယားပြည်နယ်များ ဖွဲ့စည်းပေးထားခြင်း။

(၂) ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး အသင့်အတင့်ခွင့်ပြုထားခြင်း။

(၃) ပြည်နယ်ကောင်စီခေါ် ဥပဒေပြုအဖွဲ့အစည်းပေးထားခြင်း။

(၄) ရှမ်းနှင့်ကယားပြည်နယ်များအား ပြည်ထောင်စု၏ အမြင့်ဆုံး အဆင့်ဖြစ်သည့်ခွဲထွက်နိုင်ခွင့်ပေးထားခြင်းများကြောင့် ဖြစ်သည်။

ဤမျှလောက်သာ ကွက်ကွက်ကလေးကြည့်လျှင် ကမ္ဘာပေါ်ရှိ အခြားပြည်ထောင်စုများနှင့် အသွင်အားဖြင့် တူသယောင်ယောင် ဖြစ်သည်။

ပြည်ထောင်စုဆိုသည်မှာ ပြည်ထောင်ခေါ် ပြည်နယ်များ စုပေါင်းထားခြင်းဖြစ်သည်။ အခြားလူမျိုးစုများအတွက် သီးခြားပြည်နယ်များ ဖွဲ့စည်းထားသော်လည်း လူများစုဖြစ်သောဗမာများအဖို့ ပြည်နယ်ဟူ၍ သီးခြားမရှိချေ။ သီးခြားပါလီမန်နှင့်သီးခြားအစိုးရလည်း မရှိချေ။

ရုတ်တရက်ဆိုလျှင် ဗမာများက အနစ်နာခံရသယောင် သဘောပေါက်ပေမည်။ နက်နက်နဲနဲ စဉ်းစားကြည့်ပါက ဗမာများသည် ပြည်ထောင်စုအစိုးရအာဏာကို လုံးထွေးယူလိုက်ပြီး လူမျိုးစုများအပေါ် အုပ်စီလိုက်ခြင်းသာဖြစ်ပါသည်။ ဤသည်ကို ထောက်ရှု၍ ဦးချန်ထွန်းက "လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်သည်"ဟုဆိုလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က ပြည်နယ်များသည် ဗမာပြည်၏ ပဏ္ဏာဆက်နိုင်ငံများအဆင့်သို့ ကျရောက်ကုန်သည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။

ပဏ္ဏာဆက်နိုင်ငံခေါ် (Vassal State) နှင့်ပတ်သက်ပြီး ကျွန်တော်အနေနှင့် အထူးအဓိပ္ပါယ်ဖွင့်ပြစရာ မလိုပါ။ ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်မီ တိုင်းပြည်ပြုလွှတ်တော်တွင် အဓိပ္ပါယ်ဖွင့်ပြခဲ့သည်က ပို၍အဓိပ္ပါယ်လေးနက်ပါသည်။

(Vassal State) ဆိုတာက တပည့်–ကျွန်နိုင်ငံလိုသဘောမျိုးဘဲ၊ ကျွန်ဆိုပေမယ့်လို့ (Colony) ကိုလုနီလည်း မဟုတ်ဘူး၊ သူ့ဘာသာသူ သူ့မင်းနှင့်သူချင်းနှင့်သူ့အစိုးရနှင့်ဘဲ၊ အပြင်ဘမ်းအားဖြင့်တော့ လွတ်လပ်တယ်၊ သို့သော်လည်း နိုင်ငံကြီးတနိုင်ငံရဲ့ဩဇာလွှမ်းမိုးမှု ချုပ်ချယ်မှုကို အထူးတလည် ခံနေရတဲ့နိုင်ငံဖြစ်လို့ (Vassal State) လို့ခေါ်တယ်။ (တိုင်းပြည်ပြုလွှတ်တော်ညီလာခံမှတ်တမ်းစာတွဲ–၁။ အစည်းအဝေးအမှတ် ၄၊ စာမျက်နှာ – ၇၇)။

ဗမာလူမျိုးကြီးဝါဒနှင့်ပဏ္ဏာဆက်နိုင်ငံဟူသော စကားများကို ကျွန်တော်က တမင်ထွင်

E-book is created by *shanyoma*

လိုက်သည်ဟု ကျွန်တော့်မိတ်ဆွေများက ဆိုကြသည်။ အမှန်မှာ ဤစကားလုံးများကို ကျွန်တော်က ထွင်လိုက်သည် မဟုတ်ပါ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၁၀–နှစ်ကျော်ဘဝမှ ပေါက်ဖွားလာသော စကားလုံးများသာ ဖြစ်ပါသည်။

ဗမာများအတွက် သီးခြားပြည်နယ်–သီးခြားအစိုးရ–သီးခြားဥပဒေပြုအဖွဲ့ဟူ၍ သီးခြားမထားခြင်းနှင့်ပတ်သက်၍ ဦးချန်ထွန်းကပင်ဗမာခေါင်းဆောင်များ၏ ကိုယ်စား တိုင်းပြည်ပြုလွှတ်တော်တွင် ရှင်းလင်းပြခဲ့ပါသည်။

"ဗမာပြည်မကြီးက အင်မတန်ကြီးပြီး ပါဝင်မည့်ပြည်နယ်တွေက အင်မတန် အကျယ်အဝန်းမှာ ငယ်နေတာကို တွေ့ရပါတယ်။ ဗမာပြည်မအကျယ်အဝန်းဟာ ရှမ်းပြည် ကချင်ပြည်နယ်၊ ကရင်နီပြည်နယ်။ သည်ပြည်နယ် သုံးပြည်ပေါင်းလျှင်တောင်မှ ဗမာပြည်မှာ ကျန်တဲ့နယ်တွေရဲ့ အကျယ်အဝန်းနဲ့ဆိုလျှင် သုံးပုံတပုံ လေးပုံတပုံလောက်ပဲ ရှိတယ်။ လူဦးရေအားဖြင့်ဆိုလျှင် သာပြီးကွာခြားသေးတယ်။ လူဦးရေ(၁၇)သန်း ရှိတဲ့အနက် ဗမာပြည်မက (၁၅)သန်းရှိတယ်၊ ရှမ်းပြည်၊ ကချင်ပြည်၊ ကရင်နီပြည်နယ်ကရှိလျှင် (၂)သန်းလောက်ဘဲ ရှိတယ်။ ပြီးတော့ ဘဏ္ဍာရေးကိစ္စအခြေအနေမှာလည်း ယခုလက်ရှိ အခြေအနေကို ကြည့်မည်ဆိုလျှင် ဘဏ္ဍာရေးအခြေအနေမှာ အများကြီးချို့ငဲ့နေပါတယ်။ နိုင်ငံရေးဗဟုသုတကိုကြည့်ပြန်တော့လည်း အတော်ဘဲကွာခြားနေတာရှိတယ်"ဟူ၍ ဦးချန်ထွန်းက ဗမာပြည်မနှင့်ပြည်နယ်များ ကွာခြားမှုကို ရှင်းပြပြီး၊ အကယ်၍ ဗမာပြည်မ်အတွက် သီးခြားပြည်နယ်ထားရလျှင် ဥပဒေပြုမှုအတွက် အမတ်များ၊ အုပ်ချုပ်မှုအတွက် အမှုထမ်းများ၊ တရားစီရင်မှုအတွက် တရားသူကြီးများ၊ အများအပြားလိုမည်ဖြစ်သည့်အတွက် လူမလုံလောက်ကြောင်း၊ ဗဟိုပြည်ထောင်စုနှင့်ဗမာပြည်မအတွက် ထို ၃–၄ဌာနခွဲထားရလျှင် ဘဏ္ဍာရေးနှစ်ဆပို၍ ကုန်ကျမည်ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

ထို့ကြောင့် "ကျန်သည့်ပြည်နယ်တွေမှာလို ဗမာပြည်မအတွက်ကို သီးသန့်ပြည်နယ်တခုအဖြစ် မထားဘဲနှင့် ဗဟိုအစိုးရက ဗဟိုဥပဒေပြုအဖွဲ့ကနေပြီးတော့ အုပ်ချုပ်တဲ့ဗဟိုအစိုးရနှင့်ပေါင်းထားတဲ့ တပေါင်းတစည်းတည်း နိုင်ငံပြည်မဖြစ်ရမည်"ဟု ဦးချန်ထွန်းက ရှင်းလင်းခဲ့ပါသည်။

ဟိုစဉ်က ကျွန်တော်လည်း ဟုတ်နိုးယောင်ယောင် လက်ခံခဲ့ပါသည်။ ဗမာများ တကယ်အနစ်နာခံပါတကားဟု အထင်ကြီးခဲ့ပါသည်။ နက်နက်နဲနဲ နဖူးပေါ် လက်တင်စဉ်းစားကြည့်မှ ပြည်နယ်များ မျောက်လောင်းဖြစ်ကုန်သည်ကို တွေ့မြင်ရပါသည်။

အမှန်မှာ ဗမာများအတွက် သီးခြားပြည်နယ်ဖွဲ့စည်းပြီး ဗမာပြည်နယ်–ရှမ်းပြည်နယ်–ကျင်ပြည်နယ်–ကရင်ပြည်နယ်–ကယားပြည်နယ်စသည့်ပြည်နယ်များ ပူးပေါင်းကာ ပြည်ထောင်စုဖွဲ့ပါမှ တကယ့်ပြည်ထောင်စု၏ အင်္ဂါနှင့်ညီညွတ်ပေမည်။ ယခုမူကား ဗမာပြည်နယ်ဟူ၍ မပါရှိသည့်အတွက် ကျွန်တော်တို့၏ အခြေခံဥပဒေသည် အသွင်အားဖြင့်ပင် အင်္ဂါမစုံ တခြမ်းပဲ့ ပြည်ထောင်စုကြီးဖြစ်နေလေသည်။

E-book is created by *shanyoma*

ဤကား ပထမဦးစွာ တွေ့ရှိရသည့် ချို့ယွင်းချက်ကြီးဖြစ်ပါသည်။

## တို့ပါလီမန်

ကျွန်တော်တို့ ပြည်ထောင်စု ပါလီမန်ဖွဲ့စည်းပုံမှာလည်း သဘာဝမကျပေ။ အခြားပြည်ထောင်စုပါလီမန်များတွင် လွှတ်တော် ၂-ရပ်ထားရှိခြင်းမှာ အောက်လွှတ်တော်သည် ဒီမိုကရေစီသဘောအရ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရမည်ဆိုသည့်အတိုင်း ပြည်သူလူထုတရပ်လုံးအား ကိုယ်စားပြုရန်ဖြစ်ပြီး အထက်လွှတ်တော်မှာ ပြည်ထောင်စုသဘောတရားအရ ပြည်နယ်များအား ကိုယ်စားပြုရန် ဖြစ်ပေသည်။

ပြည်နယ်ကြီးက ပြည်နယ်ငယ်များအား အနိုင်ကျင့်မှု မရှိစေရန် အထက်လွှတ်တော်သို့ ကိုယ်စားလှယ်ဦးရေ အညီအမျှစေလွှတ်ကြသည်။

လွှတ်တော်တရပ်ရပ်သည် အာဏာကို အလွန်အကဲအသုံးမပြုနိုင်ရန်အတွက် လွှတ်တော်တရပ်က အခြားလွှတ်တော်တရပ်အား ထိန်းကွပ်နိုင်ရန် အခွင့်အာဏာတူ ပေးထားကြသည်။

ကျွန်တော်တို့၏ အထက်လွှတ်တော်သို့ ပြည်နယ်များသည် အမတ်ဦးရေအညီအမျှစေလွှတ်နိုင်ခွင့် မရှိကြပါ။ ဗမာပြည်နယ်ဟူ၍ သီးခြားမရှိခြင်းသည်ပင် ပြည်ထောင်စုအထက်လွှတ်တော်ဖွဲ့စည်းမှုကို ကြီးစွာရုပ်ဆင်းပျက်စေလေသည်။ တပြည်နယ်လျှင် အမတ်ဦးရေ အဘယ်မျှစီ စေလွှတ်ရမည်ဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းလိုက်လျှင် ဗမာပြည်နယ်မရှိ၍ ပြည်ထောင်စုအထက်လွှတ်တော်တွင် ဗမာကိုယ်စားလှယ်များ ပါဝင်နိုင်တော့မည် မဟုတ်ချေ။

ကျွန်တော်တို့၏ အထက်လွှတ်တော်သည် အောက်လွှတ်တော်အား ထိန်းကွပ်နိုင်သောအာဏာလည်း မရှိ၊ ပြည်နယ် ပြည်နယ်များအကျိုးကို ကာကွယ်နိုင်စွမ်းလည်းမရှိဖြစ်နေလေရာ ယခုအတိုင်းသာဆိုလျှင် နိုင်ငံတော်သမတကဲ့သို့ တန်ဆာဆင်ထားယုံသာ ရှိနေပေမည်။

ဤကား ဒုတိယချို့ယွင်းချက်တည်း။

## အာဏာနှင့်အခွင့်အရေး

ပြည်ထောင်စုစစ်စစ်နိုင်ငံများတွင် ဗဟိုပြည်ထောင်စုအား အများနှင့်ဆိုင်သော အခွင့်အာဏာများသာ ပေးပြီး ကျန်အာဏာများကို ပြည်နယ်များက သိမ်းပိုက်ထားကြသည်။ ကနေဒါပြည်ထောင်စုတွင်သာ ဗဟိုပြည်ထောင်စုအားလည်း အာဏာကန့်သတ်ပေးပြီး ကျန်အာဏာများအားလုံးကို ဗဟိုက သိမ်းပိုက်ထားသည်။

ကျွန်တော်တို့ ပြည်ထောင်စု အခြေခံဥပဒေတွင် ပြည်ထောင်စုဥပဒေပြုစာရင်း၊ ပြည်နယ်ဥပဒေပြုစာရင်းဟူ၍ ခွဲခြားပြီး ကျန်အာဏာများအားလုံးကို ဗဟိုပြည်ထောင်စုအစိုးရသို့ ပေးအပ်ထားရာက ကနေဒါပြည်ထောင်စုနှင့်အာဏာခွဲဝေနည်းတွင် အတူတူပင်ဖြစ်သည်။ အခြေခံဥပဒေမူနှင့်ပတ်သက်၍ ရှင်းပြစဉ် ဦးချန်ထွန်းက ကနေဒါပြည်ထောင်စုလမ်းစဉ်ကို လိုက်ထား

E-book is created by shanyoma

ကြောင်း ဝန်ခံခဲ့လေသည်။

ထိုလမ်းစဉ်ကို မလိုက်၍ မဖြစ်ပေ။ ဗမာပြည်နယ်ဟူ၍ သီးခြားဖွဲ့စည်းထားခြင်းမရှိ ဖြစ်လေရာ ပြည်ထောင်စုစစ်စစ်မှုအတိုင်း ဗဟိုကို အာဏာလုံးဝ ကန့်သတ်ပေးလိုက်ပြီး ကျန်အာဏာများအားလုံးကို ပြည်နယ်များအား ပေးလိုက်လျှင် ဗမာပြည်မအတွက် အုပ်ချုပ်၍ ဖြစ်နိုင်တော့မည် မဟုတ်ချေ။

ဤကား ကျွန်တော်တို့ အခြေခံဥပဒေ၏ တတိယချို့ယွင်းချက်ပင် ဖြစ်ပေသည်။

## ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ

ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့မျိုးကို အခြားမည်သည့်ပြည်ထောင်စုနိုင်ငံတွင်မှ မတွေ့ရပါ။

ပြည်ထောင်စုစစ်စစ်ဖြစ်သည့်အမေရိကန်–ဆွိဇာလန်–ဆိုဗီယက်ယူနီယံ–ဩစတေးလီးယားတို့တွင်၎င်း၊ ပြည်ထောင်စုအပျော့စားဖြစ်သည့်ကနေဒါတွင်၎င်း၊ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ကျွန်တော်တို့အစိုးရအဖွဲ့ကဲ့သို့ ပြည်နယ်ဝန်ကြီးဌာနများ ပါဝင်ဖွဲ့စည်းထားခြင်း မရှိကြပါ။

ကျွန်တော်တို့ပြည်နယ်ဥက္ကဋ္ဌများသည် ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြည်နယ်ဝန်ကြီးများအဖြစ် ပါဝင်နေကြသည်။

ကျွန်တော်တို့ ပြည်ထောင်စုတွင် နိုင်ငံတော်သမတသည် ပြရုပ်မျှသာဖြစ်ပြီး အာဏာအရှိဆုံးပုဂ္ဂိုလ်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဖြစ်သည်။

ပုဒ်မ ၅၆(၂)အရ နိုင်ငံတော်သမတသည် ဝန်ကြီးချုပ်က အမည်တင်သွင်းသောပုဂ္ဂိုလ်တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ဝင် အခြားဝန်ကြီးများအဖြစ် ခန့်ထားရမည်။

ပုဒ်မ ၅၆(၃)အရ ''နိုင်ငံတော်သမတသည် ဝန်ကြီးချုပ်၏ အကြံပေးချက်အရ ပြည်ထောင်စုအစိုးရဝန်ကြီးတဦးဦး၏ ရာထူးနှုတ်ထွက်စာကို လက်ခံရမည်။ သို့တည်းမဟုတ် ရာထူးမှ ရပ်စဲစေရမည်။

ကျွန်တော်တို့၏ အရပ်သား စကားဆိုလျှင် ဝန်ကြီးချုပ်က ကြိုက်နှစ်သက်၍ ရွေးချယ်သူများသာ ဝန်ကြီးများဖြစ်ရပြီး ဝန်ကြီးချုပ်က အလိုမရှိသည့်တနေ့တွင် ဝန်ကြီးရာထူးမှ နှုတ်ထွက်ပေးရမည်။

ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးများလည်း ဝန်ကြီးချုပ်က သဘောတူမှ ဝန်ကြီးဖြစ်နိုင်သည်။ ဝန်ကြီးချုပ်က သဘောမတူသည့်အခါ ဝန်ကြီးမဖြစ်နိုင်ချေ။

ထို့ကြောင့် ပြည်နယ်ဝန်ကြီးများသည် ဝန်ကြီးချုပ်၏ သဘောဆန္ဒအတိုင်း ဆောင်ရွက်ကြရသည်။ ပြည်နယ်အစိုးရများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရှိ၍ ပြည်ထောင်စုအစိုးရသည် ပြည်နယ်အတွင်းရေးများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိဟုဆိုသော်လည်း ပြည်နယ်အုပ်ချုပ်ရေး၏ အကြီးအကဲဖြစ်သူ ပြည်နယ်ဥက္ကဋ္ဌများမှာ ဝန်ကြီးချုပ်၏ ဆန္ဒနှင့်ဆန့်ကျင်သောကိစ္စများ ဘာမှ

E-book is created by *shanyoma*

မလုပ်နိုင်ဖြစ်ကြရာ ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးမှာ အဓိပ္ပါယ်ကင်းမဲ့နေပေသည်။

တနည်းအားဖြင့် ပြည်ထောင်စုဝန်ကြီးချုပ်သည် ပြည်နယ်အတွင်းရေးကိစ္စများကို တိုက်ရိုက်ဝင်ရောက်စွက်ဖက်နေစရာ မလို၊ မိမိတို့အစိုးရအဖွဲ့တွင် ပါဝင်နေသော ပြည်နယ်ဝန်ကြီးများမှတဆင့် ဩဇာလွှမ်းမိုးနိုင်သည်။ သွယ်ဝိုက်သောနည်းဖြင့် ဝင်ရောက်စွက်ဖက်နိုင်လေသည်။

ဤသည်ပင် တပြည်ထောင်စံနစ်ကို ထင်ရှားစွာ ဖေါ်ပြနေလေသည်။

ထို့ကြောင့် ဦးချန်ထွန်းက လက်တွေ့တွင် တပြည်ထောင်စံနစ် (Unitary) ဖြစ်နေပါသည်ဟု ပါမောက္ခတင့်ကာအား ပြောပြခဲ့ပေသည်။

ဤကား ကျွန်တော်တို့အခြေခံဥပဒေ၏ စတုတ္ထချို့ယွင်းချက်ဖြစ်သည်။

## ပြည်ထောင်စုဘဏ္ဍာရေး

အာဏာနှင့်အခွင့်အရေး ခွဲဝေနည်းကဲ့သို့ပင် ဘဏ္ဍာရေးခွဲဝေမှုသည်လည်း ပြည်နယ်များအား ပြည်နယ်အခွန်တော်စာရင်းဟူ၍ ကန့်သတ်ပေးပြီး ကျန်အားလုံးကို ဗဟိုက ယူထားလိုက်လေသည်။

ဗမာပြည်နယ်ဟူ၍ သီးခြားဖွဲ့စည်းထားခြင်းမရှိဘဲ ပြည်ထောင်စုဟူ၍ ရောထွေးဖွဲ့စည်းထားလေရာ ဗဟိုဌာနများဟူ၍ သန့်သန့်ခွဲခြားရန် ခက်ခဲပေသည်။ ထို့ကြောင့် ဗဟိုပြည်ထောင်စုနှင့်သက်ဆိုင်သော အခွန်တော်ဝင်ငွေများကို ဘယ်သို့ခွဲဝေ၍ ဗဟိုပြည်ထောင်စုနှင့်သက်ဆိုင်သော ဌာနများအတွက် ဘယ်သို့ကျခံရမည်ကို တိတိကျကျ သတ်မှတ်ရန် မလွယ်ကူတော့ပေ။

အခြေခံဥပဒေပုဒ်မ ၉၆ ခြွင်းချက်တွင်သာ ပြည်ထောင်စုအစိုးရသည် "ထောက်ပံ့ရန်လိုအပ်သည်ဟု ဆုံးဖြတ်သတ်မှတ်သောအထောက်အပံ့ငွေများကို" ပြည်နယ်အစိုးရများအား ပေးနိုင်သည်ဟု ဖေါ်ပြထားသည်။

၎င်းပြဋ္ဌာန်းချက်အရ ရှိသော အထောက်အပံ့ငွေများဖြင့်သာ ပြည်နယ်များ အသက်ရှူနေကြရသည်။ ဤထောက်ပံ့ငွေများကို ဗဟိုအစိုးရက ပေးလိုက ပေးနိုင်သည်။ မပေးဘဲ နေလိုကလည်း နေနိုင်သည်။ ဤနည်းဖြင့် ဗဟိုအစိုးရသည် ပြည်နယ်အစိုးရများ၏ အသက်သွေးကြောကို ထိန်းချုပ်ထားလိုက်သည်။ ဤသည်ကို ထောက်ရှု၍လည်း ဦးချန်ထွန်းက လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်သည်ဟု ပြောဟန်တူလေသည်။

ပြည်နယ်များ အထူးသဖြင့် ကျွန်တော်တို့ရှမ်းပြည်၏ မကျေနပ်ချက်များသည် ဘဏ္ဍာရေးခွဲဝေမှုစံနစ်ပေါ်တွင် မြစ်ဖျားခံခဲ့သည်။

အခြားပြည်ထောင်စုအခြေခံဥပဒေများတွင် ဘဏ္ဍာရေးခွဲဝေမှုနှင့်ပတ်သက်၍ အတိအကျ ပြဋ္ဌာန်းထားခြင်း မရှိကြချေ။ မြန်မာပြည်ထောင်စုအခြေခံဥပဒေတွင်သာ အတိအကျပြဋ္ဌာန်းထားပြီး အတိအကျလိုက်နာနေကြသည်

ဤကား အခြေခံဥပဒေ၏ ပဉ္စမချို့ယွင်းချက် ဖြစ်သည်။

E-book is created by *shanyoma*

ပြည်ထောင်စုဘဏ္ဍာရေးနှင့်ပတ်သက်၍၎င်း၊ ပြည်ထောင်စုနှင့်ပြည်နယ်ဘဏ္ဍာရေးခွဲဝေမှုနှင့်ပတ်သက်၍၎င်း၊ သီးသန့်ဆောင်းပါးရေးပါဦးမည်။

## အခြေခံဥပဒေ ပြင်ကြစို့

ရှမ်းပြည်နယ်၏ နစ်နာချက် မကျေနပ်ချက်များ ပြေလည်စေရန် လက်ရှိအခြေခံဥပဒေကို ပြန်လည်စီစစ်၍ ပြင်ဆင်ကြရပေမည်။ ယင်းသို့ပြင်ဆင်သည့်အခါ အထက်တွင် ကျွန်တော်လေ့လာဆန်းစစ်ထားသော ချို့ယွင်းချက်ကြီး ၅–ချက်ကို ဦးတည်ပြီး ပြင်ဆင်ကြရပေလိမ့်မည်။

ယင်းချို့ယွင်းချက် ၅–ချက်တွင် အကျုံးဝင်သော အခဏ်းကဏ္ဍများ၊ ပုဒ်မများ၊ ဇယားများအားလုံးကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း နှုတ်ပယ်ခြင်းများ ပြုရပါလိမ့်မည်။

ဆိုဗီယက်ပြည်ထောင်စု၏ ၁၈၄၈–ခုနှစ်အခြေခံဥပဒေကို ၁၈၇၄–ခုနှစ်တွင် အခြေအနေအရ ပြန်လည်ပြင်ဆင်သကဲ့သို့ပင် ဖြစ်ပေလိမ့်မည်။

ယင်းကဲ့သို့ ပြင်ဆင်ဖြည့်စွက် နှုတ်ပယ်လိုက်လျှင် ကျွန်တော်တို့လိုလားသော ပြည်ထောင်စုကြီးသည် အကြမ်းအားဖြင့် အောက်ပါပုံသဏ္ဍာန်အတိုင်း ပေါ်လွင်လာပါလိမ့်မည်။

---

(၇)

"ကျွန်တော်တို့လိုလားသော ပြည်ထောင်စု"

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်–

- (၁) မြန်မာပြည်နယ်။
- (၂) ရှမ်းပြည်နယ်။
- (၃) ကချင်ပြည်နယ်။
- (၄) ကရင်ပြည်နယ်။
- (၅) ကယားပြည်နယ်။
- (၆) ချင်းပြည်နယ်။
- (၇) ရခိုင်ပြည်နယ်။
- (၈) မွန်ပြည်နယ်များ ပါဝင်ကြမည်။

(၂) ဤပြည်နယ်များသည် တန်းတူရည်တူဖြစ်ကြပြီး ဗဟိုပြည်ထောင်စုသို့ လွှဲအပ်ထားသောအာဏာများမှအပ လုံးဝအချုပ်အခြာအာဏာပိုင်သမတနိုင်ငံများဖြစ်ကြမည်။ (ဆိုဗီယက်နှင့်အမေရိကန်ပြည်ထောင်စုများကဲ့သို့)

E-book is created by *shanyoma*

(၃) ပြည်နယ်အသီးသီးတွင် သီးခြားအခြေခံဥပဒေများ၊ သီးခြားဥပဒေပြုအဖွဲ့များ၊ သီးခြားအစိုးရအဖွဲ့များ ရှိကြမည်။

(၄) ပြည်ထောင်စုပါလီမန်တွင် ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်ဟူ၍ လွှတ်တော်၂–ရပ်ပါဝင်မည်။ ပြည်သူ့လွှတ်တော်ကို လူဦးရေအလိုက် ရွေးကောက်တင်မြှောက်၍ လူမျိုးစုလွှတ်တော်သို့ပြည်နယ်များသည် ကိုယ်စားလှယ်ဦးရေ အညီအမျှ စေလွှတ်ကြမည်။

(၅) လွှတ်တော် ၂–ရပ်ပူးတွဲကျင်းပသော အစည်းအဝေးမှ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်နိုင်ငံတော်သမတကို ရွေးကောက်တင်မြှောက်မည်။ အစိုးရအဖွဲ့ပုံစံမှာ ဆွိဇာလန်အစိုးရနှင့်ခပ်ဆင်ဆင်ဖြစ်မည်။ သို့သော် မြန်မာပြည်ထောင်စုအစိုးရအဖွဲ့သည် ပါလီမန်ကို တာဝန်ခံရမည်။ အစိုးရအဖွဲ့ဝန်ကြီးများသည် ပါလီမန်အမတ်များသာ ဖြစ်ရမည်။

(၆) အောက်ပါဌာနများကို ပြည်ထောင်စုဌာနများအဖြစ် သတ်မှတ်ထားမည်။

(၁) နိုင်ငံခြားဆက်သွယ်ရေး။
(၂) ကာကွယ်ရေး။
(၃) ငွေစက္ကူနှင့်ငွေဒင်္ဂါးထုတ်လုပ်ရေး။
(၄) စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး။
(၅) မီးရထားနှင့်လေကြောင်းဆက်သွယ်ရေး။
(၆) ဆိပ်ကမ်းခွန်ကောက်ခံရေး။
(၇) ပြည်ထောင်စုဘဏ္ဍာရေး။
(၈) ပြည်ထောင်စုတရားစီရင်ရေး။

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစစ်စစ်အစိုးရအဖွဲ့ဖြစ်လေရာ ပြည်နယ်ဝန်ကြီးဌာနများ ပါဝင်လိမ့်မည်မဟုတ်ပေ။

(၇) ပြည်နယ်များအားလုံးသည် (Complete Autonomy) လုံးဝကိုယ်ပိုင်အုပ်ချုပ်ရေးရှိကြမည်။ ပြည်နယ်အချင်းချင်းကသော်၎င်း၊ ပြည်ထောင်စုကသော်၎င်း၊ ပြည်နယ်အတွင်းရေးကိစ္စများတွင်ဝင်ရောက်စွက်ဖက်နိုင်ခွင့် မရှိစေရ။ ပြည်နယ်အုပ်ချုပ်ရေးအကြီးအမှူးများကို ပြည်နယ်သမတများဟု ခေါ်တွင်စေရမည်။

(၈) ပြည်နယ်တိုင်းသည် ပြည်ထောင်စုမှ ခွဲထွက်နိုင်သော အခွင့်အရေးရှိကြမည်။

E-book is created by *shanyoma*

(၉) ဆိုဗီယက်ဇာလန်ပြည်ထောင်စုမှာကဲ့သို့ ပြည်ထောင်စုအမြဲတမ်းစစ်တပ် ထားရှိရေး မရှိရေးကို ပြည်ထောင်စုပါလီမန်က အလေးအနက်ထားစဉ်းစားမည်။

ဤကား ကျွန်တော်တို့ ပြင်ဆင်လိုသော ပြည်ထောင်စုပုံစံအကြမ်း ဖြစ်ပါသည်။

ပါလီမန်အမတ်များနှင့်ဥပဒေပညာရှင်ကြီးများက အချောကိုင်ပြီး ရုပ်လုံးဖော်ပေးကြလိမ့်မည်ဟု ကျွန်တော်အထူးမျှော်လင့်ပါသည်။

တန်းတူညီမျှ၍ တပြေးညီစွာ တိုးတက်သော ပြည်ထောင်စုကြီးအမြန်ပေါ်ပေါက်ပါစေသတည်း။

ရှမ်းအမျိုးသားအပေါင်းတို့ စည်းလုံးညီညွတ်ကြလော့-

(ထွန်းမြင့်)

E-book is created by ***shanyoma***

E-book is created by ***shanyoma***

# ပိဋူရဿခင်ချစ်မောင်

# ၏

# ရှမ်းမှုနဲ့ပြည်ထောင်စုနောင်ရေး

ပထမနှိပ်ခြင်း အုပ်ရေ (၅၀၀၀)
၁၉၆၂–ခု မတ်လ

ထုတ်ဝေသူ
ဗေါဓိတော့စာပေဖြန့်ချိရေး (၀၃၅၉)
အမှတ် ၂၁–အရှေ့ဒီရုံ ဗိုလ်ချုပ်ဈေး၊
ရန်ကုန်မြို့။

ပုံနှိပ်သူ
ကြေးမုံ–ပုံနှိပ်တိုက် (၀၆၀၉)
အမှတ် ၁၆၉၊ ဗိုလ်ချုပ်ဈေး၊ (အရှေ့ဘက်တန်း)
ရန်ကုန်မြို့။

E-book is created by *shanyoma*

## သခင်ချစ်မောင်၏ အမှာစကား

ပထစအစိုးရခေတ်၏ နောက်ဆုံးနေ့ နောက်ဆုံးည ဖြစ်ပါသည်။

ထိုနေ့ ထိုညမှာ ၁၉၆၂–ခု၊ မတ်လ ၁–ရက်နေ့ ညနေ ၆–နာရီဖြစ်ပါသည်။

ထိုနေ့ ထိုအချိန်တွင် ရန်ကုန်မြို့ ပြည်လမ်းမကြီးရှိ အသံလွှင့်ရုံသစ်ကြီးတွင် အားလုံးသော ပြည်နယ်လူမျိုးစုခေါင်းဆောင်များနှင့်ပြည်မရှိ ပထစ၊ ပမညတ၊ ဖဆပလစသောနိုင်ငံရေးပါတီကြီးများမှ ခေါင်းဆောင်တို့သည် စုဝေးရောက်လာကြပါသည်။ ကိစ္စမှာ နောင်သောအခါ "ခါးကျိုးသွားသောလူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲကြီး"ဟူ၍ ရာဇဝင်တွင် တွင်ရစ်မည့်အစည်းအဝေးကြီးသို့ တက်ရောက်ကြရန်ဖြစ်ပါသည်။ ဤနောက်ဆုံးညတွင် ပမညတကိုယ်စားလှယ်အဖြစ် ကျွန်တော်က တင်ပြပြောဆိုရန်နှင့်ဖဆပလကိုယ်စားလှယ်အဖြစ် ဦးဗဆွေက တင်ပြပြောဆိုရန် ဖြစ်ပါသည်။

ခန်းမကြီးအတွင်းရှိ စင်မြင့်ပေါ်တွင် သဘာပတိနိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၊ နိုင်ငံတော်အစိုးရအကြံပေးအဖွဲ့ဝင် ဒေါက်တာဘဦး၊ ဒေါက်တာသိန်းမောင်၊ ဦးအုန်းဖေ၊ ဦးချစ်သောင်း၊ အစိုးရရှေ့နေချုပ်ကြီးဦးဘဆွေနှင့်တကွ အခမ်းအနားမှူး၊ ပါလီမန်အတွင်းဝန်ဦးသန်းစိန်တို့ပါ စုံညီစွာ ရောက်ရှိနေရာယူကြပါပြီ။

ခန်းမ၏ အမိုးမျက်နှာကျက်အတွင်းမှ ဖောက်ထွင်း၍ လင်းလျက်ရှိနေသောကြယ်ပုံလပုံမီးလုံးများမှာ အရောင်အားဖြင့် မလင်းလွန်း မမှောင်လွန်း မှိုင်းတိုင်းတိုင်း ရီတီတီ ရှိနေကြပါ

သည်။ ခန်းတွင်းရာသီဥတုမှာ အဓောက်ပေးထားသဖြင့်လည်း ခပ်စိမ့်စိမ့်လျှေက် ရှိနေ၏။ စီစီရီရီနှင့်တသီတတန်းကြီး နေရာယူလျက်ရှိနေကြသော လူမျိုးပေါင်းစုံခေါင်းဆောင်တိုင်းမှာ မိမိတို့ဆိုင်ရာအမျိုးသားဝတ်စုံများကို ဝတ်ဆင်လျက် အရောင်မျိုးစုံပုံစံမျိုးဖြင့် တင့်တယ်လှပကြက်သရေရှိနေကြ၏။ ဘေးတဘက်တချက်ရှိ အသံဖမ်းဆိုင်ရာ အခန်းများအတွင်း၌လည်း ဆိုင်ရာအရာရှိများနှင့်အမှုထမ်းတို့သည် မိန့်ခွန်းများကို အသံဖမ်းယူရန် အသင့်ပြင်ဆင်လျက် ရှိနေကြ၏။

နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည် မိမိအား ခြံရံလျက်ရှိနေသောအစိုးရအကြံပေးအဖွဲ့ဝင်လူကြီးများနှင့်ပြုံးပြုံးရွှင်ရွှင် တိုင်ပင်နှီးနှောလျက် ဆွေးနွေးပွဲအဖွင့်စကား ပြောကြားရန် စီစဉ်နေသည်ကို မြင်နေရပေသည်။ သူ၏ကြည်လင်ချမ်းမြေ့ဖွယ်ရာအပြုံးသည် "ဝန်ကြီးချုပ်ဘဝ" ၏နောက်ဆုံးအပြုံး နောက်ဆုံးနေ့ နောက်ဆုံးညနှင့်ဤညှိနှိုင်းဖလှယ်ပွဲကြီး၏နောက်ဆုံးအကြိမ်အဖြစ် သူလည်း မသိ၊ ကျွန်တော်တို့လည်း မသိဘဲလျက်–

"ယနေ့ ဆွေးနွေးပွဲကြီးဟာ ဒုတိယအကြိမ်ဖြစ်ပါတယ်၊ ပဌမအကြိမ်က ပြည်နယ်ခေါင်းဆောင်ကြီးများရဲ့တင်ပြချက်များကို ကြားနာခဲ့ကြပြီးနောက် အခုဒုတိယအကြိမ်မှာ ပြည်မရှိ နိုင်ငံရေးပါတီခေါင်းဆောင်ကြီးများက တင်ပြပြောဆိုကြပါလိမ့်မယ်။ ပဌမ ပမညတကိုယ်စားလှယ်၊ ဒုတိယဖဆပလကိုယ်စားလှယ်တို့က မိန့်ခွန်းပြောကြားပါလိမ့်မယ်။ ဒီကနေ့ညတော့ ဒီမျှနဲ့ပဲ အချိန်ကုန်လွန်ပါလိမ့်မယ်၊ ဒီနောက် ရပ်နားကြပြီး မတ်လ ၇–ရက်နေ့မှာ တဖန် တတိယအကြိမ်ပြန်စကြပါဦးမယ်"စသည်ဖြင့် ချိုသောလေးနက်သောအသံ၊ ကြည်လင်ရွှင်ပျသောမျက်နှာပေးဖြင့် သဘာပတိကြီးဦးနုသည် ဆွေးနွေးပွဲအဖွင့်မိန့်ခွန်းကို ခွန်းဟလေတော့သည်။

အားလုံးငြိမ်သက်စွာ နားထောင်နေကြသည်။ ပြည်မခေါင်းဆောင်ကြီးများက မည်သို့တင်ပြပြောဆိုကြမည်ကို အထူးအာရုံစောနေကြဟန်ဖြင့် လူမျိုးစုခေါင်းဆောင်များဘက်တွင် ပို၍ ငြိမ်သက်ကြလျက် မျက်နှာများမှာလည်း တစုံတခုကို အပူတပြင်း စောင့်စားစူးစိုက်နေကြဟန်ရှိနေကြလေသည်။

ထို့နောက် အခမ်းအနားမှူး ဦးသန်းစိန်က ပမညတသဘာပတိအဖွဲ့ဝင် သခင်ချစ်မောင်က ပမညတအဖွဲ့ကြီးရဲ့ကိုယ်စား မိန့်ခွန်းစကား ပြောကြားပါလိမ့်မယ်။ သခင်ချစ်မောင်ကြွပါ"ဟု ကြေငြာလိုက်ပါသည်။

ကျွန်တော်သည် သဘာပတိထိုင်နေရာ လက်ဝဲဘက်ရှိ အသံချဲ့စက်တပ်ဆင်ထားသော စကားပြောခုံတွင် နေရာယူ၍ ဤစာအုပ်ပါ"ပမညတအဖွဲ့ကြီး၏သဘောထားကို စတင်ပြောကြားခဲ့ပါသည်။ ကျွန်တော်၏မိန့်ခွန်းမှာ တနာရီတိတိကြာ၍ သဘာပတိနှင့်တကွ အားလုံးသောပရိသတ်များ တော်တော်ကြီး အာရုံပြုစူးစိုက်နားထောင်နေကြသည်ကို သတိပြုမိပါသည်။ ဝန်ကြီးချုပ်ဦးနု၊ ဒေါက်တာဘဦးနှင့်ဒေါက်တာသိန်းမောင်တို့မှာ အထူးဘဲ စိတ်ဝင်စားစွာ အာရုံပြုနေကြသည်ကို မျက်မှန်းတန်းမိပါသည်။ ကျွန်တော်မှာ ကျန်းမာရေးအတွက် အသံမှန်ဖြင့် ဖတ်ကြားပြောဆိုနေရာမှာ မိမိ၏မိန့်ခွန်းတွင် မိမိအရှိန်ရ၍ စိတ်ဝင်စားလာပါတော့သည်။ နာရီဝက်ခန့်အ

E-book is created by shanyoma

ကြာ ရေတကျိုက်သောက်ပြီးနောက် အသံမှာ ပိုကျယ်ပိုပြတ်သားလာပြီးနောက် မိန့်ခွန်းကို နိဂုံးချုပ်သည်အထိ မိမိလိုသလို ကြွတက်လာစေသောလေလှိုင်းဖြင့် အဆိုင်းအတွန့်မရှိ”ဂိုးသွင်းနိုင်ခဲ့ပါတော့သည်။

ထို့နောက် ဖဆပလအဖွဲ့ခေါင်းဆောင်ကြီး ဦးဗဆွေက ဆက်လက်ပြောကြားပြန်လေသည်။ နာရီဝက်ခန့် ကြာပေသည်။ ဦးဗဆွေသည် သူ၏မိန့်ခွန်းကို လေးနက်တည်ငြိမ်သောအသံဖြင့် လိုရာသို့ ပို့ဆောင်ခဲ့ပေသည်။

မိန့်ခွန်း ၂–ရပ်ပြောကြားပြီးနောက် သဘာပတိဝန်ကြီးချုပ်ဦးနုသည် ဝမ်းသာရွှင်ပြအားရသော လေသံဖြင့် နိဂုံးချုပ်စကားပြောကြားခါ ဆွေးနွေးပွဲကြီးကို မတ်လ ၇–ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေငြာလေသည်။

အားလုံးမတ်တပ်အထတွင် အစိုးရရှေ့နေချုပ်ကြီး ဦးဗဆွေသည် စင်မြင့်ပေါ်မှ ကျွန်တော့်ထံသို့ အမြန်ကလေးဆင်းလာပြီး အလွန်ကောင်းတဲ့မိန့်ခွန်းဘဲဗျာ. . . ချီးကျူးပါတယ်”ဟု ပြောဆိုခါ လက်ဆွဲနှုတ်ဆက်လေသည်။ ထို့နောက် ဝန်ကြီးဒေါက်တာဦးမောင်၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်သာခင်၊ ဗိုလ်ခင်မောင်ကလေးစသည်တို့ကလည်း ဝိုင်းလာကြပြန်လေသည်။ “ခင်ဗျားမိန်းခွန်းကလဲဗျာ တပိုင်း ထိုင်ပြီး ညှိထားသလို ကျွန်တော်တို့နဲ့မှ တူတတ်ပလေ”ဟု ဖဆပလခေါင်းဆောင်များက တသံထဲ ဝိုင်းပြောကြလေသည်။ ဦးကျော်ငြိမ်းကမူ “ခင်ဗျားတို့ ကွန်မြူနစ်တွေမှာလဲ လူမျိုးကြီးဝါဒရှိသကိုးဗျ”ဟု ပြောင်လှောင်လေသည်။ ဦးဗဆွေကမူ “ခင်ဗျားပြောနေတဲ့မိန့်ခွန်းကို ကျွန်တော်နားထောင်ရင်း ကျွန်တော်အတွက် ပြောစရာ ကျန်မှ ကျန်ပါတော့မလားလို့တော် စိုးရိမ်မိသေးတယ်၊ အသေးစိတ်ကစပြီး တူနေသလို ဖြစ်နေတယ်”ဟု ဝင်ပြီးကောက်ချက်ချလိုက်ပြန်လေသည်။ ဤတွင် ဗိုလ်ခင်မောင်ကလေးနှင့်ဦးကျော်ငြိမ်းတို့က“မိန့်ခွန်းကတော့ ကောင်းပါတယ်ဗျာ၊ ဒါပေမယ့် ထုံးစံအတိုင်း ကျွန်တော်တို့ကို ဆော်ဒါ နှက်ဒါတော့ ပါသေးတာဘဲဗျဟုအပြစ်တင်ပြန်ရာ ကျွန်တော်က‘အော်. . . ဒါကတော့ဗျာ. . . ဒီလိုဖြစ်ကြရဒါ ကျွန်တော်တို့ ပြည်မဘက်က ခြောက်ပြစ်ကင်း လုပ်လို့ဘယ်ဖြစ်မလဲ အမှားရှိရင် ဝန်ခံလိုက်တာ အကောင်းဆုံးပေါ့ဗျာ”ဟု ကျွန်တော်က ချေပလိုက်ရာ ဦးဗဆွေက ထောက်ခံလေသည်။

ဤသို့ ရောက်တတ်ရာရာ ဝိုင်းဖွဲ့ပြောဆိုကြရင်း လူစုခွဲခါ ညှော်ဆောင်သို့ကူးလာကြပါသည်။ ခေါက်ဆွဲနဲ့ကော်ဖီများ သုံးဆောင်ကြပြီးနောက် အပြင်သို့ ထွက်လာကြပါသည်။ အပြင်တံခါးဝတွင် ရှမ်းပြည်ခေါင်းဆောင်တဦးဖြစ်သူ ဦးထွန်းအေး(ယခုရှမ်းပြည်တော်လှန်ရေးကောင်စီဦးစီးအဖွဲ့ချယ်ယာမင်)နှင့်တွေ့ခါ “ကျွန်တော်တို့ တော်တော်ဘဲ သဘောပေါက်သွားပြီဗျာ ကျေးဇူးတင်ပါတယ်ဗျာ”ဟု ပြောပြောဆိုဆို လက်ဆွဲနှုတ်ဆက်ပြီး ပြာပြာသလဲ ထွက်သွားသည်ကို တွေ့လိုက်ရပါသည်။

ဤသို့ဖြင့် ပထစအစိုးရခေတ် မင်းပေါင်းစုံညီ လူမျိုးပေါင်းစုံညီတို့၏နောက်ဆုံးည မေ့နိုင်ဖွယ်ရာမရှိသော ရှုခင်းကြီးသည် ဤတွင် နိဂုံးတပါတ်အဆုံးသတ်ခဲ့ပါသည်။

E-book is created by *shanyoma*

ထိုညတွင် ကျွန်တော်သည် အိမ်သို့ ၉–နာရီခန့်တွင် ပြန်ရောက်ပါသည်။ နာရီဝက်ခန့် အနားယူပြီးနောက် အထူးအကြောင်းမရှိလျှင် ၉–နာရီခွဲတွင် အိပ်ရာဝင်လေ့ရှိသည်အတိုင်း အိပ်ရာဝင်ခဲ့ပါသည်။ ၉–နာရီခွဲ အိပ်ရာဝင်ရသည်မှာ ၁၀–နာရီထက် နောက်မကျစေဘဲ အိပ်ပျော်စေရန်ဖြစ်ပါသည်။ ၁၉၆၀–ခုနှစ် ရွေးကောက်ပွဲအတွင်းမှစ၍ ကြီးစွာ မကျမ္မာဖြစ်ပြီးနောက် အိပ်ချိန် စားချိန် လမ်းလျှောက်ချိန် စသည်များကို စနစ်တကျ လေ့ကျင့်နေရသောကြောင့်ဖြစ်ပါသည်။ ရုပ်ကို လေ့ကျင့်ရရုံသာမက စိတ်လေ့ကျင့်ခဏ်းများစွာကိုလည်း လေ့ကျင့်ခဲ့ရပါသည်။ စိတ်လေ့ကျင့်ခဏ်းများသည် မိမိအိပ်လိုသော အချိန်၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေရန်နှင့် ၁၅–မိနစ် (သို့မဟုတ်) မိနစ် ၂၀–နာရီဝက်အတွင်း အိပ်ပျော်စေရန်လည်း လေ့ကျင့်ခဲ့ရပါသည်။ အတော်ဘဲ အောင်မြင်မှုရခဲ့ပါသည်။

သို့သော်လဲ ထိုရာဇဝင်ကျော်သည့် မတ်လ(၁)ရက်နေ့ညတွင်ကား အကြောင်းရှာမရအောင် အိပ်မပျော်နိုင်ဖြစ်ခဲ့ရပါသည်။ မမေ့နိုင်သော ညပေတည်း။ ဘယ်လိုလေ့ကျင့်ခဏ်းမျိုးတွေကို လုပ်လို့မှမရတော့ပေ။ မိမိကိုယ်ကို မိမိဝမ်းသာနေ၍လော – ဝမ်းနဲနေ၍လော မည်သည့်ဝိတက် ဝိစာရများ စွဲကပ်နေသနည်း စသည်ဖြင့် စိတ်စစ်ဆေးချက်တွေကို ပြန်ပြန်လှန်လှန်စစ်ဆေးအဖြေထုတ်ကြည့်သော်လည်း ဘာတခုမှ အကြောင်းရှာ၍မရသလို ဟာတာတာကြီးဖြစ်ပြီး အိပ်မရနိုင်သာဖြစ်နေပါတော့သည်။ ကြောင်တောင်တောင်ဖြစ်နေရင်းကပင် မတ်လ ၂–ရက်နေ့ အကူး နံနက်(၃)နာရီခန့်တွင် ကုတ်ကိုင်းဂွတ္တာလစ်ဘက်မှ သေနတ်သံများ ကြားရပါတော့သည်။ သို့သော်လည်း ကျွန်တော်အဘို့ ဘာမျှမသိ၍ ဘာမှအမှုမထားချေ။ အိပ်ပျော်ရန်သာ ကြိုးစားနေပါသည်။ အနည်းငယ်မှိန်း၍ အိပ်ပျော်သလိုလိုဖြစ်နေစဉ် တယ်လီဖုံးသံလာပါတော့သည်။ အချိန်မှာ နံနက် ၄–နာရီခန့်ရှိနေပြီ၊ ဆက်သူမှာ ဗိုလ်မြသွေးဖြစ်၍ “သခင်ချစ်မောင်လား၊ အခြေအနေတွေ မကောင်းဘူးဖြစ်နေတယ်။သတင်းရပြီလား”ဟု ကျွန်တော်မေးပါသည်။ ကျွန်တော်က “ကိုယ်တော့ ဘာသတင်းမှ မရဘူး၊ ဘာတွေဖြစ်နေသတဲ့လဲ ပြောစမ်းပါအုံး”ထိုအခါ ဗိုလ်မြသွေးက “စောရွှေသိုက်အိမ်နဲ့ဝန်ကြီးချုပ်အိမ်ကို စစ်တပ်တွေ ဝိုင်းထားတယ်လို့ သတင်းသန့်သန့်ကြားနေရတယ်၊ အတည်ပြုချက်ရရင် ကျွန်တော် ထပ်ပြီး သတင်းပို့ပါဦးမယ်”ဟု ပြော၍ ဖြတ်လိုက်ပါသည်။

ကျွန်တော့်မျက်လုံးများမှာ “ကြောင်”နေရုံသာမကတော့ဘဲ ပြူးထွက်သွားပါတော့သည်၊ စောစောက ကြားသော သေနတ်သံများနဲ့ဆက်ကြည့်ရာ တိုင်းပြည်တွင် တခုခုတော့ ဖြစ်နေပြီဟု အကဲဖြတ်လိုက်မိပါသည်။

နံနက် ၅–နာရီခန့်တွင် ဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများအားလုံး စစ်တပ်က ဖမ်းသွားပြီဖြစ်ကြောင်း ဗိုလ်မြသွေးထံမှ အတည်ပြုချက်သတင်းကို ကျွန်တော့်ထံသို့ ထပ်မံပေးပို့ပြန်ပါသည်။ ရွှေတောင်ကြားရပ်ကွက်တခုလုံး စောင်ဖြူကြီးခြုံထားသလို နှင်းတွေက တခဲနက်ဝေနေပါသည်။ ၅–နာရီခွဲခန့်တွင် ကျွန်တော်သည် နှင်းကြားထဲခွဲ၍ အိမ်နားနီးချင်းဖြစ်သော အစိုးရ

E-book is created by shanyoma

အကြံပေးအဖွဲ့ဉက္ကဋ္ဌကြီးဒေါက်တာဘဦးအိမ်ဘက်သို့ လျှောက်သွားလေသည်။ ဉက္ကဋ္ဌကြီးဦးဘဦးသည် ကျွန်တော်အား နံနက်စောစောကြီး တွေ့လျှင်တွေ့ချင်း အံ့အားသင့်သည့်အမူအရာ မပြဘဲ "အော်. . . ဦးချစ်မောင်လား. . . လာပါ. . . လာပါ မနေ့ညက ပြောတဲ့မိန့်ခွန်းကတော့ အားကြီးကောင်းဒါပါဘဲ ဝန်ကြီးချုပ်လဲ တော်တော်အားရကျေနပ်သွားတယ်"ဟု မဆီမဆိုင် ဆီးပြောလေတော့သည်၊ ကျွန်တော့်မှာ ဘာပြန်ပြောရမှန်းမသိဘဲ "ဦး. . . ခဏကြွပါအုံး"ဟု သူ၏ဧည့်ခန်းထဲသို့ ပင့်ခေါ်သွားပြီး တိုင်းပြည်အခြေအနေ ဘာသံများကြားမိသလဲ. . . ဦး. . . ဘာလိုလိုညာလိုလို သတင်းတွေရနေလို့"ဟု မေးလိုက်တော့မှ ဉက္ကဋ္ဌကြီးသည် မျက်နှာပျက်သွားခါ "ဟုတ်တယ် ကျုပ်လဲကြားနေတယ် တပ်မတော် အာဏာသိမ်းပြီဆိုဘဲ"ဟု အေးဆေးလှသော အသံကြီးနှင့်ပြန်ပြောပါတော့သည်။

ဤသို့ဖြင့် ကျွန်တော်မှာ မနေ့ညက တက်ရောက်ခဲ့သောလူမျိုးပေါင်းစုံ မင်းပေါင်းစုံဆွေးနွေးပွဲသဘင်ကြီးမှ ပြန်ရောက်ပြီးနောက် တရေးမျှပင် ကောင်းကောင်းမအိပ်ရသေးမီနောက်တနေ့နံနက် ၆–နာရီအထိ နာရီပေါင်း (၁၂)နာရီအတွင်းတွင်ပင် တောင်ကြီးများ ရုတ်တရက်ပြို၍ မြစ်ကြီးများ လမ်းကြောင်းပြောင်းသွားသကဲ့သို့ အခြေအနေတို့သည် ပြောင်းလဲသွားပြန်ပြီတကားဟု တဆက်တစပ်တည်း သဘောပေါက်နားလည်လိုက်ရပါတော့သည်။ ကျွန်တော့်ထက် ကျွန်တော်၏မျက်လုံးအစုံတို့က တချက်မျှ မမှိတ်ခဲ့ရသည့်အတွက် မည်မျှလောက် လျှင်မြန်စွာ ပြောင်းလဲသွားသည်ကို သူတို့က သာလို့ပင် သဘောပေါက်ခံစားလိုက်ရပါတော့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အခြေအနေအရပ်ရပ်နှင့်အစိုးရအပြောင်းအလဲတို့သည် ဘယ်နှစ်ဆက်ပင်ဆက်၍ ပြောင်းကြစေ၊ လူမျိုးစုရေးရာ ပြဿနာကြီးကို ပြီးပြတ်အောင်မြင်အောင်ဖြေရှင်းရန် တာဝန်ကား ဆက်လက်ကျန်ရှိနေမည်သာတည်း။ ဤပြဿနာကြီးကို မဖြေရှင်းနိုင်ဘဲလျက် မည်သည့်အစိုးရဆင်းဆင်းတက်တက် နိုင်ငံတော်တည်ဆောက်ရေးခရီးကို မည်သည့်နည်းနှင့်မျှ ချောမောပြေပြစ်စွာ ချီတက်နိုင်မည်မဟုတ်ပေ၊ ဤကား ကျွန်တော်တို့၏ခိုင်မာသော ကောက်ချက်တည်း။

အဘယ်ကြောင့်ဆိုသော်–

အဘယ့်ကြောင့်ဆိုသော် မြန်မာပြည်သည် ရာဇဝင်ကြောင်းအရ လူမျိုးပေါင်းစုံနေထိုင်သော နိုင်ငံကြီး (Multi National State) ဖြစ်သောကြောင့်ပေတည်း။ (The Ethnological Survey of Burma 1917) ခေါ် ၁၉၁၇–ခု၊ ဗမာပြည်လူမျိုးစုရေးရာစစ်တမ်းနှင့်ဘာသာစကားစုအရ လူမျိုးစုကြီး ပေါင်း(၁၁)မျိုး ဘာသာစကားယ်ပေါင်း(၁၃၁)ခုရှိပြီး လူမျိုးအနွယ်အားဖြင့် (၅၅) မျိုးရှိကြောင်း ပြဆိုခဲ့ပေသည်။ ၎င်းနှင့်ပတ်သက်၍ စာရင်းတချပ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

E-book is created by shanyoma

| အမှတ် | ဘာသာစကားအရ လူမျိုးစုကြီး | ဘာသာစကားငယ်ပေါင်း | လူဦးရေ |
|---|---|---|---|
| ၁ | မြန်မာစု | ၁၆ | ၉၈၆၂.၆၉၄ |
| ၂ | ကရင် | ၁၇ | ၁၃၄၁.၀၆၆ |
| ၃ | တိုင်း(ရှမ်း) | ၁၀ | ၁၀၂၁.၉၁၇ |
| ၄ | ကူကီ–ချင်း | ၄၅ | ၃၄၃၈၆၄ |
| ၅ | မွန် | ၁ | ၃၀၅၂၉၄ |
| ၆ | ပလောင် | ၁၁ | ၁၇၆၁၂၄ |
| ၇ | ကချင် | ၉ | ၁၅၃၈၉၇ |
| ၈ | လိုလို–မူဆို | ၁၂ | ၉၃၀၅၂ |
| ၉ | ဆက်(K) | ၆ | ၃၅၂၃၇ |
| ၁၀ | မရိုး | ၁ | ၁၄၀၄၉ |
| ၁၁ | မလေး | ၂ | ၆၃၆၈ |
| | ပေါင်း ၁၁ | ပေါင်း ၁၃၁ | |

E-book is created by *shanyoma*

ရင်းပြင် ဗမာပြည်အတွင်းသို့ ဆင်သက်လာကြသောလူမျိုးအနွယ်ကြီး ၃–ရပ်မှာ (၁) တိဘက်ဘာတိုမင်၊ (၂) မွန်ခမာ၊ (၃) တိုင်တရုပ် ဟူ၍ရှိကြောင်း မှတ်သားရပါသည်၊ တိဘက်ဘာတိုမင်မှ အနွယ် ၃–မျိုး ထပ်ပွား၍ (၁) မြန်မာနှင့်မြန်မာမျိုးတူစု၊ (၂) ချင်း ကချင်လူမျိုးစုနှင့် (၃) လိုလိုလူမျိုးစုဟူ၍ ဖြစ်ပေါ်လာကြောင်း မှတ်သားရပြန်ပါသည်။ ထိုတိဘက်ဘာတိုမင်အနွယ်ကြီးမှ ဆင်းသက်ပေါက်ဖွားလာသော အဆိုပါအနွယ် ၃–ရပ်မှ ဆင်းသက်လာသောလူမျိုးစုငယ်များမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁။ **မြန်မာနှင့်မြန်မာ့မျိုးတူစုမှ ပေါက်ဖွားလာသောလူမျိုးငယ်များ။**

(၁) မြန်မာပြည်မလူမျိုး၊
(၂) ရခိုင်
(၃) ယမ်းပြဲ
(၄) ကဒူး
(၅) ဖုန်
(၆) မရူး
(၇) လာရှီ
(၈) အက်စီ
(၉) နမ်း
(၁၀) ဒရူး
(၁၁) တောင်ရိုး
(၁၂) တမန်း
(၁၃) ယော
(၁၄) မရို
(၁၅) ချောင်းသား
(၁၆) ထားဝယ်သား
(၁၇) မြိတ်သား
(၁၈) မိုင်းသား
(၁၉) အင်းသား
(၂၀) ဓနု

**၂။ ချင်း၊ ကချင်လူမျိုးစုမှ ပေါက်ဖွားလာသော လူမျိုးငယ်များ။**

(၁) ချင်း

(၂) ကချင်

(၃) နာဂ

(၄) ဂေါရီ

(၅) ဒူးလင်

**၃။ လိုလိုလူမျိုးစုမှ ပေါက်ဖွားလာသော လူမျိုးငယ်များ။**

(၁) လိုလို

(၂) လီစူ (သို့မဟုတ်) ယောယင်

(၃) လဟူ

(၄) မူဆို

(၅) ကို့

(၆) ကော

(၇) အာကို

ဤသို့ဖြင့် တိဘက်ဘာတိုမင်အနွယ်ကြီးမှ ဆင်းသက်လာသောလူမျိုးစုပေါင်းမှာ(၃၂) မျိုးရှိကြောင်း မှတ်သားတွေ့ရှိရပါသည်။ ၎င်းပြင် မွန်ခမာနှင့်တိုင်တရုတ်တို့မှာလည်း လူမျိုးငယ်ပေါင်း (၁၂)မျိုးနှင့်(၁၀)မျိုးစီ အသီးသီး ဆင်းသက်ပေါက်ဖွားလာကြောင်း တွေ့ရှိရပြန်ပါသည်။

**မွန်ခမာအနွယ်ကြီးမှ ဆင်းသက်လာပုံမှာ**

(၁) မွန် သို့မဟုတ် တလိုင်း

(၂) ဝ

(၃) လာ

(၄) ပလောင်

(၅) ပလဲ

(၆) မီအို

(၇) ယာအို

(၈) ရီအန်

(၉) ပဒေါင်း

(၁၀) ဗရဲ

(၁၁) ယင်းဘော်

(၁၂) ဇရိန်း

**တိုင်(ရှမ်း)တရုတ်အနွယ်ကြီးမှ ဆင်းသက်လာပုံမှာ**

(၁) ရှမ်း (၂) ကရင် (၃) ယိုးဒယား (၄) ခွန်း (၅) လူ (၆) လာအို

(၇) ရှမ်းတရုပ် (၈) ရှမ်းဗမာ (၉) တောင်သူ (၁၀) လမ်း (၁၁) လာအို

ဤသို့ဖြင့် တိဘက်ဘာတိုမင်အနွယ်ကြီးမှ (၃၂)မျိုး၊ မွန်ခမာအနွယ်ကြီးမှ (၁၂)မျိုး၊

E-book is created by *shanyoma*

တိုင်းတရုပ်အနွယ်ကြီးမှ (၁၁)မျိုး၊ ပေါင်း လူမျိုးစုပေါင်း(၅၅)မျိုးနှင့်ဘာသာစကားပေါင်း(၁၃၁) မျိုးတို့ နေထိုင်ပြောကြားသော မြန်မာပြည်ထောင်စုကြီးဖြစ်ပေသည်။ ၁၉၃၁–ခုနှစ်၊ သန်းခေါင်စာရင်းအရ ကိုးကွယ်သောဘာသာများအရဆိုပါလျှင်လည်း ဗုဒ္ဓဘာသာ ၈၄–ရာခိုင်နှုန်း၊ နတ် ၅.၂ %၊ ဟိန္ဒူ ၃. ၉ %၊ မူစလင် ၄ %၊ ခရစ်ယံ ၂. ၃ %၊ ကွန်ဖြူးစီးယှ(စ်) ၀. ၂ %၊ ရေ၀တီ ၀. ၀၀၈ %၊ ဆစ် ၀. ၀၇ %နှင့်ဂျိန်းဘာသာ ၀. ၀၀၅ %ဟူ၍ တွေ့ရှိရပါသည်။ ထိုသို့သောတိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကားများ ကိုးကွယ်သောဘာသာများအပြင် နယ်ချဲ့ခေတ်ဗမာပြည်နောက်ပိုင်းကာလတွင်ကား နိုင်ငံခြားသား တရုပ်၊ ကုလား၊ ဥရောပတိုက်သားများနှင့်ရောနှောနေထိုင်ကြရသည့်အတွက် တရုပ်ကပြား၊ ကုလားကပြား၊ ဥရောပကပြားစသော တိုင်းရင်းသားကပြား ပြဿနာမှာလည်း ပြဿနာတရပ်အဖြစ် ပေါ်ပေါက်လာခဲ့ပေသည်။ ‘ဗမာမူဆလင်’ ကပြားပြဿနာမှာ ထိပ်တန်းအရောက်ဆုံးဖြစ်နေသော ကပြားပြဿနာတရပ်ဖြစ်လာပေသည်။ နိုင်ငံခြားသား လူနည်းစု အခွင့်အရေးဟူ၍လည်း ကျွန်ခေတ်မှ သည်ယနေ့အထိ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးတို့တွင် ချယ်လှယ်လွှမ်းမိုးလာခဲ့ရာ ဤပြဿနာသည်လည်း ယနေ့တိုင် “ယတိပြတ်”မဖြေရှင်းရသေးသော ပြဿနာကြီး ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံသည် လူမျိုးပေါင်းစုံ ကြွယ်ကြွယ်၀၀ စုံစုံလင်လင်ကြီး မှီတင်းနေထိုင်ရာနိုင်ငံကြီး ဖြစ်ပေသည်။ ရာဇ၀င်တလျှောက်နေထိုင်ခဲ့ကြပုံမှာလည်း မြေပြန့်သား၊ တောင်တန်းသားဟူ၍ အပိုင်းကြီး ၂–ပိုင်း သဘာ၀အရ ခြားနားပြီး များသောလူမျိုးစုမှန်သမျှတို့သည် တောင်တန်းသားများ အဖြစ်ဖြင့်သာ ရာဇ၀င်သဘာ၀အရ ပိုင်းခြားထားသော ဒေသများတွင် ကိုယ်စီကိုယ်ငှ ပျော်မွေ့စွာနေထိုင်ကြသည်ကို တွေ့ရှိရပေလိမ့်မည်။ အချို့သော လူမျိုးစုများဖြစ်သည့်ကရင်၊ မွန်စသည်တို့မှာ ဗမာပြည်မအတွင်းတွင်သာ နေရာအနှံ့အပြားရောနှောနေထိုင်လာကြသည်ကို တွေ့ရှိရပေလိမ့်မည်။ တောင်ပေါ်သားအများစု လူမျိုးစုတို့မှာ ယနေ့မြန်မာပြည်ထောင်စု အကျယ်အ၀န်းဧရိယာ၏ ၄၃–ရာခိုင်နှုန်းသော တောင်တန်းဒေသများတွင် နေထိုင်ကြပြီး လူဦးရေမှာမူ ၁၄–ရာခိုင်နှုန်းမျှသာ ရှိပေသည်။

လူမျိုးစုများအနက် ရှမ်းလူမျိုးစုမှာ ရာဇ၀င်ပြောင်ခဲ့သော လူမျိုးစုကြီးတခုဖြစ်၍ သက္ကရာဇ် ၁၂၈၇–မှ ၁၅၃၁–အထိ ကာလသည် “ရှမ်းခေတ်ကြီး”ဟူ၍ပင် မြန်မာနိုင်ငံရာဇ၀င်တွင် စာတင်ခဲ့ရပေသည်။ အလားတူပင် မွန်လူမျိုး မွန်စာပေရာဇ၀င် ရခိုင်လူမျိုး ရခိုင်ရာဇ၀င်ဟူ၍လည်း သီးခြားကျော်ကြားသော လူမျိုးစုများနှင့်ရာဇ၀င်များလည်း ရှိခဲ့ပေသည်။

ဗြိတိသျှနယ်ချဲ့သမားအောက် ကျွန်သဘောက်ဖြစ်ကြရသော အခါတွင်လည်း တောင်တန်းသားလူမျိုးစုဒေသများကို အပိုင်း(၁)နှင့်အပိုင်း(၂)ဟူ၍ ခွဲခြားပြီး “**သီးခြားဒေသ–သီးခြားအုပ်ချုပ်ရေးစံနစ်**”ဟူ၍ နယ်ချဲ့ဘုရင်ခံက တိုက်ရိုက်စီမံအုပ်ချုပ်ခဲ့လေသည်။ ဤသို့ဖြင့် အုပ်ချုပ်ရေးတွင် ပြည်မနှင့်တောင်တန်းဒေသများကို ‘ကောင်းစွာ သွေးခွဲ’၍ ရာဇ၀င်တလျှောက်အုပ်ချုပ်ခဲ့လေသည်။ ဆိုလိုရင်းမှာကား နယ်ချဲ့စံနစ်နှင့်ပဒေသရာဇ်စံနစ် ပူးပေါင်း၍ တောင်တန်း

E-book is created by shanyoma

သားလူမျိုးစုပြည်သူများကို ကြီးစွာနှိပ်စက်ညှဉ်းဆဲခဲ့ခြင်းပင် ဖြစ်ပေသည်။ မြန်မာလူမျိုးစုပြည်မနှင့်လည်း အမုန်းကြီးမုန်းတီး၍ လုံးဝယုံကြည်မှုကင်းမဲ့နေစေရန် အမျိုးမျိုးလုပ်ကြံဖန်တီးခဲ့ပေသည်။

တောင်တန်းသားလူမျိုးစုများ၏ စီးပွားရေးနှင့်စာပေယဉ်ကျေးမှုစသည့် အဆင့်အတန်းတို့တွင်လည်း "ကြီးစွာသောဘက်မညီမှုကြီး"ကို ရက်စက်စွာ ဖန်တီးထားခဲ့ကြပေသည်။

ထို့အတူ ကိုးကွယ်ရာ ဘာသာတို့တွင်လည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပိတ်ဆို့တားဆီး၍ သွေးခွဲရေးကိုသာ နစ်နာစွာ အခြေခံခဲ့ပေသည်။

ဤသို့သော လူမျိုးရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေးကွဲပြားခြားနားမှုကြီးများပေါ်တွင် အခြေခံ၍ ဗမာလူမျိုးစု၏ ခေါင်းဆောင်မှုဖြင့် နယ်ချဲ့ကို ဦးတည်တိုက်ခိုက်ကြရင်း ဗမာပြည်သည် နိုင်ငံရေးအချုပ်အချာအာဏာကို ပြန်လည်စိုက်ထူလာနိုင်ခဲ့ကြပေသည်။

ထိုသည်နှင့်တပြိုင်နက် လွတ်လပ်သောမြန်မာပြည်ကို မည်ကဲ့သို့စုစည်းအုပ်ချုပ်ကြမည်နည်းဟူသော ပြဿနာကြီးသည် ဘွားဘွားကြီး ပေါ်ခဲ့ပေသည်။ တချိန်တည်းတွင်လည်း နယ်ချဲ့သမားများသည် စုစည်းလို့ မရအောင် ကြီးစွာသွေးခွဲလှုံ့ဆော်ထားကြပေမည်။ ဤလိုအခြေတွင် ရာဇဝင်တလျှောက်ရှိခဲ့ဖြစ်ခဲ့သော လူမျိုးရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးအရ ကွဲပြားခြားနားမှုလူမျိုးကိုယ်စီ ဒေသခြားနားမှုနှင့်ဘဝသီးခြားရပ်တည်မှုများကို တဖက်က အလေးအနက်အသိအမှတ်ပြု၍ တဖက်ကလည်း လူမျိုးပေါင်းစုံ စုစည်းညီညွတ်သောနိုင်ငံတော် ထူထောင်ရေးကိုလည်း အလေးပြုရန်ဖြစ်ပေသည်။ တနည်းအားဖြင့် လူမျိုးစုများအားလုံးကို ဘဝကိုယ်စီရပ်တည်မှုနှင့်ခွဲလည်းခွဲထား တွဲလည်းတွဲထား(ဝါ)ပေါင်းလည်း ပေါင်းကြ၊ ညီလည်းညီညွတ်ကြရန်အတွက် ရာဇဝင်အရ မြန်မာပြည်မကို ဗဟိုခေါင်းဆောင်မှုနှင့်ညီညွတ်ရေးစုစည်းချက်အဖြစ် (Centre of Leadership and Unity) အခြေခံ၍ အညီအညွတ် ရေးဆွဲပြဋ္ဌာန်းခဲ့ကြခြင်း ဖြစ်ပေသည်။ လူမျိုးပေါင်းစုံ ခေါင်းဆောင်ကြီးများ၏ ရာဇဝင်တွင် တွင်ရစ်ခဲ့သော မြော်မြင်ချက်ကြီးတခုဟု ဆိုထိုက်ပေသည်။

အကယ်၍သာ "ပြည်ထောင်စုစစ်စစ်"ဆိုသောမူဖြင့် လူမျိုးစုတိုင်းသီးခြားအချုပ်အချာအာဏာရပြည်နယ်များအဖြစ် ထူထောင်ပေးပြီး ကွန်ဖီဒရေးရှင်းခေါ် "ပြည်နယ်ပေါင်းချုပ်" နိုင်ငံအဖြစ် ထူထောင်ခဲ့ရမည်ဆိုလျှင် အချို့သောလူမျိုးစုများအတွက် ပြည်နယ်ဘဝလူမျိုးစုတရပ်ဘသို့ပင် ကူးပြောင်းနေရသေးဆဲကာလမျိုးတွင် မည်သည့်နည်းနှင့်မှ လက်တွေ့မဖြစ်နိုင်ဘဲ နယ်ချဲ့ထောင်ချောက်အတွင်းသို့ မိုက်မဲစွာ ခုန်ဆင်းကြရသကဲ့သို့သာ ဖြစ်ပေလိမ့်မည်။

ဤကား ၁၉၄၈–ခု၊ ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပေါ်ပေါက်အခြေခံမှု၏ နောက်ကြောင်းရာဇဝင်နှင့်ရုပ်ဝတ္ထုသက်သေများ ဖြစ်ပေသတည်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့ကြရာ၌ အောက်ပါလူမျိုးစုများ–ပြည်နယ်

E-book is created by *shanyoma*

ဒေသများပါဝင်ခဲ့ပါသည်။ ၎င်းတို့၏ အခြင်းအရာကို သိရှိနိုင်ရန် အကျဉ်းချုပ် ဖော်ပြချက်ဇယား တချပ်ကို ကပ်၍ ထည့်လိုက်ပါသည်။

| | အမည် | အကျယ်အဝန်း | လူဦးရေ | ရေမြေသဘာဝနှင့်အဓိကသယံဇာတပစ္စည်းများ |
|---|---|---|---|---|
| ၁ | ရှမ်းပြည် | (၁)စော်ဘွားနယ် ပေါင်း(၁၇) (၂)မြို့စားနယ် ပေါင်း(၁၁) (၃) ငွေခွန်မှူး နယ်(၄) | ၁,၄၈၃,၀၂၇ | ငွေတွင်း–ခဲတွင်းများနှင့်သစ်တောများ |
| ၂ | ကရင်ပြည်နယ် | စတုရန်းမိုင်ပေါင်း ၁၁၆၀၀၊ ရွာပေါင်း ၄၆၄–ရွာပါဝင်သည် | ၅၇၇၅၆၃ | အဖိုးတန်ကျွန်းသစ်နှင့်သစ်ရိုင်းတောကြီးများ သံရိုင်း–ခဲ–ထုံးကျောက်နှင့်ရေပူစမ်းများ။ |
| ၃ | ကချင်ပြည်နယ် | စတုရန်းမိုင်ပေါင်း ၁၅၀၀၀ | ၄၉၀၇၉၆ | အဖိုးတန်တိရစ္ဆာန်များ–ပတ္တမြားတွင်း၊ ကျောက်ကျောက်စိမ်းတွင်း၊ ပယင်းတွဲနှင့်ရွှေတွင်းများ။ |
| ၄ | ကယားပြည်နယ် | (၅၀၁၀)စတုရန်းမိုင် ပေါင်း | ၇၁၇၈၆ | အဖိုးတန်ကျွန်းသစ်၊ သစ်မာတောကြီးများနှင့်ရှား–ချိပ်–စသောသစ်တောထွက်ပစ္စည်းများ၊ အမြိုက်သံ–ခဲမဖြူ–ခနောက်စိမ်းနှင့်ကျောက်မီးသွေးများ ရေတံခွန်းများ။ |
| ၅ | ချင်းဝိသေသတိုင်း | အရှေ့မကွေးတိုင်း၊ တောင်ဘက်ရခိုင်တိုင်း နှင့်အနောက်ဘက် အာသံပြည်နယ်ကြားရှိ တောင်တန်းဒေသများ | လူဦးရေတသိန်းခန့် | ကန့်ကူကျောက်–သဲကျောက်ထုံးကျောက်–ကျောက်သင်ပုန်းကျောက်နှင့်ကျောက်မီးသွေးနှင့်အဖိုးတန်တိရစ္ဆာန်အမျိုးမျိုး။ |

မှတ်ချက်။ ။ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ရေးအတွက် လျော်ကြေးငွေပေါင်း ၂၅၈၆၀၂၉–ကျပ် ပေးရန် သဘောတူခဲ့ပြီးဖြစ်သည်။

လွတ်လပ်ရေးကြေငြာပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံအား ငြိမ်းချမ်းသောညီညွတ်သော ဒီမိုကရေစီပြည့်ဝသော အမျိုးသားစီးပွားထူထောင်နိုင်သော နိုင်ငံတနိုင်ငံအဖြစ်ဖြင့်သာ ထူထောင်နိုင်ခဲ့ပါအံ့၊ အရှေ့ကမ္ဘာတွင် မုချချမ်းသာဝပြော နိုင်ငံကြီးတနိုင်ဖြစ်လာရမည်မှာ တတ်အပ်မလွဲနိုင်ပေ။

သို့သော် ယခုအခါ နယ်ချဲ့ပယောဂဖြင့် သွေးချောင်းစီးနေသောနိုင်ငံတနိုင်ငံဖြစ်နေရုံသာမက ပြည်ထောင်စုကြီး ပြိုကွဲစေအံ့သောလူမျိုးပေါင်းစုံ မကျေနပ်မှုကြီးပါ ဖြစ်ပွား၍နေပေပြီ။ ဤသို့ ဘာကြောင့် ဖြစ်ခဲ့ရသည် ဘယ်လိုဖြေရှင်းသင့်သည်များကိုမူကား၊ ပထစခေတ်နောက်ဆုံးညတွင် ပြောကြားခဲ့သော ကျွန်တော်တို့၏ မိန့်ခွန်းတွင် ဖတ်ရှုကြားနားနိုင်ပါသည်။

E-book is created by *shanyoma*

ဤမိန့်ခွန်းကို "ရှမ်းမူနဲ့ပြည်ထောင်စုနောင်ရေး"ဟု အမည်တပ်ထားရာ ရှမ်းခေါင်းဆောင်အချို့၏ပြည်ထောင်စုစစ်စစ်မူကို ရှမ်းမူဟု ခေါ်တွင်ခဲ့သည့်အတိုင်းသာ အမည်တပ်ထားခြင်းဖြစ်ပါသည်။ ရှမ်းတမျိုးသားလုံးကို တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ရှမ်းတမျိုးသားလုံးကို တင်စား၍ ခေါ်ဝေါ်ခြင်းမဟုတ်ပါကြောင်း ရှင်းလင်းတောင်းပန်အပ်ပါသည်။

ဤလူမျိုးစုပြဿနာများကို နိုင်ငံတော်တော်လှန်ရေးကောင်စီခေတ်တွင် မည်သို့ဖြေရှင်းသင့်ပါသနည်း။

၁၉၆၂–ခု၊ မတ်လ ၄–ရက်နေ့က နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီး နေဝင်းနှင့်သုံးပါတီခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြစဉ်က အမှတ်တရမေးခွန်း(၅)ခု၊ ကျွန်တော်မေးခဲ့ပါသည်။ ၎င်းအနက်တခုသော 'မေးခွန်းမှာ လူမျိုးစုပြဿနာ ဖြေရှင်းရေးတွင် ညှိနှိုင်းဆွေးနွေးသည့်နိုင်ငံရေးနည်းနှင့်အကြမ်းဖက်ဖြေရှင်းသည့်စစ်ရေးနည်း"ဟူ၍ နည်း ၂နည်းရှိရာ မည်သည့်နည်းကို အဓိကနည်းအဖြစ်ကျင့်သုံးရန် ရည်ရွယ်ပါသနည်းဟု မေးမြန်းရာ ဗိုလ်ချုပ်ကြီးနေဝင်းက ပဌမနည်းကို အဓိကထား၍ သုံးပါမည်။ နယ်ချဲ့သမားနှင့်လက်တွေ့ပူးပေါင်းဖြိုခွဲသူများကိုသာ မတတ်သာသည်အဆုံးတွင်မှ စစ်ရေးနည်းကို သုံးရပါမည်ဟု ပြောကြားခဲ့ပါသည်။ ဤသဘောထားအတိုင်း ဆက်လက်ကျင့်သုံးနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။

သို့သော် ထိုသဘောထားကို မြန်မာပြည်လူမှုတော်လှန်ရေး၏ အခြေခံလမ်းစဉ်နှင့်ကိုက်ညီစွာ စပ်ဟပ်ကျင့်သုံးဖို့ လွန်စွာ အရေးကြီးပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးနှင့်လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို ချီတက်ထူထောင်ရာတွင် မလုပ်မဖြစ်သော အခြေခံလုပ်ငန်းကြီး ၃–ရပ်သည် ရှိပေသည်။ ၎င်းတို့မှာ–

(၁) ပြည်ထောင်စုအတွင်းရှိ နယ်ချဲ့ပဒေသရာဇ်အခြေခံစခန်းများကို ဖျက်သိမ်းရေး၊ အမျိုးသားဒီမိုကရေစီအခြေခံစခန်းသစ်များ ထူထောင်ရေး။

(၂) ပြည်ထောင်စုအတွင်း လူမျိုးစုတိုင်း လုံးဝကိုယ်ပိုင်ပြဌာန်းခွင့်များ ရရှိစေရေးနှင့်

(၃) အလုပ်သမား လယ်သမားတို့၏နိုင်ငံရေးအာဏာပိုင်ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးသို့ ပြတ်ပြတ်သားသား ဦးတည်ချီတက်ရေးဟူ၍ ဖြစ်ပါသည်။

အကယ်၍ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သောနိုင်ငံတော် တော်လှန်ရေးကောင်စီသည် အထက်ပါ အခြေခံလုပ်ငန်းကြီး(၃)ရပ်ကို အလုပ်သမားလယ်သမား ပြည်သူများနှင့်အတူ လိုက်လှဲစွဲ ပူးပေါင်းဆောင်ရွက်သွားပါက 'တချက်ခုတ် ၃–ချက်ပြတ်ဆိုသကဲ့သို့ သောင်မတင် ရေမကျ ပြဿနာအဝဝတို့ကို ကျနပိုင်နိုင်စွာ ဖြေရှင်းသွားနိုင်မည်ဖြစ်ပေသည်။

ထိုသို့မဟုတ်ပါဘဲ လွန်ခဲ့သော ၁၄–နှစ်က အစိုးရများကဲ့သို့ ကြွေးကြော်တော့ 'ဆိုရှယ်လစ်နိုင်ငံထူထောင်ရေး' လက်တွေ့က တကယ်လုပ်တော့ တဖက်က လူမျိုးကြီးဝါဒ အခြေခံပြီး တဖက်က နယ်ချဲ့အားကိုးနဲ့ အရင်းရှင်စံနစ် ဘောင်အတွင်းမှာပင် ပြုပြင်ရေးနည်းကို ကျင့်သုံး

E-book is created by shanyoma

ရေးဆိုပါလျှင် ကမ္ဘာ့တော်လှန်ရေးလမ်းကြောင်း၊ ဗမာ့တော်လှန်ရေးလမ်းကြောင်းနှင့်မုချဆန့် ကျင်နေပါသဖြင့် အတိတ်ခေတ်ကကဲ့သို့ ပဋိပက္ခမှုပေါင်းများစွာ ပျက်ပြားမှုပေါင်းများစွာနှင့် ရင် ဆိုင်ရလေဦးမည်သာဖြစ်ကြောင်း။ စေတနာကောင်းနှင့်အမှာစကား ရေးသားလိုက်ရပေသတည်း။

နေ့စွဲ–၁၀–၃–၆၂

သခင်ချစ်မောင်(သာယာဝတီ)
ရွှေတောင်ကြား
ရန်ကုန်မြို့။

E-book is created by *shanyoma*

# ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး
# တပ်ပေါင်းစုဌာနချုပ်
# အမှတ်–၁၅၀ (တတိယထပ်) လှည်းတန်းလမ်း၊ ရန်ကုန်မြို့။

နေ့စွဲ ၁–၃–၆၂

အကြောင်းအရာ။ ။၁၉၆၂–ခု၊ ဖေဖော်ဝါရီလ ၂၄–ရက်နေ့တွင် ကျင်းပသည့်ပြည်ထောင်စုမြန်မာနိုင်ငံလူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲတွင် ပ–မ–ည–တကိုယ်စားလှယ်၏ ၁–၃–၆၂–ခု၊ နေ့၌ ပြောကြားသောမိန့်ခွန်း–

လေးစားအပ်ပါသောသဘာပတိကြီးခင်ဗျား–

လေးစားအပ်ပါသော ပြည်ထောင်စုလူမျိုးပေါင်းစုံ ညီတော်နောင်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား–

ပြည်ထောင်စုပိသုကာအမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း တည်ဆောက်ခဲ့တဲ့ လူမျိုးပေါင်းစုံချစ်ကြည်သွေးစည်းရေးဗိမာန်ကြီးဟာ ကျွန်တော်တို့ရဲ့လက်ထက်မှာ အတော်ဘဲ ယိုင်နဲ့လျက်ရှိနေပါပြီ။ လူသားတို့ရဲ့ခေတ်တခေတ်ဆိုတဲ့နှစ်ပေါင်းနှစ်ဆယ်၊ အစိတ်မျှပင် ဆက်လက်မထိန်းသိမ်းနိုင်တဲ့အတွက် မိဘအမွေကို မရှိသေတတ်တဲ့သားဆိုးသမီးဆိုးများအဖြစ်နဲ့ ကျွန်တော်တို့အားလုံး ရာဇဝင်မှာ တာဝန်မကင်းဖြစ်နေကြရပါပြီ။ ထိုတာဝန်ကို အချိန်မီပြန်လည်ထမ်းဆောင်နိုင်ကြရန်အတွက် ယခုလိုလူမျိုးပေါင်းစုံ နှီးနှောဖလှယ်ပွဲကြီးကို ကြီးစွာသောနောင်တ။ နက်နဲသောမိသားစုစိတ်ဓါတ်နဲ့ကျင်းပရခြင်း ဖြစ်တယ်လို့ ကျွန်တော်တို့ လှိုက်လှဲစွာ ခံယူပါတယ်။

ကျွန်တော်တို့အားလုံးဟာ တစိမ်းတရံစာလူတွေမဟုတ်တဲ့အတွက် ကျွန်တော်တို့ရဲ့ပြဿနာကို ကျွန်တော်တို့ ရင်းရင်းနှီးနှီးပွင့်ပွင့်လင်းလင်းဘဲ ဝေဖန်ဆွေးနွေးပါရစေ၊ အမှားများရှိရင်လဲ နက်နက်နဲနဲဘဲ ဝန်ခံပါရစေ၊ တယောက်ရဲ့ချို့ယွင်းချက်ကို တယောက်က မိသားစုစိတ်ဓါတ်နဲ့ ဖေါ်ထုတ်ဖွင့်ဟနိုင်ပါစေ၊ ပြုပြင်နိုင်ပါစေလို့ ကျွန်တော်အထူးဘဲ ကြိုတင်တောင်းပန်အပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုအတွင်းမှာရှိတဲ့လူမျိုးစုများအားလုံးဟာ အတော်ဘဲ မကျေမနပ်ဖြစ်ပြီး လှုပ်ရှားထကြွလျက် ရှိနေကြပါတယ်။ ဗမာကလဲ ဗမာလို မကျေမနပ်ဖြစ်ပြီး၊ ကရင်ကလဲ ကရင်နည်းတူ မပြေမလည်နဲ့ ရှမ်းကလဲ ရှမ်းလို ကြိတ်မနိုင် ခဲမရဖြစ်ပြီး ထို့အတူ အခြားလူမျိုးစုအသီးသီးတို့ကလဲ ကိုယ့်ဘဝနဲ့ကိုယ့်ဆန္ဒ မပြည့်နိုင်ဖြစ်နေကြရပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်လာကြရသလဲဆိုတာကို နက်နက်နဲနဲ ပြန်လည်စစ်ဆေးဖို့ရန်ဟာ **ပဌမပြဿနာကြီး**ဖြစ်သင့်တယ်လို့ ယူဆပါတယ်။ ပြည်ထောင်စုစစ်စစ်မူဖွဲ့စည်းရေးဆိုတာလဲ အရင်းစစ် အမြစ်မြေက ဆိုသလို ဒီအထွေထွေမကျေနပ်မှုကြီးကဘဲ အကြောင်းခံပေါက်ပွားလာတယ်လို့ ယူဆပါတယ်။ ဒီပြဿနာကြီးဟာ ဥပဒေကြောင်း ရှာဖွေရုံမျှ ဖွဲ့စည်းပုံဖွဲ့စည်းနည်းဆိုတဲ့ပုံစံမှားလို့ဆိုရုံမျှနဲ့ ဘယ်

E-book is created by *shanyoma*

နည်းနဲ့မှ ပြည့်ဝတဲ့စစ်ဆေးချက် မဖြစ်နိုင်ပါဘူး။ ဒီတော့ ပြည့်ဝတဲ့စစ်ဆေးချက် ရရှိအောင် ကျွန်တော်တို့ရဲ့ဘဝမှာ တကယ်တွေ့ထိခံစားလာရတဲ့အဖြစ်မှန်ဘဝမှန် ရာဇဝင်ကြောင်းအရသာ တထစ်ပြီးတထစ် စစ်ဆေးသင့်ကြတယ်လို့ ယူဆပါတယ်။

ကျွန်တော်တို့ ပ–မ–ည–တရဲ့ အဆင့်ဆင့်သော စစ်ဆေးချက်များကို ဒီလိုတင်ပြပါရစေ။

(၁) ကျွန်တော်တို့ အချင်းချင်း မကျေမနပ်မှု မယုံကြည်မှုအခြေခံများဟာ မနေ့တနေ့ကမှစပြီး ဖြစ်လာတဲ့ကိစ္စ မဟုတ်ပါဘူး။ ရှေးပဒေသရာဇ်ခေတ် နယ်ချဲ့ခေတ်များမှစပြီး နှစ်ပေါင်းများစွာ စုပုံလာခဲ့ကြတဲ့ အမွေဆိုး အနှစ်ဆိုးကြီးများဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့လူမျိုးစုတွေ၊ ပြည်သူအချင်းချင်းတွေ၊ စပ်ဟပ်လို့မရအောင် သွေးခွဲခဲ့မှုတွေ၊ ရန်သူလို မုန်းတီးမှုကြီးတွေ ဖြစ်အောင် ထိုးနှက်ဖျက်ဆီးခဲ့ကြသူတွေဟာ ခေတ်သစ်ခေတ်ဟောင်း ပဒေသရာဇ်တွေ၊ နယ်ချဲ့တွေရဲ့ရာဇဝင်တလျှောက် လုပ်ကြံခဲ့ကြတဲ့လက်ချက်ကြီးတွေသာ ဖြစ်တယ်ဆိုတာ ပဌမဆုံး နစ်နစ်နာနာကြီး ကောက်ချက်ချထားဖို့ အလွန်အရေးကြီးပါတယ်။ ဒါလောက်ကြီးကျယ်တဲ့ဟုတ်တိုင်းမှန်ရာ ရာဇဝင်ဖြစ်ရပ်ကြီးကို မေ့ပျောက်နေကြပြီး အချင်းချင်းကိုဘဲ ရန်သူလို ထင်မှားပြီး စွပ်စွဲချေပနေကြမယ်ဆိုရင် ပြဿနာဟာ ဘယ်တော့မှ မပြေလည်နိုင်ပါဘူး။ ဗမာကြောင့်ဘဲ ကရင်ကြောင့်ဘဲ ရှမ်းကြောင့်ဘဲဆိုပြီး မိတ်ဆွေဘောင်အတွင်းမှာဘဲ လှည့်ရှာပြီး၊ အချင်းချင်းကို ရန်သူထင်မှားနေသမျှ နောက်ဆုံး ရန်သူ့အကြိုက် ပြည်ထောင်စုကြီး ပြိုကွဲရေးမှာဘဲ နိဂုံးချုပ်ကြရပါလိမ့်မယ်။ ကျွန်တော်တို့ရဲ့လူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးရေးပြဿနာကို ဒါလောက်ကြီးမားတဲ့ရာဇဝင်ထုထည်အခြေခံပေါ်မှာ မရှာဖွေဘဲ တနည်းအားဖြင့် ရန်သူမှန်းသိသိ အခြေခံပေါ်မှာ အဖြေမှန် မရှာဖွေဘဲ မိတ်ဆွေကို ရန်သူလုပ်ပြီး အဖြေရှာရင် ကျွန်တော်တို့ ဒီကနေ့ ခံစားနေကြရပြီဖြစ်တဲ့ ဒုက္ခမျိုးထဲ ကြီးကျယ်ပြင်းထန်တဲ့ဒုက္ခမျိုးတွေကို ဆက်လက်ခံစားကြရအုံးမယ်ဆိုတာ အတိအလင်းဘဲ တင်ပြပါရစေ။

(၂) ပြည်ထောင်စုပိသုကာကြီးဗိုလ်ချုပ်အောင်ဆန်းဟာ လူမျိုးပေါင်းစုံ ချစ်ကြည်သွေးစည်းရေးကို ကျွန်ခေတ်မှာ နယ်ချဲ့ကို ရန်သူထားပြီး ရှာဖွေတည်ဆောက်ခဲ့ပါတယ်။ ဂျပန်ဖက်ဆစ်တို့ခေတ်မှာ ဖက်ဆစ်ဝါဒကို ရန်သူထားပြီး တည်ဆောက်ခဲ့ပါတယ်။ စစ်ကြီးပြီးနောက် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီးမှာ ဗြိတိသျှနယ်ချဲ့သမားကို ရန်သူထားပြီး အပြင်းအထန် ကြိုးပမ်းတည်ဆောက်ခဲ့ပါတယ်။ ရန်သူကို ရန်သူလို အခြေခံပြီး အဖြေမှန်ရှာဖွေခဲ့ကြခြင်းရဲ့အောင်ပွဲအထွဋ်အထိပ်ဟာ ၁၉၄၇–ခု၊ ဖေဖေါ်ဝါရီလ ၁၂–ရက်နေ့မှာ ချုပ်ဆိုခဲ့ကြတဲ့ **ရာဇဝင်ကျော် ပင်လုံစာချုပ်ကြီးဘဲ ဖြစ်ပါတယ်။** ရန်သူမှန်းသိတဲ့အချိန်မှာ အဖြေမှန်ထွက်တယ်ဆိုတဲ့ရာဇဝင်သခင်္ဂြားစာကြီးတရပ်ပါဘဲ။ ဒါကြောင့်လဲ ဗိုလ်ချုပ်အောင်ဆန်းအပေါ်မှာ ဒင်းတို့ကြီးစွာ မကျေမနပ်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။ ရန်သူကို ရန်သူလို သိတဲ့ယနေ့ နိုင်ငံတကာမှာရှိတဲ့ အမျိုးသားခေါင်းဆောင်ကြီးတွေကို နယ်ချဲ့သမားများဟာ ခဏခဏလုပ်ကြံသတ်ဖြတ်နေကြသကဲ့သို့ နယ်ချဲ့သမားနှင့်နယ်ချဲ့လက်

E-book is created by *shanyoma*

ပါးစေများဟာလဲ လူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့တဲ့ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများကို ဦးဦးဖျားဖျား လုပ်ကြံသတ်ဖြတ်ခဲ့ကြခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့သွေးနဲ့ တည်ဆောက်ခဲ့တဲ့လူမျိုးပေါင်းစု သွေးစည်းညီညွတ်ရေးဟာ အမျိုးသားလွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းရရှိသည်အထိ တောင့်ခံနိုင်ခဲ့ပါတယ်။ သို့သော်လဲ ဗြိတိသျှနယ်ချဲ့သမားဟာ လုံးဝမကျေနပ်ခဲ့ပါဘူး။ အမျိုးသားညီညွတ်ရေးကို နည်းမျိုးစုံနဲ့ဆက်လက်ဖြိုခွဲလျက်ပင်နေခဲ့ပါတယ်။ လေဘာအစိုးရက ဗမာပြည်လွတ်လပ်ရေး ဥပဒေကြမ်းကို ဘီးလပ်ပါလီမန်မှာ တင်စဉ်က ကမ္ဘာ့နယ်ချဲ့ခေါင်းဆောင်ကြီး ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဆာဝင်စတန်ချာချီက **ဗမာပြည်ကို လွတ်လပ်ရေးပေးခြင်းဟာ ဗမာပြည်သူပြည်သားများအား သွေးချောင်းစီးစေခြင်းဘဲဖြစ်လိမ့်မယ်**လို့ အတိအလင်းဘဲ နိမိတ်ဖတ်ကြိမ်းဝါးခဲ့တာကို ယခုတိုင် ကြားယောင်နေကြပါလိမ့်ဦးမယ်။ အဲဒါလို ချာချီဟာ ကြိမ်းဝါးပြီး သူရဲ့တူးလောက်တို့ ကမ်းဘဲတို့ဆိုတဲ့ သူလျှိုဒလန်တွေပြည်တွင်းလက်ပါးစေတွေကို မွေးထုတ်ပြီး ကြီးစွာသောပယောဂနဲ့လွတ်လပ်ရေးရပြီး ရက်ပေါင်း (၁၀၀)အတွင်းမှာဘဲ လူမျိုးပေါင်းစုံ လူတန်းစားပေါင်းစုံပါဝင်တဲ့ ပြည်တွင်းစစ်ပွဲကြီးကို ဖန်တီးခဲ့စေတာပါဘဲ။ ဗြိတိသျှနယ်ချဲ့သမားတို့ရဲ့စီမံကိန်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းတည်ဆောက်ခဲ့တဲ့ **လူမျိုးပေါင်းစုံသွေးစည်းညီညွတ်ပွဲဟာ လူမျိုးပေါင်းစုံ ခုတ်ထစ်သတ်ဖြတ်နေကြရတဲ့ပြည်တွင်းစစ်ပွဲကြီးအဖြစ်နဲ့** ဒီကနေ့တိုင်အောင် သွေးချောင်းစီးနေကြရခြင်း ဖြစ်ပါတယ်။

(၃) ကျွန်တော်တို့ဟာ အဲဒီအချိန်ကစပြီး ရန်သူပျောက်ခဲ့ကြပါပြီ၊ အချင်းချင်းကို ရန်သူထင်ခဲ့ကြပါပြီ၊ ရန်သူပျောက်လေ အချင်းချင်းရဲ့သွေးကို သောက်လို့ မဝနိုင်ကြလေဖြစ်ပြီး နောက်ဆုံးဇာတ်တူသားချင်း စစ်ခင်းသတ်ဖြတ် ဟသ်ာကိုးသောင်းဇာတ်ကို ခင်းနေကြရတဲ့ဘဝကို လုံးဝရောက်နေကြရပါပြီ။

(၄) အဲဒီလိုအချိန်မှာ အာဏာရ ဖ–ဆ–ပ–လပါတီအတွက် ရာဇဝင်မှာ တာဝန်အကြီးဆုံးအချိန်ပါဘဲ။ မင်းနဲ့ပြည်သူ အမိုက်ချင်းတူရမည်ဆိုတာ ဘယ်ရာဇဝင် ဘယ်ကျမ်းဂန်မှာမှ မရှိစကောင်းပါဘူး။ ပြည်သူတွေ မမိုက်၊ မင်းတွေသာ မိုက်ရိုးထုံးစံရှိပြီး၊ မင်းဆိုး–မင်းညစ်များဟူ၍သာ ရာဇဝင်မှာ ဒဏ်ခတ်ခဲ့ကြခြင်း ဖြစ်ပါတယ်။ တပည့်မကောင်း ဆရာခေါင်း၊ သားသမီးမကောင်း မိဘခေါင်း၊ တိုင်းပြည်မကောင်း အစိုးရခေါင်းဟူ၍သာ အဖုံဖုံသောနီတိကျမ်းများမှာ အဆိုပြုခဲ့ကြပါတယ်။ ခေတ်သစ်နိုင်ငံရေးကျမ်းဂန်များအရလဲ **ဒီမိုကရေစီအစိုးရတိုင်း တိုင်းပြည်ကို တာဝန်ခံရမည်။** ဆိုသည့်ကျင့်ထုံးအတိုင်း အစိုးရဟာ တာဝန်အရှိဆုံး ဖြစ်ရပါလိမ့်မယ်။ အဲဒီလို (၁၀)နှစ် (၁၀)မိုး တာဝန်အရှိဆုံး ဖ–ဆ–ပ–လအစိုးရအတွက် ပြည်တွင်းစစ် ဗလောင်ဆူနေတဲ့ကာလမှာ ရန်သူကို မိတ်ဆွေထင် မိတ်ဆွေကို ရန်သူထားပြီး တပါတီ အာဏာရှင်နည်းရော စစ်ဝါဒနည်းရော နည်းမျိုးစုံ **အထွေထွေဖိနှိပ်ရေးလုပ်ငန်းကြီးကို ခပ်ကြမ်းကြမ်းပင်** ဆောင်ရွက်ခဲ့ပါတယ်။

E-book is created by *shanyoma*

ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ ကြွေးကြော်သံကြီးနဲ့ ငါနဲ့မတူတဲ့လူတွေဆိုရင် ပြည်နယ်ပြည်မ မရွေးခဲ့ပါဘူး။ ဥပဒေတွင်း ပါလီမန်တွင်းက တရားဝင်လိုင်စင်ရ အတိုက်အခံကိုသော်မှ သက်သာခွင့်မပေးခဲ့ပါဘူး။ သေချင်စော်နံအောင် ခံခဲ့ကြရပါတယ်။ လေးလောင်းပြိုင်၊ ငါးလောင်းပြိုင် အသတ်ခံပွဲတွေနဲ့ ဦးအောင်သာတို့အပါအဝင် ပြည်နယ်ပြည်မမရွေး ပူဇော်ပသခဲ့ကြရပါတယ်။ ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ကျင်းပခဲ့ကြရတဲ့ရွေးကောက်ပွဲမှန်သမျှဟာလဲ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ပြည်နယ်ပြည်မမရွေး၊ သတ်ပွဲ၊ ဖြတ်ပွဲ၊ ဖမ်းပွဲ၊ ဆော်ပွဲ၊ မဲခိုးပွဲကြီးတွေအဖြစ်နဲ့သာ ဇာတ်သိမ်းခဲ့ကြရပါတယ်။ စီးပွားရေး လူမှုရေးတွေမှာလဲ ငါနဲ့မတူတဲ့ငါ့ရန်သူတွေကို ဘေးချိတ်ပြီး ငါနဲ့တူတဲ့ငါ့လူတွေကိုသာ ပြည်နယ်ပြည်မမရွေး **အခွင့်ထူးခံ လူတန်းစားတရပ်အဖြစ်နဲ့**ပြောင်ပြောင်ကြီး ဖန်တီးခဲ့ကြပါတယ်။ ဒါတွေဖြစ်လာတော့ သွေးခွဲရေး တစ္ဆေကြီးဟာလဲ မြိုင်မြိုင်ဆိုင်ဆိုင် သွက်သွက်လက်လက်ကြီး ဝင်ရောက်ကျက်စားလာပါတော့တယ်။ ဗမာ(၆)ကွဲ၊ ကရင်(၄)ကွဲ၊ ရှမ်း(၃)ကွဲ၊ ကချင်း–ချင်း(၂)ကွဲ၊ ရခိုင်(၅)ကွဲ၊ မွန်(၃)ကွဲ၊ ဟူ၍ အမျိုးမျိုးစုံအောင် သွေးခွဲခဲ့ကြပါတယ်။ အချို့ပြည်နယ်များမှာဆိုရင် ပဒေသရာဇ်အာဏာပိုင်တွေနဲ့ ပေါင်းပြီး ပြည်သူတွေကို အများကြီးနှိပ်စက်ညှဉ်းဆဲခဲ့ပါတယ်။

ဒါတွေကို ကျွန်တော်တင်ပြနေရတာဟာ အတိတ်ကို အညှိုးနဲ့ပြန်လည်တူးဖေါ်နေတာ မဟုတ်ပါဘူး။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုနဲ့ခေါင်းဆောင်ကြီးဦးကျော်ငြိမ်းတို့လဲ ပညာရှိပီပီ အနည်းနှင့်အများ ဝန်ခံပြောဆိုကြပြီးပါပြီ။ ကျွန်တော်တို့အားလုံး ရာဇဝင်သင်ခန်းစာအဖြစ်နဲ့သာ အလေးအနက်ခံယူနိုင်ကြဖို့ အလွန်သန့်ရှင်းတဲ့ဓမ္မဓိဋ္ဌာန်စေတနာနဲ့ ပြန်လည်တင်ပြနေခြင်းသာ ဖြစ်ပါတယ်။

(၅) အဲဒီအဆင့်အခြေထိ ရောက်လာတဲ့အခါမှာ လူမျိုးစုံသွေးစည်းညီညွတ်ရေးဟာ ပြိုကွဲသထက်ပြိုကွဲလာပြီး နွားကွဲတော့ ကျားကိုက်ဆိုတာလို အမေရိကန်နယ်ချဲ့သမား ကူမင်တန် ကျူးကျော်ရေးစစ်တပ်များဟာ ပြည်ထောင်စုအရှေ့ခြမ်းနှင့်အရှေ့မြောက်ပိုင်းဒေသအားလုံးလိုလိုကိုဘဲ လက်ရဲဇက်ရဲနဲ့ ကျူးကျော်သိမ်းပိုက်လာကြသည်အထိ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမေရိကန်နယ်ချဲ့တို့ရဲ့ဗမာပြည်ပေါ် ကျူးကျော်မှုကြီးဟာ ပြောင်ပြောင်ကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါပေမဲ့ လူမျိုးစုအချင်းချင်းတွေ ကွဲကွဲပြဲပြဲနဲ့ အားနည်းနေတဲ့ဘဝကြီးမို့ ကျွန်တော်တို့ ဖ–ဆ–ပ–လအစိုးရဟာ ရန်သူကို မိတ်ဆွေလုပ်ပြီး ဒီပြဿနာကို ဖြေရှင်းဖို့ အကူအညီတောင်းခဲ့ကြရပါတယ်။ အမျိုးအမည်မသိသော နိုင်ငံခြားတပ်တွေ ဗမာပြည် မြေပေါ်ရောက်နေပါတယ်လို့ အိမ်ပေါ်တက်လာတဲ့ သူခိုးကို သမက်လောင်းပါလို့ ပြောပြီး ကမ္ဘာ့ကုလသမဂ္ဂမှာ လိမ်ပြီးကြေငြာခဲ့ရပါတယ်။ အဲဒီအခါမှာ ဆိုလေကဲလေ မန်းလေပြဲလေဆိုတဲ့အတိုင်း အမေရိကန်နယ်ချဲ့သမားခေါင်းဆောင်တဲ့ဆီးတိုးစစ်အုပ်စုဟာ နောက်ဆုတ်မသွားဘဲ သာလို့ပင်ရောင့်တက်ပြီး အခုအခါ အားလုံးသိနေကြပြီးဖြစ်နေကြတဲ့အတိုင်း ဖုံးထားစရာ မလိုတော့ပါဘူး။ လက်နက်ကိုင်တိုက်ခိုက်နေကြတဲ့လူမျိုးစုများ

E-book is created by *shanyoma*

အတွင်းမှာဘဲ ဗမာအချို့၊ ကချင်အချို့၊ ရှမ်းအချို့၊ ကရင်အချို့နဲ့မွန်အချို့များအတွင်းမှာပင် ဘဲ တိတိလင်းလင်း ထိုးဖောက်စည်းရုံးလာကြပါတယ်။ ဗမာလူမျိုးကြီးဝါဒကို မကြောက်ဘူးလား ဗမာ့ကွန်မြူနစ်ဝါဒကြီးကို မကြောက်ဘူးလားနဲ့ တစ္ဆေအမျိုးမျိုးခြောက်ပြပြီး လက်နက်ငွေကြေး အဖုံဖုံနဲ့ ထိုးနှက်ပြီး နယ်ချဲ့တို့ရဲ့ **တန်ပြန်တော်လှန်ရေးအခြေခံစခန်း**တွေကို အခိုင်အမာချမှတ် လာကြပါပြီ။ နွားကွဲလေ ကျားဆွဲလေ ဖြစ်လာကုန်ပါပြီ။ ဒီအခြေအနေတွေကို ကျွန်တော်တို့မသိ ချင်ယောင်ဆောင်လို့ အားနာနေလို့ မဖြစ်တော့ဘူး။ အခြေအနေကို အလေးအနက် အသိအမှတ် ပြုပြီး ပြဿနာကို ရဲရဲကြီး ရင်ဆိုင်ဖြေရှင်းရပါလိမ့်မယ်။

(၆) ဒီလိုအခြေအနေဆိုးတွေကို ဆိုက်အောင် တဟုန်တည်း တွန်းပို့လာတာဟာ ပြည်ထောင်စု စစ်စစ် ဖွဲ့ခဲ့မိတာ မဖွဲ့ခဲ့မိတာဆိုတဲ့ "ပုံစံ" ပြဿနာဟာ အရင်းခံလား၊ ကမ္ဘာနဲ့ချီပြီး နိုင်ငံတကာ လျှောက်ဒုက္ခပေးနေတဲ့အမေရိကန်နယ်ချဲ့ဂိုဏ်းကြီးရဲ့ပယောဂနဲ့အုပ်စိုးသူတို့ရဲ့သဘောထားမှား လုပ်ဆောင်ချက်မှားဟာ အရင်းခံလားဆိုတာ သဘောပေါက်ရှင်းလောက်တန်ပါရက်နဲ့ ကျွန်တော် တို့ဟာ မရှင်းခဲ့ပါဘူး။ နယ်ချဲ့သမားတို့ရဲ့ဝင်ရောက်စွက်ဖက်မှုကြီးတွေနဲ့တကွ ဒီကနေ့တိုင်အောင် (၁၄)နှစ်လုံးလုံး လူတန်းစားပေါင်းစုံ လူမျိုးပေါင်းစုံ ပါဝင်သွေးချောင်းစီးနေကြရတဲ့ပြည်တွင်း စစ်ပွဲကြီးကို "ကွယ်ပျောက်ပစ်ပြီး အခြေခံဥပဒေစာအုပ်ထဲက "ပုံစံ" တခုတည်းကြောင့်သာလို့ ဇွတ်အငြင်းပွား" နေကြမယ်ဆိုရင် ဘယ်နည်းနဲ့မှ သဘာကျတဲ့ဓမ္မဓိဋ္ဌာန်ကျတဲ့စစ်ဆေးချက် မဖြစ် နိုင်ပါဘူး။ အဲဒီလို ဆိုခဲ့တဲ့အခြေအနေဆိုးများကသာ ဗမာလူမျိုးစုတစုလုံးကို ရှမ်းလူမျိုးစုတစု လုံးက ရန်သူထင်စေခဲ့တယ်။ ရှမ်းလူမျိုးစု ကရင်လူမျိုးစု ကချင်လူမျိုးစုတခုလုံးကိုလဲ ဗမာလူမျိုး စုက ရန်သူထင်စေခဲ့တယ်။ အဲဒီလိုနဲ့ လူမျိုးကြီးဝါဒ လူမျိုးငယ်ဝါဒတို့ရဲ့ပဋိပက္ခကို အလွန်ပြင်း ထန်စေခဲ့ပါတယ်။ သွေးကွဲသထက် ကွဲစေခဲ့ပါတယ်။

(၇) နောက်ဆုံး "ကရင်တကျပ်–ဗမာတကျပ်" "ရှမ်းတကျပ်–ဗမာတကျပ်" ဆိုတဲ့ကြွေးကြော်သံ တွေဟာ မိုးမွန်လာပြီး ကွဲအက်ရေး ခွဲထွက်ရေးအသံတွေဟာလဲ ဆူတက်လာခဲ့ပါတယ်။ နယ်ချဲ့ သမားများအတွက် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်လာပါတယ်။ နယ်ချဲ့အန္တရာယ်တွေ ပတ်ချာဝိုင်းနေတဲ့ဒီကနေ့ကမ္ဘာမှာ တိုင်းပြည်တိုင်း ပိုမိုသိပ်သည်းစွာ စုစည်းရေး ကြိုးစားနေရတဲ့ ကာလမှာ ဗမာပြည်ထောင်စုက ကွဲအက်ရေး ခွဲထွက်ရေးအသံတွေဟာ နယ်ချဲ့တို့အတွက် ဘင်သံ ခရာသံများအဖြစ်နဲ့ကြိုဆိုသကဲ့သို့ဖြစ်စေခဲ့ပါတယ်။ အချို့သော လက်ဝဲအယူသီးသမားတွေကလဲ ကွဲအက်ရေး ခွဲထွက်ရေးတရားတွေနဲ့ မီးလောင်လေပင့်လုပ်နေကြတယ်။ ဒီလိုဖြစ်ရတဲ့အတွက် ဗမာလူမျိုးစုကြီးနဲ့ ဗမာပြည်အစိုးရအတွက် တာဝန်မကင်းဖြစ်ရလေခြင်းလို့ ကျွန်တော်တို့များစွာ ယူကျုံးမရဖြစ်ရပါတယ်။ ရိုးသားလှတဲ့ညီနောင်လူမျိုးစုများအတွက် ကျွန်တော်တို့များစွာ စိတ် ထိခိုက်မိပါတယ်။ ပြည်ထောင်စုကြီးရယ်လို့ ဖွဲ့ပြီးနောက် ၎င်းတို့အကျိုးစီးပွားအတွက် ရာဇဝင်

E-book is created by *shanyoma*

မှာ ပြောပလောက်အောင် ဘာတခုမှ ဆောင်ရွက်မပေးရသေးမီ စိတ်ဝမ်းအကွဲကြီးကွဲကြရလေခြင်းလို့ များစွာ အသဲနာမိပါတယ်။ တနည်းအားဖြင့် ရန်သူက လက်ဦးလေခြင်းလို့ ကျွန်တော်တို့ရဲ့ညံ့ဖျင်းပုံဘဝကို များစွာဒေါသဖြစ်မိပါတယ်။

(၈) အခုတော့ဖြင့် ပြည်ထောင်စုစစ်စစ် မူဖွဲ့စည်းရေးဆိုတာ ပေါ်ပေါက်လာပါပြီ။ ဒီပြဿနာဟာ အခုမှ မိုးပေါ်က ကျလာတဲ့ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တို့ ရှည်လျားစွာ တင်ပြခဲ့တဲ့ရာဇဝင်သမိုင်းကြီးရဲ့ဖြစ်စဉ်အတွင်းမှ ပေါ်ထွက်လာတဲ့**“နောက်ဆုံးရေပွက်တခု”**မျှသာဖြစ်ပါတယ်။ ဒီပြဿနာမှာ မျက်နှာ(၂)ဘက်ရှိပါတယ်။ တဘက်က ဒီလိုဖြစ်ခဲ့ရတာတွေ အကုန်လုံးဟာ ပြည်ထောင်စုစစ်မဖွဲ့ခဲ့မိလို့ဆိုတဲ့ရိုးသားတဲ့လူမျိုးစုများရဲ့“ပုံစံ”အပေါ်မှာ ကောက်ချက်ချတဲ့**ပြည်သူ့မျက်နှာ**နဲ့ လက်ဝှယ်သန်းခေါင် မိုးမှောင်တောအုပ်ဆိုတဲ့ကာလဆိုးကြီးထဲမှာ ပြည်ထောင်စုစစ်စစ်ဖွဲ့ရန် တောင်းဆိုစေပြီး မရရင် ခွဲထွက်ခဲ့ကြဆိုတဲ့ **နယ်ချဲ့မျက်နှာ**ရယ်လို့ ကျွန်တော်တို့ ဒီလိုမျက်နှာ(၂)ဘက်ကို တချိန်ထဲမှာ ထင်ထင်ရှားရှား စစ်ဆေးတွေ့ရှိနေရပါတယ်။

(၉) ဒါကြောင့် ဒီပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေးဆိုတဲ့တောင်းဆိုချက်ကို ပြည်သူ့မျက်နှာဘက်ရိုးသားသော လူမျိုးစုများရဲ့မျက်နှာဘက်က ပုံစံပြဿနာအဖြစ်နဲ့ တင်ပြတာကို ကျွန်တော်တို့တွေဟာ ညီအကိုရင်းခြာ မိသားစုစိတ်ဓါတ်နဲ့ စိတ်ရှည်ရှည် ဇွဲကောင်းကောင်းနဲ့ ယုံယုံကြည်ကြည်ဖြေရှင်းညှိနှိုင်းကြရန် လိုပါလိမ့်မယ်။ သို့သော်လဲ တဖက်က နယ်ချဲ့မျက်နှာဖြစ်တဲ့ပြည်ထောင်စုပြိုကွဲရေး ပြဿနာကိုတော့ ပြတ်ပြတ်သားသားဘဲ ရင်ဆိုင်ခုခံကြရလိမ့်မယ်လို့ ကျွန်တော်တို့ယူဆကြပါတယ်။

သဘာပတိကြီးခင်ဗျား – ကျွန်တော်တို့ ညီအကို လူမျိုးစုများအတွင်း၊ အထွေထွေမကျေနပ်မှုကြီးဟာ နောက်ဆုံးပြည်ထောင်စုစစ်စစ်ဖွဲ့စည်းရေးမူ တင်ပြတောင်းဆိုလာကြသည်အထိ ဘယ်လိုအတိတ် ပစ္စုပ္ပန်ဖြစ်စဉ်များအတွင်းမှ ပေါ်ပေါက်လာသည်ကို ရန်သူမိတ်ဆွေ ခွဲပြီး ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ ယခု **ဒုတိယအချက်အဖြစ်နဲ့** ခုလို အခြေအနေမျိုးမှာ ရှမ်းမူခေါ်ခေါ် သို့မဟုတ် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ချုပ်မှ တင်ပြတဲ့မူခေါ်ခေါ် ပြည်မရဲ့ခေါင်းဆောင်မှုကို အခြေခံပြီး ပြည်ထောင်စုဖွဲ့စည်းရေးမူကို ပယ်ဖျက်ပြီး ကွန်ဖက်ဒရေးရှင်းဆန်တဲ့ ပြည်ထောင်စုစစ်စစ်မူကို ဖွဲ့စည်းခဲ့ပါလျှင် ပြည်ထောင်စု မမြောက်သော်လဲ ကာယကံမြောက်အားဖြင့် ပြည်ထောင်စုပြိုကွဲရေးသာ ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော်တို့က လုံလောက်တဲ့အကြောင်းပြချက်များကို ညှိနှိုင်းပါရစေ။

(၁) “**တန်းတူ၍ညီမျှမှု အခြေခံနဲ့ပြည်နယ်များအား ပေါင်းစည်းဖွဲ့စည်းထားခြင်းကို ပြည်ထောင်စုဟူ၍ ခေါ်ပါသည်**” အဲဒီစာကြောင်းဟာ နိုင်ငံရေးသိပ္ပံပညာကျမ်းတိုင်းမှာ ပါလေ့ရှိတဲ့ယေဘုယျ

E-book is created by *shanyoma*

အဓိပ္ပါယ်ဖေါ်ပြချက် ဖြစ်ပါတယ်။ သို့သော် အဲဒီသဘောတရားကို လက်တွေ့အကောင်အထည် ဖေါ်ဖို့ကျတဲ့အခါမှာ ကမ္ဘာပေါ်မှာ ယနေ့ရှိကြတဲ့ပြည်ထောင်စုနိုင်ငံတိုင်းဟာ (ဆိုဗီယက်၊ အမေရိကန်၊ ဆွိဇာလန်၊ ကနေဒါ၊ ဩစတြေလီးယား၊ တောင်အာဖရိကစသည်ဖြင့်) မိမိတို့ရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခြေအနေများအရသာ ပုံစံအမျိုးမျိုး နည်းအမျိုးမျိုး ရာဇဝင်ဖြစ်စဉ် အမျိုးမျိုးနဲ့ ချဉ်းကပ်အကောင်အထည်ဖေါ်လေ့ရှိကြပါတယ်။ ပြည်ထောင်စုတိုင်းရဲ့အခြေခံ အင်္ဂါတူကြပေမဲ့ လက်တွေ့ဖြစ်စဉ်နဲ့ပေါင်းစည်းပုံလက္ခဏာများမှာ မတူကြပါဘူး။ ဒါဟာ ရာဇဝင်သက်သေကြီးပါဘဲ။ သဘောတရားက သည်လိုဆိုတဲ့အတွက် နိုင်ငံတိုင်းမှာ ဒီလိုပဲ တပုံစံထဲ တနည်းထဲ ဖြစ်ရမယ်ဆိုတာဟာ မဟုတ်ပါဘူး။ ဆိုဗီယက်မှာ ဆိုဗီယက်အခြေအနေနဲ့ ဆိုဗီယက်နည်းအရ ဖွဲ့ထားပါတယ်။ အလားတူ အမေရိကန်ပြည်ထောင်စုမှာလဲ အမေရိကန်ပြည်ရာဇဝင်ဖြစ်စဉ် အရ တကျိုးထဲ တချီထဲ မဟုတ်ဘဲ အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းလာခဲ့ကြပါတယ်။ အလားတူ အခြားပြည်ထောင်စုနိုင်ငံများမှာလဲ သူတို့ရဲ့ဘဝအခြေအနေအရ လက်တွေ့မျက်မှောက်ပြုပြီး ချဉ်းကပ် ပုံအမျိုးမျိုးနဲ့ ဖွဲ့စည်းခဲ့ကြပါတယ်။ ကမ္ဘာပေါ်မှာ လူအချင်းချင်း ခေါင်းပုံဖြတ်မှုကင်းပြီး၊ တန်းတူညီမျှ ဆိုရှယ်လစ်စံနစ်ဘဝမှာဖြင့် ပြည်ထောင်စုစစ်စစ် အဖြစ်ဆုံးဆိုတဲ့ဆိုဗီယက်ယူနီယံမှာဘဲ အခုအသစ်ရေးဆွဲဆဲ ပြည်ထောင်စုအုပ်ချုပ်ရေးစည်းမျဉ်းသစ်နဲ့ဆိုပါလျှင် ၄–ခု ရှိပါလိမ့်မယ်။ ၁၉၁၈–ခု၊ ဇူလိုင်ကွန်စတီကျူးရှင်းနှင့်၎င်းနောက် ၁၉၂၄–ခု၊ ကွန်စတီကျူးရှင်း၊ ၎င်းနောက် ၁၉၃၆–ခု၊ စလာလင်ကွန်စတီကျူးရှင်းနှင့်ယခုရေးဆွဲနေဆဲ ကွန်စတီကျူးရှင်းတို့ဟူ၍ ဖြစ်ပါတယ်။ အဲဒီရာဇဝင်သက်သေများအရ ကျွန်တော်တို့ပြည်ထောင်စုကိုလဲ ကျွန်တော်တို့ရဲ့ဘခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ခေါင်းဆောင်ကြီးများဟာ လူမျိုးပေါင်းစုံနေထိုင်ရာနိုင်ငံ၏ရာဇဝင်ဖြစ်စဉ်အရ **ပေါင်းလည်း ပေါင်းနေကြရန်နှင့် ညီလည်း ညီညွတ်ကြရန်**ဟူ၍ လက်တွေ့ဘဝတောင်းဆိုချက်များအရ အမျှော်အမြင်ကြီးစွာနဲ့ ဖွဲ့စည်းထားခဲ့ခြင်းဖြစ်ပါတယ်။ ပေါင်းသာပေါင်းကြ၍ မညီညွတ်ကြရန် မဟုတ်ဘဲ၊ ပေါင်းလဲပေါင်းကြ ညီလဲ ညီညွတ်ကြရန် မူများနဲ့တည်ဆောက်ခဲ့ကြခြင်းဖြစ်ပါတယ်။ ၎င်းကို ရက်ပေါင်းတရာပြည့်အောင်ပင် ငြိမ်းချမ်းစွာ မစမ်းသပ်ရသေးမီ ရန်သူကို မိတ်ဆွေလုပ်၊ မိတ်ဆွေကို ရန်သူထင်ပြီး ပြည်ထောင်စုတခုလုံး ပွက်ပွက်လန်အောင် ပြည်တွင်းစစ်မီးကြီး တောက်လောင်ခဲ့တာဟာ ဒီကနေ့အထိပါတဲ့။ ကမ္ဘာမီးလောင် သားကောင်ခြနင်း ဆိုတဲ့ဘဝဆိုးကြီးထဲမှာ စာရွက်ပေါ်က ပုံစံဟာ မှားနေပါပြီလို့ ဘယ်လိုလွယ်လွယ်နဲ့ ကောက်ချက်ချနိုင်ပါ့မလဲ။ လေးလေးနက်နက် ချိန်ချိန်ဆဆနဲ့ ညှိညှိနှိုင်းနှိုင်း လုပ်ဆောင်ကြမှ ဖြစ်ကြပါလိမ့်မယ်။ ကျွန်တော်တို့အားလုံး တခဲနက် သွေးစည်းညီညွတ်ကြစဉ် ၁၉၄၇–ခု၊ မေလ ဖ–ဆ–ပ–လ ပဏာမညီလာခံကြီးမှာ တစ်သုံးလုံးကော်မတီမှ ရေးဆွဲတင်ပြခဲ့တဲ့ပြည်ထောင်စုဖွဲ့စည်းပုံများ သဘောထားများဟာ ကျွန်တော်တို့ရဲ့လက်တွေ့ဘဝနဲ့ ဘယ်လောက်ကိုက်ညီအောင် ရင်းရင်းနှီးနှီး ညှိနှိုင်းရေးဆွဲခဲ့ကြတယ်ဆိုတာ ရာဇဝင်ကြောင်းကို ပြန်ပြောင်းသတိရကြဖို့ ဖြစ်ပါတယ်။ ထိုစဉ်က ဗမာပြည်မကို ပြည်နယ်တခုအဖြစ် ဖွဲ့ရန် ပြဿနာမပေါ်ခဲ့ကြတာဟာ ကျွန်တော်တို့ နားမလည်လို့

E-book is created by *shanyoma*

သို့မဟုတ် သတိလစ်သွားကြလို့လား သို့မဟုတ် အခြားလုံလောက်သော ရာဇဝင်ကြောင်း၊ နိုင်ငံရေးကြောင်း၊ စီးပွါးရေးကြောင်း၊ အထောက်အထားများကြောင့်လား စသည်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည်ဆန်းစစ်ဖို့ လိုပါလိမ့်မယ်။ ပြည်မဟာ ပြည်နယ်တခု မဟုတ်ခဲ့တော့သည်နှင့် ကျွန်တော်တို့ရဲ့ပြည်ထောင်စုအင်္ဂါကြီးဟာ ကွယ်ပျောက်ပျက်စီးခဲ့လေပြီလား သို့မဟုတ် ပုံစံကမှန်သော်လဲ ပယောဂများ အခြေအနေများနဲ့ အုပ်စိုးသူတို့ရဲ့သဘောထားနဲ့ လုပ်ရပ်က မှားခဲ့ကြတာလား စသဖြင့် ကျန်ပြန့်တဲ့စစ်ဆေးမှုကို ပြုကြရပါလိမ့်မယ်။

(၂) နောက်အကြောင်းပြချက်တရပ်ကတော့ ကျွန်တော်တို့ပြည်ထောင်စုဟာ မူလအစကတည်းက နယ်ချဲ့ပဒေသရာဇ်စံနစ်ရဲ့အမွေဆိုးတွေကို ခံယူပြီး တန်းမညီ၍ မတိုးတက်သော လူမျိုးစုများ၊ ဒေသများ၊ ပြည်နယ်များကို ပေါင်းစု၍ ပြည်မကို အခြေခံကာ ဖွဲ့စည်းခဲ့ရတဲ့ပြည်ထောင်စုဖြစ်ခဲ့ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့လက်တွေ့ဘဝဖြစ်ခဲ့ပါတယ်။ အဲဒီလိုအခြေမှာ ပြည်မက ကြီးစွာသော တာဝန်နဲ့မှန်ကန်သောသဘောထားများကို အခြေခံပြီး ပြည်နယ်လူမျိုးစုအားလုံးနဲ့တန်းတူရည်တူသွေးစည်းညီညွတ်ဖို့ လိုပါတယ်။ နိုင်ငံရေး၊ စီးပွါးရေး၊ လူမှုရေးတို့မှာ တန်းတူညီမျှဖြစ်လာအောင် ခေါင်းဆောင်မှုပေးပြီး စုပေါင်းတည်ဆောက်ကြဖို့လိုတယ်။ အဲဒါဟာ ပြည်ထောင်စုရဲ့ရာဇဝင်ပေးတာဝန်ကြီးဖြစ်တယ်။ ဒီတာဝန်တွေကို ကျွန်တော်တို့ မဆောင်ရွက်နိုင်ခဲ့ကြလို့ ရန်သူပျောက်ပြီး အချင်းချင်း သတ်ခဲ့ဖြတ်ခဲ့ကြရဒါနဲ့ အချိန်ကုန်ခဲ့ကြရတယ်။ တန်းတူညီမျှ အခြေသို့ရောက်အောင် မမြင့်တင် မဆောင်ရွက်နိုင်ခဲ့ကြဘူး။ အဲဒီလို မူလအခြေဆိုးမှာဘဲ လက်တွေ့ရုပ်ဝတ္ထုသဘောတွေကို ဘေးချိတ်ပြီး အတင်းဘဲ တန်းတူညီမျှပြည်နယ်တွေအဖြစ်နဲ့ အားလုံးခွဲခတ်ကြစေပြီး ပြည်ထောင်စုစစ်စစ်ဆိုသည်ကို ဖွဲ့စည်းကြစေရမည်ဆိုလျှင် ညီညွတ်လို၍ ပေါင်းရန်မဟုတ်ဘဲ ပြိုကွဲလို၍သာ ပေါင်းရန်ဖြစ်ပါလိမ့်မယ်။ တန်းတူညီမျှမဖြစ်သေးတဲ့ရုပ်ဝတ္ထုအခြေခံပေါ်မှာ ပို၍သာ ကွဲပြားခြားနားစေတဲ့နည်းနဲ့ ကျဉ်းမြောင်းစွာ ပေါင်းစည်းခြင်းသာဖြစ်ပါလိမ့်မယ်။

(၃) အဲဒီလို"ပြည်ထောင်စုစစ်စစ်"မျိုးဟာ သိပ်သည်းစုစည်းတဲ့ပြည်ထောင်စုမျိုး ဖြစ်မလာဘဲ ကွဲပြားခြားနားမှုတွေ အခြေခံတဲ့ခြစည်းရိုးအတွင်းမှာ" ကွာပေါက် ဟာပေါက်၊ ထိုးပေါက်၊ ဖေါက်ပေါက်"တွေအပြည့်ပါလာတဲ့ပြည်ထောင်စုသာ ဖြစ်ပါလိမ့်မယ်၊ ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ ကွန်ဖီဒရေးရှင်းဘက်သို့ တိမ်းစောင်းသွားပြီဖြစ်ပါတယ်။ အဲဒီလို ပြည်ထောင်စုမျိုးဟာ ရန်များလှတဲ့ ဒီကနေ့ကမ္ဘာ ဒီကနေ့အရှေ့တောင်အာရှဒေသမှာ ဘယ်နည်းနဲ့ အသက်ရှည်နိုင်ဖွယ်ရာမရှိဘူးဆိုတာ ကျွန်တော်တို့ လွယ်လွယ်နဲ့သဘောပေါက်နိုင်ပါတယ်။

(၄) ဒီလိုဟာပေါက်ကွာပေါက်တွေနဲ့ ပြည့်ဝနေတဲ့ပြည်ထောင်စုစစ်စစ်မျိုးကို ကျွန်တော်တို့ အခု

E-book is created by *shanyoma*

ဘယ်လိုအခြေအနေမျိုးမှာ ဖွဲ့စည်းဖို့တောင်းဆိုနေကြပါသလဲ ရှင်းရှင်းကတော့ ပြည်ထောင်စုတခုလုံး ပြဿနာပေါင်း(၁၆၀၀၀)နဲ့နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးအကြပ်အတည်းတွေနဲ့ ဒုက္ခပင်လယ်ဝေနေတဲ့ကာလဆိုးကြီးမှာ ပြောင်းလဲဖွဲ့စည်းကြရန်ဖြစ်ပါတယ်။ အချင်းချင်းတွေ သတ်ဖြတ်သေကြေလို့ မဆုံးနိုင်သေးတဲ့ကာလ ညီအစ်ကိုလူမျိုးစုသွေးချင်းသားချင်း အချင်းချင်းတို့ဟာ မေတ္တာစိတ်ကင်းပြီး ရှုံ့ရှာမုန်းတီး မယုံကြည် မယုံနေကြတဲ့ကာလ အဲဒီလိုကာလမျိုးမှာ ကိုယ့်ခြံကိုယ်ခတ်ကြစို့ရဲ့လို့ဆိုရင် မေတ္တာနဲ့လမ်းခွဲကြရဒါ မဟုတ်ဘဲ အာဃာတတွေနဲ့လမ်းခွဲကြရဒါ ဘယ်နည်းနဲ့မှ ရေရှည်ခံမည်မဟုတ်ပါ၊ မိတ်ဆွေပီသသူချင်းပင် ကတောက်ကဆဖြစ်တုံး လမ်းမခွဲသေးဘဲ အရှည်မျှော်ပြီး ချစ်တုံးမှာသာ လမ်းခွဲလေ့ရှိကြပါတယ်။

(၅) ထို့ထက်ကြောက်စရာအကောင်းဆုံးကတော့ အမေရိကန်ဆီးတိုးရဲ့အခြေခံစခန်းတွေဟာ ပြည်ထောင်စုနယ်မြေအတွင်း ပုံစံအမျိုးမျိုး အသွင်အမျိုးမျိုးနဲ့ ဝင်ရောက်ထိုးဖောက်ပြီး ပြည်မအတွင်းမှာရော လူမျိုးစုများအတွင်းမှာရော ချမှတ်မွေနှောက်ခြင်းခံနေရတဲ့ကာလမျိုးမှာ "ပြည်ထောင်စုစစ်စစ်ဆိုပြီး" ကွာပေါက် ဟာပေါက်တွေနဲ့ခြံခတ်ကြရင် ကျွန်တော်တို့ရဲ့ပြည်ထောင်စုဟာ ရေတိမ်နစ်ရတော့မယ်လို့ ရိုးသားစွာ စိုးရိမ်မိပါတယ်။ ကျားလက်ကို ဝက္ကက်အပ်သကဲ့သို့သော အခြေအနေကို ဆိုက်ရောက်နိုင်ပါတယ်။ ယနေ့ ကွန်ဂို–လာအို သုံးကွဲ လေးကွဲ အခြေအနေများနဲ့ ဂျာမနီနှစ်ခု၊ ကိုးရီးယားနှစ်ခု၊ ဗီယက်နမ်နှစ်ခုတို့ရဲ့ဖြစ်နေပုံများမှ သင်္ခန်းစာထုတ်ယူကြဖို့လိုပါလိမ့်မယ်။

(၆) အကြောင်းပြချက်ကတော့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့အမျိုးသားစီးပွားရေးဝါဒနဲ့အမျိုးသားစီးပွားရေးထုထောင်မှုအခြေအနေဟာ ၁၄–နှစ်သက်တမ်းအတွင်းမှာ ဘယ်လိုမှတည်ငြိမ်မှုအနယ်ထိုင်မှု မရရှိခဲ့သေးပါဘူး။ ပြည်ထောင်စုညီညွတ်ရေးနဲ့ခိုင်မာတည်မြဲရေးဟာ ၎င်းရဲ့အမာခံအုတ်မြစ်ဖြစ်တဲ့တူညီတဲ့ တည်ငြိမ်တဲ့စီးပွားရေးဝါဒနဲ့အနယ်ထိုင်လာတဲ့စီးပွားရေးထုထောင်မှုလုပ်ငန်းများပေါ်မှာ မူချတည်နေပါတယ်။ အရင်းရှင်စီးပွားရေးဝါဒနဲ့ထုထောင်မှုအပေါ်မှာဘဲ အခြေခံဆုရှယ်လစ်စီးပွားရေးဝါဒနဲ့ထုထောင်မှုပေါ်မှာဘဲ အခြေခံခံ ပြည်ထောင်စုတဝှမ်းလုံးမှာ စီးပွါးရေးဝါဒအားဖြင့် တူညီမှုနှင့်ခွဲဝေလုပ်ဆောင်မှုလုပ်ငန်းများအားဖြင့်လည်း အနယ်ထိုင်မှုရှိရပေလိမ့်မယ်။ ပြည်မက တည့်မတ်တဲ့ခေါင်းဆောင်မှုနဲ့ ကိုယ်ကျိုးစွန့်တဲ့အကူအညီများ ပေးရပေလိမ့်မည်။ ခေတ်သစ်စီးပွားရေးထုထောင်မှုများမှာ မိမိရဲ့ခြေထောက်ပေါ်မှာ မိမိလုံးဝ ရပ်တည်ပြီး မိမိရဲ့အစွမ်းသတ္တိနဲ့ချီတက်လို့ မဖြစ်နိုင်သေးတဲ့ဘဝမှာ ရှိနေကြသေးတဲ့ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်စတဲ့ပြည်နယ်များကို ပြည်မနှင့်အတူ (On mutual development basis) လို့ခေါ်တဲ့ **အတူတကွတိုးတက်ကြီးပွားရေးအခြေခံပေါ်မှာ** များစွာကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသေးတယ်။ အခုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေက ရည်ညွှန်းတဲ့စီးပွားရေးဝါဒနဲ့ဆိုက်ရောက်

E-book is created by *shanyoma*

နေရတဲ့စီးပွားရေးဘဝဟာ များစွာ ကွာခြားလျက်ရှိပြီး ဘယ်လိုမှ ဖမ်းလို့ဆုပ်လို့မရအောင် မတည်မငြိမ်ဖြစ်နေပါသေးတယ်။ လုပ်ငန်းအားဖြင့်လဲ အနယ်ထိုင်မှုဟာ ဘာတခုမှ မပြနိုင်သေးပါဘူး။ အဲဒီလိုအခြေအနေမျိုးမှာ ကျဉ်းမြောင်းတဲ့လူမျိုးငယ်ဝါဒနဲ့အပေါ် စီးလူမျိုးကြီးဝါဒအခြေခံတို့နဲ့ ပြည်ထောင်စုအတွင်း ကိုယ်စီကိုယ်ငှ ခြံခတ်ပြိုင်ဆိုင်ကြဟဲ့ဆိုရင် ဗဟိုစုစည်းချက်နှင့်ခေါင်းဆောင်မှု (centre of unity and leadership) ဟာ ကွယ်ပျောက်လျော့ရဲပြီး စီးပွားရေးအားဖြင့် ပိုမိုပြိုကွဲဖို့ရာဖြစ်ပါလိမ့်မယ်။ အဲဒီလိုအမာခံ အုတ်မြစ်ကစပြီး ပြိုကွဲခြားနားကုန်ကြရင် ပြည်ထောင်စုကြီးဟာ ပတ်တုတ်လို့မရအောင် ပြိုကွဲဖို့ပါတဲ့။ အရင်းရှင်စံနစ်၊ ဆိုရှယ်လစ်စံနစ်၊ ပဒေသရာဇ်စနစ်စသည်ဖြင့် တပြည်နယ်နှင့်တပြည်နယ်၊ ခွဲခြားတ်ကြ အပ ပယောဂများကို ဖိတ်ခေါ်ကြရသည့်ဘဝသို့တိုင်အောင် ဆိုက်ရောက်ကုန်နိုင်ပါတယ်။ အတူတကွ တိုးတက်ကြီးပွားရေးအခြေခံပေါ် မှာ ကျွန်တော်တို့အားလုံးဟာ ၅–နှစ်စီမံကိန်း သုံးကြိမ်မျှနဲ့အစွမ်းကုန် ညီညွတ်စွာကြိုးပမ်းထူထောင်နိုင်ကြပါမှ ပြည်နယ်ပြည်မ ညီမျှတဲ့အခြေခံနဲ့အနာဂတ်ကို ကောင်းစွာ ချီတက်နိုင်မည်ဖြစ်ပါတယ်။

(၇) ၎င်းနောက် အကြောင်းပြချင်တာကတော့ ကျနော်တို့ ညီအစ်ကိုလူမျိုးစုများရဲ့စာပေအနုပညာ သိပ္ပံပညာစတဲ့ယဉ်ကျေးမှု အဆင့်အတန်းဟာ ကြေကွဲဝမ်းနည်းဖွယ်ရာကြီး နိမ့်ကျနေသေးခြင်းဘဲဖြစ်ပါတယ်။ ဒါတွေကို မြှင့်တင်စေရာမှာ ပြည်နယ်ပြည်မအတူတကွ တိုးတက်မြှင့်တင်ရေးလမ်းစဉ်တွေကို ပြည်မကဘဲ ခေါင်းဆောင်မှုပေးပြီး ကိုယ်ကျိုးစွန့်တဲ့အကူအညီတွေနဲ့ဆွဲခေါ် မြှင့်တင်ပေးရန် များစွာလိုပေလိမ့်မယ်။ ဒီနယ်ပယ်မှာ ပြည်မက ပြည်နယ်တွေကို တကယ်တမ်း အားဖြည့်ပေးဖို့လိုပါလိမ့်မယ်။ ပြည်မက ပြည်နယ်တွေရဲ့လူမှုရေးနဲ့ယဉ်ကျေးမှုမြှင့်တင်ရေးလုပ်ငန်းတွေကို စီမံကိန်းအရပ်ရပ်နဲ့ တကယ့်သဘောထားကြီးကြီးထား အနစ်နာခံကာ အကူအညီတွေပေးကြရပါလိမ့်မယ်။ ဆိုဗီယက်ယူနီယံပြည်နယ် သမတနိုင်ငံကြီးတွေက တောင်ပိုင်းအာရှပြည်နယ်ကလေးတွေကို အမြန်ဆုံးတိုးတက်လာရန် အားပေးခဲ့ပုံတွေကို သာဓကထားရန် များစွာအရေးကြီးလှပါတယ်။ ဒီလို အခြေခံသဘောထားတွေကို ထောက်ထားပြီးတော့လဲ ပြည်မကို ခြံခတ်ပြီး ပြည်နယ်တွေနဲ့အလှမ်းမဝေးကွာစေသင့်သေးလို့ ယူဆပါတယ်။ နစ်နာစရာရှိလျှင် ပြည်နယ်တွေကသာ ပို၍နစ်နာကုန်ပါလိမ့်မယ်။

(၈) အရေးအကြီးဆုံး အကြောင်းပြချက်တရပ်ကို ထပ်မံတင်ပြလိုပါသေးတယ်။ ဒါကတော့ အခြားမဟုတ်ပါဘူး၊ ယနေ့ ကျွန်တော်တို့ပြည်ထောင်စုရဲ့အမျိုးသားကာကွယ်ရေးပြဿနာကြီးဘဲဖြစ်ပါတယ်။ ကမ္ဘာ့ငြိမ်းချမ်းရေး လုံခြုံရေးဟာ လုံးဝစိတ်ချရပြီလို့ ဘယ်နိုင်ငံကြီးတွေကမှ **ကေန္တ** အာမခံချက် မပေးနိုင်သေးပါဘူး။ ငြိမ်းချမ်းရေးအလားအလာမျှသာပြဆိုကြပါသေးတယ်။ အကောင်အထည် ဖြစ်ပေါ် လာရန် ကမ္ဘာ့ပြည်သူများအားလုံး ဝိုင်းအုံကြိုးပမ်းနေကြရဆဲကာလဘဲ

E-book is created by *shanyoma*

ရှိကြပါသေးတယ်။ အခြားဒေသများတွင် စိတ်မချရသည်ထက် အရှေ့တောင်အာရှဒေသနိုင်ငံများဟာ နယ်ချဲ့သမားများရဲ့စားကျက်ဟောင်းနဲ့ဆီးတိုးစတဲ့စစ်အခြေခံစခန်းများ အခိုင်အမာတပ်စွဲရာဒေသဖြစ်တဲ့အတွက် ကျူးကျော်ရေးစစ်များကို အချိန်မရွေး မျှော်လင့်ကာကွယ်ရမဲ့ အခြေအနေရောက်နေပါတယ်။ အိမ်နားနီးချင်းတွေဖြစ်တဲ့ ယိုးဒယား၊ ဗီယက်နမ်၊ လာအို၊ ကန်ဘောဒီးယားနိုင်ငံများရဲ့အခြေကို ကြည့်ပါ။ ပြီးတော့ အမေရိကန်ကူမင်တန်တပ်များ သုံးနိုင်ငံခွပြီး ကျူးကျော်ထားပုံကိုလဲ ကြည့်ပါ။ အဲဒီလိုအခြေအနေမျိုးမှာ ပြည်ထောင်စုကာကွယ်ရေးအတွက် နိုင်ငံရေး စစ်ရေး ညီညွတ်မှုဟာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ ကိုယ့်အချင်းချင်း သတ်လို့ဖြတ်လို့ အားမရနိုင်သေးသလို ဖြစ်နေရတဲ့ဘဝမို့သာပေါ့။ သို့မဟုတ်ပါက အမေရိကန်ကူမင်တန် ကျူးကျော်ရေးစစ်အကြွင်းအကျန်တွေကို ချက်ချင်းဘဲ ရှင်းလင်းသွားအောင် ဝိုင်းအုံတိုက်ခိုက်အပ်ခဲ့အခြေအနေကြီး ဖြစ်ပါတယ်။ အမျိုးသားကာကွယ်ရေးကို တောင့်တင်းအောင် လုပ်ဖို့လိုတဲ့ကာလကြီးဘဲ ဖြစ်ပါတယ်။

(၉) နောက်အကြောင်းပြချက်တရပ်ကတော့ မည်သည့်တပြည်ထောင်နိုင်ငံမှာဖြစ်ဖြစ်၊ မည်သည့်ပြည်ထောင်စုနိုင်ငံမှာဘဲဖြစ်ဖြစ် လူမျိုးစုများ အများအပြားရှိရာမှာ အရေအတွက်အားဖြင့်၎င်း၊ အရည်အချင်းအားဖြင့်၎င်း တိုးတက်မြင့်မားတဲ့လူမျိုးစုကြီးတခုဟာ အခြားသောလူမျိုးစုများရဲ့အကျိုးစီးပွားအတွက် ခေါင်းဆောင်မှုပေးရစမြဲဘဲဖြစ်ပါတယ်။ တရုပ်ပြည်မှာ "နောင်တော်၊ ဟန်လူမျိုးစု"ဆိုဗီယက်မှာ"နောင်တော်ရုရှားလူမျိုးစု"စသည်ဖြင့် အရေးတော်ပုံအဆက်ဆက်တော်လှန်ရေးအဝဝမှာ ခေါင်းဆောင်မှု ပေးခဲ့ကြရိုးရှိပါတယ်။ ဒါကြောင့်လဲ နယ်ချဲ့သမားတွေဟာ နိုင်ငံတနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်မယ်ကြံရင် ခေါင်းဆောင်လူမျိုးစုကြီးနဲ့အခြားလူမျိုးစုများအားလုံး အပြင်းအထန် ရန်တိုက်သွေးခွဲပစ်လေ့ရှိပါတယ်။ ဒီနည်းနဲ့ခေါင်းဆောင်မှု ကင်းပြတ်ဆိတ်သုဉ်းစေပြီး နယ်ချဲ့ဘက်တော်သားလူမျိုးစုဖြစ်အောင် ရောက်အောင် သိမ်းသွင်းလေ့ရှိပါတယ်။ ၎င်းအတွက် လူမျိုးကြီးဝါဒ၊ လူမျိုးငယ်ဝါဒများကိုလဲ ထိုးသွင်းလေ့ရှိကြပါတယ်။ ယခုလိုအခြေအနေမျိုးမှာ ပြည်ထောင်စုစစ်စစ်ကိုသာ ဖွဲ့ရလျှင် နိုင်ငံရေးတည်ငြိမ်မှုကလဲ နည်းနည်းမှလဲမရှိသေးတဲ့ကာလမှာ ပြည်နယ်ပြည်မ နိုင်ငံရေးခေါင်းဆောင်မှု အဆက်ဖြတ်ရေးဘဲဖြစ်ပါလိမ့်မည်။ ပုခုံးချင်းတိုက်၊ လူချင်းရိုက်ဆိုတဲ့နိုင်ငံရေးအခြေအနေမျိုးကို နယ်ချဲ့တို့က မုချမြှောက်ပင့်ဖန်တီးပေးမည်သာ ဖြစ်ပါတယ်။

(၁၀) ကျနော်တို့ရဲ့နောက်ဆုံးအကြောင်းပြချက်ကတော့ နိုင်ငံတကာ ရာဇဝင်သမိုင်းစာအရ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို အမျိုးသားညီညွတ်ရေးအတက်ကြွဆုံးအချိန်မှာ ခေတ်ပြောင်းချိန်အသီးအပွင့်အဖြစ်နဲ့ ရေးဆွဲပြဋ္ဌာန်းရိုးရှိကြပါတယ်။ ဘယ်တော့မှ သူတလူ ငါတမင်းနဲ့ ဖရိုဖရဲအမျိုးသားညီညွတ်ရေးတွေ ပြိုကွဲပြီး အချင်းချင်းအာဃာတတွေနဲ့မီးတောက်နေတဲ့အ

E-book is created by shanyoma

ချိန်မှာ ရေးဆွဲရှိုးလဲ မရှိဘူး။ အခြေခံသဘောကို ပြောင်းလဲပြင်ဆင်ရှိုးလဲ မရှိပါဘူး။ ဒါဟာ ကမ္ဘာ့ ကျင့်စဉ်ကြီးပါဘဲ။ အဲဒီလိုအချိန်အခါမျိုးမှာ ရေးဆွဲပြင်ဆင်ချင်လဲ မအောင်မြင်တဲ့အပြင်"မင်း ပြိုင် စိုးပြိုင်"များပင် ဖြစ်လေ့ရှိကြပါတယ်။ အဲဒီတော့ အခုလဲ ကျနော်တို့ရဲ့အခြေခံဥပဒေကို အခုလို ပြည်ထောင်စုမှာ မီးလောင်ရေမျောဖြစ်နေသေးတဲ့ကာလမှာ အခြေခံကစပြီး ပြင်ဆင် ပြောင်းလဲကြရမယ်ဆိုရင် ဘယ်နည်းနဲ့မှ သင့်တော်လိမ့်မည်မဟုတ်ကြောင်း ထပ်လောင်းတင်ပြ ခြင်းဘဲ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား – ပြည်ထောင်စုစစ်စစ်ဆိုတဲ့မူဟာ အခုလိုအခြေအနေမျိုးမှာ ဘယ်နည်းနဲ့မှ မသင့်တော်သေးကြောင်း၊ နိုင်ငံတကာရေးရာ ပြည်တွင်းရေးရာ ရှုဒေါင့်များကနေ ပြီး အကြောင်း(၁၀)ချက်မျှ ပြခဲ့ပြီးပါပြီ။

ဖေဖော်ဝါရီလ ၂၄–ရက်နေ့ ဒီနှီးနှောဖလှယ်ပွဲကြီးရဲ့အဖွင့်နေ့မှာ ဗီဒရယ်မူနဲ့ပတ်သက် ပြီး ဝန်ကြီးစောခွန်ချိုနဲ့တကွ ပြည်နယ်ခေါင်းဆောင်ကြီးများရဲ့ပြောဆိုတင်ပြချက်တွေကို ကျနော် တို့ ပြည့်ပြည့်စုံစုံ ကြားနာခဲ့ရပါပြီ။ ပွင့်လင်းတဲ့အသဲနှလုံးနဲ့လဲ ယုံယုံကြည်ကြည် ပြန်လည်သုံးသပ် ကြပါတယ်။ အဲဒီလို သုံးသပ်စစ်ဆေးချက်များအရ"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ"ရှုဒေါင့် ကဘဲ ပြန်လည်ချေပခွင့်ပြုရန် တောင်းပန်လိုပါတယ်။

အခြေခံဥပဒေရှုမြင့်ပုံအရ ကျနော်တို့နဲ့ပြည်နယ်ခေါင်းဆောင်ကြီးများဟာ ဖယ်ဒရယ် မူနဲ့ပတ်သက်လို့ သဘောကွဲလွဲချက်ဟာ နေရာသုံးနေရာမှာ ရှိနေတယ်ဆိုတာ ကောင်းစွာရိပ်စား မိလာပါတယ်။

ပထမနေရာက ကျနော်တို့ရဲ့ပြည်ထောင်စုဟာ ပြည်မကို အခြေခံပြီး ပြည်နယ်များကို စုပေါင်းဖွဲ့စည်းထားတဲ့ဖယ်ဒရယ်မူဖြစ်ပါတယ်။ ဒီလိုဖွဲ့စည်းခဲ့ခြင်းဟာ ကျနော်တို့ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ လူမျိုးရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့တိုးတက်ဖြစ်ပေါ် မှု ရာဇဝင်ဖြစ်စဉ်များအတွင်း မှ ဘဝနှင့်ဟပ်၍ သဘာဝကျကျထူထောင်ခဲ့ခြင်း ဖြစ်တယ်လို့ ကျနော်တို့ လေးနက်စွာယုံကြည် တယ်။ ပြည်မကို အခြေခံ၍ ပြည်ထောင်စုဖွဲ့စည်းခြင်းဟာ ပြည်ထောင်စုတခုလုံးအတွက် (Centre of unity and leadership) လို့ခေါ် တဲ့**ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်**အဖြစ်နဲ့သာ ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။ လက်တွေ့ကြည့်ပါ၊ ပြည်နယ်များအနက် အချို့က ရာဇဝင်အရ ပြည် နယ်သဘောဆောင်ခဲ့သော်လဲ အချို့က ယခုမှ ပြည်နယ်ဘဝသို့ ကူးပြောင်းဖန်တီးနေရဆဲဖြစ် တယ်။ အချို့က ယခုမှ ပြည်နယ်ဘဝသို့ ထူထောင်ရန်ပြင်ဆင်တောင်းဆိုနေရဆဲ ရှိသေးတယ်။ အချို့လူမျိုးစုများမှာတော့ အခြားလူများစုများနှင့်ရောထွေးယှက်တင် နေထိုင်ရဆဲဘဝမှာ ရှိ တယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်တို့ဟာ ယခုမှ စတင်သန္ဓေယူနေရဆဲ ပြောင်းလဲနေ ရဆဲဖြစ်တယ်။ ရာဇဝင်အရ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲတလျှောက်မှာ ပြည်မဗမာလူမျိုးစု က အရေအတွက်အားဖြင့်ရင်း၊ အရည်အသွေးအားဖြင့်ရင်း၊ ခေါင်းဆောင်ပြီး ပန်းဝင်ခဲ့ပါတယ်။ တည်နေဆဲစီးပွားရေး၊ လူမှုရေးစံနစ်အရကလဲ ခေါင်းဆောင်ချီတက်ရမဲ့အနေအထားမှာရှိတယ်။

E-book is created by *shanyoma*

အနာဂတ်နိုင်ငံရေးလမ်းကြောင်းကို ထိန်းကြောင်းချီတက်ရမဲ့တာဝန်ကလဲ ပြည်မမှာ ရာဇဝင်အရ တာဝန်ပိုရှိတယ်။ အဲဒီလို အနေအထားများအရ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲတဲ့ အခါမှာ **ပြည်မကို ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်အဖြစ်** အခြေခံပြီး အခြားပြည်နယ်များ၊ ဒေသများကို စုပေါင်းကာ ဖွဲ့စည်းခဲ့ခြင်းဖြစ်တယ်။

ဒါကို ကျနော်တို့က ရာဇဝင်အရ ဘဝဖြစ်စဉ်နဲ့ကိုက်ညီတဲ့ပြည်ထောင်စုမှုဖြစ်တယ်လို့ ပြတ်ပြတ်သားသား ယုံကြည်လက်ခံတယ်။

ကျနော်တို့ရဲ့ပြည်နယ်ညီအစ်ကိုခေါင်းဆောင်ကြီးများက ပြည်မဟာ ပြည်ထောင်စုအာဏာကို လက်ဝါးကြီးအုပ်ပြီး ပြည်နယ်များ၊ လူမျိုးစုများကို လွှမ်းမိုးချယ်လှယ်တယ်'ပဏ္ဏာဆက်' နယ်တွေအဖြစ်နဲ့ အနိုင်ကျင့်တယ်လို့ယူဆတယ်။ ဒါကြောင့် ပြည်မ၊ ပြည်နယ်တွေအားလုံး အသီးသီးကိုယ့်အချုပ်အခြာအာဏာနဲ့ကိုယ်တန်းတူရည်တူရှိကြပြီး ဗဟိုပြည်ထောင်စုကို စုပေါင်းဖွဲ့စည်းရမည်၊ သဘောဆန္ဒအရသာ အာဏာများ ခွဲဝေပေးမယ်။ ဒီလိုပြည်ထောင်စုစစ်စစ်မှုမျိုးကိုသာ အလိုရှိတယ်။ အမေရိကန်၊ ဆွိဇာလန်၊ ဆိုဗီယက်ယူနီယံကဲ့သို့သောအခြေခံသဘောမျိုးဖြစ်စေရမယ်လို့ ရှင်းလင်းပြောကြားသွားပါတယ်။ တနည်းအားဖြင့် ကွန်ဖီဒရေးရှင်းဆန်ဆန်ဖွဲ့စည်းရမယ်လို့ ဆိုလိုပါတယ်။ အဲဒီလို ကွဲလွဲနေချက်ဟာ ပထမနေရာဖြစ်ပါတယ်။ အမေရိကန်၊ ဆွိဇာလန်၊ ဆိုဗီယက်ယူနီယံတို့ပြည်ထောင်စုဖွဲ့စည်းလာပုံ ရာဇဝင်ဖြစ်စဉ်ဘဝနဲ့ ကျနော်တို့မြန်မာပြည်ထောင်စုသက်ဝင်လှုပ်ရှားလာပုံ၊ သန္ဓေတည်လာပုံဖြစ်စဉ်နဲ့များစွာခြားနားမှု ရှိနေပါတယ်။ ပညာရှိ သတိဖြစ်ခဲဆိုသလို ကျနော် အနည်းငယ် ဇာတ်ကြောင်းပြန်ပါရစေ။

အမေရိကန်ပြည်ထောင်စုအခြေခံဥပဒေဟာ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးက ပေါက်ဖွားပေးခဲ့ပါတယ်။ ထိုစစ်ပွဲကြီးမတိုင်မီ ဗြိတိသျှနယ်ချဲ့တို့အောက်မှာ ဗြိတိသျှကိုလိုနီပြည်နယ်များအဖြစ်နဲ့ သူ့ရာဇဝင်ဖြစ်စဉ်နဲ့သူသီးခြားတည်ရှိခဲ့ပါတယ်။ သူ့ဘုရင်ခံနဲ့သူ ဥပဒေပြုလွှတ်တော်နဲ့ သီးခြားတည်ရှိခဲ့ပါတယ် ၁၇၇၆–ခု၊ ဇူလိုင်လ ၄–ရက်နေ့ အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကျေညာစာတမ်းကြီးထုတ်ပြန်တဲ့အခါမှာလဲ စစ်ကျေညာပိုင်ခွင့်၊ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခွင့် မိမိကြိုက်နှစ်သက်သလို မဟာမိတ်ဖွဲ့စည်းပိုင်ခွင့် စတဲ့အခွင့်အရေးများကို လုံးဝပိုင်တဲ့ အချုပ်အခြာအာဏာပိုင်ပြည်နယ်နိုင်ငံများအဖြစ်နဲ့ ကျေညာပြီး လွတ်မြောက်ရေး စစ်ပွဲကြီးနွှဲခဲ့ကြခြင်းဖြစ်ပါတယ်။

စကတည်းက အချုပ်အခြာအာဏာပိုင်နိုင်ငံများအဖြစ်နဲ့သီးခြားထူထောင်၍ တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ပါတယ်။ ၎င်းနောက် အမျိုးသားလွတ်မြောက်ရေးစစ်ကြီးကို ပိုမိုထိရောက်စွာ ခုခံတိုက်ခိုက်နိုင်ကြရန်အတွက် ၁၇၇၇–ခု၊ နိုဝင်ဘာလ ၁၅–ရက်နေ့မှာ (Article of Confederation) လို့ခေါ်တဲ့ပြည်နယ်ပေါင်းချုပ်စည်းမျဉ်းဥပဒေတရပ်ကို ရေးဆွဲပြဋ္ဌာန်းကြပြီး ၁၃–ပြည်နယ်ဟာ ပြည်နယ်အလိုက် သီးခြားလက်ခံအတည်ပြုခဲ့တယ်။ ၁၈၇၈–ခု၊ မတ်လ ၁–ရက်နေ့မှာ မေရီလန်ပြည်နယ်က နောက်ဆုံးလက်ခံအတည်ပြုတယ်။ အဲဒီအခြေခံစည်းမျဉ်းပထမပုဒ်မသုံးခုမှာဘဲ

E-book is created by shanyoma

E-book is created by *shanyoma*

အမေရိကန်ပြည်ထောင်စုကြီးဟာ ကွန်ဖီဒရေးရှင်းဖြစ်တဲ့အကြောင်း ပြည်နယ်တိုင်း အချုပ်အခြာအာဏာနှင့်လုံးဝလွတ်လပ်ခွင့်ရှိကြောင်း ဘုံရန်သူကို စုပေါင်းတိုက်ခိုက်ရေးအတွက် ခိုင်မာသော မဟာမိတ်ဖွဲ့စည်းမှု (A firm league of Friendship) အဖြစ်နဲ့ ပုဒ်မ ၃–အရ ဖွဲ့စည်းထားကြောင်း စသည်ဖြင့် အထင်အရှား ပါရှိပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကွန်ဖီဒရေးရှင်းက စကြောင်း အထင်အရှားပြတယ်။ နောက်မှ ၁၇၈၇–ခု၊ ဖေဖော်ဝါရီလ ၂၁–ရက်နေ့ ကွန်ဂရက်ကျမှ ကွန်ဖီဒရေးရှင်းဖွဲ့စည်းပုံမျှနှင့် ပြည်ထောင်စုအင်အားဟာ မလုံလောက်ကြောင်း ပြန်လည်ပြင်ဆင်ရန်ထိုက်ကြောင်း ကျေညာခဲ့တယ်။ ဒါနဲ့ ၁၇၇၇–ခု၊ မေလ ၂၅–ရက်နေ့မှာ ဂျော့ဝါရှင်တန်ကို ဥက္ကဋ္ဌတင်ပြီး ကွန်ဗင်းရှင်းကြီး တခုလုပ်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲခဲ့ကြတယ်။ ထိုဥပဒေသစ်ကို ပြည်နယ်အလိုက် အသီးသီးက ပြန်လည်လက်ခံအတည်ပြုကြပြီး ၁၇၈၉–ခု၊ မတ်လ ၄–ရက်နေ့ကစပြီး အသက်သွင်းခဲ့ကြတယ်။ အမေရိကန်ပြည်ထောင်စုရာဇဝင်က ဘာသင်္ခန်းစာများ ပေးပါသလဲ ဆိုလျှင် (၁) မူလကထဲက အချုပ်အခြာအာဏာပိုင်ပြည်နယ်များအဖြစ် စတင်ခဲ့တယ်၊ (၂) ထို့နောက် ကွန်ဖီဒရေးရှင်းဖွဲ့ခဲ့တယ်၊ (၃) သို့သော်လဲ ထိုဘဝနှင့်မလုံလောက် မကိုက်ညီတဲ့အခါ တဆင့်လျှော့ပြီး ဖက်ဒရေးရှင်းဆိုတာ ဖွဲ့ခဲ့ရတယ်၊ (၄) ရာဇဝင်ဖြစ်စဉ်အတွင်းမှာဘဲ "ဒီစင်ထရယ်လိုက်ဇေးရှင်း"က "စင်ထရယ်လိုက်ဇေးရှင်း"ကို (လျှော့ရဲသောဗဟိုချုပ်ကိုင်မှုမှ တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုသို့)တဖြည်းဖြည်း ဦးတည်လာဒါကို တွေ့ရမယ်။ (၅) အာဏာပိုင်သမတစနစ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့**ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်ဖြစ်လာတယ်၊** ပြည်ထောင်စုတိုင်းမှာ ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်အတွက် တစုံတခုသော အမာခံအနှစ်သာရဟာ တပ်ဆင်ပါရှိရစမြဲဆိုတာ အလေးအနက် လက်ခံယုံကြည်ဘို့လိုပါလိမ့်မယ်။

ဆွိဇာလန်ပြည်ထောင်စုရဲ့ရာဇဝင်ဖြစ်စဉ်ကိုလဲ အကြမ်းဖျင်း လေ့လာကြည့်ရအောင်။

လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ သက္ကရာဇ် ၁၈၇၄–ခုနှစ်ကစပြီး အလွန်ရှည်လျားသော ဖြစ်စဉ်နဲ့ပေါက်ဖွားလာရခြင်းဖြစ်ပါတယ်။ ရာဇဝင်စပုံကလဲ အက်(ပ်)တောင်တန်းကြီးပတ်လည်မှာ သူ့ရာဇဝင်သူပြောဆိုတဲ့ဘာသာစကားကိုယ်စီနဲ့ သီးသီးခြားခြား အချုပ်အခြာအာဏာပိုင်ပြည်နယ်ကလေးများအဖြစ်နဲ့ အစပြုခဲ့ကြတယ်။ ကျူးကျော်တိုက်ခိုက်ရေးသမား၊ ဘုံရန်သူများကို စုပေါင်းခုခံရေးအတွက်သာ ကွန်ဖီဒရေးရှင်းခေါ် ပြည်နယ်ပေါင်းချုပ်တခုကို စတင်မွေးဖွားစေခဲ့ကြတယ်။ ဖယ်ဒရယ်ဒိုးယက်ဆိုတာ ဖွဲ့ပြီး ပြည်နယ်ကိုယ်စီက အညီအမျှ ကိုယ်စားလှယ်စေလွှတ်ပြီး တနှစ်တကြိမ် တွေ့ဆုံကြတယ်။ ဒီလိုသာတွေ့ဆုံကြတယ်၊ အမှန်တော့ တနယ်နှင့်တနယ် သံသယကြီးစွာနဲ့ကြည့်ပြီး ဖယ်ဒရယ်ဒိုင်းယက်ရဲ့အဆုံးအဖြတ်ဟာ အချုပ်အခြာအာဏာပိုင်ပြည်နယ်တွေရဲ့အပေါ်မှာ တရားဝင် အကျိုးသက်ရောက်ခြင်း မရှိခဲ့ပါဘူး။ ကွဲကွဲပြားပြားဘဲ တည်နေခဲ့တာဘဲ။ ဒါကြောင့်လဲ ၁၈–ရာစုနောက်ပိုင်းမှာ ပြင်သစ်ကျူးကျော်ရေးသမားများဟာ ဆွိဇာလန်ပြည်ထောင်စုကို လွယ်ကူစွာ သိမ်းပိုက်နိုင်ခဲ့ကြတယ်။ ရှိရင်းစွဲ အခြေခံပြည်နယ်တွေ

ကိုယ်ပိုင်အချုပ်အခြာအာဏာအနေအထားတွေ၊ ဒေသဓလေ့ထုံးစံအနေအထားတွေနဲ့ ငါ့ပြည်နယ်မှ ငါဆိုတဲ့စိတ်ဓာတ်တွေကို ပြင်သစ်စစ်ဘုရင်ကြီး **နပိုလီယံဘိုနပတ်**ဟာ အာဏာနဲ့ရိုက်ချိုးဖျက်ဆီးပစ်ပြီး နယ်သစ်တွေ သတ်မှတ်ပြီး (Prefectures) ဆိုတဲ့ပြည်နယ်ပေါင်း ၁၈–ခုကို သတ်မှတ်တယ်။ ကိုယ်စားပြုအမျိုးသားအစိုးရနဲ့ဗဟိုအာဏာပိုင်အစိုးရအဖွဲ့တရပ်ကို ဖွဲ့ပေးခဲ့တယ်။ ဒါကို ရာဇဝင်မှာ ဟယ်လ်ဘက်တစ်သမတနိုင်ငံအခြေခံဥပဒေလို့ ခေါ်တွင်စေခဲ့တယ်။ ၁၇၉၈–ခု၊ ဧပြီလ(၁၂)ရက်နေ့မှာ ပြဋ္ဌာန်းပေးခဲ့တယ်။

သို့သော်လဲ ဆွိဇာလန်နိုင်ငံရဲ့မိမိတို့ရဲ့မူလဘူတအချုပ်အခြာအာဏာပိုင် ပြည်နယ်ခွဲခြားခြင်းဟာ ရာဇဝင်နဲ့ချီပြီး ပြင်းထန်လေတော့ မအောင်မြင်ခဲ့ပါဘူး။ များစွာသောငြင်းခုံပဋိပက္ခမှုကြီးတွေဖြစ်ခဲ့ရပြီးနောက် ပြည်သူတွေကို ပထမဆုံး ဗီတိုအာဏာစတင်အပ်တဲ့ ၁၈၀၂–ခု၊ မေလကွန်စတီကျူးရှင်းကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြပြန်ပါတယ်။ ဒီဗီတိုဥပဒေအရ အသက်(၂၀)ပြည့်တဲ့တိုင်းသူပြည်သားတိုင်း အခြေခံဥပဒေအတည်ပြုရေးအတွက် မဲပေးစေခဲ့ပါတယ်။ မဲဆန္ဒရှင်ပေါင်း(၇၂၄၅၃)က သဘောတူမဲပေး၊ (၉၂၄၃၂)က သဘောမတူပေး၊ (၁၆၇၁၇၂)က ကြားနေခဲ့ပါတယ်။ အဲဒါကို ကြားနေမဲများဟာ သဘောတူမဲများဖြစ်တယ်ဆိုပြီး အဲဒီအခြေခံဥပဒေကို အတည်ပြုကြောင်း ကျေညာခဲ့ပြန်တယ်။ မူလအခြေခံဥပဒေနဲ့စာလျှင် ခုပြင်ဆင်တဲ့ဥပဒေဟာ အနည်းငယ်အောင်မြင်လာတယ်။ ဒါပေမယ့် နပိုလီယံဟာ သူသဘောနဲ့သူ “ကင်တွန်”ဆိုတဲ့ပြည်နယ်တိုင်းကို သီးခြားအခြေခံဥပဒေကိုယ်စီ ရေးဆွဲပြဋ္ဌာန်းပေးပြန်တယ်။ အဲဒါကို ဖျန်ဖြေရေးဥပဒေလို့ခေါ်ပြီး ၁၈၀၃–ခု၊ ဖေဖော်ဝါရီလ ၁၉–ရက်နေ့မှ ထုတ်ပြန်ခဲ့တယ်။ သို့သော်လဲ နောက်ဆုံး နပိုလီယံလဲ အာဏာကျ သူ့ဥပဒေတွေလဲ ပျက်ခဲ့တာပါဘဲ။

၁၈၁၅–ခု၊ ဩဂုတ်လ ၇–ရက်နေ့မှာ ဖျန်ဖြေရေး အခြေခံဥပဒေကို ရပ်ဆိုင်းပြီး မူလအတိုင်း ဒိုင်းယက်ကို ပြန်လည်ထူထောင်ကြပြီး ၂၂–ခုသော ကင်တွန် (Cantons) တို့ဟာပြည်ထောင်စု**သဘောတူညီချက်**ဆိုသည်ကို လိုက်နာပါမယ်ဆိုပြီး ကျမ်းကျိန်ခဲ့ကြပါတယ်။ အချုပ်အခြာအာဏာပိုင်ပြည်နယ်တိုင်းရဲ့အရေးပိုင်သံအမတ်ကြီးတွေ တွေ့ဆုံတဲ့ဒိုင်းယက်လွှတ်တော်ပါဘဲ။ ဆွိဇာလန်ပြည်သူတွေက ရွေးချယ်စေလွှတ်တဲ့ကိုယ်စားလှယ်တွေ မဟုတ်ခဲ့ပါဘူး။ အလွန်လျော့လျော့ရဲရဲဖွဲ့စည်းထားတဲ့“ကွန်ဖီဒရေးရှင်း”တခုပါဘဲ။ ဒါနဲ့ နောက်ဆုံးတော့ ကိုယ့်ပြည်နယ်နဲ့ကိုယ် သီးခြားရှေးကျကျအတိုင်း နေလိုတဲ့“ဖီဒရယ်လစ်”တွေနဲ့ ဒါတွေ အကုန်ဖျက်ပြီး တခုတည်းသောညီညွတ်သော ဒီမိုကရေစီနိုင်ငံထူထောင်လိုတဲ့“ရေဒီကဲ(လစ်)”တွေနဲ့ နှစ်ပေါင်း ၃၀–ကျော်မျှ အငြင်းပွားမှုပဋိပက္ခမှုတွေ ဖြစ်ခဲ့ကြရပါတယ်။ အချို့ကင်တွန်တွေလဲ ခွဲထွက်ကုန်ကြပါတယ်။ ၁၈၄၆–ခုနှစ်မှာ ပြည်တွင်းစစ်ဖြစ်ပါလေရော အဲဒီအခါ “ဆွန်ဒါဘန်ကင်တွန်”တွေ အရေးရှုံးနိမ့်ပြီးခွဲထွက်တဲ့ပြည်နယ်တွေကို ကွန်ဖီဒရေးရှင်းထဲမှာ ပြန်လည်ဝင်ရောက်စေခဲ့တယ်။ ဒီအဖြစ်အပျက်ကို ရာဇဝင်မှာ ဆွစ်(စ်)အမျိုးသားညီညွတ်ရေးအောင်ပွဲအဖြစ်နဲ့ အသိအမှတ်ပြုခဲ့ကြတယ်။

အဲဒီလိုပြည်တွင်းစစ်ကြီးဖြစ်ရပြီးသည်မှစပြီး ၁၈၄၈–ခုနှစ်မှာ ဒိုင်းယက်ဟာ ယနေ့အ

E-book is created by *shanyoma*

ခြေခံဥပဒေကြီးကို စတင်ရေးဆွဲစေခဲ့တာဘဲ၊ အဲဒီအခြေခံဥပဒေဟာလဲ ရှေးမူနဲ့ခေတ်သစ်စုစည်းရေးမူနှစ်ခုကို စေ့စပ်ဖျန်ဖြေထားတဲ့ဥပဒေပါဘဲ။

အဲဒီဆိုဗီယက်ပြည်ထောင်စု ဥပဒေသစ်အစ နိဒါန်းမှာဘဲ "ဘုရားသခင်ရဲ့အလိုဆန္ဒအတိုင်း ပြည်နယ်ပေါင်းချုပ် မဟာမိတ်အဖွဲ့ဟုဆိုအပ်သော ဤဆွစ်(စ်)ကွန်ဖီဒရေးရှင်းသည် ဆွစ်(စ်)အမျိုးသားတို့၏ ဂုဏ်ကျက်သရေနှင့်တကွ ညီညွတ်ရေးအင်အားတောင်းတင်းရေးကို ထိန်းသိမ်းကာကွယ်ရန်အတွက် ဤဖီဒရယ်ကွန်စတီကျူးရှင်းကို ပြဋ္ဌာန်းလိုက်ပေသည်"လို့ ကွန်ဖီဒရေးရှင်းနဲ့ဖီဒရေးရှင်းကို စေ့စပ်ရောမွှေပြီး သူတို့ရဲ့ရာဇဝင်ဘဝဖြစ်စဉ်နဲ့ ကိုက်ညီအောင် လုပ်ဆောင်ထားတာကို တွေ့ရပါလိမ့်မယ်။

အဲဒီမှာလဲ ဆွစ်(စ်)ကွန်ဖီဒရေးရှင်းဟာ စကတည်းက အချုပ်အခြာအာဏာပိုင်ပြည်နယ်ကင်တွန်တွေအဖြစ်နဲ့ စတင်ဖွဲ့စည်းခဲ့ရာမှာ တဖြည်းဖြည်း စင်ထရယ်လိုက်ဇေးရှင်းဆိုတဲ့ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်ဆီသို့ ရွေ့လျားလာတာကို ကောင်းစွာ တွေ့ရပါလိမ့်မယ်။

ဆိုဗီယက်ပြည်ထောင်စုရာဇဝင်ဖြစ်စဉ်ကိုတော့ ပြောစရာ မလိုတော့ပါဘူး။ မဟာအောက်တိုဘာဆိုရှယ်လစ်တော်လှန်ရေးကြီးက စတင်ပေါက်ဖွားပေးခဲ့ခြင်းပါဘဲ။ ၁၉၁၈–ခုနှစ်၊ ကွန်စတီကျူးရှင်းအရ ရုရှားပြည်မကြီးကို အခြေခံပြီး ခေါင်းဆောင်ဖွဲ့စည်းခဲ့တာပါဘဲ။ ထို့နောက် ၁၉၂၄–ခု၊ ကွန်စတီကျူးရှင်းမှာ ပြည်နယ်လေးခုပါဝင်လာပြီး ၁၉၃၆–ခုမှာတော့ ၁၆–ပြည်ထောင်စုနယ်ဖြစ်လာပါတယ်။ ဆိုဗီယက်ယူနီယံရဲ့**ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်ဟာ အလုပ်သမားလူတန်းစား၊ နိုင်ငံရေးအာဏာပိုင်စနစ်နဲ့ဆိုရှယ်လစ်စီးပွားရေး လူမှုအဆောက်အအုံကြီးဘဲ ဖြစ်ပါတယ်။** ဒါကြောင့်လဲ တောင်ကြီးဦးထွန်းမြင့်တို့–ပြည်နယ်ညီညွတ်ရေးအဖွဲ့ကြီးက အလိုရှိတာတွေ အကုန်လုံးအပြင် လူမျိုးစုရေးရာပြဿနာများ ဖြေရှင်းရေးနဲ့ပတ်သက်လာလျှင် ကမ္ဘာမှာစံယူရလောက်အောင် အခွင့်အရေး လုံးဝအပြည့်အစုံထည့်သွင်းပြဋ္ဌာန်းထားနိုင်ခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ရေးသမတနိုင်ငံတွေ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတွေ၊ လူမျိုးစုဒေသတွေစသည်ဖြင့် လူမျိုးကြီးငယ်ပေါင်း(၁၈၁)မျိုး၊ ဘာသာစကားကြီးပေါင်း(၅၅)မျိုး၊ ကိုးကွယ်သည့်ဘာသာပေါင်း(၂၂)မျိုးကို တကယ်တန်းတူညီမျှဖွဲ့စည်းကြပြီး လောကနိဗ္ဗာန်ထူထောင်နေကြခြင်းဖြစ်ပါတယ်။ ဆိုဗီယက်နဲ့မြန်မာပြည်ထောင်စု နှစ်ပြည်ကလွဲရင် ကမ္ဘာမှာ ဘယ်ပြည်ထောင်စုမှာမှ မရှိတဲ့ ခွဲထွက်ပိုင်ခွင့်နဲ့တကွ လက်နက်ကိုင်တပ်များ ဖွဲ့စည်းခွင့်၊ နိုင်ငံတကာဆက်သွယ်ရေးမှာ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ကိုယ့်ကြမ္မာကိုယ် လုံးဝဖန်တီးရေးအတွက် စီမံကိန်းများရေးဆွဲဖေါ်ထုတ်ပိုင်ခွင့်စတဲ့ အခွင့်အရေးများ အပြည့်အဝရရှိစေပါတယ်။

ကမ္ဘာမှာရှိသေးတဲ့အခြားပြည်ထောင်စုများဆိုတဲ့ကနေဒါ၊ ဩစတြေလီးယား၊ တောင်အာဖရိကများ အကြောင်းတော့ အင်္ဂလိပ်ရှင်ဘုရင်သစ္စာခံ ဒိုမီနီယံပြည်ထောင်စုများဖြစ်တဲ့အတွက် ကျွန်တော် အထူးမပြောလိုတော့ပါဘူး။

အဲဒီတော့ ချုပ်လိုက်ရင် "ဗမာပြည်မကို အခြေခံပြီး ပြည်ထောင်စုဖွဲ့စည်းထားတာဟာ

E-book is created by *shanyoma*

နိုင်ငံတကာ ပြည်ထောင်စုများဖြစ်ပေါ် ပေါက်ပုံရာဇဝင်အရရင်း”ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေး စုစည်းချက်အတွက်ငရင်း၊ ဒီအချိန် ဒီအခါမှာ ဒီလိုကိုဘဲ ဖွဲ့ရဦးမယ်ဆိုဒါ **ဘဝကိုက ပေးတဲ့ ပစ္စည်း၊ ဘုရားကိုက ပေးတဲ့ပစ္စည်းပါဆိုတာ ထင်ရှားပါတယ်။**

ဒါပေမဲ့ ကမ္ဘာ့ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများနဲ့ဆန့်ကျင်ပြီး ဗမာပြည်မလူမျိုးစုကြီးက ပြည်နယ်များကို အနိုင်ကျင့်ထားတာလားလို့ အခြေခံဥပဒေကြောင်းအရဘဲ စစ်ဆေးကြည့်ကြရအောင်၊ (၁) ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ပြည်ထောင်စုပြည်သူ့လွှတ်တော်ကို လူဦးရေအချိုးအစားနဲ့ရွေးကောက်တင်မြှောက်စေပြီး ဗဟိုအစိုးရကို ရွေးချယ်ခြင်း၊ ဒီနေရာမှာ ပြည်ထောင်စုကို မည်သည့်နည်း မည်သည့်ပုံစံနဲ့ဖွဲ့စည်းသည်ဖြစ်စေ ဒေသအကျယ်အဝန်းနဲ့လူဦးရေအရ ပြည်မကို အခြေခံတဲ့ဗဟိုအစိုးရကိုသာ ထူထောင်ရမည့်အလားအလာရှိသည်ကို သတိပြုသင့်ပါတယ်။ (၂) လူမျိုးစုများအားလုံး၏ ညှိနှိုင်းသဘောတူချက်အရ လူမျိုးစုလွှတ်တော်ကို ရွေးကောက်ဖွဲ့စည်းခြင်း၊ (၃) ကမ္ဘာ့ဒီမိုကရေစီထုံးတမ်းအစဉ်အလာအရ ငွေဥပဒေကြမ်းမျိုးမှတပါး ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်တို့သည် ဥပဒေပြုရေးတွင် အာဏာတန်းတူဖြစ်ခြင်း၊ (၄) ကမ္ဘာ့ပြည်ထောင်စုအစိုးရတိုင်း ပြည်ထောင်စုညီညွတ်ရေးအတွက် အရေးတကြီးကာကွယ်ရမဲ့ ပြဋ္ဌာန်းချက် ၆–ရပ်အနက် တရပ်ဖြစ်သည့်လူမျိုးစုကြီးက လူမျိုးစုငယ်များကို မထိပါးနိုင်ရန် ပြည်ထောင်စုပြည်သူ့လွှတ်တော်က ရွေးချယ်သော ဗဟိုအစိုးရမှာ ပြည်နယ်ကောင်စီမှ ကိုယ်စားလှယ်များအား ပြည်ထောင်စုဝန်ကြီးများအဖြစ်နဲ့ ပူးပေါင်းဖွဲ့စည်းစေခြင်း၊ ညီတူညီမျှတာဝန်ရှိစေခြင်း၊ (၅) ပြည်နယ်ပြည်မနှင့်ပြည်နယ်များအချင်းချင်း ပဋိပက္ခများ မကျေလည်ချက်များကို ဥပဒေကြောင်းအရ လုံးဝလွတ်လပ်စွာ ဖြေရှင်းအဆုံးအဖြတ် ပြုနိုင်ရန်အတွက် တရားလွှတ်တော်ချုပ်သို့ အာဏာပေးအပ်ထားခြင်း၊ (၆) ပြည်ထောင်စုပါလီမန်မှ သုံးပုံနှစ်ပုံ သဘောတူညီချက်ရမှသာ အခြေခံဥပဒေကို ပြင်ဆင်နိုင်ခြင်း၊ (၇) ရာဇဝင်အစဉ်အလာအရ ရှမ်းပြည်ကဲ့သို့သော ပြည်နယ်အား ခွဲထွက်ခွင့်ကို မူအားဖြင့် အပ်နှင်းထားခြင်းဟူ၍ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ရဲ့ပြည်ထောင်စုဖွဲ့စည်းပုံဟာ “မူ”အရ “ပုံစံ”အရ ကမ္ဘာ့ဒီမိုကရေစီအစဉ်အလာနဲ့ကိုက်ညီကြောင်းကိုသာ အလေးအနက် ပြောဆိုနေခြင်းဖြစ်ပါတယ်။ ဗဟိုပြည်ထောင်စုအစိုးရရဲ့အာဏာကို လက်တွေ့ကိုင်တွယ်ကျင့်သုံးနေကြတဲ့ပုဂ္ဂိုလ်ပါတီအဖွဲ့အစည်းအင်အားစုတို့ရဲ့သဘောထားမှား လုပ်ရပ်မှားကြီးတွေအတွက်တော့ ကျွန်တော်တို့ပြည်သူတွေက တာဝန်မခံနိုင်ပါဘူး။ ဒါက (Subjective Factor) လို့ဆိုတဲ့ကတ္တားပိုင်းဆိုင်ရာ ပြဿနာဖြစ်ပါတယ်။ ဒါမျိုးကျတော့ နိုင်ငံရေးအရ ရဲရဲတင်းတင်း စာရင်းရှင်းပစ်ရမည်ဖြစ်ပါတယ်။

သာဓကအားဖြင့် ပထမအစိုးရတက်ပြီးနောက် မလုံလောက်တဲ့အကြောင်းတခုပြပြီး ပြည်မကကင်ဘိနက် ပြည်နယ်လူမျိုးစုကကင်ဘိနက်ရယ်လို့ ခွဲခြစိတ်ပစ်ခဲ့ခြင်းဟာ ကာယကံမြောက်အားဖြင့် ဗဟိုပြည်ထောင်စုအာဏာနဲ့ ဗဟိုပြည်ထောင်စုညီညွတ်ရေးကို ခွဲစိတ်ပစ်လိုက်ခြင်းပင်ဖြစ်တဲ့အတွက် ကျွန်တော်တို့များစွာ စိတ်နာခဲ့ပါတယ်။ သို့သော်လဲ ကြိတ်မှိတ်ပြီးခံလိုက်ရပါတယ်။

E-book is created by *shanyoma*

အဲဒီတော့မှ ပဌမကွဲလွဲချက်နေရာက ပြည်မကို အခြေခံပြီး ပြည်ထောင်စုဖွဲ့စည်းခြင်းဟာ ရာဇဝင်ဖြစ်စဉ်နဲ့ဘဝအခြေအနေအရ မှန်ကန်ကိုက်ညီတယ်လို့ ကျွန်တော်တို့က ရိုးသားစွာ ယုံကြည်ယူဆတယ်။ ပြည်ထောင်စုတိုင်းရဲ့**ဗဟိုခေါင်းဆောင်မှုနဲ့ညီညွတ်ရေးစုစည်းချက်**အဖြစ်နဲ့ အခုအချိန်အခါမှာ အလွန်အဖိုးတန်တဲ့စီမံချက်တရပ် ဖြစ်တယ်လို့ ကျွန်တော်တို့က အလေးအနက်ခံယူတယ်။ ကျွန်တော်တို့မှာ ပြည်နယ်ခေါင်းဆောင်များရဲ့ဖီဒရယ်စစ်စစ်အဆိုပြုချက်တွေကို နားထောင်ရင်း လေ့လာရင်းနဲ့ အမေရိကန်ဆွိဇာလန်ပြည်ထောင်စုတို့ရဲ့ရာဇဝင်အစက အလွန်လျော့ရဲတဲ့ကွန်ဖီဒရေးရှင်းပုံစံတွေကို မြင်ယောင် ကြားယောင်ခံစားမိပါတယ်။

ပြည်နယ်ညီနောင်ခေါင်းဆောင်ကြီးများက လက်ရှိဒီပုံဖွဲ့စည်းထားခြင်းဟာ ပြည်မက ပြည်နယ်လူမျိုးစုတွေကို ချုပ်ခြယ်လွှမ်းမိုးထားတယ်လို့ ယုံကြည်တယ်၊ ဒီလိုဖြစ်နေပါတယ်။

ဒုတိယကွဲလွဲချက်နေရာက ရပ်တည်မှု ခြားနားနေချက်ဘဲ ဖြစ်ပါတယ်။ (Stand point) လို့ဆိုလိုပါတယ်။ ဆိုလိုရင်းကတော့ ကျွန်တော်တို့က ပြည်ထောင်စုံအတွင်း လူမျိုးစုရေးရာနဲ့ပတ်သက်လို့ ဒီကနေ့ လက်ငင်းပြဿနာ (Order of the day) ဟာ ပြည်မကို ပြည်နယ်ဖွဲ့ရန် မဟုတ်သေး ပြည်နယ်ရထိုက်သော လူမျိုးစုများ ပြည်နယ်ရရေးနဲ့ ပြည်နယ်ရရှိပြီး လူမျိုးစုများ လုံးဝကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိမှု မြှင့်တင်ရေးဘဲလို့ ယူဆတယ်။ ပြည်နယ်ခေါင်းဆောင်များကတော့ မိမိတို့ဘဝ ရပ်တည်မှုပေါ်မှာ အခြေမခံဘဲ အားလုံးသော ပြဿနာတွေဟာ ပြည်မကို ပြည်နယ်တခု လုပ်လိုက်ရင် ကိစ္စအေးကုန်မယ်လို့ယူဆတယ်။ အဲဒီလို ရပ်တည်မှုမှာလဲ ခြားနားနေပါတယ်။

တတိယကွဲလွဲချက်ကတော့ "ပြဿနာချဉ်းကပ်ပုံ"ခြားနားချက်ဘဲ ဖြစ်ပါတယ်။ (Question of Approach) လို့ဆိုလိုပါတယ်။ ကျွန်တော်တို့က လူမျိုးစုပြဿများနှင့်တကွ ပြည်ထောင်စုတခုလုံး သောင်မတင် ရေမကျနဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးမှစ၍ အကြပ်အတည်းဆိုက်နေရတာတွေ မပြေလည်မှုတွေဟာ နယ်ချဲ့ပယောဂတွေနဲ့ ပြည်တွင်းစစ်ပဋိပက္ခတွေကို မရှင်းမလင်းနိုင်သမျှ ဆက်လက်ခံစားနေရဦးမယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဒီပြဿနာတွေ ဖြေရှင်းရေးဟာ လက်ငင်းပဌမ၊ ပြဿနာအဝဝ ငြိမ်းချမ်းညီညွတ်စွာ ဖြေရှင်းရေးဟာ ဒုတိယလို့ ကျွန်တော်တို့က ချဉ်းကပ်ပါတယ်။ ပြည်နယ်ညီနောင်ရဲဘော်ကြီးများက ပြည်ထောင်စုစစ်စစ်မူအရ ကိုယ့်ခြံကိုယ်ခတ်ကြရေးသည် ပဌမ၊ ပြဿနာအဝဝ နောက်ကျမှ တန်းတူရည်တူ ဖြေရှင်းရေးသည် ဒုတိယလို့ ယူဆကြပါတယ်။ အဲဒီလို ချဉ်းကပ်ပုံမှာလဲ ခြားနားနေပါတယ်။

အဲဒီလိုခြားနားကွဲလွဲချက်များဟာ (၃)နေရာမှာ တွေ့ရှိခံစားလာရပါတယ်။ ဒါတွေကိုလဲ ကျွန်တော်တို့နဲ့ပြည်နယ်ခေါင်းဆောင်များဟာ အပြန်အလှန် တဦးနဲ့တဦး ညီရင်းအစ်ကို မိသားစုစိတ်ဓာတ်နဲ့ ဆန္ဒတူ သဘောပေါက်ကြစေရန် ကူညီကြိုးပမ်းကြရမည်ဖြစ်ပါတယ်။ ကျွန်တော်တို့ကိုလဲ ကူညီကြိုးပမ်းကြပါလို့ မေတ္တာရပ်ခံပါတယ်။

သဘာပတိကြီးခင်ဗျား – ပြည်ထောင်စုစစ်စစ်ဆိုတဲ့မူဟာ အခုလို အခြေအနေမျိုးမှာ ဘယ်နည်းနဲ့မှ မသင့်တော်သေးကြောင်း ပြည်တွင်းပြည်ပရေးရာ ရှုဒေါင့်များနဲ့နိုင်ငံတကာအ

E-book is created by *shanyoma*

ခြေခံဥပဒေများမှ ကျွန်တော်တို့အကြောင်းပြ ကန့်ကွက်ခဲ့ပါပြီ ညှိနှိုင်းခဲ့ပါပြီ။

ကျွန်တော်တို့ကို စာဒကတက်စရာ တခုကျန်ပါလိမ့်မယ်။ ဒါဖြင့်ရင် ပြည်ထောင်စုစစ်မှုဟာ ဗမာပြည်ထောင်စုနဲ့ဘယ်တော့မှ မထိုက်တန်တော့ဘူးလားလို့ မေးစရာရှိပါတယ်။ မြန်မာပြည်ထောင်စုရဲ့ အနာဂတ်ရာဇဝင်တကွေ့မှာ ပြည်မပြည်နယ် အားလုံးတကယ်တန်းတူညီမျှအပြည့်အဝအကောင်အထည်ဖေါ်နိုင်ကြမယ့် ကာလကို မုချတွေ့ရပါလိမ့်မယ်။ ၎င်းကာလကတော့ **မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံတော်ကို** ထူထောင်နိုင်ကြတဲ့ကာလဘဲ ဖြစ်ပါတယ်။ လူတဦးနဲ့တဦး တတန်းစားနဲ့တတန်းစား လူမျိုးစုတခုနဲ့တခု ပြည်နယ်တခုနဲ့တခု နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားဖြင့် လုံးဝခေါင်းပုံဖြတ်သွေးစုပ်မှုကင်းတဲ့ဆိုရှယ်လစ်လူမှုအဆောက်အအုံကို ထူထောင်နိုင်ကြတဲ့အခါမှာ ယနေ့ဆိုဗီယက်ပြည်ထောင်စုသမတနိုင်ငံမှာကဲ့သို့ ပြည်နယ်အားလုံး လူမျိုးစုအားလုံးတို့ဟာ တကယ့်တန်းတူညီမျှ အခြေခံပေါ်မှာ အစွမ်းကုန်လွတ်လပ်စွာ တိုးတက်မှုရှိမည်မှာ မုချပါဘဲ။ **ဆိုရှယ်လစ်ပြည်ထောင်စုစနစ်**အတွင်းမှာ လူမျိုးစုအားလုံးတို့ ဘယ်ကဲ့သို့ တန်းတူညီမျှအပြည့်အဝရှိတယ်ဆိုတာ ဆိုဗီယက်ယူနီယံဟာ ဘယ်ရန်သူ ဘယ်မိတ်ဆွေကမှ အငြင်းမတွက်နိုင်တော့ဘဲ ကမ္ဘာ့လက်တွေ့ သက်သေပြချက်ကြီးအဖြစ်နဲ့ရပ်တည်လျက်ရှိပါတယ်။ အဲဒီလို ထူထောင်ရမယ့် **ပြည်ထောင်စုစစ်စစ်**ဆိုရင် ကျွန်တော်တို့ ဘာမှအငြင်းပွားစရာလဲ မလိုတော့ဘူး။ တမျိုးသားလုံးရဲ့လူမှုတော်လှန်ရေး တိုးတက်မှုဖြစ်စဉ်အတွင်းက သဘာဝကျကျပေါ်ထွက်လာမဲ့ ဆိုရှယ်လစ် ပြည်ထောင်စုဖြစ်တဲ့အတွက်ကြောင့် ရာဇဝင်ကိုက ပေးအပ်လာတဲ့ပြည်ထောင်စုစစ်စစ်ကြီး ဖြစ်ပါလိမ့်မယ်။ ဆိုလိုရင်းက ယနေ့ ကျွန်တော်တို့ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံဟာ အမျိုးသားတော်လှန်ရေးကြီးက သဘာဝကျကျညီညွတ်စွာ သီးပွင့်ပေါက်ဖွားပေးခဲ့သကဲ့သို့ အနာဂတ်ဆိုရှယ်လစ်တော်လှန်ရေးကြီးကလဲ အနာဂတ်ဆိုရှယ်လစ်ပြည်ထောင်စုစနစ်ကို သဘာဝကျကျ ပေါက်ဖွားသီးပွင့်ပေးပါလိမ့်မယ်။

ဆိုခဲ့တဲ့ဆိုရှယ်လစ်ပြည်ထောင်စုစနစ်ကို ငြိမ်းချမ်းစွာပင် ကူးပြောင်းထူထောင်နိုင်ရန် ပြည်တွင်းပြည်ပ အလားအလာများကနေ ပြပါသဖြင့် ထိုကာလသည် မဝေးတော့ပြီလို့ယူဆယုံကြည်လျက် ရှိပါတယ်။ ယနေ့ပြည်ထောင်စုလူငယ်တို့ရဲ့လူသား**အဆက်တဆက်**မှာဘဲ မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံတော်ဟာ မုချဖြစ်ပေါ်ရတော့မယ်လို့ ကျွန်တော်တို့ ယုံကြည်မျှော်လင့်လျက်ရှိနေပါတယ်။ ယနေ့ ကျွန်တော်တို့ ပြည်မ–ပြည်နယ်ရှိပြည်သူအားလုံးတို့ဟာ ဆိုရှယ်လစ်ပြည်ထောင်စုကို ဦးတည်ချီတက်ရင်း အမျိုးသားဒီမိုကရေစီထူထောင်ရေး လုပ်ငန်းစဉ်များကို လက်ညီတက်ညီနဲ့ အစွမ်းကုန်ကြိုးပမ်းတည်ဆောက်ရန်သာ လက်ငင်းအရေးကြီးဖြစ်ပါတယ်လို့ လေးစားစွာ တင်ပြလိုပါတယ်။

သဘာပတိကြီးခင်ဗျား – ကျွန်တော်တို့ကို စာဒကတက်စရာတခုကျန်ပါလိမ့်မယ်။ ထိုအချက်ကတော့ လက်ရှိပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လက်ရှိအခြေအနေနဲ့ အတွေ့အကြုံများအရ ဘာမျှပြင်စရာမလိုတော့ဘူးလားလို့ မေးစရာရှိပါတယ်။ အဖြေကတော့

E-book is created by *shanyoma*

လက်ရှိအဓိကအနေအထားနဲ့ပုံစံအတွင်းမှာ ပြင်ဆင်စရာတွေ အတော်ဘဲရှိပါလိမ့်မယ်။ ဒါတွေနဲ့ပတ်သက်လို့ ရာဇဝင်ကြောင်းနဲ့တကွ လိုက်နာပြုပြင်အပ်တဲ့အခြေခံမူများကို ကျွန်တော်တို့ရဲ့ **လူမျိုးရေးရာအကြံပေးစာတမ်းမှာ ထည့်သွင်းဖေါ်ပြထားပါတယ်။ ထိုအကျယ်စာတမ်းကို သဘာပတိကြီးနဲ့တကွ လူမျိုးစုကိုယ်စားလှယ်တော်များအားလုံးကို ကျွန်တော်ချစ်ခင်ရင်းနှီးစွာ ဝေငှကမ်းလှမ်းမယ်ဖြစ်ပါတယ်။**

သို့သော်လည်း ဒီနေရာမှာ အရေးကြီးတဲ့အချက်အချို့ကို ဖေါ်ထုတ်တင်ပြလိုပါတယ်။

**ယနေ့ပြဿနာဟာ ပြည်မရေးယာကို ပြည်နယ်တခုဖွဲ့ရေးတောင်းဆိုရန် မဟုတ်သေး၊ ပြည်နယ်ရထိုက်သောလူမျိုးစုများ ပြည်နယ်ရရှိရေးနဲ့ ရရှိထူထောင်ပြီး ပြည်နယ်များအားလုံး တန်းတူညီမျှ အခြေတွင် ရပ်တည်စေပြီး ကိုယ်ပိုင်အုပ်ချုပ်မှု အခွင့်အရေးများ အပြည့်အဝရရှိစေရေးသာ အဓိကဖြစ်ပါတယ်။**

ၡင်းအတွက်–

(၁) ပြည်ထောင်စုဗဟိုအစိုးရတွင် ပြည်နယ်ကိုယ်စားလှယ်များအား ပြည်ထောင်စုတာဝန်ခံများအဖြစ် အာဏာအပြည့်အစုံ ရရှိထမ်းရွက်စေရေး၊

(၂) ပြည်ထောင်စုနှင့်ပြည်နယ်များ အာဏာခွဲဝေရေး၌ ပြည်နယ်များ၏လုံးဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးမူအပေါ်တွင် တိကျပြတ်သားမှု ရရှိစေရေး၊

(၃) ပြည်ထောင်စုနဲ့ပြည်နယ်များအတွင်းရှိ သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ရေးတွင် ပြည်ထောင်စုအခြေခံပြည်နယ်အခြေခံဟူ၍ ခွဲခြားပြီး စီမံကိန်းများနှင့်စနစ်တကျဆက်စပ်လုပ်ဆောင်စေရန် ၎င်းအတွက် ပြည်ထောင်စုစီမံကိန်းကော်မရှင် ပြည်နယ်အလိုက် စီမံကိန်းကော်မရှင်များကို ဥပဒေအရ အခိုင်အမာဖွဲ့စည်း၍ ဆက်စပ်လုပ်ဆောင်သွားရေး၊

(၄) ပြည်ထောင်စုတိုးတက်ကြီးပွားမှု ရံပုံငွေတရပ်ဖွင့်လှစ်၍ တရားဝင်ထည့်ဝင်ခြင်း – တရားဝင်ထုတ်ယူသုံးခြင်းတို့ပြုလုပ်စေရန်နဲ့ ၎င်းအပြင် ပြည်ထောင်စုက ပြည်နယ်များသို့ ပြည်မ၏ အထူးထောက်ပံ့ငွေများ၊ သီးခြားပေးအပ်ရေး။

(၅) ပြည်ထောင်စုဝန်ထမ်းအဖွဲ့ ပြည်နယ်ဝန်ထမ်းအဖွဲ့ဟူ၍ သီးခြားထားရှိရေးနဲ့ထိန်းချုပ်ပြုပြင်ရေး၊

(၆) ဂျပန်စစ်လျော်ကြေးနှင့်တကွ နိုင်ငံခြား အကူအညီအထောက်အပံ့များကို ပြည်နယ်များအမြန်ဆုံး တိုးတက်ကြီးပွားရေးအတွက် ပြည်မထက် အထူးအခွင့်အရေး ပိုမိုခံစားခွင့်ပေးရေး၊

E-book is created by *shanyoma*

(၇) ပြည်နယ်ကောင်စီများကို ပြည်နယ်ဥပဒေပြုလွှတ်တော်အဆင့်အတန်းသို့ မြှင့်တင်ပေး၍ ပြည်နယ်ဥက္ကဋ္ဌများကို လွတ်လပ်စွာ ရွေးကောက်တင်မြှောက် ခွင့်ပြုရေး၊

(၈) ပြည်နယ်ဆိုင်ရာ ဘတ်ဂျက်များသီးသန့်လုပ်ဆောင်ပြဋ္ဌာန်းခွင့်ရရှိစေရေးနှင့်ပြည်ထောင်စုနှင့် ပြည်နယ်အခွန်တော်ခွဲဝေရေးတွင် အတိအကျညှိနှိုင်းသတ်မှတ်စေရေး၊

(၉) လက်ရှိပြည်ထောင်စု ဥပဒေပြုစာရင်း၌ မြေယာ၊ သစ်တော၊ သတ္တုတွင်း၊ ရေနံတွင်းများ စက်မှုလက်မှုထုထောင်ရေးများနှင့် အခြားညှိနှိုင်းရရှိသော ဘာသာရပ်များကို ပြည်နယ်–ပြည်မစု ပေါင်းသက်ဆိုင်သော တတိယစာရင်းတွင် ထည့်သွင်းရန်နှင့်ပြည်နယ်တိုင်းသည် အထက်ပါလုပ်ငန်းများတွင် ဗဟိုပြည်ထောင်စုအစိုးရ၏ ဝါဒနှင့်မဆန့်ကျင့်လျှင် လွတ်လပ်စွာ လုပ်ဆောင်ခွင့် အကျိုးခံစားခွင့်ရရှိစေရေး၊

(၁၀) အလုပ်သမား အခွင့်အရေး၊ မြေယာစံနစ်ပြုပြင်ရေး၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးစံနစ်ထူထောင်ရေးလုပ်ငန်းများတွင် ပြည်နယ်တိုင်းသည် ဗဟိုပြည်ထောင်စုအစိုးရ၏ စီးပွားရေး၊ လူမှုရေးစသောဘုတ်နှင့်ကော်ပိုရေးရှင်းများတွင် ပြည်နယ်ကိုယ်စားလှယ်များသည် တန်းတူရည် တူပါဝင်ခွင့်ရရှိစေရေး၊

(၁၁) ပြည်နယ်များတွင် ဗဟိုပြည်ထောင်စုအစိုးရ၏ ဝါဒနှင့်အညီ အသိပညာတိုးတက်ရေးအတွက် လူမျိုးစုဘာသာအလိုက် သီးခြားအသံလွှင့်ရုံများ ထူထောင်ခွင့်ရရှိစေရေး၊

(၁၂) ပြည်နယ်တိုင်း ပဒေသရာဇ်ဖိနှိပ်ချုပ်ချယ်မှု လူမျိုးကြီးဝါဒဖိနှိပ်ချုပ်မှု စစ်ဝါဒဖိနှိပ်ချုပ်ချယ်မှုများကို ဖယ်ရှား၍ ဒီမိုကရေစီဘဝကို ပြည့်ဝစွာ ဖြည့်တင်းပေးရေးနှင့်၊

(၁၃) အရေးအကြီးဆုံး ညှိနှိုင်းရမည့်အခြေခံအချက်တရပ်မှာ အနာဂတ်တွင် မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံထူထောင်ရေးအတွက် လက်ရှိအခြေခံဥပဒေနှင့်ပြည်နယ်ဆိုင်ရာ အခြေခံဥပဒေများတွင် တိကျပြတ်သားသောရည်ညွှန်းချက်များကို အပြည့်အစုံထည့်သွင်းပြဋ္ဌာန်းပေးရေးဟူ၍ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား – လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြင်ဆင်ရန်လိုအပ်သော အချက်အချို့ကို ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ ကျန်ကြွင်းသော အချက်များ မူများမှာ ကျွန်တော်တို့ ဝေငှထားသော စာတမ်းအကျယ်တွင် တွေ့ရှိနိုင်ပါတယ်။

E-book is created by *shanyoma*

ထို့အပြင် ဗဟိုပြည်ထောင်စုအစိုးရက ပြည်နယ်များ၏ အစိုးရအာဏာကို အရေးတကြီး အခြေအနေများတွင် သိမ်းယူနိုင်ခွင့်နှင့်ပတ်သက်၍ ယခုအစိုးရက ပြင်ဆင်ရန် ကြံရွယ်ထားချက်များနှင့်ပတ်သက်၍ ကျွန်တော်တို့ လုံးဝသဘောမတူနိုင်ပါ၊ အထင်မှား အမြင်မှား ဖြစ်စရာတွေဖြစ်လာပါလိမ့်မယ်၊ လက်ရှိအခြေခံဥပဒေမှာရှိတဲ့ပုဒ်မ ၉၄–အရအတိုင်းပင် ဆက်လက်ထားရှိသင့်သည်ဟု ယူဆပါတယ်။

ထို့အပြင် ပြည်နယ်များခွဲထွက်ခွင့်ရရှိရေးမူနှင့်ပတ်သက်၍ မူအားဖြင့် ပြည်ထောင်စုအဂ်ါနဲ့အညီ အသိအမှတ်ပြုပါတယ်။ ကမ္ဘာမှာတော့ ဆိုဗီယက်ယူနီယံနဲ့မြန်မာပြည်မှာဘဲ ရှိပါတယ်၊ သို့သော်လဲ ယနေ့ပြည်တွင်းပြည်ပအခြေအနေများအရ ထိုအခွင့်အရေးကို လက်တွေ့အသုံးပြုရန် မည်သည့်နည်းနှင့်မျှ မလျော်ကံသေးကြောင်း အားလုံးသဘောပေါက်လက်ခံနိုင်ပြီးဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ထိုပြဿနာနဲ့ပတ်သက်ပြီး ပြည်ထောင်စုနဲ့ပြည်နယ်များ အပြေအလည်ဆွေးနွေးညှိနိူင်းကြပြီး ပြည်ထောင်စုတခုလုံး အခိုင်အမာ စုစည်းညီညွတ်နိုင်ရေးအတွက် အစွမ်းကုန်ကာကွယ်စောင့်ရှောက်ကြရန် အထူးဘဲ မေတ္တာရပ်ခံအပ်ပါတယ်။

သဘာပတိကြီးခင်ဗျား – နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ ပ–မ–ည–တ၏ သဘောထားများကို အောက်ပါအတိုင်း လိုရင်းကို ဒွဲဒိုးထပ်မံ တင်ပြပါရစေ။

(၁) ယနေ့ပြည်တွင်းပြည်ပ အခြေအနေများအရ ပြည်ထောင်စုစစ်စစ်ဆိုသည့်မူကို ထူထောင်လျှင် ကွန်ဖီဒရေးရှင်းဆန်ဆန်ဖြစ်လာပြီး ပြည်ထောင်စုညီညွတ်ရေးထက် တစတစအားဖြင့် ပြည်ထောင်စုပြိုကွဲရေးကိုသာ အားပေးရာရောက်လိမ့်မယ် ဒါကြောင့် ကျွန်တော်တို့ သဘောမတူပါ။

(၂) ယနေ့ပြည်ထောင်စုဖွဲ့စည်းခဲ့သည့် (၁၄)နှစ်သက်တမ်းအတွင်းမှာ နယ်ချဲ့သမားတို့၏ ပယောဂအုပ်စိုးသူတို့၏ သဘောထားမှား၊ လုပ်ချက်မှားတို့ကြောင့် ပြည်နယ်လူမျိုးစုများတွင် ပြည်သူအားလုံးနှင့်အတူ များစွာနစ်နာနေရသည်ကို အထူးလှိုက်လှဲစွာ အသိအမှတ်ပြုပါသည်။ အလေးအနက် နားကြည်းပါသည်။ ၎င်းအတွက် ယခုပြည်ထောင်စုဖွဲ့စည်းပုံ ပုံစံအတွင်းမှာပင် အစွမ်းကုန် လိုက်လျောညှိနှိုင်းပြင်ဆင်ပေးရန် လုံးဝသဘောတူပါသည်။

(၃) ယနေ့ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်စံနစ်အခြေခံပြည်ထောင်စုစစ်စစ်နဲ့ အရင်းရှင်စံနစ်အခြေခံ ပြည်ထောင်စုစစ်စစ်ဟူ၍ ရှိပါသည်။ ၎င်းတွင် လူတဦးနှင့်တဦး လူတန်းစားတရပ်နှင့်တရပ် လူမျိုးစုတခုနှင့်တခု ပြည်နယ်တခုနှင့်တခု ဖိနှိပ်သွေးစုပ်မှုရှိနေသော အရင်းရှင်စံနစ်ကို အခြေခံသည့် ပြည်ထောင်စုစစ်စစ်ဆိုသည်မှာ ပုံစံအားဖြင့်သာစစ်၍ အနှစ်သာရအားဖြင့်ကား **အတု**သာဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုရာဇဝင်နှင့်တကွ အခြားအရင်းရှင်ပြည်ထောင်စုရာဇဝင်က ကမ္ဘာတွင် ကောင်းစွာ သက်သေခံနေပြီးဖြစ်ပါသည်။ ဒါကြောင့် ပြည်ထောင်စုစစ်စစ်ကို ပုံစံရော

E-book is created by *shanyoma*

အနှစ်သာရပါ တကယ်အလိုရှိပါလျှင် **မြန်မာပြည်ထောင်စုဆိုရှယ်လစ်သမတနိုင်ငံထူထောင်ရေး ဆီသို့**သာ ဦးတည်ချီတက်ကြပါဟု အလေးအနက် တိုက်တွန်းပါသည်။ လသာတုန်း ဗိုင်းငင်ဆို သည့်စကားအရ ပြည်တွင်းပြည်ပအခြေအနေများကလဲ ထိုပန်းတိုင်သို့ ပို့ဆောင်လျက်ရှိနေသည် ကို တညီတညွတ်စုပေါင်းအသုံးချရန် ဖြစ်ပါသည်။

(၄) ယခုကျင်းပလျက်ရှိတဲ့လူမျိုးပေါင်းစုံ ညှိနှိုင်းဖလှယ်ရေးပွဲကြီးကို အပြန်အလှန် လွတ်လပ်စွာ ညှိနှိုင်းဖလှယ်ရေးပွဲအဖြစ်နဲ့သာ အသိအမှတ်ပြုပါသည်။ တဦးနဲ့တဦး အကြပ်ကိုင်၍ တစုံတခု သော အဆုံးအဖြတ်ကို ရောက်အောင် လုပ်ရမည်၊ လုပ်နိုင်မည်ဟူ၍ မယုံကြည်ပါ၊ လက်မခံပါ။ ၁၉၄၇–ခု၊ ပင်လုံစာချုပ်ညီလာခံကြီးပြီးနောက် ယခုတကြိမ်သာ မျက်နှာချင်းပြန်ဆိုင်ရသည်ကို တခါဆက်ဆံ ဆယ်ခါလှန် မဖြစ်စေဘဲ အပြေအလည် အထပ်ထပ် အပြန်ပြန် ညှိနှိုင်းရေးတွင်သာ အဆုံးသတ်သင့်ပါသည်။ ဒီနှီးနှောဖလှယ်ရေးပွဲကြီးကိုလဲ အဖက်ဖက် မျှတတဲ့အစီအမံတွေနဲ့ သ ဘောထားကြီးကြီးထားပြီး ကျင်းပကြရန် ဖြစ်ပါတယ်။

(၅) ထိုဆွေးနွေးညှိနှိုင်းချက်များကို ဆိုင်ရာဆိုင်ရာတို့တွင် ပြန်လှန်သုံးသပ်ကြပြီးနောက် ၁၉၆၃ –ခုနှစ်ဦးတွင် ပြည်ထောင်စုညီညွတ်ရေးညီလာခံသဘင်ကြီးတခု ထပ်မံကျင်းပ၊ ထပ်မံညှိနှိုင်းကြ ပြီးနောက် အစုံအညီ တက်ရောက်ကြစေခါ ဆုံးဖြတ်ချက်များ ချမှတ်သင့်ပါသည်။ ဒါဟာ ကျွန် တော်တို့ရဲ့ လိုရင်းသဘောထား ၅–ရပ် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား – ယခုလို တိုင်းရင်းသားပေါင်းစုံသွေးချင်းသားချင်းများစုံညီ ဆွေးနွေးညှိနှိုင်းရေးသဘင်ကြီးမှာ ပ–မ–ည–တအဖွဲ့ကြီးရဲ့ကိုယ်စား ဆွေးနွေးညှိနှိုင်းခွင့်ရရှိပါ သဖြင့် သဘာပတိကြီးနှင့်တကွ အားလုံးသောညီတော်နောင်တော် အပေါင်းတို့အား အထူးလှိုက် လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း အစီရင်ခံရင်း နိဂုံးချုပ်ပါသည်ခင်ဗျား။

**တိုင်းရင်းသားပေါင်းစုံ သွေးစည်းညီညွတ်ကြစို့**

**ဆိုရှယ်လစ်စံနစ် ပြည်ထောင်စုစစ်စစ်သို့ ချီတက်ကြစို့**

ပ–မ–ည–တ ဌာနချုပ်

E-book is created by ***shanyoma***

# နောက်ဆက်တွဲ ၁

E-book is created by ***shanyoma***

# ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ချုပ်

# ၏

# ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း

# ဥပဒေ

E-book is created by *shanyoma*

E-book is created by *shanyoma*

### ပြည်နယ်များညီညွတ်ရေးအဖွဲ့ချုပ်၏

# ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေ

### "နိဒါန်း"

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ကျွန်ုပ်တို့ပြည်နယ်သူ ပြည်နယ်သားများတို့သည် လွတ်လပ်သော ကျွန်ုပ်တို့၏နိုင်ငံတော်ကို အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရန်သော်၎င်း၊ ပြည်ထောင်စုသူ ပြည်ထောင်စုသားအပေါင်းတို့မှာ ညီရင်းအစ်ကို ချစ်ခင်ရင်းနှီးမှုကို အစဉ်ထာဝရ ရရှိစေရန်သော်၎င်း၊ တရားမျှတခြင်း လွတ်လပ်ခြင်း ညီမျှခြင်းတည်းဟူသော လောကပါလတရားများတို့ကို အခြေပြု၍ ငြိမ်းချမ်းသာယာရေးကို ခိုင်မြဲတည်တံ့အောင် ထိန်းသိမ်းရန်သော်၎င်း၊ အဆင့်အတန်း ညီမျှမှု အခွင့်အလမ်းညီမျှမှု တရားဥပဒေတွင် ညီမျှမှုတို့ကို နိုင်ငံတော်သားများ သာတူညီမျှခံစားမှု ရရှိရန်သော်၎င်း၊ ဒီမိုကရေစီထွန်းကားရေးကိုသော်၎င်း သန္နိဋ္ဌာန်ချလျက် (၁၉၄၇)-ခုနှစ်ကအစပြု၍ ပေါ်ပေါက်လာသော တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ကြီးကို ကျွန်ုပ်တို့ ရှမ်း၊ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ ရခိုင်၊ ပြည်နယ်ပေါင်းစုံကိုယ်စားလှယ်များတို့သည် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့အဖြစ်ဖြင့် ၁၉၆၁-ခုနှစ်၊ ဇွန်လ ၁၆-ရက်နေ့ (၁၃၂၃-ခုနှစ် ပဌမဝါဆိုလဆန်း ၄-ရက်)သောကြာနေ့၌ အတည်ပြုပြဋ္ဌာန်းလိုက်ပါကြောင်း။

× × × × × × ×

# ပြည်နယ်များ ညီညွတ်ရေးအဖွဲ့
# ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေ
# အခဏ်း(၁)
# (အမည် တည်ရာဌာနနှင့်ရည်ရွယ်ချက်)

၁။ အဖွဲ့အမည်

"ပြည်နယ်များ ညီညွတ်ရေးအဖွဲ့"ဟု ခေါ်တွင်စေရမည်။

ပြည်နယ်များ။ ။အဓိပ္ပါယ်ပိုင်းခြားဖော်ပြချက်။

ပြည်နယ်များဆိုသည်မှာ ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်တွင်းရှိ ရှမ်း၊ ကယား၊ ကရင်၊ ကချင် စသော ပြည်နယ်များအပြင် ပြည်နယ်ရရှိထိုက်သော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့်ပြည်နယ်ရရှိဆဲ ရရှိလတ္တံ့သော မွန်ဒေသ၊ ရခိုင်ဒေသနှင့်ချင်းဝိသေသတိုင်းတို့လည်း ပါဝင်သည်။ ၎င်းအပြင် အနာဂတ်ကာလတွင် ပေါ်ပေါက်လာမည်ဖြစ်သော ပြည်နယ်များတို့လည်း ပါဝင်နိုင်သည်။

၂။ တည်ရာဌာန

ဤအဖွဲ့ဌာနချုပ်ရုံးကို "ရန်ကုန်မြို့"တွင် ထားရှိရမည်၊ သို့သော် လုပ်ငန်းဆောင်ရွက်ရန် လွယ်ကူစေခြင်းငှာ အမှုဆောင်အဖွဲ့၏ သဘောဆန္ဒအရ အဖွဲ့ဝင်ပြည်နယ်မြို့တော်တခုခု၌ ထားရှိနိုင်သည်။ ပြည်နယ်တိုင်း၌ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့(ဌာနခွဲ)တခုစီ ထားရမည်။

၃။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့တံဆိပ်

တံဆိပ်မှာ အောက်ပါအတိုင်း ရေးဆွဲရမည်။ စက်ဝိုင်းနှစ်ထပ်၌ အပြင်စက်ဝိုင်းနှင့်ဒုတိယစက်ဝိုင်းတို့၏ကြားတွင် ပြည်နယ်များညီညွတ်ရေးအဖွဲ့(ဌာနချုပ်)ဟု စာဖြင့် ရေးသားထားရမည်။ ဒုတိယစက်ဝိုင်း၏ အတွင်းတွင် ငါးဒေါင့်ရှိသောကြယ်ဖြူခုနစ်ပွင့်ကို ရေးသားထားရမည်။ သက်ဆိုင်ရာပြည်နယ်များ၏ တံဆိပ်မှာမူ ဌာနချုပ်ဟူသော စာတမ်းအစား (ဌာနခွဲ)နှင့်သက်ဆိုင်ရာပြည်နယ်အမည်ထည့်သွင်းရမည်။ ဥပမာ – ကရင်ပြည်နယ်အတွက်ဖြစ်လျှင် (ဌာနခွဲ – ကရင်ပြည်နယ်)ဟုထည့်သွင်းရမည်။

၄။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့၏ အလံတော်

အလံ၏ ပုံသဏ္ဍာန်မှာ ဒေါင့်မှန် စတုဂံဖြစ်သည်။ အရောင်မှာ မိုးညိုပြာရောင်အောက်ခံဖြစ်၍ အလယ်တွင် ငါးဒေါင့်ရှိကြယ်ခုနစ်ပွင့်ဝိုင်းလျက် ထားရှိရမည်။ ကြယ်များမှာ အဖြူရောင်ဖြစ်ရမည်။ အလံ၏ အချိုးအစား အလျား ၉–ပေ၊ အနံ ၅–ပေရှိလျှင် ကြယ်ပွင့်၏ အချိုးအစားမှာ ကြယ်အလယ်ဗဟိုနှင့်ကြယ်၏ ဒေါင့်တဒေါင့်အကွာအဝေးမှာ ၆–လက်မရှိရမည်။ အလံ၏ အ

E-book is created by shanyoma

လယ်ဗဟိုနှင့်ကြယ်၏ အလယ်ဗဟိုတို့မှာ (၁)ပေနှင့်(၉)လက်မရှိရမည်။ ကြယ်ခုနစ်လုံးတို့သည် တလုံးနှင့်တလုံး ညီမျှသော အကွာအဝေး ထားရှိရမည်။

**"အဓိပ္ပါယ်ဖော်ပြချက်"**

အလံတော်၏ အရောင်ကို မိုးပြာရောင်အောက်ခံထားရခြင်းမှာ မြူတိမ်ကင်းစင်ကြည်လင်သော အာကာသကောင်းကင်ကဲ့သို့ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့သည် ဖြူစင်ကြည်လင်သော ဝါဒရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များရှိသည့်အကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

ကြယ်ခုနစ်လုံးထားရှိခြင်းမှာ အဖွဲ့ဝင်ပြည်နယ်(၇)ပြည်နယ်တို့သည် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ရှိကြလျက် ပြည်ထောင်စုကြီးကို စုပေါင်းကာကွယ်ရန်ဖြစ်သည်။

၅။ ရည်ရွယ်ချက်။

၁။ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက် အစွမ်းကုန်ဆောင်ရွက်ရန်။

၂။ ပြည်ထောင်စုအတွင်းပါဝင်သော ပြည်နယ်များသည် မိမိတို့၏ ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်ခွင့် ရှိသည့်အားလျော်စွာ ထိုအခွင့်အရေးအရ လွတ်လပ်စွာ ဖန်တီးနိုင်ရန်။

၃။ ပြည်ထောင်စုအတွင်း တဦးနှင့်တဦး ခွဲခြားခြင်းမပြုဘဲ လူမျိုးမရွေး ဘာသာမရွေး ပြည်ထောင်စုတိုင်းရင်းသားမှန်သမျှ ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံခြင်းကို အားပေးကူညီရန်။

၄။ ပါလီမန်ထရီဒီမိုကရေစီဝါဒ အရ ရသင့်ရထိုက်သော လူ့အခွင့်အရေးမှန်သမျှကို ပြည်ထောင်စုတိုင်းရင်းသားတိုင်း တန်းတူညီမျှမှု မဆုံးရှုံးစေရေးအတွက် အစွမ်းကုန်ကာကွယ်စောင့်ရှောက်ရန်။

၅။ ပြည်နယ်အသီးသီးရှိ လူမျိုးတိုင်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုဆောင်ရွက်ရန်။

၆။ ဤအဖွဲ့တွင် ပါဝင်သော ပြည်နယ်များသည် ပြည်နယ်များနှင့်သက်ဆိုင်လာမည့်ကိစ္စအဝဝတို့တွင် တညီတညွတ်တည်း စုပေါင်း၍ ပြဿနာများကို တစည်းတလုံးတည်း ဆောင်ရွက်ရန်။

# အခန်း(၂)

၆။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်။

**[က] နိုင်ငံရေးအပိုင်း။**

၁။ ပြည်ထောင်စုသမတနိုင်ငံတော်၏ လွတ်လပ်ရေးကို ထိခိုက်ပျက်စီးစေမည့်ကျူးကျော်မှုဟူသ၍ကို အများပြည်သူတို့နှင့်အတူ ပြည်ထောင်စုတည်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားရန်။

၂။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူ(၅)ချက်နှင့်နိုင်ငံတော် ကြားနေရေးဝါဒကို ထိန်းသိမ်းသွားရန်။

E-book is created by *shanyoma*

၃။ ပြည်နယ်တိုင်းနှင့်လူမျိုးစုတိုင်း၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တင်းပြည့်ကျပ်ပြည့် ရရှိစေရန်ကို နှောင့်ယှက်ထိပါးစေမည့်အန္တရာယ်မှန်သမျှကို စုပေါင်းကာကွယ်ရန်။

၄။ မဟာလူမျိုးကြီးဝါဒနှင့်ကျဉ်းမြောင်းသော အမျိုးသားရေးဝါဒတို့ကို ဆန့်ကျင်ပြီး လူမျိုးစုံချစ်ကြည်သွေးစည်းရေးကို အစွမ်းကုန်တည်ဆောက်သွားရန်။

၅။ ပြည်ထောင်စုတိုင်းရင်းသားတိုင်း ပါလီမန်ထရီဒီမိုကရေစီအခွင့်အရေးများ တင်းပြည့်ကျပ်ပြည့် ခံစားခွင့်ရရှိစေရန်နှင့်အခွင့်အရေးတန်းတူညီမျှမှုအတွက် အစွမ်းကုန်စုပေါင်းဆောင်ရွက်ရန်။

၆။ ပြည်နယ်တိုင်းရှိ လူမျိုးစုများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးအဝဝတို့ကို တိုးတက်ဖွံ့ဖြိုးအောင် အစွမ်းကုန် ဆောင်ရွက်ပေးရန်။

၇။ ပြည်နယ်တိုင်းနှင့်လူမျိုးစုတိုင်းတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများနှင့်နစ်နာဆုံးရှုံးမှုများကို အရေးဆိုရာ၌ ပါလီမန်ပြင်ပမှုဖြစ်စေ၊ အတွင်းမှုဖြစ်စေ၊ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့မှ တညီတညွတ်တည်း စုပေါင်းဆောင်ရွက်သွားရန်။

**[ခ] စီးပွားရေးအပိုင်း။**

၁။ နိုင်ငံခြားလက်ဝါးကြီးအုပ်၊ ချုပ်ချယ်မှုမှ ကင်းလွတ်သော်အမျိုးသားစီးပွားရေးကို တည်ဆောက်ရန်။

၂။ ခေတ်မီလယ်ယာစိုက်ပျိုးရေးစံနစ်ကို တည်ဆောက်ရန်။

၃။ ပြည်နယ်များအတွင်း၌ အမျိုးသားပိုင်စက်မှုလက်မှုလုပ်ငန်းများ တည်ဆောက်ရန်။

၄။ သမဝါယမစံနစ်ဖြင့် စုပေါင်းထုတ်လုပ်ရေးနှင့်စုပေါင်းရောင်းဝယ်ရေးကို အားပေးရန်။

၅။ ပြည်နယ်တိုင်းရှိ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တိုင်းရင်းသားများ လုပ်ကိုင်နိုင်ရေးအတွက် မိမိတို့ဆိုင်ရာ ပြည်နယ်တိုင်း၌ ကိုယ်ပိုင်ပြဋ္ဌာန်းနိုင်ခွင့် ရှိရန်။

၆။ ပြည်နယ်အချင်းချင်း စီးပွားရေးကိစ္စရပ်များတွင် တဦးနှင့်တဦး အပြန်အလှန် ကူညီပူးပေါင်းဆောင်ရွက်ရန်။

**[ဂ] လူမှုရေးအပိုင်း။**

၁။ ပြည်နယ်များရှိ ပြည်နယ်သူ ပြည်နယ်သားများ၏ စားဝတ်နေရေး အဆင့်အတန်းကို မြှင့်တင်ပေးရန်။

၂။ လူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖေါ်ထုတ်ပေးရန်။

၃။ ပြည်နယ်သူ ပြည်နယ်သားများ၏ ပြည်သူ့ကျန်းမာရေးနှင့်ကိုယ်လက်ကြံ့ခိုင်ရေးကို အစွမ်းကုန်မြှင့်တင်ပေးရန်။

E-book is created by *shanyoma*

၄။ အသက်မွေးမှု ပညာသင်ကျောင်းများနှင့်တက္ကသိုလ်ကျောင်းများ ဖေါ်ထုတ်ပေးရန်။
၅။ ခေတ်မီတိုးတက်မှုကို မပိတ်ပင်သောပြည်နယ်များရှိ လူမျိုးစုများ၏ ရှေးဟောင်းဓလေ့ထုံးစံအရ တရားစီရင်ဆုံးဖြတ်မှုထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ပေးရန်။

# အခဏ်း(၃)

## ပြည်နယ်တနယ်အတွင်းရှိ အဖွဲ့ဝင်များ

၇။ ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ ရည်ရွယ်ချက်

၁။ ဝါဒလုပ်ငန်းစဉ်များနှင့် အခါကာလအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းချက်များကို လက်ခံလိုက်နာသောပြည်နယ်အတွင်းရှိ အားလုံးသော နိုင်ငံရေးအဖွဲ့များသည် အဖွဲ့အစည်းအလိုက် ဝင်ခွင့်ရှိသည်။

၂။ အဖွဲ့ဝင်များ၏ အခြားအရည်အချင်း သတ်မှတ်ချက်များကို အခါကာလအားလျော်စွာ ဌာနချုပ်ဦးစီးအဖွဲ့က ပြဋ္ဌာန်းနိုင်သည်။

၃။ အဖွဲ့အစည်းအလိုက် အဖွဲ့ဝင်လျှောက်လွှာများကို ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့က သာလျှင် လက်ခံနိုင်သည်။

၄။ လက်ခံသင့် မခံသင့် အငြင်းပွားလာလျှင် အစည်းအဝေးတက်ရောက်သော ဌာနခွဲဦးစီးအဖွဲ့၏ သုံးပုံနှစ်ပုံက ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

## ဌာနချုပ်အဖွဲ့ဝင်များ

၈။ ဌာနချုပ်ဦးစီးအဖွဲ့

ဤအဖွဲ့ကို ပြည်နယ်ပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်သောဦးစီးအဖွဲ့ဖြင့် ကြီးမှူးရှေ့ဆောင်သွားရမည်။

(က) ဦးစီးအဖွဲ့သို့ ပြည်နယ်တနယ်လျှင် ကိုယ်စားလှယ်(၆)ဦးကျစီ တင်မြှောက်ရမည်။

(ခ) ဦးစီးကိုယ်စားလှယ်များကို ပြည်နယ်အတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများမှ အချိုးကျကိုယ်စားလှယ်များပါဝင်သော ပြည်နယ်ဆိုင်ရာဌာနခွဲဦးစီးအဖွဲ့မှ ဌာနချုပ်ဦးစီးသို့ ကိုယ်စားလှယ်ရွေးချယ်စေလွှတ်ရမည်။

၉။ ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့။

ဌာနချုပ်ဦးစီးအဖွဲ့ဝင်များအနက်မှ (၁၄)ဦးထက်မနည်း ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့တဖွဲ့ကို ဖွဲ့စည်းရမည်။

အလုပ်အမှုဆောင် အဖွဲ့ဝင်များအား အောက်ပါအတိုင်း တာဝန်ဝေခွဲထမ်းဆောင်စေ

E-book is created by *shanyoma*

ရမည်။
(၁) ဥက္ကဋ္ဌ။
(၂) ဒု–ဥက္ကဋ္ဌ။
(၃) ဒု–ဥက္ကဋ္ဌ။
(၄) အထွေထွေအတွင်းရေးမှူး။
(၅) တွဲဘက်–အတွင်းရေးမှူး(အုပ်ချုပ်ရေး)။
(၆) တွဲဘက်–အတွင်းရေးမှူး(စည်းရုံးရေး)။
(၇) ဘဏ္ဍာရေးမှူး။
(၈) ပြန်ကြားရေးမှူး။
(၉) စာရင်းစစ်မှူး။
(၁၀) အမှုဆောင်။
(၁၁) ၎င်း
(၁၂) ၎င်း
(၁၃) ၎င်း
(၁၄) ၎င်း

E-book is created by *shanyoma*

**ပြည်နယ်များညီညွတ်ရေးအဖွဲ့ (ဌာနခွဲ)၏ အဖွဲ့ဝင်များ**

၁၀။ ဌာနခွဲဦးစီးအဖွဲ့။

ဤအဖွဲ့ကို ပြည်နယ်အတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်သော ဦးစီးအဖွဲ့ဖြင့် ကြီးမှူးရွေ့ဆောင်သွားရမည်။

(က) ဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ(၃၅)ထက် မများသောဦးရေ ပါရှိစေရမည်။

(ခ) ဦးစီးကိုယ်စားလှယ်များသည် ပြည်နယ်များညီညွတ်ရေးအဖွဲ့၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်နှင့်စည်းမျဉ်းဥပဒေများတို့ကို ယုံကြည်လက်ခံသော ပြည်နယ်အတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းများမှ အချိုးကျကိုယ်စားလှယ်များဖြစ်ရမည်။

**ချွင်းချက်** ပြည်နယ်အတွင်းရှိ နိုင်ငံရေးအဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သော ဦးစီးအဖွဲ့က ပြည်နယ်တွင်းရှိ မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဦးစီးအဖွဲ့ထဲ၌ ပါဝင်သင့်ကြောင်း ယူဆဆုံးဖြတ်လျှင် ၅–ဦးထက်မများသော ပုဂ္ဂိုလ်ကို ဌာနခွဲဦးစီးအဖွဲ့တွင် ပါဝင်စေနိုင်ခွင့် ရှိသည်။

၁၁။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့။

ဌာနခွဲဦးစီးအဖွဲ့ဝင်များအနက်မှ (၁၀)ဦးထက်မနည်း ပါဝင်စေရမည်။ အလုပ်အမှုဆောင်အဖွဲ့များအား အောက်ပါအတိုင်း တာဝန်ခွဲဝေထမ်းဆောင်စေရမည်။

(၁) ဥက္ကဋ္ဌ။
(၂) ဒု–ဒုဥက္ကဋ္ဌ။
(၃) အထွေထွေအတွင်းရေးမှူး။
(၄) တွဲဘက်အတွင်းရေးမှူး။
(၅) ဘဏ္ဍာရေးမှူး။
(၆) ပြန်ကြားရေးမှူး။
(၇) စာရင်းစစ်မှူး။
(၈) စည်းရုံးရေးမှူး။
(၉) အမှုဆောင်။
(၁၀) ၎င်း
(၁၁) ၎င်း

E-book is created by *shanyoma*

၁၂။ အဖွဲ့ရုံပုံငွေ။

ပြည်နယ်တနယ်အတွင်း အဖွဲ့ဝင်၊ အဖွဲ့အစည်းများသည့်အခါ ကာလအားလျော်စွာ ဌာနခွဲဦးစီးအဖွဲ့က သတ်မှတ်သော ရံပုံငွေများတို့ကို ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ဌာနခွဲသို့ပေးဆောင်ရမည်။ တဖန် ရံပုံငွေများကို ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်က အခါကာလအားလျော်စွာ သတ်မှတ်သည့်ရံပုံငွေကို ဌာနခွဲများမှ ဌာနချုပ်သို့ ပေးဆောင်ရမည်။

# အခန်း(၄)

## ဖွဲ့စည်းပုံနှင့်အုပ်ချုပ်ပုံ

၁၃။ ဖွဲ့စည်းအုပ်ချုပ်ပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။
(၁) အခြေခံအဖွဲ့များ။
(၂) ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့။
(၃) ဌာနခွဲဦးစီးအဖွဲ့။
(၄) ပြည်နယ်ဆိုင်ရာ ဌာနခွဲညီလာခံသဘင်။
(၅) ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့။
(၆) ဌာနချုပ်ဦးစီးအဖွဲ့။
(၇) ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဆိုင်ရာ ဌာနချုပ်ညီလာခံသဘင်။

၁၄။ အခြေခံအဖွဲ့များသည် ဤဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအချက်အလက်များ၊ ဌာနချုပ်ဦးစီးအဖွဲ့

နှင့်ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့တို့၏ စည်းကမ်းချက်များအတွင်း မိမိတို့၏ အဖွဲ့တွင် ဆောင်ရွက်ဖွယ်ရှိသည်များကို ဆောင်ရွက်ရမည်။

၁၅။ ပြည်နယ်များညီညွတ်ရေးအဖွဲ့သို့ ဝင်ရောက်ခွင့်ရသောအဖွဲ့အစည်းများသည် မိမိတို့နှင့်တိုက်ရိုက်သက်ဆိုင်ရာကိစ္စများတွင် အဖွဲ့၏ ရည်ရွယ်ချက်ဝါဒ၊ ဆုံးဖြတ်ချက်ဥပဒေစည်းမျဉ်းကို မဆန့်ကျင်စေဘဲ မိမိတို့စည်းမျဉ်းအတိုင်း ဆောင်ရွက်ခွင့်ရှိသည်။

၁၆။ ပြည်နယ်များညီညွတ်ရေးအဖွဲ့ဌာနခွဲတွင် ပြည်နယ်ဆိုင်ရာညီလာခံသဘင်သည် အကြီးဆုံးသော ပြည်နယ်အာဏာပိုင်အဖွဲ့ဖြစ်သည်။ ပြည်နယ်ဆိုင်ရာ ညီလာခံမရှိသည့်အခါ ဌာနခွဲဦးစီးအဖွဲ့သည် အာဏာပိုင်ဖြစ်သည်။ ဌာနခွဲဦးစီးမရှိသည့်အခါ ဌာနခွဲအလုပ်အမှုဆောင်သည် အာဏာပိုင်အဖွဲ့ဖြစ်သည်။

၁၇။ ထို့အတူ ပြည်နယ်ပေါင်းစုံ ညီလာခံသဘင်ကြီးသည် အာဏာအပိုင်ဆုံးဖြစ်သည်။ ပြည်နယ်ပေါင်းစုံညီလာခံမရှိလျှင် ဌာနချုပ်ဦးစီးအဖွဲ့က အာဏာပိုင်၍ ဦးစီးမရှိလျှင် ပြည်နယ်များညီညွတ်ရေးအဖွဲ့ဌာနချုပ် အလုပ်အမှုအဆောင်အဖွဲ့က အာဏာပိုင်ဖြစ်သည်။

E-book is created by *shanyoma*

# အခန်း(၅)

## အုပ်ချုပ်ပုံစံနစ်နှင့်နည်းလမ်းများ။

၁၈။ အဖွဲ့များတွင် အုပ်ချုပ်စီမံရန် အဓိကအချက်မှာ အများဆန္ဒဖြင့် ရွေးကောက်တင်မြှောက်၍ ဗဟိုမှ ဦးစီးသည့်စံနစ်ဖြစ်သည်။

(၁) အားလုံးသော အမှုဆောင်အဖွဲ့နှင့်ကိုယ်စားလှယ်များကို အများဆန္ဒအတိုင်း ရွေးကောက်တင်မြှောက်ရမည်။

(၂) အောက်အဖွဲ့က အထက်အဖွဲ့၏ အမိန့်ကို လိုက်နာရမည်။ အထက်အဖွဲ့နှင့်အောက်အဖွဲ့ သဘောကွဲလွဲလျှင် အောက်အဖွဲ့က ထိုနှစ်ဖွဲ့ထက် ကြီးသောအဖွဲ့သို့ အယူခံဝင်နိုင်သည်။ သို့သော် အယူခံဝင်စဉ် အောက်အဖွဲ့သည် အထက်အဖွဲ့၏ အမိန့်ကို လိုက်နာ်ဆောင်ရွက်ရမည်။

၁၉။ ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့သည် စည်းရုံးရာ၌ငှင်း၊ အုပ်ချုပ်ရာ၌ငှင်း၊ တိုးတက်မှုကို ရှေ့ရှု၍ ခရိုင်များသို့ငှင်း မြို့နယ်များသို့ငှင်း၊ တာဝန်ခံများကို ဆိုင်ရာကော်မတီများအား ကူညီရန် ခန့်ထားစေလွှတ်နိုင်သည်။ သို့သော် အဆိုပါ တာဝန်ခံများသည် ဆိုင်ရာအမှုဆောင်အဖွဲ့များ၏ အမိန့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၀။ ဌာနခွဲဦးစီးအဖွဲ့သည် နှစ်စဉ်နှစ်တိုင်း ပြည်နယ်ဌာနခွဲစစ်ဆေးရေးအဖွဲ့ကို ခန့်ထားရမည်။ ငှင်းစစ်ဆေးရေးအဖွဲ့သည် အဖွဲ့များ၏ ဘဏ္ဍာရေးကိုငှင်း၊ အုပ်ချုပ်ရေးကိုငှင်း၊ အမြဲတမ်းစစ်ဆေးပြီးလျှင် ပြည်နယ်ဌာနခွဲ အလုပ်အမှုဆောင်အဖွဲ့နှင့်ပြည်နယ်ဌာနခွဲဦးစီးအဖွဲ့သို့ အစီရင်ခံစာတင်ပြရမည်။ အခြေခံအဖွဲ့များတွင် အချင်းဖြစ်ပွားသော အမှုအခင်းများကို စစ်ဆေးရေးအဖွဲ့

က စစ်ဆေးဖျန်ဖြေပေးရမည်။ ဖျန်ဖြေ၍ မရသည်ရှိသော် ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့နှင့်ဌာနခွဲဦးစီးအဖွဲ့သို့ သင့်တော်သလို အရေးယူရန် အစီရင်ခံရမည်။

၂၁။ အထက်ပါ ပြည်နယ်ဌာနခွဲစစ်ဆေးရေးအဖွဲ့၏ အာဏာများနှင့်တာဝန်များကို အခါကာလအားလျော်စွာ ပြည်နယ်ဌာနခွဲအလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း ပြည်နယ်ဌာနခွဲဦးစီးအဖွဲ့ကသော်၎င်း သတ်မှတ်ထားရှိရမည်။

၂၂။ ထိုနည်းတူ အဖွဲ့ဝင် ပြည်နယ်အချင်းချင်း ဖြစ်ပွားသော ကိစ္စများအတွက် ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း၊ စစ်ဆေးရေးအဖွဲ့တဖွဲ့ကို စေလွှတ်ရမည်၊ ၎င်းနောက် ဆုံးဖြတ်ရန် ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။ မပြီးပြတ်လျှင် ဌာနချုပ်ဦးစီးအဖွဲ့သို့ တင်ပြရမည်။

၂၃။ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း သက်ဆိုင်ရာပြည်နယ်၏ ကိုယ်စားလှယ်(သုံးပုံနှစ်ပုံ)မပါဘဲ ဆုံးဖြတ်ချက်မချမှတ်ရ။

၂၄။ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း

အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အားလုံးသဘောတူ အပြေအလည်ဆွေးနွေးပြီးပြေလည်စေသောနည်းကို အထူးအလေးဂရုပြုရမည်။

၂၅။ အားလုံးသဘောတူသောနည်းဖြင့် မပြီးပြတ်နိုင်မှသာလျှင် အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်ကြီး သုံးပုံနှစ်ပုံ၏ သဘောတူညီချက်ဖြင့် ဆုံးဖြတ်စေရမည်။

# အခန်း(၆)

## ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ ညီလာခံသဘင်နှင့်အစည်းအဝေးများ

၂၆။ သာမန်အားဖြင့် တနှစ်လျှင်တကြိမ် ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်၏ ညီလာခံသဘင်ကို ကျင်းပရမည်။ သို့သော် လုံလောက်သော အကြောင်းများရှိက ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း၊ ရွှေ့ဆိုင်းနိုင်သည်။ ဤညီလာခံသဘင်သည် ဌာနချုပ်၏ နိုင်ငံရေးစည်းရုံးရေးကိစ္စအဝဝနှင့်ပတ်သက်၍ အမြင့်ဆုံးသောအာဏာပိုင်ဖြစ်သည်။

၂၇။ အထူးညီလာခံသဘင်များကို အကြောင်းအားလျော်စွာ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဌာနချုပ်ဦးစီးအဖွဲ့ကဖြစ်စေ ခေါ်နိုင်သည်။ ပြည်နယ်(၃)နယ်က အစည်းအဝေးခေါ်ရန် တောင်းဆိုလျှင် ခေါ်ဆိုပေးရမည်။

၂၈။ ညီလာခံသဘင်တွင် ကိုယ်စားလှယ်အဖြစ်နှင့်ဧည့်သည်တော်အဖြစ်ဖြင့် တက်ရောက်နိုင်သူများမှာ–

(၁) ကုန်ဆုံးသည့်နှစ်အတွက် ဌာနချုပ်ဦးစီးအဖွဲ့ဝင်များ။

(၂) ပြည်နယ်များညီညွတ်ရေးအဖွဲ့ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း၊ ဌာနချုပ်အလုပ်အ

E-book is created by *shanyoma*

မှုဆောင်အဖွဲ့ကသော်၎င်း၊ ပြည်နယ်တနယ်အတွက် သတ်မှတ်ပေးလိုက်သည့်အဖွဲ့ဝင်ဦးရေ။

(၃) ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း၊ သတ်မှတ်သည့်ဧည့်သည်များ။

၂၉။ ပြည်နယ်များညီညွတ်ရေးအဖွဲ့ဌာနချုပ်ဦးစီးအဖွဲ့၏ အစည်းအဝေးများ။

(၁) ဦးစီးအဖွဲ့အစည်းအဝေးကို (၆)လလျှင် (၁)ကြိမ်ထက်မနည်း ကျင်းပရမည်။

(၂) အလုပ်အမှုဆောင် အဖွဲ့အများစုက အရေးပေါ်ဦးစီးအစည်းအဝေး ခေါ်ဆိုကျင်းပသင့်သည်ဟု ဆုံးဖြတ်လျှင် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကသော်၎င်း၊ အထွေထွေအတွင်းရေးမှူးကသော်၎င်း၊ ထို(၂)ဦးမရှိလျှင် ဒုတိယဥက္ကဋ္ဌနှင့်တွဲဘက်အတွင်းရေးမှူးကသော်၎င်း ဦးစီးအစည်းအဝေးကို ဖိတ်ခေါ်ကျင်းပပေးရမည်။

(၃) ပြည်နယ်တခုခု၏ ဌာနချုပ်ဦးစီးအဖွဲ့ဝင်(သုံး)ပုံ (နှစ်)ပုံက အရေးပေါ်ဦးစီးအစည်းအဝေးခေါ်ဆိုကျင်းပပေးရန် တောင်းဆိုလာလျှင် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌကသော်၎င်း၊ အထွေထွေအတွင်းရေးမှူးကသော်၎င်း၊ အရေးပေါ်အစည်းအဝေးကို ရက်သတ္တပတ် နှစ်ပတ်အတွင်း ဖိတ်ခေါ်ကျင်းပပေးရမည်။

(၄) အလုပ်အမှုဆောင်အဖွဲ့တွင် မပြေလည်နိုင်သော ကိစ္စပြဿနာရပ်များနှင့်အခြားအရေးကြီးသောပြဿနာရပ်များ ပေါ်ပေါက်လာလျှင် အရေးပေါ်ဦးစီးအစည်းအဝေးကို ဖိတ်ခေါ်ကျင်းပပေးရမည်။

၃၀။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးများ။

အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးကို သာမန်အားဖြင့် နှစ်လလျှင် တစ်ကြိမ်ထက်မနည်း ကျင်းပရမည်။

(၁) ဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပသင့်သည်ဟု ဆုံးဖြတ်တိုင်း ဥက္ကဋ္ဌအမည်ဖြင့်ဖြစ်စေ၊ အထွေထွေအတွင်းရေးမှူးအမည်ဖြင့်ဖြစ်စေ၊ အစည်းအဝေးကို ဖိတ်ခေါ်ကျင်းပနိုင်စေရမည်။

(၂) အလုပ်အမှုဆောင်များရာစုက အရေးပေါ်အလုပ်အမှုဆောင် အစည်းအဝေးခေါ်ရန် ဥက္ကဋ္ဌနှင့်အထွေထွေအတွင်းရေးမှူးထံ တောင်းဆိုခြင်းပြုလျှင်၊ ဥက္ကဋ္ဌကဖြစ်စေ၊ အထွေထွေအတွင်းရေးမှူးကဖြစ်စေ အရေးပေါ်အလုပ်အမှုဆောင်အစည်းအဝေးကို ဖိတ်ခေါ်ကျင်းပပေးရမည်။

(၃) ပြည်နယ်တခုခုမှ ဌာနချုပ်ဦးစီးအဖွဲ့ဝင်အများစုက ပြဿနာအရပ်ရပ်အတွက် ဆွေးနွေးဆုံးဖြတ်ပေးရန်အလို့ငှာ အလုပ်အမှုဆောင်အဖွဲ့သို့ တောင်းဆိုလာသည့်အခါတိုင်း အထူးအလုပ်အမှုဆောင်အစည်းအဝေးကို ဥက္ကဋ္ဌကဖြစ်စေ၊ အထွေထွေအတွင်းရေးမှူးကဖြစ်စေ ဖိတ်ခေါ်ကျင်းပပေးရမည်။

၃၁။ အလုပ်အမှုဆောင်ထက်ဝက်ထက်မနည်း တက်ရောက်မှသာ အစည်းအဝေးထမြောက်သည်။

E-book is created by *shanyoma*

E-book is created by *shanyoma*

၃၂။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနခွဲညီလာခံသဘင်နှင့်အစည်းအဝေးကျင်းပရန် လိုက်နာရမည့်အချက်များလည်း အထက်ဖော်ပြပါအတိုင်းဖြစ်သည်။
၃၃။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်၏ညီလာခံသဘင်သို့တက်ရောက်ရန် ဖိတ်ကြားလာလျှင် တက်ရောက်ရန် ရှိသော ပြည်နယ်မှ ကိုယ်စားလှယ်တော်များကို၊ ပြည်နယ်များညီညွတ်ရေးအဖွဲ့ဌာနခွဲ၏ဦးစီးကသော်၎င်း အလုပ်အမှုဆောင်ကသော်၎င်း သတ်မှတ်ရွေးချယ်ရမည်။
၃၄။ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဌာနချုပ်ဦးစီးကဖြစ်စေ၊ ညီလာခံသဘင်ကျင်းပရာ၌ နည်းလမ်းတကျဖြစ်စေရန် လိုအပ်သောစီစဉ်မှုများကို အခါကာလအားလျော်စွာ စီစဉ်ညွှန်ကြားရမည်။
၃၅။ ညီလာခံသဘင်မရှိသည့်အချိန် ဌာနချုပ်ဦးစီးအဖွဲ့သည် အာဏာပိုင်အဖွဲ့ဖြစ်သည်၊ ညီလာခံသဘင် ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အခြေအနေအခါကာလအားလျော်စွာ ပြင်ဆင်ရန် တွေ့ရှိခဲ့သော် ဌာနချုပ်ဦးစီးအဖွဲ့ကသော်၎င်း၊ ဌာနချုပ်ဦးစီးအဖွဲ့က လွှဲအပ်သဖြင့် ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကသော်၎င်း ပြင်ဆင်ဆောင်ရွက်သွားနိုင်သည်။ သို့ရာတွင် ပြီးစီးခဲ့သော ညီလာခံသဘင်ကိုယ်စားလှယ်အား အကြောင်းကြားထားရမည်။ သို့အကြောင်းကြားသည့်အခါ ထိုကိုယ်စားလှယ်များအနက်မှ (၄)ပုံ (၁)ပုံက တောင်းဆိုခဲ့သော် အထူးညီလာခံသဘင်ဖြစ်စေ၊ ညီလာခံသဘင်အသစ်ဖြစ်စေ၊ ကျင်းပပေးရမည်။ သို့မဟုတ်ပါမူ သာမန်အားဖြင့် ကျင်းပအပ်သော နောက်ညီလာခံသဘင်တွင် အတည်ပြုချက်ရယူရမည်။
၃၆။ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့၏ အာဏာများကို ဌာနချုပ်ဦးစီးအဖွဲ့က သတ်မှတ်ပေးရမည်။
၃၇။ သာမန်အားဖြင့် ကျင်းပသောညီလာခံသဘင်တွင် အလုပ်အမှုဆောင်သစ်ကို ရွေးကောက်ရမည်ဆိုသည့်အစီအစဉ်ကို ဌာနချုပ်ဦးစီးအဖွဲ့ကဖြစ်စေ ဌာနချုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ စီစဉ်ပေးရမည်။ ထိုမှအပ အခြားလိုအပ်သောစည်းမျဉ်းများကိုလည်း စီစဉ်ပေးရမည်။

# အခန်း(၇)

**အထွေထွေ။**

၃၈။ ဤဖွဲ့စည်းပုံဥပဒေကို သာမန်အားဖြင့် ပြည်နယ်လုံးဆိုင်ရာ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်၏ညီလာခံသဘင်ကသာလျှင် ပြင်ဆင်နိုင်သည်။ သို့ရာတွင် အခြေအနေနှင့်မကိုက်ညီသည်ကိုတွေ့လျှင် ဌာနချုပ်ဦးစီးအဖွဲ့ အစည်းအဝေးကို ခေါ်၍ ဌာနချုပ်ဦးစီးအဖွဲ့က စဉ်းစားပြီး ပြင်ဆင်သင့်သည်ဟုထင်က ညီလာခံမခေါ်မီ ယာယီပြင်ဆင်နိုင်သည်။
၃၉။ ဤဥပဒေအချက်အလက်နှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များကို ဌာနချုပ်ဦးစီးအဖွဲ့ကဖြစ်စေ၊ ဌာနချုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဆုံးဖြတ်ပေးရမည်။

၄၀။ ဤဖွဲ့စည်းပုံဥပဒေအရ လိုအပ်သော နည်းဥပဒေများကို ဦးစီးအဖွဲ့ကဖြစ်စေ၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။

၄၁။ ငွေရေးကြေးရေးကိစ္စများနှင့်ပတ်သက်၍ စာရင်းအင်းကျနစွာ ထားရှိရမည်။ စာရင်းစာရေး၊ ငွေရေးကြေးရေးတို့နှင့်ပတ်သက်သည့်စည်းမျဉ်းများကို ဌာနချုပ်ဦးစီးအဖွဲ့ကဖြစ်စေ၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ဌာနချုပ်စစ်ဆေးရေးအဖွဲ့နှင့်တိုင်ပင်၍ ပြုလုပ်ရမည်။

၄၂။ ဤဖွဲ့စည်းပုံဥပဒေတွင် မည်သို့ပင် ဆိုစေကာမူ အခိုက်အတန့်ကာလအတွင်း ဥပဒေကို အတည်ပြုရာ၌ မည်ကဲ့သို့ စီစဉ်သွားရန်လိုသည်ဟု ထင်မြင်ယူဆလျှင် ထိုသို့ထင်မြင်ယူဆသည့်အတိုင်း ဌာနချုပ်ဦးစီးအဖွဲ့ကဖြစ်စေ၊ ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့ကဖြစ်စေ၊ ၎င်း၏သက်တမ်းအတောအတွင်း အခိုက်အတန့်ဥပဒေ အချက်အလက်များ တည်ထွင်နိုင်သည်။

၄၃။ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့အား ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်ဆောင်ပြောဆိုမှု ရှိသော အဖွဲ့ဝင်အား ဌာနချုပ်အလုပ်အမှုဆောင်အဖွဲ့က အရေးယူအပြစ်ပေးနိုင်သည်။ သို့သော် အရေးယူအပြစ်ပေးခြင်းခံရသော အဖွဲ့က အထက်အဆင့်ဆင့် အယူခံဝင်ရောက်နိုင်ခွင့်ရှိသည်။

# အခန်း(၈)

## နည်းဥပဒေများ

၄၄။ ခရိုင်အဖွဲ့ဝင်များ လိုက်နာရန် နည်းဥပဒေများ။

(က) ပြည်နယ်များ ညီညွတ်ရေးအဖွဲ့ဌာနချုပ်၏ရည်ရွယ်ချက်များကို ထောက်ခံရန်။

(ခ) ဌာနခွဲက ခရိုင်အတွင်းရှိ နိုင်ငံရေးအဖွဲ့အသီးသီးတို့သည် ရည်ရွယ်ချက်များကို ထောက်ခံစေရန်အတွက် စုစည်းသွေးစည်းရန်။

(ဂ) ဌာနချုပ်မှ လွှဲအပ်သောတာဝန်ဝတ္တရားများကို ထမ်းရွက်ရန်။

(ဃ) ဌာနချုပ်၏သဘောတူညီချက်အရ အဖွဲ့များက အခါကာလအားလျော်စွာ သတ်မှတ်သောရည်ရွယ်ချက်များကို အောင်မြင်စွာ ဆောင်ရွက်ရန်။

(င) ပြည်နယ်များညီညွတ်ရေးအဖွဲ့သည် (ပြည်နယ်အလိုက် လိုအပ်လျှင်)ခရိုင်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ခွင့်ရှိသည်။

× × × × × × ×

E-book is created by *shanyoma*




E-book is created by *shanyoma*

# နောက်ဆက်တွဲ ( ၂ )

၁၆–၉–၁၄

E-book is created by ***shanyoma***

# ဦးအုန်းဖေရေး "ပင်လုံစစ်တန်း"ဝေဖန်ချက်

"ပင်လုံစစ်တန်း"ဆိုတဲ့အမည်နဲ့စာအုပ်ရဲ့အသွင်အပြင်ကိုမြင်လိုက်တဲ့အခါ အဒီစာအုပ်ဟာ ကျမ်းကြီးကျမ်းခိုင်စာအုပ်တအုပ်လို့ထင်ရတယ်။ ကျမ်းကြီးကျမ်းခိုင်မဟုတ်တောင် "သုတေသနစာတန်း"ဖြစ်မှာဘဲ ယူဆမိတယ်။ အမြီးသဘော သာမန်လှန်လှောကြည့်လိုက်တဲ့အခါ လူသိနည်းတဲ့အဖြစ်အပျက်တွေ အကိုးအကားတွေ အများကြီးတွေ့ရတဲ့အပြင် စာအုပ်နောက်ပိုင်းမှာ ကိုးကားရည်ညွှန်းတဲ့စာအုပ်စာရင်းကိုလည်း တသီကြီးတွေ့ရတဲ့အတွက် ရှမ်းပြည်အတွက် တကဲ့ကျမ်းကြီးကျမ်းခိုင်တစောင်တော့ ပေါ်ပြီလို့ အားရဝမ်းသာဖြစ်မိတယ်။

ဒါပေမဲ့ စာအုပ်ဖွင့်ပြီး စာရွက်တရွက်ချင်းလှန်လှောဖတ်ကြည့်လိုက်တဲ့အခါ အထင်နဲ့အမြင် တလွဲစီဖြစ်သွားတယ်။ ထေ့လုံးတွေ ငေါ့လုံးတွေ၊ ဘန်းစကားတွေ ဝတ္ထုဆန်ဆန်အဖွဲ့အနွဲ့တွေကို ဟိုနေရာ ဒီနေရာမှာ တွေ့လာရတော့ ကျမ်းကြီးကျမ်းခိုင်ရဲ့ခန့်ညားမှု၊ ကျစ်လစ်သိပ်သည်းမှုအင်္ဂါဟာ ပျောက်သွားပြီးဖတ်ရတာ ပေါ့ပျက်ပျက်ဖြစ်သွားတယ်။ ဆွမ်းဆန်ထဲ ကြွက်ချေး ရောနေသလိုမျိုးပေါ့။

စာအုပ်အစပိုင်း သမိုင်းနောက်ခံဟာ တော်တော်ဖတ်လို့ကောင်းတယ်။ ကျွန်တော်မမီ၊ မသိ၊ မတွေ့ထိတဲ့အပိုင်းပါ။ ဒါပေမဲ့ အချို့နေရာတွေဟာ အရေးအသားအဆီအငေါ်မတည့်၊ အပိုအဆာတွေများပြီး ဆိုလိုရင်း မရောက် အစပျောက်သွားတာတွေ တွေ့ရတယ်။ ဒါကတော့ စာရေးဆရာမဟုတ်တဲ့ဦးအုန်းဖေကို ခွင့်လွှတ်ရမှာဘဲ၊ စာရေးဝါမရင့်သေးတဲ့သူတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့အဖြစ်မျိုးလို့ဆိုရမယ်။

စာဖတ်သူကို ပြောပြချင်တာတွေ များလွန်းအားကြီးတော့ ဆိုင်တာတွေရော မဆိုင်တာတွေရော ကြားထဲက ဝင်လာပြီး ဗလုံးဗထွေးနဲ့ ဦးတည်ချက် မျှောသွားပြီး အစပျောက်သွားတတ်ကြတာဘဲ။ တရားဟောတဲ့အခါ ကြိုတင်ပြင်ဆင်မှုမရှိတဲ့စကားကြောရှည်တတ်တဲ့လူမျိုးလိုပေါ့။ စကားကြောရှည်တာနဲ့ ဆိုလိုရင်းမရောက်ဘဲ အစပျောက်သွားတဲ့သဘောမျိုးပါဘဲ။ ဒါပေမဲ့ စာအုပ်ရေးတာနဲ့ စကားပြောတာ အခြေအနေခြင်း မတူဘူး။ စကားပြောတဲ့အခါ ပါးစပ်ထွက်လာတဲ့စကားလုံးတွေဟာ လေထဲလွင့်သွားတယ်။ စာအုပ်ရေးတာကျတော့ ကြိုတင်အခန်းခွဲရတယ်။ အကွက်ချရတယ်။ အကြောင်းအရာအချက်အလက်တွေကို စီရတယ်။ ရေးချပြီးတဲ့စာကို ပြန်စစ်ရတယ်။ ပြန်ပြီးသုတ်သင်ရတယ်။ ဒါကြောင့် စာအုပ်ရေးတဲ့အခါ စကားပြောတဲ့အခါမျိုးလို အစပျောက်တာမျိုး မရှိသင့်ဘူး။ ပြီး အဆက်အဆက် အဆီအငေါ် မတည့်တာမျိုးလည်း မရှိသင့်ဘူး။ မဆိုင်တာ အပိုအဆာတွေလဲ မပါသင့်ဘူး။

"ပင်လုံစစ်တန်း"ကို အဆုံးအစ ဖတ်ပြီးတဲ့အခါ ဘာကို စစ်တန်းထုတ်ထားသလဲဆိုတာ ကျွန်တော့်ခေါင်းထဲမှာ ရှင်းမသွားဘူး။ ပင်လုံအမည်ဘာကြောင့်ယူထားသလဲဆိုတာလဲ တွေးမရဘူး။ ပင်လုံစာချုပ်ကို သမိုင်းနောက်ခံနဲ့စစ်တန်းထုတ်တာဆိုရင် စာအုပ်ဟာ အဲဒီလောက်ကြီး ရှည်လျားစရာမရှိဘူး။ စာအုပ်မှာ နိဒါန်းတို့ အမှာတို့ မပါတော့ တွေးရခက်တာပေါ့။

E-book is created by *shanyoma*

ရှမ်းပြည်ဟာ သီးခြားတိုင်းပြည်မဟုတ်ဘူး။ ဗမာပြည်ရဲ့အစိတ်အပိုင်းသာဖြစ်တယ်လို့ ဦးအုန်းဖေက ဆိုချင်ရင် “ပင်လုံစစ်တန်း”မှာ ပေါ်လွင်အောင် ထောက်ပြထားတာ မတွေ့ရဘူး။ ရှမ်းပြည်ဟာ မြန်မာဘုရင်ရဲ့ပဏ္ဏာဆက်နိုင်ငံလား၊ လက်အောက်ခံနယ်ပယ်လားဆိုတာကိုလည်း ဦးအုန်းဖေက ကွင်းကွင်းကွက်ကွက် ပေါ်အောင် ရေးမထားဘူး။ ရှမ်းပြည်မှာ သမိုင်းတလျှောက်လုံး စော်ဘွားမြို့စားနယ်စားတွေ ပဒေသရာဇ်စံနစ်နဲ့စိုးမိုးအုပ်ချုပ်လာတာကို ပုံဖော်တဲ့အခါမှာလည်း ဆိုင်တာရော မဆိုင်တာရော အပိုအဆာတွေများသွားလို့ စာအုပ်ဟာ သာမန်ပုဂ္ဂိုလ်တွေ ဝယ်မဖတ်နိုင်အောင် ဖောင်းပွပြီး ဈေးနှုန်းကြီးသွားတာပေါ့။

ကျွန်တော်အနေနဲ့ “ပင်လုံစစ်တန်း”ကို ဒီလိုကောက်ချက်ချတယ်။

ရှမ်းပြည်ဟာ သမိုင်းတလျှောက်လုံး သီးခြားနိုင်ငံအဖြစ်နဲ့ မရှိခဲ့ဘူး။ ဗမာပြည်နဲ့ပဏ္ဏာဆက်နိုင်ငံ သို့မဟုတ် လက်အောက်ခံနယ်ပယ်အစိတ်အပိုင်းဖြစ်ခဲ့တယ်။ ဒါကြောင့် ပင်လုံစာချုပ်မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူကို အသိအမှတ်ပြုခဲ့တာဟာ အခြေခံအားဖြင့် မမှန်ဘူး။ အခြေအနေအရ လိုက်လျှောမှုသာဖြစ်တယ်။ ပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းမူချမှတ်ပြီးလုနီးနီး ရေးဆွဲခဲ့တဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ရှမ်းပြည်နယ်ကို ခွဲထွက်ခွင့်ပေးထားတာလဲ အခြေအနေအရ အလျှော့ပေးတာဖြစ်တယ်။ မူအားဖြင့် မမှန်ကန်ဘူး။ ရှမ်းပြည်မှာ သမိုင်းတလျှောက်လုံး ပဒေသရာဇ်ကံကျွေးချစံနစ်နဲ့အုပ်ချုပ်စိုးမိုးတယ်။ ၁၉၄၈–ခုနှစ် လွတ်လပ်ရေး ရပြီးတော့လည်း သူတလူ ငါတမင်း ပဒေသရာဇ်ကံကျွေးချစံနစ်အောက်မှာ ပြည်သူလူထုဟာ လည်စင်းခံလာခဲ့ရတယ်။ ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်တဲ့ တော်လှန်ရေးကောင်စီတက်လာပြီး လမ်းစဉ်ပါတီလက်ထက်ကျမှ အဲ သူတလူ ငါတမင်း ပဒေသရာဇ်စံနစ်ကို အပြီးအပိုင် ဖျက်သိမ်းနိုင်တယ်။

အဲဒီလို ဦးအုန်းဖေက စစ်တန်းထုတ်ထားတယ်လို့ ကျွန်တော်ကောက်ချက်ချတယ်။

အဲဒီလောက်ဆိုရင် ဦးအုန်းဖေဟာ ခဲခဲယဉ်းယဉ်းရှာဖွေစုဆောင်းထားတဲ့အချက်အလက်၊ အထောက်အထား၊ အကိုးအကားတွေနဲ့ ခိုင်ခိုင်လုံလုံ ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်း ခန့်ညားစွာ ရေးသားတင်ပြသွားမယ်ဆိုရင် ခံယူချက်ချင်း တူတာ မတူတာ ဖယ်ထားပြီး အဲဒီစာအုပ်ဟာ နောင်လာနောက်သားတွေအတွက် လက်ကိုင်ထားရှိရမယ့် အဘိုးတန်စာတမ်း စာစောင်အဖြစ် တည်ရှိသွားမှာ မလွဲဘူး။ ပြီးတော့ စာအုပ်ဟာလည်း ခုလောက် မဖောင်းပွဘဲ သာမန်လူများ ဝယ်ဖတ်နိုင်တဲ့အရွယ်အစားလောက်ပဲ ရှိပေလိမ့်မယ်။

ဒါကတော့ “ပင်လုံစာတန်း”အပေါ် ကျွန်တော်ရဲ့ယေဘုယျဝေဖန်ချက်ဖြစ်ပါတယ်။

အသေးစိတ်လေ့လာဖတ်ရှုတဲ့အခါ ဦးအုန်းဖေဟာ “လေဖမ်းဒန်းစီး”လုပ်ထားတာ နေရာများများမှာတွေ့ရတယ်။ ဘန်းစကားနဲ့ပြောရရင် ဖြီးထားတယ်ပေါ့။

ကျွန်တော်မမီ၊ မသိ၊ မတွေ့ထိတဲ့အခန်းပိုင်းတွေကို ဖယ်ထားပြီး ကျွန်တော်သိမိ၊ တွေ့ထိခဲ့တဲ့အခန်းကဏ္ဍတွေမှာ တိမ်းနေတာ စောင်းနေတာ လွဲနေတာ ချော်နေတာ မှားနေတာ ယွင်းနေတာ၊ နေရာအတော်များများမှာ တွေ့ရပါသည်။ တချို့နေရာတွေမှာ ဦးအုန်းဖေက သူကိုယ်

E-book is created by shanyoma

တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့အနေအထားမျိုးနဲ့ရေးသားတယ်။ အဲဒီနေရာမျိုးမှာတောင် ချွတ်ချော် လွဲမှားနေတာ တွေ့ရတယ်။ တချို့နေရာတွေမှာ ကာယကံရှင်တွေ အသက်ထင်ရှားရှိရက်သားနဲ့ မမေးမစမ်း မညှိနှိုင်းခဲ့ဘဲနဲ့ တူတယ်။ တလွဲတချော်တွေ ဖြစ်နေတယ်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၄/၅ နှစ်လောက်ဆိုရင် ဦးအုန်းဖေဟာ တောင်ကြီး အေဘီ အမ်ကျောင်းမှာ ကလေးဘဲ ရှိဦးမယ်။ စစ်ကြီးအတွင်းရောက်မှ လူပျိုလူရွယ်ဖြစ်လာပြီး စစ်ပြီး ခေတ်ရောက်တော့မှ ရှမ်းပြည်နိုင်ငံရေးဇာတ်ခုံမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကပြလာခဲ့တာဖြစ်တယ်။

စစ်မဖြစ်မီ စစ်ကြီးအတွင်းနဲ့ စစ်ပြီးခေတ်သုံးကာလအတွင်း ရှေ့မှီနောက်မှီပုဂ္ဂိုလ်တွေ ဒီနေ့အထိ တော်တော်များများ အသက်ထင်ရှား ရှိနေကြပါသေးတယ်။ သက်ဆိုင်ရာအကြောင်း ကဏ္ဍတွေမှာ အဲဒီပုဂ္ဂိုလ်တွေနဲ့ဦးအုန်းဖေ တွေ့ပြီးညှိနှိုင်းခဲ့ရင် ချွတ်ချော်တိမ်းပါးချက်တွေဟာ သူ့စာအုပ်ထဲမှာ အများကြီးလျော့နည်းသွားမှာ သေချာတယ်။

ဥပမာ – စာမျက်နှာ(၁၄၆)“ရှမ်းစော်ဘွားများကျောင်း”အကြောင်းရေးထားတာ အ ချက်အလက်တွေ မှတ်သားစရာ ကောင်းပါတယ်။ ဒါပေမဲ့ ဆရာတွေဟာ အင်္ဂလိပ်လူမျိုးနဲ့ကပြား တွေချည်းဘဲလို့ ရေးသားလိုက်တော့ ချွတ်ချော်သွားတာပါဘဲ။ ဆရာစိန်ဖေ၊ ဆရာထွန်းဟန်၊ ဆရာ ဘိုကြီး၊ ဆရာစံချိန်အစရှိတဲ့တိုင်းရင်းသားဆရာတွေကို ဦးအုန်းဖေ မီလိုက်ဟန်မတူဘူး။ ဒေါ်မိမိ ခိုင်ကတော့ စစ်ပြီးခေတ်“ကမ္ဘောဇ”ကျောင်းလုပ်တော့မှ ရောက်လာသူပါ။

စာမျက်နှာ(၁၇၂)ပြည်ထောင်စုမြန်မာနိုင်ငံတော် ပထမဦးဆုံးယာယီသမ္မတခန့်ထားရေး ကိစ္စမှာ တောင်ပိုင်စော်ဘွားကြီး ခွန်ပန်းစိန်ကို စဉ်းစားထားခဲ့ရာမှာ၊ “တောင်ပိုင်စော်ဘွားကြီး ကိုယ်တိုင်က လက်မခံ ငြင်းပယ်ခဲ့သောကြောင့်သာ၊ ညောင်ရွှေစော်ဘွားကြီးသည် ဘွဲ့ဆော်ဦး သမ္မတ သို့မဟုတ် ယာယီသမ္မတကြီးဖြစ်ခဲ့သည်”လို့ ဦးအုန်းဖေက ရေးထားပါတယ်။ အဲဒီကိစ္စ မှာ “တောင်ပိုင်စော်ဘွားကြီးကိုယ်တိုင်က ငြင်းပယ်ခဲ့တာ ဟုတ် မဟုတ်၊ ဦးနု ဦးဘဇံ ဦးထွန်းအုံနဲ့ ကျွန်တော်တို့လေးယောက်ဟာ အသိဆုံးပါ။ ဒီနေရာ တိမ်းစောင်းမှုအတွက် ဦးအုန်းဖေကို အပြစ် မဆိုနိုင်ပါ။ သူကိုးကားတဲ့ဦးဖေခင်ကိုယ်တိုင်က သေသေချာချာ မသိတာဖြစ်ပါတယ်။ သမ္မတရာ ထူးပေးတာ ငြင်းပယ်မဲ့သူ ဒီကမ္ဘာမှာ ရှိနိုင်ပါ့မလား။

စာမျက်နှာ(၂၂၄) “ဘဇဂျမဒါ”လို့ရေးထားတာလဲ လွဲနေတယ်။ ကိုဘဇံဟာ ကိုစံပွင့်နဲ့ အတူ ပီအိုခေါ် အကောက်ခွန်အရာရှိအလုပ်ကို ရသွားပါတယ်။ ပြီးတော့ (ABM) ယောကျ်ား ကလေးအထက်တန်းကျောင်း အကြောင်းရေးရာမှာလည်း ကျောင်းမှာ မီးသတ်ခေါင်းလောင်း တလုံးနဲ့ကျောင်းတက်ခေါင်းလောင်းတလုံး နှစ်လုံးထားတယ်လို့ရေးထားတာအေဘီအမ်ကျောင်း သားဟောင်းတွေအတွက် ရယ်စရာကြီးပေါ့။ အက်စ်ဘီအေခေါ် ကျောင်းသားများ ဗုဒ္ဓဘာသာ အသင်းအကြောင်းမှာလည်း (SBA) ထဲမှာ ဆရာငြိမ်း ဗုဒ္ဓဘာသာကျောင်းသားများ ပါဝင်တယ် လို့ရေးထားတယ်။ ဆရာငြိမ်းကျောင်းသားတွေဟာ (SBA) ထဲ လုံးဝမပါဝင်ခဲ့ဘူး။ ဗုဒ္ဓဘာသာ ကျောင်းက ကျောင်းသားတွေမို့ ခရစ်ယာန်ကျောင်းမှာ ပညာသင်ကြားနေရတဲ့ဗုဒ္ဓဘာသာကျောင်း

E-book is created by *shanyoma*

သားညီအစ်ကို မောင်နှမတွေကို လာပြီး ဦးဆောင်ပါလို့ ဖိတ်ခေါ်တာကိုတောင် ပစ်ပစ်ခါခါ ငြင်းပယ်ခဲ့ကြပါတယ်။ (၂၄၇)

စာမျက်နှာ(၂၇၅)၊ ၁၉၄၆–ခု၊ ဇန်နဝါရီလ ရွှေတိဂုံအလယ်ပစ္စယံမှာ ကျင်းပတဲ့ဖ–ဆ–ပ–လ ညီလာခံအကြောင်းရေးတဲ့အခါ "ဗိုလ်ချုပ်အောင်ဆန်း ဥက္ကဋ္ဌမိန့်ခွန်းရှည်ကြီး မြွက်ကြားခဲ့သည်၊ ဗိုလ်ချုပ်အောင်ဆန်းမောဍ် နားသောအခါ ဦးကျော်ငြိမ်းတို့က ကူ၍ဖတ်ရသည်"လို့ ဦးအုန်းဖေက ရေးထားတယ်။ ဒါက လွဲနေတယ်။ ဗိုလ်ချုပ်နားလို့ ဆက်ဖတ်သူဟာ သခင်ချစ်ဖြစ်တယ်။ ကိုတင်ဇခေါင်းဆောင်တဲ့ကျွန်တော်တို့ ရှမ်းပြည်လူငယ်ကိုယ်စားလှယ်(၁၀)ဦးဟာ အဲဒီဖ–ဆ–ပ–လညီလာခံကို အစအဆုံး တက်ခဲ့ကြပါတယ်။ ပြီးတော့ ဦးဖေခင်တင်သွင်းတဲ့အဆိုဟာ "ရှမ်းပြည်အရေး"အဆိုမဟုတ်ဘူး။ "တောင်တန်းဒေသအရေး"အဆိုဖြစ်တယ်။

၁၉၄၆–ခု၊ မတ်လမှာ ကျင်းပတဲ့ ပထမပင်လုံညီလာခံအကြောင်းကဏ္ဍမှာလဲ တိမ်းစောင်းချွတ်ချော်မှုတွေ တသီကြီးဘဲ။ ဦးအုန်းဖေက သူကိုယ်တိုင် ဦးဆောင်ပြီး ပြည်သူ့ရဲဘော်(၁၅)ယောက်နဲ့အတူ ပင်လုံညီလာခံရောက်ခဲ့တယ်လို့ ရေးထားတယ်။ စလွယ်ဖြူနီကြားနဲ့ရဲဘော်နှစ်ယောက်ကို ရွှီးတန်းလုပ်၍ ပွဲထဲလွှတ်ထားတယ်လို့ရေးထားတယ်။

ကိုဘဇံ ကိုတင်ဇ ခေါင်းဆောင်တဲ့လူငယ်အမျိုးသမီး အမျိုးသား ၂၀–ကျော် အဲဒီပင်လုံညီလာခံကို အစအဆုံး တက်ခဲ့တာ ဦးအုန်းဖေ သိခဲ့ဟန်မတူဘူး။ လူငယ်တွေထဲက ကိုတင်ဇ ကိုခွန်ထီး ကိုစံဖေ လင်းခေးဦးထွန်းမြင့်နဲ့ကျွန်တော်တို့ညီလာခံမှာ ဟောပြောခဲ့ကြတယ်။ ကိုတင်ဇက ပညာရေးအကြောင်း၊ ကိုခွန်ထီးက စီးပွါးရေးအကြောင်း၊ ကိုစံဖေက အနုပညာအကြောင်း၊ လင်းခေးဦးထွန်းမြင့်က ဘလူးဗင်းဆေးတန်သောက် ဆေးလုပ်ငန်းအကြောင်း၊ ကျွန်တော်က စားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်စပါးတိုးချဲ့စိုက်ပျိုးရေးအကြောင်း အသီးသီး ဟောပြောခဲ့ကြတယ်။

အဲဒီအချိန်မှာ ကိုတင်ဟော ဦးအုန်းဖေ ရေးသလို ပဒေသရာဇ်တောင်ကျောင်း ကျောင်းအုပ်မလုပ်ရသေးဘူး။ ပင်လုံညီလာခံပြီး (၃)လလောက်နေမှ ကျောင်းအုပ်သွားလုပ်တာပါ။ ပြီးတော့ ကိုစံဖေလည်း လူငယ်အစည်းအရုံးအမှုဆောင် မဟုတ်သေးပါဘူး။ ရှမ်းပြည်လူငယ်များအစည်းအရုံးကို ကျွန်တော်တို့ ပင်လုံက ပြန်ပြီးတော့မှ ဧပြီလအတွင်းမှာ ဖွဲ့ကြပါတယ်။

ပင်လုံညီလာခံမှာ ဦးစောရဲ့ဒိုမီနီယံတရား လွှမ်းမိုးသွားတာ မှန်တယ်။ မိတ္ထီလာ ဦးဘရင်ပညာရေးအကြောင်းဟောတာရယ်၊ သခင်နုက ရှမ်းဗမာသွေးစည်းညီညွတ်ရေးဟောတာရယ်ကို ဦးအုန်းဖေ မကြားခဲ့ဘူးနဲ့တူတယ်။ သခင်နုရဲ့ရဲရဲတောက် နိုင်ငံရေးတရားဟောပွဲမျိုး မတွေ့မကြုံဘူးတဲ့လူတွေ ပါးစပ်အဟောင်းသားနဲ့ တအံ့တသြနားထောင်ကြတာကိုလဲ ဦးအုန်းဖေ တွေ့ခဲ့ဟန်မတူဘူး။ ဒါကြောင့် "သခင်နုတို့ – ပင်လုံတွင် နေရာသိပ်မရပေ၊ သခင်နုတို့လူစု ဘာမှမယ်မယ်ရရ မလုပ်ခဲ့ရဘဲ ပင်လုံမှ ပြန်လှည့်ခဲ့ရသည်"လို့ဦးအုန်းဖေက ဖေါ်ပြထားတယ်။

ပင်လုံညီလာခံတက်ရင်း ကြုံကြိုက်တုံး ကျွန်တော်တို့ လူငယ်တတွေ နိုင်ငံရေးဆွေးနွေး

E-book is created by shanyoma

E-book is created by shanyoma

ပွဲတွေ လုပ်ခဲ့ကြသေးတယ်။ ဖ–ဆ–ပ–လ အလယ်ပစ္စယံညီလာခံအတွေ့အကြုံ၊ ဗမာနိုင်ငံရေး အခြေအနေ၊ နိုင်ငံတကာရေးရာအခြေအနေ၊ ရှမ်းပြည်စည်းရုံးရေးကိစ္စနဲ့စော်ဘွားများအပေါ် သဘောထားစသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပွဲတွေ လုပ်ခဲ့ကြတယ်။ သခင်နု ဦးဘဂျမ်း နဲ့မန်းဘခိုင်တို့ ကျွန်တော်တည်းခိုရာနေရာထိလာပြီး ရန်ကုန်မှာ ကျွန်တော်တို့နဲ့ ဖ–ဆ–ပ–လ အမှုဆောင်ဆွေးနွေးပွဲလုပ်တုံးက သဘောကွဲလွဲခဲ့တဲ့ကိစ္စကို ဗိုလ်ချုပ်အောင်ဆန်းရဲ့စေခိုင်းချက် အရ ကျွန်တော်တို့နဲ့ အကြေအလည် ဒူးတိုက်ဆွေးနွေးခဲ့ပါသေးတယ်။

ပင်လုံညီလာခံက ပြန်လာပြီး ချမှတ်ထားတဲ့စည်းရုံးရေးရည်မှန်းချက်အတိုင်း တောင် ကြီးမြို့ ပြည်သူ့စာကြည့်တိုက်အမှုဆောင်များနဲ့ ကျွန်တော်တို့ဆွေးနွေးညှိနှိုင်းပြီး၊ ရှမ်းပြည်လူ ငယ်များ အစည်းအရုံးကို ဧပြီလအတွင်းမှာ ဖွဲ့စည်းခဲ့ပါတယ်။ လူငယ်အစည်းအရုံးဖွင့်ပွဲကို တောင်ကြီးအသံထွက်ရုပ်ရှင်ရုံမှာ ကျင်းပခဲ့တာလည်း ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့တာပါဘဲ။ မြန်မာ့အလင်းသတင်းထောက် ကိုစံအောင်က စာလုံးမဲကြီးနဲ့ဖော်ပြလို့ ပြဿနာတက်ခဲ့သေး တယ်။ လူတထောင်ကျော်တက်တဲ့အတွက် အသံထွက်ရုံ ပြိုမကျဘူးလားလို့ အရေးပိုင်ကာနယ် လိချ်က ထုချေလွှာတောင်းတယ်။ ပြီးတော့ ကာနယ်လိချ်က အပေါ်စားဝါဒဖြန့်ချီမှုလို့ ပုတ်ခတ် လိုက်တယ်။ ပြီးတော့ လူငယ်အစည်းအရုံးဟာ နိုင်ငံရေးအဖွဲ့အစည်းတခု ဖြစ်တယ်လို့ ပြောကြား လိုက်တဲ့အတွက် ဒေါ်ခင်ကြည်အစရှိတဲ့လူငယ်အစည်းအရုံး နာယကအချို့ဟာ တခါထဲ အစည်း အရုံးက နုတ်ထွက်သွားကြတယ်။

ရှမ်းပြည်လူငယ်အစည်းအရုံးကို စစ်ပြီးခေတ်ရှမ်းပြည်ရဲ့နိုင်ငံရေးလှုပ်ရှားမှုတခုအဖြစ် ဦးအုန်းဖေက အသိအမှတ်ပြုဟန် မတူဘူး။ ဒါကြောင့် သူ့စာအုပ်မှာ အေဘီအမ်ကျောင်းနဲ့ ညောင်ရွှေဘော်လုံးပွဲအကြောင်း၊ မြမာလာအသင်း၊ မြသီတာအသင်းအကြောင်းတွေ တခမ်းတ နားဖော်ပြပေမဲ့ ရှမ်းပြည်လူငယ်များ အစည်းအရုံးကဏ္ဍကို မြှုပ်ထားခဲ့တယ်။

လူငယ်အစည်းအရုံးဖွင့်ပွဲမှာ ကိုစံအောင် သတင်းပို့သလို လူငယ်တထောင်ကျော်တက် မတက် အသေအချာ မသိဘူး။ အသံထွက်ရုံ ပြည့်လျှံပြီး မင်းလမ်းပေါ် အထိ လူငယ်တွေရှိနေ တာတော့ သေချာတယ်။ အဲဒီအချိန်က တောင်ကြီးမြို့လူဦးရေဟာ ရှစ်ထောင်ထက် မပိုနိုင်ဘူး။ အသံထွက်ရုံလျှံအောင်တက်တဲ့လူငယ်အင်အားဟာ နံနံနောနောတော့ မဟုတ်ဘူးပေါ့။

လူငယ်အစည်းအရုံးဖွင့်ပြီး နှစ်လလောက်အကြာမှာ ယခင်ရှမ်းစော်ဘွားသားများ ကျောင်းကို ပဒေသရာဇ် တောင်ကျောင်းလို့ အမည်ပြောင်းပြီး ကိုတင်ဇော်ကို ကျောင်းအုပ်ခန့်လိုက် တယ်။ လူငယ်အစည်းအရုံးအမှုဆောင်အများစုဟာ ကျောင်းဆရာလုပ်ဖို့ ကိုတင်ဇော်နဲ့အတူပါသွား ကြတယ်။ ကျွန်တော်နဲ့ကိုစံဖေတို့လောက်ဘဲ အချိန်ပြည့် အမှုဆောင်အနေနဲ့ လူငယ်အစည်းအ ရုံးမှာ ကျန်ရစ်ခဲ့တယ်။

ရ–ပ–လခေါ်တဲ့ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ်ကို ၁၉၄၆–ခု၊ ဩဂုတ်လမှာ ဖွဲ့စည်းခဲ့ တယ်။ ပင်လုံစစ်တန်းမှာ ရေးသလို စက်တင်ဘာလ မဟုတ်ဘူး။ ဦးအုန်းဖေက ရှမ်းပြည်မှာ နိုင်ငံ

ရေးတပ်ပေါင်းစုဖွဲ့စည်းဖို့ သူနဲ့ဗိုလ်ဘရီတို့ စတင်ဆော်သြတဲ့သဘောမျိုး ရေးထားတယ်။ ဒါတော့ သူ့ဘက်ကိုယ့်ဘက် နေရာလုတဲ့သဘောဖြစ်မှာစိုးလို့ အကျယ်မငြင်းလိုတော့ဘူး။ သို့သော် အမိက ဇာတ်ကောင်တကောင်ဖြစ်တဲ့ကိုထွန်းဖေအခန်းက ပျောက်နေပါတယ်။ ဆော်သြသူတွေ ဈေးအတွင်း ကိုဘဖြူ ကိုခင်စိုးတို့ဆံပင်ညှပ်ဆိုင်မှာ စုဝေးကြတယ်ဆိုတာလဲ နဲနဲတော့ တိမ်းစောင်းနေတယ်။ လဘက်ရည် အလကားသောက်ရလို့ ဦးအုန်းဖေတို့ ဆံပင်ညှပ်ဆိုင်ကို ခဏခဏသွားတာဖြစ်ချင်ဖြစ်မယ်။ ရ–ပ–လဖွဲ့စည်းရေးအတွက် ဆော်သြသူတွေကတော့ လူငယ်အစည်းအရုံးစာကြည့်တိုက်မှာ ချိန်ပြည့်ထိုင်ပြီး တကုတ်ကုတ်နဲ့ နိုင်ငံရေးချက်ခဲ့တာ ကျွန်တော် ဒီနေ့အထိ မျက်စိထဲမှာ မြင်နေသေးတယ်။ လူငယ်အစည်းအရုံးစာကြည့်တိုက်ဟာ ဦးအုန်းဖေခေါင်းဆောင်တဲ့ ပြည်သူ့ရဲဘော်တပ်ဖွဲ့လုပ်ထားတဲ့အိမ်နဲ့ ကပ်လျက် တန်းလျားစုတ်ကြီးဘဲ။

ပြီးတော့ ဆော်သြသူအဖွဲ့မှာ လေထီးဆင်းရဲဘော်စံတင် ပါနေတာဟာလဲ မမှန်ဘူး။ ရဲဘော်စံတင်ဟာ ညီလာခံကျင်းပဖို့ ဖိတ်ခေါ်တော့မှ ရှမ်းပြည်မြောက်ပိုင်းက ရဲဘော်တွေနဲ့အတူ ရောက်လာတာပါ။ ကြိုတင် ရောက်မလာပါဘူး။ ပြီးတော့ ဒေါက်တာသာအေးတယောက်လဲ ရ–ပ–လအမှုဆောင်ဖွဲ့တဲ့အခါ ဥက္ကဋ္ဌတက်လုပ်ရဲသူ မရှိလို့ သူ့ကို ဆွဲတင်ရတာပါ။ ဥက္ကဋ္ဌလုပ်တော့မှ "ခွန်"ဆိုတဲ့ဘွဲ့ကို ကျွန်တော်တို့ဝိုင်းပြီး တပ်ပေးလိုက်ကြတာပါ။

ရ–ပ–လ အမှုဆောင်စာရင်းမှာ ကိုလှမင်းတယောက် နာမည်ပါနေတာလဲ မဟာအမှားကြီးဘဲ။ ကိုလှမင်းဟာ ရ–ပ–လဖွဲ့စည်းရေးညီလာခံ မတက်ခဲ့တဲ့အပြင် ရ–ပ–လအဖွဲ့ဝင် တခါမှ မဖြစ်ခဲ့ဘူး။ ကျွန်တော်တို့ ရ–ပ–လ စည်းရုံးရေးအတွက် မိုးမိတ်သွားတုံးကလဲ အတွေ့မခံဘူး။ တမင်ရှောင်သွားခဲ့တယ်။ ရ–ပ–လကို ဖောက်ပြန်တဲ့အဖွဲ့အစည်းလို့ အပြင်းအထန် ဝေဖန်ပုတ်ခတ်ခဲ့သူပါ။ ပြီးတော့ ကိုစံဖေတယောက်ဟာ ရ–ပ–လဖွဲ့စည်းဖို့ ဆော်သြတဲ့အခါ ညီလာခံလုပ်တဲ့အခါ ဖွဲ့စည်းပြီးတဲ့အခါ တက်တက်ကြွကြွပါဝင်ခဲ့ပေမယ့် အလုပ်အမှုဆောင်လုပ်ဖို့ လက်မခံခဲ့ဘူး။ အကြောင်းရင်းကတော့ ကိုစံဖေကိုယ်တိုင်နဲ့သူ့ဇနီးလောင်း မလှသင်းတို့အသိဆုံး ဖြစ်မယ်။

ပြီးတော့ မြန်မာပြည်မှာ ဖ–ဆ–ပ–လနဲ့ကွန်မြူနစ်ပါတီကွဲပြီးတဲ့နောက် ပြည်သူ့ရဲဘော်တပ်ဖွဲ့လည်း ကွဲပြီး ကွန်မြူနစ်ပါတီက တပ်နီလို့ စတင်ထောင်လိုက်တယ်။ တောင်ကြီးမှာလည်း ဦးအုန်းဖေဟာ ပြည်သူ့ရဲဘော်တပ်ဖွဲ့နဲ့ ကွဲပြီး ကျားတပ်ဖွဲ့စည်းခဲ့တယ်။ အဲဒီအခန်းကိုလည်း ပင်လုံစစ်တန်းမှာ မတွေ့မိဘူး။

ရ–ပ–လဖွဲ့ပြီးတဲ့အချိန်ကစပြီး ပင်လုံစာချုပ်ကာလအထိမှာ ကျွန်တော်ဟာ ရှမ်းပြည်နိုင်ငံရေးဇာတ်ခုံပေါ်မှာ အမိကဇာတ်ကောင်တကောင်အဖြစ်ပါဝင်ခဲ့တဲ့အတွက် "ပင်လုံစစ်တန်း" ရဲ့အဲဒီကာလအပိုင်းကို ပိုပြီးဝေဖန်နိုင်ပါတယ်။ ဒါပေမဲ့ "ပင်လုံစစ်တန်း"မှာ အဲဒီကာလအတွင်း တိမ်းစောင်း ချွတ်ချော်လွဲမှားချက်တွေက ဒုနဲ့ဒေးရှိနေတာက တကြောင်း၊ အခြေခံအယူအဆအရ ဦးအုန်းဖေနဲ့ကျွန်တော် မတူကွဲပြားလာပြီးဖြစ်တဲ့အတွက် အဲဒီအပိုင်းကို ဝေဖန်ရလျှင် ကျွန်တော်ဝေဖန်ချက်ဟာ စာတန်းတစောင်ဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် ဆက်လက်မဝေဖန်လို

E-book is created by shanyoma

တော့ပါ။ အခြေအနေပေးတော့မှ စာတန်းတစောင် သပ်သပ်ပြုပါရစေတော့။

နိဂုံးချုပ်အနေနဲ့ ဦးအုန်းဖေရဲ့ "ပင်လုံစာတန်း" မှာ ကျွန်တော် တခါမှ မသိဘူး၊ မကြားဘူး၊ မတွေ့ဘူးတဲ့အချက်အလက် အကြောင်းအရာတို့ကို ဖေါ်ပြထားတာရယ်၊ ရှားရှားပါးပါး စာရွက်စာတမ်းအထောက်အထားများကို စုဆောင်းဖေါ်ပြထားတာရယ်။ ပြီးတော့ ကျွန်တော် အလွန်လိုချင်တဲ့ရ–ပ–လနဲ့ပတ်သက်တဲ့အချက်အလက် ကြေငြာစာတမ်းတွေကို ရှာဖွေဖေါ်ပြထားတာရယ်တွေကို တွေ့ရတဲ့အတွက်တော့ ကျွန်တော် ဦးအုန်းဖေကို လေးလေးစားစား ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

(ထွန်းမြင့်)<br>
တောင်ကြီးမြို့။ ၁၆/၉/၁၉၇၄

E-book is created by *shanyoma*

# နောက်ဆက်တွဲ ၃

E-book is created by ***shanyoma***

E-book is created by shanyoma

သို့

ဒေါ်အောင်ဆန်းစုကြည်
အထွေထွေအတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့။

တောင်ကြီးမြို့။ ၁၉၇၉–ခု၊ ဖေဖော်ဝါရီ (၂၀)ရက်

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား–

(၁၃. ၂.၇၉)နေ့ ညနေ ထမင်းစားပွဲအပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ကျနော် ဆွေးနွေးတဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ဘက်က ပြောစရာရှိတာပြောပြီး ဒေါ်အောင်ဆန်းစုကြည်မှာ ကြိုတင်ချိန်းဆိုတဲ့ကိစ္စရှိနေလို့ဆိုပြီး ထမင်းစားပွဲက ထွက်ခွါသွားတဲ့အတွက် ကျနော် ဒီစာကို ရေးလိုက်ရတာဖြစ်ပါတယ်။ အဲဒီညနေကသာ ကျနော်ဘက်က ပြန်လည်ပြောဆိုခွင့်ရခဲ့ရင် ကျနော် ဒီစာကို ရေးဖို့ လိုချင်မှလိုမှာပါ။

နိုင်ငံရေးပြဿနာတခုဟာ တိုးလိုးတန်းလန်း မရှိအပ်ပါဘူး၊ ပြေလည်မှုရှိဖို့ လိုပါတယ်။ ပြတ်သားတဲ့အဖြေတခု ရဖို့လိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည် ရှမ်းပြည်တောင်ပိုင်း ခရီးထွက်လာမယ်လို့ကြားသိရတဲ့အခါ ကျနော်တို့ရဲ့အဖွဲ့ချုပ်(ရှမ်းပြည်လူမျိုးစုများဒီမိုကရေစီအဖွဲ့ချုပ်)အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ခေါင်းဆောင်ထံမှ တိုင်းရင်းသားလူမျိုးစုများပြဿနာနဲ့ ပတ်သက်လို့တိကျတဲ့သဘောထား ကြားရလိမ့်မယ်လို့ မြှော်မှန်းထားခဲ့ကြပါတယ်။

(၁၃. ၂. ၇၉)နေ့ မနက်ပိုင်းဆွေးနွေးပွဲမှာ အဲဒီတိကျတဲ့သဘောထားကို ကျနော်တို့အဖွဲ့ချုပ်အနေနဲ့ မေးမြန်းကြဖို့ပါဘဲ။ ဒါပေမဲ့ ပရိုဂရမ်စီစဉ်သူတွေကဘဲ၊ အဲဒီဆွေးနွေးပွဲဟာ ပါတီစုံလူစုံဖြစ်နေလို့ ဆွေးနွေးပွဲပြီးတဲ့အခါ ကျနော်တို့အဖွဲ့ချုပ်နဲ့သပ်သပ်ဆွေးနွေးဖို့ စီစဉ်ထားပါတယ်လို့ ကျနော့ကို ပြောပါတယ်။ အဲဒီမနက်ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်အတွက် အခြားပြည့်နှက်နေတဲ့အစီအစဉ်တွေကြောင့် ကျနော်တို့အဖွဲ့ချုပ်နဲ့သီးခြားဆွေးနွေးဖို့ အချိန်မပေးနိုင်ခဲ့ပါဘူး။

ညနေထမင်းစားပွဲကျတော့ ဒေါ်အောင်ဆန်းစုကြည်တို့ နောက်တနေ့မနက်ပြန်ကြတော့မယ်လို့ ကျနော်သိရတယ်။

ဦးမိုးသူရဲ့ကြားဝင်စီစဉ်ပေးမှုကြောင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ကျနော်ရဲ့ဆွေးနွေးပွဲဟာ ကြိုတင်စီစဉ်မှုမရှိဘဲ ရုတ်တရက် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။

အမှန်ကတော့ ဒီကိစ္စမျိုးဟာ အေးအေးဆေးဆေး အချိန်ယူပြီး အကြေအလည်ဆွေးနွေးရမဲ့ကိစ္စဖြစ်ပါတယ်။

အခုတော့ ကြိုတင်စီစဉ်မှုမရှိဘဲ ရုတ်တရက်ဖြစ်ပေါ်လာခဲ့တဲ့အပြင် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီနေ့အမျိုးသားခေါင်းဆောင်တယောက်အဖြစ် ရောက်ရှိနေတဲ့အခါမျိုးမှာ ကျွန်တော်

တို့ဟာ ခေါင်းဆောင်တယောက်ရဲ့ ဂုဏ်သိက္ခာကျဆင်းစေမဲ့ အပြုအမူအပြောအဆိုမျိုးကို ရှောင်ရမယ်လို့ ကျွန်တော်ခံယူထားပါတယ်။ ဒါကြောင့်ဘဲ ကျနော်ဟာ ဒေါ်အောင်ဆန်းစုကြည် စကားအရှည်ကြီးပြောနေစဉ် ကျနော်နဲ့သဘောထားခြင်း မတိုက်ဆိုင်ပေမယ့် ကြားဖြတ်ဝင်ရောက်နှုတ်လှန်ထိုးခြင်း မပြုခဲ့ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ပြောလိုတာ ပြောပြီးတော့မှ ကျနော်ရဲ့ထင်မြင်ယူဆချက်တွေကို အေးအေးဆေးဆေး ပြန်တင်ပြမယ်လို့ စိတ်ကူးခဲ့ပါတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်မှာ အရေးကြီးတဲ့နောက်အစီအစဉ်တခုအတွက် ရုတ်တရက်ထွက်သွားရတော့ ကျနော်အတွက် မကြေမလည်ဖြစ်ပြီး ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့် ဒီစာကို ကောက်ရေးရခြင်း ဖြစ်ပါတယ်။ ဦးမိုးသူကိုတော့ ကျနော်အရိပ်အမြွက် ပြောပြခဲ့ပါသေးတယ်။

ဒီစာဟာ ဝေဖန်ရေးလို့ဘဲ ယူဆစေလိုပါတယ်။ ဝေဖန်ရေးနဲ့ပကိုယ့်ကိုယ်ကို ဝေဖန်ရေးဟာ ဒီမိုကရေစီနိုင်ငံရေးရဲ့ အသက်ဖြစ်ပါတယ်။ ဝေဖန်ရေးကင်းမဲ့တဲ့နိုင်ငံရေးဟာ ကမောက်ကမဖြစ်တတ်ရုံမျှမက အာဏာရှင်စနစ်ဆီသို့လည်း ဦးတည်သွားတတ်ပါတယ်။

စာအလွန်ရှည်သွားမှာ စိုးတဲ့အတွက် ကျနော်လိုရင်းကို ရေးပါတော့မယ်–

ကျနော်တို့ အဖွဲ့ချုပ်အနေနဲ့ တိုင်းရင်းသားလူပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးအချင်းချင်း၊ ပြည်ထောင်အချင်းချင်း၊ တန်းတူညီမျှမှုကို အခိုင်မာဆုံးအာမခံချက်ပေးနိုင်တဲ့ဖယ်ဒရယ်ယူနီယံမျိုး တည်ဆောက်နိုင်မှသာ ပြည်နယ်များနဲ့တိုင်းရင်းသားလူမျိုးများ တန်းတူညီမျှမှု အမှန်တကယ်ရရှိပြီး အမှန်တကယ် သွေးစည်းညီညွတ်မှု ရနိုင်မယ်လို့ခံယူထားပါတယ်။ ဒီလိုခံယူထားတာဟာ အကြပ်ကိုင်တောင်းဆိုခြင်းမျိုးလည်း မဟုတ်သလို စိတ်ကူးယဉ်တောင်းဆိုခြင်းမျိုးလည်း မဟုတ်ပါဘူး၊ သမိုင်းစဉ်ဆက်သင်ခန်းစာအရပ်ရပ်ပေါ် အခြေခံပြီး ကျနော်တို့ ရှမ်းအစရှိတဲ့တိုင်းရင်းသားလူမျိုးများ လိုလားတောင့်တမှုအပေါ် ရပ်တည်ခံယူထားခြင်းသာဖြစ်ပါတယ်။

ဗဟိုအစိုးရတမျိုးတစားတည်းက ကြိုးကိုင်အုပ်ချုပ်တဲ့ယူနီထရီယူနီယံမျိုးကိုတော့ လွတ်လပ်ရေးသက်တမ်းတလျှောက် တွေ့ကြုံ ဖြစ်ပျက်ခံစားမှုအရပ်ရပ်ကြောင့် ကျနော်တို့ ဘယ်လိုနည်းနဲ့မှ မလိုလား၊ မနှစ်သက်နိုင်ကြပါဘူး။

ဒေါ်အောင်ဆန်းစုကြည် သိရှိတော်မူတဲ့အတိုင်း ယနေ့ကမ္ဘာပေါ်မှာ ဖယ်ဒရယ်နဲ့ယူနီထရီနိုင်ငံနှစ်မျိုးနှစ်စားထဲဘဲ ရှိပါတယ်။ တတိယအမျိုးအစားမရှိပါဘူး။ ဒါဟာ သီအိုရီမဟုတ်ပါဘူး။ လက်တွေ့သာဓကတွေပါ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အချို့က ဖယ်ဒရယ်နဲ့ယူနီထရီရောစပ်ထားတဲ့နိုင်ငံလို့ယူဆကြပါတယ်။ အမှန်ကတော့ တရုတ်ပြည်ဟာ ယူနီထရီနိုင်ငံဖြစ်ပါတယ်။ လူမျိုးစုတွေနဲ့ပြည်နယ်တွေကို အထိုက်အလျောက် ကိုယ်ပိုင်အုပ်ချုပ်မှုအခွင့်အရေးတွေ ပေးထားတာမှန်ပေမယ့်လို့ တကယ့်အနှစ်သာရအားဖြင့် ဗဟိုအစိုးရက ကြိုးကိုင်အုပ်ချုပ်တဲ့ယူနီထရီနိုင်ငံဖြစ်တယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။

E-book is created by shanyoma

ဗြိတိန်နဲ့ပြင်သစ်နိုင်ငံတို့ဟာ ယူနီထရီနိုင်ငံစစ်စစ်ကြီးတွေဖြစ်ကြပါတယ်။ ဒါပေမဲ့ အဲဒီနိုင်ငံတွေမှာရှိတဲ့ဒေသန္တရအုပ်ချုပ်ရေးများဟာ ဖယ်ဒရယ်နိုင်ငံတွေကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အပြည့်အဝ ရှိကြပါတယ်။ ဒါတောင်မှ အင်္ဂလိပ် မဟုတ်တဲ့စကော့၊ ဝေလနဲ့အိုင်းရစ်လူမျိုးတို့ဟာ မကျေနပ်နိုင်လို့ အဲဒီထက်ပိုပြီး ကိုယ်ပိုင်အုပ်ချုပ်မှုရှိတဲ့သီးခြားပြည်နယ် တောင်းဆိုနေကြသေးတယ် မဟုတ်ပါလား။

ချက်ကိုစလိုဗက်ကီးယားနိုင်ငံဟာ နာဇီလက်အောက်က လွတ်မြောက်ပြီးနောက် ယူနီထရီနိုင်ငံအဖြစ် တည်ထောင်ခဲ့ပါတယ်။ ချက်နဲ့ဆလိုဗက်လူမျိုးဟူ၍ နှစ်မျိုးရှိရာ ချက်က လူများစု ဆလိုဗက်က လူနည်းစုဖြစ်နေလို့ အခြေခံဥပဒေထဲမှာ ဆလိုဗက်လူမျိုးအတွက် တိကျခိုင်မာတဲ့ အခွင့်အရေးတွေကို သီးခြားထည့်သွင်းရေးဆွဲထားခဲ့ပါတယ်။ ဒါပေမဲ့ လူမျိုးချင်းတန်းတူမှု မပြည့်ဝသေးဘူးလို့ယူဆကြလို့ လွန်ခဲ့တဲ့ ၃–၄–နှစ်ကဘဲ ဖယ်ဒရယ်အခြေခံဥပဒေသစ်ကို ရေးဆွဲပြီး ဖယ်ဒရယ်နိုင်ငံအဖြစ် ပြန်လည်တည်ဆောက်ခဲ့ကြတယ် မဟုတ်လား။

အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရာမှာ အနာဂတ်ခေါင်းဆောင်အဖြစ် အလားအလာအများဆုံးရှိတဲ့ဒေါ်အောင်ဆန်းစုကြည်နဲ့လူမျိုးစုအကြီးဆုံးတည်ရှိတဲ့ရှမ်းပြည်နဲ့လူမျိုးစု သဘောထားကျေလည်ထားဖို့လိုပါတယ်။ တိကျပြတ်သားထားဖို့ လိုတယ်လို့ယူဆပြီး ကျနော်တို့ အကျေအလည် ဆွေးနွေးဖို့ ဆန္ဒရှိခဲ့ကြခြင်းဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကျေညာချက်(၉)မှာပါရှိတဲ့ သဘောထားဟာ အားလုံးကို ခြုံငုံမိတယ်လို့ဆိုခဲ့ပါတယ်။ သာမန်အားဖြင့် ကြည့်ရင် ခြုံငုံမိသလို ထင်ရပါတယ်။ သေသေချာချာ လေ့လာကြည့်တဲ့အခါ တိကျမှုမရှိတဲ့အပြင် ဝါးတားတားဖြစ်နေတာကို တွေ့ရတဲ့အတွက် ကျနော် ဦးမိုးသူမှတဆင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ဆွေးနွေးနိုင်ဖို့ ခွင့်တောင်းခဲ့ခြင်းဖြစ်ပါတယ်။

ကျနော်က တိတိကျကျ သဘောထားကို မေးလိုက်တဲ့အခါ ဒေါ်အောင်ဆန်းစုကြည်ဟာ နဲနဲစိတ်ဆိုးသွားတယ်လို့ ကျနော်ထင်ပါတယ်။ စိတ်ဆိုးသွားတာ မဟုတ်ဘူးဆိုရင် ကျနော်ကို ခွင့်လွှတ်ပါ။ ကျနော် အဲဒီလို အကဲခတ်မိခဲ့လို့ပါ။

ကျနော် ဒီလိုသဘောထားသက်ရောက်တဲ့မေးခွန်းမေးခဲ့တာ ဒေါ်အောင်ဆန်းစုကြည် မှတ်မိမယ်ထင်ပါတယ်။

ကျေညာချက်(၉)မှာ "...ပြည်ထောင်စုကြီး၏ အနာဂတ်ခရီးလမ်းညွှန်များကို ချမှတ်နိုင်မည့်တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညီနွှိုင်းမှုညီလာခံတရပ်..."ခေါ်ယူမယ်လို့ ဖေါ်ပြထားတယ်။ အဲဒီအမျိုးသားညီလာခံက ပြဋ္ဌာန်းချက်များနဲ့ လမ်းညွှန်တရားများကို အခြေခံပြီး "...နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တရပ်ကို ဒီမိုကရေစီတိုင်းပြည်ပြုလွှတ်တော်တွင် ညှိနှိုင်းရေးဆွဲမယ်..."လို့လည်းဆိုထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့အခြေခံဥပဒေသစ်ရယ်၊ အဲဒီအခြေခံဥပဒေအရ တည်ဆောက်မဲ့ပြည်ထောင်စုကြီးဆိုတာရယ်

E-book is created by *shanyoma*

ဘယ်လိုနိုင်ငံအမျိုးအစားကို ဆိုလိုတာလဲ၊ ဖယ်ဒရယ်လား၊ ယူနိုထရီလား. . .”

အဲဒီအခါမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ မျက်နှာနဲနဲ နီသွားပါတယ်၊ တင်းလဲတင်းသွားပါတယ်၊ အသံလဲ နဲနဲမာလာတယ်လို့ ကျနော်ထင်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် နဲနဲစိတ်ဆိုးသွားတယ်လို့ ထင်မိကြောင်း ကျနော်ဆိုခဲ့တာပါ။ မဟုတ်ဘူးဆိုရင် ကျနော် ဒုတိယအကြိမ် ထပ်ပြီး တောင်းပန်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်က “ပြည်ထောင်စုကို အင်္ဂလိပ်ဘာသာနဲ့ယူနီယံလို့ပြန်ထားတယ်။ ကျမတို့ကလည်း ယူနီယံကိုဘဲ ဆိုလိုတာ၊ ဖယ်ဒရယ်တို့၊ ယူနီထရီတို့ဆိုတာ သီအိုရီသဘောတရားတွေဘဲ၊ လက်တွေ့နဲ့တခြားစီပါ၊ သီအိုရီတွေကို နေရာတကာ လက်တွေ့သုံးလို့မရဘူး၊ ဘယ်လိုပြည်ထောင်စုမျိုးလည်းဆိုတာ ကျမ အခုမပြောနိုင်ဘူး၊ အမျိုးသားညီလာခံရောက်မှ ဆွေးနွေးညှိနှိုင်းကြရမယ်။ ကျမအနေနဲ့တော့ အားလုံးသဘောတူဆုံးဖြတ်ထားတာကို လက်ခံမှာဘဲ။ အဲဒီလို ပွင့်လင်းတဲ့စိတ်မျိုးထားတယ်”စသဖြင့် အရှည်ကြီးပြောသွားပြီးတဲ့နောက် ကျမအနေနဲ့ လူမျိုးစုတွေအပေါ်မှာ စေတနာအလွန်သန့်တယ်ဆိုတာတော့ ယုံကြည်ပါ။ အမျိုးသားညီလာခံမှာ အန်ကယ်လ်တို့ကိုလည်း ညှိနှိုင်းမှာပါ. . .”လို့ပြောခဲ့ပါတယ်။ အဲဒီနောက် ကျနော့အပေါ် ပုဂ္ဂလဓိဋ္ဌာန်လား ကျနော်ကိုယ်စားပြုတဲ့အဖွဲ့ချုပ်ကိုဘဲ ရည်ညွှန်းသလား ဒါတော့ ကျနော် သေသေချာချာ မပြောနိုင်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က ကြိုတင်စဉ်းစားတွေးတောထားတဲ့အယူအဆ (Pre-conceived Ideas) မထားရှိအပ်တဲ့အကြောင်း ပြစ်တင်ဝေဖန်သွားပါတယ်။ တဆက်တည်း အမျိုးသားညီလာခံကြီးကို (Pre-conceived Ideas) တွေနဲ့လာလို့တော့ မဖြစ်ဘူး။ ကျမတို့ လက်မခံနိုင်ဘူး၊ အားလုံးပွင့်လင်းတဲ့စိတ်ထား (With open mind )နဲ့တက်ရောက်လာကြမှဖြစ်မယ်လို့လည်း ပြောခဲ့ပါတယ်။

(Pre-conceived Ideas) နဲ့ပတ်သက်လို့ ဒေါ်အောင်ဆန်းစုကြည်က ဘယ်လိုပြုသလဲတော့ ကျနော် မသိဘူး–

လူတယောက်ဆီမှာ အယူအဆတခုစီတော့ ရှိစမြဲပါ။

ကိစ္စခပ်သိမ်းဆောင်ရွက်ရာမှာ ကြိုတင်စဉ်းစား တွေးတောမှုတော့ ရှိကြမှာ အမှန်ပါဘဲ

နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းတိုင်း၊ နိုင်ငံရေးသမားတိုင်းမှာလည်း ဝါဒသဘောတရားလမ်းစဉ်ရယ်လို့ အသီးသီးရှိကြစမြဲပါ။ နိုင်ငံရေးပါတီတခု ဒါမှမဟုတ် နိုင်ငံရေးခေါင်းဆောင်တယောက်ဟာ ဆွေးနွေးပွဲစည်းဝေးပွဲတခုကို တက်ရောက်တော့မယ်ဆိုရင် သဘောတရားတခု သို့မဟုတ် အယူအဆတခုကိုတော့ ကြိုတင်တွေးတောစဉ်းစားပြီး ယူဆောင်လာမှာ မလွဲပါ။

တိုင်းရင်းသားလူမျိုးပေါင်းစုံ အမျိုးသားညှိနှိုင်းမှုညီလာခံသဘင်ကို တက်ရောက်လာကြမဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအသီးသီးဟာလည်း တိုင်းရင်းသားသွေးစည်းညီညွတ်ရေးနဲ့ပတ်သက်လို့ မိမိတို့ကိုယ်ပိုင်အတွေးအခေါ် သဘောတရားအယူအဆများ ယူဆောင်မလာလို့ မဖြစ်ပါဘူး၊ ဒေါ်အောင်ဆန်းစုကြည် ပြောခဲ့တဲ့ (Pre-conceived Ideas) ဆိုတာ ဒါတွေနဲ့ မသက်ဆိုင်ဘူးလား၊

E-book is created by shanyoma

ကြိုတင်တွေးတောကြံဆထားတဲ့အတွေးအခေါ် သဘောတရာအယူအဆ မကိုင်ဆောင်လာရတဲ့ ညီလာခံမျိုးကို ကျင်းပလို့ရမယ်လို့ ကျနော် မထင်မိဘူး။ သဘောတရား အယူအဆမျိုးစုံကိုတော့ ယူဆောင်လာကြရမှာဘဲ၊ ညီလာခံကျမှ အဲဒီသဘောတရားအယူအဆတွေကို ညှိနှိုင်းဆွေးနွေး ကြရမယ်။ တူညီတဲ့အဖြေကို ရှာကြရမယ်လို့ ကျနော်ယူဆပါတယ်။

ဒေါ်အောင်ဆန်းစုကြည် စကားပြောနေတုန်း ဤအချက်တွေကို ကျနော် ဝင်ပြောချင် လိုက်တာ၊ ပါးစပ်ယားနေတာဘဲ၊ ဝိုင်းအုံနေတဲ့လူအုပ်ရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို လေး စားသောအားဖြင့် ကျနော်ငြိမ်သက်စွာဘဲ နားထောင်နေခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား၊ ကျနော်စာဟာ မူလကြံရွယ်ထားတာထက် အများကြီး ရှည်လျားလာတဲ့အတွက် ကျနော့ကို ခွင့်လွှတ်ပါ။ နိုင်ငံရေးဆိုတာ ပွင့်လင်းရပါမယ်။ အားမနာ ရပါဘူး။ မပြောမပြီး၊ မတီးမမြည်ဆိုသလိုပဲ၊ ပြေစရာရှိတာတော့ ကုန်အောင် ပြောပါရစေ။

အခု ဒေါ်အောင်ဆန်းစုကြည်ထံ ဒီစာအရှည်ကြီးရေးနေသလို တိုက်တိုက်ဆိုင်ဆိုင် လွန် ခဲ့တဲ့(၄၃)နှစ်တိတိက ဒေါ်အောင်ဆန်းစုကြည်ရဲ့ဖခင်ထံ အလားတူ စာအရှည်ကြီးတစောင်ရေး သားပေးပို့ခဲ့ဘူးပါတယ်။ ရှမ်း–မြန်မာဆက်ဆံရေးအတွက် သမိုင်းဝင်စာတစောင်လို့ အချို့ပုဂ္ဂိုလ် တွေက အသိအမှတ်ပြုထားကြပါတယ်။ အဲဒီစာထဲက ဆီလျော်တဲ့အချက်တချို့ကို အကျဉ်းမျှ ဖေါ်ပြပါရစေ။

၁၉၄၆–ခု၊ ရွှေတိဂုံဘုရားအလယ်ပစ္စယံမှာ ကျင်းပတဲ့(ဖဆပလ)ပြည်လုံးကျွတ်ညီလာခံ ကို ကျနော်တို့ရှမ်းပြည်က လူငယ်ကိုယ်စားလှယ်(၁၀)ဦးတက်ရောက်ခဲ့ကြပါတယ်။ တရားဝင်ကိုယ် စားလှယ်တွေ မဟုတ်ပါဘူး။ အင်္ဂလိပ်အာဏာပိုင်တွေ မသိအောင် တိတ်တဆိတ် ခိုးတက်ခဲ့ရတဲ့ ကိုယ်စားလှယ်တွေပါ။

ကျနော်တို့ (၁၀)ဦးမှာ (၁)ကိုတင်ဋ၊ (၂)ကိုစံဖေ၊ (၃)ကိုခွန်ထီး၊ (၄)ကိုဘတင်၊ (၅)ကို အုန်းဖေ[အုန်းဘီလူး]၊ (၆)ကိုကျော်၊ (၇)ကိုသုတ၊ (၈)ကိုသန်းဖေ (၉)ကိုမြမင်း၊ (၁၀)ကျနော် တို့ဖြစ်ပါတယ်။ အဲဒီ(၁၀)ယောက်အနက် ကိုခွန်ထီးနဲ့ကျနော် (၃)ဘဲဒီနေ့အသက်ထင်ရှား ရှိနေ ကြပါတယ်။

အဲဒီ ၁၉၄၆–ခု၊ ဖဆပလညီလာခံမှာ ကျနော်တို့ရှမ်းပြည်နဲ့သက်ဆိုင်တဲ့အဆိုတခုရှိပါ တယ်။ ကျနော်တို့ရှမ်းပြည်လူငယ်များ တင်သွင်းတဲ့အဆိုမဟုတ်ပါဘူး၊ တောင်ကြီးမြို့မှာ ခေတ္တ ခဏလာရောက်နေထိုင်ဘူးတဲ့ဗမာမွတ်ဆလင်ကွန်ဂရက်ကိုယ်စားလှယ်ဦးဖေခင်က တင်သွင်းခဲ့ တာပါ။ ဖဆပလညီလာခံကိုယ်စားလှယ်အားလုံးထဲမှာ ဦးဖေခင်တယောက်ဘဲ ရှမ်းပြည်နဲ့နီးစပ် သူဖြစ်ပါတယ်။ အဆိုရဲ့ခေါင်းစဉ်းက “ချွန်းချွန်ထားသောနယ်များ မြန်မာပြည်မနှင့်ပူးပေါင်း ရေး”လို့ဖြစ်ပါတယ်။ စကားလုံးအတိအကျတော့ ကျနော် မမှတ်မိတော့ဘူး။

အဆိုရဲ့စာကိုယ်မှာ စက္ကူဖြူစာတမ်းအရ ရှမ်းပြည်၊ ကချင်တောင်တန်း၊ ချင်းတောင် တန်းစတဲ့နယ်များကို ဗမာပြည်က ခွဲထုတ်ထားတယ်။ အဲဒီနယ်များက ဗမာပြည်နဲ့ပူးပေါင်းလိုက

E-book is created by shanyoma

အဲဒီနယ်သားများရဲ့ဆန္ဒအတိုင်းဖြစ်စေရမယ်လို့ဆိုထားပါတယ်။ အဲဒီလိုတောင်တန်းဒေသနယ်များကို ခွဲထုတ်ထားတဲ့အတွက် ဒီဖဆပလညီလာခံကြီးက ကန့်ကွက်တယ်လို့ဆိုထားပါတယ်။

အဲဒီအဆိုပါလာတဲ့အတွက် ကျနော်တို့ကိုယ်စားလှယ်အဖွဲ့က ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်ပြီး ဖဆပလအလုပ်အမှုဆောင်အဖွဲ့နဲ့ ရှမ်းပြည်အရေးဆွေးနွေးနိုင်ရန်အတွက် အချိန်ပေးပါမည့်အကြောင်း ညီလာခံအတွင်းရေးမှူးထံ စာရေးပန်ကြားခဲ့ပါတယ်။

ကျနော်ရဲ့ပန်ကြားချက်အရ ညီလာခံပြီးတဲ့နောက် ၁၉၄၆–ခု၊ ဖေဖေါ်ဝါရီလ(၈)ရက်နေ့မှာ ဖဆပလအလုပ်အမှုဆောင်အဖွဲ့နဲ့ကျနော်တို့ ဆွေးနွေးကြပါတယ်။ ဆွေးနွေးပွဲမတိုင်မီ ဆွေးနွေးပွဲအတွက် လမ်းညွှန်မှုအဖြစ် ကျနော်တို့က မေးခွန်း(၈)ခု ကြိုတင်ပေးပို့ထားခဲ့ပါတယ်။

ဖဆပလအလုပ်အမှုဆောင်အဖွဲ့ကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ဖခင်ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး အောက်ပါပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါတယ်။

(၁) သခင်ချစ်၊ (၂)ဦးဘဖေ၊ (၃)ဦးတင်(မြန်အောင်)၊ (၄)ဦးချစ်မောင်၊ (၅)ဦးဆက်၊ (၆)ဦးဗဂျမ်း၊ (၇)ဦးအောင်ဇံဝေ၊ (၈)ဦးဘရှိန်၊ (၉)ဦးတင်(မြန်မာ့အလင်း)၊ (၁၀)ဦးတင်မောင်၊ (၁၁)ဦးဘချို၊ (၁၂)သခင်တင်–

အဲဒီဆွေးနွေးပွဲဟာ ချင်းနဲ့ရခိုင်ကိုယ်စားလှယ်များလည်း ပါဝင်တဲ့ပူးတွဲဆွေးနွေးပွဲဖြစ်ပါတယ်။

အဲဒီဆွေးနွေးပွဲနဲ့ပတ်သက်လို့ အကျယ်မဖေါ်ပြတော့ပါဘူး။ ကျနော်တို့ပေးပို့ထားတဲ့ မေးခွန်း(၈)ခုအနက် အမှတ်(၇)မေးခွန်းကိုဘဲ အကျဉ်းချုပ်ဖေါ်ပြပါမယ်။

အမှတ်(၇)မေးခွန်းဟာ ချွန်းချန်ထားတဲ့နယ်များမပါဘဲ ဗမာ့လွတ်လပ်ရေးကို ရနိုင်တယ်လို့ ဖဆပလက ယူဆပါသလား၊ ချွန်းချန်ထားတဲ့နယ်များ မပါဘဲ၊ ဗမာ့လွတ်လပ်ရေးပေးရင်ကော ဖဆပလက ယူပါမယ်လားလို့ သဘောသက်ရောက်တဲ့မေးခွန်းဖြစ်ပါတယ်။

အဲဒီမေးခွန်းနဲ့ပတ်သက်လို့ ဆွေးနွေးပွဲရဲ့တရားဝင်ထုတ်ပြန်တဲ့မှတ်တမ်းမှာ အောက်ပါအတိုင်း အကျဉ်းချုပ်ဖေါ်ပြထားပါတယ်။

"မေးခွန်း (၇)နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော် အခြေအနေအရသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း"

ကျနော်တို့ရဲ့ မေးခွန်း(၈)ခုစလုံးကို ဗိုလ်ချုပ်အောင်ဆန်းတဦးတည်းကဘဲ ဒိုင်ခံဖြေကြားခဲ့ပါတယ်။ တနေရာမှာ ဦးဘဖေက ဝင်စွက်ပြီး ပြောလိုက်တဲ့စကားများဟာ ကျနော်တို့အသည်း ကျွဲဝင်ခတ်လိုက်သလို ခံစားခဲ့ရပါတယ်။ ဆွေးနွေးပွဲတရားဝင်ထုတ်ပြန်တဲ့မှတ်တမ်းမှာ အားလုံးအကျဉ်းချုပ်ဘဲရေးထားပါတယ်။ အမှန်တကယ် ဖြေကြားစဉ်က ဗိုလ်ချုပ်ဟာ ခပ်ရှည်ရှည်ဖြေကြားပါတယ်။ မေးခွန်း(၇)ကို ဖြေကြားစဉ် ချွန်းချန်ထားတဲ့နယ်များ မပါဘဲ ဗမာ့လွတ်လပ်ရေး ရနိုင်မယ်၊ အခြေအနေအရ ယူတန်ယူရမှာဘဲလို့ ပြောခဲ့ပါတယ်။ တနည်းအားဖြင့် ပြောရရင် ဖဆပလဟာ ချွန်းချန်ထားတဲ့နယ်များ မပါချင်နေပစေ၊ ဗမာပြည်မအတွက် သီးခြားလွတ်

E-book is created by *shanyoma*

လုပ်ရေးကို ယူတန်ယူရမယ်လို့ ခံယူထားခြင်းဖြစ်ပါတယ်။

ဒီဆွေးနွေးပွဲနဲ့ပတ်သက်ပြီး ကျနော်တို့ကိုယ်စားလှယ်အဖွဲ့ဟာ အတော်ဘဲ မကျေမလည် ဖြစ်ခဲ့ပါတယ်။ တခြားမေးခွန်းတွေနဲ့ ပတ်သက်လို့လဲ ဘဝင်မကျခဲ့ကြပါ။ ကျနော်တို့ရှမ်းပြည်ကိစ္စ အပြင် ချင်း၊ ရခိုင်ကိစ္စများကို ဆက်လက်ဆွေးနွေးပြီး နောက်တခြားကိစ္စများရှိနေတဲ့အတွက် ဗိုလ်ချုပ်ဟာ ဆွေးနွေးပွဲကို အကျဉ်းချုံးပြီး ထွက်ခွါသွားခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲမှာ မကျေမလည် ဖြစ်ခဲ့မှုနဲ့ပတ်သက်ပြီး ကျနော်တို့ရှမ်းပြည်ပြန်ရောက် ပြီးတဲ့နောက် ၁၉၄၆–ခုနှစ်၊ ဖေဖေါ်ဝါရီလ(၂၇)ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းဆီ အထက်တွင် ဖေါ်ပြခဲ့တဲ့အတိုင်း ဝေဖန်ချက်စာတမ်းရှည်ကြီးတစောင်ကို ရေးသားပေးပို့ခဲ့ပါတယ်။ စာထဲမှာ မေးခွန်း(၈)ခုရဲ့အဖြေများကို တခုစီဝေဖန်ပြီး ကျနော်တို့ရှမ်းပြည်လူငယ်အဖွဲ့ရဲ့ခံစားချက်နဲ့သ ဘောထားကို ပြန်လည်တင်ပြလိုက်ပါတယ်။ စာပါအကြောင်းအရာအားလုံးကို ဒီစာမှာ မဖေါ်ပြ တော့ပါဘူး။ အထက်ပါ မေးခွန်း(၇)နဲ့ပတ်သက်တဲ့ဝေဖန်ချက်နဲ့ ကျနော်တို့ရဲ့သဘောထားကိုဘဲ အကျဉ်းချုပ် ဖေါ်ပြပါမယ်။

ကျနော်တို့ရဲ့ပေးစာမှာ မေးခွန်း(၇)နဲ့ပတ်သက်၍ ချွန်းချန်ထားသောနယ်များမပါဘဲ ဗမာ့လွတ်လပ်ရေးရနိုင်သည်ဟု ဖဆပလက ယူဆနေပါသည်။ ဤသဘောထားသည် ဖဆပလ၏ မူဖြစ်ပါသည်(ချွန်းချန်ထားသောနယ်များအရေးကို ဖဆပလသည်)ကိုယ့်အရေးဟု သဘောမ ထားဘဲ သူ့အရေးဟုသဘောထားသည်. . . ”ဝေဖန်လိုက်ပြီး ကျနော်တို့ရဲ့ခံယူချက်သဘောထား ကို အောက်ပါအတိုင်း ရေးသားလိုက်ပါတယ်. . . ”

“တိုင်းရင်းသားလူနည်းစုတွေ မပါဝင်ဘဲ စစ်မှန်ခိုင်မြဲသော ဗမာ့လွတ်လပ်ရေးကို ဘယ် နည်းနှင့်မှမရနိုင်၊ မရရှိနိုင်သဖြင့် ဗမာလည်း နစ်နာမည်၊ လူနည်းစုများလည်း နစ်နာမည်၊ ရှမ်း ကို သနားလို့မဟုတ်၊ ဗမာ့အရေးပင်ဖြစ်ရမည်. . . ”

တခြားဝေဖန်ချက်နဲ့ သဘောထားအကြံပေးချက်များကိုတော့ အလွန်ရှည်လျားသွား မှာစိုးလို့ ဒီစာမှာ မဖေါ်ပြလိုတော့ပါ၊ အဲဒီကျနော်တို့ရဲ့ပေးစာကြောင့် ၁၉၄၆–ခု၊ မတ်လမှာ ကျင်း ပခဲ့တဲ့ပထမပင်လုံညီလာခံတက်ရောက်စေဖို့ စေလွှတ်ခဲ့တဲ့သခင်နု၊ ဦးဘဂျမ်း၊ မန်းဘခိုင်တို့ပါဝင် တဲ့ဖဆပလကိုယ်စားလှယ်အဖွဲ့ကို ရှမ်းပြည်ရောက်တဲ့အခါ ကျနော်တို့ လူငယ်များနဲ့ အကျေအ လည်ဆွေးနွေးဖို့ ဗိုလ်ချုပ်က အထူးတာဝန်ပေးလိုက်ကြောင်း အဖွဲ့ခေါင်းဆောင်သခင်နုက ကျ နော်တို့ကို ပြောပြပါတယ်။ ပင်လုံညီလာခံအတွင်း ကျနော်တို့ အချိန်ယူပြီး အတော်ကြာအောင် ဆွေးနွေးလိုက်ရလို့ ပြဿနာဟာ ပြေလည်သွားခဲ့ပါတယ်။ သခင်နုဟာ ယနေ့တိုင် အသက်ထင် ရှားရှိနေပါသေးတယ်။

ကျနော်တို့ ပေးစာဝေဖန်ချက်နဲ့သဘောထားကြောင့်လို့တော့ ကျနော် မပြောရဲပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းဟာ နောင်တခါ ဗမာ့လွတ်လပ်ရေးအကြောင်းပြောတိုင်း ချွန်းချန်ထားတဲ့ နယ်များကိုလည်း တပါတည်းလွတ်လပ်ရေးပေးရမယ်လို့ ထည့်ပြောလာတာ တွေ့ရပါတယ်။ ဘိ

E-book is created by shanyoma

လပ်ဆွေးနွေးပွဲများမှာလည်း အဲဒီအတိုင်း တိတိလင်းလင်းဘဲ ထုတ်ဖော်ပြောဆိုခဲ့တာ တွေ့ရပါတယ်။

(၁၃. ၁. ၄၇)နေ့လယ် (၁၂)နာရီဆွေးနွေးပွဲအဖွင့်မိန့်ခွန်းမှာ"ဗမာလူမျိုးတို့၏လိုလားချက်မှာ လွတ်လပ်ရေးပင်ဖြစ်၍ မိမိတို့၏စိတ်ထဲတွင် မြန်မာပြည်လွတ်လပ်ရေးဆိုရာ၌ ကရင်၊ ကချင်၊ ကရင်နီစသော နယ်ခြားဒေသအားလုံး တပြိုင်နက်လွတ်လပ်ရေးကို ဆိုလိုကြောင်း"ဟူ၍၎င်း–

(၂၂. ၁. ၄၇)နေ့ ဆွေးနွေးပွဲတွင်လည်း "နယ်ခြားဒေသများကို ဘုရင့်အစိုးရ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိသည့်မြန်မာပြည်၏လွတ်လပ်ရေးဆိုသည်မှာ အဓိပ္ပါယ်မရှိပါ" ဟူ၍၎င်း ပြောဆိုခဲ့ကြောင်း၊ တရားဝင်မှတ်တမ်းများအရ သိရပါတယ်။

ဒီစာကို အဆုံးမသတ်ခင် ကျနော်တို့ တိုင်းရင်းသားလူမျိုးများ လိုလားတဲ့ဖယ်ဒရယ်မူနဲ့ပတ်သက်ပြီး အရေးကြီးတဲ့အချက်တချက်တော့ ပြောပြထားချင်ပါတယ်။

ကျနော်တို့က ဖယ်ဒရယ်မူလို့ပြောလိုက်ရင် မြန်မာပြည်က ပုဂ္ဂိုလ်တော်တော်များဟာ "ခွဲထွက်ရေး၊ ပြည်ထောင်စုပြိုကွဲရေး"လို့ တမဟုတ်ချင်း အဓိပ္ပါယ်ကောက်လိုက်ကြပါတယ်။ ဒီလိုအဓိပ္ပါယ်မျိုးကောက်အောင် တမင်ဖန်တီးလှုံ့ဆော်ခဲ့သူတွေထဲမှာ နေရှင်းသတင်းစာ၊ အထောက်တော်သတင်းစာနဲ့တည်မြဲဖဆပလခေါင်းဆောင်အချို့ဟာ ထိပ်ဆုံးက ပါဝင်ခဲ့ပါတယ်။ အဲဒီနောက် (၂၆)နှစ်တပါတီအာဏာရှင်အုပ်စုက တဖက်သတ်ချဲ့ထွင် ဖန်တီးလိုက်တဲ့အခါ မြန်မာပြည်သူအများစုထဲမှာ ဒီလွဲမှားတဲ့အဓိပ္ပါယ်ကောက်ချက်ဟာ နက်ရှိုင်းစွာ စိမ့်ဝင်သွားခဲ့ပါတယ်။ (၂၆)နှစ်လုံးလုံး ကျနော်တို့ဖက်က ပြန်လည်ရှင်းလင်းခွင့် ချေပခွင့်လုံးဝမရှိခဲ့ပါ။ ယခုဒီမိုကရေစီအရိပ်အရောင်ကလေး သန်းလာတော့မှာဘဲ။ ကျနော်တို့ဘက် ပြန်လည်ချေပရှင်းလင်းလာနိုင်ပါတယ်။ အခုမှဘဲ ဖယ်ဒရယ်ဆိုရင် နိုင်ငံတော်သစ္စာဖောက်မှုလောက် ကြီးကျယ်တဲ့ရာဇဝတ်မှုကြီးလို့ယူဆလာခဲ့တဲ့ပုဂ္ဂိုလ်အချို့က "ဟာ ဒီအတိုင်းဆိုရင် ဖယ်ဒရယ်ဆိုတာ ဘယ်ဆိုးလို့တုန်း"ဟူ၍ပင် ပြောင်းလာတယ်လို့ ကြားသိရပါတယ်။

ကမ္ဘာပေါ်မှာ ဖယ်ဒရယ်နိုင်ငံတွေအများကြီး ရှိနေတာ ဒေါ်အောင်ဆန်းစုကြည်အသိဖြစ်ပါတယ်။ ဘယ်ဖယ်ဒရယ်နိုင်ငံတွေဟာ ပြိုကွဲကုန်ကြပါသလဲ၊ ခွဲထွက်ကုန်တာကော ရှိပါသလား။

ကျနော်တို့ ရှမ်းပြည်ဟာ ဗမာပြည်နဲ့မပေါင်းဘဲ သီးခြားနိုင်ငံအဖြစ်နေချင်ခဲ့ရင် ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့ကြမှာ မဟုတ်ပါဘူး၊ တိုင်းပြည်ပြုလွှတ်တော်ထဲလည်း ပါဝင်ခဲ့မှာ မဟုတ်ဘူး။ သီးခြားနိုင်ငံအဖြစ် လွယ်လွယ်ကလေး နေထိုင်ခဲ့ပါတယ်။ အင်္ဂလိပ်က နောက်ဆုံးအချိန်ထိ သီးခြားနေဖို့ သွေးထိုးမြှောက်ပင့်ပေးခဲ့တာ ဒေါ်အောင်ဆန်းစုကြည်လဲ ကြားဖူးမှာပါ။

ဗိုလ်ချုပ်အောင်ဆန်းဟာ ခွဲထွက်ခွင့်ကို မူအားဖြင့် မကြိုက်ခဲ့တာ အမှန်ပါ။ ဟိုကာလအခြေအနေအရ ကျနော်တို့လူမျိုးစုများရဲ့ဆန္ဒကို လိုက်လျောတဲ့အနေနဲ့သာ လက်ခံခဲ့တာပါ။ ဒါကြောင့် ခွဲထွက်ခွင့်ကို မလိုလားတဲ့မြန်မာလူမျိုးစုကို ဒီလိုဖျောင်းဖျ ပြောဆိုခဲ့တယ် မဟုတ်ပါ

E-book is created by *shanyoma*

လား။

"ခွဲထွက်ခွင့်ပေးရမယ်၊ မခွဲထွက်ချင်အောင် လုပ်ပြရမှာက ကျုပ်တို့(ဗမာတွေ)ရဲ့တာဝန်"

အဲဒီခွဲထွက်ခွင့်ဟာ ကျနော်တို့ရှမ်းပြည်ကို ရည်ညွှန်းပြီး ပြောဆိုခဲ့တာပါ၊ အဲဒီအချိန်မှာ ပြည်နယ်ဆိုလို့ ကျနော်တို့ ရှမ်းပြည်တပြည်ထဲဘဲ ရှိနေပါတယ်။ ကရင်၊ ကချင်တို့ပြည်နယ်မဖွဲ့ရသေးပါဘူး။ ကရင်နီတော့ သူတို့ကိုယ်သူတို့ လွတ်လပ်တဲ့နိုင်ငံအဖြစ် သတ်မှတ်ထားကြဆဲဖြစ်ပါတယ်။

ပြီးတော့ ပင်လုံညီလာခံမှာ ဗိုလ်ချုပ်နဲ့ကျနော်တို့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ သဘောတူနားလည်မှုရခဲ့တာ ရှိပါသေးတယ်။ ပင်လုံစာချုပ်မှာ မဖော်ပြထားပေမဲ့ (Gentleman's Agreement) လို့ခေါ်ရမလား၊ ကျနော် မပြောတတ်ဘူး၊ ကျနော်တို့ကတော့ အဲဒါကို ပင်လုံစိတ်ဓာတ်လို့သတ်မှတ်ထားပါတယ်၊ အဲဒီသဘောတူနားလည်မှုတွေက–

(၁) ယခုယာယီပူးပေါင်းခြင်း(ပင်လုံစာချုပ်)သည် နောင်ပူးပေါင်းရေး ခွဲထွက်ရေးကို မထိခိုက်စေရပါ။

(၂) နောင်ပူးပေါင်းခဲ့သော်လည်း ခွဲထွက်လိုက ပြန်ခွဲထွက်နိုင်ခွင့်ရှိစေရမည်။

(၃) တိုင်းပြည်ပြုလွှတ်တော်ခေါ်ပြီးနောက် မပူးပေါင်းနိုင်သေးလျှင် ပူးပေါင်းလိုသည့်အခါ၊ ပူးပေါင်းနိုင်ရန် လမ်းဖွင့်ပေးထားမည်။

(၄) ရှမ်းပြည်–ပြည်တွင်း ကိုယ်ပိုင်အုပ်ချုပ်မှု လုံးဝလွတ်လပ်ခွင့်ရှိရမည်။

(၅) ရှမ်းစသည့်လူမျိုးများ၏ စာပေယဉ်ကျေးမှုများကို မစော်ကား မထိခိုက်စေရပါ။

ဗိုလ်ချုပ်အောင်ဆန်းဟာ မိမိကိုယ်တိုင်က ခွဲထွက်ခွင့်ကို မလိုလားပေမဲ့ လူမျိုးစုများအပေါ် အဲဒီထိအောင် လိုက်လျှောပါတယ်။ သဘောထားကြီးခဲ့ပါတယ်။ ဒါကြောင့်ဘဲ ကျနော်တို့လူမျိုးစုများဟာ ဗိုလ်ချုပ်ကို ချစ်ခင်ကြတယ်။ ကြည်ညိုကြတယ်။ လေးစားကြတယ်။ ယုံကြည်ကြတယ်။

အမှန်ကတော့ ခွဲထွက်ခွင့်ဆိုတဲ့ကိစ္စဟာ လက်တွေ့ဆောင်ရွက်ရာမှာ မလွယ်ကူသလို မလိုလားအပ်တဲ့ကိစ္စလဲဖြစ်တယ်။

လူမျိုးစုသဘောတရားမှာ လူမျိုးစုများရဲ့အခွင့်အရေးကို ကာကွယ်ဖို့အတွက် လက်နက်တခုအဖြစ် အသုံးပြုနိုင်ရန် လူမျိုးစုသဘောတရားရေးဆရာကြီးများက ခွဲထွက်ခွင့်တို့ ကနဦးဖော်ထုတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီလက်နက်ကို တကယ်လက်တွေ့အသုံးချဖို့ မလွယ်သလို၊ အသုံးချဖို့လဲ မလိုအပ်ပါဘူး။ ဒါကြောင့် ခေတ်သစ်သမိုင်းတလျှောက်မှာ ခွဲထွက်ခွင့်ကို အသုံးချခဲ့တဲ့သာဓကများ၊ ကျနော်တို့ မတွေ့ကြရပါဘူး။ ဖယ်ဒရယ်နိုင်ငံအများစုရဲ့အခြေခံဥပဒေများမှာ ခွဲထွက်ခွင့်ပြဌာန်းချက်များကို ထည့်သွင်းရေးသားထားခြင်းမရှိပါဘူး။ ဆိုဗီယက်ယူနီယံဆိုနဲ့ယူဂိုဆလားဗီးယားပြည်ထောင်စု အခြေခံဥပဒေများမှာသာ လူမျိုးစုများ ကျေနပ်နှစ်သိမ့်စေဖို့အတွက် (မူ)သဘောအဖြစ်ထည့်

E-book is created by *shanyoma*

သွင်းရေးသားထားတယ်လို့ ကျနော် ယူဆပါတယ်။ တကယ်လက်တွေ့အသုံးချဖို့ ဘယ်လိုနည်းနဲ့ မှမဖြစ်နိုင်ပါဘူး။

ကျနော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးသက်တမ်း(၁၄)နှစ်ကာလအတွင်းမှာလဲ ကျနော်တို့ ခွဲထွက်ဖို့ မစဉ်းစားခဲ့ပါဘူး။ ခွဲထွက်ခွင့်ကို အသုံးချမယ်ဆိုရင် အသုံးချနိုင်တဲ့ ၁၉၅၈–၅၉–၆၀–၆၁–ခုနှစ်များမှာတောင် ကျနော်တို့ လက်တွေ့အသုံးချဖို့ မကြံစည်ခဲ့ကြပါဘူး။ ၁၉၄၇–ခုနှစ်အခြေခံဥပဒေက အတိအလင်းခွင့်ပြုထားတဲ့အပြင် အဲဒီကာလရဲ့ရှမ်းပြည်နိုင်ငံရေးအခြေအနေအရ တကယ်လို့ ကျနော်တို့က ခွဲထွက်ချင်ကြတယ်ဆိုရင် ဒီမိုကရေစီနည်းလမ်းနဲ့အညီ တရားဥပဒေဘောင်အတွင်းကပင် အလွယ်တကူခွဲထွက်သွားနိုင်ခဲ့ပါတယ်။ ဒီမိုကရေစီပြင်ပမှ တားဆီးပိတ်ပင်ဖျက်ဆီးမှုများ ပေါ်ပေါက်လာခဲ့ရင်တော့ ကျနော် မပြောတတ်ပါဘူး။

ဒါက ၁၉၆၂–ခုနှစ်မတိုင်မီကာလရဲ့အခြေအနေနဲ့ ဖြစ်ရပ်အမှန်ဖြစ်ပါတယ်။ ၁၉၆၂–ခုနှစ် ဒီဘက်ကာလမှာ ကျနော်တို့ရှမ်းပြည်အစရှိတဲ့လူမျိုးစုပြည်နယ်တွေဟာ မြန်မာပြည်မနဲ့အတူ တပါတီအာဏာရှင်စနစ်ရဲ့ဒဏ်ကို အလူးအလှိမ့်ခံခဲ့ရပါတယ်။ မြန်မာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးများဟာ အချင်းချင်း သွေးစည်းညီညွတ်မှု ပို၍ပို၍လိုအပ်လာတယ်လို့လဲ ကျနော်တို့ နားလည်လာပါတယ်။

ဒါကြောင့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး အလွန်လိုအပ်လာတဲ့ကာလမျိုးမှာ ခွဲထွက်ခွင့်ဆိုတာ သာ၍ပင် မလိုလားအပ်ဘူးလို့ ကျနော် ထင်ပါတယ်။ တိုင်းရင်းသားသွေးစည်းညီညွတ်မှုထာဝစဉ် တည်တံ့ခိုင်မြဲစေဖို့အတွက် ကျနော်တယောက်အနေနဲ့ဆိုရင် ခွဲထွက်ခွင့်ကို စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး။ တနည်းအားဖြင့် ဖယ်ဒရယ်ယူနီယံခေါ် စစ်မှန်တဲ့ပြည်ထောင်စု တည်ဆောက်မဲ့အခြေခံဥပဒေသစ်ရေးဆွဲတဲ့အခါ ခွဲထွက်ခွင့်အခန်းကဏ္ဍကို ဖြုတ်ထားဖို့ ဝန်မလေးပါဘူး။ ဒါမှလဲ တိုင်းရင်းသားလူမျိုးများအကြား တည်ရှိနေတဲ့သံသယတွေ ကင်းစင်သွားမယ်လို့ ကျနော်ယူဆပါတယ်။ ဒါက ကျနော် တဦးတည်းရဲ့သဘောထားပါ။

၁၉၄၇–ခုနှစ်က ကျနော်တို့ ခွဲထွက်ခွင့်ကို ရေးကြီးခွင်ကျယ်ပြောခဲ့ကြတာလဲ နယ်ချဲ့ရဲ့ ကာလကြာရှည် သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားလူမျိုးချင်း ကြီးမားစွာ သွေးကွဲနေကြပါတယ်။ သံသယတွေ ရှိနေခဲ့ကြပါတယ်။ ဒါကြောင့် သဘောတရားအရ စိတ်ဆန္ဒအရ စွတ်အတင်းခွဲထွက်ခွင့်တောင်းဆိုခဲ့ကြခြင်း ဖြစ်ပါတယ်။ ယခုအခါ ရှမ်းအစရှိတဲ့တိုင်းရင်းသားလူမျိုးစုတွေဟာလဲ လူလားမြောက်လာကြပါပြီ။ အတွေးအခေါ် ရင့်ကျက်လာကြပါပြီ။

တန်းတူညီမျှမှုကို အခိုင်အမာ အာမခံချက်ပေးတဲ့ဖယ်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ထားလျှင် ခွဲထွက်ဖို့ဆိုတာ မလိုအပ်တော့တဲ့အပြင် ခွဲထွက်ချင်တဲ့စိတ်ထားမျိုးလဲ ပေါ်ပေါက်လာတော့မှာ မဟုတ်ဘူးလို့ ကျနော် ယုံကြည်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ခင်ဗျား – ဒေါ်အောင်ဆန်းစုကြည်ဟာ ကျနော်တို့လေးစားကြည်ညိုတဲ့ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးဖြစ်တဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ရင် ကျ

E-book is created by shanyoma

နော်တို့ထက် အများကြီးပို၍သိပါတယ်။ ဒါပေမဲ့ ပညာရှိသတိဖြစ်ခဲဆိုတဲ့မြန်မာဆိုရိုးစကားအတိုင်း ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားခဲ့တဲ့စကားတခွန်းကိုတော့ ကျနော် ပြောပြပါရစေ၊ ဗိုလ်ချုပ်အောင်ဆန်းက (A leader must lead )ခေါင်းဆောင်တယောက်ဟာ ခေါင်းဆောင်ရမယ်လို့မိန့်ကြားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ ယနေ့မြန်မာအမျိုးသား နိုင်ငံရေးမှာ ဖခင်ရဲ့ခြေရာကို နင်းပြီး ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပါတယ်။ ဖခင်ကြီးမိန့်ကြားခဲ့သလို ရဲရဲဝံ့ဝံ့ကြီးခေါင်းဆောင်းပြစမ်းပါ။ အမျိုးသားညီလာခံကျမှ အများဆုံးဖြတ်တဲ့မူကို လက်ခံမယ်ဆိုတဲ့ နောက်မြီးဆွဲဝါဒမျိုးကို စွန့်လွှတ်ဖို့ ကျနော်လေးစားစွာ တောင်းပန်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ခွဲထွက်ခွင့်ကို မူအားဖြင့် မနှစ်သက်တာ အမှန်ပါ။ မြန်မာလူများစုကလဲ မနှစ်သက်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးများ သွေးစည်းရေးကို ဦးစားပေး လိုက်လျောတဲ့အနေနဲ့ ခွဲထွက်ခွင့်ကို လက်ခံခဲ့တယ်။ ရဲရဲဝံ့ဝံ့ခေါင်းဆောင်ပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုခဲ့တယ်။ အခြေခံဥပဒေရေးဆွဲတဲ့အခါ ခွဲထွက်ခွင့်ကို ထည့်သွင်းပေးဖို့ ဖဆပလ ညီလာခံမှာ ဦးဆောင်ပြီး လမ်းညွှန်မှု ချပေးခဲ့ပါတယ်။

ယခုလဲ ခိုင်မာတဲ့တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး ရရှိနိုင်ဖို့အတွက် စစ်မှန်တဲ့ပြည်ထောင်စုမျိုးကို တည်ဆောက်မှုဖြစ်မယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က ယုံကြည်လက်ခံပါလျှင် ဖခင်ကြီးကဲ့သို့ ရဲရဲဝံ့ဝံ့ ခေါင်းဆောင်ပြစမ်းပါ။ စစ်မှန်တဲ့ပြည်ထောင်စုနဲ့ပတ်သက်လို့ (၂၆)နှစ်လုံးလုံး တဖက်သတ်အဓိပ္ပါယ်ဖွင့်ပြီး ထူထပ်စွာ တိုက်ပစ်ခဲ့တဲ့ဝါဒမှိုင်းကြီးကို ပြည်သူလူထုကြီးအပေါ်မှာ ကင်းစင်လွင့်ပျောက်သွားအောင် ပြတ်ပြတ်သားသား ဦးစီးလမ်းပြဆောင်ရွက်ပေးစမ်းပါလို့ ကျနော် အနူးအညွတ်ပန်ကြားပါတယ်။

ဝေးလံသေးတဲ့အနာဂတ်မြန်မာနိုင်ငံတော် တည်ဆောက်ရေးကိုဘဲ ရှေးတန်းတင်ညွှန်းတယ်လို့ ကျနော်တို့ကို အပြစ်မတင်ပါနဲ့၊ ကျနော်တို့ဟာ ယခုလောလောဆယ် ဒီမိုကရေစီအရေးတော်ပုံကြီးကို ပြီးမြောက်အောင်မြင်သည့်အထိ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲမဖြုတ်တမ်း ဆင်နွှဲကြရအုံးမယ်ဆိုတာကိုလဲ မျက်ခြေမပြတ်ကြပါဘူး။

ဒီမိုကရေစီအရေးတော်ပုံကြီး မအောင်မြင်ဘဲနဲ့ အနာဂတ်မြန်မာနိုင်ငံတော်ကြီး တည်ဆောက်မှုဆိုတာ စိတ်ကူးယဉ်အိပ်မက်ဘဲ ဖြစ်တယ်။ ဘယ်လိုနည်းနဲ့မှ မတည်ဆောက်နိုင်ဘူးဆိုတာကိုလဲ ကျနော်တို့ နားလည်သဘောပေါက်ကြပါတယ်။

ဒါပေမဲ့ အနာဂတ်မြန်မာနိုင်ငံတော်ကို တည်ဆောက်တဲ့အခါ အလွန်အရေးကြီးတဲ့တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကိုလဲ ကြိုတင်တွေးတော စဉ်းစားမထားလို့ မဖြစ်ပါဘူး။

အေးအတူ ပူအမျှ၊ ဉမကွဲ သိုက်မပျက် ထာဝရပူးပေါင်းဆိုတာကို ကြွေးကြော်နေရုံ၊ ဆန္ဒပြုနေရုံနဲ့ မရနိုင်ပါဘူး။ ခိုင်မာတဲ့အခြေခံရရှိမှ အောင်မြင်မယ်ဖြစ်ပါကြောင်း လေးစားစွာတင်ပြပြီး ဒီစာကို နိဂုံးချုပ်ပါတယ်. . .

E-book is created by shanyoma

ထာဝစဉ်လေးစားလျက်

ဦးထွန်းမြင့်
ဦးစီးနာယက
ရှမ်းပြည်တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်
၁၆၂–ရေထွက်ဦးလမ်း၊ ကံအရှေ့ရပ်–တောင်ကြီးမြို့။

---

(နာယကကြီးဦးထွန်းမြင့်မှ ဒေါ်အောင်ဆန်းစုကြည်ထံ ပုဂ္ဂိုလ်ရေးပေးစာဖြစ်ပါသည်။ ရ–တ–ဒ–ဖ–အဖွဲ့ဝင်များ သိရှိလေ့လာနိုင်ရန် ပေးပို့ပါသည်။)

အမှုဆောင်အဖွဲ့ချုပ်
ရ–တ–ဒ–ဖ(ဌာနချုပ်)
တောင်ကြီးမြို့။

–ကန့်သတ်–

E-book is created by ***shanyoma***